# LIVING COLOR

ကြော်ငြာနှင့်စျေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း

No.183.OCTOBER,2010



## လက်တစ်ကမ်းအကွာသာ
## လိုတော့သည့် AFTA

PE THIT TI

www.foreverspace.com.mm

www.foreverspace.com.mm

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂ ။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# နိုင်ငံသားများ၏တာဝန်

မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲသည် ပြည်သူလူထုတစ်ရပ်လုံးတွင် နိုင်ငံရေးအသိနိုးကြားမှု မည်မျှရှိမရှိ စမ်းသပ်မည့်ပွဲဟုဆိုလျှင် ရကောင်း၏။ ရွေးကောက်ပွဲကျင်းပပေးခြင်းသည် ဒီမိုကရေစီစနစ်တစ်ခု၏ အခြေခံအကြောင်းခြင်းရာတစ်ရပ်ဖြစ်ရာ နှစ်ပေါင်းများစွာ စနစ်တစ်ခုအောက်တွင် ကာလကြာရှည်နေလာခဲ့သော မြန်မာနိုင်ငံအတွက်လည်း မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲသည်လည်း ဒီမိုကရေစီလမ်းစတစ်ခုဟု ရှုမြင်ရမည်ဖြစ်ပါသည်။

ပြည်သူလူထုအနေနှင့် ယခုကပင်ကြိုတင်၍ သဘောပေါက်နားလည်ထားရမည်မှာ ရွေးကောက်ပွဲတစ်ရပ်ကျင်းပပေးလိုက်သည်နှင့် နေ့ချင်းညချင်း ဒီမိုကရေစီ မရရှိနိုင်ဆိုသောအချက်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တစ်ရပ် ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိရန်မှာ အောက်ပါအဆင့်သုံးဆင့်ကို ဖြတ်သန်းရန်လိုကြောင်း ပညာရှင်များက ဆိုထားပါသည်။

(၁) Liberalization ခေါ် တင်းကျပ်၍ လုပ်ကိုင်သာမရှိသော နှုန်းစံအားလုံးကို ဖြေလျှော့ပေးရေးနှင့် Institutionalizations ခေါ် အဖွဲ့အစည်းမူဘောင်သွင်းရေး

(၂) Transition အသွင်ကူးပြောင်းရေး

(၃) Consolidation ခေါ် ဘုံရည်မှန်းချက်တစ်ခု အကောင်အထည်ဖော်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး

ဖော်ပြပါအဆင့်များအားလုံးကို ပေါင်းရုံး၍ Democratization ဒီမိုကရေစီရေခံမြေခံများ တည်ဆောက်ခြင်းဟုခေါ်ပါသည်။ ကမ္ဘာပေါ်ရှိ လစ်ဘရယ်ဒီမိုကရေစီကျင့်သုံးနေသောနိုင်ငံများအားလုံး ဖော်ပြပါအဆင့်များ တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်းခဲ့ကြရပါသည်။ သို့သော် အနောက်နိုင်ငံများထက် စက်မှုတော်လှန်ရေးနောက်ကျခဲ့သော ကမ္ဘာ့အရှေ့ပိုင်းနိုင်ငံများနှင့် လက်တင်အမေရိက၊ အာဖရိကနိုင်ငံအချို့တွင်မူ ဖော်ပြပါအဆင့်များအားလုံး မဖြတ်သန်းဘဲ အဆင့်သုံးလောက်တွင် ရပ်တန့်နေသောနိုင်ငံအချို့ရှိသော်လည်း နိုင်ငံနှင့် နိုင်ငံသားအားလုံးကို ဆင်းရဲတွင်းထောင်ချောက်အတွင်းမှ ဆွဲတင်နိုင်ပြီး ချမ်းသာကြွယ်ဝသောအဆင့်သို့ရောက်အောင် စွမ်းဆောင်နိုင်သည်မှာ လောလောဆယ်အားဖြင့် စင်ကာပူတစ်နိုင်ငံသာ ရှိပါသည်။

အနောက်ကမ္ဘာမဆိုထားနှင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများထက်ပင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး ပြုပြင်ပြောင်းလဲမှု နောက်ကျကျန်ခဲ့သော မြန်မာနိုင်ငံအဖို့မူ လွတ်လပ်ရေးမရခင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သလို အများတစ်လှမ်းလှမ်းလျှင် မိမိတို့က ဆယ်လှမ်းလှမ်းထားနိုင်ကာမှ တော်ရုံကျမည်ဟု ဆိုရမည့်အချိန်အခါမျိုးဖြစ်ပါသည်။ ထိုအတွက် မျက်မှောက်ရင်ဆိုင်နေရသော အခြေအနေများကို အကောင်းဆုံးစံများနှင့် ချိန်ထိုးစဉ်းစားကြည့်ခြင်းမျိုး တစ်နည်းအားဖြင့် စိတ်ကူးယဉ်စံနှုန်းများဖြင့် ချဉ်းကပ်ပုံဖော်ရန် ကြိုးစားနေခြင်းထက် လက်တွေ့ကျ၍ ဖြစ်နိုင်ခြေရှိသောနေရာမှ လုပ်သင့်လုပ်ထိုက်သည်များကို မဆိုင်းမတွ လုပ်ကိုင်ကူညီကြရန် အထူးလိုအပ်လျက်ရှိပါသည်။

ထိုကဲ့သို့ လက်တွေ့ကျ၍ ဖြစ်နိုင်ခြေရှိသောအလုပ်တစ်ခုမှာ မြန်မာနိုင်ငံသူ နိုင်ငံသား ပြည်သူလူထုတစ်ရပ်လုံး ရှောင်လွှဲ၍မရဘဲ မကြာခင် ဒုတ်ဒုတ်ထိရင်ဆိုင်ရတော့မည့် ရွေးကောက်ပွဲတွင် ပြည်သူလူထုအကျိုး၊ နိုင်ငံ့အကျိုး အမှန်တကယ် သယ်ပိုးထမ်းရွက်လိုသူ၊ စိတ်ကောင်းစေတနာကောင်းရှိသူ၊ အရည်အချင်းရှိသူ၊ ရိုးသားဖြောင့်မတ်သူများကို ရဲဝံ့စွာ ဆန္ဒမဲပေးခြင်းဖြင့် ဒီမိုကရက်တိုက်ဖေးရှင်း၏ ဖွဲ့ဆော်ဦးလုပ်ငန်းစဉ်တစ်ရပ်ကို ကိုယ်တိုင်ပါဝင်ကာ နိုင်ငံသားတာဝန် ကျေပွန်ကြပါစေကြောင်း အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အယ်ဒီတာ**

**၂၄-၉-၂၀၁၀**

# LIVING COLOR

LIVING COLOR. No.183, OCTOBER. 2010.

www.foreverspace.com.mm


1 အယ်ဒီတာ့အာဘော်

5 ယခုလအကြိုက်ဆုံးကြော်ငြာ

6 ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

8 ယခုလသတင်းအညွှန်း

10 မြန်မာ့စီးပွားရေးသတင်း

16 မျက်နှာဖုံးဆောင်းပါး
လက်တစ်ကမ်းအကွာသာလိုတော့သည့် AFTA
ကျော်ဇေယျာထွန်း

18 "Challenges တွေကို ကြောက်နေလို့မရဘူး"
စီးပွားရေးပညာရှင်ဒေါက်တာအောင်ကိုကို
နှင့်တွေ့ဆုံခြင်း
ကျော်ဆန်းမင်း

22(B) "ကုန်ထုတ်လုပ်မှုအတွက် သွားတဲ့အခါကျမှသာ AFTA အကျိုးကို ကောင်းကောင်းခံစားရမယ်"
စီးပွားရေးပညာရှင်ဦးခင်မောင်ရီ (ဘောဂဗေဒ) နှင့်
တွေ့ဆုံခြင်း
ကျော်ဇေယျာထွန်း

29 နိုင်ငံရေး
ဒီမိုကရေစီခြေစစ်ပွဲအောင်ရေးကိစ္စ
ရဲမင်းဦး

34 မြန်မာ့စီးပွားရေးမြင်ကွင်း
မြန်မာ့ဈေးကွက်စီးပွားရေးဥပဒေသစ်
တင်အောင်ကျော်

40 ရွှေရောင်လွှမ်းသောကန်
ကျော်မျိုးထွန်း

45 ပြန်လည်ဦးမော့လာသော မြန်မာ့ဆန်စပါးလုပ်ငန်း
နိုင်မင်းဝေ

52 ရန်ကုန် ကုန်စည်ဈေးကွက်
နိုင်မင်းဝေ ၊ ဇာလီကျော်

58 ဈေးဝယ်လမ်းညွှန်

60 ကာတွန်း
ဒါရိုက်တာအောင်ကြူကြူ စိုးသော်တာ

78 မြန်မာ့စီးပွားရေးအမြင်
စီးပွားရေးဦးဆောင်သူများ ပြောင်းလဲမှုတို့ တုံ့ပြန်နိုင်ရန် ပြင်ဆင်သင့်
ပါမောက္ခဒေါက်တာအောင်ထွန်းသက်

82 မျက်ကန်းစပေါ့ခြောက်ချက်
မောင်စူးစမ်း

84 မြန်မာ့သစ်သယံဇာတအသုံးချမှုအတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်
သစ်ရိုင်း






www.foreverspace.com.mm

LIVING COLOR. No.183, OCTOBER. 2010.


92 အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်းဗျူဟာ
မှူးခန့်စံ

96 ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း
ဆတ်လက်ဝဲ (M.Dev.S)

101 ပညာရှင်စာတမ်း
အင်းလေးဒေသ သစ်တောစတင်ပြုန်းတီးပုံနှင့်
အင်းလေးရေထုရွေ့လျားပုံ သမိုင်းစာတမ်း
ဦးသိန်းသန်းထွန်း

104 မြန်မာပြည်တွင်လုပ်သည်

105 တစ်ဦးတည်းကိုယ်စားလှယ်

106 တွေ့ဆုံဆွေးနွေးမှုများ

108 ရက်စွဲမှတ်တမ်း

111 ကုန်စျေးနှုန်း

114 ဘယ်ပစ္စည်းဘာ့ကြောင့်

118 အတွေးအမြင်
ရေကြီးခြင်း၊ မြေပြိုခြင်း၊ မြေကွဲခြင်းများနှင့်
သဘာဝဘေးအန္တရာယ်
လေးလေးသောင်း

124 ပညာရေးနှင့် ပုဂ္ဂလိကကျောင်းများ
ဒေါက်တာမောင်သင်း

130 အင်ဒီရာ
မြသန်းသန်းနု


134 အငယ်လေးတို့ရွာ
ဂျီအောင်ဘန်း

140 အဖေ့ရွာဘောလုံးပွဲ
မောင်တင်မြင့်

144 သိတတ်မှု
ရိုက်မောင်း

148 ဆူဟာတိုပြောသည့်သူ့သမိုင်း (၁၅)
တင်ညွန့်

154 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၇)
ဦးလှဝင်း (လေသူရဲတစ်ဦး)

www.foreverspace.com.mm

# Contents


## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – နိုင်မင်းဝေ၊ ဇာလီကျော်

**Research & Development** – ချမ်းငြိမ်းဖြူ

**Editorial Assistant** – ဆွေငြိမ်းအေး၊ ဆုနှင်းဝေ

**Staff Reporters** – အောင်စိုး၊ ကျော်ဇေယျာထွန်း၊ ကျော်မျိုးထွန်း၊ မင်းမျိုး၊ ဇာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)

**Freelance Reporters** – Associated News ၊ ဖြိုးဝေစိုး၊ မိုးခိုင်၊ နွယ်နွယ်၊ မင်းသုခိုင်၊ ရဲဝင်းနိုင်၊ ရဲဝင်းနောင်၊ အေးကျော့ခိုင်၊ မြကေခိုင်၊ ကြည်ကြည်လွင်၊ ဇော်ဖြိုး

## DTP Department

**Manager** – မခိုင်

**Assistant Manager** – ငုဝါခိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ချိုချိုဇင်၊ ခင်မာမြင့်

## Finance Department

**General Manager** – ဖေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နုဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – ဖြူဖြူသီ

**Assistant Manager** – စန္ဒာလှိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လဲ့ရည်ဦး

**Designer** – သိန်းအောင်ထွဋ်

**Receptionist** – ဆုအိန္ဒြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ

**Cover Idea / Design** – ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – ဖေသစ်တည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရုပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ ဖက်စ် – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၇၃၀၃၀၀၄၇၊ ၀၉–၅၁၇၆၈၃၅၊
Distribution – ၀၉–၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၉၄၂၀၉၁၀
Circulation – ၁၀၀၀
Distribution Price – ၁၆၅၀ ကျပ်

Copyright – Living Color ( **ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်** )


## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm




# ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ပုံနှိပ်မီဒီယာအချို့တွင် ထည့်သွင်းဖော်ပြထားသော NIVEA ၏ 'ရာသီဥတုပိုပူရင် မိုးလည်းပိုသည်းတယ်' ခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်အကြောင်းအရာကို ဦးစားပေး၍ ကာတွန်းသရုပ်ဖော်ရေးဆွဲထားသည့်ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါကြော်ငြာတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သည်းထန်သည့် မိုးပိုမိုရွာသွန်းလာသည့်အကြောင်းကို Message ပေးထားပြီး ယင်းနှင့်ဆက်စပ်၍ ပိုမိုသိရှိနားလည်စေရန် နှစ်သက်စဖွယ်ကာတွန်းသရုပ်ဖော်ပုံများဖြင့်ရှင်းလင်းထားခြင်း၊ ကုန်ပစ္စည်း၏သင်္ကေတ အပြာရောင်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုယ်စားပြု အစိမ်းရောင်နှင့် ချိတ်ဆက်ဖော်ပြနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပေးနိုင်သည့်အပြင် ကုန်ပစ္စည်းကို ယင်းအကြောင်းအရာနှင့် အံဝင်ခွင်ကျဆက်စပ်ဖော်ပြနိုင်သော ကာတွန်းအော်ပီကျယ်၏ သရုပ်ဖော်ပုံနှင့် စာတမ်းများအသုံးပြုကြော်ငြာနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်းဖြစ်သည်။

**အယ်ဒီတာ**



www.foreverspace.com.mm



## SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ရန်ကုန်မြို့တော် မြို့လယ်တစ်နေရာဖြစ်သော ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းခုံးကျော်တံတားတွင် တပ်ဆင်ထားသည့် LED Board ကိုရွေးချယ်လိုက်ပါသည်။ အဆိုပါ LED Board အား Ruby Mart Shopping Centre ကို ဖွင့်လှစ်လုပ်ကိုင်သည့် မြဝတီထရေးဒင်းကုမ္ပဏီလီမိတက်က စီစဉ်တပ်ဆင်ထားခြင်းဖြစ်ပြီး အလျား ၂၆ ပေ၊ အနံ ၁၅ ပေ လေးလက်မရှိကာ ရန်ကုန်မြို့တွင် အကြီးဆုံးသော LED Board ဖြစ်ပါသည်။ ယင်း LED Board မှ ယခုအခါ ဘောလုံးပွဲစဉ်များထုတ်လွှင့်ပြသခြင်း၊ သီချင်းများထုတ်လွှင့်ပြသခြင်းနှင့် Ruby Mart Shopping Centre ၏ ကုန်ပစ္စည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းများကိုပါ ကြော်ငြာခြင်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိရုံမက ယင်း Shopping Centre ကို အဝေးမှလှမ်းမြင်နိုင်ရန် တစ်စိတ်တစ်ဒေသအကူအညီပေးလျက်ရှိသည့်အပြင် ခရီးသွားပြည်သူများကို အပန်းပြေစေပြီး အာရုံစိုက်မှုအများဆုံးရရှိထားသောကြောင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာ အဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးသိန်းညွှန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

ယခုလသတင်းအညွှန်းအဖြစ် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသတင်းမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

### ပဲခူးမြို့၌ လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမှတစ်ဆင့် သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွား ပြစ်မှုကျူးလွန်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော်၊ စက်တင်ဘာ ၉

စက်တင်ဘာ ၄ ရက် ညပိုင်းက ပဲခူးမြို့ ဇိုင်းဂနိုင်း(တောင်)ရပ်ကွက် မြလမ်းတွင် အရက်မူးနေသည့် လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမှတစ်ဆင့် သေနတ်ဖြင့်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး လူငယ်နှစ်ဦး ဒဏ်ရာရ သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်မှာ အရပ်သားလူငယ်များနှင့် တပ်မတော်သားလူငယ်များ အရက်သေစာသောက်စားမူးယစ်ပြီး လူငယ်အချင်းချင်း မတော်တဆခိုက်ရန်ဖြစ်ပွားရာမှ မလိုလားအပ်သည့် သေဆုံးမှုအထိ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊

ပြစ်မှုကျူးလွန်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များကိုလည်း တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊

အမှန်မှာ တပ်မတော်နှင့်ပြည်သူအကြား ဖြစ်ပွားခြင်းမျိုးမဟုတ်ဘဲ တပ်မတော်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားလူငယ်အချို့နှင့် အရပ်သားလူငယ်အချို့ အရက်သေစာသောက်စားမူးယစ်ပြီး အဆင်မသင့်၍ ခိုက်ရန်ဖြစ်ပွားခဲ့ကြခြင်းသာ ဖြစ်သည်။ ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်စဉ်မျိုးသာဖြစ်ပြီး . . .

ယခုလသတင်းအညွှန်းအဖြစ် အခင်းဖြစ်ပွားပြီး ခြောက်ရက်အကြာ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိသော 'ပဲခူးမြို့၌ လူငယ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမှတစ်ဆင့် ပစ်ခတ်မှုဖြစ်ပွား . . .' သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၈၃

၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ

## သန်လျင်မြို့နယ်၌ အိမ်ရာစီမံကိန်းသစ် FMI တည်ဆောက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းနှင့် ကုမ္ပဏီ ၁၅ ခုတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသော First Myanmar Investment Co., Ltd. (FMI) ကုမ္ပဏီသည် ၎င်း၏အစုရှယ်ယာရှင်များအတွက် ရည်ရွယ်စီစဉ်သည့် သန်လျင်ကြယ်စင်အိမ်ရာစီမံကိန်း (Thanlyin Star City Housing Project) သစ်ကို သန်လျင်မြို့နယ်၌ မကြာမီစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ အစုရှယ်ယာရှင်များသို့ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသန်လျင်ကြယ်စင်အိမ်ရာစီမံကိန်းသစ်ကို သန်လျင်မြို့နယ် သန်လျင်တံတားအနီး ရန်ကုန်မြစ်အရှေ့ဘက်ခြမ်းရှိ မြေဧက ၄၀၀ ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး ဈေးနှုန်းသင့်တင့်ပြီးပြည့်စုံသည့် ခေတ်မီလူနေတိုက်ခန်းများ၊ လုံးချင်းအိမ်ရာများနှင့် အိမ်ရာတွင်နေထိုင်မည့်သူများအတွက် အခြားသောဝန်ဆောင်မှုများကိုပါ တစ်ဆင့်ပြီးတစ်ဆင့်ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းအိမ်ရာစီမံကိန်းသစ်အစီအစဉ်တွင် စိတ်ပါဝင်စားသူ အစုရှယ်ယာရှင်များကိုလည်း အစုရှယ်ယာသစ်များ ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အဆိုအရ သိရှိရသည်။

FMI ကုမ္ပဏီသည် အဆိုပါအိမ်ရာစီမံကိန်းမြေနေရာတွင် ကျင်းပေါင်း ၁၈ ကျင်းပါဝင်မည့် နိုင်ငံတကာအဆင့်မီဂေါက်ကွင်းတစ်ခုကို တည်ဆောက်ရန်စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်နိုင်ခြင်းမရှိသေးဘဲ ယင်းအိမ်ရာစီမံကိန်းသစ်ကို အစုရှယ်ယာရှင်များအတွက် ဦးစားပေးအစီအစဉ်အဖြစ် တည်ဆောက်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း အစုရှယ်ယာရှင်တစ်ဦးက ပြောကြားသည်။

FMI ကုမ္ပဏီကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လှိုင်သာယာမြို့နယ်ရှိ FMI ပဒေသာပင်မြို့တော် (FMI City)၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ FMI စင်တာတို့ပါဝင်သည့် အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍအပါအဝင် စီးပွားရေးလုပ်ငန်းကဏ္ဍကြီးခြောက်ခုအောက်တွင် ကုမ္ပဏီ ၁၅ ခုကို ရင်းနှီးမြှုပ်နှံလျက်ရှိကာ ပြီးခဲ့သည့် ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်အတွင်း ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် အခက်အခဲအမျိုးမျိုးကြားမှ ဝင်ငွေစုစုပေါင်း ကျပ် ၁,၁၁၂ သန်းနှင့် အမြတ်ငွေ ကျပ် ၇၉၉ သန်းရရှိခဲ့ကြောင်း ကုမ္ပဏီ၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

■

**လှိုင်သာယာမြို့နယ်၌ FMI ကုမ္ပဏီက တည်ဆောက်ခဲ့သော အိမ်ရာစီမံကိန်းတစ်ခု**



www.foreverspace.com.mm



# မြန်မာနိုင်ငံအင်တာနက်ကွန်ရက် တိုးချဲ့မည်

**ရန်ကုန်၊ စက်တင်ဘာ ၆**




အင်တာနက်သုံးစွဲသူဦးရေ သိသိသာ သာတိုးတက်များပြားလာသော မြန်မာနိုင်ငံ၌ အင်တာနက် ဆက်သွယ်မှု ယခုထက်ပိုမိုချောမွေ့ မြန်ဆန်စေရန်အတွက် Bandwidth ပမာဏကို တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ရန် နိုင်ငံတကာအင်တာနက်ဆက်ကြောင်းများဖြင့် ထပ်မံချိတ်ဆက်သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ဒုတိယမြောက် Internet Service Provider (ISP) ဖြစ်သည့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် (ယခင် မြန်မာတယ်လီပို့) မှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၆ ရက်နေ့တွင် ပြောကြားသည်။

ထိုနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Sukura Tower ၌ ကျင်းပသော ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်က လွှင့်တင်မည့် Yatanarpon National Web Portal အတွက် Contant Provider စာနယ်ဇင်းမီဒီယာများနှင့် တွေ့ဆုံဆွေးနွေးသည့်အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်းထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

ယခင်က မြန်မာနိုင်ငံ၏အင်တာနက်ဆက်သွယ်မှုမှာ ဥရောပ–အာရှ ရေအောက်ကေဘယ်လ်လိုင်းဖြစ်သော SE-ME-WE (3) ကို ဖျာပုံမြို့မှတစ်ဆင့် ဆက်သွယ်အသုံးပြုခဲ့ရာမှ ယခုအခါ နိုင်ငံတကာနယ်စပ်ဖြတ်ကျော်အင်တာနက်ကွန်ရက်လိုင်းများကို ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့်ချိတ်ဆက်၍ မြဝတီ၊ မူဆယ်နှင့် တမူးမြို့တို့မှတစ်ဆင့် Fibre Obtic Cable ဖြင့် ဆက်သွယ်အသုံးပြုလျက်ရှိသည့်အပြင် Microwave ကွန်ရက်ဖြင့်ပါ ချိတ်ဆက်အသုံးပြုလျက်ရှိပြီး လက်ရှိအသုံးပြုနေသည့် အင်တာနက် Bandwidth ပမာဏစုစုပေါင်းမှာ 3.145 GB ရှိကြောင်း၊ ယခုအခါ ယင်းပမာဏနှင့် မလုံလောက်တော့သဖြင့် ဥရောပ–အာရှ ရေအောက်ကေဘယ်လ်လိုင်း SE-ME-WE (4) ကို ဘူးသီးတောင်မြို့မှတစ်ဆင့် မကြာမီ ထပ်မံချိတ်ဆက်သွားမည်ဖြစ်ပြီး Microwave ကွန်ရက်ကိုလည်း ထပ်မံတိုးချဲ့ချိတ်ဆက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"မြန်မာနိုင်ငံမှာ ISP နှစ်ခုရှိတဲ့အထဲက MPT (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) က Government Sector (အစိုးရဌာန) တွေကိုပဲ အဓိကထား ဝန်ဆောင်မှုပေးသွားမှာဖြစ်ပြီးတော့ ဒီ YTP (ရတနာပုံတယ်လီပို့) ကတော့ Private Sector (ပုဂ္ဂလိက) တွေကို အဓိကဝန်ဆောင်မှုပေးသွားမှာပါ" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်ကို အစိုးရတစ်ပိုင်း Internet Service Provider အဖြစ် Bagan Cybertech အမည်ဖြင့် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ တည်ထောင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် မြန်မာတယ်လီပို့ဟု အမည်ပြောင်းလဲခဲ့ကာ ၂၀၀၉ ခုနှစ်တွင် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်သို့ အခြေစိုက်ကာရုံးချုပ်ကို ပြောင်းလဲဖွင့်လှစ်ခဲ့ပြီးနောက် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်ဟု အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ၌ ပြန်ကြားရေး၊ ဖျော်ဖြေရေးနှင့် Online ဝန်ဆောင်မှုဆိုင်ရာ အကြီးဆုံးနှင့် အမျိုးသားအဆင့် Web Portal အဖြစ် ပေါ်ထွန်းလာမည့် www. yatanarpon.com.mm ကို ပြည်တွင်းပြည်ပ ကွန်ပျူတာပညာရှင်များ၏ နည်းပညာပံ့ပိုးမှုဖြင့် ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် စတင်ရေးဆွဲခဲ့ပြီး ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလဆန်းတွင် လွှင့်တင်သွားမည်ဟု ယင်းကုမ္ပဏီ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရှိရသည်။

www.foreverspace.com.mm

# ချင်းပြည်နယ်၌ တန်ဖိုးနည်းကြွက်ထောင်ချောက်များ UNDP ပံ့ပိုး

**မင်းတပ်၊ စက်တင်ဘာ ၁**

ကြွက်များပေါက်ဖွားသောင်းကျန်းမှုဒဏ်ကို သုံးနှစ်အတွင်း ဒုတိယအကြိမ် ပြန်လည်ရင်ဆိုင်ကြုံတွေ့နေရသော ချင်းပြည်နယ်တောင်ပိုင်း မြို့နယ်သုံးမြို့နယ်ရှိ ကျေးရွာများသို့ တန်ဖိုးနည်းကြွက်ထောင်ချောက် ၃၈,၀၀၀ ကျော်ကို UNDP ၏ပံ့ပိုးမှုဖြင့် ပြုလုပ်ဖြန့်ဝေခဲ့ပြီး ကြွက်များကို သုတ်သင်နှိမ်နင်းလျက်ရှိကြောင်း မင်းတပ်မြို့နယ် UNDP-CDRT စီမံကိန်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသထွက်ဝါးနှင့် ကြေးနန်းကြိုးတို့ဖြင့် ဒေသခံများကိုယ်တိုင် တီထွင်ပြုလုပ်ထားသည့် အဆိုပါကြွက်ထောင်ချောက်များကို ကြွက်များဖျက်ဆီးသောင်းကျန်းမှုအများဆုံးဖြစ်သည့် ထန်တလန်၊ ပလက်ဝနှင့် မတူပီမြို့နယ်တို့အတွင်းရှိ ကျေးရွာ ၁၁ ရွာသို့ ဩဂုတ်လအတွင်းက ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး ကြွက်ထောင်ချောက်တစ်ခုလျှင် ၂၀၀ ကျပ်ခန့်သာကုန်ကျကြောင်း၊ ယင်းထောင်ချောက်များဖြင့် ကြွက်ကောင်ရေအားလုံးကို မနှိမ်နင်းနိုင်သော်လည်း အတိုင်းအတာတစ်ခုအထိ တစ်နိုင်တစ်ပိုင် သုတ်သင်နှိမ်နင်းနိုင်ကြောင်း ၎င်းက ဆိုသည်။

ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ထန်တလန်မြို့နယ်၊ ပလက်ဝမြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့တွင် ၂၀၁၀ ပြည့်နှစ် ဇွန်လမှစတင်၍ ကြွက်များထပ်မံရောက်ရှိလာပြီး ဒေသခံများ သီးထပ်စိုက်ပျိုးထားသည့် ပြောင်းခင်းများနှင့် နေအိမ်များတွင် သိုလှောင်ထားသော လူး၊ ဆပ်၊ ပြောင်း၊ ဆန်ရိက္ခာများကို ကိုက်ဖြတ်စားသောက်လျက်ရှိကြောင်း၊ ကြွက်တစ်အုပ်လျှင် ကောင်ရေ ၅၀ မှ ၆၀ ခန့်အထိ ပါရှိတတ်ကြောင်း၊ ကောင်ရေပမာဏများပြားလှသဖြင့် ဒေသခံများအဖို့ သုတ်သင်နှိမ်နင်းရန် အခက်အခဲများကြုံတွေ့နေရကြောင်း ချင်းတိုးတက်ရေးပါတီမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဆလိုင်းဦးရှိန်းထွန်းက ပြောကြား [သတင်းဖော်ပြပြီး The Voice Weekly Vol.6/No.37 စာမျက်နှာ (၂၅)] သည်။



"အချိန်တိုတိုအတွင်းမှာ စိုက်ခင်းတစ်ခုလုံးနီးပါး ကုန်သွားအောင်ကိုက်ဖြတ်ပစ်လိုက်တာ မယုံကြည်နိုင်စရာပါပဲ။ အဲဒီတုန်းက လက်ထဲမှာကြွက်နှိမ်နင်းဖို့ကိရိယာတွေမရှိတော့ ခဲနဲ့ပေါက်ခြောက်လှန့်မောင်းထုတ်ရုံပဲတတ်နိုင်တယ်။ ဒါပေမဲ့ မထိရောက်ပါဘူး" ဟု ပြောင်းစိုက်ခင်း ၈၀ ရာခိုင်နှုန်းကျော်ကိုက်ဖြတ်ဖျက်ဆီးခြင်းခံရသော မင်းတပ်မြို့နယ် အေးစခန်းကျေးရွာမှ အသက် ၄၅ နှစ်အရွယ် ဒေသခံ ဦးတမ်ရွှေက ပြောကြားသည်။



အဆိုပါထောင်ချောက်များဖြင့် ကျေးရွာ ၁၁ ရွာရှိ အိမ်ထောင်စု ၄၃၀ ၏ စိုက်ခင်း ၁၄၃၀ ဧကခန့်ကို ကြွက်များ ဝင်ရောက်ဖျက်ဆီးခြင်းမှ ဟန့်တားနိုင်ခဲ့ကြောင်း၊ ကြွက်ထောင်ချောက်တစ်ခုလျှင် တစ်ညအတွင်း ကြွက်သုံးကောင်ခန့် ဖမ်းဆီးရမိကြောင်း UNDP ရုံးခွဲမှ အထက်ပါတာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm



# မျိုးတုံးလုနီးပါး တောကြီးမြွေဟောက်တစ်ကောင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ရောက်

**ရန်ကုန်၊ စက်တင်ဘာ ၆**

မျိုးတုံးလုနီးပါးတောကြီးမြွေဟောက်တစ်ကောင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ဩဂုတ်လ ၂၀ ရက်နေ့တွင် ရောက်ရှိကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါတောကြီးမြွေဟောက်မှာ အမဖြစ်ပြီး လပွတ္တာမြို့နယ် အုတ်တွင်းကျေးရွာအနီးရှိ တောတွင်းမှ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဖမ်းဆီးရရှိခဲ့ကြောင်း၊ ယင်းကိုဖမ်းဆီးစဉ်က တောကြီးမြွေဟောက်အထီးမှာ လွတ်သွားကြောင်း၊ တောကြီးမြွေဟောက်ကို ဒေသခံများက သတင်းပေးပို့ခြင်းကြောင့် သွားရောက်ဖမ်းဆီးခြင်းဖြစ်ပြီး ဥများပါတွေ့ရှိခဲ့ကြောင်း၊ ဥအလုံး ၂၀ တွင် ၁၂ လုံးမှာ အကောင်ပေါက်သွားပြီးဖြစ်ရာ ကျန်ဥရှစ်လုံးကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ သယ်ယူလာသော်လည်း အကောင်မပေါက်နိုင်တော့ကြောင်း၊ အဆိုပါတောကြီးမြွေဟောက်သည် အရှည်ကိုးပေကျော်၍ အသက်မှာ ခြောက်နှစ်ရှိပြီးဖြစ်ကြောင်း၊ လာမည့်အောက်တိုဘာလတွင်လည်း ယင်းနေရာသို့ တောကြီးမြွေဟောက်များကို ထပ်မံသွားရောက်ဖမ်းဆီးရန်စီစဉ်ထားကြောင်း ၎င်းက ဆိုသည်။

ယခုလက်ရှိတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် မြွေဟောက်၊ မြွေပွေး၊ မြွေစိမ်းမြီးခြောက်၊ လင်းမြွေ၊ ငန်းတော်ကျား၊ ငန်းပုတ်၊ စပါးကြီးတို့ပါဝင်သည့် မြွေအမျိုးအစား ၁၀ မျိုးကို ထိန်းသိမ်းပြသထားကြောင်း အဆိုပါတိရစ္ဆာန်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဖြိုးဖြိုးဝေ**

# ချင်းပြည်နယ်သဘာဝပတ်ဝန်းကျင် မထိန်းသိမ်းဘဲ လက်ရှိအတိုင်းထားပါက နောင် ၁၅ နှစ်အကြာတွင် တောင်ပေါ်ကန္တာရဖြစ်သွားနိုင်ဟုဆို

**သတင်းဆောင်းပါး–ကျော်နိုင်၊ ဓာတ်ပုံ–တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းနှင့် ဦးသက်ဇော်နိုင်၊ ၈–၉–၂၀၁၀**

**မြန်မာနိုင်ငံ၌သာ ရှာဖွေတွေ့ရှိနိုင်သည့် ရှားပါး၄ှာနေသက်ရှိမျိုးစိတ်အချို့အပါအဝင် တောင်ပေါ်ဇီဝမျိုးစုံမျိုးကွဲများမှီတင်းနေထိုင်ရာ ချင်းပြည်နယ်တွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုတို့၏ အကျိုးဆက်များကို သိသိသာသာ ကြုံတွေ့နေရပြီဖြစ်ရာ စနစ်တကျမထိန်းသိမ်းဘဲ လက်ရှိအခြေအနေအတိုင်းထားရှိမည်ဆိုပါက နောင် ၁၅ နှစ်ခန့်အကြာတွင် မကွေးတိုင်းရှိ ပုံတောင်ပုံညာတောင်တန်းကဲ့သို့ တောင်ပေါ်ကန္တာရဖြစ်သွားနိုင်ကြောင်း ချင်းအမျိုးသားတိုးတက်ရေးပါတီမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဆလိုင်းဦးရှိန်းထွန်းက Living Color သို့ ပြောကြားသည်။**

လမ်းဖောက်လုပ်ခြင်း၊ အိမ်ရာတိုးချဲ့ခြင်း၊ ရွှေ့ပြောင်းတောင်ယာနှင့် စိုက်ခင်းများ ချဲ့ထွင်စိုက်ပျိုးခြင်း၊ တောမီးရှို့ခြင်းနှင့် စည်းကမ်းမဲ့သစ်ပင်ခုတ်လှဲခြင်းစသည့်ပြုမူဆောင်ရွက်မှုများနှင့် ကြွက်များပေါများလာခြင်းတို့ကြောင့် ချင်းပြည်နယ်တစ်ခုလုံး၏ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးယိုယွင်းလာရုံသာမက ရာသီဥတုပူပြင်းလာခြင်း၊ သဘာဝရေများခန်းခြောက်လာခြင်းနှင့် စားဝတ်နေရေးအခက်အခဲများနှင့်ပါ ဒေသခံများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း ၎င်းကဆိုသည်။



www.foreverspace.com.mm


“အရင်တုန်းက မင်းတပ်မြို့ပေါ်က ရေတွင်းတွေက ရေထွက်ခဲ့တယ်။ အခု မထွက်တော့ဘူး။ နွေဆို ရေပြဿနာ ကြုံနေရပြီ။ တောင်ပေါ်ရွာတွေမှာလည်း ဒီအတိုင်းပဲ။ သဘာဝစိမ့်ရေကို ထိန်းသိမ်းနိုင်တဲ့သစ်ပင်တွေမရှိတော့လို့ အခုလိုဖြစ်ပြီး ရေရှားလာတာ”ဟု ပင်လယ်ရေမျက်နှာပြင်အထက် ၄၈၆၀ ပေအမြင့်တွင် တည်ရှိသော မင်းတပ်မြို့မှ ဒေသခံတစ်ဦးက ရှင်းပြသည်။



“လွန်ခဲ့သည့် ၁၀ နှစ်ကျော်လောက်က ဝိတိုရိယတောင်ပေါ်မှာ သစ်ခွမျိုးစုံနဲ့ အင်မတန်ရှားပါးတဲ့ တောင်ဇလပ်ပန်း အပြာ၊ အဝါနဲ့ အနီရောင် သုံးမျိုးစလုံးကို ပေါပေါများများ တွေ့ခဲ့ရတယ်။ အခု သစ်ခွကို မနည်းလိုက်ရှာနေရတယ်။ တောင်ဇလပ်က အနီရောင်တစ်မျိုးထဲပဲ တွေ့ရတော့တယ်။ နောက်ဆို ဒီပန်းတွေ ရှိချင်မှရှိတော့မှာ” ဟု ဝိတိုရိယတောင် (ခေါ်) နတ်မတောင်ထိပ်သို့ မကြာခဏ တက်ရောက်ခဲ့သူ တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းမှ အမှုဆောင်တစ်ဦးက ဆိုသည်။

“အရင်တုန်းက နွေရာသီမှာတောင် အေးစခန်းရွာ ဘိုတဲနားက ရေထွက်မှာ ရေက မပြတ်ကျနေတာ။ အခုဆောင်းတွင်းမှာတောင် ရေမရချင်တော့ဘူး။ တောင်ထိပ်စခန်းနားက စမ်းချောင်းမှာလည်း ဒီလိုပဲ ရေထွက်လျော့လာပြီ။ နောက်ဆို တောင်ပေါ်တက်ရင် မင်းတပ်ကနေ ရေပုံးတွေ ထမ်းသယ်ရမယ့်ပုံပဲ”ဟု တောင်တက်အဖွဲ့ဝင်တစ်ဦးက ဖြည့်စွက်ပြောကြားသည်။

မြေပူရာကင်းမှောင့်ဆိုသကဲ့သို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုအကျိုးဆက်



# နေပြည်တော်အမျိုးသားပြတိုက်၊ စာကြည့်တိုက်နှင့် မော်ကွန်းတိုက်တည်ဆောက်

**နေပြည်တော်၊ စက်တင်ဘာ ၆**

နေပြည်တော်ရှိ ရာဇသင်္ဂဟအဝိုင်း (ကုမုဒြာကြာပန်းအဝိုင်း) အနီး ရာဇသင်္ဂဟလမ်းမကြီးတွင် နေပြည်တော်အမျိုးသားပြတိုက် (National Museum)၊ အမျိုးသားစာကြည့်တိုက် (National Libray) နှင့် အမျိုးသားမော်ကွန်းတိုက် (National Archive) တည်ဆောက်ရေးစီမံကိန်းကို နေပြည်တော်ရှိ ဆောက်လုပ်ရေးကုမ္ပဏီများဖြစ်သည့် Original Group၊ ACE ၊ မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

နေပြည်တော်အမျိုးသားပြတိုက်၏ဧရိယာသည် ၃၂၀,၀၀၀ စတုရန်းပေ (၃၄ ဒသမ ၇၉ ဧက)၊ အမျိုးသားစာကြည့်တိုက်၏ဧရိယာမှာ ၁၅၀,၀၀၀ စတုရန်းပေ (၂၁ ဒသမ ၂၂ ဧက)၊ အမျိုးသားမော်ကွန်းတိုက်ဧရိယာမှာ ၁၂၀,၀၀၀ စတုရန်းပေ (၁၈ ဒသမ ၃၅ ဧက) နှင့် စုစုပေါင်းဧရိယာ ၇၆ ဒသမ ၃၆ ဧကရှိကြောင်း၊ ယင်းအဆောက်အအုံများတွင် ပတ်လမ်းဖောက်လုပ်ထားရှိမည်ဖြစ်ပြီး အဆောက်အအုံရှေ့ဘက်နှင့်ပတ်ပတ်လည်တွင် မြက်ခင်းအလှ၊ အလှပင်များစိုက်ပျိုးထားမည်ဖြစ်ကြောင်း တည်ဆောက်ရေးကုမ္ပဏီများထံမှ သိရသည်။

အဆိုပါအဆောက်အအုံများတည်ဆောက်ရေးပန္နက်တင်မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့တွင်ပြုလုပ်ခဲ့ပြီး ယခုအခါ အဆောက်အအုံတည်ဆောက်မှုကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း တည်ဆောက်ရေးအင်ဂျင်နီယာတစ်ဦးကဆိုသည်။

**မင်းသုခိုင်**

www.foreverspace.com.mm



များကို ရင်ဆိုင်ကြုံတွေ့နေရသော ချင်းပြည်နယ်တွင် ၂၀၀၈ ခုနှစ် မတ်လအတွင်းက ဝါးပင်များသီးပွင့်ရာမှ ကြွက်များအဆမတန်ပေါက်ပွားလာကြပြီး ဒေသခံချင်းတိုင်းရင်းသားများ စိုက်ပျိုးသိုလှောင်ထားသော ကောက်ပဲသီးနှံများကို ယင်းကြွက်အုပ်များဝင်ရောက်ဖျက်ဆီးစားသုံးခဲ့သဖြင့် အစာရေစာငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရရာ UNDP, WFP, GRAT, DFID, CAD စသည့် ကုလသမဂ္ဂနှင့် ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများက အရေးပေါ်စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးခဲ့ရသည်။ အဆိုပါကြွက်များပျောက်ကွယ်သွားပြီဟု ယူဆခဲ့ကြရာမှ သုံးနှစ်ကျော်အကြာ ၂၀၁၀ ပြည့်နှစ် ဇွန်လဆန်းပိုင်းတွင် ယင်းကြွက်များထပ်မံပေါ်ပေါက်လာပြီး ဒေသခံများစိုက်ပျိုးထားသော ပြောင်းခင်းများနှင့် နေအိမ်များတွင်သိုလှောင်ထားသော လူး၊ ဆပ်၊ ပြောင်း၊ ဆန်ရိက္ခာများကို ကိုက်ဖြတ်စားသောက်ခဲ့ကြသည်။ အဆိုပါကြွက်များမှာ အရွယ်ကြီးတစ်ကောင်လျှင် ဝက်ပေါက်အရွယ်မျှရှိပြီး ကြွက်အုပ်တစ်အုပ်လျှင် ကောင်ရေ ၅၀ မှ ၆၀ အထိပါရှိတတ်ကြောင်း၊ ကြွက်အုပ်တစ်အုပ်ဝင်ရောက်ဖျက်ဆီးပါက လယ်တစ်ဧကကို တစ်နာရီအတွင်းကုန်စင်အောင် ကိုက်ဖြတ်ဖျက်ဆီးနိုင်ကြောင်း၊ ယင်းတို့ကို ကြွက်ထောင်ချောက်ဖြင့် နှိမ်နင်းရာ၌ မထိရောက်သကဲ့သို့ ကြွက်သတ်ဆေးသုံးစွဲပါကလည်း ကြွက်သားစားသုံးသူများကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း ကန်ပက်လက်မြို့နယ်မှ ချင်းတိုင်းရင်းသားတစ်ဦးက Living Color နှင့် ဇူလိုင်လအတွင်းတွေ့ဆုံစဉ် ပြောကြားသည်။

ယခုအခါ အဆိုပါကြွက်များကို ဒေသထွက်ပစ္စည်းများ အသုံးပြု၍ ပြုလုပ်ထားသော တန်ဖိုးနည်းကြွက်ထောင်ချောက်ကိရိယာများဖြင့် ကြွက်ဖျက်ဆီးမှုအများဆုံးမြို့နယ်များဖြစ်သည့် ထန်တလန်၊ ပလက်ဝ၊ မတူပီမြို့နယ်တို့ရှိ ကျေးရွာများတွင် သုတ်သင်နှိမ်နင်းလျက်ရှိကြောင်း၊ ယင်းကြွက်ထောင်ချောက်များပြုလုပ်ရန် အဆိုပါဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသော UNDP က ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ဩဂုတ်လအထိ ကြွက်ထောင်ချောက် ၃၈,၀၀၀ ကျော် ပြုလုပ်နှိမ်နင်းနိုင်ခဲ့ကြောင်း UNDP ထံမှ စုံစမ်းသိရှိရသည်။ "ဒီကြွက်ထောင်ချောက်တွေနဲ့ ကြွက်ကောင်ရေအကုန်လုံးကို မသုတ်သင်ပေးနိုင်ပါဘူး။ သူတို့ရဲ့ပေါက်ပွားမှုနဲ့ ပြန့်ပွားမှုနှုန်းက အရမ်းမြန်နေတော့ အတိုင်းအတာတစ်ခုအထိပဲ သုတ်သင်ပေးနိုင်မယ်။ ဒီကြွက်ပေါက်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မယ့် တခြားနည်းလမ်းတွေ ကျွန်တော်တို့လည်း စဉ်းစားနေတယ်" ဟု မင်းတပ်မြို့နယ် UNDP စီမံချက်မန်နေဂျာ ဦးဌေးဝင်းက ရှင်းပြသည်။

မြန်မာနိုင်ငံ၏အနောက်ဘက်စွန်း

**အသစ်တိုးချဲ့ဖောက်လုပ်ထားသည့် မင်းတပ်–မတူပီကားလမ်းတစ်နေရာ**



# အဆင့်မြင့်ကုန်စည်ဒိုင် (မုံရွာ) နှစ်ကုန်အပြီး တည်ဆောက်မည်ဟုဆို

**မုံရွာ၊ စက်တင်ဘာ ၇**

ယင်းမာပင်မြို့နယ် ပုသိမ်–မုံရွာလမ်းနှင့် မုံရွာ–ကလေးဝ–ယာကြီးလမ်းဆုံအနီး၌ ဇူလိုင်လ ၂၈ ရက်နေ့က ပန္နက်တင် စတင်တည်ထောင်ခဲ့သော အဆင့်မြင့်ကုန်စည်ဒိုင် (မုံရွာ) စီမံကိန်းကို ယခုနှစ်ကုန်ပိုင်းတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ယင်းစီမံကိန်းတာဝန်ရှိသူများထံမှ သိရှိရသည်။

ယင်းစီမံကိန်းတွင် ကုန်စည်ဒိုင်အဆောက်အအုံ (ပင်မ)၊ ကုန်တင်ယာဉ်ရပ်နားစခန်း၊ ကုန်စည်ပွဲရုံတန်းများ၊ ကုန်စည်ဈေးရုံပေါင်းစုံ၊ ကုန်သည်ကြီးများရုံး၊ ဒေသဆိုင်ရာ ကွပ်ကဲရေးရုံး၊ တည်းခိုခန်းများ၊ နားနေဆောင်များ၊ ကျန်းမာရေးစင်တာများ၊ မီးသတ်စခန်း၊ ရဲစခန်း၊ အုပ်ချုပ်ရေးရုံး၊ စားသောက်ဆိုင်တန်းများ ပါဝင်မည်ဖြစ်ကြောင်း မုံရွာ–ယင်းမာပင်မြို့ခံများထံမှ သိရှိရသည်။ စစ်ကိုင်းတိုင်း မုံရွာဒေသသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် အပါအဝင်ဖြစ်သည်။

www.foreverspace.com.mm

ရခိုင်ရိုးမတောင်တန်းပေါ်တွင် တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၁၃,၉၀၇ ကျယ်ဝန်းသည့် ချင်းပြည်နယ်သည် ခရိုင်နှစ်ခု၊ မြို့နယ်ကိုးမြို့နယ်ဖြင့် ဖွဲ့စည်းထားကာ ချင်းတိုင်းရင်းသားမျိုးနွယ်အများစုအပါအဝင် တိုင်းရင်းသားမျိုးနွယ်စု ၅၂ စု၊ လူဦးရေစုစုပေါင်း ငါးသိန်းခန့်နေထိုင်ကြသည်။ အရှေ့တောင်အာရှဒေသတွင် အမြင့်ဆုံးမြေသားတောင်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၁၀,၅၀၀ မြင့်မားသည့် ဝိတိုရိယတောင်(ခ)နတ်မတောင်၊ ရေတံခွန်အမြင့် ၁၅၀၀ ပေကျော်မြင့်မားပြီး အဆင့်ခုနစ်ဆင့်ရှိသည့် ဘုံတလာရေတံခွန်၊ နှလုံးသားပုံစံ သဘာဝအတိုင်း တည်ရှိနေသည့် ရိဒ်ရေကန် စသည်တို့မှာ ချင်းပြည်နယ်၌ ထင်ရှားသည့်သဘာဝအလှအပများပင် ဖြစ်ကြသည်။ ထို့အတူ သစ်တောဦးစီးဌာနက ချင်းပြည်နယ်ရှိ တောင်ပေါ်ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ရန်အတွက် ဧရိယာ ၂၇၉ စတုရန်းမိုင်ကျယ်ဝန်းပြီး မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မတူပီမြို့နယ်တို့အတွင်း တည်ရှိသည့် နတ်မတောင်အမျိုးသားဥယျာဉ်ကို ၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ရှားပါးသစ်ခွမျိုးစိတ်များ၊ ဓာမဏီငှက်၊ ချင်းပြည်နယ်၏ သင်္ကေတအောက်ချင်းငှက်၊ ကမ္ဘာပေါ်၌ မြန်မာတစ်နိုင်ငံတည်းသာရှာဖွေတွေ့ရှိနိုင်သော ဌာနေမျိုးစိတ်



ရွှေ့ပြောင်းတောင်ယာစနစ်ကို ပြောင်းလဲသင့်ပြီဖြစ်သည်

(Endemic Species) ဖြစ်သည့် မျက်ခုံးဖြူငှက်ပြာခြောက်ငှက် (White-Browed Nuthatch) စသည့် သက်ရှိမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ထားသည်။



“ဒီ ဝိတိုရိယတောင် (ခေါ်) နတ်မတောင်က ခြေလျင်နဲ့တောင်တက်သမားတွေအတွက်သာမကဘူး။ ကမ္ဘာအနှံ့က ငှက်သုတေသီတွေ၊ ငှက်ဝါသနာရှင်တွေကို ဆွဲဆောင်နိုင်တဲ့ဒေသတစ်ခုပဲ။ ဘာလို့လဲဆို မျက်ခုံးဖြူငှက်ပြာခြောက်ငှက်က အဲဒီဒေသ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၆,၅၀၀ ကျော်မှာမှပဲ တွေ့နိုင်လို့။ မြန်မာနိုင်ငံမှာ Endemic ငှက်မျိုးစိတ် ငါးမျိုးလောက်ရှိတာ။ ကျန်မျိုးစိတ်တွေကို နိုင်ငံအနှံ့တွေ့ရတတ်တယ်။ အဲဒီငှက်တစ်မျိုးပဲ အဲဒီဒေသမှာတွေ့ရတာ” ဟု မြန်မာနိုင်ငံငှက်ဝါသနာရှင်အသင်း အတွင်းရေးမှူး ဦးသက်ဇော်နိုင်က ဆိုသည်။



“ကျွန်တော်တို့သုတေသနပြုလုပ်ထားချက်အရဆို နတ်မတောင်အမျိုးသားဥယျာဉ်တစ်ဝိုက်မှာ မျက်ခုံးဖြူငှက်ပြာခြောက်ငှက်အပါအဝင် ငှက်မျိုးစိတ် ၂၈၀ ကျော် ရှိကြတယ်။ ဒီလိုသာ တောပြုန်းနေမယ်ဆိုရင် အဲဒီငှက်မျိုးစိတ် မျိုးတုံးပျောက်ကွယ်သွားမှာကို စိုးရိမ်ရတယ်။ သူများနိုင်ငံတွေမှာက တောကောင်းလို့ ငှက်မျိုးစိတ်သစ်တွေ မပြတ်တွေ့နေရချိန်မှာ

www.foreverspace.com.mm



ကျွန်တော်တို့နိုင်ငံမှာက ရှိရင်းစွဲ ရှားပါးမျိုးစိတ်တွေကို မပျောက်သွားအောင် ထိန်းသိမ်းဖို့လိုနေပြီ” ဟု မြန်မာငှက်ဝါသနာရှင်အသင်းအမှုဆောင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ချင်းပြည်နယ်၏ သဘာဝပတ်ဝန်းကျင်ကို ယခုထက်ပို၍ မပျက်စီး မဆုံးရှုံးစေရန် ပညာပေးအစီအစဉ်များ ပြုလုပ်ချိန်တန်နေပြီဖြစ်ကြောင်း၊ မီးရှို့စိုက်ပျိုးရသည့် မိရိုးဖလာရွှေ့ပြောင်းတောင်ယာစနစ်အစား သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနည်းပါးပြီး ရေရှည်ဆောင်ရွက်နိုင်မည့် ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းကဲ့သို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစားထိုးစီစဉ်ပေးသင့်ကြောင်း၊ ယင်းဥယျာဉ်ခြံမြေစိုက်ပျိုးစဉ်ကာလအတွင်း အကျိုးအမြတ်မရရှိသေးမီ ဒေသခံများ ရပ်တည်နိုင်ရန် စားနပ်ရိက္ခာများထောက်ပံ့ပေးပြီး သီးနှံများထွက်ရှိမှ ပြန်လည်ခုနှိမ်သည့်စနစ်ပြုလုပ်



ကြွက်များကိုက်ဖြတ်ဖျက်ဆီးထားသည့် ပြောင်းစိုက်ခင်းတစ်ခု

ပေးသင့်ကြောင်း၊ ထို့အတူ ထင်းအစားထိုးလောင်စာများ အသုံးပြုနိုင်ရန်ပါ စီစဉ်ပေးသင့်ကြောင်း၊ စိုက်ပျိုးရေးနှင့် သစ်တောပြုစုပျိုးထောင်ရေးကို တစ်ပြိုင်နက်တည်း ဒွန်တွဲဆောင်ရွက်သင့်ကြောင်း ဦးရှိန်းထွန်းက အကြံပြုပြောကြားသည်။

# မုံရွာခရိုင်ကျေးရွာအချို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့ သစ်ပင်စိုက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၉**

စိမ်းလန်းစိုပြည်အောင် သစ်ပင်စိုက်ကြပါစို့ဟူသော စာသားများဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားမှုများ ဆောင်ရွက်လာသည့် Myanmar Green Community အဖွဲ့သည် မုံရွာခရိုင် ယင်းမာပင်မြို့နယ်ရှိ ထန်းတောကြီးရွာနှင့်အနီးတစ်ဝိုက်ကျေးရွာများတွင် သစ်ပင်များ စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

အဆိုပါကျေးရွာများတွင် သစ်ပင်စိုက်ပျိုးမည့်နေ့ရက်၊ နေရာနှင့် သစ်ပင်မည်မျှစိုက်ပျိုးမည်ဆိုသည်တို့ကိုမူ တိကျစွာ မသတ်မှတ်ရသေးကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

ရာသီဥတုပူပြင်းခြင်း၊ မိုးခေါင်ရေရှားခြင်းအပါအဝင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှုများကို တတ်နိုင်သမျှ ကူညီဖြေရှင်းနိုင်ရန်၊ သစ်ပင်တောတောင်များ ရှားပါးလာကာ အရိပ်အာဝါသကောင်းသော အပင်များ နည်းပါးလာမှုကို တတ်အားသရွေ့ ကာကွယ်ထိန်းသိမ်းနိုင်ရန် သစ်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့က E-mail မှတစ်ဆင့် ပြောကြားသည်။

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် မရမ်းရွာတွင် ဓမ္မကာရုံစာသင်တိုက်မှ ဆရာတော်ဦးဇဝနတိက္ခက ဦးစီးပြီး ကျေးရွာဒေသခံများနှင့်အတူ ဇူလိုင်လ ၂၀ ရက်မှ ၂၃ ရက်နေ့အထိ အပင် ၁၅၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း၊ ယင်းစိုက်ပျိုးပွဲသို့ ဒေသခံ ၁၅၀ ကျော် ပါဝင်စိုက်ပျိုးခဲ့ကြောင်း အဆိုပါအဖွဲ့တွင်ပါဝင်သူတစ်ဦးက ဆိုသည်။

Myanmar Green Community သည် အဖွဲ့မှ စုပေါင်းစိုက်ပျိုးခြင်းအပြင် အပင်များကို ပံ့ပိုးတာဝန်ခံပြီး ကိုယ်စားစိုက်ပျိုးပေးသောအစီအစဉ်ကိုလည်း လုပ်ဆောင်မည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို အပြန်အလှန် ဝိုင်းဝန်းကူညီပါဝင်နိုင်စေရန်အတွက် လူမှုကွန်ရက် Website များဖြစ်သော Facebook, Twitter, Youtube, Blog နှင့် E-mail တို့မှတစ်ဆင့် သစ်ပင်စိုက်သောသတင်းများ (Green Message) များကို ဖြန့်ဝေပေးကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

www.foreverspace.com.mm

# ကိုရီးယားကာတွန်းပြိုင်ပွဲ မြန်မာကာတွန်းပညာရှင်များ ဆုရ

**မန္တလေး၊ စက်တင်ဘာ ၆**

၂၀၁၀ ပြည့်နှစ် ကိုရီးယားနိုင်ငံက ကျင်းပပြုလုပ်သည့် The 19th Daejeon Intl' Cartoon Contest DICACO 2010 ပြိုင်ပွဲ၏ ဆုစာရင်းများထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံမှကာတွန်းပညာရှင်ငါးဦး ဆုချီးမြှင့်ခံရကြောင်း မန္တလေးမြို့ခံ ကာတွန်းပညာရှင်တစ်ဦးက ပြောကြားသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကာတွန်းပညာရှင် ၁၀ ဦးအပါ အဝင် ၅၈ နိုင်ငံမှ ကာတွန်းပညာရှင် ၅၀၄ ဦးတို့၏လက်ရာ ၁၅၇၉ ခုကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ယင်းတို့အနက် Grand Prize ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Gold Prize ကို တူရကီနိုင်ငံ၊ Sliver Prize ကို ရိုမေးနီးယားနိုင်ငံ၊ Broneze Prize ကို ဂျပန်၊ ဆားဗီးယား၊ အီရန်၊ ကိုရီးယားနိုင်ငံတို့မှ ကာတွန်းပညာရှင်တို့က ရရှိခဲ့ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံမှ ကာတွန်းပညာရှင် ကာတွန်းဇော်သန်း၊ ကာတွန်းလေရှူး (ကောင်းဇော်) တို့က The Best Cartoon ဆုကိုလည်းကောင်း၊ ကာတွန်းဟေမွန်ဦး၊ ကာတွန်းငယ်ဦး၊ ကာတွန်းကျော်သူရိန်တို့က Honorable Mentions ဆုကိုလည်းကောင်း ရရှိခဲ့ကြောင်း၊ ဆုရကာတွန်းပညာရှင်တစ်ဦးက ပြောကြားသည်။

ယင်းပြိုင်ပွဲအတွက် ကာတွန်းလက်ရာများကို ၂၀၁၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားပေးပို့ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပြီး ဩဂုတ်လ ၇ ရက်နေ့က ဆုကြေညာခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

---

# ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာထိပ်ဆုံးကဟုဆို

**သတင်းဆောင်းပါး–မြနှင်းအေး၊ ဓာတ်ပုံ– WCS၊ ၉–၉–၂၀၁၀**

**ရေနေသတ္တဝါများတွင် အသိဉာဏ်အဖွံ့ဖြိုးဆုံးနှင့် အယဉ်ပါးဆုံးဖြစ်သော လင်းပိုင်မျိုးစိတ်များအနက် ရှားပါးဧရာဝတီလင်းပိုင်များမပျောက်ကွယ်ရေး ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား စသော အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် ထိပ်ဆုံးမှ ထိန်းသိမ်းရေးလုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်နေကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)(မြန်မာ) ဧရာဝတီလင်းပိုင်စီမံချက်၏ Coordinator ဦးအောင်မျိုးချစ်က စက်တင်ဘာလ ၄ ရက်နေ့တွင် ထွန်းဖောင်ဒေးရှင်း၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံဘဏ်အသင်း၌ကျင်းပသော 'ထိန်းသိမ်းရေးနယ်မြေအတွင်းရှိ ဧရာဝတီလင်းပိုင်များ' အကြောင်းဟောပြောပွဲတွင် ထည့်သွင်းပြောကြားသည်။**

လူနှင့်လင်းပိုင် ငါးဖမ်းသည့်ဓလေ့ကို ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းတွင်သာတွေ့ရပြီး လင်းပိုင်ထိန်းသိမ်းရေးနယ်မြေသတ်မှတ်ရာတွင်လည်း မြန်မာနိုင်ငံမှာ အရှေ့တောင်အာရှနိုင်ငံများတွင် တစ်ခုတည်းသောနိုင်ငံဖြစ်သည်ဟု ဦးအောင်မျိုးချစ်က ဧရာဝတီလင်းပိုင်နှင့်ပတ်သက်ကာ ပြောကြားသည်။



"မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်ကတည်းက လူသားနဲ့လင်းပိုင်နဲ့ တွဲပြီး ငါးဖမ်းတဲ့ဓလေ့ရှိခဲ့တယ်။ ဘာလို့ဆို အသက်ရဝကျော်လောက်ရှိတဲ့ ရေလုပ်သားကြီးကိုမေးကြည့်တော့ သူ့အဖေလက်ထက်ကတည်းက ဒီလိုမျိုး ငါးဖမ်းခဲ့တာလို့ပြောတယ်" ဟု ဦးအောင်မျိုးချစ်က ဆိုသည်။

ကမ္ဘာပေါ်တွင် ရေချိုလင်းပိုင်နှင့် ရေငန်လင်းပိုင်ဆိုကာ လင်းပိုင်အုပ်စုနှစ်မျိုးရှိပြီး ရှားပါးအုပ်စု ရေချိုလင်းပိုင်မျိုးစိတ်အချို့ကို မြန်မာနိုင်ငံ တကောင်းနှင့် သပိတ်ကျင်းအကြား မြန်မာနိုင်ငံ၏ အဖိုးတန်

www.foreverspace.com.mm



အသက်သွေးကြော ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် အများဆုံးတွေ့ရတတ်ကာ မဲခေါင်မြစ်တစ်လျှောက်တွင်လည်း တွေ့ရတတ်ကြောင်း၊ ယင်းလင်းပိုင်များကိုလည်း ဧရာဝတီလင်းပိုင်များဟုပင် ခေါ်ဆိုကြကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၌ ရခိုင်၊ ဧရာဝတီ၊ မြိတ်ဒေသတို့တွင် ဧရာဝတီလင်းပိုင်ကို တွေ့ရပြီး ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံးအကြိမ်အဖြစ် လင်းပိုင်များနေထိုင်ကျက်စားမှုကို လေ့လာသုတေသနလုပ်ခဲ့သည်ဟု ယင်းသုတေသနလုပ်ငန်းတွင် ပါဝင်ခဲ့သူတစ်ဦးက ဆိုသည်။

ယင်းအပြင် ယခု ၂၀၁၀ ပြည့်နှစ်အထိ သုတေသနလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ လေ့လာစာရင်းကောက်ယူထားမှုအရ မန္တလေးနှင့် ဗန်းမော်ကြားတွင် လင်းပိုင်ကောင်ရေ ၈၇ မှ ၉၀ ကောင်ကြားရှိကြောင်း ဦးအောင်မျိုးချစ်က ပြောကြားသည်။

သို့သော် ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ တရားမဝင် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးမှု၊ ရွှေကျင်မှု၊ ကမ်းပါးများဖြို ရွှေရှာမှု၊ တရားမဝင် ဧရာဝတီလင်းပိုင်များ ဖမ်းဆီးမှုများကြုံတွေ့ရသောကြောင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် မင်းကွန်းနှင့် ကျောက်မြောင်းကြီးရွာကြားတွင် ဧရာဝတီလင်းပိုင်များကာကွယ်ရန် ထိန်းသိမ်းရေးနယ်မြေကို သတ်မှတ်ခဲ့ကြောင်း၊ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံတွင်သာ လင်းပိုင်များအတွက် ထိန်းသိမ်းရေးနယ်မြေ ပထမဆုံး သတ်မှတ်ထားခြင်းဖြစ်ကြောင်း လင်းပိုင်ထိန်းသိမ်းရေး အစဉ်တစိုက်လေ့လာနေသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ၂၀၀၅ ခုနှစ်တွင်ပင် ရွှေကျင်၊ ရွှေတူးဖော်မှုများနှင့်ပတ်သက်၍ ဥပဒေထုတ်ပြန်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် ရွှေကျင်သည့်လုပ်ငန်းများ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရပ်နားသွားခဲ့သော်



**မထိန်းသိမ်းပါက ကောင်ရေတစ်စထက်တစ်စ လျော့နည်းလာဖွယ်ရှိသည်**

လည်း ယခုနှစ်အစောပိုင်းမှစတင်ကာ ရွှေကျင်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာသည်ကို တွေ့လာရကြောင်း မန္တလေးမှ ဗန်းမော်အထိ မြစ်ကြောင်းတစ်လျှောက် သင်္ဘောဖြင့် လေ့လာရေးခရီးသွားရောက်ခဲ့သူတစ်ဦးက ပြောဆိုသည်။

ဧရာဝတီမြစ်ကြီးမှာလည်း အကြောင်းကြောင်းကြောင့် ရေနည်းပါးလာရာ မြစ်ရေနည်းပါးချိန်တွင် ဧရာဝတီလင်းပိုင်များကို အတွေ့ရပိုများကြောင်း လင်းပိုင်လေ့လာရေးသွားရောက်ခဲ့သူတစ်ဦးက ဆိုသည်။

လင်းပိုင်သည် ငါးဘတ်နှင့် ငါးနုသန်းကိုကြိုက်ကြောင်း၊ အသားစားငါးဖြစ်သောကြောင့် ၎င်းစားသုံးသောငါးကို ဓာတ်ခွဲစမ်းသပ်ကြည့်ရာ ပြဒါးပါဝင်နေသည်ကိုတွေ့ခဲ့ရကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

သားငှက်ထိန်းသိမ်းရေးအဖွဲ့သည် တစ်လ နှစ်ကြိမ် ဧရာဝတီလင်းပိုင်များကို သွားရောက်လေ့လာကြည့်ရှုပြီး လင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်း နား

**သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုပါ မြှင့်တင်ပေးသည့်သတ္တဝါဖြစ်သည်**



www.foreverspace.com.mm

လည်စေရန် ကျောင်းသားလူငယ်၊ ကျောင်းထိုင်ဆရာတော်များ အပါအဝင် ဧရာဝတီလင်းပိုင်ကျက်စားရာနေရာအနီးဝန်းကျင်တွင်နေထိုင်သော ဒေသခံများကို ဧရာဝတီလင်းပိုင်များနှင့်ပတ်သက်သော ပညာပေးဟောပြောမှုများပြုလုပ်ပေးကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

ရေလုပ်သားများကိုလည်း ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်လာစေရန် ရေလုပ်သားအသိအမှတ်ပြုကတ်ပြားထုတ်ပေးကြောင်းလည်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးအတွက် ထိန်းသိမ်းရေးနယ်မြေ ထပ်မံသတ်မှတ်ရန် အစီအစဉ်ရှိကြောင်းလည်း လင်းပိုင်အကြောင်းလေ့လာနေသော သတ္တဗေဒပညာရှင်တစ်ဦးက ပြောဆိုသည်။

လင်းပိုင်များထိန်းသိမ်းရာတွင် လင်းပိုင်နှင့်ပတ်သက်သောခရီးသွားလုပ်ငန်းမှာလည်း ကမ္ဘာပေါ်တွင် အလွန်ဝင်ငွေရသော ခရီးစဉ်တစ်ခုဖြစ်နေကြောင်း၊ ယင်းကြောင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနက လင်းပိုင်ခရီးသွားနှင့်ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန်များ ရေးသားကာ ပေးပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

“လင်းပိုင်နဲ့လူ အတူတူ ငါးဖမ်းနေကြတာမြင်ရတော့ မျက်ရည်တောင်ကျမိတယ်။ မြန်မာပြည်မှာ ဒီလိုအလေ့အထရှိနေတာကိုက အင်မတန်ဂုဏ်ယူစရာကောင်းပါတယ်။ ကျွန်တော်တို့လက်ထက်ကျမှ ဧရာဝတီလည်း မရှိတော့ဘူး၊ လင်းပိုင်လည်း မရှိတော့ဘူးဆိုတာမျိုးတော့ မဖြစ်အောင် လုပ်ရမှာပါ။ အခုလည်း လင်းပိုင်တွေစားလို့ရအောင် မြစ်ထဲကို ငါးစိုက်ထည့်မယ်။ မန္တလေးဘက်မှာပဲ လင်းပိုင်ကရှိတော့တာ။ အဲဒါကို စောင့်ရှောက်ချင်ပါတယ်” ဟု ငါးလုပ်ငန်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမြသန်းထွန်းက ယင်းနေ့ဟောပြောပွဲတွင် ပြောကြားသည်။

■



# တန်ပိုကြေးကောက်ခံစခန်းများရှိ ဝန်ချိန်ကတ္တားများ ကွာဟမှုနည်းလာဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၇**

အဝေးပြေးလမ်းမများတွင် ယာဉ်နှင့် ကုန်အလေးချိန် ချိန်တွယ်မှတ်သားသည့်ကတ္တားများသည် ချိန်တွယ်ရာတွင် တစ်ဂိတ်နှင့်တစ်ဂိတ် ကာလကြာရှည်ကွာဟခဲ့ရာ စက်တင်ဘာလဆန်းမှစ၍ ကွာဟချက်များလျော့နည်းလာသည်ကို တွေ့ရကြောင်း ကုန်တင်ယာဉ်မောင်းများနှင့် ဘုရင့်နောင်ပွဲရုံအခြေစိုက် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ၏အဆိုအရ သိရသည်။

ရန်ကုန်–ဧရာဝတီလမ်းကြောင်းတွင် ပုံမှန်ဖြတ်သန်းနေသော ကုန်တင်ယာဉ်မောင်းတစ်ဦးက “အရင်ကလို အရမ်းကွာဟတာမျိုးတော့ မရှိတော့ပါဘူး။ ကျွန်တော့်ကားဆို ဗိုလ်မြတ်ထွန်း ကတ္တားမှာ ၂၆,၅၀၀ ကီလိုဂရမ်၊ လှိုင်သာယာကတ္တားမှာ ၂၆,၄၉၀ ကီလိုဂရမ်၊ အမှတ် (၄) တန်ပိုဂိတ်မှာ ၂၇,၀၀၀ ကီလိုဂရမ်ဆိုတော့ ပျမ်းမျှတစ်တန်လောက်ပဲကွာတော့တဲ့သဘောဖြစ်ပါတယ်။ ကီလို ၁၀၀၀ ကို တစ်တန်နှုန်းလောက် တွက်တာပါ။ တန်ပိုကြေးကတော့ သာမန်တန်ပိုတစ်တန် ၃၀၀ ကျပ်၊ လွန်ကဲတန်ပိုတစ်တန် ၄၀၀ ကျပ်နှုန်း ပေးဆောင်ရပါတယ်” ဟု ဆိုသည်။

ရန်ကုန်မြို့တော် အခြေစိုက်ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကလည်း “အခုလို အချိန်အတွယ်တွေ စနစ်တကျဖြစ်လာတာ ဝမ်းသာပါတယ်။ အရင်ကဆို ခဏခဏ စကားများရတယ်။ ၁၀ တန်လောက်အထိ ကွာတာရှိတယ်။ ရန်ကုန်–ဧရာဝတီလမ်းကြောင်းမှာ ကတ္တားလေးခု ဖြတ်ရတယ်။ ထူးခြားချက်တစ်ခုကတော့ တခြားကတ္တားတွေက ကတ္တားပေါ်ရပ်ပြီး ချိန်ရတယ်။ လှိုင်သာယာကတ္တားကတော့ ရပ်လို့မရဘူး။ ဖြည်းဖြည်းမောင်းပြီးသွားရတယ်။ ဟိုဘက်ရောက်တော့မှ ရပ်ပြီး စာရွက်စာတမ်းသွားယူ၊ ကျသင့်ငွေဆောင်ရတယ်လို့ ယာဉ်မောင်းတွေက ပြောတယ်” ဟု ဆိုသည်။

ရန်ကုန်–ပြည်လမ်းကြောင်းတွင် ပုံမှန်ဖြတ်သန်းနေသော ကုန်တင်ယာဉ်မောင်းတစ်ဦးကလည်း “ဒညင်းကုန်း တန်ပိုဂိတ်မှာ တန်ပို ၁၆ တန်ထွက်တယ်။ ယာဉ်နဲ့ကုန် စုစုပေါင်း ကီလိုနဲ့တွက်ရင် ၃၀,၀၀၀ ကီလိုဂရမ်ပေါ့။ လှိုင်သာယာကတ္တားမှာ ၂၉,၇၀၀ ကီလိုဂရမ်ဆိုတော့ သိပ်မကွာပါဘူး။ ဒါပေမဲ့ ဆောင်ရတဲ့နှုန်းတော့ကွာတယ်။ ဒညင်းကုန်းမှာ ၆၀၀၀ ကျပ်၊ လှိုင်သာယာမှာ ၄၇၅၀ ကျပ်ဆောင်

www.foreverspace.com.mm



ရတယ်။ ဒီလောက်ပါပဲ”ဟု ပြောကြားသည်။

ထိုသို့ ကွာဟချက်များ လျော့နည်းမှန်ကန်လာခြင်းမှာ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လာခြင်းနှင့် မီဒီယာများတွင် ထိုသို့ကွာဟမှုနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြဆွေးနွေးလာခြင်းတို့ကြောင့်ဖြစ်နိုင်ကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအသိုင်းအဝိုင်းက သုံးသပ်ပြောကြားသည်။

နယ်အသီးသီးမှ ဘုရင့်နောင်ပွဲရုံနယ်မြေသို့ ဝင်ရောက်လာသော ကုန်တင်ယာဉ်များသည် မိမိတို့ဝင်ရောက်လာရာ လမ်းကြောင်းအလိုက် ရန်ကုန်မြို့တော်သို့အဝင်တွင် လှိုင်သာယာဂိတ်၊ ဒညင်းကုန်းဂိတ်၊ မှော်ဘီဂိတ်၊ တိုက်ကြီးဂိတ်၊ အင်းတိုင်ဂိတ် စသည်တို့ကို အသီးသီးဖြတ်သန်းဝင်ရောက်လာရကြောင်း၊ ယခင်က ကုန်တင်ယာဉ်တစ်စီးသည် လမ်းတွင် အတင်အချမလုပ်ဘဲ လမ်းကြောင်းတစ်ခုတည်းကသာဖြတ်သန်းလာရာတွင် တန်ပိုဂိတ်တစ်ခုနှင့်တစ်ခု အလေးချိန်ကွာဟမှုများရှိခဲ့ကြောင်း၊ အများဆုံး ၁၀ တန်အထိ ကွာဟမှုများရှိခဲ့ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ကုန်တင်ယာဉ်မောင်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့်သက်ဆိုင်ရာဂိတ်များအကြား အဆင်မပြေမှုများ၊ အထင်လွဲခြင်းများရှိခဲ့ကြောင်း၊ ယခုအခါ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း စသည့်သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ယခုကဲ့သို့ အချိန်အတွယ်များ စနစ်တကျမှန်ကန်လာမှုအပေါ် ကျေနပ်အားရမိကြောင်း၊ ဆက်လက်၍လည်း ယခုကဲ့သို့ ရေရှည်တည်တံ့မည်ဟု မျှော်လင့်ကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်မောင်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ စုံစမ်းသိရှိရသည်။

**ဇော်ထွဋ်အောင်**

# ရန်ကုန်-ဟင်္သာတလမ်း ကုန်တင်ယာဉ်ကြီးများ စံညွှန်းနှင့်ညီက ပြန်လည်သွားလာခွင့်ပြု

**ရန်ကုန်၊ စက်တင်ဘာ ၆**

မြန်မာနိုင်ငံ၏ ကုန်စည်စီးဆင်းရာအဓိက လမ်းကြောင်းတစ်ခုဖြစ်သော ရန်ကုန်-ဟင်္သာတလမ်းပိုင်းတွင်ယာဉ်နှင့်ကုန် စုစုပေါင်းတန် ၂၀ (ခြောက်ဘီးအထက်) ယာဉ်ကြီးများကို မိုးကာလတွင် သွားလာမှုခေတ္တပိတ်ပင်ထားရာမှ စက်တင်ဘာလဆန်းမှစ၍ သတ်မှတ်စံနှုန်းနှင့်ညီလျှင် သွားလာခွင့်ပြုပြီဖြစ်ကြောင်း ယင်းလမ်းကြောင်းတွင်ပြေးဆွဲနေသော ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် ဟင်္သာတမြို့ခံများထံမှ သိရှိရသည်။

ဟင်္သာတမြို့ခံ ကုန်သည်တစ်ဦးက “ကြိမ်ပင်ဆည်–ဇလွန် ဟင်္သာတလမ်းပိုင်းပေါ့၊ အာဆီယံစံညွှန်းအတိုင်း ဝင်ရိုး ၂၃ (၆ ဘီး)(ယာဉ်+ကုန် ၁၆တန်)၊ ဝင်ရိုး ၃၃ (၁၀ဘီး) (ယာဉ်+ကုန် ၂၁တန်)၊ ဝင်ရိုး ၄၃ (၁၂ဘီး) (ယာဉ်+ကုန် ၂၅တန်) စသဖြင့် ဝင်ရိုးအရေအတွက်နဲ့ယာဉ်နဲ့ ကုန်တင်ချိန်စိစစ်ပြီး ၁၀ တန်ထက်ပိုတဲ့ ကုန်တင်ယာဉ်တွေကို ဖြတ်သန်းခွင့်ပြုမယ်လို့ သိရပါတယ်”ဟု ပြောကြားသည်။

၁၀ ဘီးကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကလည်း “ခုလိုဖွင့်ပေးတာ ကောင်းပါတယ်။ လောလောဆယ်တော့ အခြေအနေကိုစောင့်ကြည့်နေတုန်းပါ။ အရင်တုန်းက ၁၀ ဘီးတစ်စီးကို ကုန်ချိန် ၃၀ ပါ အိတ် ၇၀၀၊ ၈၀၀ လောက်တင်ပါတယ်။ အခုစံနှုန်းအတိုင်းဆိုတော့ အိတ် ၃၀၀၊ ၄၀၀ လောက်ပဲတင်ရမယ့်သဘောပါ။ လောလောဆယ် တန်ဆာခတစ်အိတ်ကို ၄၀၀–၄၂၅ ကျပ်၊ တစ်ဝက်လောက်ပဲတင်ရမယ်ဆိုတော့ တစ်ကြောင်းကို ကုန်ကျစရိတ်နဲ့ လက်ရှိတန်ဆာခ ကိုက်၊ မကိုက် ချိန်နေရတဲ့သဘောရှိပါတယ်”ဟု ဆိုသည်။

ဩဂုတ်လက ယင်းလမ်းပိုင်းတွင် ယာဉ်နှင့်ကုန်အပါအဝင် ၂၀ တန်အထက်ယာဉ်ကြီးများကို မိုးကာလ (ဩဂုတ်လ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၀ အထိ) သွားလာခွင့်ကန့်သတ်လိုက်ကြောင်း၊ ယင်းယာဉ်ကြီးများကြောင့် မိုးကာလတွင်လမ်းသားနိမ့်ကျွံပျက်စီးမှုများဖြစ်ပေါ်ခြင်းကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ထိုသို့ကန့်သတ်ရခြင်းဖြစ် (သတင်းဖော်ပြပြီး The Voice Weekly Vol-6,No-39) သည်။



www.foreverspace.com.mm

# ရခိုင်ပြည်နယ်ရေအားလျှပ်စစ်စက်ရုံနှစ်ခုမှဓာတ်အား ဘင်္ဂလားဒေ့ရှ် ဝယ်ယူမည်

**ဒါကာ၊ စက်တင်ဘာ ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှစ်ရုံတည်ဆောက်၍ ယင်းစက်ရုံများမှထွက်ရှိလာသော ဓာတ်အား ၅၇၅ မဂ္ဂါဝပ်ကို ဘင်္ဂလားဒေ့ရှ်က ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မိမိတို့သည် ရခိုင်ပြည်နယ်အတွင်း မဂ္ဂါဝပ် ၅၀၀ နှင့် ၇၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုမှ ဓာတ်အားများဝယ်ယူတင်သွင်းရေးကိစ္စကို မြန်မာအစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးသဘောတူညီချက်ရရှိပြီးဖြစ်ကြောင်း၊ အဆိုပါလျှပ်စစ်စီမံကိန်းနှစ်ခုသည် ရခိုင်ပြည်နယ် မီချောင်းအရပ်နှင့် လမ်ရိုအရပ်တို့၌ တည်ရှိကြောင်း၊ ယင်းအရပ်များသည် ဘင်္ဂလားဒေ့ရှ်ပိုင်နက် ကော့ဘဇားအရပ်နှင့်နီးကြောင်း ဘင်္ဂလားဒေ့ရှ်စွမ်းအင်အရာရှိများက ပြောကြားသည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုကို တရုတ်ကုမ္ပဏီတစ်ခုနှင့် ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီတို့ အကျိုးတူတည်ဆောက်မည် ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံမှ ဓာတ်အားမဂ္ဂါဝပ် ၂၅၀ ကို ၂၀၁၂ ခုနှစ်မှစ၍ ထပ်မံဝယ်ယူတင်သွင်းရန် စီစဉ်ထားပြီးဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်မီဒီယာများက ဖော်ပြသည်။

# နေပြည်တော်နှင့် ပျဉ်းမနား ဩဂုတ်လအတွင်း စည်းကမ်းပျက်ယာဉ် ၂၅၅၉ စီးအရေးယူ

**နေပြည်တော်၊ စက်တင်ဘာ ၆**

နေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားမြို့တို့တွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဖောက်ဖျက်ယာဉ်များကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လအတွင်း ယာဉ်အမှုသေးဖြင့် စစ်ဆေးအရေးယူ၍ နေပြည်တော်ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည့် ယာဉ်အစီးရေ ၂၅၅၉ စီးနှင့် ယာဉ်အမှုပေါင်း ၂၇၆၅ မှုရှိကြောင်း နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



စည်းကမ်းဖောက်ယာဉ်အများစုမှာ မော်တော်ဆိုင်ကယ်များဖြစ်သည်

အဆိုပါစည်းကမ်းဖောက်ဖျက်ယာဉ် ၂၅၅၉ စီးတွင် ကား ၂၉၉ စီး၊ မော်တော်ဆိုင်ကယ် ၂၁၄၉ စီး၊ သုံးဘီးဆိုင်ကယ် ၉၀ စီးနှင့် ထော်လာဂျီ ၂၁ စီး ပါဝင်ကြောင်း၊ အထက်ပါ စည်းကမ်းဖောက်ဖျက်ယာဉ်များတွင် မော်တော်ဆိုင်ကယ်စီးရေမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

နေပြည်တော်ခရိုင်အတွင်း ၂၀၁၀ ပြည့်နှစ် နှစ်ဝက်ကာလ (ခြောက်လ) အတွင်း မော်တော်ယာဉ်၊ ဆိုင်ကယ်များ ပါဝင်ပတ်သက်သည့် ယာဉ်မတော်တဆ ၁၀၄ မှု ဖြစ်ပွားခဲ့ပြီး ယင်းယာဉ်မတော်တဆဖြစ်ပွားမှုတွင် ဒဏ်ရာရရှိသူ ၁၂၂ ဦးနှင့် သေဆုံးသူ ၅၁ ဦးရှိကြောင်း နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

**မင်းသုခိုင်**

■

www.foreverspace.com.mm



# ‘အ’သုံးလုံးလုပ်အားပေးအဖွဲ့ဝင်များ ခြောက်လတစ်ကြိမ် ဆုံတွေ့မည်

**ရန်ကုန်၊ စက်တင်ဘာ ၆**

မြန်မာနိုင်ငံ ‘အ’သုံးလုံးစာတတ်မြောက်ရေးလှုပ်ရှားမှုကာလ ၁၉၈၃ ခုနှစ် စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ‘အ’သုံးလုံးလှုပ်ရှားမှုတွင် ပါဝင်လုပ်အားပေးခဲ့ကြသော ရန်ကုန်တက္ကသိုလ်လုပ်အားပေးအဖွဲ့ဝင် ဆရာ၊ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏တွေ့ဆုံမှုကို ခြောက်လတစ်ကြိမ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကြည်လွင် (အလိမ္မာစာပေ) က Living Color သို့ပြောကြားသည်။

မြန်မာနိုင်ငံ၌ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၄ ခုနှစ်အတွင်းပြုလုပ်ခဲ့သော နွေရာသီ ‘အ’သုံးလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုကာလတွင် စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်သို့ ၁၉၈၃ ခုနှစ် နွေရာသီ၌ ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသား ၁၀၆ ဦးသွားရောက်လုပ်အားပေးခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနှံ့လုပ်အားပေးသွားရောက်ခဲ့ရသည့်ဒေသများတွင် မင်းကင်းမြို့နယ်မှဒေသခံများမှာ အဖော်ရွေဆုံးနှင့် ညှော်ဝတ်အကျေဆုံးဟု ဆိုချင်ကြောင်း၊ အဆိုပါလုပ်အားပေးအဖွဲ့ဝင်များ၏ (၁၀) နှစ်မြောက် ပြန်လည်တွေ့ဆုံပွဲကို ၁၉၉၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ပြုလုပ်နိုင်ခဲ့ပြီး (၂၅) နှစ်မြောက် ရွှေရတု ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၈ ခုနှစ်တွင်ပြုလုပ်ရန် ရည်ရွယ်ခဲ့သော်လည်း နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် မပြုလုပ်ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် လာမည့် ၂၀၁၃ ခုနှစ်တွင် ကျရောက်သည့် ‘အ’သုံးလုံးလုပ်အားပေးအဖွဲ့၏ နှစ် (၃၀) မြောက် ပုလဲရတုအထိမ်းအမှတ်ပြန်လည်တွေ့ဆုံပွဲကို ပြုလုပ်နိုင်ရန် ခြောက်လတစ်ကြိမ် တွေ့ဆုံသွားကြမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဆရာဦးမျိုးသန့် (ယခုရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွဲဖက်ပါမောက္ခ) က ရှင်းပြသည်။

အဆိုပါ တွေ့ဆုံမှု ပထမခြေလှမ်းအဖြစ် လုပ်အားပေးအဖွဲ့ဝင်များ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၅ ရက်နေ့က ရန်ကုန်မြို့ တာမွေမြို့နယ် မင်းကင်းကျောင်းတိုက်၌ ကျင်းပခဲ့ရာ အဖွဲ့ခေါင်းဆောင်ဦးမျိုးသန့်နှင့် အဖွဲ့ဝင်ကျောင်းသူ၊ ကျောင်းသားဟောင်းများ၊ မင်းကင်းမြို့နယ်အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မင်းကင်းမြို့ဒေသခံများ တက်ရောက်ခဲ့ကြသည်။



# နေပြည်တော်လယ်ဝေးမြို့နယ် ၂၀၀၉-၂၀၁၀ ခုနှစ် နှမ်းစပါးတင်းနှစ်သိန်းကျော် ထွက်ဟုဆို

**နေပြည်တော် (လယ်ဝေး)၊ ဩဂုတ် ၃၁**

နေပြည်တော်လယ်ဝေးမြို့နယ်တွင် ၂၀၀၉–၂၀၁၀ ခုနှစ် နွေစပါး ၃၄၀၇ ဧကစိုက်ပျိုးခဲ့ရာ တစ်ဧကအထွက်နှုန်း ၈၈ ဒသမ ၈၁ တင်းနှုန်းဖြင့် စပါးတင်းပေါင်း နှစ်သိန်းကျော် (၂၁၁,၃၆၄ တင်း) ထွက်ရှိခဲ့ကြောင်း နေပြည်တော်လယ်ဝေးမြို့နယ် စိုက်ပျိုးရေးမန်နေဂျာရုံးမှ မြို့နယ်မန်နေဂျာ ဦးလှမြင့်က ပြောကြားသည်။

နေပြည်တော်လယ်ဝေးမြို့နယ်တွင် ၂၀၀၉–၂၀၁၀ ပြည့်နှစ် နွေစပါးစိုက်ကျေးရွာများ၏ နွေစပါးစိုက်ရှေ့တန်းစခန်းများအဖြစ် မြွေရိုးလေး၊ သာဝတ္တိ၊ အေလာ၊ ရှမ်းစု စသည့်ကျေးရွာအုပ်စုများက မနောသုခ၊ ရွှေသွယ်ရင်း၊ ရေဆင်းလုံးသွယ်ဆင်းနွယ်ရင်၊ ဆင်းသုခ၊ ရက် ၉၀ ၊ ရတနာတိုးစပါးမျိုးများကို စိုက်ပျိုးခဲ့ကြပြီး ရေစုပ်စက်၊ သဲဖြူဆည်၊ ငါးလိုက်ဆည်၊ ချောင်းမငယ်ဆည်နှင့် လျှပ်စစ်မြစ်ရေတင်စနစ်များကိုအသုံးပြု၍ စိုက်ပျိုးရေရရှိရေးဆောင်ရွက်ခဲ့ကြောင်း၊ နေပြည်တော်လယ်ဝေးမြို့နယ်တွင် ၂၀၀၈–၂၀၀၉ ခုနှစ်၌ နွေစပါး ၂၈၂၇ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်း ၁၁၅ ဒသမ ၆၂ တင်းနှုန်းဖြင့် တင်းပေါင်းသုံးသိန်းကျော် (၃၂၆,၈၅၈တင်း) ထွက်ရှိခဲ့ကြောင်း ၎င်းကဆိုသည်။

**မင်းသုခိုင်**

www.foreverspace.com.mm

# ကျပ်သိန်းတစ်သောင်းကျော်ကုန်ကျမည့် မြောက်ယမားချောင်းတံတား ကိုယ်ထူကိုယ်ထတည်ဆောက်မည်

**မန္တလေး၊ ဩဂုတ် ၂၃**

ငွေကျပ်သိန်းတစ်သောင်းကျော်ကုန်ကျမည့် မြောက်ယမားချောင်းကူးတံတားကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အတွင်းတွင် ကိုယ်ထူကိုယ်ထ တည်ဆောက်သွားမည်ဖြစ်ကြောင်း တံတားဖြစ်မြောက်ရေးအကျိုးဆောင် သံဃာတော်တစ်ပါးက မိန့်ကြားသည်။

ယင်းတံတားဖြစ်မြောက်ရေး စုပေါင်းအလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လနောက်ဆုံးပတ်၌ ယင်းမာပင်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း အထက်ပါသံဃာတော်က ဆက်လက်မိန့်ကြားသည်။ အဆိုပါတံတားကို အလောင်းတော်ကဿပဘုရားဖူးသွားရာလမ်းဖြစ်သော ဇီးတောကျေးရွာ (အမေရေယာဉ်) နှင့် လာပို့ကျေးရွာ အကြားရှိ မြောက်ယမားချောင်းပေါ်တွင် ဖြတ်သန်းတည်ဆောက်မည်ဖြစ်ပြီး တံတားအရှည်မှာ ပေ ၉၀၀ ခန့်ရှိမည်ဖြစ်ကြောင်း ယင်းသံဃာတော်ထံမှ စုံစမ်းသိရှိရသည်။

မြောက်ယမားချောင်းကူးတံတားတည်ဆောက်ပြီးစီးပါက ကျေးရွာပေါင်း ၆၀ ကျော်၌ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ပြီး အလောင်းတော်ကဿပဘုရားဖူးများ ယင်းမာပင်–ဇီးတောလမ်းမှ သွားရောက်ပါက လမ်းပန်းပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သုံးသပ်ပြောကြားသည်။

# ငါးကန်များပေါ် ကြက်မွေးမြူမှု ကျယ်ပြန့်ဟုဆို

**ရန်ကုန်၊ ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရမ်းမြို့နယ်တစ်ခုလုံးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ထန်းတပင်၊ ညောင်တုန်းမြို့နယ်တို့ရှိ ငါးကန်များပေါ်တွင် ကြက်ခြံများ ထားရှိမွေးမြူမှု ကျယ်ပြန့်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။



သား၊ ငါး ပိုမိုထွက်ရှိစေရန်ရည်ရွယ်၍ ကြက်ခြံနှင့် ငါးကန်ပေါင်းပြီး မွေးမြူလာကြခြင်းဖြစ်ကြောင်း၊ ယခုအခါ ကုန်းခြံနှင့် ရေခြံကို လက်တွေ့လေ့လာကြည့်လျှင် ရေခြံက အားသာချက်များရှိနေကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကုန်းခြံသည် နှစ်ကြာလာလျှင် အနံ့အသက်မကောင်းမှုများကြုံရပြီး ရေခြံမှာ ကြက်တစ်သုတ်မွေးပြီး ရေဆေးချလျှင်ရ၍ သန့်ရှင်းမှုအားကောင်းကြောင်း၊ သို့သော် ယင်း၏အားနည်းချက်တစ်ခုမှာ အမိုးနီးယားဖြစ်ပြီး ငါးကိုစွဲသွားမည်ကိုစိုးရိမ်ရကြောင်း၊ ထိုအခါ ငါးတွင်ကြက်ချေးနံ့စွဲသွားပြီး ဈေးကွက်ကငြင်းမည်ကိုစိုးရိမ်ရကြောင်း၊ ထို့ကြောင့် ကုန်းခြံနှင့်ရေခြံ ယှဉ်ပြိုင်ရတော့မည်ဖြစ်ကြောင်း အတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

၎င်းက "လုပ်ငန်းသဘောအရတော့ ကုန်းခြံထက် ရေခြံက အကျိုးအမြတ်ပိုဖြစ်ပါတယ်။ ဒါပေမဲ့ ငါးဘယ်လောက်ကို ကြက်ဘယ်နှကောင်မွေးမယ်၊ ငါးမှာ အနံ့စွဲရင် ဘာဖြစ်မလဲ၊ ဘယ်လိုဖြေရှင်းမလဲ၊ ငါးမှာ ဓာတ်ကြွင်းရှိနိုင်၊ မရှိနိုင်နဲ့ ကြက်မှာ ရောဂါမရှိနိုင်ဘူးလား စတာတွေအတွက် Guide Line လိုလာမှာ ဖြစ်ပါတယ်"ဟု ဆိုသည်။ ■

www.foreverspace.com.mm



# မြောက်ယမားချောင်းကူးတံတားဟောင်း မူးမြစ်ကူး (ရန်ကြီးအောင်) တံတား၌ ပြောင်းရွှေ့တပ်ဆင်မည်

**မန္တလေး၊ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျေးစာကျကျေးရွာနှင့် ဂုဏ်တောကျေးရွာအကြား ဆက်သွယ်ထားသည့် မြောက်ယမားချောင်းကူးတံတား ကိုယ်ထည်အဟောင်းကို ရွှေဘိုမြို့နယ် အတွင်းဆောက်လုပ်နေသော မူးမြစ်ကူး တံတား(ရန်ကြီးအောင်) သို့ ပြောင်းရွှေ့တပ်ဆင်မည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းမာပင်မြို့ မန္တရာကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ဇီးတော–မြောက်ယမားချောင်းကူးတံတားတည်ဆောက်ရေးအခမ်းအနားတွင် ၎င်းက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

မြောက်ယမားချောင်းကူးတံတားကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ယင်းနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း တံတားတည်ဆောက်ရေးမှတ်တမ်းအရ သိရှိရသည်။

ယခုအခါ မြောက်ယမားချောင်းကူး တံတားအဟောင်း၏ အထက်ဘက် ကိုက် ၃၀၀ ခန့်အကွာ ပုသိမ်–မုံရွာ မော်တော်ကားလမ်းမကြီးအပေါ်တွင် ယင်းချောင်းကို ဖြတ်သန်း၍ ပေ ၁၂၈၀ အရှည်ရှိ မြောက်ယမားချောင်းကူးဘိုးပိုင် အုတ်မြစ် သံကူကွန်ကရစ်ဘေလီတံတားကို တည်ဆောက်နေကြောင်း ပြည်သူ့ဆောက်လုပ်ရေးမှတ်တမ်းများအရ သိရှိရသည်။

ရွှေဘိုမြို့နယ် ရေကြည်ဝကျေးရွာနှင့် ဒီပဲယင်းမြို့နယ် မူးကမ်းကြီးကျေးရွာတို့ကို ဆက်သွယ်သော မူးမြစ်ကူးတံတား (ရန်ကြီးအောင်) ကို ကိုယ်ထူကိုယ်ထ ဆောက်လုပ်လျက်ရှိကြောင်း၊ တံတားအရှည်မှာ ၈၄၀ ပေ၊ ယာဉ်သွားလမ်း ၁၂ ပေရှိပြီး ဘိုးပိုင်အုတ်မြစ်ကြမ်းခင်းတံတား ဖြစ်ကြောင်း ဒေသခံများထံမှ သိရှိရသည်။

# ကျွန်းချောင်း-ယောချောင်း ရထားလမ်း နိုင်ငံခြားခရီးသည်များ စိတ်ဝင်စားနိုင်ဖွယ်ရှိဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ကြံခင်း–ပခုက္ကူရထားလမ်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော တန့်ကြည့်တောင်ကိုဖြတ်၍ ဖောက်လုပ်နေသည့် ကျွန်းချောင်း–ယောချောင်း ရထားလမ်းပိုင်းသည် နိုင်ငံခြားခရီးသည်များ စိတ်ဝင်စားနိုင်ဖွယ်ရှိကြောင်း မြန်မာ့မီးရထားမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်၌ ဖောက်လုပ်ထားသော ကျွန်းချောင်း–ယောချောင်း ရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ်တွင် စတင်ဖောက်လုပ်နေခြင်းဖြစ်ပြီး ယင်းလမ်းပိုင်းသည် ဧရာဝတီမြစ်နှင့် ပုဂံမြေဒေသတစ်ခုလုံးကို အထက်မှစီး၍မြင်ရသောကြောင့် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

"ရထားတွေ သန့်သန့်ရှင်းရှင်းရှိရင်တော့ စိတ်ဝင်စားပြီး စီးကြမှာပါ။ ကျွန်တော်တို့ ပုဂံကနေ ကျောက်ပန်းတောင်းအထိ ရထားစီးဖူးတယ်။ ရထားအိမ်သာကထွက်လာတဲ့အနံ့ကို နိုင်ငံခြားသားတွေမခံနိုင်ဘူး" ဟု ရန်ကုန်မြို့ရှိ ခရီးသွားကုမ္ပဏီတစ်ခုမှ ခရီးသွားဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

ပုဂံဒေသသို့ရောက်ရှိလာသည့် နိုင်ငံခြားသားခရီးသွားအချို့သည် ပုဂံဘက်ကမ်းမှ ဧရာဝတီမြစ်ကို စက်လှေဖြင့်ဖြတ်ကာ ယင်းမှတစ်ဆင့် ဂျစ်ကား၊ စက်ဘီးများဖြင့် တန့်ကြည့်တောင်ပေါ်သို့တက်ကြည့်ကြကြောင်း၊ ဧရာဝတီမြစ်နှင့် ပုဂံဒေသကို အပေါ်မှစီး၍မြင်ရသော်လည်း တောင်ပေါ်တွင်သစ်ပင်မရှိသောကြောင့် ရာသီဥတုပူပြင်းကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကျွန်းချောင်း–ယောချောင်း ရထားလမ်းပိုင်းသည် ကြံခင်း–ပခုက္ကူရထားလမ်းစီမံကိန်း၏ အစိတ်အပိုင်းဖြစ်သော ပခုက္ကူ–ပွင့်ဖြူကြားတွင်ရှိသည့် ရထားလမ်းပိုင်းဖြစ်ကြောင်း၊ ပခုက္ကူ–ကျွန်းချောင်းရထားလမ်းပိုင်း၊ ယောချောင်း–ဆိတ်ဖြူရထားလမ်းပိုင်းတို့ကိုဖွင့်လှစ်ခဲ့ပြီးဖြစ်သော်လည်း ကျွန်းချောင်း–ယောချောင်း ရထားလမ်းပိုင်းတွင် တန့်ကြည့်တောင်ခံနေသဖြင့် ဖောက်လုပ်ရန်ခက်ခဲကြောင်း၊ ထို့ကြောင့် ကျွန်းချောင်း–ယောချောင်းလမ်းပိုင်းကို ကြံခင်း–ပခုက္ကူရထားလမ်းစီမံကိန်းတစ်ခုလုံး၏ နောက်ဆုံးလမ်းပိုင်းအဖြစ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကြံခင်း–ပခုက္ကူရထားလမ်းစီမံကိန်းကို ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျွန်းချောင်း–ယောချောင်းရထားလမ်းပိုင်းအပါအဝင် စီမံကိန်းတစ်ခုလုံး အပြီးသတ်မည့်အချိန်ကို ပြောကြားနိုင်ခြင်းမရှိသေးကြောင်း ၎င်းထံမှသိရသည်။ ■

www.foreverspace.com.mm

# ရန်ကုန်တိုင်းဒေသကြီး ဆန်စပါးလုပ်ငန်းအသင်း အမှုဆောင်အဖွဲ့ အများဆန္ဒဖြင့် ရွေးချယ်

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းသည် မြန်မာနိုင်ငံ၏ကုန်သွယ်မှု ဗဟိုအချက်အချာဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၏ ဆန်စပါးလုပ်ငန်းအသင်းခွဲ ဖွဲ့စည်းရေးအတွက် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အခြားအမှုဆောင်အဖွဲ့ဝင်များကို အများမဲဆန္ဒဖြင့် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ရွေးကောက်တင်မြှောက်လိုက်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုင်းဒေသကြီးအတွင်းရှိ အမှုဆောင် ၆၈ ဦးအနက်မှ ၆၅ ဦးတက်ရောက်ကာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌလေးဦး၊ အတွင်းရေးမှူးလေးဦး၊ ဘဏ္ဍာရေးမှူးနှစ်ဦးနှင့် စာရင်းစစ်နှစ်ဦးကို မဲပေးရွေးချယ်ခဲ့ကြောင်း အသင်းထံမှ သိရသည်။

ထိုသို့ရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ဦးအောင်သန်းဦး၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးစိန်ဝင်းလှိုင်၊ ဦးသောင်းဝင်း၊ ဦးထွေးနှင့် ဦးအောင်မင်းတို့လည်းကောင်း၊ အတွင်းရေးမှူးများအဖြစ်ဦးအောင်မြင့်၊ ဦးလှမော်မြင့်မောင်၊ ဒေါ်ချိုချိုနှင့် ဦးခင်မောင်ဝင်းတို့ကို ရွေးချယ်ခဲ့ကြောင်း အသင်း၏ထုတ်ပြန်ချက်အရ သိရသည်။

ရွေးကောက်တင်မြှောက်မည့်နေ့တွင် သက်ဆိုင်ရာ ဆန်စက်လုပ်ငန်းရှင်များနှင့် ဆန်ကုန်သည်များသည် အမည်နာမများ ဖော်ပြရန် အချင်းချင်းစည်းရုံးမှုများရှိကြောင်း ယင်းမဲပေးရွေးချယ်ပွဲကို တက်ရောက်သော ဆန်ကုန်သည်များထံမှ သိရသည်။

“ဆန်ကုန်သည်က အများစုဖြစ်တဲ့အတွက် ဦးအောင်သန်းဦးက ဥက္ကဋ္ဌဖြစ်သွားတာပါ” ဟု ရန်ကုန်တောင်ပိုင်းခရိုင်မှ ဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။

မဲပေးရွေးချယ်ခံရသော အဖွဲ့ဝင်အများစုမှာ ယခင်ဆန်နှင့်ပတ်သက်သော အသင်းဟောင်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများပါဝင်ကြောင်း ဆန်ကုန်သည်အချို့က ပြောကြားသည်။

# မြင်းကောင်ရေပိုသုံးသောစက်ရုံများ မုံရွာ၌အရေးယူ

**ရန်ကုန်၊ စက်တင်ဘာ ၈**

အထက်ချင်းတွင်းခရိုင် စီးပွားရေးမြို့တော် မုံရွာမြို့ စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများတွင် ခွင့်ပြုလုပ်ငန်းသုံးမီတာထက် မြင်းကောင်ရေပိုမိုသုံးစွဲသောစက်ရုံ၊ အလုပ်ရုံများကို သက်ဆိုင်ရာမှ ဩဂုတ်လ ၁၇ ရက်နေ့မှစတင်ကာ သုံးရက်ကြာ လိုက်လံစစ်ဆေး၍ အရေးယူခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

စက်မှုဇုန်အတွင်းရှိ အလုပ်ရုံ၊ စက်ရုံများတွင် မြင်းကောင်ရေတစ်ကောင် (700 W) ပိုမိုသုံးစွဲပါက ဒဏ်ငွေကျပ်တစ်သိန်းနှစ်သောင်းသတ်မှတ်၍ ဒဏ်ရိုက်ခဲ့ကြောင်းနှင့် အချို့စက်ရုံများကို သုံးစွဲခဲ့သည့်ကာလများအလိုက် နောက်ကြောင်းပြန်ဒဏ်ငွေများ ပေးဆောင်ခဲ့ရကြောင်းလည်း စက်မှုဇုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အသေးစားစက်မှုလုပ်ငန်းများ အများအပြားလည်ပတ်လျက်ရှိသော မုံရွာစက်မှုဇုန်တွင် လုပ်ငန်းရှင်အများစုသည် ‘ဝရိန်ဖုံး’ (ဂဟေဆော်စက်) တစ်ခုလျှင် မြင်းကောင်ရေမည်မျှသတ်မှတ်သည်ကိုပင် မသိရှိကြောင်းနှင့် အချို့လုပ်ငန်းရှင်များသည် သတ်မှတ်မြင်းကောင်ရေထက် ပိုမိုသုံးစွဲသည်ဟုဆိုကာ ဒဏ်ငွေ ကျပ် ၁၅ သိန်းဝန်းကျင်ခန့်အထိပင် ပေးဆောင်ခဲ့ရကြောင်း သတင်းများ ရရှိသည်။

“အစိုးရနဲ့ ဖက်စပ်လုပ်ကိုင်သည့် မုံရွာက စီးပွားရေးလုပ်ငန်းရှင်အများစု ရှယ်ယာဝင်ထားတဲ့ သံရည်ကျိုစက်ရုံပါ စစ်ဆေးခံရတယ်” ဟု အထက်ပါလုပ်ငန်းရှင်က ဆိုသည်။

ယခုအခါ မုံရွာစက်မှုဇုန်တွင် တစ်ရက်လျှင် ၁၀ နာရီခန့် လျှပ်စစ်မီးရရှိလျက်ရှိပြီး ယခင်ထက် လျှပ်စစ်မီး ပိုမိုရရှိလာကြောင်း၊ တရားဝင်စာရင်းများအရ စက်မှုဇုန်တွင် စက်ရုံပေါင်း ၈၀၀ ကျော်ရှိပြီး လုပ်ငန်းသုံးမီတာစုစုပေါင်း ၁၀၀၀ကျော် တပ်ဆင်ထားကြောင်းလည်း စက်မှုဇုန်လုပ်ငန်းရှင်တို့က ပြောကြားသည်။

မုံရွာစက်မှုဇုန်အတွင်း စက်မှုဇုန်များတွင် ယခုကဲ့သို့ မြင်းကောင်ရေပိုသုံးစွဲသော စက်ရုံများကို လိုက်လံစစ်ဆေးအရေးယူလျက်ရှိသော်လည်း မုံရွာမြို့တွင်း လုပ်ငန်းသုံးမီတာမဟုတ်ဘဲ အိမ်သုံးမီတာဖြင့် လုပ်ကိုင်နေသောလုပ်ငန်းများကို အရေးယူခြင်း မရှိသေးကြောင်းလည်း မုံရွာဒေသခံတို့က ပြောဆိုကြသည်။

စက်မှုဇုန်လုပ်ငန်းရှင်အများစုကမူ ၎င်းတို့သည် မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း၏ စည်းမျဉ်း၊ စည်းကမ်းများကို တိတိကျကျမသိရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဒဏ်ငွေတပ် အရေးယူခံရခြင်းဖြစ်ပြီး သက်ဆိုင်ရာမှ လုပ်ထုံးလုပ်နည်းဥပဒေများကို ရှင်းလင်းပြောကြားမည်ဆိုပါက ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်းလည်း ပြောဆိုကြသည်။

Associated News

**မီးသတိပြုပါ**

www.foreverspace.com.mm






# ထိုင်းနိုင်ငံမှ သစ်အစားထိုး အင်္ဂတေကော်ကပ် ဘုတ်ပြားများ ဈေးကွက်အတွင်းရောက်ရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁**

ထိုင်းနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု သစ်အစားထိုး အင်္ဂတေကော်ကပ်ဘုတ်ပြားများ ပြည်တွင်းဈေးကွက်အတွင်း ဧပြီလမှ စတင်ဝင်ရောက်လာကြောင်း ယင်းဘုတ်ပြားများ တရားဝင်တင်သွင်းလာသည့် ကုမ္ပဏီများနှင့် သုံးစွဲသူများထံမှ စုံစမ်းသိရှိရသည်။

"ဒီဘုတ်ပြားတွေက သစ်တောမပြုန်းတီးရေးအတွက် များစွာအထောက်အကူဖြစ်စေပါတယ်" ဟု Smile အမှတ်တံဆိပ်ဘုတ်ပြားများကို ထိုင်းနိုင်ငံမှ တရားဝင်တင်သွင်းလျက်ရှိသည့် အေးအင်တာနေရှင်နယ်ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါဘုတ်ပြားများတွင် ပါဝင်သည့်သစ်သားကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်များခုတ်လှဲပြီးရယူထားခြင်းမဟုတ်ဘဲ အလေ့ကျဖြစ်ပေါ်နေသည့်သစ်ပင်များမှ ကြွေကျသည့် သစ်မှုန်သစ်မွှားများကို အင်္ဂတေနှင့်အချိုးကျပေါင်းစပ်၍ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ယင်းဘုတ်ပြားတစ်ချပ်တွင် ဘိလပ်မြေ ၇၀ ရာခိုင်နှုန်း၊ သစ်မှုန်သစ်မွှား ၂၅ ရာခိုင်နှုန်း၊ ရေ ၃ ရာခိုင်နှုန်းနှင့် ဓာတုဗေဒပစ္စည်း ၂ ရာခိုင်နှုန်းတို့ ပါဝင်ကြောင်း၊ ဘုတ်ပြား၏ အရွယ်အစားမှာ ၈ ပေ × ၄ ပေ ရှိပြီး ထုထည် ခြောက်မီလီမီတာမှ ၂၄ မီလီမီတာအထိ အရွယ်အစားပေါ်မူတည်၍ တစ်ချပ်လျှင် အနည်းဆုံး ၁၃,၅၀၀ ကျပ်မှ အများဆုံး ၄၄,၀၀၀ ကျပ်ဝန်းကျင်အထိ ဈေးနှုန်းရှိကြောင်း ၎င်းက ရှင်းပြသည်။

ဝယ်ယူသူအများစုမှ ယင်းဘုတ်ပြားနှင့်ပတ်သက်၍ သိရှိမှုနည်းပါးသဖြင့် ဝယ်ယူသူများကို အသိပညာပေးလျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြပွဲများ၊ ဟောပြောပွဲများတွင် ဝင်ရောက်ပြသသွားရန် အစီအစဉ်ရှိကြောင်း ၎င်းက ပြောကြားသည်။

"အိမ်တစ်လုံးကို သစ်ပင်တစ်ပင်မှ ခုတ်စရာမလိုဘဲ ဆောက်ချင်တဲ့ဆန္ဒကြောင့် ဒီဘုတ်ပြားတွေကို ဝယ်တာပါ။ သမားရိုးကျတွေထဲက ခွဲထွက်ချင်တာလည်းပါတယ်။ ကမ္ဘာကြီးကို Safe ဖြစ်စေချင်လို့ပါ" ဟု ယင်းဘုတ်ပြားများကို ဝယ်ယူ၍ နှစ်ထပ်အိမ်တစ်လုံးတည်ဆောက်မည့် ဦးအောင်မျိုးရှိန်က ဆိုသည်။

အလားတူ သစ်အစားထိုး VIVA ဘုတ်ပြားများကို ထိုင်းနိုင်ငံတွင် ၁၉၈၃ ခုနှစ်မှစတင်ထုတ်လုပ်ခဲ့ပြီး ထိုင်းပြည်တွင်းဈေးကွက်တွင် ဈေးကွက်ရှယ်ယာ ၈၀ ရာခိုင်နှုန်းရရှိထားကြောင်း၊ မြန်မာနိုင်ငံသို့ ပြီးခဲ့သည့်နှစ်လခန့်က စတင်တင်သွင်းခဲ့ပြီး ဥရောပနိုင်ငံအချို့နှင့် UAE ၊ ဖိလစ်ပိုင်စသည့် အာရှနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ထိုင်းနိုင်ငံအခြေစိုက် VIVA Industry Co., Ltd. မှ Export Marketing Executive Mrs. Napat Aramaseerak က ပြောကြားသည်။ ■

www.foreverspace.com.mm



# မြန်မာနိုင်ငံတွင် AIDS ဖြင့် ဆက်စပ်သေဆုံးသူ တစ်နှစ် ၁၇,၀၀၀ ကျော်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (AIDS) နှင့်ဆက်စပ်သည့် နောက်ဆက်တွဲရောဂါများကြောင့် သေဆုံးသူဦးရေသည် တစ်နှစ်လျှင် တစ်သောင်းခုနစ်ထောင်ကျော်ရှိကြောင်း UNAIDS အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၁၄ ရက်နေ့တွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် နောက်ဆုံးကောက်ယူထားသောစစ်တမ်းများအရ တစ်နိုင်ငံလုံးတွင် HIV ပိုးရပ်စ်ပိုး ကူးဆက်ခံထားရသူ ၂၃၇,၀၀၀ ကျော်ရှိပြီး နှစ်စဉ် ကူးစက်ခံရသူဦးရေမှာလည်း ၁၇,၀၀၀ ကျော်ခန့်ရှိကြောင်း၊ ယင်းစစ်တမ်းကောက်ယူရာတွင် မြို့နယ်အတွင်း နေထိုင်သူအချို့ကို ခေါ်ယူကာ သွေးဖောက်စစ်ဆေးခဲ့ပြီး ရလဒ်ကို မည်သူ့ကိုမှ အသိမပေးကြောင်း၊ ရရှိလာသည့်လူဦးရေကို မြို့နယ်အတွင်းနေထိုင်သူဦးရေနှုန်းဖြင့် အချိုးကျတွက်ချက်ထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"ARV ဆေးရခဲ့တဲ့အတွက် သေဆုံးမှုနှုန်းက ကျသွားတယ်။ ၂၀၀၅ ခုနှစ်က ဆိုရင် တစ်နှစ်ကို ၂၀,၀၀၀ လောက်သေခဲ့တယ်"ဟု UNAIDS မှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။

လက်ရှိ၌ မြန်မာနိုင်ငံတွင် ARV ဆေးလိုအပ်နေသူမှာ ၇၄,၀၀၀ ဦးကျော်ရှိပြီး ARV ဆေးလက်ခံရရှိသူမှာ ၂၀၀၀ ဝန်းကျင်ခန့်သာရှိသေးကြောင်း၊ Global Fund ပြန်ဝင်လာမည်ဆိုပါက ARV ဆေးရရှိသူဦးရေမှာ ပိုမိုများပြားလာမည်ဖြစ်ကြောင်း 3Ns (National NGO Network on HIV) အဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# (၁၄) ကြိမ်မြောက် MASEAN Council Meeting မြန်မာအိမ်ရှင်အဖြစ်ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၃**

(၁၄) ကြိမ်မြောက် MASEAN Council Meeting ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် စက်တင်ဘာလ ၂၅ ရက်မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့တော် ကုန်သည်ကြီးများဟိုတယ်တွင် လက်ခံကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကမ္ဘောဒီးယားနိုင်ငံကလွဲလို့ ကျန်အာဆီယံနိုင်ငံတွေအားလုံးတက်ရောက်ကြမှာပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါအစည်းအဝေးသို့ ပြည်တွင်းကျန်းမာရေးဆိုင်ရာ NGO အဖွဲ့အစည်းများဖြစ်သည့် သွားဘက်ဆိုင်ရာဆရာဝန်များအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့ပါတက်ရောက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၉၈ ခုနှစ်မှ စတင်၍ MASEAN အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး (၁၀) ကြိမ်မြောက်အစည်းအဝေးကိုလည်း လက်ခံကျင်းပခဲ့ဖူးကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ စုံစမ်းသိရှိရသည်။

MASEAN အဖွဲ့ကို ၁၉၈၁ ခုနှစ် တွင် စတင်ဖွဲ့စည်းခဲ့ပြီး (၁၃) ကြိမ်မြောက် MASEAN Mid-Term Council Meeting ကို ဖိလစ်ပိုင်နိုင်ငံ Mandaluyong မြို့တွင် ကျင်းပခဲ့သည်။

# မြန်မာ့အာမခံ ယခုဘဏ္ဍာရေးနှစ် တတိယအကြိမ် သင်္ဘောသားအာမခံလျော်ကြေးပေး

**ရန်ကုန်၊ စက်တင်ဘာ ၂၀**

မြန်မာ့အာမခံလုပ်ငန်းက သင်္ဘောသားအသက်အာမခံများကို ၂၀၁၀–၁၁ ဘဏ္ဍာရေးနှစ်အတွင်း တတိယအကြိမ်မြောက်အဖြစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် သက်ဆိုင်သူများအားပေးအပ်ခဲ့ကြောင်း ယင်းလုပ်ငန်းထံမှ သိရှိရသည်။

ယခုတတိယအကြိမ်တွင် သေဆုံးသူ သင်္ဘောသားကိုးဦးနှင့် ဒဏ်ရာရသူတစ်ဦးတို့အတွက် စုစုပေါင်းနစ်နာကြေးငွေကျပ် ၄၂၅ ဒသမ ၄၈ သိန်းပေးအပ်ခဲ့ကြောင်း ယင်းလုပ်ငန်းထံမှ သိရသည်။

မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၀–၁၁ ဘဏ္ဍာရေးနှစ်တွင် ယခုအချိန်အထိ သင်္ဘောသားအာမခံလျော်ကြေးငွေ သုံးကြိမ်ပေးအပ်ခဲ့ရာ သေဆုံးသူသင်္ဘောသား စုစုပေါင်း ၂၀ ဦးနှင့် ဒဏ်ရာရသူ သင်္ဘောသားခြောက်ဦးတို့အတွက် လျော်ကြေးငွေ စုစုပေါင်း ငွေကျပ် ၉၇၁ ဒသမ ၅၄ သိန်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ယင်းလုပ်ငန်းက တရားဝင်ထုတ်ပြန်ထားသောစာရင်းများအရ သိရသည်။

**ဇော်ထွဋ်အောင်**

www.foreverspace.com.mm



## ကိုရီးယားစားသောက်ကုန်ထုတ်စက်တစ်မျိုး မြန်မာသို့ ထောက်ပံ့ပေးအပ်

**ရန်ကုန်၊ စက်တင်ဘာ ၁၈**

ပဲပိစပ်၏ ဆက်စပ်စားသောက်ကုန်များဖြစ်သော ပဲနို့၊ တို့ဟူး၊ ပဲမုန့်များ ပြုလုပ်ရာတွင် မြန်ဆန်ထိရောက်စေမည့် ကိုရီးယား နည်းပညာသုံးစားသောက်ကုန်ထုတ်စက်တစ်မျိုး ကိုရီးယားအစိုးရလက်အောက်ခံ စိုက်ပျိုးရေးသုတေသနဌာန ကျေးလက်ဖွံ့ဖြိုးရေးဌာန (RDA) က မြန်မာနိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း ကိုရီးယားသံရုံးထံမှ သိရှိရသည်။

ပဲသည် ပရိုတိန်းဓာတ်အလွန်ကြွယ်ဝကာ လယ်ယာမှပေါက်လာသော အမဲသားများဟုပင် ကိုရီးယားများက ညွှန်းဆိုကြပြီး ကိုရီးယား RDA က ထောက်ပံ့သော ပဲပိစပ်နှင့် ဆက်စပ်စားသောက်ကုန်ထုတ်စက်သည် တစ်နာရီလျှင် တို့ဟူး ၇၂ ယူနစ်၊ ပဲနို့ ၆၀ လီတာနှင့် ပဲမုန့်ချပ်ရေ ၃၅၀ အထိ ထုတ်လုပ်ပေးနိုင်ကြောင်း၊ ယင်းစက်ကို ဇူလိုင်လအတွင်းက ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

အဆိုပါပဲနို့ထုတ်စက်ထောက်ပံ့ခြင်းမှသည် မြန်မာနိုင်ငံတွင် ပဲပိစပ်၏ အာဟာရတန်ဖိုးကို လူသိများအောင် ဆက်လက်မြှင့်တင်လို၍ဖြစ်ကြောင်း၊ ဆက်လက်၍ ကိုရီးယားနိုင်ငံတကာ စိုက်ပျိုးရေးစီမံကိန်း (KOPIA) နှင့် မြန်မာ့စိုက်ပျိုးရေးသုတေသန (DAR)တို့ ပူးပေါင်းကာ ပဲအနွယ်ဝင်ကောက်ပဲသီးနှံ ဆိုင်ရာသုတေသနများ ဆက်လက် ပူးတွဲဆောင်ရွက်လိုကြောင်း RDA မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဆန်ဂျိုကန်းက ဆိုသည်။ ဇူလိုင်လ ၂၉ ရက်နေ့ကလည်း နေပြည်တော်တွင် ကိုရီးယားကျေးလက်ဖွံ့ဖြိုးရေးသုတေသနဌာနနှင့် မြန်မာ့စိုက်ပျိုးရေးသုတေသနအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

## မန်းကြော်ငြာဆိုင်းဘုတ်ခွန် သတ်မှတ်ရက်အတွင်းမဆောင်က ဒဏ်ငွေ ၁၀ ဆပေးရမည်

**မန္တလေး၊ စက်တင်ဘာ ၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (MCDC)နယ်နိမိတ်အတွင်း တပ်ဆင်ထားသည့် ကြော်ငြာဆိုင်းဘုတ်အခွန်များ သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက အခွန်ငွေ၏ ဒဏ်ကြေး ၁၀ ဆပေးဆောင်ရမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန၏ ကြေညာချက်ကိုကိုးကား၍ မြို့ခံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

MCDC နယ်နိမိတ်အတွင်း ဈေးဆိုင်များ၌ တပ်ဆင်ကြော်ငြာထားသည့် ဆိုင်းဘုတ် ဈေးဆိုင်များရှေ့တွင် တပ်ဆင်ကြော်ငြာထားသည့် ဆိုင်းဘုတ်များ၊ Sunshace များ၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်များ၏ ၂၀၁၀-၂၀၁၁ ခုနှစ်ဘဏ္ဍာနှစ်အတွက် အခွန်ငွေများကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့နောက်ဆုံးထား ပေးသွင်းရမည်ဖြစ်ကြောင်း အထက်ပါဌာန၏ ထုတ်ပြန်ချက်အရ သိရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) သန့်ရှင်းရေးဌာနကလည်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် လိုင်စင်ခွန်များကို သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက ဒဏ်ကြေးငွေများပေးဆောင်ရမည်ဖြစ်ကြောင်း သန့်ရှင်းရေးဌာန၏ ထုတ်ပြန်ချက်အရ သိရှိသည်။

## ရွှေလက်ဆောင်စာအုပ်မှ အကျိုးအမြတ် ကျန်းမာရေးချို့တဲ့ အနုပညာရှင်များကို လှူဒါန်းမည်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

စာရေးဆရာမောင်ဆွေသက်နှင့် သရက်မသက်ဆွေတို့ရေးသားသော ရွှေလက်ဆောင်စာအုပ်မှရရှိသော အကျိုးအမြတ်များကို ကျန်းမာရေးချို့တဲ့သော အနုပညာရှင်များအား လှူဒါန်းသွားမည်ဟု ဆရာမောင်ဆွေသက်နှင့် ဆရာမသရက်မသက်ဆွေက ပြောကြားသည်။

အဆိုပါစာအုပ်တွင် ၁၉၅၂ မှ ၂၀၀၄ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကျော်အတွင်း ၎င်းတို့ရေးသားထားသော အိမ်ထောင်ရေးဝတ္ထုတိုများပါဝင်ကြောင်း၊ တပ်မတော်သားဘဝ၊ အိမ်ထောင်သည်ဘဝ၊ မိဘနှင့် သားသမီးအချစ်၊ အဘိုးနှင့် မြေးအချစ်စသည့်တို့ကို ရေးသားထားကြောင်း၊ ရွှေလက်ဆောင်စာအုပ်ကို စက်တင်ဘာလ ၁၆ ရက်နေ့မှ စတင်၍ တန်ဖိုး ၂၅၀၀ ကျပ်ဖြင့်ထုတ်ဝေမည်ဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

**ဖြိုးဖြိုးဝေ**

www.foreverspace.com.mm

# ဘရာဇီးသကြား အိန္ဒိယမှတစ်ဆင့် ပထမဆုံးဝင်ရောက်

**ရန်ကုန်၊ စက်တင်ဘာ ၁၁**

ကမ္ဘာပေါ်တွင် သကြားအများဆုံး ထုတ်လုပ်ရောင်းချရာ ဘရာဇီးနိုင်ငံမှ သကြားများ အိန္ဒိယနိုင်ငံမှတစ်ဆင့် ပြည်တွင်းဈေးကွက်သို့ စက်တင်ဘာလပထမပတ်အတွင်း ပထမဆုံး ဝင်ရောက်လာကြောင်း ဘုရင့်နောင်ပွဲရုံ ငုဝါလမ်းအခြေစိုက်သကြားရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ပုံမှန်အားဖြင့် ပြည်တွင်းသကြားဈေးကွက်တွင်းသို့ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ဆက်စပ်ပြီး ဘရာဇီးသကြားများ ဝင်လာခြင်းသည် ပထမဆုံးဖြစ်သည်ဟု သကြားဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကွန်တိန်နာဖြင့် တင်သွင်းလာသည့် အဆိုပါသကြားများမှာ တစ်အိတ်လျှင် ၃၁ ပိဿာခန့်ရှိပြီး အိတ်ပေါ်တွင် ထုတ်လုပ်သည့်နှစ် ၂၀၀၉ ခုနှစ်၊ သက်တမ်းကုန်မည့်နှစ် ၂၀၁၂ ခုနှစ်ဟုပါရှိကြောင်း၊ သကြားဈေးညီက ဖြူဖွေးသန့်စင်ကြောင်း၊ တစ်ပိဿာကို လက်ကားဈေး ၁၅၅၀ ကျပ်နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

နယ်စပ်မှတင်သွင်းလာသည့် တရုတ်သကြားများနှင့် ပြည်တွင်းထုတ် သကြားဈေးမှာ ယခုအခါ တန်းတူဖြစ်လာပြီး တစ်ပိဿာ ၁၅၅၀ ကျပ်ရှိကြောင်း၊ ပြီးခဲ့သည့်လက ပြည်တွင်းသကြားဈေး တစ်ပိဿာကျပ် ၁၇၀၀ ရှိချိန်တွင် တရုတ်သကြားကျပ် ၁၅၅၀ ခန့်သာရှိခဲ့ကြောင်းနှင့် ယခုတရုတ်သကြားဝင်ရောက်မှုနည်းနေကြောင်း မန္တလေးမှ ပေါင်းသကြားရောင်းဝယ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ဈေးကသိပ်မကွာတော့ မကိုက်လို့မသွင်းတာ" ဟု ၎င်းက ဆိုသည်။

ဩဂုတ်လကုန်တွင် နိုင်ငံတကာသကြားပေါက်ဈေးမှာ တစ်ပေါင်လျှင် ၁၉ ဒသမ ၅ ဆင့်ရှိရာ ငွေလဲနှုန်း ၉၀၀ ကျပ်ကျော်ဖြင့်တွက်လျှင် နိုင်ငံတကာသကြားဈေးနှုန်းမှာ တစ်ပိဿာ ၇၀၀ ကျပ်ခန့်ရှိပြီး ပြည်တွင်းလုပ်ငန်းရှင်များ အစိုးရထံမှ ဝယ်ယူရသည့် ပါမစ်သကြားဈေးမှာ ၉၅၀ ကျပ်ခန့်ရှိကြောင်း သကြားဈေးကွက်အတွင်းမှ သိရှိရသည်။

ပြည်တွင်းသကြားဈေးကွက်၌ ၂၀၀၆ ခုနှစ်တွင် တစ်ပိဿာ ၁၁၀၀ ကျပ်၊ ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ၆၀၀ ကျပ်ဝန်းကျင်၊ ၂၀၀၉ ခုနှစ်တွင် ၁၃၀၀ ကျပ်၊ ၂၀၁၀ တွင် ၁၇၅၀ ကျပ်အထိရောက်ရှိခဲ့ပြီး ယင်းဈေးသည် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ပြည်တွင်းသကြားဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းထက် တစ်ပိဿာ ကျပ် ၁၀၀၀ ခန့်ဈေးမြင့်နေသည်ဟု ညောင်ပင်လေးဈေးမှ သကြားရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

# မြန်မာဝါကာဝါကာတေးစီးရီး နောက်တစ်မျိုးထွက်ရှိမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တေးသီချင်း Waka Waka ကို မြန်မာဘာသာ သွတ်သွင်းထုတ်လုပ်ရန် စီစဉ်ရာမှ ပြည်တွင်းမှတေးရေး၊ ထုတ်လုပ်သူနှင့် တေးသံရှင်တို့အကြား အငြင်းပွားမှုဖြစ်ပွားခဲ့သော မြန်မာဘာသာ ဝါကာဝါကာတေးစီးရီးတစ်ခုထွက်ရှိအပြီး သုံးပတ်အကြာတွင် မြန်မာဘာသာ ဝါကာဝါကာ တေးစီးရီးတစ်ခု ထပ်မံထွက်ရှိမည်ဖြစ်သည်ဟု ယင်းတေးစီးရီးထုတ်လုပ်သူထံမှသိရှိရသည်။

တေးရေး စိုးဗိုလ်ရေးသားပြီး တေးသံရှင်မေခလာသီဆိုသော ဘောလုံးဘုရင်မ ဝါကာဝါကာ တေးစီးရီး စက်တင်ဘာလ ၅ ရက်နေ့တွင် ထွက်ရှိခဲ့သည်။

တေးရေး အောင်နိုင်စန်းရေးသားသော ဝါကာဝါကာ ကွင်းဘေးကစောင့်မယ်တေးစီးရီးကို စက်တင်ဘာလ ၂၆ ရက်နေ့ ညနေ ၆ နာရီတွင် လှိုင်သာယာမြို့နယ် ဗစ်တိုးရီးယားကုန်တိုက်တွင် ပါဝင်သီဆိုသော တေးသံရှင်များက လက်မှတ်ရေးထိုးပေးမည်ဖြစ်ကြောင်း ထုတ်လုပ်သူ ဒေါ်မီးမီးက ထပ်မံပြောကြားသည်။

ယင်းတေးစီးရီးကို ရတနာမြိုင်တေးသံသွင်းမှ ဖြန့်ချိမည်ဖြစ်ကြောင်း ထုတ်လုပ်သူ ဒေါ်မီးမီးက ပြောကြားသည်။

"ဒီစီးရီးကို အခက်အခဲကြားထဲက အောင်မြင်စွာထုတ်လုပ်ခဲ့တာပါ" ဟု ဒေါ်မီးမီးက ဆိုသည်။

အဆိုပါတေးစီးရီးတွင် သီချင်း ၁၄ ပုဒ်ပါဝင်ပြီး မြန်မာဘောလုံးသမားများကို ဂုဏ်ပြုသောရည်ရွယ်ချက်ဖြင့် ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ တေးစီးရီးတွင် တေးသံရှင် ဘရိတ်ကီ၊ အောင်သီဟ၊ စစ်သွေး၊ အောင်ခန့်၊ ချောစုခင်၊ ဖြူဖြူကျော်သိန်း၊ မစ်ကီကိုးလ်၊ ဇမ်နူး၊ ချမ်းချမ်း၊ အေသင်ချိုဆွေ၊ ရတနာမိုင်၊ အိုင်ရင်း၊ သက်မှူးခင်၊ ချောယ်ယယ်ဟိန်းတို့ ပါဝင်သီဆိုပြီး တေးရေးအောင်နိုင်စန်းနှင့် ရိန်မိုးတို့က ရေးသားထားကြောင်း၊ Nightingale တေးဂီတအဖွဲ့က တီးခတ်ပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဖြိုးဖြိုးဝေ**

www.foreverspace.com.mm



## ပဲစင်းငုံလက်ကျန်ပမာဏပိုများဖွယ်ရှိဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံထွက်ပဲမျိုးစုံကို အဓိကဝယ်ယူနေသည့် အိန္ဒိယနိုင်ငံမှ ပဲစင်းငုံဝယ်ယူမှုလျော့ကျခဲ့သည့်အတွက် ယခုနှစ်ပဲရာသီတွင် ပြည်တွင်းဈေးကွက်၌ ပဲစင်းငုံလက်ကျန် ယခင်နှစ်များထက် ပိုများနိုင်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လာမည့်နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် ပဲစင်းငုံအသစ်များ လှိုင်လှိုင်ပေါ်လာတော့မည်ဖြစ်၍ လက်ရှိတွင် မြန်မာနိုင်ငံမှဝယ်ယူခြင်းများကိုရပ်ဆိုင်းထားကြောင်း၊ ယခုနှစ်တွင် အိန္ဒိယသည် မြန်မာပဲစင်းငုံဈေးများ လျှော့ချဝယ်ယူခဲ့ကြောင်း၊ ထိုအခြေအနေတွင် ရာသီဥတုဆိုးရွားမှုများကြောင့် ကမ္ဘာ့ပဲလိုအပ်ချက်မြင့်တက်နိုင်သည်ဟုယူဆ၍ ဈေးအမြင့်ပေးဝယ်ယူထားသည့် ပဲမျိုးစုံကုန်သည်များသည် ယခုကဲ့သို့ ပဲစင်းငုံဈေးနှုန်း ကျဆင်းနေချိန်တွင် လက်ဝယ်ရှိပဲများကို ထုတ်ရောင်းရန်အခက်ကြုံလျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

ပဲစင်းငုံပေါက်ဈေးနှုန်းသည် ဝယ်ဈေးအောက် အဆမတန်ကျဆင်းနေသဖြင့် ယခုနှစ် ပဲစင်းငုံတင်ပို့မှုကျဆင်းခဲ့ကြောင်း၊ ယင်းကြောင့် နှစ်စဉ် လက်ကျန်ပမာဏ တန်ချိန်ငါးသောင်းခန့်ရှိရာမှ ယခုနှစ်တွင် ယင်းထက်ပိုကျန်နိုင်ကြောင်း၊ ယခုနှစ်တွင် ပဲစင်းငုံလက်ကျန်တန်ချိန် ခုနစ်သောင်းခန့်ကျန်ရှိနိုင်ကြောင်း ၎င်းက ခန့်မှန်းပြောကြားသည်။

"ပဲစင်းငုံတစ်တန်ကို ကျပ်ရှစ်သိန်းခွဲကနေ ၁၁ သိန်းလောက်ထိ ဝယ်ဈေးမြင့်ခဲ့တာ။ အခုက တစ်တန်ကို FOB ၇၅၀၊ ၇၆၀ (အမေရိကန်ဒေါ်လာ) ပဲ ရှိတယ်။ ပြည်တွင်းဈေးတစ်တန်ခြောက်သိန်းနှစ်သောင်းကျပ်ဝန်းကျင်ပဲဈေးပေါက်တော့ ဘယ်လိုမှ ထုတ်မရောင်းနိုင်ဘူး" ဟု ရန်ကုန်အခြေစိုက် ပြည်ပပဲမျိုးစုံတင်ပို့ရောင်းချသူလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိတွင် ဖြစ်ပေါ်နေသည့် ပဲစင်းငုံတစ်တန်ဈေးနှုန်းများ ကျပ်သိန်းနှင့်ချီကျဆင်းနေသည့်အတွက် ပဲမျိုးစုံကုန်သည်အချို့မှာ လက်ထဲရှိ ပဲစင်းငုံများကိုထုတ်ရောင်းရန် တုံ့ဆိုင်းလျက်ရှိပြီး ပြည်တွင်းနှင့် အိန္ဒိယနိုင်ငံ၏ ပဲသစ်ပေါ်မည့်အချိန်ကို စောင့်ကြည့်လျက်ရှိကြောင်း၊ ပဲသစ်ပေါ်ချိန်တွင် ပြည်ပဈေးကွက်အနေအထား ပေါ်လိုက်၍ ပဲအဟောင်းထုတ်၊ အသစ်ဝယ်ပုံစံမျိုးဖြင့် လက်ဝယ်ရှိ ပဲစင်းငုံများကိုထုတ်ရောင်းရန် ပြင်ဆင်လျက်ရှိကြောင်း ပဲမျိုးစုံဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံနှင့် ပဲတီစိမ်းကို တစ်နိုင်ငံလုံးနီးပါး စားသုံးပြီး မတ်ပဲကို အနည်းအကျဉ်းခန့်သာ စားသုံးမှုရှိကြောင်း၊ ယခုနှစ်စိုက်ပျိုးရာသီတွင် အိန္ဒိယနိုင်ငံသည် ရာသီဥတုကောင်းမွန်ခြင်းကြောင့် ပဲမျိုးစုံစိုက်ဧကကို ပြီးခဲ့သည့်နှစ် စိုက်ဧကထက် ပိုမိုစိုက်ပျိုးလာသည်ကိုတွေ့ရကြောင်း၊ ယင်းကြောင့် မြန်မာနိုင်ငံမှ တင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများမှာ ယခင်နှစ်လောက် ဈေးကောင်းရရှိနိုင်မည့်အနေအထားမရှိကြောင်း ပဲခူးတိုင်းဒေသကြီးရှိ ပဲအထူးပြုကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြီးခဲ့သည့်နှစ်မှစ၍ ကမ္ဘာ့ပဲဈေးကွက်၌ ပဲစင်းငုံဈေးနှုန်းများ မြင့်တက်လာသည့်အတွက် အိန္ဒိယနိုင်ငံသည် ကနေဒါနိုင်ငံမှတင်ပို့သည့်ပဲဝါလေးကို အစားထိုးဝယ်ယူသုံးစွဲလာသည်ကိုတွေ့ရကြောင်း နိုင်ငံတကာပဲဈေးကွက်လေ့လာသူတစ်ဦးက ပြောကြားသည်။

---

## Phoenix တည်းခိုဆောင်သို့ ပစ္စည်းမျိုးစုံလှူဒါန်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် HIV/AIDS နှင့်ပတ်သက်သော ကူညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် Phoenix အဖွဲ့က AIDS ရောဂါကူးစက်ခံရသူများ နားခိုနိုင်ရန်ဖွင့်လှစ်ထားသည့် တည်းခိုဆောင်များအတွက် စေတနာရှင်ပြည်သူများအနေဖြင့် မည်သည့်ပစ္စည်းမဆို လာရောက်လှူဒါန်းနိုင်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Phoenix အဖွဲ့သည် အနယ်နယ်အရပ်ရပ်မှရောက်ရှိလာသော AIDS ရောဂါကူးစက်ခံထားရသူများတည်းခိုနိုင်ရန်အတွက် လှိုင်သာယာနှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် နားခိုနေရာများ ဖွင့်လှစ်ထားကြောင်း ၎င်းကဆိုသည်။

"လာရောက်တည်းခိုတဲ့သူတွေအတွက် စောင်တွေ၊ မွေ့ရာ အခင်းတွေလည်း လိုတယ်။ ဟောင်းဟောင်းစုတ်စုတ် ကျွန်တော်တို့ပြန်သုံးလို့ရတယ်။ နောက်ဆုံး စက္ကူကအစ ကျွန်တော်တို့အတွက်အသုံးဝင်ပါတယ်" ဟု ၎င်းကဆိုသည်။

Phoenix အဖွဲ့သည် HIV ပိုးကူးဆက်ခံထားရသူများ အလုပ်အကိုင်ရရှိစေရေးအတွက် ရက်ကန်းလုပ်ငန်း၊ စက်ချုပ်လုပ်ငန်းများဖွင့်လှစ်ထားခြင်း၊ HIV/AIDS နှင့်ပတ်သက်ဆက်နွယ်နေသောကလေးများကို ပညာရေးထောက်ပံ့မှုပေးခြင်းအပြင် အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာသင်တန်းများလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

Phoenix အဖွဲ့သို့ ဆက်သွယ်လှူဒါန်းလိုပါက–

တိုက်အမှတ် ၁၅၈/ (D)၊ ထီးလှိုင်ရှင်အိမ်ရာ၊ ကျန်စစ်သား (၁) လမ်း၊ (၈) ရပ်ကွက်၊ လှိုင်သာယာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း–၀၉–၈၅၀၂၉၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ယင်းအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

■

www.foreverspace.com.mm

# ဆားဈေးကျ၍ လုပ်ကိုင်သူလျော့နည်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ ၂၁**

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် ဆားဈေးကျဆင်းလျက်ရှိသောကြောင့် ဆားလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းစတင်ရန် စိတ်ဝင်စားမှုနည်းနေသောကြောင့် ယခုနှစ်တွင် ဆားလုပ်ငန်းလုပ်ကိုင်သူ လျော့နည်းနိုင်ကြောင်း လပွတ္တာခရိုင် ဟိုင်းကြီးမြို့နယ်ခွဲ သက္ကယ်သောင်ကျေးရွာရှိ ဆားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆားတစ်ပိသာထုတ်လုပ်လျှင် စရိတ် ၄၀ ကျပ်ရှိပြီး လက်ရှိဆားဈေးတစ်ပိသာလျှင် ၂၇ ကျပ်သာရှိသောကြောင့် ဆားထုတ်လုပ်သူလုပ်ငန်းရှင်အချို့သည် ဆားလုပ်ငန်းစတင်သည့် အောက်တိုဘာလရောက်ရှိလာသော်လည်း လုပ်ငန်းစတင်လုပ်ကိုင်ခြင်းမရှိဘဲ ဆားဈေးအခြေအနေကိုစောင့်ကြည့်လျက်ရှိကြောင်း ၎င်းကဆိုသည်။

“တချို့ကျတော့ ဆားလုပ်ငန်း မလုပ်တော့ဘဲ လက်ရှိဆားတွေကို ပဲသိုလှောင်ထားဖို့ပြင်နေကြတယ်။ တချို့ကျတော့ အရင်းအနှီးနည်းနည်းနဲ့ ဧကနည်းနည်းပဲလုပ်ဖို့ပြင်နေကြတယ်” ဟု သက္ကယ်သောင်ကျေးရွာမှ ဆားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အောက်တိုဘာလတွင် ဆားထုတ်လုပ်ရေးလုပ်ငန်းများစတင်မည်ဖြစ်သောကြောင့် ဆားလုပ်ငန်းရှင်အချို့သည် အရင်းအနှီးရရှိရန်အတွက် ဆားများကို ထုတ်ရောင်းကြမည်ဖြစ်ရာ ဆားဈေးများကျနိုင်ကြောင်း၊ ဆားဈေးသည် တစ်ပိသာ၂၅ ကျပ်ဈေးအောက်မရောက်သော်လည်း ဆားဈေးတက်လာနိုင်ဖွယ်မရှိကြောင်း၊ လက်ရှိတွင် ဆားလုပ်ငန်း လုပ်ကိုင်ရန်အတွက် လိုင်စင်လာရောက်လျှောက်ထားသူမရှိသေးကြောင်း လပွတ္တာရှိ ဆားကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ပုံမှန်ဆိုရင် အောက်တိုဘာလလောက်မှာ ဆားဈေးတက်တယ်။ နိုဝင်ဘာ၊ ဒီဇင်ဘာဆိုရင် ဈေးကအရမ်းကောင်းပြီ။ ဒီနှစ်က ပုံမှန်မဟုတ်ဘူးလို့ ပြောလို့ရတယ်” ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယခုနှစ် နှစ်ဆန်းပိုင်းဆားပေါ်သည့်အချိန်၌ ရာသီဥတုကောင်းပြီး ဆားအထွက်တိုးခဲ့ရာ ဆားကုန်သည်များတွင် လုံလောက်သော ဆားသိုလှောင်ပြီးဖြစ်သောကြောင့် ဆားအရောင်းအဝယ်မရှိဘဲ ဈေးကျဆင်းနေခြင်းဖြစ်ကြောင်း၊ မြန်မာ့ဆားလုပ်ငန်းမှ တစ်ပိသာလျှင် ၅၈ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့သော်လည်း ဆားပိသာချိန် ၁၀ သိန်းခန့်သာဝယ်ယူခဲ့ခြင်းဖြစ်သောကြောင့် ဆားဈေးအတက်အကျမဖြစ်ခဲ့ကြောင်း လပွတ္တာခရိုင်အတွင်းရှိ ဆားလုပ်ငန်းရှင်များက ဆိုသည်။

၂၀၀၉ ခုနှစ် ဆားပေါ်သည့်အချိန်၌ ဆားဈေးနှုန်းသည် တစ်ပိသာ ၂၅၀ ကျပ်အထိဈေးကောင်းရရှိခဲ့ပြီး ယင်းဈေးနှုန်းမှ ကျဆင်းခဲ့ရာ ယခုနှစ်မတ်လ ဆားပေါ်သည့်အချိန်တွင် ဆားတစ်ပိသာလျှင် ၆၀ ကျပ်သာရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ပြီးဆား အထွက်တိုးခဲ့သောကြောင့် ဆားဈေးနှုန်းမှာလည်း ထုတ်လုပ်မှုစရိတ်အောက်ရောက်သည့်အထိ ဈေးကျဆင်းလျက်ရှိကြောင်း၊ ဆားကွင်းတစ်ဧကအထွက်နှုန်းမှာလည်း ပျမ်းမျှပိသာချိန် ၆၀၀၀ ကျော်ထွက်ကြောင်း ဆားလုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် မြန်မာတစ်နိုင်ငံလုံး ဆားထုတ်လုပ်မှု ဧရိယာ၏ ၆၀ ရာခိုင်နှုန်းခန့်ရှိပြီး မြန်မာနိုင်ငံတွင် ၂၀၀၉ ခုနှစ်၌ ဆားဧက စုစုပေါင်း ၃၅,၀၀၀ ခန့်ရှိသည်။

# ၄'ဂ' အက္ခရာယာဉ်များ ဈေးအနည်းငယ်မြင့်တက်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၂၃**

လိုင်စင်မဲ့ယာဉ်များကို ဈေးနှုန်းသတ်မှတ်အခွန်ဆောင်ပေးပြီး တရားဝင်လိုင်စင်ထုတ်ပေးထားသည့် ၄'ဂ' အက္ခရာယာဉ်များသည် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း ရန်ကုန်မြို့တော် ဟံသာဝတီမော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းမှ စုံစမ်းသိရှိရသည်။

လိုင်စင်မဲ့ယာဉ်များကို ဈေးနှုန်းသတ်မှတ်အခွန်ဆောင်စေပြီး တရားဝင်လိုင်စင်ထုတ်ပေးသည့်လုပ်ငန်းများကို ရပ်နားလိုက်ခြင်းကြောင့် ၄ဂ/အက္ခရာယာဉ်များ မူလထက် ကျပ် ၁၀ သိန်းမှ ၁၅ သိန်းခန့်ဈေးမြင့်တက်လာကြောင်း ဟံသာဝတီမော်တော်ယာဉ်ရောင်းဝယ်ရေးစခန်း၌ ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

“၄'ဂ' တွေပဲ ဈေးနည်းနည်းတက်လာတာ။ တခြားယာဉ်တွေကတော့ ဈေးမတက်ဘဲ ဈေးငြိမ်နေတယ်” ဟု ၎င်းကဆိုသည်။

ယခုအချိန်သည် မော်တော်ယာဉ်ဈေးကွက်၌ အရောင်းအဝယ်အေးသောအချိန်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်းအရောင်းအဝယ်အနည်းငယ်သာဖြစ်ပြီး ဈေးနှုန်းအနည်းငယ်တက်ခြင်းသာဖြစ်ကြောင်း တာမွေသတိပဋ္ဌာန်ကားပွဲစားတန်းမှ ဝယ်ရောင်းအကျိုးဆောင်တစ်ဦးက ပြောကြားသည်။

“ဈေးနှုန်းက ဒီလောက်တက်တာတော့မဟုတ်ပါဘူး။ တစ်စီး၊ နှစ်စီးလောက်အရောင်းဖြစ်တာကို ဝယ်ရောင်းတွေကဈေးတင်ချင်တဲ့သဘောပါ” ဟု ၎င်းကဆက်လက်ပြောကြားသည်။ ■

www.foreverspace.com.mm



# အငှားယာဉ်ကိုတိုက်မိသည့် (၂၀၅) ယာဉ်မောင်းသေဆုံး

**ရန်ကုန်၊ စက်တင်ဘာ ၁၅**

လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်တွင် အနောက်မှအရှေ့သို့ မောင်းနှင်လာသော (၂၀၅) ယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် စက်တင်ဘာလ ၁၄ ရက်နေ့တွင် သရက်တောကျောင်းတိုက်ရှေ့ယာဘက် လူသွားစင်္ကြံကိုတိုက်မိရာမှ ယင်းစင်္ကြံပေါ်ရှိ အငှားယာဉ်တစ်စီးကို ထပ်မံတိုက်မိကာ ယင်းယာဉ်ကို မောင်းနှင်လာသူသည် သတိလစ်သွားရာမှ သေဆုံးသွားကြောင်း ရန်ကုန်တိုင်းကြီးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးရှိ ယာဉ်မှုစစ်ရဲစခန်းထံမှ စုံစမ်းသိရသည်။

"ပလက်ဖောင်းပေါ်တက်သွားပြီးတော့ ဆင်းလာပြီး စကားပြောသေးတယ်။ နောက်မှ မေ့သွားတာ။ သူ့မှာ နှလုံးရောဂါသဘောမျိုးရှိနိုင်တယ်" ဟု (၂၀၅) ယာဉ်ပေါ်တွင်စီးနင်းလိုက်ပါသူတစ်ဦးက ဆိုသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် အတိုက်ခံရသည့်အငှားယာဉ် ပျက်စီးပြီး အငှားယာဉ်မောင်းမှာ ဝဲဘက်ဒူးပွန်း၊ ယာခြေသလုံးပွန်းနှင့် ယာဘက်နံဘေးအောင့်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ သေဆုံးသွားသူမှာ ယာဉ်မောင်း ဦးဖြူသိန်းဖြစ်ပြီး ၎င်းကို ရန်ကုန်ဆေးရုံကြီးက PR 101 အဖြစ် လက်ခံထားကြောင်း၊ အဆိုပါယာဉ်မောင်းအပေါ် ယာဉ်မှုစစ်ရဲစခန်းက (ပ) ၅၃၄/ ၂၀၁၀ ပုဒ်မ ၃၀၄ (က) အရ အရေးယူလျက်ရှိကြောင်း ယင်းရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကြည်ကြည်လွင်**

# မအူပင်တွင် ရေယာဉ်နှစ်စီးတိုက်မှု လူတစ်ဦးပျောက်ဆုံး

**ရန်ကုန်၊ စက်တင်ဘာ ၁၉**

မအူပင်မြို့နယ် မအူပင်မီးသတ်စခန်းမှ ၁၀ မိုင်ခန့်ကွာဝေးသော တိုးမြစ်အတွင်း၌ စက်တင်ဘာလ ၁၇ ရက်နေ့ည ၁၀ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် ရေယာဉ်နှစ်စီးတိုက်မိခဲ့ရာမှ လူသုံးဦး ဒဏ်ရာရရှိပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ မအူပင်မြို့မှထွက်ခွာလာသော ကုန်တင်လူစီးတစ်ထပ်ရေယာဉ် ဇေယျာမင်းနှင့် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ထွက်ခွာလာသော ဗလကျော်သူခရီးသည်တင် သုံးထပ်ရေယာဉ်တို့သည် ယင်းမြို့နယ် စစ်ကိုင်းကျေးရွာအုပ်စု ရေကျော်ကျေးရွာအနီးရေပြင်၌ တိုက်မိခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် ဇေယျာမင်းရေယာဉ်ပဲ့ပိုင်းနစ်မြုပ်ခဲ့ကြောင်း၊ ဗလကျော်သူရေယာဉ်မှခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ဇေယျာမင်းရေယာဉ်ပေါ်ပါခရီးသည် ၁၂ ဦးအနက် သုံးဦးဒဏ်ရာရရှိပြီး တစ်ဦးမှာပျောက်ဆုံးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများမှာ မအူပင်မြို့နယ်မှဖြစ်ပြီး ဒဏ်ရာမှာ မစိုးရိမ်ရကြောင်း၊ ပျောက်ဆုံးနေသူတစ်ဦး၏နေရပ်လိပ်စာကို စုံစမ်းဆဲဖြစ်ကြောင်း၊ ဗလကျော်သူရေယာဉ်မှ ဇေယျာမင်းရေယာဉ်ကို ရေကျော်ကျေးရွာကမ်းပေါ်သို့ဆွဲတင်ပေးခဲ့ကြောင်းနှင့် တိုက်မိရသည့်အကြောင်းအရင်းကို စုံစမ်းဆဲဖြစ်ကြောင်း မီးသတ်ဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

ယင်းဖြစ်စဉ်အပေါ် သက်ဆိုင်ရာရဲစခန်းက ရေကြောင်းဥပဒေနှင့်အညီ ဆက်လက်စုံစမ်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း မီးသတ်ဦးစီးဌာနထံမှ သိရှိရသည်။

**ဇော်ထွဋ်အောင်**



## ဝမ်းနည်းကြေကွဲခြင်း

Living Color မဂ္ဂဇင်း နှင့် The Vocie Weekly တို့တွင် ဘဏ္ဍာအကြောင်း၊ စီးပွားရေးအကြောင်း၊ ငွေကြေးအကြောင်း တို့နှင့်ပတ်သက်၍ အင်တာဗျူးများ လက်ခံဖြေကြားပေးခြင်း၊ ဆောင်းပါးများရေးသားခြင်းတို့ဖြင့် အကူအညီပေးခဲ့သူ ဆရာဦးဝင့်ကျော်သည် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

**Living Color Media**

www.foreverspace.com.mm



# လက်တစ်ကမ်းအကွာသာလိုတော့သည့် AFTA

ကျော်ဇေယျာထွန်း

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတကာစီးပွားရေး ကုန်သွယ်မှုအဝန်းအဝိုင်းတွင် မည်မျှပါဝင်ပတ်သက်နိုင်သည်ဆိုသည့်အပေါ်တွင် တစ်စိတ်တစ်ပိုင်း မူတည်နေသည်။ ထို့ကြောင့်လည်း ကမ္ဘာပေါ်ရှိ နိုင်ငံများသည် အခြားသောနိုင်ငံများနှင့် စီးပွားရေးကုန်သွယ်မှုပြုလုပ်နိုင်ရန်အတွက်မူ ဝါဒအသစ်များချမှတ်ခြင်း၊ သံတမန်နည်းအရချဉ်းကပ်ခြင်း၊ နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုခြင်းများပြုလုပ်ကြသည်။ မြန်မာနိုင်ငံသည်လည်း ၁၉၉၀ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလိုက်ခြင်းသည် နိုင်ငံတကာစီးပွားရေးကုန်သွယ်မှုတွင် ပါဝင်နိုင်စေရန် စီးပွားရေးတံခါးကို ဖွင့်လိုက်ခြင်းပင်ဖြစ်သည်။

www.foreverspace.com.mm





ယင်းနောက်ပိုင်း မြန်မာနိုင်ငံသည် အခြားသောနိုင်ငံများနှင့် အပြန်အလှန်စီးပွားရေးကုန်သွယ်မှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံများ အကြား စီးပွားရေးကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယင်းတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ (ASEAN Free Trade Area-AFTA) သဘောတူညီမှုစာချုပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

AFTA သဘောတူညီချက်ဆိုသည်မှာ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများကြား အကောက်အခွန်နှင့် အကောက်အခွန်မဟုတ်သော အတားအဆီးများကင်းမဲ့စွာ လွတ်လပ်သောကုန်သွယ်မှုပြုလုပ်နိုင်ရေးအတွက် သဘောတူထားခြင်းဖြစ်သည်။

ယင်းသည် မြန်မာနိုင်ငံစီးပွားရေးအတွက် အကောင်းများရှိသကဲ့သို့ အဆိုးများနှင့်ကြုံတွေ့နိုင်သည့် အလားအလာများလည်း ဖြစ်ပေါ်စေသည်။

## AFTA ဘာလဲ

အာဆီယံအဖွဲ့ကို ၁၉၆၇ ခုနှစ်တွင် တည်ထောင်ခဲ့စဉ်က စီးပွားရေးနှင့် လူမှုရေးကိစ္စများထက် နိုင်ငံရေးကိစ္စကို အဓိက ဆောင်ရွက်သည့် အဖွဲ့အစည်းအဖြစ်ထင်ရှားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ရောက်သည့်အခါမှသာ အာဆီယံသည် စီးပွားရေးနှင့် လူမှုရေးပူးပေါင်းဆောင်ရွက်မှုများကို အလေးပေးဖော်ချဆောင်ရွက်လာခဲ့သည်။

အာဆီယံသည် အရှေ့တောင်အာရှနိုင်ငံများအသင်းဖြစ်သည်နှင့်အညီ အရှေ့တောင်အာရှနိုင်ငံများအားလုံးအသင်းဝင်ရန် ရည်မှန်းချက်ထားရှိသည်။ ထို့ကြောင့် ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံကို ခုနစ်နိုင်ငံမြောက် အသင်းဝင်အဖြစ် လက်ခံခဲ့သည်။ ထို့နောက် အာဆီယံသည် ကျန်ရှိသေးသော အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် လာအိုနှင့် မြန်မာနိုင်ငံတို့ကို ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့ပြီး ယင်းနောက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံကိုလည်း အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံခဲ့သည်။

အာဆီယံ၏အဓိကအကျဆုံးနှင့် အရေးအကြီးဆုံး ပင်မအစီအစဉ်သည် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ တည်ထောင်ရေး ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာစေရန်အတွက် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ(AFTA)ကို အချိန်အတိအကျဖြင့် အကောင်အထည်ဖော်ပါမည်ဟု လက်မှတ်ရေးထိုးခဲ့ရသည်။ ထိုသို့အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံ၏ အကောက်ခွန်နှုန်းလျှော့ချပေးမည့်အစီအစဉ်နှင့် ကုန်ပစ္စည်းစာရင်းများကို အာဆီယံအဖွဲ့ဝင်ဖြစ်သည့်နှစ်မှာပင် အာဆီယံအတွင်းရေးမှူးရုံးသို့ ပေးပို့ခဲ့ရသည်။

အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသ (AFTA) အကောင်အထည်ဖော်ရာတွင် (CEPT-Agreement on the Common Effective Preferential Tariff) အစီအစဉ်အရ လက်ရှိတွင် မူလအာဆီယံခြောက်နိုင်ငံသည် ထည့်သွင်းစာရင်း (IL- Inclusion List)ပါ ကုန်ပစ္စည်း



www.foreverspace.com.mm



အကောက်ခွန်မဟုတ်သော အတားအဆီးများမှာ လုံးဝပယ်ဖျက်ရမည်

စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်း ခန့်မှန်းခြေကုန်ပစ္စည်းအမယ် ၃၀၀၀ ကျော်၏ အကောက်ခွန်နှုန်းများကို ပယ်ဖျက်ထားပြီးဖြစ်သည်။ ယင်းအမယ် ၉၀၀၀ ကျော်တွင် E-ASEAN ပစ္စည်း ၅၀၀ ခန့်နှင့် ဦးစားပေးကဏ္ဍများမှ ကုန်ပစ္စည်း ၄၀၀၀ ကျော်ပါဝင်သည်။

မြန်မာနိုင်ငံသည်လည်း ထည့်သွင်းစာရင်းပါ (IL) ကုန်ပစ္စည်းများ၏ အကောက်ခွန်နှုန်းများကို ငါးရာခိုင်နှုန်းအထိလျှော့ချထားပြီးဖြစ်သည်။ ယင်းကြောင့် မြန်မာနိုင်ငံသည် ကုန်ပစ္စည်းအမယ် ၉၀၀၀ ကျော်ကို မူလအာဆီယံခြောက်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သည့် အခွင့်ကောင်းတစ်ခုကို ၂၀၁၅ ခုနှစ်အထိ ငါးနှစ်ကြာရရှိလျက်ရှိသည်။ အလွန်အရေးကြီးသည့် ကုန်ပစ္စည်းများဖြစ်ပါက ၂၀၁၈ ခုနှစ်အထိ ခုနစ်နှစ်ကြာအထိ အခွင့်ကောင်းရရှိမည်ဖြစ်သည်။

မူလအာဆီယံခြောက်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် အရေးကြီးစာရင်း (Sensitive List-SL) နှင့် အထွေထွေကင်းလွတ်စာရင်း (Escception List-GEL) မှလွဲ၍ နိုင်ငံပြုကုန်ပစ္စည်းအားလုံး၏

# "Challenges တွေကို ကြောက်နေလို့မရဘူး"

## စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုနှင့် တွေ့ဆုံခြင်း

**ကျော်ဆန်းမင်း**

**အာဆီယံအဖွဲ့ဝင်နိုင်ငံများ တစ်ပေါင်းတစည်းတည်း စီးပွားရေးအသိုက်အဝန်းအဖြစ် ဖော်ဆောင်မည့် အာဆီယံသည် လွတ်လပ်သောကုန်သွယ်ရေးဒေသ (AFTA) ကို အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါတွင် ၈၀ ရာခိုင်နှုန်းခန့် ရုပ်လုံးပေါ်လာပြီဖြစ်သည်။ ယင်းကြောင့် ၂၀၁၅ နှင့် ၂၀၁၈ ခုနှစ်အတွင်း အပြည့်အဝအကောင်အထည်ပေါ်လာတော့မည့် AFTA ၏ အခန်းကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် အသင့်ပြင်ဆင်ထားခြင်းမရှိသေးပါက ကောင်းကျိုးဆိုးပြစ်များ ကြုံတွေ့နိုင်မည်ဆိုသည်ကို စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုနှင့် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**L.C ။ ။ အာဆီယံအဖွဲ့ဝင်သစ်လေးနိုင်ငံမှာ အပါအဝင်ဖြစ်တဲ့ မြန်မာနိုင်ငံက ၂၀၁၅ မှာ ကုန်သွယ်မှုအကောက်ခွန်နှုန်းထားကို ပယ်ဖျက်ပေးရမှာဖြစ်ပြီး ၂၀၁၈ မှာ အရေးကြီးတဲ့ကုန်ပစ္စည်းများ (Negative List) ပါ ကုန်စည်တွေရဲ့ အကောက်ခွန်နှုန်းထားကို ပယ်ဖျက်ပေးရမယ်ဆိုတော့ကာ လက်ရှိအချိန်အထိ ပြင်ဆင်မှုအားနည်းနေသေးတဲ့အနေ**

www.foreverspace.com.mm



အကောက်ခွန်နှုန်းများနှင့် အကောက်ခွန်မဟုတ်သော အတားအဆီး များမှာ လုံးဝပယ်ဖျက်ရမည်ဖြစ်သည်။

အလားတူအဖွဲ့ဝင်သစ် အာဆီယံ လေးနိုင်ငံသည်လည်း ၂၀၁၅ ခုနှစ်တွင် အရေးကြီးစာရင်း (SL) နှင့် အထွေထွေကင်းလွတ်စာရင်း(GEL) မှလွဲ၍ နိုင်ငံပြုကုန်ပစ္စည်းအားလုံး၏ အကောက်ခွန်နှုန်းများနှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများမှာ လုံးဝပယ်ဖျက်ရမည်ဖြစ်သည်။ သို့သော် အဖွဲ့ဝင်သစ်အာဆီယံ လေးနိုင်ငံကို ပျော့ပျောင်းမှု (Flexibility) အခွင့်အရေးပေးထားရာ အလွန်အရေးကြီးသောကုန်ပစ္စည်းအချို့၏ အကောက်ခွန်နှုန်းများကို ၂၀၁၈ ခုနှစ်အရောက်မှ ပယ်ဖျက်ရမည်ဖြစ်သည်။

"AFTA သဘောက အာဆီယံဒေသမှာ လွတ်လွတ်လပ်လပ်ကုန်သွယ်နိုင်ဖို့ပါ။ ကုန်သွယ်မှုကိုအဓိကအတားအဆီးဖြစ်တာက အခွန်နှုန်းပဲ ဒါကြောင့်အခွန်ကို ဖယ်ရှားပေးရမယ်။ နောက်ပြီး အခွန်မဟုတ်တဲ့အတားအဆီးတွေကိုလည်း ဖယ်ရှားပေးရတယ်။ အခွန်မဟုတ်တဲ့အတားအဆီးဆိုတာက ပါမစ်လိုဟာတွေ၊ နောက်ပြီး ဌာနတစ်ခုမှာအဆင့်အဆင့် လုပ်ရတာတွေ အဲဒါတွေအားလုံးကို ဖယ်ရှားပေးဖို့ဘဲ" ဟု အာဆီယံတွင် မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်လာစေရန် ပါဝင်ဆောင်ရွက်ခဲ့သူ ဒေါက်တာဒေါ်ခင်အုံးသန့်က ပြောကြားသည်။ အကောက်ခွန်မဟုတ်သော အတားအဆီးဆိုရာတွင် ကုန်သွယ်ရေးပြုလုပ်ရာ၌ ပို့ဆောင်ရေးအတွက် ခက်ခဲခြင်း၊ ဆက်သွယ်ရေးအတွက်ခက်ခဲခြင်း၊ ကုန်ပစ္စည်းများတင်သွင်း၊ တင်ပို့ခြင်းအတွက် အကန့်အသတ်များရှိနေခြင်း စသည်တို့ပါဝင်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့ရာတွင် အတားအဆီးဖြစ်နေသော အရာအားလုံးပါဝင်သည်။


စားသုံးသူများအတွက် ရွေးချယ်စရာပိုများလာမည်

## AFTA ကို သဘောတူတာကောင်းလား

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသကို အကောင်အထည်ဖော်ပါမည်ဟု တစ်ပါတည်း ပြင်ဆင်သဘောတူပြီးသားဖြစ်သည်။ တစ်နည်းဆိုရသော် ၁၉၉၇ ခုနှစ်ကပင် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် AFTA အတွက် ပြင်ဆင်ထားနိုင်သည့်သဘောဖြစ်သည်။

"ခြုံပြောရရင် AFTA ကြောင့် နိုင်ငံသားတွေရဲ့ Welfare



**အထားဖြစ်တော့ အဲဒီလို အဆင်သင့်မဖြစ်သေးတဲ့အနေအထားမှာ ကောင်းကျိုး၊ ဆိုးပြစ် ဘာတွေကြုံလာနိုင်မယ်လို့ ဆရာခန့်မှန်းထားပါသလဲ။**

**Dr.AKK** ။ ။ ဒါက ရှောင်နေလို့မရတဲ့၊ ကိုယ်တစ်ဦးတည်း ကျန်နေ၊ ချန်နေခဲ့လို့ မရတဲ့ကိစ္စပဲ။ ရှောင်နေမယ်၊ ကျန်နေမယ်၊ ချန်နေခဲ့မယ်ဆိုရင် တိုင်းပြည်အတွက် နစ်နာတာပဲ ဖြစ်နိုင်တယ်။ ဒီတော့ အခက်အခဲတွေကျော်လွှားဖို့ပဲ စဉ်းစားရမယ်။ ရင်ဆိုင်ဖို့ပဲ ပြင်ထားသင့်တယ်။ မြန်မာနိုင်ငံရဲ့ ကုန်စည်ထုတ်လုပ်မှုကိုကြည့်ရင် ကုန်ကြမ်းအဖြစ်နဲ့ပဲ ထုတ်လုပ်တင်ပို့နိုင်သေးတယ်။ နည်းပညာ၊ အရင်းအနှီးအားနည်းတော့ ကုန်ချောအဖြစ် မကူးနိုင်ကြသေးဘူး။ ဒီမှာက ငွေကြေးဈေးကွက်ပေါ်ပေါက်တာလည်းမရှိဘူး။ ဒီတော့ ငွေကြေးဈေးကွက်တို့၊ Share တို့၊ Stock Exchange ဈေးကွက်တို့ ပေါ်ပေါက်လာအောင် ဖန်တီးပေးဖို့လိုတယ်။ စီးပွားရေးတည်ငြိမ်အောင်၊

www.foreverspace.com.mm



နောက်ပိုင်းတွင် ပြောဆိုဆွေးနွေးမှုနှင့် အကောင်အထည်ဖော်မှုများ မရှိသလောက်ဖြစ်ခဲ့သည်

တွေမြင့်လာမယ်။ စားသုံးသူအတွက် ရွေးချယ်စရာပိုများလာမယ်။ ပြည်တွင်းလုပ်ပိုင်ရှင်တွေ ယှဉ်ပြိုင်မှုပိုဖြစ်လာမယ်။ အာဆီယံနိုင်ငံတွေရဲ့ Standard တစ်ပြေးညီ တဖြည်းဖြည်းဖြစ်သွားမယ်" ဟု စီးပွားရေးပညာရှင်ဒေါက်တာအောင်ကိုကိုက ပြောကြားသည်။

"မြန်မာနိုင်ငံမှာက လူဦးရေသန်း ၆၀ ပဲရှိတာ၊ အာဆီယံ ၁၀ နိုင်ငံမှာဆိုရင် လူဦးရေ သန်းပေါင်း ၆၀၀ လောက်ရှိတယ်၊ သဘောက ဈေးကွက်အရွယ်အစားပိုကြီးလာတာပေါ့။ ကုန်ပစ္စည်းတွေတင်ပို့နိုင်ရင်တော့ အခွင့်အရေးကောင်းတစ်ခုပါ" ဟု မြန်မာနိုင်ငံ စက်မှုဇုန်ထုတ်လုပ်သူများအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်သိန်းက ပြောကြားသည်။

သို့သော် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ AFTA သည် ပြည်သူများအတွက် လူနေမှုဘဝမြင့်လာစေမည်ဖြစ်သော်လည်း နိုင်ငံတစ်နိုင်ငံအနေဖြင့် အခြားသောဒေသတွင်းနိုင်ငံများနှင့်ကုန်သွယ်ရေးတွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိပါက ရလဒ်ဆိုးများ သာရရှိနိုင်မည့်အခြေအနေများ ရှိနေသည်။

"လုပ်နိုင်ရင်တော့အကျိုးရှိတယ်။ မလုပ်နိုင်ရင်တော့ အကျိုး

---

ငွေကြေးတည်ငြိမ်အောင် လုပ်ထားသင့်တယ်။ နိုင်ငံတော်ပိုင်းက နည်းပညာတိုးတက်လာအောင် ပံ့ပိုးပေးရမယ်။ အခြေခံအဆောက်အဦ (Infrastructure) တွေမြင့်လာအောင် ပံ့ပိုးရမယ်။ စီးပွားရေးလုပ်ငန်းတွေ လည်ပတ်မှုအားကောင်းလာအောင် ပိုမိုပံ့ပိုးရမယ်။ အဲဒီလိုပြင်သင့်တာတွေပြင်ပြီး ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ နည်းလမ်းကို စဉ်းစားပြင်ဆင်ထားတာ အမှန်ဆုံးနည်းပဲ။

**L.C ။ ။ ဒီမှာ လုပ်ငန်းတော်တော်များများက ငါးပွက်ရာငါးစာချဆိုသလို လတ်တလောအလုပ်ဖြစ်တဲ့လုပ်ငန်းတွေပဲ လုပ်နေကြတယ်။ ရေရှည်မျှော်ပြီး ပီပီပြင်ပြင် အစီအစဉ်တကျ လုပ်တာမျိုး အားနည်းတာတွေ့ရတယ်။ ဒီအချက်ကလည်း AFTA အသက်ဝင်လာချိန်မှာ အခက်အခဲဖြစ်နိုင်တဲ့အချက်များဖြစ်နိုင်မလား။**

**Dr.AKK** ။ ။ လုပ်ငန်းရှင်အများစုကတော့ ရေတိုပဲကြည့်တာများပါတယ်။ ဒါပေမဲ့ ရေရှည်ကြည့်ပြီး နည်းပညာတစိုက်မတ်မတ်လုပ်နေတဲ့လုပ်ငန်းတချို့လည်း ရှိတာတွေ့ရပါတယ်။ ဒါကလည်း သူတို့ဘာလုပ်ရမယ်၊ ဘယ်လိုရွေးချယ်ရမယ်ဆိုတာတွေ မသိလို့လည်းဖြစ်နိုင်ပါတယ်။ ဒီအတိုင်းသွားလို့တော့ အခက်အခဲကြုံနိုင်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်ဦးဆောင်မှုပိုင်းက အရေးကြီးတယ်။ သတင်းအချက်အလက်အမှန်တွေ မြန်မြန်ရဖို့လိုတယ်။ ဒါကိုပြင်ဆင်ပေးဖို့လိုတယ်။ မလိုအပ်တဲ့၊ ရှုပ်ထွေးတဲ့လုပ်ငန်းစဉ်တွေ လျှော့ချပေးရမယ်။ Investment တွေကို Long Term တွေ ဝင်လာဖို့ လုပ်ရမယ်။ Short Term Investment (ရေတိုရင်းနှီးမြှုပ်နှံမှု) တွေက အဝင်အထွက်များတော့ Side Effect (ဘေးထွက်ဆိုးကျိုး) တွေ ကျန်ခဲ့တယ်။

FDI (နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု) ဆိုတာ ကြောက်လို့ ရတာမဟုတ်ဘူး။ ဆွဲဆောင်ရမယ်။ FDI တွေ ဝင်လာမှ သူတို့နဲ့ပါလာတဲ့နည်းပညာ၊ အရင်းအနှီးတွေ ပြည်တွင်းဝင်လာမှာ။ ပြည်တွင်းက Micro Economic Policy တွေ ကောင်း

www.foreverspace.com.mm

မရှိဘူး"ဟု စီးပွားရေးပညာရှင် ဒေါက်တာဦးတင်စိုးကပြောကြားသည်။

"အရင် မုံ့ရှာစောင်တွေက အရှေ့တောင်အာရှအထိ ဈေးကွက်ရှိတယ်။ အခုနောက်ပိုင်း အရည်အသွေးဒီဇိုင်းကောင်းပြီး ဈေးသက်သာတဲ့တရုတ်ကစောင်တွေဝင်လာတော့ မုံ့ရှာစောင်တွေ ဈေးကွက်ပျောက်ကုန်တယ်။ ဒါက နမူနာပဲ။ ၂၀၁၅ ရောက်လို့ AFTA ဖြစ်လာရင် အရင်ဒီဇိုင်းဟောင်းတွေနဲ့ သွားလို့မရတော့ဘူး။ အရည်အသွေးမြှင့်တင်ရမယ်။ ဈေးနှုန်းကို လျှော့ချနိုင်ရမယ်။ ဒါမှရေရှည်မှာရပ်တည်နိုင်မှာ"ဟု ဒေါက်တာဦးအောင်သိန်းက ပြောကြားသည်။

သို့ဆိုလျှင် AFTA သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်ဆိုသောရည်ရွယ်ချက်ဖြင့် လက်မှတ်ရေးထိုးခဲ့သည်မှန်သော်လည်း ဖြစ်ပေါ်လာမည့် အနာဂတ်စီးပွားရေးအခင်းအကျင်းတွင် လိုက်လျောညီထွေစွာ မပါဝင်နိုင်၊ မယှဉ်ပြိုင်နိုင်ပါက အကောင်းထက်အဆိုးများကိုသာ ပိုရလာနိုင်သည့်အနေအထားဖြစ်သည်။ အဓိကမှာ ဖြစ်ပေါ်လာသည့်



လက်မှတ်ရေးထိုးခဲ့သည်မှန်သော်လည်း မယှဉ်ပြိုင်နိုင်က အကောင်းထက် အဆိုးများပိုရလာနိုင်သည်

အောင်ပြင်ပေးရမယ်။ အခုအခြေအနေက စိတ်ကြိုက်ဖြစ်အောင် စောင့်တာထက် စိတ်ကြိုက်အနေအထားတစ်ရပ် ဖြစ်ပေါ်အောင်ဖန်တီးယူရမှာ။ ပြည်တွင်း Saving (စုဆောင်းငွေကြေး) မြင့်လာအောင်၊ ငွေကြေးတည်ငြိမ်အောင်၊ ကျွမ်းကျင်လုပ်သားတွေများလာအောင် တဖြည်းဖြည်းချင်း လုပ်ယူသွားရမယ်။ ဒီကာလမှာ လုပ်သားပြောင်းရွှေ့မှုတွေဖြစ်လာနိုင်တယ်။ အထူးသတိထားရမှာက ဒီကာလမှာ နိုင်ငံသားတွေရဲ့ယုံကြည်မှုပပျောက်သွားတာမျိုး မဖြစ်စေဖို့၊ Shock မဖြစ်ဖို့ သတိထားရမယ်။

**L.C ။ ။ AFTA ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်တွေ နစ်နာနိုင်တယ်ဆိုတာမျိုး ထင်မြင်ယူဆတဲ့အပေါ် ဆရာ ဘယ်လိုသုံးသပ်မိပါသလဲ။**

**Dr.AKK ။ ။** အဲဒီလို ပြောလို့ရပေမယ့် ဒါတစ်စိတ်တစ်ပိုင်းပါ။ AFTA ဖြစ်လာတဲ့အတွက် နိုင်ငံသားတွေရဲ့ Welfare မြင့်လာတာလည်း ရှိပါတယ်။ စားသုံးသူတွေအတွက် ရွေးချယ်စရာ များလာမယ်။ အချိန်တစ်ခုကြာတဲ့အခါမှာ အာဆီယံနိုင်ငံတွေအားလုံးရဲ့ လူနေမှုအဆင့်အတန်းက တစ်ပြေးညီဖြစ်သွားမယ်။ ဒါ အများစုအတွက် နိုင်ငံသားအများစုအတွက် ကောင်းတဲ့အချက်ပဲ။ လုပ်ငန်းရှင်တွေပိုင်းကတော့ သူတို့ထုတ်ကုန်တွေကို အာဆီယံဒေသတွင်းထုတ်ကုန်တွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်တော့ အတိုင်းအတာတစ်ရပ်အထိ အခက်အခဲကြုံတွေ့နိုင်ပါတယ်။ ဒီနေရာမှာ ယှဉ်ပြိုင်နိုင်စွမ်းအတွက် Cost ကို လျှော့ချဖို့ ကြိုးစားရမယ်။ Cost လျှော့ချရာမှာလည်း Wages လုပ်အားခကို လျှော့ချတာမျိုးလုပ်ရမှာကို မဆိုလိုဘူး။ နည်းပညာမြှင့်ရမယ်။ ဈေးကွက်ကို များများနဲ့ မြန်မြန်တင်ပို့နိုင်အောင်လုပ်ရမယ်။ အရည်အသွေးမြင့်ထုတ်ကုန်တွေ ထုတ်နိုင်ဖို့လိုတယ်။ ဒါက (AFTA) ရှောင်လွှဲလို့ရတဲ့ကိစ္စမဟုတ်ဘူး။ ကိုယ်က ချန်နေခဲ့ရင် ကျန်ခဲ့တာပဲရှိမယ်။ ဒီတော့ ဒီစိန်ခေါ်မှုကို

www.foreverspace.com.mm



ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရေးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရမည်

အခွင့်အရေးကို အမိအရဆုပ်ကိုင်နိုင်ရမည့် အရည်အချင်းရှိနေရမည်ဖြစ်သည်။

## AFTA နှင့် မြန်မာ

မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် WTO အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ နိုင်ငံတကာကုန်သွယ်ရေးအတွေ့အကြုံ၊ နိုင်ငံတကာကုန်သွယ်ရေးအကောက်အခွန်ကိစ္စများနှင့်လည်း ရင်းနှီးပြီးသားဖြစ်သည်။

“မြန်မာက အာဆီယံကို စဝင်တဲ့အချိန်က မြန်မာနိုင်ငံရဲ့အခြေအနေက အရမ်းကောင်းတယ်။ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတွေထက် သာတယ်။ အခုကတော့ သူတို့ကိုလိုက်မှီဖို့ကြိုးစားရမယ်”ဟု ဒေါက်တာဒေါ်ခင်အုံးသန့်က ပြောကြားသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန်အတွက် အားသွန်ခွန်စိုက်ကြိုးစားခဲ့သော်လည်း အာဆီယံအဖွဲ့ဝင် ဖြစ်လာသည့်နောက်ပိုင်း AFTA ကဲ့သို့သောအာဆီယံအဖွဲ့၏ အဓိကရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အားနည်းခဲ့သည်။ အာဆီယံအဖွဲ့ဝင် စဖြစ်လာသည့်အချိန်၌ AFTA အကြောင်းကို ပြောဆိုရေးသားမှုများရှိခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ပြောဆိုဆွေးနွေးမှုနှင့် အကောင်အထည်ဖော်မှုများသည် မရှိသလောက်ဖြစ်ခဲ့သည်။

“အဖွဲ့တစ်ဖွဲ့က စခဲ့တာကို နောက်တက်လာတဲ့အဖွဲ့က အဆက်မပြတ် အကောင်အထည်ဖော်သွားဖို့လိုတယ်။ အဆက်ပြတ်လို့မရဘူး”ဟု မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်ရေးတွင် ပါဝင်

---

စုပေါင်း ရင်ဆိုင်ရမယ်။

အစိုးရအနေနဲ့က တိုင်းရင်းသားလုပ်ငန်းတွေ ထိခိုက်မှာပဲဆိုပြီး မလုပ်လို့မရဘူး၊ တိုင်းပြည်အကျိုးဘက်က ကြည့်ရတာ။ လတ်တလောမှာ ထုတ်သူတချို့ အကျိုးယုတ်နိုင်တယ်၊ ထိခိုက်နိုင်တယ်ဆိုပေမယ့် တစ်တိုင်းပြည်လုံး Welfare မြင့်လာမယ့်ကိစ္စဖြစ်တယ်။ AFTA ရဲ့ Impact (အကျိုးဆက်)ကို အကျိုးရှိဆုံးဖြစ်အောင် အစိုးရအဖွဲ့အစည်းတွေက ဦးဆောင်ဖန်တီးပေးဖို့လိုတယ်။ ဒါကို ဘယ်လိုရင်ဆိုင်ကျော်လွှားမလဲ။ အဆင့်တိုင်းအဆင့်တိုင်းကို ဘယ်လိုမူဝါဒတွေ ကျင့်သုံးပြီးသွားမလဲဆိုတာမျိုး ကြိုတင်စဉ်းစား ပြင်ဆင်သင့်တယ်။ နိုင်ငံရဲ့ကုန်သွယ်ရေးကဏ္ဍမှာ Sector (ကဏ္ဍ) အလိုက်အားသာချက်၊ အားနည်းချက်တွေကို တွက်နည်းရှိတယ်။ တွက်လို့ရတယ်။ ဒါတွေ တွက်ထားပြီး ဘယ် Sector ကို ကိုင်လိုက်ရင် ဘယ်လောက်တိုးတက်သွားမယ် ဆိုတာမျိုး တွက်ထားရမယ်။ အစိုးရအနေနဲ့ အများပိုင်ကုမ္ပဏီတွေ ပေါ်လာအောင် အားပေးရမယ်။ အများပိုင်ကုမ္ပဏီဆိုတာ ယုံကြည်စိတ်ချရမှုရှိရမယ်။ ကျွမ်းကျင်သူတွေရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရှိရမယ်။ ဒါမှ အများပိုင်ကုမ္ပဏီတွေ အောင်မြင်နိုင်မယ်။

အဲဒီတော့ ပြန်ကောက်ရရင် AFTA ဆိုတာ ရှောင်လွှဲလို့မရဘူး။ ရှောင်နေရင် ချန်နေရင် ကျန်နေခဲ့တာပဲရှိမယ်။ Challenges တွေကို ကြောက်နေလို့မရဘူး။ ဘယ်လိုရင်ဆိုင်ရမလဲဆိုတာပဲစဉ်းစားရမယ်။ ဒါမှ အချိန်တစ်ခုဖြတ်ပြီးရင် အာဆီယံနိုင်ငံတွေရဲ့ Standard နဲ့ ညီသွားမယ်။

**L.C ။ ။ AFTA အကျိုးသက်ရောက်မှု ရှိမရှိကိုဘယ်လိုတိုင်းတာနိုင်မလဲ။**

**Dr.AKK ။ ။** AFTA က ဒေသတွင်းနိုင်ငံတွေအားလုံးမှာ သက်ရောက်မှုရှိနိုင်သလို အာဆီယံဒေသတွင်းနိုင်ငံတွေမှာလာရောက် ရင်းနှီးမြှုပ်နှံတဲ့နိုင်ငံတွေအားလုံးမှာလည်း သက်ရောက်

www.foreverspace.com.mm



ဆောင်ရွက်ပေးခဲ့သူ ဦးမောင်မောင်ရီ(ဘောဂဗေဒ)က ပြောကြားသည်။

လုပ်ငန်းတစ်ခု၊ စီမံကိန်းတစ်ခု အကောင်အထည်ဖော်ရာတွင် ယင်းလုပ်ငန်းအောင်မြင်ပြီးစီးရန်အတွက်မှာ စီမံကိန်းအစီအစဉ်ကို ရေးဆွဲပြင်ဆင်ရသည်။ ယင်းနောက် စီမံကိန်းအစီအစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ မြန်မာနိုင်ငံသည် AFTA ကိုလက်မှတ်ရေးထိုးခဲ့သော်လည်း ဖြစ်ပေါ်လာမည့်လုပ်ငန်းစဉ် အပိုင်းကို အကောင်အထည်ဖော်ရာတွင် ကာလအတန်ကြာ အဆက်ပြတ်ခဲ့သဖြင့် သက်ဆိုင်ရာဌာနအချို့နှင့် စီးပွားရေးလုပ်ငန်းရှင်အချို့ပင် AFTA ကို မသိဘဲ ဖြစ်နေကြသည်။

"စီးပွားရေးလုပ်ငန်းရှင်တချို့က ဒါကိုမသိကြဘူး။ သူတို့ကို ပြောပြလိုက်လို့ နားလည်သွားတဲ့အချိန်မှာ အရမ်းကြောက်သွားကြတယ်။ ဒါကိုသိတဲ့သူက အနည်းစုလောက်ပဲရှိတယ်" ဟု မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ အောင်သိန်းက ပြောကြားသည်။ ယင်းအခြေအနေကို ဦးမောင်မောင်ရီက "မသိတာလည်း တစ်ဝက်ဖြစ်လိမ့်မယ်။ တချို့က မသိဘူး။ တချို့ကလည်း ကိုယ့်လုပ်ငန်းလေးနဲ့ကိုယ် အဆင်ပြေနေရင် ပြီးရော၊ ပြည်ပနဲ့ဆက်သွယ်ဖို့ မစဉ်းစားဘူး" ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသသည် ၂၀၁၅ ခုနှစ်တွင် ပီပီပြင်ပြင်ဖြစ်ပေါ်လာတော့မည်ဖြစ်သည်။ ယခုနှစ်မှစတင်ရေတွက်သော် နောက်လေးနှစ်သာ အချိန်ကျန်တော့သည်။ ထိုအချိန်ကာလအတွင်း အဆိုပါစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများကြား AFTA နှင့်ပတ်သက်ပြီး ပိုမိုသိရှိလာကာ



AFTA အတွက် မြန်မာက အဆင်သင့်မဖြစ်သေးပါ

မှုရှိနိုင်တယ်။ AFTA ကြောင့် နိုင်ငံသားတွေအတွက် ဘယ်လောက် အကျိုးအမြတ်ရှိလဲဆိုတာ တိုင်းတာနိုင်ပါတယ်။ ဘာတွေတိုင်းတာမလဲဆိုရင် မြန်မာနိုင်ငံသားတွေရဲ့ Welfare ဘယ်လောက်ပြောင်းသလဲ၊ မြန်မာနိုင်ငံသားတွေရဲ့ Poverty ဘယ်လောက်လျှော့ချနိုင်သလဲ ဆိုတာတွေကို တွက်လို့ရတယ်။ ဒါတွေတွက်ချက်ပြီး AFTA ကြောင့် နိုင်ငံသားတွေအတွက် ဘယ်လောက် အကျိုးအမြတ်ရှိလဲဆိုတာ တိုင်းတာနိုင်ပါတယ်။

**L.C ။ ။ AFTA ကိုအကျိုးအရှိဆုံးဖြစ်အောင် နိုင်ငံသားတွေပိုင်း၊ နိုင်ငံတော်ပိုင်းနဲ့ လုပ်ငန်းရှင်ပိုင်းတွေက ဘယ်လိုလုပ်ဆောင် ပြင်ဆင်သွားသင့်ပါသလဲ။**

**Dr.AKK ။ ။** စားသုံးသူတွေပိုင်းက ဈေးနှုန်းနဲ့အရည်အသွေးတူရင် ပြည်တွင်းဖြစ်ကိုအားပေးရမယ်။ ဒါမှနိုင်ငံသားလုပ်ငန်းရှင်တွေအတွက် အထောက်အပံ့ဖြစ်မယ်။ လုပ်ငန်းရှင်တွေအနေနဲ့က ကိုယ့်ရဲ့ထုတ်ကုန်တွေကို ပြည်တွင်းဈေးကွက်သာမက ဒေသတွင်းနိုင်ငံတွေရဲ့ဈေးကွက်တွေတင်ပို့နိုင်ဖို့အတွက် လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းစုအလိုက် လိုအပ်တာတွေပြင်ဆင်ထားရမယ်။ နိုင်ငံတော်ပိုင်းကတော့ Inflation Rate ကို ၅ရာခိုင်နှုန်းအထိ အနိမ့်ဆုံးရောက်အောင် လုပ်ထားရမယ်။ ဒါမှပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပလုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိလာမယ်။ နောက် ပြည်တွင်းမှာ အရင်းအနှီးဈေးကွက် (Capital Market)၊ စတော့ ရှယ်ယာဈေးကွက်တွေဖော်ဆောင်ပေးရမယ်။ ဒါမှပြည်တွင်းငွေကြေးစုဆောင်းမှုမြင့်လာမယ်။ ငွေကြေးစီးဆင်းမှု ပိုအားကောင်းလာမယ်။ သိထားရမယ့်အချက်က AFTA ကြောင့် Factor Price တွေပြောင်းလာနိုင်မယ်။ လုပ်ခလစာနှုန်းတွေ ပြောင်းလာမယ်။ အချုပ်ပြောရရင် AFTA ကိုရင်ဆိုင်ဖို့ အမျိုးသားစီးပွားရေးအင်အားတစ်ရပ်လုံးကို ကြိုပြင်ထားဖို့လိုတယ်။

**ကျော်ဆန်းမင်း**

www.foreverspace.com.mm




ကြိုတင်ပြင်ဆင်မှုများပြုလုပ်လာစေရန် နည်းမျိုးစုံဖြင့် ကြိုးစားရတော့မည်ဖြစ်သည်။

"AFTA အတွက် မြန်မာက အဆင်သင့်တော့မဖြစ်သေးဘူး" ဟု စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာတင်စိုးက ပြောကြားသည်။


## ဘယ်လို အသိပေးမလဲ

AFTA အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အတွက်မှာ ဦးစွာ AFTA အကြောင်းကိုသိရန် အရေးကြီးသည်။ ကာလ အတန်ကြာ အဆက်အသွယ်ပြတ်ခဲ့သော AFTA ကို နိုင်ငံသား များထံ ပြန်လည်မိတ်ဆက်ပေးရမည်ဖြစ်သည်။

"AFTA နဲ့ပတ်သက် ပြီး Seminar တွေ လုပ်ပေးဖို့လိုတယ်။ အလယ်အလတ်အဆင့်ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ယေဘုယျသဘောထက် အခြေခံကျကျ အသိပညာပေးရမယ်။ နောက်ပြီး ထုတ်လုပ်သူတွေ၊ စီးပွားကူးသန်း၊ စက်မှု(၁)၊ လယ်ယာစိုက်ပျိုးရေး၊ UMFCCI ၊ AFTA Unit စတဲ့ သက်ဆိုင်ရာဌာန တာဝန်ခံတွေ ပါတဲ့ ဆွေးနွေးပွဲကို နှစ်ရက်၊ သုံးရက် ထိထိ ရောက်ရောက်လုပ်ရ မယ်။ AFTA မှာ ဘာလုပ်ရင် ကောင်းမလဲ ဆိုတာမျိုးပေါ့"ဟု ဦးမောင်မောင်ရီ(ဘောဂဗေဒ)က ပြောကြားသည်။

မြန်မာနိုင်ငံတွင် AFTA နှင့်ပတ်သက်ပြီး ဆွေးနွေးပွဲများ ကျင်းပခြင်းသည် အနည်းစုသာရှိနေသေးသည်။ စီးပွားရေးလုပ်ငန်း ရှင်များ၊ ကုန်ထုတ်လုပ်သူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူ များပါဝင်သော ဆွေးနွေးပွဲများဖြစ်ပေါ်လာရန်အတွက် လိုအပ် နေသေးသည်။

"စက်မှုဇုန်တွေမှာ AFTA နဲ့ပတ်သက်ပြီး ဆွေးနွေးတာ၊ သင်တန်းပေးတာမျိုးတွေကို တစ်လတစ်ကြိမ် လုပ်ပေးနေတယ်။ အခုဆိုရင် (၁၅) ကြိမ်ရှိသွားပြီ"ဟု မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်




# "ကုန်ထုတ်လုပ်မှုအတွက် သွားတဲ့အခါကျမှသာ AFTA အကျိုးကို ကောင်းကောင်းခံစားရမယ်"

## မြန်မာနိုင်ငံ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ၊ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဦးမောင်မောင်ရီ (ဘောဂဗေဒ) နှင့် တွေ့ဆုံခြင်း

**ကျော်ဇေယျာထွန်း**

**အာဆီယံလွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်သည် လာမည့် ၂၀၁၅ ခုနှစ်တွင် အကောင်အထည် ပေါ်လာတော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် AFTA တွင် မည်သို့ယှဉ်ပြိုင်ရမည့်အကြောင်းကို မြန်မာ နိုင်ငံ၏ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးမောင်မောင်ရီနှင့် တွေ့ဆုံမေးမြန်းထား သည်များကို ဖော်ပြအပ်ပါသည်။**

www.foreverspace.com.mm



သူများအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်သိန်းက ပြောကြားသည်။

"စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ကလည်း AFTA နဲ့ ပတ်သက်ပြီး ကိုယ်လိုအပ်နေတာတွေကို သက်ဆိုင်ရာလူကြီးတွေကို တင်ပြပေးဖို့လိုတယ်"ဟု ဦးမောင်မောင်ရီက ပြောကြားသည်။

## AFTA အတွက် ဘာလုပ်ကြလဲ

မြန်မာနိုင်ငံသည် AFTA အတွက် မည်သည်များကို ပြင်ဆင်




ပို့ကုန်မြှင့်တင်ရေးကို အဓိကလုပ်ဆောင်ရမည်

**L.C ။ ။ AFTA ရဲ့သဘောကို အရင်ဆုံးသိပါရစေ။**

**UMMY ။ ။** အရင်တုန်းကတော့ ASEAN Free Trade Area ခေါ်တာပေါ့နော်။ အခု သူတို့ လက်မှတ်ပြန်ထိုးကြတယ်။ လက်မှတ်ထိုးတဲ့အခါကျတော့ ဟိုတုန်းက ASEAN Free Trade Area လို့ခေါ်တဲ့ CEPT Agreement ဆိုတာရှိတယ်။ အဲဒီ Agreetment က ကုန်စည်နဲ့ပတ်သက်လို့ အခွန်လျှော့ကောက်ပေးဖို့၊ အကောက်အခွန်မဟုတ်တဲ့ အတားအဆီးတွေ လျှော့ပေးဖို့ဆိုပြီးတော့ လက်မှတ်ထိုးထားတာ။ Rule of Original ဆိုတာက ပင်ရင်းဒေသထွက်ကုန် ဟုတ်၊ မဟုတ်ဆိုတဲ့ သက်သေခံလက်မှတ်။ အာဆီယံနိုင်ငံတွေက သူတို့ပို့ချင်တဲ့ကုန်ကို ပို့လို့ အကောက်အခွန်မရဘူး။ ဥပမာ–ဂျပန်က သွင်းလာတဲ့ပစ္စည်းကို စင်ကာပူကနေ ဒီကိုဆက်ပို့ရင် အကောက်ခွန်မရဘူး။ ဂျပန်ပစ္စည်းဖြစ်နေတာကိုး။ စင်ကာပူကထုတ်တာမဟုတ်ဘူး။ စင်ကာပူကထုတ်တာဖြစ်အောင်ဆိုရင် ဂျပန်က စက်ပစ္စည်းအစိတ်အပိုင်းတွေဝယ်လို့ရတယ်။ စင်ကာပူက အနည်းဆုံး ၄၀ ရာခိုင်နှုန်း သူ့ရဲ့နိုင်ငံကလုပ်တာဖြစ်ရမယ်။ ဒါမှ စင်ကာပူနိုင်ငံလုပ်ဆိုပြီး သတ်မှတ်ပြီး အခွန်လျှော့ပေးမယ်။ အကောက်အခွန်လျှော့ပေးတယ်ဆိုတာက အာဆီယံနိုင်ငံတွေထဲက ထုတ်တဲ့ပစ္စည်းကို အာဆီယံကိုပို့မယ်ဆိုရင် အကောက်ခွန်နှုန်း လျှော့ရမယ်။ တရုတ်ကပစ္စည်းကို သွင်းပြီးတော့ ဒီကိုပို့လို့တော့မရဘူး။ နောက်ပြီး အငြင်းပွားမယ်ဆိုရင်လည်း သီးခြားသဘောတူညီချက်ရှိတယ်။ ပင်ရင်းဒေသနဲ့ပတ်သက်ပြီးတော့လည်း သီးခြားသဘောတူညီချက် ရှိတယ်။ ဒီလို Agreetment တွေရှိတဲ့ အခါကျတော့ တစုတရုံးထဲ မရှိဘူး။ အဲဒါကို အားလုံးပေါင်းလိုက်တဲ့အနေနဲ့ အခုလက်မှတ်ထိုးပြီး အကောင်အထည်ဖော်နေပြီ။ အဲဒါကတော့ ASEAN Trade in Goods Agreetment လို့ခေါ်တယ်။ အဲဒါက စောစောက

www.foreverspace.com.mm

ထားရမည်၊ မည်သည့်ကုန်ပစ္စည်းကို အဓိကယှဉ်ပြိုင်မည်ဆိုသော မေးခွန်းများသည် ယခုအချိန်တွင် နောက်ကျနေပြီဟုဆိုနိုင်သော်လည်း ရရှိသည့်အချိန်ကာလအတွင်းတွင်ပင် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားရမည်ဖြစ်သည်။

"လုပ်ပြီးမှတော့ လုပ်နိုင်အောင်ဆက်ကြိုးစားရမှာပေါ့။ ဝင်ပြီးမှနောက်ကျတာကတော့ ကိုယ့်အပြစ်ပဲ"ဟု စီးပွားရေးပညာရှင် ဒေါက်တာတင်စိုးက ဆိုသည်။

အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ၏ သဘောသည် တစ်နိုင်ငံ ကုန်ပစ္စည်းများ အပြန်အလှန်ယှဉ်ပြိုင်တင်ပို့ရောင်းချရမည့်သဘောဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ခုအနေဖြင့် ကုန်ပစ္စည်းများကို များများထုတ်လုပ်တင်ပို့ရောင်းချနိုင်မှသာလျှင် အခွင့်အလမ်းများရရှိမည့်သဘောဖြစ်သည်။ ပို့ကုန်မြှင့်တင်ရေးကို အဓိကလုပ်ဆောင်သွားရမည်ဖြစ်သည်။ သို့ဆိုလျှင် မြန်မာနိုင်ငံသည် မည်သည့်ကုန်ပစ္စည်းများကို အခြားနိုင်ငံများသို့ တင်ပို့မည်ဆိုပါက အဆင်ပြေနိုင်မည်နည်းဆိုသည်မှာ မေးခွန်းထုတ်ရန် ဖြစ်လာသည်။

"လယ်ယာထွက်ကုန်ပစ္စည်းနဲ့ ယှဉ်ပြိုင်ရင်တော့ရနိုင်တယ်။ စိုက်ပျိုးရေးလုပ်ငန်းပေါ့"ဟု စီးပွားရေးပညာရှင် ဒေါက်တာတင်စိုးက ပြောကြားသည်။


"လယ်ယာထွက်ကုန်ပစ္စည်းနဲ့ပတ်သက်လို့ တင်ပို့မယ်ဆိုရင်တော့ အခုထိ အခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့အနေအထားရှိတယ်"ဟု ဦးမောင်မောင်ရီ (ဘောဂဗေဒ) က အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံစီးပွားရေးသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးဖြစ်သောကြောင့် အာဆီယံလွတ်လပ်သော ကုန်သွယ်



ဖင်ရင်းဒေသသဘောတူညီချက်ကိုလည်း သိထားရမည်

ရေးဒေသတွင် ကုန်သွယ်မှု ယှဉ်ပြိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍသည် အကောင်းဆုံးဖြစ်ကြောင်းကို စီးပွားရေးပညာရှင်များက



ပြောတဲ့ သဘောတူညီချက်တွေ အားလုံးပါတယ်။ စုထားတာပေါ့။ အခု အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသကို အဲဒါနဲ့ အကောင်အထည်ဖော်နေတယ်။ မူလအတိုင်းဆိုရင် ၂၀၁၀ မှာ မူလအာဆီယံ ၆ နိုင်ငံရဲ့ အကောက်အခွန်နှုန်းတွေဟာ သုည ဖြစ်သွားတယ်။ ခြွင်းချက်အနေနဲ့ ဒီကုန်ပစ္စည်းတွေကို ဖယ်ထားလို့ရတယ်။ ကျန်တဲ့ပစ္စည်းတော့ အကောက်နှုန်းလုံးဝလျှော့ပေးရမယ်။ နောက်ပစ္စည်းနည်းနည်းပါးပါးရှိတာက အရေးကြီးပစ္စည်းနဲ့ အထူးအရေးကြီးပစ္စည်း။ ဥပမာ–သကြားလိုပစ္စည်းမျိုး။ အာဆီယံနိုင်ငံတိုင်းထားတာတော့ မဟုတ်ဘူး။ ဖိလစ်ပိုင်က ထားတယ်။ အင်ဒိုနီးရှားကထားတယ်။ သူတို့က သကြားကို သုညလျှော့မပေးဘူး။ အများဆုံး သူတို့လျှော့ပေးရင် ၂၀ ရာခိုင်နှုန်းပဲ လျှော့ပေးတယ်။ ရာခိုင်နှုန်းက အများကြီးရှိတယ်။ ၆၀ တို့ ၈၀ တို့ရှိတယ်။ ဥပမာ–ဒေါ်လာ ၁၀၀ တန်သကြားသွင်းမယ်ဆိုရင် ဒေါ်လာ ၈၀ ကို အကောက်ခွန်

www.foreverspace.com.mm



သုံးသပ်ပြောကြားသည်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံ၏ ရေခံမြေခံမှာလည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်သည့်အခြေအနေကောင်းများ ရှိနေသေးသည်။

မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပီပီပြင်ပြင်ပြောင်းလဲပေးခြင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုအတွက် လိုအပ်သောကုန်ထုတ်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူရရှိနိုင်စေရန်ဖန်တီးပေးခြင်း စသည့်အခွင့်အလမ်းများ ဖန်တီးပေးရုံဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင်ကုန်ထုတ်လုပ်မှုမြင့်တက်လာကာ အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသတွင် အလိုအလျောက်ယှဉ်ပြိုင်ပြီးသားဖြစ်လာနိုင်မည်။

"လယ်ယာစိုက်ပျိုးရေးမှာ အဓိကလုပ်ပေးရမှာက လယ်သမားတွေလိုအပ်တဲ့ ကုန်ထုတ်သွင်းအားစုတွေကို လိုသလောက်ပံ့ပိုးပေးဖို့ပါပဲ" ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုကလည်း အကြံပြုပြောဆိုသည်။


သင်္ဘောတင်ရန် စောင့်ရခြင်းသည်လည်း အတားအဆီးတစ်ခုဖြစ်သည်

မြန်မာနိုင်ငံတွင် နေထိုင်ကြသောလူဦးရေ သန်း ၆၀ နီးပါး၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းပေါ်တွင် မှီခိုနေကြသူများဖြစ်ရာ လယ်ယာကဏ္ဍဖွံ့ဖြိုးလာမည်ဆိုပါက မြန်မာနိုင်ငံရှိလူဦးရေ ၇၀ ရာခိုင်နှုန်း၏ စီးပွားရေးနှင့် လူနေမှုဘဝ မြင့်တက်လာမည့် သဘောလည်းဖြစ်သည်။

"အရင်က ပြည်ပကို ပဲတန်ချိန် တစ်သောင်းလောက်ပဲ ရောင်းနိုင်ရာက အခုဆိုရင် တန်ချိန် တစ်သိန်းနီးပါးလောက်ထိကို ရောင်းနိုင်နေတယ်" ဟု လယ်ယာကဏ္ဍတွင် လုပ်ကိုင်နိုင်သည့်

ပေးရတော့ ၁၈၀ ဖြစ်သွားပြီ။ တကယ်တမ်းသာဆိုရင် ၁၀၀ တန် သွင်းရင် အကောက်ခွန်သုညဖြစ်ရင် ၁၀၀ ပဲဖြစ်မှာပေါ့။ ၁၀၀ နဲ့ ၁၈၀ ဆိုရင် ဘယ်လောက်ကွာသလဲ။ ဘယ်လောက်ဈေးကြီးလဲ။ အဲတော့ အကောက်ခွန်ကိုလျှော့ရင် စားသုံးသူတွေအတွက် အများကြီးသက်သာသွားမယ်။ သူက မလျှော့ချင်ဘူး၊ ထိန်းထားချင်တယ်။ အဲဒီတော့ ၂၀ ရာခိုင်နှုန်းအထိပဲလျှော့ပေးတယ်။ အဲဒီပစ္စည်းကို အထူးအရေးကြီးပစ္စည်းလို့ခေါ်တယ်။ အင်ဒိုနီးရှားတို့၊ ဖိလစ်ပိုင်တို့၊ မလေးရှားတို့မှာပဲထားတယ်။ မြန်မာနိုင်ငံ မှာအထူးအရေးကြီးပစ္စည်းမရှိဘူး။ အရေးကြီးပစ္စည်းပဲ ရှိတယ်။ အဲဒီလိုပစ္စည်းကလွဲရင် ပစ္စည်းအားလုံးက အကောက်ခွန် သုညပဲ။ စင်ကာပူမှာဆိုရင် ကုန်ပစ္စည်းအားလုံးက အကောက်ခွန် သုညပဲ။ ဘရူနိုင်းဆိုရင် ပစ္စည်းအားလုံးနီးပါးသုည။ (General Exception List) ပစ္စည်းနဲ့ အထူးအရေးကြီးပစ္စည်း အနည်းငယ်လွဲရင် ၂၀၁၅ မှာ ကုန်ပစ္စည်းအားလုံး သုည ဖြစ်ကုန်မှာ။

**L.C ။ ။ မြန်မာနိုင်ငံအနေနဲ့ ဘယ်ပစ္စည်းကို ထုတ်ပြီးပြိုင်မယ်ဆိုရင် ရနိုင်ပါသလဲ။**

**UMMY** ။ ။ လယ်ယာထွက်ကုန်ကိုပြိုင်ရင်တော့ လိုက်နိုင်တဲ့သဘောရှိတယ်။ အခုတိုင်းဆိုရင် အာဆီယံခြောက်နိုင်ငံရဲ့အခွန်က သုညဖြစ်နေပြီ။ မြန်မာနိုင်ငံက အကောက်ခွန်သုညအထိ မဖြစ်သေးဘူး။ တော်တော်များများက အကောက်ခွန်နှုန်းရှိသေးတယ်။ ၂၀၁၅ ရောက်မှ သုညဖြစ်မှာ။ ၂၀၁၅ အပြင်ကိုထပ်ပြီးတော့မှ ၂၀၁၅ မှာ သုညမချသေးဘူး။ တချို့ပစ္စည်းက ပြည်တွင်းအတွက် လိုအပ်နေသေးတယ်။ အရေးကြီးနေသေးတယ်ဆိုရင် ၂၀၁၈ ကျမှ သုညချလို့ရမယ်။ နောက်ထပ်သုံးနှစ် မြန်မာနိုင်ငံကိုခွင့်ပြုထားတယ်။ အဲဒါက နောက်ဝင်တဲ့ လေးနိုင်ငံပေါ့။ မြန်မာနိုင်ငံအနေနဲ့ ကိုယ့်အတွက် အရေးကြီးတယ်လို့ထင်တဲ့ပစ္စည်းကို ၂၀၁၈ အထိ ဆွဲထားလို့ရတယ်။ ဆိုလို

www.foreverspace.com.mm

အခြေအနေ တစ်ခုကို ဦးမောင်မောင်ရီက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံသည် AFTA အတွက် ဒုတိယအချက်အဖြစ်ပြင်ဆင်လုပ်ဆောင်ရမည့်ကဏ္ဍမှာ ဝန်ဆောင်မှုလုပ်ငန်းများပင် ဖြစ်သည်။ ထို့ပြင် ကုန်ထုတ်မှုအတွက် အဓိကအခြေခံလိုအပ်သောစွမ်းအင်ကိုလည်း လုံလောက်စွာ ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ အထက်ပါ ဝန်ဆောင်မှုလုပ်ငန်းကဲ့သို့သော စီးပွားရေးရေခံမြေခံများကို ပြောင်းလဲဖြည့်ဆည်းပေးမှုသာလျှင် AFTA တွင်ပါဝင်သည့် အကောက်အခွန်မဟုတ်သော အတားအဆီးများကို ဖယ်ရှားပေးရာရောက်မည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာ ဝန်ဆောင်မှုက အရမ်းအားနည်းနေသေးတယ်။ AFTA မှာက အကောက်ခွန်နှုန်းဖယ်ရှားပေးဖို့ တစ်ခုတည်းမဟုတ်ဘူး။ အကောက်ခွန်မဟုတ်တဲ့အတားအဆီးတွေလည်းပါတယ်။ အကောက်ခွန်မဟုတ်တဲ့ အတားအဆီးဆိုတာက ကုန်ပစ္စည်းဝယ်တဲ့အခါ အပယ်ဟန့်အတားဖြစ်စေတာမျိုးပေါ့ "ဟု ဒေါက်တာခင်အုံးသန့်က ရှင်းပြသည်။

ဝန်ဆောင်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ပေးလိုက်ခြင်းသည် ကုန်သွယ်မှုကိုသာ အဆင်ပြေသွားရုံသာမက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများလည်း ရရှိလာနိုင်သည့် အခွင့်အရေးများရှိသည်။



ပြည်တွင်းထုတ်လုပ်သူများအတွက် ယှဉ်ပြိုင်မှုဖိများလာမည်

မြန်မာနိုင်ငံတွင် နည်းပညာ လိုအပ်ချက်များ ရှိနေသေးသည်ဖြစ်ရာ အာဆီယံ လွတ်လပ်သော ကုန်သွယ်ရေးဒေသတွင် စက်မှုထုတ်ကုန်နှင့် ပတ်သက်ပြီး ယှဉ်ပြိုင်မည်ဆိုပါက အခက်အခဲများ ရှိနေသေးသည်။

"အခု လမ်းဘေးမှာ

---

ချင်တာက ဒါက အကာအကွယ်ပေးလို့ရတယ်ဆိုတဲ့သဘော။ အကောက်အခွန်နဲ့ ပြည်တွင်းကို အများကြီးမဝင်အောင် အကာအကွယ်ပေးထားနိုင်တဲ့သဘော။ သူညချရင် အကာအကွယ်မရှိတော့ဘူး။ ပစ္စည်းတွေက ဒလဟောဝင်ကုန်မှာပေါ့။ ယေဘုယျပြောရမယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံတွေကို လယ်ထွက်ကုန်ပစ္စည်းနဲ့ပတ်သက်လို့တင်ပို့မယ်ဆိုရင်တော့ အခုထိယှဉ်ပြိုင်နိုင်တဲ့ အနေအထားရှိပါတယ်။

**L.C ။ ။ ပြည်တွင်းလုပ်ငန်းရှင်တွေ အနေနဲ့ရော ဘယ်လိုပြင်ဆင်ထားသင့်ပါသလဲ။**

**UMMY ။ ။** ဒီနေရာမှာ နှစ်ပိုင်းရှိတယ်။ ကုန်သည်ပွဲစားနဲ့ ထုတ်လုပ်တဲ့သူက မတူဘူး။ ကုန်သည်ဆိုတာက ငွေအရင်းအနှီးပေါ်မူတည်ပြီးတော့ လုပ်ကိုင်စားသောက်ချင်တဲ့လူ၊ အကျိုးအမြတ်ရဖို့လုပ်တာ ထုတ်လုပ်တဲ့သူဆိုတာက အရင်းအနှီးထည့်ပြီးတော့ ကုန်ပစ္စည်းထွက်အောင် လုပ်တာ။ အခုဖြစ်နေတာက လျှပ်စစ်ပစ္စည်းတွေဆိုရင် မြန်မာနိုင်ငံမှာ ထုတ်တာမရှိဘူး။ အခြား အာဆီယံနိုင်ငံတွေက တင်ပို့ကြတယ်။ အကောက်ခွန်နှုန်းထားက သုညဆိုတော့ မြန်မာနိုင်ငံက ကုန်သည်တွေက ဝမ်းသာတာပေါ့။ ကုန်သည်ပွဲစားက နိုင်ငံမျက်နှာကြည့်တာ မဟုတ်ဘူး။ သူ့အကျိုးအမြတ်ဖို့ တစ်ခုတည်း ကြည့်တာ။ ငွေအရင်းအနှီးပေါ်မှာ မူတည်ပြီး သွင်းကုန် ထုတ်ကုန်လုပ်တာ။ ခုကုန်စည်ပြပွဲတွေ လုပ်နေတာဟာ Import Promotion လုပ်နေတာ။ Export Promotion လုပ်နေတာမဟုတ်ဘူး။ AFTA ဆိုတာက Export ကို Drive လုပ်နေတာ။ အခု အဲဒီသဘောကိုမတွေ့ရဘူး။ အခြားနိုင်ငံရဲ့ ပစ္စည်းကို တစ်ဦးတည်းကိုယ်စားလှယ် လုပ်ပြီး ဖြန့်နေတာ။ အခြားနိုင်ငံရဲ့ပစ္စည်းကို Promotion လုပ်ပေးနေတာ။ အဲဒါက ဘယ်သူတွေလဲဆိုတော့ နိုင်ငံသားတွေ၊ ကုန်သည်ပွဲစားတွေ၊ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုက ငွေပေါ်မှာပဲ မူတည်ပြီး လုပ်တာ။ သူတို့ ပစ္စည်းထုတ်ဖို့ ကြိုးစားဖူးသလား၊ လုံးဝမကြိုးစားဘူး။ ပစ္စည်းမထုတ်ဘဲနဲ့ နိုင်ငံရဲ့ GDP ဘယ်လို တက်လာမလဲ။

www.foreverspace.com.mm





သွင်းကုန်အစားထိုးခြင်းသည် မှန်ကန်သောနည်းလမ်းမဟုတ်ပေ

တရုတ်ကလာတဲ့ နာရီတစ်လုံး တစ်ထောင်နဲ့ ရောင်းနေတယ်။ သူ့ရဲ့ထုတ်လုပ်မှုစရိတ်က ဘယ်လောက်ရှိမလဲ။ တစ်ဒေါ်လာတောင် မရှိဘူး။ ဒီလိုပစ္စည်းမျိုးကို မြန်မာပြည်မှာ ထုတ်နိုင်မလား”ဟု နည်းပညာနှင့်ပတ်သက်ပြီး ယှဉ်ပြိုင်မည်ဆိုပါက အခက်အခဲရှိနိုင်ပုံကို ဒေါက်တာအောင်ကိုကိုက ပြောကြားသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုဖွံ့ဖြိုးတိုး

---

မတက်နိုင်ဘူး။ GDP ဆိုတာ ကုန်ပစ္စည်း ထုတ်လုပ်မှုတန်ဖိုးကို ပြောတာ။ ဒီကုန်သွယ်မှုတန်ဖိုးဟာ တန်ဖိုးမှ မရှိတာ။ ရေရှည်အတွက် ကုန်ပစ္စည်း များများထုတ်နိုင်ဖို့ပဲ။ ပဲဆိုရင် အရင်က ပြည်ပကို တန်ချိန်တစ်သောင်းလောက်ပဲ ရောင်းနိုင်တယ်။ အခုဆိုရင် တန်ချိန်တစ်သိန်းနီးပါးလောက်ကို ရောင်းနိုင်နေတယ်။ ဒါဟာပြည်တွင်း ထုတ်လုပ်မှု တက်လာတာပဲ။ ဒါက GDP လို့ခေါ်နိုင်တယ်။ ထုတ်လုပ်မှု Manufacture ကြည့်လိုက်ရင် ဘယ်လိုမှမတက်နိုင်ဘူး။ Electronic ကဏ္ဍက မြန်မာပြည်မှာ လုံးဝမရှိသလောက်ဘဲ။ ဘက်ထရီတွေရှိတယ်။ ဒါပေမဲ့ ပြည်တွင်းလိုအပ်ချက်ကို မဖြည့်နိုင်ဘူး။ အဲဒီတော့ ပြည်ပကအကုန်ဝင်လာတယ်။ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်ကိုရီးယားကနေ ဘက်ထရီတွေ အလုံး အရင်းနဲ့ဝင်လာတော့ ပြည်တွင်းက ဘက်ထရီတွေ ဘယ်ယှဉ်နိုင်တော့မလဲ။ တာယာဆိုပါတော့ မြန်မာနိုင်ငံမှာ တာယာနဲ့ပတ်သက်လို့ စက်ရုံတွေ ထောင်ထားတာရှိတယ်။ အဲဒီစက်ရုံတွေက ယှဉ်နိုင်လား။ အခုဝင်လာတဲ့တာယာတွေက ပြည်ပကပဲဝင်လာတာ။ ဒီမှာက ရော်ဘာကို ကုန်ကြမ်းအဆင့် မလေးကိုရောင်းတယ်။ ထိုင်းကိုသွားတယ်၊ ဂျပန်ကိုသွားတယ်၊ အိန္ဒိယကိုသွားတယ်၊ တရုတ်ကိုသွားတယ်။ ဒါပေမဲ့ ကုန်ချောဖြစ်တဲ့တာယာတွေကတော့ တရုတ်က ဒလဟော ဝင်တယ်။ ထိုင်း၊ မလေးရှား၊ ဂျပန် ဒီနိုင်ငံတွေကလည်းဝင်တယ်။ အဲဒီတော့ ပြည်တွင်းထုတ်လုပ်မှုက မယှဉ်နိုင်ဘူး။ သူတို့ဝင်လာတာကို လက်ခံနေရတဲ့သဘောရှိတယ်။ AFTA ဝင်ပြီးရင် ရမယ့်အခွင့်အရေးကရှိတယ်။ အခု စက်မှုလုပ်ငန်းတွေက ဟိုနိုင်ငံတွေမှာ အကောက်ခွန် သုညဖြစ်နေပြီ။ ဒီမှာက အကောက်ခွန် နည်းနည်းပါးပါးရှိနေသေးတယ်။ ဒါလေးကို အကာအကွယ်ယူပြီးတော့ ဒီမှာရင်းနှီးမြှုပ်နှံပြီး အဲဒီနိုင်ငံတွေကို ပို့မယ်ဆိုရင်ရတယ်။ ဒါပေမဲ့ ဒီမှာက နည်းပညာလိုနေသေးတယ်။ ရင်းနှီးမြှုပ်နှံမှုကောရှိလား။ ဒါဆိုရင် ဒါတွေကို ဘယ်ကရမလဲ။ ပြည်ပကရနိုင်တယ်။ ပြည်ပနဲ့ပူးပေါင်းရမယ်။ ပြည်ပက ဒီမှာလာပြီး ရင်းနှီး

www.foreverspace.com.mm



ဗီယက်နမ်က ခြေချလာပြီဖြစ်သည်

တက်ရေးကိုလျှောက်လှမ်းရမည်ဖြစ်သောကြောင့် နည်းပညာ မလွဲမသွေ လိုအပ်သည်။ မည်သို့ပင်ရှိနေစေကာမူ ခေတ်မီအဆင့်မြင့်သော စက်မှုထုတ်ကုန်များကို ထုတ်လုပ်ရမည်ဖြစ်သည်။

ပြည်တွင်းစက်မှုကဏ္ဍဖွံ့ဖြိုးရေးဟုဆိုရာတွင် လက်ရှိလည်ပတ်နေသော စက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ရေးနှင့် စက်မှုလုပ်ငန်းသစ်များထပ်မံပေါ်ထွက်လာစေရန်အတွက် ကြိုးစားရပေလိမ့်မည်။ မြန်မာနိုင်ငံတွင်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သည့်နောက်ပိုင်း ပြည်ပမှ ကုန်ပစ္စည်းများ ဝင်ရောက်လာခဲ့ရာ ပြည်တွင်းရှိအိမ်တွင်းစက်မှုလုပ်ငန်းစနစ်များသည် ကုန်ပစ္စည်းထုတ်လုပ်မှုတွင်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ လုပ်ငန်းများ ပပျောက်သွားသည့် အခြေအနေသို့ရောက်ခဲ့သည်။ အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ AFTAဖြစ်လာမည်ဆိုပါကလည်း ပြည်တွင်းထုတ်လုပ်သူများအနေဖြင့် ယှဉ်ပြိုင်မှုများ ပိုများလာမည် ဖြစ်ရာ ယင်းအခြေအနေအတွက် ကြိုတင်ပြင်ဆင်ရတော့မည်ဖြစ် သည်။

"အရင်ပုံစံဟောင်းတွေနဲ့ သွားလို့တော့မရဘူး။ ထပ်ဆင့်အရည်အသွေးမြှင့်ပြီး ဈေးနှုန်းသက်သာတဲ့ ကုန်ပစ္စည်းတွေ ထုတ်လုပ်ရတော့မယ်"ဟု ဒေါက်တာအောင်သိန်းက ပြောကြားသည်။

အလားတူ မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများသို့ ကုန်ကြမ်းပစ္စည်း အများစုကိုသာ တင်ပို့နေခြင်းဖြစ်ရာ ယင်းအခြေအနေမှ တစ်ဆင့်တက်၍ တစ်ဝက်တစ်ပျက် ကုန်ချောထုတ်လုပ်ခြင်း၊ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်းအဆင့်များသို့ တက်လှမ်းရတော့မည်ဖြစ်သည်။ ယင်းသို့ တစ်ဆင့်တက်လိုက်ခြင်းသည် နိုင်ငံ၏ထုတ်လုပ်မှုကို မြှင့်တင်ရာရောက်သလို နိုင်ငံသားများအတွက် အလုပ်အကိုင် ဖန်တီးပေးရာလည်း ရောက်သည်။

"မြန်မာနိုင်ငံက ရော်ဘာတွေက ကုန်ကြမ်းအဖြစ် တရုတ်၊ ထိုင်း၊ မလေးရှား စတဲ့နိုင်ငံတွေကို ရောက်သွားတာ၊ ပြီးတော့ ကားတာယာ ကုန်ချောအဖြစ် မြန်မာပြည်ကို အလုံးအရင်းနဲ့ ပြန်ဝင်လာတယ်။ ဒီလိုမျိုးမဖြစ်အောင် ပြည်တွင်းမှာတင် ကုန်ချော

မြှုပ်နှံမယ်ဆိုရင် နည်းပညာလည်းရမယ်။ ရင်းနှီးမြှုပ်နှံမှုလည်းရမယ်။ ပြီးရင် ဈေးကွက်လည်းရမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာက ငွေချည်းလာတာမဟုတ်ဘူး။ သူတို့ရဲ့ကျွမ်းကျင်သူတွေရော နည်းပညာပါ ပါလာမယ်။ ပြီးရင် သူတို့မှာ ဈေးကွက်ကလည်း ရှိပြီးသားဖြစ်မယ်။ ကိုယ့်ရဲ့လူတွေကို လေ့ကျင့်ပေးပြီး သုံးမယ်၊ ကုန်ကြမ်းတွေကို သုံးမယ်၊ အနည်းဆုံး သုံးလေးနှစ်နဲ့တော့ အဲဒီစက်ရုံကြီးကို ဆွဲယူလို့မရဘူး။ သူက ရင်းနှီးထားရတာ။ သူ့ရဲ့နည်းပညာက လွယ်လွယ်ကူကူ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ ရှာကြံထားတာ။ အနည်းဆုံး ဆယ်နှစ် ဆယ့်ငါးနှစ် အမြတ်ခွဲပေးရမှာပဲ။ အဲဒီတော့မှ ကိုယ့်ဆီက လူတွေ လေ့ကျင့်သားရနေမှာ။ နည်းပညာကို လွှဲယူလို့ရမှာ။ အဲဒီအခါကျရင် ဈေးကွက်လည်း အဆင်သင့်ဖြစ်နေပြီ။

ထုတ်လုပ်မှုကိုလုပ်မယ်ဆိုရင် ပြည်တွင်းက ကိုယ့်ရဲ့နည်းပညာကို အားကိုးလို့တော့မရဘူး။ အခြားနဲ့ပူးပေါင်းရမယ်။ အခု ရေနံတွေထုတ်နေတယ်။ အဲဒီနည်းပညာ ကိုယ့်မှာမှ မရှိတာ။ သူတို့ လာမလုပ်ရင် ရမလား။ အဲတော့ AFTA မှာ အခုရှိနေတဲ့ အတောအတွင်း ငါးနှစ်ကို ကိုယ့်မှာရှိတဲ့ ကုန်ကြမ်းကို အခြေခံတဲ့ကုန်ပစ္စည်းတွေ ထုတ်လုပ်သင့်တယ်။ ဒါက စီးပွားရေးလုပ်ငန်းရှင်တွေ လုပ်ရမယ်။ စီးပွားရေးလုပ်ငန်းရှင်ဆိုတဲ့နေရာမှာ ကုန်ထုတ်လုပ်မှုကို လုပ်နေတဲ့လုပ်ငန်းရှင်ကို ပြောတာ။ ဟိုပစ္စည်း ဒီပစ္စည်းကိုဝယ်ပြီး ပြန်ရောင်းနေတဲ့သူကို ပြောတာမဟုတ်ဘူး။ ကုန်သည် ပွဲစားကိုပြောတာမဟုတ်ဘူး။ ထုတ်လုပ်သူလုပ်ငန်းရှင်တွေက ရေရှည်ကိုကြည့်ပြီးတော့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို နှစ်ရှည်နှစ်လတ် အကျိုးတူပူးပေါင်း လုပ်ဆောင်ပြီး ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကိုမသွားရင် AFTA ဟာ ကိုယ့်အတွက် အကျိုးမရှိဘူး။ ပေးထား တဲ့အခွင့်အရေးကို အသုံးမချနိုင်ဘူး။ ဒီသဘောတူညီချက်တွေက ရေရှည်သွားမှာ။ ဒီကမထွက်မချင်း နိုင်ငံတည်သရွေ့သွားမှာ ၂၀၁၅ ရောက်လို့ ကုန်ပစ္စည်းတွေရဲ့ အကောက်ခွန်သုညဖြစ်ရင် ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်ထုတ်လုပ်မှုများများလုပ်နိုင်တဲ့ နိုင်ငံ

www.foreverspace.com.mm



အပြော့ထုတ်နိုင်အောင် ကြိုးစားရမယ်” ဟု မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်ဖြစ်လာစေရန် ပါဝင်ဆောင်ရွက်ပေးခဲ့သူတစ်ဦး ဖြစ်သည့် ဦးမောင်မောင်ရီ (ဘောဂဗေဒ) က ပြောကြားသည်။

ထို့ပြင် လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရေအတွက်သည် မပြောပလောက်သော အရေအတွက်သာရှိနေသေးရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ကို ရရှိရေးအတွက် ကြိုးစားရမည်။ FDI သည် နိုင်ငံရှိ ပြည်သူများကို အလုပ်အကိုင်ပေးထားနိုင်သည့်အပြင် နည်းပညာလိုအပ်ချက်ရှိနေသော မြန်မာနိုင်ငံ




AFTA တွင် ယှဉ်ပြိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍသည် အကောင်းဆုံးဖြစ်သည်

တွေက သာ သွားမှာပဲ။ အဲဒီအချိန်ရောက်မှ တားလို့လည်း မရတော့ဘူး။ အဲဒီတော့ အခု ငါးနှစ်အချိန်ရသေးရင် သေသေချာချာစီမံချက်ချပြီး ဘယ်ကုန်ပစ္စည်းဟာ ကိုယ့်စီမှာ ကုန်ကြမ်းများများထွက်မလဲ။ လူများများသုံးနိုင်မလား။ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့နေရာမှာလည်း အလုပ်အကိုင်များများပေးနိုင်တဲ့လုပ်ငန်းဟာ ပိုကောင်းတယ်။ ဥပမာ–အခုရေနံ လာတူးဖော်တယ်။ အလွန်ကောင်းတာပေါ့။ ဘီလီယံနဲ့ချီပြီး ရင်းနှီးထားတယ်။ ဒါပေမဲ့ အဲဒီရေနံတွင်းတစ်တွင်းက အလုပ်သမားဘယ်လောက်ကို အလုပ်အကိုင် အခွင့်အလမ်းပေးမှာလဲ။ ကျွမ်းကျင်တဲ့သူရှိလား။ အများစုက ဟိုကခေါ်လာမှာ။ ဒီမှာကတော့ သူတို့ခိုင်းတာလုပ်ရမယ့်သူတွေလောက်ပဲရှိတာ။ ဒီမှာ သွားလုပ်တဲ့သူကရော ဘယ်လောက်များမလဲ။ လူထောင် ဂဏန်းမရှိဘူး။ ရာဂဏန်းပဲရှိတာ။ ပိုက်လိုင်းသွယ်တယ်ဆိုတာက အလုပ်ကြမ်းသမားပဲ အလုပ်ရတာ။ ပိုက်လိုင်းလည်းသွယ်ပြီးရော အဲဒီအလုပ်ကြမ်းသမားတွေ အလုပ်မရှိတော့ဘူး။ ယာယီအလုပ်ပဲ ကျွမ်းကျင်တဲ့သူတွေက ပဲလုပ်သွားမှာ။ ဒါပေမဲ့ ရင်းနှီးငွေ မီလီယံ ၂၀၀၊ ၃၀၀ ရှိတဲ့ ကုန်ထုတ်လုပ်ငန်းတစ်ခု လုပ်မယ်ဆိုရင်တော့ အလုပ်သမား ငါးထောင်၊ တစ်သောင်း အလုပ်ရနိုင်တယ်။ တစ်ဘီလီယံလောက် စီမံကိန်းတစ်ခုဆို စက်ရုံ၊ အလုပ်ရုံပေါင်းဘယ်လောက်များမလဲ။ အလုပ်အကိုင်ပေါင်း ဘယ်လောက်ရမလဲ။ သောင်းနဲ့ သိန်းနဲ့ချီပြီး ရတာ။ ရင်းနှီးမြှုပ်နှံမှုလို့ ပြောလိုက်တိုင်း အလုပ်အကိုင် ဘယ်လောက်ဖန်တီးပေးနိုင်မလဲဆိုတာ ကြည့်ရမယ်။ ကိုယ့်နိုင်ငံမှာ ကျောင်းတွေက ထွက်နေတာ ဘယ်လောက်များလဲ။ YIT လို ဟာမျိုးပေါ့။ ဆရာဝန်ဆိုရင်ရောဘယ်လောက်များလဲ။ ထွက်လာပြီးရင် သူတို့အတွက် အလုပ်အကိုင်ရှိလား။ ခုနကလို သောင်းနဲ့သိန်းနဲ့ချီတဲ့ အလုပ်အကိုင်ပေါ်လာရင် သူ့နေရာနဲ့သူ ဝင်သွားမှာပေါ့။

ဒါကြောင့်ပြောချင်တာက နှစ်ပိုင်း။ ကုန်သည်ပွဲစားအတွက်ကတော့ အဆင်ပြေတယ်။ ဒါပေမဲ့ နိုင်ငံအတွက် အကျိုးရှိလားဆိုတော့ လုံးဝအကျိုးမရှိဘူး။ ဒီအကောက်ခွန်လျှော့

www.foreverspace.com.mm



အတွက်လည်း နည်းပညာများရရှိလာနိုင်သည့်အခွင့်အလမ်းတစ်ခုဖြစ်သည်။

"FDI ဝင်လာရင် ငွေကြီးပဲပါလာတာမဟုတ်ဘူး။ နည်းပညာနဲ့ ဈေးကွက်ပါ ပါလာတယ်။ ကိုယ်က သူတို့နဲ့ပေါင်းပြီး ၁၀ နှစ်လောက်တော့ အမြတ်ခွဲယူရမှာလေ။ ပြီးတော့ ကိုယ်က လေ့ကျင့်သားရလာတဲ့အခါ ဒီလုပ်ငန်းကိုလွှဲယူပေါ့။ အဲဒါဆို နည်းပညာအပြင် ဈေးကွက်ပါရမှာ" ဟု FDI မှရရှိလာနိုင်သည့်အခွင့်အလမ်းများကို ဦးမောင်မောင်ရီက ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် FDI ရရှိရေးအတွက် တစ်ဖက်က ကြိုးစားရမည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်၌လည်း မည်ကဲ့သို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လက်ခံရမည်ကို စဉ်းစားရမည်ဖြစ်သည်။

"FDI လက်ခံတဲ့အခါမှာ စဉ်းစားရမယ်၊ ဥပမာ–ရေနံတွင်းတူးတာမျိုးဆိုရင်ကောင်းတယ်။ အစိုးရအတွက် ဝင်ငွေရမယ်။ ဒါပေမဲ့



မည်သည့် လုပ်ငန်း၊ မည်သည့် ပို့ကုန်က အားသာသည်ကို ဆန်းစစ်ရမည်

လိုက်တဲ့အတွက်ပေါ့။ Import တွေသာများလာတယ်။ Export တွေကမရှိဘူး။ ကုန်ထုတ်လုပ်မှုအတွက် သွားတဲ့အခါကျမှသာ AFTA အကျိုးကို ကောင်းကောင်းခံစားရမယ်။ အခုအတိုင်းဆို မယှဉ်ပြိုင်နိုင်ဘူး။ ဥပမာ–တရုတ်နဲ့၊ အာဆီယံနဲ့ AFTA လုပ်လိုက်တဲ့အခါကျတော့ အင်ဒိုနီးရှားရဲ့ စက်မှုလုပ်ငန်းတချို့က တရုတ်ကိုမယှဉ်ပြိုင်နိုင်ဘူးဆိုပြီး အော်ဟစ်နေရတယ်။ သူတို့ဆီမှာ စက်မှုလုပ်ငန်း ဒီလောက်မြင့်နေတာတောင်မှ တကယ်တမ်းဆိုရင် တရုတ်ကို မယှဉ်နိုင်ဘူး။ အော်ဟစ်တယ်ဆိုတာက သူတို့နိုင်ငံမှာရှိတဲ့ စက်ရုံတွေရပ်သွားရင် အလုပ်သမားတွေ အလုပ်ပြုတ်ကုန်မှာပေါ့။ ဒီမှာက အော်တဲ့သူရှိလား။ ပြောရကောင်းမှန်းတောင်သိမှာမဟုတ်ဘူး။ ရှိမှန်းလည်း သိပုံရမှာမဟုတ်ဘူး။

**L.C ။ ။ AFTA နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ သိတဲ့သူက နည်းနေတဲ့အနေအထားမှာရှိနေတော့ AFTA ကို ပြည်သူတွေ၊ လုပ်ငန်းရှင်တွေ သိလာအောင် ဘယ်လိုလုပ်သင့်ပါသလဲ။**

**UMMY ။ ။** အခု AFTA နဲ့ပတ်သက်လို့ ဆွေးနွေးပွဲတွေ လုပ်နေကြတယ်လို့ သတင်းတွေမှာ တွေ့တယ်။ စက်မှုဇုန်တွေမှာလည်းလုပ်တယ်။ UMFCC မှာလည်း လုပ်တာတွေ့တယ်။ ပညာပေးတဲ့အပိုင်းနဲ့ ဆွေးနွေးမှုအပိုင်းက နှစ်ပိုင်းရှိတယ်။

ပညာပေးအပိုင်းဆိုတာက AFTA ရဲ့ သဘောထားနဲ့ ရရှိလာမယ့် အကျိုးကျေးဇူး၊ ကိုယ်ကပြန်ပေးရမယ့် နစ်နာမှုတွေ အဲဒီလိုအကျိုးအပြစ်တွေကို သိအောင်ပေါ့။ ပညာပေးရမယ်။ အဲဒီပညာပေးအပိုင်းကတော့ Seminar မှာ ပြောရုံနဲ့မရတော့ဘူး။ အပြန်အလှန်မေးခွန်းတွေမေးမယ်။ အသေးစိတ်သွားတော့မှာပေါ့။ ဒီသဘောတူညီချက်တစ်ခုလုံးရဲ့ အသေးစိတ်ကို နိုင်ငံအလိုက် ရှင်းရမယ်။ ကျောင်းမှာ ဘာသာရပ်တစ်ခု သင်သလိုပေါ့။ သင်ကြားပေးမှုရမယ်။ သူက ဘာသာ

www.foreverspace.com.mm



အလုပ်သမား ဘယ်လောက်ခန့်နိုင်မလဲ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းဆိုရင် အလုပ်သမားထောင်နဲ့သောင်းနဲ့ချီပြီးအလုပ်ရမှာ၊ ဒါကိုလည်းစဉ်းစားရမယ်" ဟု ဦးမောင်မောင်ရီက ဆက်လက်အကြံပြုပြောကြားသည်။

အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသသည် အာဆီယံနိုင်ငံများအတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် မိမိနိုင်ငံအတွက် အားသာသော ကုန်ပစ္စည်းများကို ဒေသတွင်း၌ ယှဉ်ပြိုင်နိုင်မှသာလျှင် အခွင့်အလမ်းများရရှိမည်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှအစ ဝန်ဆောင်မှုလုပ်ငန်းအလယ်၊ စက်မှုနှင့် နည်းပညာလုပ်ငန်းအဆုံး မည်သည့်လုပ်ငန်းက မိမိနိုင်ငံအတွက်အားသာချက်ရှိသည်ကို လေ့လာဆန်းစစ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ၁၀ နိုင်ငံသည် နည်းပညာတွင် ထိပ်တန်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် ဆက်စပ်နေရခြင်းဖြစ်ရာ တရုတ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများ၏ လွှမ်းမိုးမှုကို ခံနေကြရသည်။ တစ်နိုင်ငံချင်းအနေဖြင့် တရုတ်နိုင်ငံကုန်ပစ္စည်းများကို မယှဉ်ပြိုင်နိုင်ရာ ဒေသတွင်းနိုင်ငံများစုပေါင်း၍ ကုန်ထုတ်လုပ်မည်ဆိုပါက အောင်မြင်နိုင်သည့်အခြေအနေများရှိနေသည်။ ယင်းနှင့်ပတ်သက်၍ ဒေါက်တာအောင်သိန်းက ပြောကြားရာတွင် "ကိုယ့်နိုင်ငံမှာ အားသာတဲ့ပစ္စည်းအစိတ်အပိုင်းတွေကို ထုတ်လုပ်ဖို့ပဲ။ ကွန်ပျူတာထုတ်တယ်ဆိုပါစို့။ ဥပမာ-စင်ကာပူက နည်းပညာမြင့်တော့ Mother Board ထုတ်၊ အလားတူ အခြားနိုင်ငံတွေကလည်း ကိုယ်အားသန်တဲ့ပစ္စည်းကိုထုတ်ပေါ့။ မြန်မာနိုင်ငံက လုပ်သားများတော့ ဒီမှာလာပြီး တပ်ဆင်ပေါ့။ နောင်မှာ ဒါမျိုးတွေ လုပ်သွားရမယ်" ဟု ၎င်းကပြောကြားသည်။



မည်သည့် FDI ကို လက်ခံရမည်ကို ကြိုတင်စဉ်းစားရမည်

ရပ် ဖြစ်သွားပြီ။ အာဆီယံဆိုတာ နှစ်ပေါင်းကြာပြီ။ အစဉ်အဆက်က ပြောင်းလဲလာတဲ့သဘောတရားနဲ့ ဘယ်ကိုရည်မှန်းပြီး လုပ်နေတယ်ဆိုတာတွေကို စီးပွားရေးအပိုင်းကနေ သိဖို့ဆိုရင် ဘာသာရပ်တစ်ခုလို လေ့လာရတော့မယ်။ အခု UMFCCI နဲ့ ကုန်သွယ်ရေးတွေမှာ သင်တန်းတွေပေးနေတယ်။ ဘာသာရပ်တစ်ခုအနေနဲ့ သေသေချာချာသင်ကြားတဲ့ သဘောမျိုး သွားဖို့ကောင်းတယ်။ ယေဘုယျလောက်ပဲ ပြောလို့ မရတော့ဘူး။ ဒါမှအခြေခံသဘောကို နားလည်ပြီးတော့ သူတို့လည်း စဉ်းစားလာမယ်။ ဒါက ဘယ်အဆင့်လဲဆိုရင် အလယ်အလတ်အဆင့် ဥပမာ-ကုန်ထုတ်လုပ်မှုလုပ်ငန်း လုပ်နေတဲ့သူတွေ မန်နေဂျာလုပ်နေတဲ့သူတွေပေါ့။ ကုန်သည်ပွဲစားဆိုလည်း ငါလုပ်နေတာ နိုင်ငံအတွက် အကျိုးရှိလား၊ မရှိဘူးလား ဆိုတာမျိုး သိသွားမှာပေါ့။ ဒီလိုဆိုရင် သူက ထုတ်လုပ်မှုဘက်ကို ပြောင်းရင် ပြောင်းသွားနိုင်တယ်။ အောက်က ဝန်ထမ်းငယ်တွေကို သွားပေးလို့ အလကားပဲ။ သူတို့မှာ ဆုံးဖြတ်ပိုင်ခွင့်၊ တင်ပြခွင့် ဆိုတာလည်း မရှိဘူး။ အလယ်အလတ်ကျတော့ အပေါ်နဲ့နီးစပ်တယ်။ သူကအစည်းအဝေးတွေမှာ ပြောလို့ရတယ်။ ဒါက တစ်ပိုင်း။

နောက်ပြီးတော့ Seminar ဆိုတာ အမျိုးမျိုးရှိတယ်။ လူကြားကောင်းအောင်လုပ်တဲ့ Seminar ၊ ဒါက မီဒီယာမှာထည့်လိုက်တာမျိုး။ ဒီလိုမျိုးမဟုတ်ဘူး။ တကယ့်ထုတ်လုပ်သူတွေနဲ့ တာဝန်ခံဌာနက လူတွေပေါင်းပြီးတော့ နှစ်ရက်၊ သုံးရက်လောက် ထိထိရောက်ရောက် ဆွေးနွေးလိုက်မယ်ဆိုရင် ဘာလုပ်သင့်တယ်ဆိုတာ ပေါ်လာမှာပေါ့။ အဲဒီမှာ ကျွမ်းကျင်တဲ့သူကတော့ ဦးဆောင်ရမှာပေါ့။ အဓိကအကြောင်းအရာတစ်ခုကို အချက်အလက်အပြည့်အစုံနဲ့ ပြင်ဆင်မှုကောင်းကောင်းလုပ်ပြီး Seminar လုပ်သင့်တာပေါ့။ ဒီနေရာမှာ UMFCCI ကလူတွေ၊ စီးပွား/ ကူးသန်းကလူတွေ၊ AFTA Unit ကလူတွေ၊ စက်မှု

www.foreverspace.com.mm



စိုက်ပျိုးရေးထုတ်ကုန်ကို အခြေခံ၍ စက်မှုဖွံ့ဖြိုးမှုကို ဖော်ဆောင်ရမည်

## အစိုးရပံ့ပိုးမှု

မြန်မာနိုင်ငံအနေဖြင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသတွင် အခြားသောနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်နိုင်ရန်အထက်ပါ ကြိုတင်ပြင်ဆင်မှုများ အကောင်အထည်ဖော်ရေးအတွက် အစိုးရ၏ ပံ့ပိုးကူညီမှုများ များစွာလိုအပ်သည်။ AFTA နှင့်ပတ်သက်သည့် လုပ်ငန်းများ အကောင်အထည်ဖော်ရန် သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ ပေါ်ပေါက်လာရန် ဦးစွာလိုအပ်သည်။

"Asean Steering Committee အရင်ဖွဲ့ရမယ်။ AFTA နဲ့ပတ်သက်တာမှန်သမျှ ဒီအဖွဲ့ကဆောင်ရွက်မယ်၊ ဒီအဖွဲ့ကိုပဲတင်ပြရမယ်။ အဲဒါမျိုးလုပ်သွားရမယ်" ဟု ဒေါက်တာခင်အုံးသန့်က ပြောကြားသည်။

ယင်းကဲ့သို့သော အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရန်မှာ အစိုးရ ဦးဆောင်ပံ့ပိုးမှုများ များစွာလိုအပ်သည်။ မူဝါဒများချမှတ်ခြင်း၊ လုပ်ပိုင်ခွင့်အခွင့်အလမ်းများပေးခြင်းသည်လည်း အစိုးရ၌သာ မူတည်၍နေသည်။

"AFTA ရဲ့ Impact ကို အကျိုးအရှိဆုံးဖြစ်အောင် အစိုးရ အဖွဲ့အစည်းတွေက ဖန်တီးမှုတွေ ပံ့ပိုးပေးဖို့လိုအပ်ပါတယ်" ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက ပြောကြားသည်။

"AFTA မှာ ယှဉ်ပြိုင်နိုင်ဖို့က အစိုးရရဲ့ပံ့ပိုးမှုတွေ လိုအပ်တယ်။ တချို့ကိစ္စတွေမှာ ကိုယ်ကသိပေမယ့် ဘာမှမလုပ်နိုင်ပဲ လက်ပိုက်ကြည့်နေရတာမျိုးတွေရှိတယ်" ဟု ဒေါက်တာအောင်သိန်းက ပြောကြားသည်။

ထို့ပြင် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဒေသတွင် နိုင်ငံများအကြား ပြိုင်ဆိုင်မှုများပြုလုပ်လာကြမည်ဖြစ်ရာ မြန်မာနိုင်ငံ အတွင်းရှိ လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်နိုင်မှသာလျှင် ယှဉ်ပြိုင်မှုများအားကောင်းလာမည်ဖြစ်သည်။ လက်ရှိတွင် အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းအချို့ကို ပုဂ္ဂလိက ပိုင်အဖြစ် ပြောင်းလဲပေးနေခြင်းမှာလည်း အနာဂတ်အတွက် ကောင်းမွန်သော အလားအလာများပင် ဖြစ်သည်။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် လိုအပ်သော နည်းပညာနှင့် အရင်းအနှီးများကိုလည်း ပံ့ပိုးပေးရမည်ဖြစ်သည်။

"ပုဂ္ဂလိကကဏ္ဍကိုဖွင့်ပေးနိုင်မှ မြန်မာနိုင်ငံအတွက် AFTA

(၁) ဝန်ကြီးဌာနက တာဝန်ရှိတဲ့သူတွေ၊ ဒီလိုမျိုးသက်ဆိုင်ရာ ကျွမ်းကျင်တဲ့သူတွေနဲ့ ပူးပေါင်းပြီးတော့ လုပ်သင့်တာပေါ့။ လယ်ယာစိုက်ပျိုးရေးမှာဆိုရင်လည်း ကျွမ်းကျင်တဲ့သူတွေ ရှိတယ်။ AFTA မှာပါတဲ့ ဦးစားပေးကဏ္ဍ ၁၃ ခုထဲက လယ်ယာသားငါးကဏ္ဍကို မြန်မာနိုင်ငံက ဦးဆောင်တယ်။

**L.C ။ ။ မြန်မာနိုင်ငံမှာ ပြည်သူရော၊ စီးပွားရေးလုပ်ငန်းရှင်အများစုရော၊ အစိုးရပိုင်းကရော AFTA နဲ့ပတ်သက်ပြီး ပြင်ဆင်ထားတာ သိပ်မတွေ့ရဘူး။ ပြောဆိုဆွေးနွေးတာလည်း သိပ်မရှိတော့ ဒီအပေါ်မှာ စိတ်ဝင်စားမှုမရှိတာလား။**

**UMMY** ။ ။ မသိတာလည်း တစ်ဝက် ဖြစ်လိမ့်မယ်။ တချို့က မသိဘူး။ သူ့လုပ်ငန်းလေး အဆင်ပြေပြေသွားနေရင် ပြီးရော။ သိပ်ပြီးအများကြီး မမှန်းဘူး။ တချို့ ပြည်ပကိုမှန်းပြီးတော့ ပြည်ပနဲ့ဆက်သွယ်ပြီး လုပ်မယ်ဆိုတာ သိပ်မရှိဘူး။ ဒါကြောင့် လုပ်ငန်းတွေ တိုးတက်မှုနည်းတာပေါ့။

**L.C ။ ။ စီးပွားရေးလုပ်ငန်းရှင်တချို့က လုပ်ချင်တယ်ဆိုပေမယ့် အစိုးရရဲ့ ကူညီမှုအပိုင်းက လိုနေသေးတယ်လို့ ပြောတယ်။ ဒါကိုရော ဘယ်လိုမြင်ပါသလဲ။**

**UMMY** ။ ။ အစိုးရရဲ့ပံ့ပိုးမှုအပိုင်းဆိုတာက အစိုးရကို AFTA နဲ့ပတ်သက်ပြီး လက်တွေ့ကျကျ ဒါတွေတော့လိုတယ်ဆိုတာမျိုး ရှင်းပြရမှာပေါ့။ ကျွန်တော်တို့ပဲ လုပ်လို့မရဘူး။ ပံ့ပိုးမှုအပိုင်းကတော့ ဒါတွေလိုတယ်။ အဲဒီလိုတိတိကျကျ တင်ပြပေးဖို့တော့ လိုမယ်ထင်တယ်။ စက်မှုဇုန်အစည်းအဝေးတွေ လုပ်နေတယ်။ အဲဒီမှာတင်ပြရမှာပေါ့။ ဒါက အနီးစပ်ဆုံးပဲ။

**L.C ။ ။ အခုလိုအချိန်ပေးဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**


**UMMY** ။ ။ ရပါတယ်။

**ကျော်ဇေယျာထွန်း**

www.foreverspace.com.mm

က အကျိုးရှိမှာ” ဟု ဒေါက်တာခင်အုံးသန့်က အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံသည် AFTA တွင် အခြားသောနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စေရန် အစိုးရ၏ ကူညီပံ့ပိုးမှုများလိုအပ်သကဲ့သို့ ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်ပြသမှုမှာလည်း အထူးအရေးကြီးလှပေသည်။ မြန်မာနိုင်ငံအနေဖြင့် မည်သို့သောကုန်ပစ္စည်းကိုထုတ်လုပ်သင့်သည်၊ မည်သို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုခွင့်ပြုသင့်သည်၊ မည်သည့်အချိန်၌ မည်ကဲ့သို့သောမူဝါဒများကို


ထပ်ဆင့်အရည်အသွေးမြှင့်ရမည်


မြန်မာ့အိမ်၊ ခြံ၊ မြေကဏ္ဍကို ဗီယက်နမ်ကစိတ်ဝင်စားနေပြီဖြစ်သည်

ချမှတ်သင့်သည် စသည့်အကြံပြုလမ်းညွှန်ချက်များကို သက်ဆိုင်ရာပညာရှင်များက အကြံပြုပေးမှသာလျှင် မြန်မာနိုင်ငံသည် အောင်မြင်သောစီးပွားရေးလမ်းကြောင်း၌ အရှည်ရပ်တည်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် AFTA ကို မြန်မာနိုင်ငံအတွက် အကျိုးရှိအောင် အသုံးချနိုင်ရန်အတွက်မှာ အစိုးရ၏ကူညီပံ့ပိုးမှု ပညာရှင်များ၏လမ်းညွှန်အကြံပေးမှု၊ စီးပွားရေးကုန်ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ တီထွင်ကြံဆကြိုးစားမှု စသည့် ကဏ္ဍသုံးခုမှ ဟန်ချက်ညီညီပူးပေါင်းပါဝင်မှသာလျှင် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အရေးအရာများနှင့် ပတ်သက်ဆက်နွှယ်နေကြရသည့် အချိန်ကာလ၌ မိမိတစ်နိုင်ငံတည်း စည်းဝိုင်းတားကာ

## ဦးမောင်မောင်ရီ၏ ကိုယ်ရေးအကျဉ်း

အမည် – ဦးမောင်မောင်ရီ
မိဘ – ဦးအောင်ညွှန့် – ဒေါ်မြကျင်
ဇာတိ – ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အသက် – ၆၆ နှစ်
ပညာရေး – ၁၉၆၅ခုနှစ်တွင် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို ဘောဂဗေဒဘာသာဖြင့် ရန်ကုန်တက္ကသိုလ်မှရရှိ။
– ၁၉၇၁ ခုနှစ်တွင် စာရင်းအင်းပညာဒီပလိုမာ (ဘွဲ့လွန်)ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှရရှိ။
– ၁၉၇၉ ခုနှစ်တွင် Diploma in Commercial Policy ကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ GATT အဖွဲ့မှရရှိ။
– ၁၉၈၃ ခုနှစ်တွင် Diploma in Marketing Management and Physical Distribution ကို နယ်သာလန်နိုင်ငံ Delft မြို့ရှိ Research Institute for Management Science မှ ရရှိ။

**လုပ်ငန်းအတွေ့အကြုံများ –**

၁၉၆၆–၁၉၉၃ : ကုန်သွယ်ရေးဝန်ကြီးဌာနတွင် နည်းပြအရာရှိမှ ညွှန်ကြားရေးမှူးအထိ တာဝန်ထမ်းဆောင်ခဲ့။
၁၉၉၃–၂၀၀၃ : ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊

www.foreverspace.com.mm

အသီးကျန်နေ၍မရ။ တစ်ကိုယ်တော်ဝါဒသုံး၍ မဖြစ်။ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်ရေစီးကြောင်းတွင် လိုက်ပါစီးမျောရမည်။ နိုင်ငံတကာအဝန်းအဝိုင်းနှင့် ဆက်ဆံနေကြရမည်။ ယင်းအတွက်ကိုလည်း မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ကိုယ်ခံအားကောင်းအောင် လုပ်ထားရမည်။ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများသည် အပြိုင်ဖွံ့ဖြိုးနေရမည်။ နိုင်ငံရေးတည်ငြိမ်မှုကိုသာ အာရုံစိုက်နေပြီး စီးပွားရေးကျဆင်းမှုကို မမြှင့်တင်နိုင်ပါက နိုင်ငံရေးတည်ငြိမ်မှုနှင့် အလှမ်းဝေးနေဦးမည်ဖြစ်သည်။

၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာ့နိုင်ငံရေးအတွက် အလှည့်အပြောင်းဖြစ်သလို AFTA နှင့်အတူ ရောက်ရှိလာမည့် ၂၀၁၅ ခုနှစ်သည်လည်း မြန်မာ့စီးပွားရေးအတွက် အလှည့်အပြောင်းတစ်ခုဖြစ်လာတော့မည်။ ရှောင်လွှဲချင်၍မရ။ ယခုအချိန်မှစ၍ ကြိုတင်ပြင်ဆင်ထားနိုင်မှသာလျှင် တော်ရုံကြပေလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် AFTA အရေးသည် မြန်မာ့အရေးဖြစ်သည်။ နိုင်ငံသားအားလုံး၏ စားဝတ်နေရေး အခြေအနေများနှင့် သက်ဆိုင်နေသည့်အရေးပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

**ကျော်ဇေယျာထွန်း**

***ကျမ်းကိုး– အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသမှသည် အာဆီယံစီးပွားရေးအသိုက်အဝန်းဆီသို့ မောင်မောင်ရီ (ဘောဂဗေဒ)***




**အပြောင်းအလဲကို ရှောင်လွှဲမရပေ**

| | | |
|---|---|---|
| ၁၉၉၆–၂၀၀၀ | : | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ တွဲဖက်အတွင်းရေးမှူး။ |
| ၁၉၉၇–၂၀၀၆ | : | မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ (SEOM) |
| ၂၀၀၂–၂၀၀၄ | : | အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF)မြန်မာနိုင်ငံကိုယ်စားလှယ်။ |
| ၂၀၀၃ | : | ညွှန်ကြားရေးမှူးချုပ်မှ သက်ပြည့်အငြိမ်းစားယူ။ |
| ၂၀၀၃–၂၀၀၄ | : | နိုင်ငံခြားရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်။ |
| ၂၀၀၄–၂၀၀၅ | : | ဝန်ကြီးချုပ်ရုံး၏ အကြံပေးပုဂ္ဂိုလ်။ |
| ၂၀၀၅–၂၀၀၆ | : | စီမံ/စီးပွားဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်။ |
| ၁၉၇၇–၂၀၀၆ | : | GATT, WTO, UNCTAD, UNIDO, World Economic Forum, ESCAP, ADB, ASEM, BIMSTEC, ASEAN စသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ဝန်ကြီးအဆင့်အစည်းအဝေး၊ အဆင့်မြင့်အရာရှိအဆင့်အစည်းအဝေးနှင့် စေ့စပ်ဆွေးနွေးပွဲပေါင်း ၁၅၀ ကျော်သို့ ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အဖြစ်လည်းကောင်း ပါဝင်တက်ရောက်ခဲ့။ |
| ဘွဲ့ထူးဂုဏ်ထူး | – | နိုင်ငံတော်က ချီးမြှင့်သောစီမံထူးချွန် (ပထမအဆင့်)ကို ၂၀၀၀ ပြည့်နှစ်တွင်ရရှိ။ |

www.foreverspace.com.mm

# ဒီမိုကရေစီခြေစစ်ပွဲအောင်ရေးကိစ္စ

ရဲမင်းဦး

**လာမည့် နိုဝင်ဘာလ ၇ ရက်နေ့သည် တိုင်းပြုပြည်ပြုလွှတ်တော်များအတွက် မဲဆန္ဒရှင်များက လွှတ်တော်များသို့ ဝင်ရောက်သွားမည့် ငါးနှစ်သက်တမ်းရှိ Driver များကို ရွေးချယ်ကြရမည့်နေ့ရက်။ အခြေခံနိုင်ငံရေးအခင်းအကျင်းများ မည်သို့ရှိခဲ့သည်၊ ရှိနေသည်ဖြစ်စေ ရွေးကောက်ပွဲများ ကျင်းပသည့်နေရက်မှစ၍ သုံးလတာအတွင်း Democratic Regime ခေါ် ဒီမိုကရေစီနည်းနာများကို ပုံသဏ္ဍာန်တစ်မျိုးဖြင့် ဖြတ်သန်းပေါ်ထွက်လာမည့် ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားတစ်ခုကို စာရေးသူတို့ ပိုင်ဆိုင်ရတော့မည်ကားဧကန်။ 'ပိုင်ဆိုင်ရတော့မည်' ဟု သုံးနှုန်းလိုက်ရခြင်းမှာ စာရေးသူတို့နှင့် ထိုက်တန်သည့် အုပ်ချုပ်ထိန်းကျောင်းပျိုးထောင်မှုစနစ်တစ်ရပ်ကို စာရေးသူတို့ ကိုယ်တိုင်ရွေးချယ်ကြမည်ဖြစ်ခြင်းကြောင့်ပင်။ ဤဆောင်းပါး၌ စာရေးသူတင်ပြလိုသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပေါ်ထွက်လာသည့် ဒီမိုကရေစီအစိုးရများနှင့် ပြည်သူများအတွက် ရင်ဆိုင်ရလေ့ရှိသော အဓိကစိန်ခေါ်မှုများအကြောင်း၊ အဆိုပါဒီမိုကရေစီလက်သစ် နိုင်ငံများအပေါ် ဖွံ့ဖြိုးပြီးကမ္ဘာက မည်သို့သော နည်းလမ်းများ ကျင့်သုံးဆက်ဆံလေ့ရှိသည်ဆိုသောအကြောင်းတို့ဖြစ်၏။**

ဆိုခဲ့ပါ 'အကြောင်းများ' မစတင်ခင် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း၌ အရေးပါသော အခြေခံဖွဲ့တည်မှု ၁၀ ရပ်ကို ဆန်းစစ်အကဲဖြတ်စေလိုပါသည်။ ယင်း ၁၀ ရပ်မှာ ဓနဥစ္စာ၊ ပညာရေးအဆင့်အတန်း၊ ဆိုင်ရာလူ့အဖွဲ့အစည်း၏ သဘာဝသယံဇာတပိုင်ဆိုင်မှုအနေအထား၊ ဈေးကွက်များအပေါ်ထားသည့်အမြင်သဘောထားနှင့် အရင်းရှင်ဝါဒကျင့်သုံးပုံဖော်နေမှုပုံသဏ္ဍာန်၊ လူမှုရေးမျှခြေညီမှုအနေအထား၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အရည်အသွေး၊ ယဉ်ကျေးမှု 'လွတ်လပ်ခွင့်' နှင့်ပတ်သက်သည့်သဘောထားနှင့် လက်တွေ့ကျင့်သုံးမှု၊ ဗျူရိုကရေစီယန္တရား၏အသွင်သဏ္ဍာန်၊ လုပ်ငန်းစနစ်၊ အရည်အသွေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ဆန္ဒသဘောထားများ၊ ဆိုင်ရာလူ့အဖွဲ့အစည်း၏ နိုင်ငံတကာအပေါ်ရှုမြင်ဆက်ဆံပုံနှင့် ပြည်ပဆက်နွယ်မှုအနေအထားတို့ဖြစ်သည်။ ယင်းအချက်များနှင့်ပတ်သက်၍ စာရေးသူတို့၏မျက်မှောက်ပကတိအနေအထားများနှင့် ယှဉ်ထိုးစဉ်းစားကြရန် လိုအပ်ပေမည်။

## ဥစ္စာဓနပိုင်ဆိုင်မှု

ဓနဥစ္စာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားတို့၏ တစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေသည် ကျပ်သုံးသောင်းဝန်းကျင်သာရှိကြောင်း သုတေသီများကဆိုသည်။ နိုင်ငံ၏ ဂျီဒီပီသည်လည်းကောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနေအထားသည်လည်းကောင်း ထိုနိုင်ငံကျင့်သုံးပုံဖော်မည့် 'ဒီမိုကရေစီ' နှင့် ဆက်စပ်မှုရေချိန်မြင့်မားသည်ဖြစ်ရာ စီးပွားရေးအခြေအနေမကောင်းလျှင် ဒီမိုကရေစီပုံဖော်မှုသည် မလွယ်ကူမပဖြစ်တတ်သည်။ ရွေးကောက်ပွဲဝင်ရေးပြင်ဆင်နေမှုများတွင် ဓနဥစ္စာပေါသူနှင့် မပေါသူများ မည်သို့မည်ပုံခရီးဆက်နိုင်ကြသည်ကို တွေ့မြင်သာဓကယူနိုင်ပါသည်။ တစ်ဖန် မဲဆန္ဒရှင်များအကြား ငွေရှိသူနှင့် မရှိသူ၊ ငွေပေါသူနှင့် မပေါသူတို့၏ ဒီမိုကရေစီအမြင်များ ကွဲပြားနေမှုကိုလည်း မြင်တွေ့နိုင်ပါမည်။ 'နိုင်ငံရေး' တွင် ဓနဥစ္စာက အရေးပါနေသည်ဟု ဆိုချင်သည်။ 'ဓနဥစ္စာ' ကို အဓိကထားကြလျှင်လည်း အရသာမကောင်းသည့်ဒီမိုကရေစီကိုသာ ခံစားကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံ၏ နိုင်ငံရေးအလှုပ်အခတ်များကို သုံးသပ်ကြည့်နိုင်ပါသည်။

## ပညာရေးအဆင့်အတန်း

ပညာရေးအဆင့်အတန်းနှင့်ပတ်သက်၍ စိတ်ဖြာကြည့်လျှင် ပညာရည်ပိုကောင်းသူများက ဒီမိုကရေစီတန်ဖိုးများနှင့် လစ်ဘရယ်ဖြစ်မှုတို့ကို ပိုမိုဖောင်းပေးလေ့ရှိပြီး ပညာရည်နိမ့်ပြည်သူများက 'လူကြိုက်များနိုင်ငံရေးသမား' များကိုသာ သဘောခွေ့ကြလေ့ရှိတတ်သည်ကို တွေ့ရသည်။ Free Election များရှိသည့်တိုင် ဆင်းရဲနွမ်းပါးပညာရည်နိမ့်သူများကို ဖမ်းဆုပ်နိုင်သူများ အာဏာရလာလျှင် ဒီမိုကရေစီအရောင်ပြယ်လျော့သွားပြီးနောက်ဆုံးတွင် Driver များသည် အာဏာရှင်ဖြစ်လာတတ်သည်။ အာဖရိကနိုင်ငံများ၌ မည်သည့်နိုင်ငံရေးပုံသဏ္ဍာန်ဖြစ်ထွန်းနေသည်ကို မြင်တွေ့နိုင်ပေသည်။


## သဘာဝသယံဇာတ

သဘာဝသယံဇာတများ ပိုင်ဆိုင်မှုအနေအထား တစ်နည်းအားဖြင့် 'သယံဇာတကျိန်စာ' သည် ဆိုင်ရာလူ့အဖွဲ့အစည်း၏နိုင်ငံရေးအာဏာနှင့် ပြည်သူများ၏ ဖွံ့ဖြိုးရေးသဘောထားများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေတတ်၏။ စစ်မှန်သည့် စီးပွားဖွံ့ဖြိုးမှုအပေါ် အထောက်အကူကောင်းပြုနိုင်သကဲ့သို့ အရည်အသွေးမမှန်သည့်ချဉ်းကပ်မှုမျိုးစုံကိုလည်း ပေါ်ပေါက်စေနိုင်သည်။ 'စံ' မီသည့် မဟာဗျူဟာများ

www.foreverspace.com.mm

ရှိသောနိုင်ငံစေသကဲ့သို့ မှုမမှန်သည့် ရည်မှန်းချက်များလည်း ပေါ်ထွက်လာစေနိုင်သည်။ Political Risk ကြီးမားသည့်ကိစ္စတစ်ရပ်ပင်။ နိုင်ငံရေးသမားများနှင့် မဲဆန္ဒရှင်များ၏ နိုင်ငံအပေါ်ထားရှိသည့် စေတနာအတိမ်အနက်ကို ဖော်ညွှန်းပြနိုင်သည့် ဖွဲ့တည်မှုလည်းဖြစ်နေသည်။ ဒီမိုကရေစီပုံဖော်မှုတွင် သယံဇာတသည် အဓိကသော့ချက်တစ်ရပ်ဖြစ်နေကြောင်း သတိမမေ့ကြစေလိုပါ။ ဆူဒန်၊ နိုင်ဂျီးရီးယား စသည့် ရေနံကြွယ်ဝနိုင်ငံများ၏ ဒီမိုကရေစီဇာတ်ဝင်ခန်းများနှင့် နောက်ဆက်တွဲရလဒ်များကို ထိထိမိမိသုံးသပ်ဆင်ခြင်ကြည့်ရန်လိုအပ်သည်။

'တောင်ပေါ်၊ တောင်အောက်ဈေးနှုန်းတစ်မျိုးတည်း ဖြစ်ရမည်' ဆိုသည့်စကားကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကကြားခဲ့ရသည်။ ဖြစ်/မဖြစ်ဆိုသည်ကိုလည်း မြင်တွေ့ခံစားခဲ့ကြရပြီးဖြစ်သည်။ ဆိုလိုချင်သည်မှာ လက်ရှိ ပြည်တွင်းဈေးကွက်စီးပွားရေးအခင်းအကျင်းများ၊ ဈေးကွက်အပေါ်ထားရှိသည့် နိုင်ငံသားအားလုံး၏ ပျမ်းမျှအမြင်သဘောထားနှင့် အရင်းရှင်ဝါဒပုံဖော်ကျင့်သုံးမှုအနေအထားတို့ မည်သို့မည်ပုံတည်ရှိနေသည်ဆိုသည်မှာ ဒီမိုကရေစီပုံဖော်မှုနှင့် နီးကပ်ဆက်စပ်နေပါသည်ဟူ၍ ဖြစ်သည်။ မည်သည့်နယ်ပယ်တွင်မဆို 'မျက်နှာကြီးရာ၊ ဟင်းဖတ်ပါ' လေ့ရှိမြဲဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသည့် ဈေးကွက်ရှုထောင့်များက စာရေးသူတို့၏ ဒီမိုကရေစီအနာဂတ်အတွက် ကောင်းကျိုး၊ ဆိုးကျိုးများရှိစေနိုင်သည်ကို အထူးသတိချပ်သင့်သည်။ ဈေးကွက်စီးပွားရေးဟု အမည်ခံလိုလျှင် တစ်သီးပုဂ္ဂလဝါဒ၊ ညှိနှိုင်းဆွေးနွေးမှု၊ စီးပွားရေးလွတ်လပ်ခွင့်၊ အပေးအယူကောင်းများဖန်တီးခြင်း၊ ဥပဒေလေးစားခြင်း၊ Level Playing မှုဝါဒရှိစေခြင်း စသည့် 'စံ' ကောင်းများ ရှိရမည်ဖြစ်သည်။ ထိုသို့ရှိမှ ဒီမိုကရေစီက ရေရှည်ဖြစ်ထွန်းပေမည်။ ပြည်သူကသာ စီးပွားရေးကို ထိန်းကျောင်းရပ်လုံးဖော်နိုင်သည်ဖြစ်ရာ စီးပွားရှာရေးတွင်သာ တူညီမျှရှိမှုပေါ်ထွန်းနေမှသာ စစ်မှန်သည့် ဒီမိုကရေစီနှင့် ထိတွေ့နိုင်မည်ဖြစ်သည်။ သို့မဟုတ်လျှင် မလိုချင်သည့်အကျိုးဆက်များရှိလာတတ်၏။




## လူမှုရေးမျှခြေ

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ပြည်သူများအကြား ဝင်ငွေစီးဆင်းမှုနှင့် Power ပြန့်ထွက်မှုတို့ ဟန်ချက်ညီလေ့မရှိ။ ထို့ကြောင့် တည်ငြိမ်တိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်နေနိုင်ရေးတွင် လူမှုရေးမျှခြေညီမှုအနေအထားကောင်းမွန်နေရန် လိုအပ်၏။ ပြည်သူများအတွက် လူမှုရေးဆိုင်ရာ မက်လုံးကောင်းများ ရှိနေရန်လိုအပ်သည်။ ချမ်းသာကြွယ်ဝသူများနှင့် လုပ်ပိုင်ခွင့်ရှိထားသူများသည် Position တည်ငြိမ်ရေးအတွက် နိုင်ငံရေးပါဝါကို အလိုရှိတတ်သည်။ Lower Class က ဘဝမြင့်မားရေး အလိုရှိကြပြီး လူလတ်တန်းစားများက Position များ

www.foreverspace.com.mm



အစွန်းမရောက်ရေး ဝင်စွက်ဖက်မှုလုပ်ကြလေ့ရှိရာ နိုင်ငံ၏မျက်မှောက်လူမှုရေးကဏ္ဍနှင့် အနာဂတ်လူမှုရေးချိန်ခွင်လျှာတို့ကို တစ်ကွက်ချင်း တစ်လှာချင်းသုံးသပ် ပြင်ဆင်နိုင်ရန်အရေးကြီးသည်။ လူမှုရေးမျှခြေညီမှုအနေအထားမကောင်းလျှင် အကဲဆတ်သည့် ဒီမိုကရေစီကိုသာ ပွေ့ပိုက်မိကြပေမည်။

NGO များ၊ ပညာရှင်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့မျိုးစုံ၊ မီဒီယာများ၊ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များ စသည်တို့ကို <u>အရပ်ဘက်လူ့အဖွဲ့အစည်း</u>ဟု ယေဘုယျအသိအမှတ်ပြုကြသည်။ ဒီမိုကရေစီပုံဖော်မှုတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အရည်အသွေးနှင့် အခန်းကဏ္ဍကို အရေးကြီးသည်ဟု သတ်မှတ်ကြသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် ပြည်သူများကို ဘုံရည်မှန်းချက်များ၊ ညီညွတ်မှု၊ လူမှုဆက်နွယ်ရေးအနေအထားကောင်းများ၊ စုပေါင်းဖြေရှင်းမှုများ ဖော်ဆောင်ပေးနိုင်စွမ်းရှိနေ၍ဖြစ်၏။ နိုင်ငံရေးတွန်းအားစုများ ဖန်တီးနိုင်စွမ်းလည်းရှိကြသည်။ ပြည်သူများအကြား၌လည်းကောင်း၊ နိုင်ငံရေးယန္တရားနှင့် ပြည်သူများအကြား၌လည်းကောင်း ယုံကြည်မှု (Trust) တည်ဆောက်ပေးနိုင်စွမ်းလည်းရှိနေပြန်သည်။ ခိုင်မာအားကောင်းသည့် Trust များရှိနေမှသာ ဒီမိုကရေစီကျင့်စဉ်ကောင်းများ ရေစိမ်ခံဖြစ်ထွန်းတတ်သည်ဖြစ်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းများ အရည်အသွေးမည်မျှရှိနေသည်၊ မည်သို့ရှိစေမည်ဆိုသည်မှာ အဓိက ဖွဲ့တည်မှုတစ်ရပ်ဖြစ်နေသည်။

<u>ယဉ်ကျေးမှု</u>ဆိုသည်မှာ ဆိုင်ရာလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုအစဉ်အလာ၊ ထုံးတမ်းဓလေ့အရ တွေးခေါ်ရှုမြင်တတ်မှုတန်ဖိုးများကို ရည်ညွှန်းလိုခြင်းဖြစ်ပါသည်။ ယဉ်ကျေးမှုတန်ဖိုးများနှင့် ဒီမိုကရက်တစ်တန်ဖိုးများကို နှိုင်းယှဉ်ကျင့်သုံးကြရာတွင် ရလဒ်ကောင်းများ၊ ရလဒ်ဆိုးများရှိလာတတ်သည်ကို စာရေးသူတို့ မေ့လျော့ထား၍မဖြစ်။ အနောက်တိုင်းသားတို့က Western Culture သည်သာ ဒီမိုကရေစီနှင့် အံဝင်ခွင်ကျဖြစ်မှုအရှိဆုံးဟု ဆိုကြလေ့ရှိသည်။ ပြည်ပသွားလျှင် လိုအပ်သလို အနောက်တိုင်းဝတ်စုံဝတ်ကြရသော်လည်း လွှတ်တော်အစည်းအဝေးများအပါအဝင် အခမ်းအနားကောင်းများ၌ တိုက်ပုံအင်္ကျီဝတ်မှတင့်တယ်မည်ဟု အယူရှိထားသော စာရေးသူတို့အားလုံးသည် ဒီမိုကရေစီပုံဖော်မှုတွင် ယဉ်ကျေးမှုတန်ဖိုးကို အလေးမထား၍မရ။ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ နမီးဘီးယား၊ ဘော့ဆွာနာတို့သည် ဒီမိုကရေစီနိုင်ငံများဖြစ်သော်လည်း Western Democracy များမဟုတ်။ နိုင်ငံရေးတွင် ယဉ်ကျေးမှုတန်ဖိုး၏ အာနိသင်က အရေးပါနေသည်။

နိုင်ငံရေးအရ ရွေးချယ်မှုလုပ်သည်ဆိုသည်မှာ လူလူချင်းယုံကြည်စွာ လုပ်ပိုင်ခွင့်အပ်နှင်းသည့်သဘောဖြစ်သည်။ ဒီမိုကရေစီပုံဖော်မှုတွင် <u>လွတ်လပ်ခွင့်နှင့်ပတ်သက်သည့်သဘောထားနှင့် လက်တွေ့ကျင့်သုံးမှုရေချိန်</u>မည်မျှရှိနေသည်ဆိုသည်က အဓိကသော့ချက်တစ်ခုဖြစ်သည်။ Human Empowerment and Freedom ဟုသုံးနှုန်းသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အခွင့်အလမ်းများရရှိမှု ‘တန်းတူခြင်း’ တို့ကို အလေးထားရသည်။ Freedom ရှိစေသည့် ဆန္ဒသဘောထားများက ပြည်သူများ၏ လုပ်ပိုင်ခွင့်အပ်နှင်းမှုတန်ဖိုးမြင့်မားနေစေမှုကို ဆောင်ကြဉ်းပေးနိုင်သည်။ နိုင်ငံရေးတည်ငြိမ်မှု အစွန့်ရှည်စေသည်။ အပြန်အလှန်ကိုင်းညွှတ်ချိတ်ဆက်နေသည့်သဘောရှိသည်။ တစ်ခုခုပုံသဏ္ဌာန်မမှန်ခဲ့လျှင် အခြားတစ်ခု၌ ချို့ယွင်းမှုများဖြစ်ပေါ်လာလေ့ရှိရာ Empowerment နှင့် Freedom သည် ဒီမိုကရေစီ နိုင်ငံတော်လက်သစ်၊ လက်ဟောင်းများအတွက် အရေးပါလှသည့်ဖွဲ့တည်မှုတစ်ရပ်။

## ဗျူရိုကရေစီယန္တရား

ဒီမိုကရေစီပုံဖော်မှုတွင် <u>ဗျူရိုကရေစီယန္တရား၏ အသွင်သဏ္ဌာန်၊ လုပ်ငန်းစနစ်၊</u>



www.foreverspace.com.mm

အရည်အသွေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ဆန္ဒသဘောထားများအပေါ် စေ့စေ့ငုငုဆန်းစစ်ပြင်ဆင်မှုလုပ်ခြင်းသည် အထူးလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ အဆိုပါလိုအပ်ချက်များက နိုင်ငံရေးအသိုက်အဝန်း၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းစုံနှင့် ပြည်သူများအတွက် သိမ်မွေ့ခက်ခဲသည့် လုပ်ငန်းစဉ်အဖြစ်ရှုမြင်ကြပြီး ဒီမိုကရေစီအခြေခံဖြင့် စဉ်ဆက်မပြတ် ရလဒ်ကောင်းများရှိနေရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ဆိုင်ရာ Component များ၌ Own Position ရလိုမှု ရှိနေသည်ကို သတိပြုရပေမည်။ Power Sharing ရှိရမည်။ အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းများမှာ သာဓကကောင်းတစ်ခုဖြစ်သည်။ ဗျူရိုကရေစီယန္တရားသည် ဒီမိုကရေစီနှင့်ပတ်သက်၍ အရည်အသွေးကောင်းကောင်း၊ အပြစ်အနာဆာကင်းကင်းဖြင့် ပါဝင်ရပ်တည်ရပေမည်။ ယင်းသို့ရပ်တည်နိုင်ခြင်း ရှိ/မရှိအပေါ် ပုံမှန်အကဲဖြတ်ပြင်ဆင်မှုများလည်း ရှိရပေမည်။

## နိုင်ငံတကာဆက်နွယ်မှု

စာရေးသူတို့ မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအပေါ် ရှုမြင်ဆက်ဆံပုံအနေအထား၊ နိုင်ငံတကာနှင့် ဆက်နွယ်မှုအနေအထား မည်သို့ပုံဖော်နေကြသနည်းဟု ဆန်းစစ်နေရမည့်ကိစ္စသည် ဒီမိုကရေစီပုံဖော်မှု၌ အရေးပါသောအချက်တစ်ချက်ဖြစ်၏။ ဒီမိုကရေစီပုံဖော်မှုတွင် ပြည်ပပါဝင်ပတ်သက်မှုသည် အရေးပါသော Factor တစ်ရပ်ဟု ရှုမြင်သူများရှိသကဲ့သို့ ယင်းသို့မရှုမြင်သူများလည်း ရှိနေနိုင်ပါသည်။ ထိုသို့ရှိနေနိုင်ခြင်းသည် မထူးဆန်း။ ဒီမိုကရေစီလက်သစ်နိုင်ငံတိုင်းလိုလိုပင် ကြုံတွေ့ရတတ်သည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ဒီမိုကရေစီကို သွင်းကုန်တစ်ခုအဖြစ် သဘောထားမိ၍ ကောင်းကျိုးအချို့ရှိနိုင်သကဲ့သို့ ကိုယ်ကျိုးနည်းရမှုများလည်းဖြစ်နိုင်သည်။ 'From the Bottom up' ခေါ် ကိုယ့်အရပ်ကိုယ့်ဇာတ်မူဝါဒကြောင့်လည်း အပေါင်းရော၊ အနုတ်ပါ ကြုံနိုင်သည်။ အဓိကအချက်မှာ 'အစွန်းမရောက်ရေး' ပင်ဖြစ်သည်။ စာရေးသူတို့နိုင်ငံ၌ နိုင်ငံရေးအရ အစွန်းရောက်သွားသူများအတွက် 'အကြွင်းသုည' ဖြစ်သွားရသည့် သာဓကပေါင်းများစွာရှိခဲ့ပြီးဖြစ်သည်။

## ဒီမိုကရေစီပုံဖော်မှု

ဒီမိုကရေစီအစိုးရများနှင့် ပြည်သူများ ရင်ဆိုင်ရလေ့ရှိသော အဓိကစိန်ခေါ်မှုများကို ကြိုတင်တွက်ဆထားရေးသည် အလွန်အရေးပါသည့် ပြင်ဆင်မှုတစ်ရပ်ဟု ဆိုရပေမည်။ ဒီမိုကရေစီလက်သစ်နိုင်ငံအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသော ဆင်းရဲနိုင်ငံများ၊ နိုင်ငံတကာအလှူရှင်များနှင့် ပတ်သက်ဆက်ဆံခဲ့ရသည့် နိုင်ငံများဖြစ်နေသည်ကို တွေ့ရသည်။ ဒီမိုကရေစီတန်ဖိုးဆိုသည်မှာ ဆိုင်ရာနိုင်ငံတစ်နိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်မှုရေချိန်အတိုင်းအတာတစ်ရပ်အထိ ရောက်ရှိနေပြီဆိုမှသာ အားကောင်းမောင်းသန်သီးပွင့်ဝေဆာလာလေ့ရှိသည်။ Domestic Support ခေါ် ပြည်တွင်းသွင်းအားစုကောင်းများမရှိလျှင် ဒီမိုကရက်တစ်တည်ဆောက်မှုများ ယိုင်လဲသွားလေ့ရှိရာ ဒီမိုကရေစီနိုင်ငံသစ်များအတွက် External Actors သည် Domestic Actors များနှင့် တန်းတူအရေးမပါဟု ဆိုနိုင်သည်။ တစ်ဖန် 'ဒီမိုကရေစီပုံဖော်မှု' သည် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားရသည့် သဘောရှိခြင်းကြောင့် ပြည့်ဝဒီမိုကရေစီ (Complete Democratisation) အဆင့်မရောက်သေးချိန်အထိ စိန်ခေါ်မှုအသစ်များရှိနေဦးမည်ဖြစ်သည်။ Hybrid Regime ခေါ် ရောစပ်အစိုးရများကို ကနဦးကာလများတွင် တွေ့ကြရဦးမည်ဖြစ်ရာ ထိရောက်မှုရှိသည့် ဒီမိုကရက်တစ်အင်စတီကျူးရှင်းများ ပေါ်ထွန်းတည်တံ့နေစေရေးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

နိုင်ငံခြားရေးမူဝါဒကောင်းများရှိရေး၊ တိုင်းပြည်နှင့် ပြည်သူများ၏ ဘဝလုံခြုံရေး၊ ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ရှုထောင့်များ၊ မဟာဗျူဟာများ တည်ငြိမ်ကောင်းမွန်နေရေး၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီတန်ဖိုးများကို ထိန်းသိမ်းဖော်ဆောင်နိုင်မည့် ပညာရေးစနစ်ထွန်းကားရေး၊ အထွေထွေဖွံ့ဖြိုးတိုးတက်ရေး၊ ရည်မှန်းချက်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံတကာအဆင့်မီ စီးပွားရေးနှင့် ဘဏ္ဍာရေးကျင့်စဉ်များဖြစ်ထွန်းရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ကျစေရေး၊ နိုင်ငံတွင်း၌ အဂတိလိုက်စားမှုများ ကွယ်ပျောက်သွားရေး၊ နယ်ပယ်စုံတွင် ခေတ်မီစီမံခန့်ခွဲမှုစနစ်များကျင့်သုံးနိုင်ရေး၊ စစ်မှန်သည့် တာဝန်ခံမှုများရှိရေး၊ တရားစီရင်ရေးစနစ်အပါအဝင် လုပ်ငန်းစနစ်များ 'စံ' မီပြုပြင်ပြောင်းလဲရေး၊ နယ်ပယ်ဒေသစုံကွက်ပြည့်ဖွံ့ဖြိုးတိုးတက်နေရေး၊ သန့်ရှင်းသည့်နိုင်ငံရေးစနစ်ကောင်းနှင့် ရွေးကောက်ပွဲများဖြစ်ထွန်းနေရေး၊ 'တရားမျှတမှု' များရှိနေစေရေး စသည့်စိန်ခေါ်မှုများက အသင့်စောင့်ကြိုနေပြီဖြစ်သည်။

ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် လုပ်ဆောင်၍မရနိုင်သည်မှာ ထင်ရှားသည်။ အစဉ်အလာ Political Dynamic များဖြင့်လည်း အလုပ်ဖြစ်နိုင်သည်ဟု စုံမှိတ်ယုံကြည်ထား၍မရတော့။ မြန်မာနိုင်ငံ၏ဖြစ်ပျက်ဖွံ့တည်လုပ်ဆောင်မှုများသည် အခြားနိုင်ငံများနှင့် ကွဲပြားနေ၍ဖြစ်သည်။ ၂၀၁၁ ခုနှစ်မှစ၍ စာရေးသူတို့အားလုံး စိန်ခေါ်မှုအသစ်များနှင့် တည့်တည့်တိုးတော့မည်ကို သိထားကြပြီးဖြစ်သည်ဟုလည်းယုံကြည်ပါသည် 'Democratisation is a Process that Seeks to Change the Distribution of Power Between Social Groups' ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သတိပြုမိနေရန် အထူးလိုအပ်ပါသည်။ သို့မှသာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရာ၌ အခက်အခဲတွေ့မှုလျော့နည်းသွားပေမည်၊ ဆိုရလျှင်မိမိတို့၌ Comprehensive Approach များမရှိ၍မဖြစ်။

ဒီမိုကရေစီပုံဖော်မှုနှင့် ကျင့်သုံးမှုတွင် Democracy Promoter များကို အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် တွေ့မြင်ရလေ့ရှိသည်။ သို့ဖြစ်၍ 'နိုင်ငံရေးအရ သည်းခံမှု' အတိုင်းအတာ ခိုင်မာကျယ်ပြန့်စွာ ရှိနေရေးသည်လည်း အရေးပါသည့် စိန်ခေါ်မှုတစ်ရပ်။ Political Engagement ဘာသာရပ်ကို

www.foreverspace.com.mm



နိုင်ငံရေးသမားများသာမက ဝန်ထမ်းအားလုံးနှင့် အလွှာစုံပြည်သူများက နားလည်ရန်လိုအပ်သည်။ နားလည်သဘောပေါက်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းပညာပေးမှုများရှိနေရပေမည်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံတည်ဆောက်ရေးနှင့် ပတ်သက်လာလျှင် ပြည်သူများအပါအဝင် Actor အားလုံး၌ 'ရေရှည်ကြိုးပမ်းလုပ်ကိုင်လိုစိတ်' မရှိခဲ့လျှင် ပစ်မှတ်များနှင့် လွဲချော်သွားလေ့ရှိသည်။ စိတ်ရှည်ရပေမည်။ ဇွဲကောင်းရပေမည်။ ဖြစ်ချင်စိတ်၊ လိုချင်စိတ်ရှိရမည်။ ဆရာအောင်ထွန်း၏ စကားကိုယူ၍ပြောရလျှင် ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။ အာဏာငမ်းဖမ်းမှုများနှင့် ပတ်သက်၍ လေပေါင်လျှော့ချင်စိတ်ရှိရမည်။ စေတနာမှန်ကြရပေမည်။ 'နိုင်ငံတော်' ၏ စွမ်းဆောင်နိုင်စွမ်းများမြင့်မားနေအောင် အားထုတ်ကြရပေမည်။ Professional Capacity လည်းမားမားစွင့်စွင့်ရှိနေစေရန် အားထုတ်ရပေမည်။ သို့မဟုတ်ပါက စိန်ခေါ်မှုလှိုင်းများအောက်၌ အက်ကြေအနာတရဖြစ်မှုများရှိလာနိုင်သည်။ Political Actor များသည် ပြည်သူများကို စိတ်ပျက်အားငယ်အောင် မလုပ်သင့်။ အသိပညာရေချိန်မြင့်မားလာသည်နှင့်အမျှ Political Liberalisation ရေချိန်မြင့်လာလေ့ရှိမှုကို တန်ဖိုးထားကြရပေမည်။ Non-Linear ဖြစ်စဉ်၏ သဘောသဘာဝကို အမိအရ ကိုင်တွယ်တတ်ရန် လိုအပ်ပါသည်။

## ဒီမိုကရေစီလက်သစ်နိုင်ငံများနှင့်ကမ္ဘာ

ဒီမိုကရေစီလက်သစ်နိုင်ငံများအပေါ် ဖွံ့ဖြိုးပြီး ကမ္ဘာက မည်သို့သောနည်းလမ်းများဖြင့် ကျင့်သုံးဆက်ဆံလေ့ရှိပါသနည်း။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် နိုင်ငံတကာ နိုင်ငံရေးနှင့် ပတ်သက်၍လည်း ဖွံ့ဖြိုးတိုးတက်မှုကူညီပံ့ပိုးရေးအစီအစဉ်များရှိနေပါသည်။ အလွယ်အားဖြင့် Demecratisation Assistance ဟု ခေါ်သည်။ နိုင်ငံတွင်းတွင် 'အမျိုးသားအချုပ်အခြာအာဏာပိုင်ရေး' သည် ပဓာနအကျဆုံးကိစ္စဖြစ်နေရာ ပြည်တွင်းနိုင်ငံရေး စီမံလျာထားမှုများသည် Democracy Assistance များကို အထူးသတိထားလေ့ရှိတတ်၏။ ဖွံ့ဖြိုးပြီးကမ္ဘာသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများရှိလာစေရန် နည်းဗျူဟာမျိုးစုံ၊ ချဉ်းကပ်မှုမျိုးစုံဖြင့် ဝင်ရောက်ဖော်ဆောင်ပေးရန် ကြိုးပမ်းလေ့ရှိသည်မှာ အသစ်အဆန်းမဟုတ်ပေ။ ပကတိဖြစ်တည်နေမှုတစ်ရပ်ဖြစ်နေပေသည်။ ဒီမိုကရေစီလက်သစ်နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသည့်လုပ်ငန်းစဉ်တစ်ရပ်မှာ ဖွံ့ဖြိုးပြီးကမ္ဘာ၏ ချဉ်းကပ်ကြိုးပမ်းမှုမျိုးစုံကို တစ်ပတ်လည်အောင် ဆန်းစစ်သုံးသပ်ပြီး မိမိတို့ကိုယ်ကျိုးစီးပွားအတွက် အသင့်လျော်ဆုံးနည်းလမ်းများဖြင့် တုံ့ပြန်နိုင်ရေးပင်ဖြစ်သည်။ ၎င်းတို့၏ ဒီမိုကရေစီအခြေခံကူညီပံ့ပိုးရေး၊ ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များ၏ စေတနာမှန်၊ မမှန်ဆိုသည်ကို အမြင်ကျယ်ကျယ်၊ အသိကျယ်ကျယ်ဖြင့် ဆန်းစစ်နိုင်သည့် စွမ်းရည်ရှိရပေမည်။

## အလှူရှင်နိုင်ငံများ

အလှူရှင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးပူးပေါင်းမှုများသည် နိုင်ငံရေးနှင့်မကင်းဟု ဆိုကြသည်။ သို့ရာတွင် အကန့်အသတ်များလည်း ပါဝင်နေသည်ဟု မှတ်ချက်ပြုကြသည်။ မည်သည့်နယ်ပယ်ကဏ္ဍအတွက် Promotion ဝင်လုပ်ပေးလိုခြင်းဖြစ်သည်ကို အထင်အရှားတွေ့မြင်နိုင်ရန် ကြိုးပမ်းရပေမည်။ ဒီမိုကရေစီလက်သစ်နိုင်ငံတွင် Democracy Protection အစီအမံများလည်း ရှိရသည်ဖြစ်ရာ ဖွံ့ဖြိုးပြီး ကမ္ဘာနှင့်ဆက်ဆံရာ၌ ပိုတွက်ခြင်း၊ လျော့တွက်ခြင်းတို့မရှိစေရန်လည်း အားထုတ်ကြရမည်ဖြစ်သည်။

အလှူရှင်နိုင်ငံများသည် လက်ခံနိုင်ငံများနှင့် ဆက်ဆံကြရာတွင် လက်ခံနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်သုံးရပ်ဆက်နွှယ်မှုအသွင်သဏ္ဌာန်ကို အကဲဖြတ်လေ့ရှိသည်။ ဆိုရလျှင် ၎င်းတို့၌ ဦးစားပေးအစီအစဉ်များရှိသည်။ ၎င်းတို့သည် ပြုပြင်ပြောင်းလဲရေးစီမံချက်များကို လိုလားလေ့ရှိသည်။ Formal ထက် Change ကို ပိုမိုနှစ်ခြိုက်လေ့ရှိသည်။ ၎င်းတို့အတွက် 'ပြန်ရနိုင်မှုများ' ကိုပါစဉ်းစားကြသည်။ လက်ခံနိုင်ငံက ရယူလိုသည့် ဦးစားပေးအစီအစဉ်နှင့် ၎င်းတို့၏ဦးစားပေးအစီအစဉ် ကွဲပြားနေလျှင်ပင် အလွယ်တကူလှည့်ထွက်မသွားတတ်။ အချိန်ယူကြိုးပမ်းလေ့ရှိကြသည်။ Funding လုပ်ပေးရခြင်း၌လည်း ပျော့မွေ့ကြသည်။ လက်ခံနိုင်ငံ၏ တာဝန်ခံနိုင်မှုစနစ်များကို တန်ဖိုးထားသုံးသပ်တတ်ကြသည်။ ဖွံ့ဖြိုးဆဲကမ္ဘာ၌ ၎င်းတို့ကို မလိုလားသည့်နိုင်ငံများရှိသကဲ့သို့ ၎င်းတို့နှင့် နှစ်ဖက်လက်ခံနိုင်သည့်အကန့်အသတ်များထားရှိပြီး ပူးပေါင်းဆောင်ရွက်နေသည့်နိုင်ငံများလည်း ရှိနေသည်။

ဒီမိုကရေစီလက်သစ်နိုင်ငံများသည် ဆိုခဲ့ပါစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကြရာ၌ နယ်ပယ်စုံအတွက် ခွန်အားမပြည့်စုံမှုများရှိနေတတ်သည်။ လမ်းလျှောက်တတ်စကလေးတစ်ဦး မပြေးနိုင်သေးသည့်သဘောပင်။ ဆိုလိုချင်သည်မှာ ဖွံ့ဖြိုးပြီးကမ္ဘာ၏ Democratisation Assistance များနှင့် ပတ်သက်၍လည်းကောင်း၊ အခြားသော လူမှုစီးပွားဆိုင်ရာ ချဉ်းကပ်မှုများနှင့် ပတ်သက်၍လည်းကောင်း မိမိတို့ဘက်က အပြန်အလှန် Harmonised ဖြစ်မည့် တုံ့ပြန်မှုများ ပြုလုပ်သွားခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဖန်တီးရာ၌ တစ်နည်းတစ်ဖုံလွယ်ကူမြန်ဆန်မှု ရနိုင်ဖွယ်ရှိသည်ကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။ ယင်းသို့ဆိုရခြင်းမှာ ဖွံ့ဖြိုးပြီး ကမ္ဘာမှ နိုင်ငံအချို့သည် ဒီမိုကရေစီနိုင်ငံသစ်များနှင့်ပတ်သက်၍ ဆက်နွှယ်မှုပြုမည့် ပုံသဏ္ဌာန်သစ်များကို ပြန်လည်သုံးသပ်ပြင်ဆင်နေသည်ဟု ကြားသိရ၍ဖြစ်သည်။

မြန်မာနိုင်ငံ ဒီမိုကရေစီခြေစစ်ပွဲဝင်ကစားနေပြီဖြစ်ခြင်းကို နိုင်ငံတကာအသိုက်အဝန်းက စိတ်ဝင်တစားစောင့်ကြည့်နေချိန်တွင် 'နိုင်ငံတော်' ၏ အနာဂတ်ဖြစ်နိုင်ခြေများကို မိမိတို့ဖြစ်ထွန်းစေချင်သည့် ဆန္ဒများနှင့်အညီ ပေါ်ထွန်းလာစေရန် အလေးထားအားထုတ်ကြရမည်ဖြစ်ပါကြောင်း . . . ။

**ရဲမင်းဦး**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၃၄ မြန်မာ့ဈေးကွက်စီးပွားရေးဥပဒေသစ်
၄၀ ရွှေရောင်လွှမ်းသောကန်
၄၆ ပြန်လည်ဦးမော့လာသော မြန်မာ့ဆန်စပါးလုပ်ငန်း
၅၂ ရန်ကုန် ကုန်စည်ဈေးကွက်




# မြန်မာ့ဈေးကွက်စီးပွားရေးဥပဒေသစ်

တင်အောင်ကျော်

**သက်တမ်းနှစ်ပေါင်း ၂၀ ကျော်ရောက်ရှိလာပြီဖြစ်သော မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်သည် လာမည့်ငါးနှစ်အတွင်း ပထမဆုံးသောဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။ အဆိုပါဥပဒေသည် မြန်မာနိုင်ငံတွင် သာမက အိမ်နီးချင်းအာဆီယံနိုင်ငံအချို့တွင်ပါ လတ်တလောအကိုးအကားဖြင့် ဖော်ပြခြင်းငှာ မစွမ်းနိုင်သေးသည့် ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာဥပဒေပင် ဖြစ်သည်။**

လာမည့် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးမည့် မြန်မာနိုင်ငံရွေးကောက်ပွဲ အပြီး ရွေးကောက်တင်မြှောက်ခြင်းခံရသော အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများအနေဖြင့် မြန်မာ နိုင်ငံ၏ သီးခြားဖြစ်တည်ခဲ့သောအခြေ အနေများနှင့်ဆက်စပ်၍ အဆိုပါဥပဒေရေး ရာမူဝါဒများကို သေချာပေါက်ဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ရမည့် တာဝန်သည်

www.foreverspace.com.mm



မသွေ့မသွေ ရောက်ရှိလာမည်ဖြစ်သည်။

မကြာမီ ရွေးကောက်ပွဲဝင်ကြမည့် ကိုယ်စားလှယ်လောင်းများသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ မည်သည့်ပါတီ၊ မည်သည့်ကိုယ်စားလှယ်လောင်းကမျှ တစ်လုံးတစ်ပါဒမှ ထုတ်ဖော်ပြောဆိုဆွေးနွေးခြင်း မရှိကြသေးပေ။

သို့ရာတွင် အဆိုပါဥပဒေတွင်ပါဝင်လာမည့် မူဝါဒရေးရာများသည် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးအတွက် ကြီးမားသော အလှည့်အပြောင်းကြီးတစ်ခု ထပ်မံပေါ်ပေါက်လာမည်ဟု မြန်မာ့စီးပွားရေးလေ့လာသူများက ပြောဆိုကြသည်။

အဆိုပါဥပဒေသစ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံခြောက်နိုင်ငံသည် စတင်ရေးဆွဲလျက်ရှိပြီဖြစ်ကြောင်း ဩဂုတ်လ ၂၃ ရက်နေ့က ကျင်းပသော အာဆီယံဈေးကွက်ယှဉ်ပြိုင်မှု ဥပဒေလမ်းညွှန်ချက်စာအုပ်ထုတ်ဝေမိတ်ဆက်ပွဲတွင် ဗီယက်နမ်စီးပွားရေးဝန်ကြီး ဗူဟွိုဟွန်းက ပြောကြားသည်။ မြန်မာနိုင်ငံမှ ရေးဆွဲမည့်ဥပဒေတွင် မည်သည့်အကြောင်းအရာအား ထည့်သွင်းမည်ဟု တိတိပပဖော်ပြမထားသော်လည်း မလိုအပ်သော အစိုးရ၏ဝင်ရောက်စွက်ဖက်မှုများ၊ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခွင့်နှင့် တစ်ပြေးညီယှဉ်ပြိုင်ရေး၊ ကုမ္ပဏီကြီးများ၏ လက်ဝါးကြီးအုပ်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ကုန်သွယ်မှုဥပဒေ၊ စက်မှုလုပ်ငန်းဥပဒေ စသည့် အရေးပါသောအချက်များ ထည့်သွင်းသင့်သည်ဟု အာဆီယံ၏လမ်းညွှန်ချက်စာအုပ်တွင် ပါရှိသည်။

မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများသည် တိကျခိုင်မာသော ဥပဒေတစ်ရပ်အခြေအနေသို့ မကြာမီအသွင်ပြောင်းရောက်ရှိလာမည်ဖြစ်ပြီး နိုင်ငံသားများမှ ရွေးကောက်တင်မြှောက်၍တာဝန်ပေးထားသော ကိုယ်စားလှယ်များသည် အနာဂတ်မြန်မာ့စီးပွားရေး၏ Rules of the Game ယှဉ်ပြိုင်မှုဥပဒေကိုရေးဆွဲကြရမည်လည်း ဖြစ်ပါသည်။

ယနေ့မြန်မာ့စီးပွားရေးမူဝါဒများသည် သက်တမ်းနှစ်ပေါင်း ၂၀ ရှိလာသည့်တိုင် အတွေ့အကြုံနုနယ်သော အခြေအနေတွင် ရှိသေးကြောင်းနှင့် အသစ်ထွက်ပေါ်လာမည့်အစိုးရသည် သိမ်မွေ့သောအခြေအနေပေါ်တွင် အားယူကာ ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်းသစ်များ၏ ဈေးကွက်ကို ကာကွယ်ပေးသည့်မူဝါဒများ ဈေးကွက်ယှဉ်ပြိုင်မှုဥပဒေတွင် ထည့်သွင်းပေးသင့်ကြောင်း မြန်မာနိုင်ငံသား စီးပွားရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ရတစ်ဦးက ပြောကြားသည်။

ရိုးသားပွင့်လင်းစွာပြောဆိုရလျှင် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများ၊ စီးပွားရေးလုပ်ကိုင်ခွင့်၊ အပိုဆောင်းကုန်ကျစရိတ်နှင့် မူဝါဒအများအပြားသည် အိမ်နီးချင်းနိုင်ငံများနှင့် လိုက်လျောညီ ယှဉ်ပြိုင်နိုင်သောအဆင့်သို့ရောက်အောင် ယနေ့အချိန်တွင် များစွာပြုပြင်ရမည့်အခြေအနေလည်းဖြစ်ပါသည်။

## ချစ်လှစွာသော အိမ်နီးချင်းများ

မြန်မာနိုင်ငံ၏ Business Entry ဖြစ်တည်ပုံကို Living Color မဂ္ဂဇင်းတွင် ဆောင်းပါးရှင်အောင်ထွဋ်က အကြိမ်ပေါင်းများစွာ ရေးသားဖော်ပြပြီးဖြစ်သည်။

ပြောရလျှင် အာဆီယံသည် မြန်မာနိုင်ငံအပါအဝင် အခြားအာဆီယံနိုင်ငံများ၏ ယင်းကဲ့သို့ ဖြစ်တည်နေသော အခြေအနေများကို လာမည့် ၂၀၁၅ ခုနှစ်မတိုင်မီ မူဘောင်တစ်ရပ်ချမှတ်၍ ဖော်ဆောင်စေရန် တွန်းအားပေးနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် စားအုန်းဆီကဲ့သို့ ဈေးကွက်ကို ကုန်သည်ကြီးလေးဦးခန့်က ထိန်းချုပ်ထားခြင်း၊ ပဲဈေးကွက်ကို အိန္ဒိယအဝယ်တော်များ၏ ဝယ်ယူမှုပေါ်တွင်မူတည်ခြင်း၊ FEC ကို ငွေကြေးကစားသူများက ဝင်ရောက်ကစားလေ့ရှိခြင်း၊ တစ်နိုင်ငံလုံးဒေသအလိုက် အခြင်အတွယ်များကွဲပြားခြင်း စသည်တို့သည် ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာဥပဒေသစ်ပေါ်ပေါက်လာပါက ဈေးကွက်ဆိုင်ရာဥပဒေများက ထိုကဲ့သို့ အထိန်းအကွပ်ဘောင်လွတ်နေသော စီးပွားရေးလုပ်ငန်းများကို ဥပဒေများဖြင့် ထုတ်ပြန်ကန့်သတ်တော့မည်ဖြစ်သည့်သဘော ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များသည် အဆိုပါဥပဒေကို အကောင်အထည်ဖော်ပါမည်ဟု ကတိကဝတ်ပြုခဲ့သော ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်မှ ယနေ့အထိ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားတို့တွင်သာ ယင်းဥပဒေသည် ပြဋ္ဌာန်းပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ဈေးကွက်ယှဉ်ပြိုင်မှုဥပဒေကို မိမိနိုင်ငံ၏ လိုက်လျောညီထွေသောအနေအထားများနှင့် ကိုက်ညီရန်



www.foreverspace.com.mm

အသုံးအရေးကြီးပါသည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကွာဟချက်ကြီးမားသော အာဆီယံနိုင်ငံနှင့် ဈေးကွက်တစ်ခုတည်း အဖြစ် ပေါင်းစည်းရန်စီစဉ်ခြင်းသည် မြန်မာနိုင်ငံအတွက် အလွန်စွန့်စားလွန်းသော လုပ်ရပ်တစ်ခုဆိုရမည် ဖြစ်သည်။

ဖွံ့ဖြိုးပြီး အာဆီယံနိုင်ငံများက မြန်မာနိုင်ငံမှကုန်ကြမ်း၊ ဈေးချိုသော လုပ်သားများရယူကာ ၎င်းတို့နိုင်ငံတွင် အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်မည်ဆိုပါက မြန်မာနိုင်ငံသည် မည်သို့မျှ ၎င်းတို့နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်ပါ။

ဥပမာအားဖြင့် ထိုင်းနိုင်ငံ ဆမုတ်စွန်ရှိ အအေးခန်းစက်ရုံလည်ပတ်နေမှုသည်



မြန်မာနိုင်ငံမှ လုပ်သားများဖြင့်ဖြစ်ပြီး အဆိုပါစက်ရုံဆီသို့ အဓိကတင်ပို့နေသော ကုန်ကြမ်းများသည် မြန်မာနိုင်ငံမှ ပင်လယ်သယံဇာတရေထွက်ကုန်များသာ ဖြစ်ကာ ကမ္ဘာ့ဈေးကွက်တွင် ထိုင်းနိုင်ငံမှ တင်ပို့သည်ဟုသာ ဈေးကွက်နာမည်ရရှိပြီး အကျိုးအမြတ်များစွာကို ထိုင်းနိုင်ငံသားများကသာ ရရှိနေခြင်း ဖြစ်ပါသည်။

အလားတူဖြစ်ရပ်မျိုး မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် မန္တလေးမြို့တွင်လည်း ဖြစ်ပေါ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ မိရိုးဖလာလုပ်ငန်းတစ်ခုဖြစ်သော ကျောက်ဆစ်လုပ်ငန်းတွင် တရုတ်၊ ထိုင်း၊ ဟောင်ကောင်တို့မှ မှာယူသော ကုန်ကြမ်းများကို အကြမ်းထည်ထုလုပ်၍တင်ပို့နေရပြီး ယင်းနိုင်ငံများက အချောပြန်လည်ပြုပြင်ကာ မြန်မာနိုင်ငံ၏ (Country of Origin) ဒေသရင်းထွက်ကုန်ကို ခေါင်းပုံဖြတ် အမြတ်ထုတ်နေကြခြင်း ဖြစ်သည်။

အကယ်၍ အာဆီယံဈေးကွက်တစ်ခုတည်းမူဝါဒ ၂၀၁၅ ခုနှစ်တွင် ပေါ်ပေါက်လာပါက အဆိုပါအခွင့်အရေးကို စောင့်ဆိုင်းနေကြသော အာဆီယံနိုင်ငံများစွာ ရှိပါသည်။ ဗီယက်နမ်သည် မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်တွင်မှစတင်၍ ရင်းနှီးမြှုပ်နှံမှုများစွာ တိုးချဲ့လာခဲ့ခြင်းမှာ မြန်မာနိုင်ငံ၏ ကုန်ကြမ်းများကို တရားဝင် ကုန်ချောထုတ်လုပ်လိုခြင်းကြောင့်သာဖြစ်သည်ကို သိသာရှင်းလင်းစွာမြင်တွေ့နိုင်ပါသည်။

## ရာဇဝင်ပြိုင်ဘက် ထိုင်းနှင့် မြန်မာ GDP

ပြီးခဲ့သည့်ဩဂုတ်လတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပပြုလုပ်သည့် ပဲမျိုးစုံပြည်ပထုတ်ကုန်တင်ပို့ရောင်းချရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် တိုင်းပြည်၏ GDP (ပြည်တွင်းထုတ်ကုန်) တန်ဖိုး၏ ၃၅ ရာခိုင်နှုန်းခန့် ပါဝင်နေသည်ဟု ပြောဆိုသည်။

အဆိုပါပမာဏသည် ၁၉၃၈/၃၉ ခုနှစ် လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်က ကောက်ယူထားသည့် စိုက်ပျိုးရေးကဏ္ဍမှ GDP သို့ ထည့်ဝင်မှု ၄၇ ဒသမ ၉ ရာခိုင်နှုန်းထက် များစွာကျဆင်းခြင်းမရှိသေးသည်ကို တွေ့ရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဥပမာကိုကြည့်လျှင် တရုတ်နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍမှ GDP ထည့်ဝင်မှုသည် ၁၉၇၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၀၀၇ ခုနှစ်တွင် ၁၁ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ ဝန်ဆောင်မှုကဏ္ဍ၏ GDP ထည့်ဝင်မှုသည် ၁၃ ဒသမ ၂ ရာခိုင်နှုန်းမှ ၄၀ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်သွားခဲ့သည်။



www.foreverspace.com.mm



၁၉၈၀ နှင့် ၂၀၀၇ နှစ်တို့တွင် စိုက်ပျိုးရေးကဏ္ဍမှ GDP ထည့်ဝင်မှုသည် ထိုင်းနိုင်ငံ၌ ၃၀ ဒသမ ၂ ရာခိုင်နှုန်းမှ ၁၁ ဒသမ ၄ ရာခိုင်နှုန်းအထိ၊ အင်ဒိုနီးရှားနိုင်ငံတွင် ၃၅ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၈ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၂၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ အသီးသီး ကျဆင်းသွားပြီး စိုက်ပျိုးရေးကဏ္ဍမှ ကျဆင်းမှုနှင့်အတူ စက်မှုကဏ္ဍတွင် ၄၄ ရာခိုင်နှုန်းမှ ၄၇ ရာခိုင်နှုန်းများအထိ တိုးတက်ဖြစ်ထွန်းခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်များစွာ စိုက်ပျိုးရေးကဏ္ဍမှ GDP ထည့်ဝင်မှုကို အားထားရဆဲဖြစ်ပြီး စက်မှုကဏ္ဍမှ GDP ထည့်ဝင်မှုသည် အခြားသောဖွံ့ဖြိုးဆဲ အိမ်နီးချင်း လာအို၊ ကမ္ဘောဒီးယားတို့ထက် ပင်နည်းနေသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အသစ်ပေါ်ပေါက်လာမည့် ဥပဒေသည် ထိုအခြေအနေများကို ခြုံငုံရှုမြင်နိုင်ရန် အရေးကြီးပြီး ပြည်တွင်းမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေရသော စက်မှုလုပ်ငန်းများကို အညွန့်ချိုးသကဲ့သို့ မဖြစ်စေရန်အတွက် သင့်လျော်သောစီမံမှုများနှင့် ကြိုးပမ်းဖော်ဆောင်ရန် အထူးပင်အရေးကြီးပါသည်။



အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့ (ERIA) ၏ အကဲဖြတ်မှုအရ အာရှ ၁၉ နိုင်ငံ၏ Per Capital GDP ကို ဖော်ပြရာတွင် မြန်မာနိုင်ငံသည် ဇယားအောက်ဆုံးတွင် ရောက်ရှိနေပါသည်။ ထိုသို့ဖော်ပြထားခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် အမီလိုက်ရန် နိုင်ငံအများအပြားရှိနေသေးသည်ကို ဆိုလိုခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား၊ လာအို စသည့်နိုင်ငံများနှင့် ယှဉ်ပြိုင်ခြင်းမှာ များစွာခဲယဉ်းမည်မဟုတ်သော်လည်း ရာဇဝင်ပြိုင်ဘက် ထိုင်းနိုင်ငံနှင့် ယှဉ်ပြိုင်ခြင်းမှာ ပိုမိုစိတ်ဝင်စားစရာကောင်းမည်ဟု ယူဆရပါသည်။

## ငါးနှစ်မတိုင်မီ မြန်မာပြည်

၂၀၁၀ အပြီး အကူးအပြောင်းကာလတွင် ထွက်ပေါ်လာမည့် အစိုးရသစ်သည် အဆိုပါအခြေအနေများကို မည်သို့မည်ပုံ ဆောင်ကြဉ်းနိုင်မည်ဆိုသည်မှာ အရေးကြီးလှပါသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံသားများသည် ၎င်းတို့နှင့်ထိုက်တန်သော အစိုးရတစ်ရပ်ကို ရွေးချယ်ပေးပြီးဖြစ်ရာ ထိုအစိုးရအနေဖြင့် မည်သို့သောစီးပွားရေး ပြုပြင်ပြောင်းလဲမှုများဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ကို စတင်ဖော်ဆောင်မည်၊ ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းတွင် ပါဝင်နေသော မြန်မာနိုင်ငံကို မည်သို့လွှတ်မြောက်အောင် စီမံမည်၊ အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှုပုံစံတွင် မြန်မာနိုင်ငံပါဝင်နိုင်ရန် ကြမ်းတမ်းခက်ခဲမှုတို့ကို မည်သို့ကျော်လွှားမည် စသည်တို့မှာ အထူးပင်စိတ်ဝင်စားစရာကောင်းပါသည်။ ထိုအခြေအနေများ မတိုင်မီ ပေါ်ထွက်လာမည့် မြန်မာနိုင်ငံ ဈေးကွက်စီးပွားရေး ယှဉ်ပြိုင်မှုဥပဒေသည် မြန်မာနိုင်ငံသို့ စီးပွားရေးနယ်ချဲ့လိုသော ဖွံ့ဖြိုးပြီးအာဆီယံနိုင်ငံများအတွက် Rules of the Game ပြိုင်ပွဲစည်းကမ်းအဖြစ် တည်တံ့လာမည်ဖြစ်ရာ ကိုယ့်ကွင်းနှင့် ကိုယ့်စည်းမျဉ်း အထူးကိုက်ညီရန် လိုအပ်လှပါသည်။

၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် အာဆီယံက မြန်မာအပါအဝင် အာဆီယံနိုင်ငံများအတွက် ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာ ဥပဒေလမ်းညွှန်စာအုပ်တွင် ဈေးကွက်ယှဉ်ပြိုင်မှုဥပဒေဆိုသည်မှာ သက်ဆိုင်ရာအစိုးရတို့၏ မူဝါဒတစ်ရပ်ဖြစ်ပြီး ဈေးကွက်ပြိုင်ဆိုင်မှုအဆင့်အတန်းကို ထိန်းသိမ်းရန်သာမက အဖွဲ့အစည်းများ၊ စက်ရုံများနှင့် ဈေးကွက်များသို့ အစိုးရ၏ ကြီးကြပ်သောအတိုင်းအတာတစ်ခုဖြစ်သည်ဟု ဖော်ပြထားသည်။

www.foreverspace.com.mm






ယင်းတွင် အဓိကအချက်နှစ်ချက်ကို အခြေပြုထားရာ ပထမအချက်တွင် မူဝါဒချမှတ်ခြင်းဖြစ်ပြီး ယင်းအခြေအနေ၌ ဒေသတွင်းနှင့် နိုင်ငံလုံးဆိုင်ရာ ဈေးကွက်ပြိုင်ဆိုင်မှုတို့ကို တိုးမြှင့်ပေး၍ မူဝါဒချမှတ်ခြင်းနှင့် သက်ဆိုင်သည်ဟု ဖော်ပြထားသည်။ ကုန်သွယ်မှုဝါဒပြုပြင်မြှင့်တင်ပေးခြင်း၊ တင်းကျပ်သော ကုန်သွယ်ရေးလုပ်ငန်းစဉ်များပယ်ဖျက်ခြင်း၊ ဈေးကွက်အတွင်းဝင်ရောက်လာမည့်လုပ်ငန်းများကို လွယ်ကူအဆင်ပြေအောင်လုပ်ပေးခြင်း၊ မလိုလားအပ်သော အစိုးရဝင်ရောက်ခြယ်လှယ်မှုများကို နည်းပါးအောင်ပြုလုပ်ခြင်း၊ ဈေးကွက်အင်အားစုများ အားကိုးအားထားဖြစ်အောင်ပြုလုပ်ပေးခြင်းတို့ ပါဝင်သည်။

ဒုတိယအချက်တွင် ဈေးကွက်ယှဉ်ပြိုင်မှုဥပဒေနှင့်ပတ်သက်သည့် ဥပဒေပြဋ္ဌာန်းခြင်း၊ တရားရုံးဆုံးဖြတ်ချက်၊ စည်းမျဉ်းဥပဒေတို့ကို လုပ်ငန်းများ၏ပြိုင်ဆိုင်မှုနှင့်မဆန့်ကျင်အောင် ကာကွယ်ပေးရမည်။ ဈေးကွက်လက်ဝါးကြီးအုပ်မှု၊ ဈေးကွက်ပြိုင်ဆိုင်မှုကိုဆန့်ကျင်စေသော အပြုအမူကိစ္စများကို တားဆီးပေးရမည်ဟုလည်း ဖော်ပြထားသည်။

မြန်မာပါဝင်သော CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်) တို့သည် ကုန်သွယ်မှုမူဝါဒများကို ယခုထက်ဖြေလျှော့ပေးပြီး ပိုမိုလွတ်လပ်အောင် လုပ်ဆောင်သင့်သည်ဟုလည်း အာဆီယံ၏စီးပွားရေးအဝန်းအဝိုင်းဌာနမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာအက်စ်ပွရ်ပါနသန်က Living Color နှင့်ဩဂုတ်လအတွင်းတွေ့ဆုံစဉ်က ပြောကြားသည်။

ကွန်မြူနစ်ပါတီ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်တန်ဒေါင်းကိုယ်တိုင်ကပင် အာဆီယံဖွံ့ဖြိုးပြီး ခြောက်နိုင်ငံနှင့် ဖွံ့ဖြိုးဆဲ CLMV နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်သည် ၂၀၁၅ အာဆီယံစီးပွားရေးဈေးကွက်တစ်ခုတည်းအစီအစဉ်တွင် အဓိကအဟန့်အတားဖြစ်သည်ဟု ဗီယက်နမ်စီးပွားရေးဝန်ကြီးကဒါနန်းတွင်ကျင်းပသည့် ဩဂုတ်လ ၂၄ ရက်နေ့ (၄၂) ကြိမ်မြောက် စီးပွားရေးဝန်ကြီးများအစည်းအဝေးတွင် ပြောဆိုသည်။

ဤနေရာတွင် မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှုနှင့် ပဲတင်ပို့မှုကို အဓိကနှိုင်းယှဉ်သုံးသပ်၍ရသည်။ အစိုးရအနေဖြင့် ပဲတင်ပို့မှုကို လွတ်လပ်စွာဆောင်ရွက်ခွင့်ပေးခဲ့ခြင်းကြောင့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များနှင့် လယ်သမားများ အကျိုးများစွာဖြစ်ထွန်းခဲ့ပြီး ပဲတင်ပို့မှုသည် ဒေါ်လာတစ်ဘီလီယံအနားထိပင် ရောက်ရှိခဲ့ပါသည်။ ဤနေရာတွင် မူဝါဒချမှတ်မှုသည် တိုင်းပြည်စီးပွားရေးအတွက် ကောင်းမွန်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်ပြီး နိုင်ငံသည် အရှေ့တောင်အာရှတွင် အဓိက ပဲအများဆုံးတင်ပို့သောနိုင်ငံအဖြစ်ပင် ရောက်ရှိလာခဲ့သည်။

ဆန်ကိုမူ ၂၀၀၃ ခုနှစ်ကမှသာ အစိုးရက လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပေးခဲ့သော်လည်း တိုင်းပြည်၏အရေးကြီးသောသီးနှံဖြစ်၍ ပြည်ပတင်ပို့ရောင်းချမှုတွင် အတိုင်းအဆတစ်ခုထိ အလျှော့အတင်းပြုလုပ်ခြင်းကြောင့် တစ်ချိန်က အာရှ၏စပါးကျီအနေအထားသို့ မရောက်ရှိနိုင်သေးပေ။

သို့ရာတွင် ပြီးခဲ့သည့်နှစ်အတွင်း စိုက်ပျိုးထုတ်လုပ်သူများကို စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးခြင်းနှင့် အခြားစိုက်စရိတ်လိုအပ်ချက်များကို ပုဂ္ဂလိကကဝင်ရောက်အားဖြည့်ခဲ့ရာ အိမ်နီးချင်း ထိုင်းနိုင်ငံကပင် စောင့်ကြည့်နေသော အခြေအနေသို့

www.foreverspace.com.mm



ရောက်ရှိလာခဲ့သည်။ ပိုမိုလက်တွေ့ကျသော ချဉ်းကပ်မှုများဖြင့် ဆက်လက်လုပ်ကိုင်နိုင်ပါက တစ်ဧက ပျမ်းမျှအထွက် တင်း ၄၀ ခန့်မှ တင်း ၁၀၀ ခန့်အထိ ထွက်ရှိလာနိုင်ပြီး နိုင်ငံ၏မြေလွတ်မြေရိုင်းများစွာသည် အာရှစပါးကျီကို နောက်တစ်ကြိမ်ပြန်လည်ထွက်ပေါ်နိုင်မည့် အခွင့်အလမ်းဖြစ်သည်။

ယင်းစိုက်ပျိုးရေးကဏ္ဍများသာမက တိုင်းပြည်၏ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်သော စက်မှုကဏ္ဍသို့လည်းကောင်း၊ ခရီးသွားလုပ်ငန်းကဲ့သို့ ဝန်ဆောင်မှုကဏ္ဍကိုလည်းကောင်း၊ မှန်ကန်သောငွေကြေးမူဝါဒများ၊ ဘဏ်လုပ်ငန်းဆိုင်ရာများကို လက်တွေ့ကျသောမူဝါဒများချမှတ်ရန်အရေးသည် လာမည့် ၂၀၁၅ ခုနှစ်မတိုင်မီ မြန်မာ့စီးပွားရေးအလှည့်အပြောင်းအတွက် အထူးအရေးပါသည်ဟု ဆိုရမည်ဖြစ်သည်။

## ယှဉ်ပြိုင်မှုဥပဒေအထွေထွေ အခြေအနေများ၏ ထွက်ပေါက်

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ ဩဂုတ်လနောက်ဆုံးပတ်တွင် ဒါနန်းမြို့၌ ကျင်းပနေသည့် အရှေ့တောင်အာရှ စီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သည့် အရှေ့အာရှစီးပွားရေးရာ သုတေသနဌာနမှ ဥက္ကဋ္ဌ မစ္စတာ ဟီဒိုကိုရှိနီရှီမူဖာကို Living Color က မေးခွန်းတစ်ခုမေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းမှာ မြန်မာနိုင်ငံသည် ယခုအခါ အာဆီယံအဖွဲ့ဝင်အတွင်းဝင်ရောက်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို အဆင့်လိုက်ပြောင်းလဲလျက်ရှိပါသည်။ ကမ္ဘာ့စီးပွားရေးပညာရှင်အချို့ကလည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများ မပြုလုပ်ခင် ဒီမိုကရေစီနှင့် နိုင်ငံရေးပြောင်းလဲမှုများအရင်ဆုံးပြုလုပ်သင့်သည်ဟု ဆိုထားပါသည်။ သို့ရာတွင် တရုတ်နှင့် ဗီယက်နမ်တို့သည် နိုင်ငံရေးပြုပြောင်းလဲမှုနှင့် ဒီမိုကရေစီမပါဘဲ အောင်မြင်သောစီးပွားရေးပုံစံသစ်တစ်ခု စတင်ခဲ့သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ ယခုကဲ့သို့ အကူးပြောင်းကာလတွင် မည်သည့်အကြောင်းအရာကို ပိုမိုဦးစားပေးသင့်သည်ဟု ထင်ပါသနည်းဟု မေးမြန်းခဲ့ခြင်း ဖြစ်သည်။

အဆိုပါမေးခွန်းနှင့်ပတ်သက်၍ မစ္စတာဟီဒိုကိုရှိနီရှီမူဖာက ပြန်လည်ဖြေကြားခဲ့ပါသည်။ သို့ရာတွင် ထိုအဖြေမှာ ယေဘုယျသဘောအသွင်ဆောင်ပြီး မြန်မာနိုင်ငံသည် အခွင့်အရေးများစွာရှိကြောင်းနှင့် သူ့အနေဖြင့် နိုင်ငံရေးပြောင်းလဲမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြောဆိုရန် မရှိကြောင်း ပြန်လည်ဖြေကြားသည်။

အရှေ့အာရှစီးပွားရေးသုတေသနဌာနသို့ မေးမြန်းခဲ့သည့်မေးခွန်းကို Living Color သည် ဒီမိုကရေစီနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ စီးပွားရေးရာ လေ့လာသူများကို ထပ်မံမေးမြန်းခဲ့သည်။ သူတို့အဖြေမှာ ပိုမို၍တိကျပြတ်သားနေကြသည်။

“ဒီမိုကရေစီက အဓိကမဟုတ်ပါဘူး။ စီးပွားရေးက အဓိကပါ” ဟု ၎င်းတို့က ဖြေဆိုကြခြင်းပင် ဖြစ်သည်။

အထူးသဖြင့် အမေရိကန် မေရီလန်းတက္ကသိုလ် စီးပွားရေးဌာနခွဲမှ မဟာဝိဇ္ဇာတွဲ့ တက်ရောက်နေသူ မြန်မာနိုင်ငံသား လင်းဇော်ဦးက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် ထိုင်း၊ ဖိလစ်ပိုင် အိမ်နီးချင်း အာဆီယံနိုင်ငံများကဲ့သို့ ဒီမိုကရေစီ မလိုအပ်ဟု အဖြေသည် ယနေ့ဒီမိုကရေစီအရေး အစဉ်တစိုက် ရှေ့တန်းမှ တောင်းဆိုသူများ ထည့်သွင်း စဉ်းစားဖွယ်ဖြစ်သည်ဟုဆိုသည်။

နိဂုံးချုပ်အနေဖြင့် ပြောဆိုရလျှင် မြန်မာနိုင်ငံ၏ လက်ရှိအထွေထွေအခြေအနေများ၏ ထွက်ပေါက်သည် စီးပွားရေးသာဖြစ်သည်ဟုပင် သုံးသပ်ရပါမည်။ ထိုစီးပွားရေးအခြေအနေများကသာ နိုင်ငံရေးအရ အကဲဆတ်သောကိစ္စများဖြစ်ပြီး စီးပွားရေး၊ လူမှုရေးကဏ္ဍများကိုပါ ရှုပ်ထွေးစေခြင်းဖြစ်သည်။ စီးပွားရေးပိတ်ဆို့မှုကဲ့သို့ ဖြစ်ရပ်များ စတင်ပြီးနောက်တွင် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍနှင့် အခြားဖွံ့ဖြိုးမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကိုပါ ဆက်စပ်ထိခိုက်စေခဲ့ပါသည်။ လာမည့် အစိုးရသစ်သည် တိုင်းပြည်၏ ပကတိအခြေအနေကို လက်တွေ့ကျသော ကိန်းဂဏန်းအချက်အလက်များဖြင့် မှန်မှန်ကန်ကန်သုံးသပ်၍ မူဝါဒများချမှတ်နိုင်ရန်မှာလည်း အထူးပင် အရေးပါလှပါသည်။ အလားတူ အာဆီယံကဲ့သို့ ဒေသတွင်းပေါင်းစည်းခြင်းကိစ္စများတွင် အရေးပါသော အကြောင်းအရာများကို ထည့်သွင်းစဉ်းစားရပါမည်။ အိမ်နီးချင်း ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့သည် ADBဘဏ်၏အကူအညီ၊ နိုင်ငံတကာအကူအညီများဖြင့် ဒေသတွင်းအခြေခံအဆောက်အဦများ ဖြည့်ဆည်းနေချိန်တွင် မြန်မာနိုင်ငံသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ ဖြည့်ဆည်းနေခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးမှု မဖြစ်မနေဖော်ဆောင်လာရန်လိုအပ်သည်ဟု မှတ်ယူလျှင် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေး၊ လူမှုရေး မူဝါဒများ ဘက်ညီမျှတစွာပူးပေါင်းချမှတ်ကျင့်သုံးရေးသည်လည်း အရေးကြီးပါသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း လွတ်လပ်စွာကုန်သွယ်ခွင့်၊ အဖွဲ့ဝင်နိုင်ငံများကြား ကုန်စည်၊ ဝန်ဆောင်မှုနှင့် လုပ်သားများသာမက ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်တို့ရရှိလာပါက ဖွံ့ဖြိုးပြီးအာဆီယံနိုင်ငံများနှင့် တစ်ပြေးညီ ယှဉ်ပြိုင်လုပ်ကိုင်ဖို့ရာ မည်သို့မျှမဖြစ်နိုင်သည်ကို လာမည့်အစိုးရသစ်နှင့် မူဝါဒချမှတ်မည့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ သဘောပေါက်ဖို့လိုသည်။

ထို့ကြောင့် Rules Of The Game ပြည်တွင်းစီးပွားရေးကို ကာကွယ်သော ယှဉ်ပြိုင်မှုဥပဒေများ ချမှတ်သည့်နည်းတူ တစ်ပြေးညီယှဉ်ပြိုင်လုပ်ကိုင်နိုင်မည့် အခြေနေများ လက်တွေ့ကျကျ ပြန်လည်တည်ဆောက်နိုင်မှုကိုသာ သန်း ၆၀ ခန့်ရှိသော လူထုက စောင့်မျှော်နေကြပါလိမ့်မည်။

**တင်အောင်ကျော်**

**(ဓာတ်ပုံ-တင်အောင်ကျော်)**

www.foreverspace.com.mm



# ရွှေရောင်လွှမ်းသောကန်

ကျော်မျိုးထွန်း

**‘ရေ ညိုပြုံ့သင်း ကြာညိုအင်းလည်း နတ်မင်းသုံးရန် နန္ဒကန်နှင့် သဏ္ဌာန်မခြား’ အစချီသည့် စာဆိုတော်ဦးပုညက အင်းလေးကန်၏အလှကို ရေးဖွဲ့ခဲ့သည်။**

စာဆိုဦးပုညအလွန် အင်းလေးကန်ကို ကမ္ဘာကျော် Wallstreet Journal ကလည်း အောက်ပါအတိုင်းရေးဖွဲ့ခဲ့သည်။

‘တောင်စွယ်တွင်နေကွယ်လုလုအချိန် ညနေနေဝင်ရီတရောအ္ဘ ဝမ်းဇရာကို သစ်သားဖြင့်ပြုလုပ်ထားသော ငါးဖမ်းလှေငယ်လေးတစ်စင်း ဤနေရာတွင်ရှိနေသည်။ ထိုမြင်ကွင်းသည် မြင်ရသူ၏စိတ်ကို ကမ္ဘာ့အပြင်ဘက်သို့ပင် လွင့်ထွက်စေသည်အထိ တတ်နိုင်စေခဲ့သည်။’

ဇွန်လနောက်ဆုံးပတ်က Wallstreet Journal ၏ Website တွင် ဖော်ပြထားသည့် ကန်အင်းလေးအလှ။

## အင်းလေးသည်

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်တွင် တည်ရှိသည့်အင်းလေးကန်၏အလှသည် ယင်းသို့ ညွှန်းဆိုသည်ထက်ပင် ပိုပါသေးသည်ဟု ခရီးသွားဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

သို့သော် ယခုနှစ်နွေရာသီတွင်မူ အင်းရေပြင်သည် ငါးဖမ်းလှေလေးများ ကျက်စားဖို့ပင် ကျဉ်းလှသည်ဟု ဆိုရပေမည်ဟု မတ်လအတွင်းက ရောက်ရှိခဲ့သူငင်းက ဆိုသည်။

အင်းလေးကန်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၀ သန်းခွဲကပင် တည်ရှိနေခဲ့ပြီး အင်းလေးအင်းကြီးသည် ရှေးယခင်က အင်း ၄ ရွာဟုခေါ်ဆိုကြောင်း သက္ကရာဇ် ၁၆၃၇ တွင် သာလွန်မင်းတရားကြီး လက်ထက် ရှမ်းဒေသရှိ မြို့ပေါင်း ၁၇၅ မြို့ကို ဖော်ပြရာတွင်အင်း ၄ ရွာဟု ဖော်ပြထားကြောင်း သမိုင်းမှတ်တမ်းများအရသိရသည်။

၁၈၅၂ အင်းလေးစစ်တမ်းပုရပိုက်တွင် အင်း ၄ ရွာ ငွေခွန်မှူးငစံတင် အုပ်ချုပ်စီရင်သည်ဟု ပါရှိသည်။

ထို့ကြောင့် ခေတ်များပြောင်း၍ နှစ်များကြာမြင့်သည့်အခါ အင်း ၄ ရွာမှ အင်းလေးဟု ခေါ်ဝေါ်လာခဲ့သည်ဟု ယူဆရကြောင်း အင်းလေးဒေသခံတို့က ဆို

www.foreverspace.com.mm



သည်။

အင်းလေး၏မူလအစ ရွာကြီးဇန်းပုံ၊ နန်းပန်ရွာ၊ နောင်တောရွာ၊ ဟဲယာရွာမ ဟူသည့် ရွာကြီးလေးရွာမှ ယခုအချိန်တွင် ရွာပေါင်း ၄၀၀ ခန့်အထိ ရှိနေပြီဖြစ်သည်။

အင်း ၄ ရွာသည် အင်းလေး၏ မူလ သမိုင်းအစတော့မဟုတ်သေးပေ။ ယင်းနေ ရာတစ်ဝိုက် ကောသမီ၊ ရမ္မာဝတီ စသည့် ရှေးမြို့တော်ဟောင်းကြီးများမှာ အင်း ၄ ရွာ ထက်ပင် သမိုင်းဦးခဲ့သည်။

ရမ္မာဝတီသည် အင်းလေးရေပြင် အောက်တွင် ထာဝရအိပ်စက်ခဲ့ရသည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်ဟု ဘူမိဗေဒ ပညာရှင်တို့က ခန့်မှန်းခဲ့ကြသည်။

## အင်းလေးကန်ပျောက်ကွယ်တော့မှာလား

အင်းလေးကန်၏ ကန်ပေါင်ရိုး သဖွယ် ညောင်ရွှေနယ် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်တောင်တန်းကြီးများက စီတန်းကာရံလျက်ရှိပါသည်။ ကန်ကြီး အတွင်းသို့စီးဝင်သောချောင်းမြောင်းများမှာ လည်း အလွန်များပြားသည်။ နန်းလတ် ချောင်းကြီးသည် ညောင်ရွှေချိုင့်ဝှမ်းကြီး၏ မြောက်ဘက်မှမြစ်ဖျားခံကာ အင်းလေး ကန်ကြီးအတွင်းသို့ကွေ့ကောက်စီးဝင်သည်။ အရှေ့ဘက်တောင်တန်းများမှ အစပြု၍ စီးဆင်းသောချောင်းများမှာ (၁) သလဲဦး ချောင်း၊ (၂) ဘိုးနီချောင်း၊ (၃) ဘိုးကျား ချောင်း၊ (၄) နန်းမယ်ဆင့်ချောင်း (၅) ဘီလူးချောင်းတို့ ဖြစ်ကြသည်။

အနောက်ဘက်တောင်တန်းများမှ အင်းလေးကန်သို့စီးဝင်သော ချောင်း မြောင်းများမှာ အရှေ့ဘက်မှစီးဝင်မှုထက် နည်းသည်။ စီးဝင်သောချောင်းများမှာ ရေပယ်ချောင်း၊ ခေါင်တိုင်ချောင်း၊ ရေဦး ချောင်း၊ ငုတ်ချောင်း၊ သဖန်းချောင်း၊ ပုတ် သင်ချောင်း၊ သန်းတောင်ငါးမြောင်း (နွား ဒမချောင်း၊ လင်းကင်းချောင်း၊ မင်းချောင်း၊ ကျွန်းချောင်း၊ သပြေပင်ချောင်း)၊ ဘီလူး ချောင်း၊ တောင်ခမောက်ချောင်း၊ ထီးခန်း ချောင်း၊ မြေခြားချောင်း၊ ပေါက်တော



ချောင်း၊ နက်ရာချောင်း၊ တောင်ပို့ကန့် ချောင်း စသည်တို့ ဖြစ်ကြသည်။

ထိုချောင်းမြောင်းများမှ ရေနှင့်နုန်း မြေနုများ၊ မြေဆီမြေသြဇာများကို ပေးဝေ ခြင်းဖြင့် လူထုကိုအကျိုးပြု၏။ သို့သော် ကန်ပတ်လည်တောင်တန်းများ၌ သစ်ပင် သစ်တောများနည်းပါးလာသည့်အကျိုးဆက် က ကန်အင်းလေးကို 'ကော'စေမည့်မြေနီ မြေစေးများ ရေအောက်ရောက်ရန် အားပေး သကဲ့သို့ ဖြစ်လာစေသည်။

အင်းလေးကန်အတွင်းသို့ စီးဝင် သောချောင်းမြောင်းများသည် ရေကိုသာမ က နုန်းများ၊ သဲများကိုပါ ပို့ချစီးဝင်သည်။ နုန်းများပို့ချမှုမှာ တစ်နှစ်ထက်တစ်နှစ် အလွန်မြင့်မားလာသည်။ အင်းလေးကန်ရေ ပြင်သည် ဤအနောက်ဘက်ကမ်းစပ်လွင်

ပြင်၌ သိသာထင်ရှားစွာ တဖြည်းဖြည်းနှင့် ဆုတ်ယုတ်ကွယ်ပျောက်နေပါသည်။

ရေဝေါတောင်၊ လက်မောင်းကွေး တောင်များမှ စီးဝင်သော ချောင်းများတွင် သဲနုန်းမြေများမှာ အရှေ့ဘက်ကမ်းခြေမှ စီးဝင်သောချောင်းများထက် ပို့ချမှုပိုမိုများ ပြားသည်။ တောင်ယာစိုက်ပျိုးရန် မီးရှို့ ခြင်း၊ လောင်စာထင်းများခုတ်ခြင်း၊ မီးသွေး ဖုတ်ခြင်း၊ ထင်းခုတ်လှဲဆွဲချလာသော သစ်ပင်လုံးများမှ စွတ်ကြောင်းများအတိုင်း ရေထိုးစွတ်ကြောင်း ရေမြောင်းများ များစွာ ပေါ်ထွန်းလာခြင်း၊ ကျွန်းမျောစိုက်ခင်းများ ကြောင့် အင်းလေးကန် ရေစီးရေလာ နှေးကွေးလာကာ ကန်ကြမ်းပြင်သို့နုန်းများ ကျဆင်းမှုများလာခြင်း၊ ကျွန်းမျောများ သက်တမ်းကုန် ကန်အောက်သို့နစ်မြုပ်ကာ



www.foreverspace.com.mm

ကန်ရေပြင်တိမ်လာခြင်း စသည့်အကြောင်းအရာများကြောင့် အင်းလေးကန်သည် တိမ်ကောလုမတတ် ဖြစ်နေရပါသည်။

“ဒီအတိုင်းဆို လာမယ့်သီတင်းကျွတ် ဖောင်တော်ဦးဘုရားပင့်တဲ့အခါ ဖောင်တွေသွားလာဖို့ အခက်အခဲရှိနိုင်တယ်”ဟု ဒေသခံ စက်လှေမောင်းသမား ဦးလှမြင့်သန်းက ယခုနှစ်အတွင်း သိသိသာသာ ရေလျော့နည်းလာမှုနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။



ပြီးခဲ့သည့် ဧပြီလက ရွာအဝင်ချောင်းမကြီးများကို ဆည်မြောင်းဦးစီးဌာနမှ သောင်တူးဖော်ရေးယာဉ်ကြီးဖြင့် တူးဖော်ပေးခဲ့သည့် ရွာအရေအတွက် ၁၀ ရွာခန့်ရှိကြောင်း၊ ယခင်နှစ်များက နှစ်စဉ် ဇွန်လမှ ဒီဇင်ဘာလအထိ တစ်နေရာမှ တစ်နေရာသို့ လှေဖြင့်သာသွားလာ၍ရသော်လည်း ၂၀၀၉ ခုနှစ် အောက်တိုဘာလမှ ယခုတိုင် ပတ်ဝန်းကျင်ကျေးရွာများသို့ ကုန်းကြောင်းလမ်းလျှောက်၍ရကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

အင်းပေါခုံကျေးရွာမှရက်ကန်းလုပ်ငန်းရှင်တစ်ဦးက ပြီးခဲ့သည့် ဇန်နဝါရီလမှစတင်၍ ရွာရှိချောင်းများမှာ ရေအလွန်နည်းပါးလာပြီး စက်လှေများ သွားလာ၍မရတော့သဖြင့် မိမိတို့ရက်ကန်းရုံရှေ့ရှိချောင်းကို အလုပ်သမားများငှား၍ တူးဖော်ခဲ့ရာ မိုးပြန်လည်ရွာသွန်းသည့် ဇွန်လအထိ ကုန်ကျစရိတ် ၁၅ သိန်းခန့်ရှိကြောင်း၊ ရွာမှထိုသို့တူးဖော်ခဲ့သည့်လုပ်ငန်းရှင်ငါးဦး၏ စုစုပေါင်းကုန်ကျစရိတ်မှ သိန်း ၇၀ မှ ၈၀ အထိရှိကြောင်း ပြောဆိုသည်။

ရေမှော်ပင်များ ရေမျက်နှာပြင်ထက်ပေါ်တက်လာပြီး ပန်းပွင့်ပွင့်လာပါက မကြာမီ ထိုနေရာသည် ရေတိမ်ရေနည်းလာပြီး ကျွန်းမြေများပေါ်ထွက်ကာ သောင်ထွန်းလာတတ်သည်။ တစ်ဖန် ကြာပန်းများအများအပြားပေါက်ရောက်လာပါကလည်း မကြာမီ ထိုနေရာသည် ရေများနည်းလာပြီး ရွှံ့နွံတောအဖြစ် အသွင်ပြောင်းတော့မည်။

“တခြားလူသူနေထိုင်မှုမရှိတဲ့ ရေကန်တွေ တိမ်ကောသွားရင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုပဲရှိမယ်။ အင်းလေးကန်ကြီးတိမ်ကောသွားရင်တော့ ဒီကန်ကိုမှီပြီး နေထိုင်လုပ်ကိုင်စားသောက်နေကြတဲ့သူတွေအတွက် အများကြီးဆုံးရှုံးနစ်နာမှုတွေဖြစ်လာမှာပါ”ဟု တောင်ကြီးမြို့မှ သမိုင်းလေ့လာသူတစ်ဦးက ဆိုသည်။

‘၁၉၆၈ ခုနှစ်တုန်းက မိုးပြဲရေကာတာလာတည်ဆောက်ပေးတဲ့ ဂျပန်ပညာရှင်

www.foreverspace.com.mm



တွေက ဒီရေကာတာတည်ဆောက်ပြီးရင် နှစ် ၅၀ အတွင်း အင်းလေးကန်ရေခန်းသွားနိုင်တယ်လို့ ပြောခဲ့ဖူးပါတယ်” ဟု အင်းပေါခုံကျေးရွာမှ အငြိမ်းစား မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသာဒိုးက ပြောကြားသည်။

ထို့ပြင် ရွာများတွင် လူနေအိမ်ခြေများပြားလာခြင်း၊ ရွာရှိအိမ်များကို ရေးမှုမပျက်စေရန်မြေများဖို့၍ အိမ်ဆောက်လုပ်ခြင်း၊ စိုက်ခင်းများပြုလုပ်ခြင်း၊ ကျွန်းမျောစိုက်ခင်းများ များပြားလာခြင်း စသည့်လုပ်ရပ်များသည် အင်းလေးကန်ရေပြင်ပျောက်ကွယ်၍ မြေအသွင်ကူးပြောင်းစေမည့်လုပ်ရပ်များ ဖြစ်နေပါသည်။

ထို့ကြောင့်ပင် ကမ္ဘာကျော် Wall-street Journal က အင်းလေးကန်ပျောက်ကွယ်တော့မည်လားဟု မေးခွန်းထုတ်ခဲ့ခြင်းဖြစ်သည်။

## ရေရှည်တည်တံ့ရေး

ရှမ်းပြည်နယ်၊ အင်းလေးကန်နှင့် ကမ်းစပ်ဒေသများရှိ သီးနှံစိုက်ခင်းများ၊ ဥယျာဉ်ခြံများ၊ ကျွန်းမျောများတွင် ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ၊ ဟိုမုန်းပါသည့် ရွက်ဖျန်းမြေသြဇာများ အလွန်အကျွံသုံးစွဲလာသဖြင့် ကန်ရေ၌ နိုင်ထရိုဂျင်ဓာတ်ပါဝင်နှုန်း သိသိသာသာ မြင့်တက်လျက်ရှိကြောင်း၊ ယင်းနိုင်ထရိုဂျင်ဓာတ်များသည် ကန်ရေပြင်ရှိ မှော်ပင်များကို အထူးသန်စွမ်းစေသဖြင့် ယခုအခါ ကန်ရေပြင်ရှိရေမှော်များမှာ ယခင်ကထက် အဆပေါင်းများစွာ များပြားလာပြီး ကန်အတွင်းရေစီးဆင်းမှုနှုန်းကို နှေးကွေးစေကာ အနည်အနှစ်နှင့် နုန်းများကို ရေစီးနှင့်မျောမပါသွားစေဘဲ ကန်အတွင်းသို့ ကျရောက်စေသဖြင့် ရေမှော်ပင်များကိုလည်း ရှင်းလင်းရန်လိုအပ်နေပြီဖြစ်ကြောင်း တောင်ကြီးတက္ကသိုလ်မှ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး စာတမ်းပြုစုထားသူတစ်ဦးက ဆိုသည်။

လွန်ခဲ့သည့် နှစ် ၂၀၊ ၂၅ နှစ်ခန့်က



ရေမှော်ပင်များမှာ ရေအောက်၌ရှိခဲ့သောကြောင့် ရေကြည်သန့်ကာ ရေနေသတ္တဝါများ ရှင်သန်မှုအတွက် နေရောင်ခြည်များ လုံလောက်စွာရရှိခဲ့ကြောင်း၊ ယခုအခါ ရေမှော်ပင်များမှာ ကန်ရေမျက်နှာပြင်ပေါ်သို့ ပင်ရောက်ရှိလာကာ အဆမတန်ပေါက်ပွားလျက်ရှိသဖြင့် နေရောင်ခြည်ရရှိမှု နည်းပါးသွားစေသောကြောင့် ရေနေသတ္တဝါများ ပေါက်ဖွားရှင်သန်မှုနှုန်း သိသာစွာကျဆင်းသွားကြောင်း ၎င်းက ရှင်းပြသည်။

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှအလုပ်အမှုဆောင် ဦးစန်းယုက ဟိုတယ်အင်းများရှိ အဝတ်လျှော်စက်များမှ ဆပ်ပြာရည်များ၊ ရက်ကန်းစင်များမှ ဆိုးဆေးနှင့်စွန့်ပစ်အရည်များ၊ မော်တော်ပေါ်မှ လောင်စာဆီအညစ်အကြေးများ၊ ဒေသခံများမွေးမြူထားသည့် တိရစ္ဆာန်ချေး အညစ်အကြေးများ၊ အိမ်သာနှင့်စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများမှလည်း ကန်ရေပြင်ကို ညစ်နွမ်းစေကြောင်း ပြောကြားသည်။

တောင်ယာစိုက်ပျိုးမှုမှာ နေရာတစ်ခုတွင် သုံးနှစ်ခန့်သာ စိုက်ပျိုးနိုင်ပြီး မြေဆီမြေသြဇာများကုန်ခန်းသွားသဖြင့် နောက်ထပ်တစ်နေရာ ရွှေ့ပြောင်းစိုက်ပျိုးရသောကြောင့် သစ်တောများ ပြုန်းတီးလာကြောင်း၊ ထင်းခုတ်ပြီးသား အပင်ငုတ်တိုများကို ထပ်မံခုတ်ယူခြင်းမပြုရန် တားဆီးထိန်းသိမ်းထားနိုင်လျှင် တစ်နှစ် သို့မဟုတ် ၂ နှစ်အတွင်း သစ်ပင်များ ပြန်လည်ပေါက်ရောက်ရန် သဘာဝပတ်ဝန်းကျင်အခြေအနေတစ်ခုအထိ ပြန်ကောင်းလာနိုင်ကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

အင်းတိမ်ကျေးရွာမှ ဦးကံဦးက နုန်း



www.foreverspace.com.mm

တားဆည်များ အဓိကဦးစားပေးတည်ဆောက်ရန်လိုအပ်ကြောင်း၊ ၎င်းဆည်များတည်ဆောက်ခြင်းဖြင့် ကန်တိမ်ကောမှုကို ထိရောက်စွာတားဆီးနိုင်ပြီး အင်းရေလည်း ပိုမိုသန့်ရှင်းကြည်လင်လာမည်ဖြစ်ကြောင်း၊ အနောက်ဘက်တောင်တန်းများမှ စီးဆင်းသည့်ချောင်းများမှာ နုန်းပါဝင်မှုနှုန်း ပိုမိုကြီးမားလျက်ရှိကြောင်း သူ၏အမြင်ကို သုံးသပ်ပြောကြားသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတို့၏ဒဏ်ကြောင့် တစ်စတစ်စတိမ်ကောခန်းခြောက်လာသော နာမည်ကျော် အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းပေါင်းစုံပါဝင်သည့် ဆွေးနွေးပွဲတစ်ရပ်ကို ယခုနှစ် ဇူလိုင်လ ၁ ရက်နှင့် ၂ရက်တို့တွင် နေပြည်တော်နှင့် စာတမ်းဖတ်ပွဲကို ဇူလိုင်လ ၁၂ ရက်မှ ၁၄ ရက်အထိ တောင်ကြီးမြို့၌ ကျင်းပခဲ့သည်။

နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင်ရေကျဆင်းနေသည့် ကမ္ဘာကျော် အင်းလေးကန်ရေရှည်တည်တံ့ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို ပါတီ၏ပထမဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားကြောင်း ညောင်ရွှေမြို့အခြေစိုက် အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ


**“၁၉၆၀ ခုနှစ်တုန်းက မိုးပြဲရေကာတာလာတည်ဆောက်ပေးတဲ့ ဂျပန်ပညာရှင်တွေက ဒီရေကာတာတည်ဆောက်ပြီးရင် နှစ် ၅၀ အတွင်း အင်းလေးကန်ရေခန်းသွားနိုင်တယ်လို့ ပြောခဲ့ဖူးပါတယ်” ဟု အင်းပေါ်ခုံကျေးရွာမှ အငြိမ်းစား မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသာနိုးက ပြောကြားသည်။**

အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်ဝင်းက ပြောကြားသည်။

“ကမ္ဘာလှည့်ခရီးသည်တွေသာမက ဆောင်းခိုငှက်တွေ နှစ်စဉ်လာရောက်တဲ့ အင်းလေးကန်ကြီးမတိမ်ကော၊ မပျက်စီးဖို့ ဆွေးနွေးပွဲကရလဒ်တွေကို အမြန်ဆုံးဖော်ထုတ်ပြီး Action Plan ချမှတ်ဖို့ လိုနေပြီ” ဟု မြန်မာ့ငှက်ဝါသနာရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးညွန့်က သုံးသပ်ပြောကြားသည်။

## အရေးကြီးသည်

“ကျွန်တော်တို့ငယ်ငယ်တုန်းက ရွာထဲကချောင်းမှာ ငါးတစ်ထိုင်မျှားလိုက်ရုံနဲ့ ငါးဖိန်းကို ဖမ်းမိတယ်။ အခု ကန်ထဲ တစ်နေကုန်ဖမ်းတာတောင် ငါးဖိန်းရချင်မှရတယ်။ ပြီးတော့ ဘယ်ကိုပဲသွားသွား တစ်နေရာနဲ့တစ်နေရာ လှေနဲ့ပဲ သွားလို့ရခဲ့တယ်။ အခု ကုန်းတွေပေါ်လာပြီး လမ်းလျှောက်သွားလို့ရနေပြီ။ နောက်ဆို အင်းသူ



www.foreverspace.com.mm





တွေ ဆိုင်ကယ်မောင်းတော့မယ်ထင်တယ်။ ငါးဖိန်းမစားရင်နေပေ့စေ။ ရိုးရာအစဉ်အလာ Culture ကိုတော့ မပျောက်စေချင်ဘူး”ဟု ဟဲယာရွာမရှေ့ရုပ်ငယ်ရုပ်မှ ဒေသခံ အင်းသားတစ်ဦးက ဆိုသည်။

ငါးဖိန်းနှင့် အင်းသား ခွဲခြားမရဟု ဆိုရိုးရှိခဲ့သည်။

သို့သော် ယနေ့အချိန်တွင် ငါးဖိန်းသည် အရုပ်ရေးပြရလုနီးနီး ဖြစ်နေပြီဟု အင်းလေး ဒေသခံတစ်ဦးက ဆိုသည်။

ငါးဖိန်းမရှိလျှင် Wallstreet Journal ပါငါးဖမ်းလှေလေးသည်လည်း ဆည်းဆာရောင်အောက်သို့ ရောက်လာစရာအကြောင်းပင်မရှိတော့ချေ။ စာဆိုကျော် ဦးပုညက ‘နန္ဒာကန်နှင့် သဏ္ဍာန်မခြား’ ဟု ဖွဲ့ဆိုစရာအကြောင်းလည်း မရှိပေ။

အင်းလေးသည် ဒေသခံတို့၏ စီးပွားရေး၊ လူမှုရေး၊ နေထိုင်ရေးတို့အတွက်သာမက နိုင်ငံအတွက် အရေးကြီးသည့် ကျက်သရေဆောင်ဖြစ်သည်။ ထိုမျှမက ကမ္ဘာအတွက်လည်း အရေးကြီးသည့် သမိုင်းဝင် အလှအပနေရာ ဖြစ်သည်။ တောင်ပေါ်ရေကန်အင်းလေးမရှိဘဲ မောရှမ်းမြေကို ညွှဲ့သည် အရောက်အပေါက်များရန် မလွယ်။

“ဒီရေထဲမှာ ဘာတွေရှိနေလဲဆိုတာ သေသေချာချာမသိဘူး။ ဒါပေမဲ့ ဒီခရမ်းချဉ်သီးထဲမှာတော့ ကျွန်တော်တို့ဘဝတွေရှိတယ်။ ကျွန်တော်တို့မျှော်လင့်ချက်တွေရှိတယ်။ ကျွန်တော်တို့မိသားစုတွေပါတယ်” ဟူသည်ကား ဒါရိုက်တာမင်းထင်ကိုကိုကြီး ရိုက်ကူးခဲ့သည့် အင်းသီးမှတ်တမ်းရုပ်ရှင်၏ နောက်ဆုံးဇာတ်ဝင်ခန်းတွင် အင်းသား မိသားစုဝင်ဖြစ်သူ ဦးသိန်းဝင်းစကား။

အင်းသားများ၏ ဘဝအတွက် အင်းသီးရှိမှဖြစ်မည်။ ကန်တည်တံ့ရေး၏သရုပ်သကန်ဖြစ်သော ငါးဖိန်းရှိမှဖြစ်မည်။ အင်းသီးရှိရန် အင်းလေးရှိရန်လိုသည်။

အင်းလေးမရှိလျှင် . . . . . . . ။

**ကျော်မျိုးထွန်း**
**ဓာတ်ပုံ–ကျော်မျိုးထွန်း**



www.foreverspace.com.mm


**ပြီးခဲ့သည့်နှစ်ပေါင်း ၄၀ ခန့်အတွင်း ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနောက်ကျန်နေသော မြန်မာဆန်စပါးလုပ်ငန်းသည် တစ်နှစ်တာကာလအတွင်း ပြန်လည်ဦးမော့လာနေပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်းက အထူးပြုကုမ္ပဏီများ၏ မုတ်သုံရာသီ စပါးစိုက်ပျိုးစရိတ်ပံ့ပိုးငွေနှင့် သွင်းအားစုများပေးအပ်ပွဲများတွင် အစဉ်တစိုက်ထည့်သွင်း ပြောကြားသည်။**

ဝန်ကြီးက "ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း ယခုနှစ်ပိုင်းမှာ Take off ဖြစ်လာတယ်"ဟု ထပ်လောင်းပြောကြားသည်။

ဝန်ကြီးက ၂၀၀၃ ခုနှစ်ကတည်းက လယ်ယာကဏ္ဍမူဝါဒများပြောင်းလဲခဲ့ပြီး ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်ပေးအပ်ထားသော်လည်း နိုင်ငံပိုင်ဆန်စက်များကို ဝယ်ယူသူမရှိခဲ့ကြောင်း၊ ယခုနှစ် တစ်နှစ်အတွင်း ယင်းဆန်စက်အလုံး ၆၀ ကျော်အားလုံး

# ပြန်လည်ဦးမော့လာသော မြန်မာ့ဆန်စပါးလုပ်ငန်း

နိုင်မင်းဝေ



www.foreverspace.com.mm



ရောင်းထွက်သွားခဲ့ကြောင်း၊ ဤအချက်သည် ဆန်စပါးလုပ်ငန်း၇သို့ ရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းနှင့် ဝင်ရောက်လာခြင်းပင်ဖြစ်ကြောင်း သုံးသပ်ပြောကြားသည်။

## ရေခံမြေခံကောင်း

ယေဘုယျအားဖြင့် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံသည် စိုက်ပျိုးမြေနှင့် သဘာဝလိုအပ်ချက်များပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။

သို့ရာတွင် လွန်ခဲ့သည့် အနှစ် ၄၀ ခန့်အတွင်း ဖြစ်ပေါ်တိုးတက်ခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေကို ပြန်လည်ဆန်းစစ်ကြည့်ပါက လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် နောက်ကျနေပြီး အမှန်တကယ်ထွက်နိုင်သော ကုန်ထွက်ထက် များစွာလျော့နည်းနေသည်ကို တွေ့မြင်ရသည်။ မြန်မာနိုင်ငံတွင် ဖော်ထုတ်ခြင်းမပြုရသေးသည့် မြေလွတ်၊ မြေရိုင်းများစွာကျန်ရှိနေပြီး ရေအရင်းအမြစ်ပေါကြွယ်ဝကာ သင့်တင့်မျှတသောရာသီဥတုအနေအထားလည်းရှိသည်ကို တွေ့ရသည်။

အထူးသဖြင့် ကြီးမားကျယ်ပြန့်၍ အလားအလာကောင်းသော ဈေးကွက်များနှင့်လည်း နီးကပ်စွာရှိသည့် ပထဝီအားသာချက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

သို့ရာတွင် မြန်မာ့လယ်ယာလုပ်ငန်းသည် အစိုးရအဆက်ဆက်၏ ထိန်းချုပ်ကိုင်တွယ်မှု ဒဏ်ရာဒဏ်ချက်များနှင့် မဖွံ့ဖြိုးသေးသောအနေအထားတွင် ရှိနေခဲ့ရသည်။

လက်ရှိအခင်းအကျင်းတွင် မြန်မာ့လယ်ယာကဏ္ဍသည်တိုးပွားလျက်ရှိသော မြို့နေလူဦးရေများအတွက် အစားအသောက်ထုတ်လုပ်ပံ့ပိုးသော အခန်းကဏ္ဍအနေဖြင့်လည်းကောင်း၊ ပြည်ပတင်ပို့မှုမှ ဝင်ငွေရှာဖွေရန်အတွက်သော်လည်းကောင်း အရေးကြီးအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

လယ်ယာကဏ္ဍနှင့်ပတ်သက်၍ နည်းပညာအကန့်အသတ်များကို ကျော်လွှားပြီး ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်ရေးအတွက် ခေတ်မီအောင် ပြုပြင်ပေးရမည်ဟု ပညာရှင်များက အစဉ်တစိုက် ထောက်ပြပြောဆိုခဲ့သည်။

## မူဝါဒဖြေလျှော့လမ်းဖွင့်

ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံတွင် ဆန်စပါးထုတ်လုပ်ရေးလုပ်ငန်းအပေါ် ချုပ်ကိုင်မှုများ ဖြေလျှော့ပေးလာရာ နိုင်ငံစီးပွားရေးအတွက် မျှော်လင့်ချက်များ မြင့်တက်လာရသည်။

နှစ်ပေါင်းများစွာ တင်းကျပ်စွာထိန်းချုပ်ထားသော ဆန်စပါးလုပ်ငန်းကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဖွဲ့စည်းတည်ထောင်ကာ လယ်သမားများနှင့် ဆန်စက်ပိုင်ရှင်များသို့ ငွေထုတ်ချေးနိုင်ရန် မူဝါဒများဖြေလျှော့ပေးခဲ့သကဲ့သို့ လုပ်ငန်းစုကုမ္ပဏီကြီးများကိုလည်း မြန်မာ့လယ်ယာကဏ္ဍတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံစေခဲ့သည်။

၂၀၀၉ ခုနှစ်ကလည်း တာဝန်ကျေစပါးရောင်းဝယ်ရေးစနစ်မှ လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုခဲ့သော်လည်း သိသာမြင်သာသည့် တိုးတက်မှုများမတွေ့မြင်ခဲ့ရပေ။ အစိုးရသည် ပြည်တွင်းဖူလုံရန် ကာကွယ်မှုပြုသည့်အနေဖြင့် ဆန်တင်ပို့မှုကို အကန့်အသတ်နှင့် စိစစ်ခွင့်ပြုခဲ့သည်။ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးမှုနှောင့်နှေးနေကြောင်း ထင်ရှားသောအချက်မှာ နိုင်ငံခြားသို့ ဆန်တင်ပို့မှုကျဆင်းလာသောအချက်ဖြစ်သည်။ နိုင်ငံ၏ အဓိကကျသောကဏ္ဍတွင် ကုန်ထုတ်စွမ်းအားကျဆင်းမှုသည် စီးပွားရေးစနစ်တစ်ခုလုံး၏ ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေခဲ့သည်ဟု ပညာရှင်များက ထောက်ပြသည်။



www.foreverspace.com.mm


အကျိုးဆက်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုကိုအားပေးသည့် ပို့ကုန်ဈေးကွက်မရှိသဖြင့် လယ်သမားများသည် ထုတ်လုပ်မှုတိုးတက်ရေးအတွက် စွမ်းအားပြည့်စိုက်ပျိုးခြင်းမရှိတော့ပေ။

ဆန်ပို့ကုန်မူဝါဒကို ဖြေလျှော့ပေးခြင်းအားဖြင့် အပေါင်းလက္ခဏာဆောင်သောအကျိုးသက်ရောက်မှုများရရှိလာမည်ဖြစ်ကြောင်း၊ အကယ်၍ လယ်သမားများသည် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများအတွက် လုံလောက်သောငွေအရင်းအနှီးရရှိလာလျှင် အကောင်းဆုံးကိုမျှော်လင့်နိုင်မည်ဖြစ်ကြောင်း ပညာရှင်များက အကြံပြုသည်။

**မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတွင် ရှိခဲ့သည့် နိုင်ငံပိုင်ဆန်စက်များ**

| စဉ် | တိုင်း/ပြည်နယ် | ဆန်စက်လုံးရေ |
|---|---|---|
| ၁။ | ဧရာဝတီတိုင်းဒေသကြီး | ၂၀ |
| ၂။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | ၇ |
| ၃။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ၈ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး | ၁၁ |
| ၅။ | ရခိုင်ပြည်နယ် | ၁၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၇ |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၂ |
| ၈။ | ကယားပြည်နယ် | ၁ |
| ၉။ | ကရင်ပြည်နယ် | ၁ |
| | စုစုပေါင်း | ၆၉ လုံး |

ရန်ကုန်မြို့တော်အခြေစိုက် စီးပွားရေးနှင့် နိုင်ငံရေးအပြောင်းအလဲများအတွက် အားပေးလုပ်ဆောင်နေသည့် Myanmar Egress ဥက္ကဋ္ဌ ဦးတင်မောင်သန်းက လယ်ယာမြေဈေးငွေများ လုံလုံလောက်လောက်ရရှိလျှင် ထုတ်လုပ်မှုတိုးတက်စေရန် အလွယ်တကူ လုပ်ကိုင်နိုင်သည်ဟု ပြောဆိုသည်။



"တကယ်လုပ်ရင် ၁၀ နှစ်အတွင်း အဓိကဆန်တင်ပို့တဲ့နိုင်ငံပြန်ဖြစ်နိုင်တယ်" ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၏ အကြံပေးပုဂ္ဂိုလ်လည်းဖြစ်သူ ဦးတင်မောင်သန်းက ထပ်လောင်းပြောကြားသည်။

အစိုးရ၏ မူဝါဒများသည် အထူးအရေးပါရာ ၂၀၀၃ ခုနှစ်ကလည်း ပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး ယခုပြောင်းလဲမှုများ၏ နောက်တွင် လမ်းဖွင့်ပေးမှုများသည် ရွေးကောက်ပွဲပြီးလျှင် ပိုမိုဖြစ်ထွန်းလာကာ ယခုအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့လျှင် ကမ္ဘာ့ရိက္ခာလိုအပ်ချက်ကို အထောက်အကူ ပြုနိုင်ပေလိမ့်မည်။

ယခုပြုပြင်ပြောင်းလဲမှုများကို ယခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲမတိုင်ခင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လူသားချင်းစာနာသော အကူအညီပေးရေးအဖွဲ့များက တပ်မတော်အစိုးရသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး

www.foreverspace.com.mm



## မြန်မာဆန်ပြည်ပတင်ပို့မှု ၂၀၀၇-၂၀၀၈ နှင့် ၂၀၀၈-၂၀၀၉

| နိုင်ငံ | ၂၀၀၇–၂၀၀၈ | | ၂၀၀၈–၂၀၀၉ | |
|---|---|---|---|---|
| | ၀၀၀' တန် | $ သန်း | ၀၀၀' တန် | $ သန်း |
| ဘင်္ဂလားဒေ့ရှ် | ၁၉၂.၄၂ | ၅၅.၂၈ | ၂၀၃.၃၈ | ၆၀.၀၀ |
| စင်ကာပူ | ၅၄.၇၁ | ၁၅.၂၀ | ၂၄.၁၉ | ၇.၄၉ |
| အိန္ဒိယ | ၁.၅၀ | ၀.၄၇ | ၁၄.၂၀ | ၃.၉၈ |
| မလေးရှား | – | – | ၁၇.၃၈ | ၃.၉၈ |
| သီရိလင်္ကာ | – | – | ၈.၀၀ | ၃.၂၀ |
| တရုတ် | – | – | ၃.၈၆ | ၁.၀၂ |
| UAE | ၄၄.၁၁ | ၁၁.၉၁ | ၄.၅၀ | ၁.၃၆ |
| ဆော်ဒီအာရေးဗီးယား | – | – | ၈.၂၀ | ၂.၃၀ |
| အီဂျစ် | – | – | ၁.၂၀ | ၀.၄၀ |
| တောင်အာဖရိက | ၅၈.၄၁ | ၁၇.၆၉ | ၁၈၇.၃၆ | ၅၇.၅၈ |
| ကင်မရွန်း | – | – | ၁၀.၆၄ | ၂.၉၈ |
| အိုင်ဗရီကို့စ် | – | – | ၁၈၄.၆၀ | ၅၂.၉၈ |
| ဘူဂေးရီးယား (Bulgoria) | ၇.၁၅ | ၂.၀၀ | ၃.၃၅ | ၁.၀၀ |
| အခြား | – | – | ၃.၄၈ | ၁.၂၅ |
| **စုစုပေါင်း** | **၃၅၈.၅၀** | **၁၀၂.၅၅** | **၆၇၄.၃၄** | **၂၀၀.၅၇** |

**Source: စီးပွား/ ကူးသန်း**

တွင် ဆန်စပါးမူဝါဒနှင့် ပတ်သက်၍ ချဉ်းကပ်မှုပုံစံသစ်များကို သိမြင်နားလည်လာသည်ဟု ဆိုသည်။

### ဖူးပွင့်လာသော အထူးပြုကုမ္ပဏီ

၂၀၀၉ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှ စတင်၍ ဆန်စပါးအထူးပြုကုမ္ပဏီ ၃၂ ခု၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီ ၁၉ ခု စုစုပေါင်း ကုမ္ပဏီ ၅၁ ခုကို ဖွဲ့စည်းကာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းတည်ထောင်၍ လယ်သမားများကို ၂ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ပံ့ပိုးငွေသွင်းအားစုများ၊ လယ်ယာစိုက်ပျိုးရေးကိရိယာများ ထောက်ပံ့ပေးခဲ့သည်။

၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မိုးစပါး၊ နွေစပါးစိုက်ပျိုးရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီ ၂၅ ခုက ထောက်ပံ့ငွေကျပ် ၁၆ ဒသမ ၉၃ ဘီလီယံနှင့် ပဲအထူးပြုကုမ္ပဏီ ၁၃ ခုက ထောက်ပံ့ငွေ ၄ ဒသမ ၁၁ ဘီလီယံ စုစုပေါင်း ကျပ်ငွေ ၂၁ ဘီလီယံအထိ ပံ့ပိုးနိုင်ခဲ့သည်။

၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် မိုးစပါးစိုက်တောင်သူများကို ဆန်အထူးပြုကုမ္ပဏီ ၂၇ ခုက ကျပ် ၁၃ ဒသမ ၇ ဘီလီယံ ထောက်ပံ့ပေးထားပြီး ဆက်လက်ထောက်ပံ့ရန်ရှိသေးကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း (MRIA) က ဆိုသည်။

ယခုနှစ်တွင်တွေ့ကြုံနေရသည့် မိုးခေါင်မှုပြဿနာကိုပြေလည်စေရန် စိုက်ပျိုးရေရရှိရေးအတွက် အထူးပြုကုမ္ပဏီများသည် စက်ယန္တရားများ အသုံးပြု၍ မြေအောက်ရေသုံးစွဲနိုင်ရန် ရင်းနှီးမြှုပ်နှံမှုများလည်း ပြုလုပ်ပေးခဲ့သည်။

အထူးပြုကုမ္ပဏီများသည် စုစုပေါင်း ကျပ်ငွေ ၆၈ ဒသမ ၅၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားပြီး ကိုယ်ပိုင်ဆန်စက် ၁၁၃ လုံး၊ အငှားဆန်စက် ၆၈ လုံး၊ ကိုယ်ပိုင်သိုလှောင်ရုံ ၂၄၉ လုံး၊ အငှားသိုလှောင်ရုံ ၂၉ လုံး၊ ထွန်စက် ၄၁ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၉၄ စီး၊ သယ်ပို့ယာဉ် ၅၆ စီး၊ မျိုးစေ့ချကိရိယာတစ်ခု၊ ရေစုပ်စက်အလုံး ၇၀ တို့အား ရင်းနှီးမြှုပ်နှံထားသည်ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း

www.foreverspace.com.mm

(MRIA) စာရင်းများအရ သိရသည်။

ပဲမျိုးစုံအထူးပြုကုမ္ပဏီများအနေဖြင့် ကျပ် ၂၃ ဒသမ ၄၁ ဘီလီယံကျော်ရင်းနှီး မြှုပ်နှံထားသည်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဦးချစ်ခိုင်ကမူ အထူးပြုကုမ္ပဏီ ၃၀ ကျော် ခန့်ရှိသော်လည်း ငွေကြေးအရင်းအနှီး တောင့်တင်းမှုပေါ်မူတည်၍ Supply Chain တစ်ခုလုံးအတွက် ထဲထဲဝင်ဝင်လုပ်နေသည့် ကုမ္ပဏီ ရှစ်ခုခန့်သာရှိသည်ဟုဆိုသည်။

## အရည်အသွေး

ပြည်ပဈေးကွက်တွင်ဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာ့ဆန်များ ဈေးအနိမ့်သာရရှိနေပြီး ဈေးအနိမ့်ရရှိသည့် အရင်းခံအကြောင်းရင်းတွင် အရည်အသွေး ညံ့နေခြင်းသည် အဓိကအချက်ဖြစ်သည်။


စပါးမျိုးကွဲများသိသိသာသာများပြားမှု၊ ရိတ်သိမ်းချိန်လွန်နည်းပညာချို့ငဲ့မှု၊ ဆန်စက်များ ခေတ်နောက်ကျနေမှုတို့ ကြောင့်ဖြစ်သည်ဟု ပညာရှင်များက အစဉ် တစိုက်ထောက်ပြကြသည်။


အထူးပြုကုမ္ပဏီများသည် ကိုယ်ပိုင် မျိုးစိုက်ခင်းများထူထောင်၍ မျိုးကောင်း မျိုးသန့်များကို စိုက်ပျိုးထုတ်လုပ်လျက်ရှိ ပြီး တောင်သူများအား ဖြန့်ဖြူးပေးလျက် ရှိရာ အထူးပြုကုမ္ပဏီကြီးများအနေဖြင့် မျိုးထုတ်လုပ်မှုကို ဦးစားပေးလုပ်ဆောင်ပါက သုံးနှစ်အတွင်း ဒေသအလိုက် မျိုးကွဲများ နေမှုကို လျှော့ချနိုင်မည်ဟု စိုက်ပျိုးရေး ပညာရှင်ဒေါက်တာမင်းအောင်က ဆို သည်။

ပြည်ပဈေးကွက်အကြိုက်မျိုးကောင်း မျိုးသန့်စပါးများကို ထုတ်လုပ်ဖြန့်ဝေကာ ဒေသအတွင်းစိုက်ပျိုးစေခြင်းဖြင့် ရရှိလာ သည့်စပါးများကို ကြိတ်ခွဲရောင်းချခြင်းက သာ ပြည်ပဈေးကွက်ခိုင်မာစေမည် ဖြစ် သည်။

ငွေကြေးတောင့်တင်းသော ကုမ္ပဏီ ကြီးအချို့သည် ဆန်စက်များ ကိုယ်ပိုင်ဝယ် ယူခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဖက်စပ် လုပ်ကိုင်ခြင်းများဖြင့် ဂျပန်နိုင်ငံလုပ် ဆာတာကေး ဆန်စက်ယူနစ်အသစ်များ၊ အရောင်တင်စက်များ၊ ဖုန်၊ သဲ၊ ခဲ သန့်စင် သည့် စက်ယူနစ်များ ဖြည့်စွက်တပ်ဆင် ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်အရည် အသွေးမြင့်ဆန်များ ကြိတ်ခွဲရရှိရေး အတွက် လုပ်ဆောင်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေပြည်သာမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသ ကြီးအတွင်းရှိ ဒေးဒရဲ၊ ညောင်တုန်း၊ ဓနုဖြူ၊ အိမ်မဲ၊ ကံကြီး ဒေါင့်၊ ငပုတော၊ ဟင်္သာတ၊ လေးမျက်နှာ မြို့နယ်တို့တွင် တစ်ရက်လျှင် တန် ၂၄၀ ကျ၊ ဆန်စက်ကြီးများအပါအဝင် ခေတ်မီ ဆန်စက် ၁၈ လုံးကို ယခုနှစ် နှစ်ဆန်းပိုင်း က တပ်ဆင်တည်ဆောက်ခဲ့သည်ဟု ဆန် စက်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။




၂၀၀၇–၂၀၀၈ ခုနှစ်နှင့် ၂၀၀၈–၂၀၀၉ ခုနှစ် ပြည်ပဆန်ဈေးကွက်ဝေစုပြ ဂရပ်ပုံ ( **Source:** စီးပွား/ကူးသန်းဝန်ကြီးဌာန)

www.foreverspace.com.mm



## တောင်သူတို့၏ဘဝ

လယ်ယာကဏ္ဍ၏ အခြေခံအကျဆုံး ထုတ်လုပ်သူတောင်သူများ၏ ဘဝသည် ယခုနှစ်တွင် အထူးပြုကုမ္ပဏီများနှင့် ဒေသခံကုန်သည်များဈေးပြိုင်ပေးဝယ်မှုကြောင့် စပါးဈေး၊ ပဲဈေးများ ပြီးခဲ့သည့်နှစ်ကထက် ဈေးပိုမိုရခဲ့ပြီး ကြွေးကျေကာ အသက်ရှူချောင်လာခဲ့သည်ဟု မြစ်ဝကျွန်းပေါ်တောင်သူများက ဆိုသည်။

နဂစ်မုန်တိုင်းဒဏ်ခံ လပွတ္တာ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင်မူ မိုးစပါးစိုက်ပျိုးချိန်တွင် ကြွက်များဖျက်ဆီးမှုကြောင့် စပါးအထွက်လျော့ကာ စပါးဈေးကောင်းရသော်လည်း အကျိုးအမြတ်အပြည့်အဝမရသည်မှလွဲ၍ တောင်သူများအဆင်ပြေသည့်နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

“ဒီနှစ် စပါးဈေး၊ ပဲဈေးက နှစ်ဆလောက်ဖြစ်လာတော့ ဆိုင်ကယ်ဝယ်တာတို့၊ သွပ်မိုးတာတို့ လုပ်နိုင်တဲ့သူတွေရှိတယ်။ အများစုကတော့ ကြွေးတွေကျေသွားတယ်”ဟု ဓနုဖြူမြို့နယ် ကျုံတနိတိုက်နယ် မိုးသပြုရွာမှ လယ်လုပ်ငန်းလုပ်ကိုင်သူ ဦးဒီဝင်းက ဆိုသည်။

## အဓိကစိန်ခေါ်ချက်လေးရပ်

ဆန်စပါးလုပ်ငန်းနှင့်ပတ်သက်ပြီး အောင်သီးအောင်ပွင့်အချို့ရလာပြီဆိုသော်လည်း စပါးစိုက်ပျိုးသည့် ကျေးလက်နေတောင်သူသန်းပေါင်းများစွာမှာ ဆင်းရဲတွင်းနက်နေဆဲ ဖြစ်သည်။

ယခုအချိန်တွင် အရေးတကြီးလုပ်ဆောင်ရမည်မှာ အတိတ်ကကြုံတွေ့ခဲ့ရသည်များအပေါ် သင်ခန်းစာယူပြီး အနာဂတ်တွင် ကောင်းအောင်ကြိုးစားကြရန်ဖြစ်သည်။

အထူးသဖြင့် မြေယာမလုံလောက်မှု၊ လုပ်သားအင်အားမလုံလောက်မှု၊ ရေမလုံလောက်မှုနှင့် ငွေကြေးအင်အားချို့တဲ့မှုတို့သည် ရေရှည်ရင်ဆိုင်ရမည့် စိန်ခေါ်မှုများဖြစ်သည်ဟု ဆန်စပါးသုတေသီတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

“ဆန်စပါးလုပ်ငန်းက မာရသွန်ပြေးသလိုပဲ ရေရှည်အမြင်နဲ့လုပ်ရမယ်” ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ယခုကာလတွင် စပါးစိုက်ခြင်းထက် ပို၍အကျိုးဖြစ်ထွန်းသည့် အခြားသီးနှံများပြောင်းစိုက်ခြင်း သို့မဟုတ် စက်ရုံ၊ အလုပ်ရုံကြီးများ တည်ဆောက်ခြင်း၊ မြို့ကွက်ဖော်ထုတ်ခြင်းတို့သည် စပါးစိုက်ရန် မြေမလုံလောက်မှုတို့ ကြုံတွေ့ရနိုင်သည်။ အခြားတစ်ဖက်တွင်လည်း တောင်သူများသည် သစ်တောများကိုခုတ်ပြီး စိုက်ပျိုးမြေ တိုးချဲ့ယူလာပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိလာနိုင်သဖြင့် ကြိုတင်စီမံမှုများ ပြုလုပ်ပေးသင့်သည်။

လယ်စိုက်၍ရသည့် ဝင်ငွေနှင့် ပင်ပန်းမှု မကာမိသောကြောင့် လူအများလယ်ယာလုပ်ငန်းမလုပ်လိုခြင်း၊ ဝင်ငွေကွာဟမှုကြောင့် နေပူမိုးရွာ နွားနှင့်ဖက်ရုန်းရသောလုပ်ငန်းခွင်ထက် အခြားအလုပ်ကို ပြောင်းလုပ်လိုခြင်းများကြောင့် လုပ်သားရှားပါးလာခြင်းကို ကြုံတွေ့နေရသည်။

စိုက်ပျိုးရေးအတွက် သမားရိုးကျ သဘာဝမိုးရေကို မှီခိုနေရသလို ရာသီဥတုဖောက်ပြန်လာသည့်အခါ စိုက်ပျိုးရေမရရှိမှု ကြုံတွေ့နေရပြီး ရေသွင်းစိုက်ပျိုးရာတွင်လည်း နည်းလမ်းဟောင်းများကိုသုံးနေပြီး စပါးတစ်ကီလိုဂရမ်ထွက်ရန် ရေလီတာ ၅၀၀၀ ခန့်လိုအပ်ကြောင်း၊ ရေများစွာမလိုသည့်စိုက်နည်းစနစ်နှင့် စပါးမျိုးများ ဖြန့်ဖြူးပေးသင့်ကြောင်း ဆန်စပါးသုတေသီကဆိုသည်။

## ဝမ်းဝ ခါးလှ

“ဆန်စပါးထုတ်လုပ်မှုအရေးပါရသောအကြောင်းရင်းကို အရှင်းဆုံးဆိုရလျှင် ဆန်ကိုလူများစွာ စားသုံးကြသည့်အပြင် ကျေးလက်နေသူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သောကြောင့်”ဟု ဆိုရပါမည်။

ဆန်စပါးထုတ်လုပ်မှု ပိုလျှံလာပြီး ဈေးသက်သက်သာသာနှင့် စားသုံးနိုင်မည်ဆိုလျှင် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးတို့ တည်ငြိမ်လာမည်။ ဝမ်းဝ ခါးလှပြီး တည်ငြိမ်အေးချမ်းလာပေမည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းအတွက် အလေးအနက်ထားရမည့်အချက်မှာ ဆန်စပါးနှင့်ပတ်သက်လာလျှင် အကျိုးအမြတ်ရရှိရေးနှင့်အတူ ဆင်းရဲသားတောင်သူဦးကြီးများ၏ ဘဝမြင့်မားရေးကိုပါ အာရုံထားရေးပင် ဖြစ်သည်။

**နိုင်မင်းဝေ**

www.foreverspace.com.mm

### ဘုရင့်နောင်ကုန်စည်ဈေးကွက်

လယ်ယာထွက်ကုန်သီးနှံ မျိုးစုံရောင်းဝယ်ရေးဇဟို ဘုရင့်နောင်ပွဲရုံတွင် သီတင်းပတ်များစွာ အရောင်းအဝယ်မဖြစ်ခဲ့သော ပဲမျိုးစုံသည် ဩဂုတ်လအတွင်း ပြန်လည်အရောင်းဝယ်ဖြစ်လာသည်။

ဆန်ဈေးကွက်တွင်မူ ပေါ်ဆန်းရှယ်စများသည် နှစ်ဂစ်မုန်တိုင်းနောက်ပိုင်း အမြင့်ဆုံးဈေးရရှိလာကြောင်း၊ စားဖိုဆောင်သီးနှံဈေးကွက်တွင် ရုတ်တရက်ဈေးနှစ်ဆကျော်ခုန်တက်ခဲ့သော ကြက်သွန်နီမှာ ဈေးပြန်လည်ကျဆင်းလာခဲ့ပြီး ကြက်သွန်ဖြူမှာမူ ဈေးအမြင့်၌ လှိုင်းစီးနေခဲ့ကာ ငရုတ်မှာ ရေကြီးမှုများကြောင့် ဈေးကောင်းနိုင်ကြောင်း လက်ကားကုန်သည်ကြီးများက ဆိုသည်။

ထူးခြားမှုမှာ ဩဂုတ်လလယ်တွင် ကျပ်သိန်းနှစ်ရာဝန်းကျင်ရှိ Town Ace ကားတစ်စီးပျောက်ဆုံးမှုဖြစ်ကာ လူပြောအများဆုံးသတင်းမှာ ဆန်ပွဲရုံပိုင်ရှင်များ၏ မရမ်းကုန်းမြို့နယ်၊ ဆန်စပါးလုပ်ငန်းအသင်းရွေးချယ်ပွဲဖြစ်ပြီး လူဟောင်းနှင့်လူသစ်ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ကာ မဲပေးစနစ်ဖြင့် ရွေးချယ်ခြင်းကြောင့် လူအများစိတ်ဝင်စားမှုပိုခဲ့ခြင်းဖြစ်သည်။

# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်



### မတ်ပဲ RC အရောင်းအဝယ်ပြန်ဖြစ်

သိသိသာသာအရောင်းအဝယ်တုံ့ဆိုင်းနေခဲ့သော ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် ဩဂုတ်လ ၁၉ ရက်နေ့ နောက်ပိုင်းမှစ၍ မတ်ပဲ RC များ ကွန်တိန်နာ ၁၀ လုံးခန့် နေ့စဉ်အရောင်းအဝယ်ပြန်ဖြစ်လာခဲ့သည်ဟု ပြည်ပသို့ ပဲတင်ပို့ရောင်းချနေသူတစ်ဦးက ပြောကြားသည်။

ပြည်ပသို့ အဓိကတင်ပို့သည့်မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ သုံးမျိုးတွင် မတ်ပဲတစ်မျိုးသာ အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံမှာမူ တဖြည်းဖြည်းဈေးကျဆင်းလာကာ ပေါ်ဦးပေါ်ဖျားဈေးအောက်ရောက်သည်အထိ ကျဆင်းခဲ့ကြောင်း စိန်ပန်းလမ်းရှိ ပဲအဝယ်တော်တစ်ဦးက ပြောကြားသည်။

ပဲစင်းငုံနီမှာ အိန္ဒိယမှ အဝယ်နည်း၍ ဈေးကျဆင်းနေခြင်းဖြစ်ပြီး စက်တင်ဘာလတွင် အိန္ဒိယ၌ မတ်ပဲများ ပေါ်စပြုလာလျှင် မတ်ပဲဝယ်လိုအားလည်း ကျနိုင်ကြောင်းနှင့် ယခုနှစ်တွင် အိန္ဒိယ၌ ပဲမျိုးစုံအထွက်ကောင်းမည်ဟု ခန့်မှန်းထားကြ

www.foreverspace.com.mm



သည်။

အခြားပဲများဈေးကျလျှင်မှ မတ်ပဲလည်း ဈေးကျနိုင်ကြောင်း၊ အိန္ဒိယတွင် ရာသီဥတုအနေအထား ဆိုးရွားဖောက်ပြန်မှသာ ပဲဈေးကောင်းနိုင်ကြောင်း ပြည်ပသို့ ပဲတင်ပို့နေသူတစ်ဦးက သုံးသပ်ပြောကြားသည်။

စက်တင်ဘာလဆန်းတွင် မတ်ပဲ Raw ပိဿာ ၆၀ ဝင် တစ်အိတ် ၈၃,၁၀၀ ကျပ်၊ မတ်ပဲ RC တစ်တန် ၈၄၅,၀၀၀ ကျပ်၊ SQRC တစ်တန် ၉၅၀,၀၀၀ ကျပ်၊ ပဲစင်းငုံ RC တစ်တန် ၆၅၀,၀၀၀ ကျပ်၊ ပဲတီစိမ်းပိဿာ ၆၀ ဝင်တစ်အိတ် ၁၀၅,၀၀၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

## ပေါ်ဆန်းရှယ်ဈေးမြောက်

နာဂစ်မုန်တိုင်းနောက်ပိုင်း ပေါ်ဆန်းရှယ်စများ ဈေးအမြင့်ဆုံးဖြစ်နေကြောင်း၊ အောက်စများ ပေါပေါများများရှိသော်လည်း ထမင်းကောင်းသည့်ရှယ်စမှာမူ သိသိသာသာရှားနေကြောင်း ရွှေဘိုပေါ်ဆန်းသည် မြစ်ဝကျွန်းပေါ်ပေါ်ဆန်းထက် တစ်အိတ် ကျပ် ၄,၀၀၀ ခန့် ဈေးပိုရနေပြီး ရွှေဘိုပေါ်ဆန်း ဈေးဆွဲတင်သွားမှုကြောင့် ကျန်ဖျာပုံ၊ မြောင်းမြ၊ ရှယ်စများလည်း ဈေးမြင့်လာခြင်းဖြစ်ကြောင်း၊ နာဂစ်ပြီးကာစ ၂၀၀၈ ခုနှစ် ဇွန်လတွင် ပေါ်ဆန်းတစ်အိတ် ၄၂,၀၀၀ ကျပ် ဖြစ်ခဲ့ပြီးနောက် ယခုဈေးသည်အမြင့်ဆုံးဖြစ်ကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆန်ကြမ်းများ ဈေးငြိမ်နေသကဲ့သို့ ပေါ်ဆန်းအောက်စ၊ အလတ်စများ ဈေးနိမ့်နေသော်လည်း ရှယ်စမှာ အဝင်နည်း၍ ဈေးမြောက်နေကြောင်း၊ ပေါ်ဆန်းကား ၁၀ စီး (အိတ် ၈၀၀၀ ခန့်) ဝင်လျှင် ၁၀ ရာခိုင်နှုန်းခန့်သာ ဆန်ရုပ်လှ၍ ထမင်းကောင်းကြောင်း၊ အကျိုးဆက်အနေဖြင့် ရွှေဘိုပေါ်ဆန်းရှယ်တစ်အိတ် ကျပ်သုံးသောင်းဝန်းကျင်မှ ၃၃,၅၀၀ ကျပ်အထိ ဖြစ်လာကြောင်း၊ မြစ်ဝကျွန်းပေါ်ရှယ်စများဖြစ်သည့် မြောင်းမြရှယ် ၂၈,၅၀၀ ကျပ်၊ ဖျာပုံရှယ် ၂၉,၅၀၀ ကျပ်ခန့်ရှိပြီး ပေါ်ဆန်းအောက်စမှာ ၂၂,၅၀၀ ကျပ်ခန့်ရှိကြောင်း၊ ပေါ်ဆန်းဈေးသည် ယခုဈေးထက် မြင့်တက်ရန်မရှိကြောင်း၊ ပေါ်ဆန်းဈေးတက်လျှင် ပေါ်ကျွဲ၊ တောင်ပျံ၊ ခွဲနီများကို ဝယ်နိုင်ခြေရှိ၍ဖြစ်ကြောင်း စိန်ပန်းလမ်းမှ အိမ်အရောက်ပို့ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။




ဆန်ကြမ်းတစ်အိတ် ၁၇,၅၀၀၊ ၁၈,၀၀၀ ကျပ်ခန့်ရှိပြီး ပေါ်ဆန်းဆန်ကွဲကြီးမှာ ၁၆,၀၀၀ ကျပ်ခန့်ရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယခုနှစ်ရာသီဥတုကြောင့် စပါးစိုက်ချိန်နောက်ကျပြီး မိုးမလွတ်လျှင် စပါးပေါ်ချိန်နောက်ဆုတ်နိုင်ကြောင်း ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဆိုသည်။

## သွန်ရမည့်ကြက်သွန်

စားဖိုဆောင်သီးနှံဈေးကွက်တွင် ဇူလိုင်လကုန်မှ ဩဂုတ်လပထမပတ်အထိ ဆက်တိုက်ကျဆင်းနေသော ကြက်သွန်နီများသည် ဩဂုတ်လလယ်တွင် ဈေးနှစ်ဆ



www.foreverspace.com.mm

ကျော်ခန့်မြင့်တက်ခဲ့ပြီးနောက်ပိုင်းတွင် ကြက်သွန်ကားများဆက်တိုက်ဝင်လာပြီး ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ ကြက်သွန်ဈေးတက်ခဲ့သည်ဆိုသော်လည်း တစ်ပိဿာ ၄၀၀ ကျပ်ခန့်သာရှိ၍ ဈေးတက်သည်ဟုမပြောနိုင်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ယခုအချိန်တွင် တစ်ပိဿာ ၂၀၀၀ ကျပ်ဝန်းကျင်ခန့်ရှိကြောင်း အောင်သပြေလမ်းရှိ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

လာမည့်လများ၌ နှင်းငွေ့ရိုက်လာလျှင် ကြက်သွန်အညှောင့်များ ထွက်လာတော့မည်ဖြစ်ကြောင်း၊ ယခုကြက်သွန်ဈေးနှုန်းအနေအထားနှင့်ဆိုလျှင် စရိတ်ကျေရုံသာရှိပြီး အညှောင့်ဖြတ်ရန် ငွေထပ်မရင်းနိုင်တော့ကြောင်း၊ ကိုယ်တိုင်စိုက်ပျိုးသောကုန်သည်အချို့သည် ရန်ကုန်ကို ပို့မည့်အစား စိုက်ခင်းထဲသို့ သွန်၍ မြေသြဇာအဖြစ်အသုံးပြုရန် စီစဉ်နေကြကြောင်း ရေတာမာလမ်းမှ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

စက်တင်ဘာလဆန်းတွင် ကြက်သွန်တစ်ပိဿာ ၂၂၅၊ ၂၅၅၊ ၃၀၅၊ ၃၃၀ ကျပ်ခန့်ရှိပြီး နယ်တွင် လက်ကျန်များနေဆဲဖြစ်ကြောင်း ကြက်သွန်နီဈေးကွက်အတွင်းမှ သိရှိရသည်။

ကျန်စားဖိုဆောင်သီးနှံများအနက် ကြက်သွန်ဖြူမှာ လက်ကျန်နည်းနေပြီး ဈေးအမြင့်၌ တစ်ပိဿာ ၅၀၊ ၁၀၀ ကျပ်ခန့် အတက်အကျဖြစ်နေကြောင်း၊ လက်ရှိရှမ်း ကြက်သွန်ဖြူတစ်ပိဿာ ၂၈၀၀ မှ ၃၁၀၀ ကျပ်အထိရှိပြီး ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာ ၃၇၀၀ ကျပ်ခန့်ရှိကြောင်း၊ အာလူးမှာမူ အောင်ပန်းအာလူးများ ဝင်ရောက်နေပြီး တစ်ရက်လျှင် ပျမ်းမျှ ပိဿာ ၅၀,၀၀၀ ခန့် ဝင်ရောက်နေကာ တစ်ပိဿာ ၄၅၀၊ ၅၅၀၊ ၆၂၀၊ ၆၅၀ ကျပ်ခန့်ရှိကြောင်း၊ ငရုတ်သီးမှာမူ ဝါးခယ်မ ငရုတ်၊ ဆင်ဖြူကျွန်းငရုတ်များဝင်နေပြီး ဈေးကျဆင်းနေကြောင်း၊ အထက်အညာတွင် ငရုတ်ခင်းအချို့ ရေမြုပ်သည့်သတင်းကြောင့် နောက်ပိုင်းတွင် ငရုတ်ဈေးကောင်းနိုင်သော်လည်း နယ်စပ်ထွက်ပေါက်မရှိလျှင် ဈေးပြန်ကျနိုင်ကြောင်း ဘုရင့်နောင်ပွဲရုံ ၄ဝါလမ်းရှိ ငရုတ်သီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။





## ညောင်ပင်လေးပလာဇာဈေးကွက်

မိုးရာသီဈေးကွက်၏ ပုံမှန်ရောင်းအားထက် အနည်းငယ်ပိုသာလျက်ရှိနေသည်ဟု မြစ်ဝကျွန်းပေါ်သွားသင်္ဘောများဆိုက်ကပ်ရပ်နားရာ ဆိပ်ကမ်းနှင့်မနီးမဝေးတွင်တည်ရှိသော ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

နယ်စပ်မှ ပစ္စည်းများဈေးကွက်အတွင်းသို့ ပြီးခဲ့သည့်လပ်အထိ အဝင်ပြတ်လျက်ရှိနေခဲ့သော်လည်း ယခုအခါ အနည်းငယ်စီဝင်ရောက်လာကြောင်း ပြည်ပစားသောက်ကုန်တင်သွင်းရောင်းချသူအချို့က ဆိုသည်။

အဆိုပါဈေးကြီးသို့ နယ်စပ်ဝင်

www.foreverspace.com.mm



ပေါက်မှဝင်ရောက်လျက်ရှိသည့် ပစ္စည်းများသာမက ကွန်တိန်နာများဖြင့် ကုမ္ပဏီများမှ တရားဝင်ဝင်ရောက်လာသည့် ပစ္စည်းများလည်း အဝင်နည်းပါးပြီး ကြန့်ကြာနေကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

## ဆေးမတိုးသေးတဲ့ သကြား

မန္တလေးဘက်မှနေ၍ ရန်ကုန်ဈေးကွက်သို့ တရုတ်သကြားများ ဝင်ရောက်လာနေသော်လည်း ရန်ကုန်သကြားဈေးကွက်အတွင်းရှိ သကြားဈေးနှုန်းများမှာ သိသာစွာကျဆင်းသွားမှုမရှိသေးကြောင်း သကြားထုတ်လုပ်ဖြန့်ဖြူးသူအချို့က ရှင်းပြသည်။

နှစ်အနည်းငယ်အထိ ဈေးနှုန်းအေးနေသည့်သကြားမှာ ၂၀၁၀ ပြည့်နှစ်အတွင်း စံချိန်တင်ဈေးနှုန်းအထိမြင့်တက်လာခဲ့သည်။ နှစ်ဆန်းပိုင်းမှစ၍ တရိပ်ရိပ်မြင့်တက်လာခဲ့သည့်သကြားဈေးနှုန်းသည် ဩဂုတ်လအတွင်းက တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ကျော်သည်အထိ မြင့်တက်ခဲ့သည်။

ယခင်လအတွင်းမှစ၍ တရုတ်နိုင်ငံဘက်မှ မန္တလေးသို့ ရောက်ရှိနေသည့် သကြားများ ရန်ကုန်သို့ ဝင်လာခဲ့သော်လည်း သကြားဈေးကွက်တွင် ဈေးနှုန်း သိသာစွာကျဆင်းသွားခြင်းမရှိဘဲ ကျပ်ဆယ်ဂဏန်းခန့်စီသာ ပြုတ်ကျနေခဲ့သည်။

ဘုရင့်နောင်ဈေးကွက်မှ စက်တင်ဘာလပထမပတ်အတွင်း သိရှိရသည့်ဈေးနှုန်းများအရ ထိပ်စများမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ပြုတ်ကျသွားသည်။ ယခုကဲ့သို့ သကြားဈေးများ မာနေခြင်းမှာ လှောင်လက်ကုန်သည်ကြီးများက ဈေးကွက် ထိန်းထားခြင်းကြောင့်ဖြစ်နိုင်ကြောင်းနှင့် အစိုးရက ပြည်ပဈေးကွက်တွင် ကျပ် ၆၀၀ ကျော်၊ ၇၀၀ကျပ်ဝန်းကျင်သာ ပေါက်ဈေးရှိသည့် သကြားများကို တရားဝင်တင်သွင်းခွင့်ပြုလျှင်မူ ပြည်တွင်း၌ကြီးမြင့်နေသည့် သကြားဈေးကို အထိုက်အလျောက် ကျဆင်းသွားစေမည်ဖြစ်ကြောင်း သကြားလုပ်ငန်းရှင်အချို့က အကြံပြုပြောကြားသည်။

## လှုပ်ဆဲ၊ ယမ်းဆဲ အချိုရည်

ပြည်ပအချိုရည်များ လအနည်းငယ်ခန့်အဝင်ရပ်နေရာမှ ယခုအခါ သုံးပုံတစ်ပုံခန့်ပြန်လည်ဝင်ရောက်မှုရှိလာကြောင်းနှင့် ဈေးကွက်အနေအထားမှာမူ ဆုံးဖြတ်ရခက်ချိန်ဟု ခေါ်ဆိုနိုင်သည့်အနေအထားဖြစ်ကြောင်း ညောင်ပင်လေးပလာဇာရှိ ပြည်ပအချိုရည်များတင်သွင်းရောင်းချသည့် ဈေးကွက်အတွင်းမှ သိရှိရသည်။

ပစ္စည်းများအဝင်ရပ်လုနီးပါးအချိန်ကထက် ဈေးနှုန်းအနည်းငယ်ကျဆင်းသွား



www.foreverspace.com.mm

သော်လည်း ကုန်သည်များအနေဖြင့် များစွာဝယ်ယူမထားရဲကြကြောင်းနှင့် ဖောက်သည်ထိန်းရလည်းခက်ကြောင်း အဆိုပါဈေးကွက်မှ ပြည်ပအချိုရည်ရောင်းချသူတစ်ဦးက ဆိုသည်။

ဈေးတင်၍ ဖွင့်ပြီးရောင်းလိုက်ပါက ဈေးကွက်အတွင်း ဈေးကျမှုရှိနေပြီး ဈေးမှန်ဖြင့်ရောင်းလိုက်ပါကလည်း ယင်းဈေးဖြင့် ပြန်ဝယ်ယူ၍မရတော့သည့် အတွက် လက်ရှိ ပြည်ပအချိုရည်ဈေးကွက်တွင် ဈေးမှန်မရှိဘဲ ဖောက်သည်ထိန်းရခက်ခြင်း၊ ဆုံးဖြတ်ရခက်ခြင်းတို့ဖြစ်ပေါ်လျက်ရှိသည်ဟု လတ်တလောဈေးကွက် အတွင်း ကြုံတွေ့နေရမှုအပေါ် ၎င်းက ရှင်းပြသည်။

ထို့ပြင် လက်ရှိတွင် ပြည်ပပစ္စည်းများ နည်းနေသည့်အတွက် ပြည်တွင်းပစ္စည်းများဖြင့် ဖြည့်တင်းထားခြင်းဖြစ်ကြောင်း ပြည်ပထုတ် အချိုရည်ပစ္စည်းများဖြင့် ပြည့်နေတတ်သည့် ၎င်းဆိုင်တွင် ASIA၊ J-Cup အစရှိသည့် ကတ်များ၊ ပုံးများက အစားထိုး၍ အပြည့်နေရာယူထားမှုနှင့်ပတ်သက်၍ ရှင်းပြသည်။

"ပြည်တွင်းဖြစ်ပစ္စည်းကို ပိုအားကိုးရောင်းလာရတဲ့သဘောတော့ ရှိတယ်။ Coke တွေကတော့ ပြတ်နေလို့ အာရှလေးသောက်ပါလို့တော့ ပြောလို့မရဘူး။ ပြည်တွင်းက ပစ္စည်းတွေနဲ့ ဖြည့်ထားရပေမယ့် ရောင်းအားကတော့ ပြည်တွင်းက ပြည်တွင်းပဲ" ဟု ၎င်းက အချိုရည်သုံးစွဲမှုအနေအထားကို ပြောပြသည်။

ပြည်တွင်းထုတ်အချိုရည်ဈေးကွက်တွင် Ve Ve ကုမ္ပဏီမှထုတ်သည့် Rocker အမှတ်တံဆိပ်မှာ ကြော်ငြာအားကြောင့် ရောင်းအားတက်လျက်ရှိနေကြောင်း၊ ယခုရက်ပိုင်းအတွင်း ထူးခြားမှုအနေဖြင့် Rocker မှာ လူမေးများပြီး ရောင်းအားကောင်းလျက်ရှိနေကြောင်း၊ ၂၄ လုံးပါတစ်ဖာလျှင် ၄၆၀၀ ကျပ်ပေါက်ဈေးရှိကြောင်း အဆိုပါ ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ သိရသည်။

သို့ရာတွင် Sharp အချိုရည်မှာမူ ဈေးကွက်အတွင်း ပစ္စည်းပြတ်လျက်ရှိသည်မှာ နှစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်း အရောင်းဆိုင်များထံမှ သိရှိရသည်။

## အရစ်လိုက်ကျတဲ့ ရွှေဝါ

ပုဂ္ဂလိကဆပ်ပြာတောင့်ဈေးကွက်တွင် ရွှေဝါဆပ်ပြာများမှာ လစဉ် ၃၀၀ ကျပ်ခန့်ဖြင့် အရစ်လိုက်ကျဆင်းနေပြီး ၁၅,၈၀၀ ကျပ်မှ ပြီးခဲ့သည့်ကာလက ၁၅,၅၀၀ ကျပ်သို့ ပြုတ်ကျခဲ့သည့် ရွှေဝါဆပ်ပြာဈေးမှာ ယခု စက်တင်ဘာလဆန်းတွင် ၁၅,၂၀၀ ကျပ်သို့ ထပ်မံကျဆင်းခဲ့သည်။

ယင်းမှာ နယ်အရောင်းပါးနေခြင်း



www.foreverspace.com.mm



နှင့် အရောင်းအဝယ်ပြိုင်ဆိုင်မှုများကြောင့် ဖြစ်ကြောင်း အဆိုပါဈေးကွက်အတွင်းရှိ ရွှေဝါဆပ်ပြာလက်ကားရောင်းချသူတစ်ဦးက ဆိုသည်။

အဆိုပါရွှေဝါဆပ်ပြာတောင့်ဈေးနှုန်းများမှာ ပုဂ္ဂလိကဈေးကွက်တွင် အတောင့် ၈၀ ပါ တစ်ဖာလျှင် ၁၅,၂၀၀ ကျပ်ပေါက်ဈေးရှိသော်လည်း ဝင်းသူဇာကိုယ်စားလှယ်အရောင်းဆိုင်များတွင်မူ တစ်တောင့်လျှင် ၂၀၇ ကျပ်ခန့် ပေါက်ဈေးရှိနေသည်ဟု ဝင်းသူဇာဆိုင်များတွင် သွားရောက်ဝယ်ယူသူအချို့ထံမှ သိရသည်။

ပုဂ္ဂလိကထုတ်ဆပ်ပြာများတွင် ဂေါ်ဇီလာအပါအဝင် အခြားအရောင်းသွက်ဆပ်ပြာတောင့်အချို့၏ ဈေးနှုန်းများ စက်တင်ဘာလဆန်းရက်အထိ အပြောင်းအလဲမရှိသော်လည်း ဆင်မင်းဆပ်ပြာမှာ တစ်ဖာလျှင် ကျပ် ၁၀၀ နှင့် ရွှေမင်းသားဆပ်ပြာတောင့်မှာ ကျပ် ၁၀၀၀ ခန့်အထိ ပြုတ်ကျသွားခဲ့သည်။ စက်မှု (၁) ထုတ် သက်သာဆပ်ပြာမှုန့်မှာလည်း ကျပ် ၂၀၀ ခန့် ဈေးကျသွားခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

## ကြာဆံ ပြန်ဆင်း


ထိုင်းနိုင်ငံမှ ဝင်ရောက်သည့် Ready Made ကြာဆံထုပ်များမှာ တစ်ဖာလျှင် ကျပ် ၇၀၀၀ အထိမြင့်တက်သွားရာမှ ယခုလဆန်းတွင် သိရသည့်ဈေးနှုန်းများအရ ၅,၉၀၀ ကျပ်ဝန်းကျင်အထိ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

ပြည်တွင်းထုတ်ရှင်းရှင်းအမှတ်တံဆိပ်မှာမူ ပစ္စည်းပြတ်နေခြင်းကြောင့် တစ်ဖာလျှင် ၅၀၀၀ ကျပ်အထိ မြင့်တက်နေကြောင်း ညောင်ပင်လေးပလာဇာအတွင်းမှ သိရှိရသည်။

## အများစုနှင့် အနည်းစုအကျိုး

ကမ္ဘာကြီးသည် သဘာဝဘေးအန္တရာယ်များ၏ခြောက်လှန့်မှုကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားစွာ တွေ့ကြုံနေရပြီဖြစ်သည်။ ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်းတို့ကြောင့် ကမ္ဘာ့ရိက္ခာသီးနှံစိုက်ခင်းများပျက်စီးမှုနှင့်အတူ ကြီးမားသောရိက္ခာလိုအပ်ချက်ပြဿနာကိုလည်း ရင်ဆိုင်လာရသည်။ ကမ္ဘာ့ရိက္ခာထုတ်လုပ်ရောင်းချမှုအများဆုံးနိုင်ငံအချို့ပင်လျှင် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်နေရသည့်အတွက် များမကြာမီကာလအတွင်း စားနပ်ရိက္ခာအကျပ်အတည်း ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့စားနပ်ရိက္ခာအိုးနိုင်ငံတစ်ခုဖြစ်ပြီး ဒုတိယမြောက်ကမ္ဘာ့ပဲတင်ပို့မှုအများဆုံးနှင့် ဆန်တင်ပို့မှုအများဆုံး ဆယ်နိုင်ငံအတွင်း ပါဝင်နေသည်။ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်က ကြုံတွေ့ခဲ့ရသော ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဆန်စပါးစိုက်ပျိုးရေးအပေါ် အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုရှိခဲ့သော်လည်း ပြည်တွင်းဈေးကွက်နှင့် ပြည်ပပို့ကုန်ဈေးနှုန်းနှင့် ပမာဏအပေါ် များစွာသက်ရောက်မှုမရှိခဲ့ပေ။ သို့သော် ရာသီဥတုဖောက်ပြန်မှုများနှင့် သီးနှံဖျက်ပိုးမွှားများကြောင့် စပါးစိုက်ပျိုးမှုနောက်ကျခြင်း၊ စိုက်ခင်းပျက်စီးခြင်းတို့ကြောင့် လာမည့်နှစ်တွင် ယခင်နှစ်များထက် စပါးအထွက်လျော့နိုင်စရာ ရှိသည်။ အခြားတစ်ဖက်တွင်လည်း သီးနှံစိုက်မြေများ မီးလောင်၊ ရေလွှမ်းခြင်းကြောင့် ဘေးဒုက္ခသင့်ခဲ့ကြသောနိုင်ငံတို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ရောင်းလိုအားကျသွားခြင်းနှင့် ဝယ်လိုအားတိုးလာခြင်းတို့ရှိနိုင်ရာ ထိုအခြေအနေများကြောင့် ပြည်တွင်းဆန်ဈေးကွက် အလှုပ်အယမ်း ရှိလာနိုင်ပါသည်။ များစွာအရေးကြီးသည်မှာ ပြည်တွင်းရှိ အခြေခံပြည်သူလူထုဖူလုံပြည့်ဝစွာ၊ ဈေးနှုန်းသင့်တင့်လျောက်ပတ်စွာ ဝယ်ယူရရှိနိုင်၍ ပိုလျှံမှသာ ပြည်ပဈေးကွက်သို့ တင်ပို့သင့်ကြောင်း ဖြစ်ပါသည်။ ကမ္ဘာ့ဆန်အလတ် စတင်ပို့မှု အများဆုံး ဗီယက်နမ်ပင်လျှင် ပြည်တွင်းဖူလုံရေးအကြောင်းပြချက်ဖြင့် ယခုနှစ်ဆန်တင်ပို့မှု လျှော့ချထားသည်ကို နမူနာယူနိုင်သည်။ ဈေးကောင်းရနေသောကြောင့်၊ ပြည်ပတင်ပို့လိုသော ကုန်သည်ကြီးများကြောင့် ဆန်ဈေးတက်သွားလျှင် စပါးပေါ်ပြီးချိန် ဝမ်းစာနှင့် မျိုးစပါးသာချန်ကာ အကုန်အစင်ရောင်းချလေ့ရှိသော မြန်မာတောင်သူလယ်သမားများ အကျိုးခံစားခွင့် မရနိုင်သကဲ့သို့ ပြည်တွင်းရှိ စားသုံးသူပြည်သူအများစုသာ ဆန်ဈေးမြင့်သည့်ဒဏ်ကို ခံရနိုင်သောကြောင့် ယခုနှစ် ပြည်ပဆန်တင်ပို့ရေးမူဝါဒကို အလေးအနက်ဆင်ခြင်သတိချပ်ရန် အထူးလိုအပ်လှကြောင်း အစဉ် တစိုက်ဈေးကွက်လေ့လာစောင့်ကြည့်သူများက အကြံပြုကြသည်။



**နိုင်မင်းဝေ ၊ ဇာလီကျော်**

**ဓာတ်ပုံ – မိုးကျော်လွင်**

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၈၃ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာ

## စွယ်စုံသုံးနိုင်တဲ့ Apple iPad

နာမည်ကျော်လူသိများတဲ့ Apple ကုမ္ပဏီကနေ နောက်ထပ် Touch Screen Pad ကို ထပ်မံထုတ်လုပ်လိုက်ပါတယ်။ ဒီ iPad လေးဟာ အင်တာနက်၊ ဓာတ်ပုံ၊ ဗီဒီယို စတာတွေ သုံးနိုင်ကြည့်နိုင်ပြီး ကာလာအရောင်အသွေးစုံပြည့်တဲ့ အရုပ်၊ အသံကို ခံစားတဲ့အပြင် သီချင်းအပုဒ်ရေများစွာကိုလည်း နားထောင်နိုင်ပါလိမ့်မယ်။ ကင်မရာအဖြစ်လည်းသုံးနိုင်တဲ့ iPhone ရဲ့နည်းပညာနဲ့ဆင်တူတဲ့ ဒီ iPad လေးဟာ Multi Touch Screen လေးအဖြစ်နဲ့ ပါးပါးပြားပြားလေး ဖြစ်တဲ့အပြင် ဓာတ်ပုံတွေကို ကိုယ့်ရဲ့လက်နဲ့တို့ထိပြီး ချုံ့နိုင်ချဲ့နိုင်ပါတယ်။ ၁၀ နာရီကြာအောင် ဘက်ထရီအသုံးခံပြီး အမြန်ဆုံး Wi-Fi ပါရှိပြီးသားလို့ ဆိုတဲ့အပြင် Apple ရဲ့ Keyboard, Hand Phone သုံးနေတဲ့သူတွေနဲ့ Bluetooth သုံးပြီး ဆက်သွယ်နိုင်တယ်လို့ဆိုထားတဲ့ iPad လေးဟာ Data တွေကို 7-2 Mbps ထိသုံးနိုင်ပြီး A4 Chips လေးကိုထည့်ထားသေးတာ တွေ့ရပါတယ်။ အမေရိကန်ဒေါ်လာ ၄၉၉ နဲ့ www.Apple.com ရဲ့ 1-800-MY-Apple မှာဝယ်ယူနိုင်ပြီး ဖုန်းနဲ့ဆက်သွယ်ချင်ရင် (800-692-7753) ကို ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## ခရီးသွားရင်အဆင်ပြေမယ့် Micro Mouse

ဒီနေ့ခေတ်မှာ နည်းပညာတွေက တစ်နေ့တခြား တိုးတက်နေတဲ့အတွက် အီလက်ထရွန်နစ်ပစ္စည်းတွေကို မရိုးအောင် တွေ့နေရပါတယ်။ အခုလည်း ခရီးသွားရင် အဆင်ပြေစေမယ့် Micro 3D Optical Scroll Mouse ကို ထပ်ပြီးတွေ့နေရပါပြီ။ သူ့ရဲ့အရွယ်အစားက သာမန် Mouse တွေထက် ပိုပြီးသေးငယ်သလို ဒီဇိုင်းကလည်း လှပသပ်ရပ်ပါတယ်။ အရောင်က အနက်ရောင်ဖြစ်ပြီးတော့ ထူးခြားချက်က Resolution 1200dpi ရှိလို့ Mouse ရဲ့လှုပ်ရှားမှုတိုင်းက မြန်ဆန်နေတယ်လို့ ရောင်းချသူတွေက အာမခံထားပါတယ်။ ကြာရှည်စွာနဲ့ သက်သောင့်သက်သာအသုံးပြုနိုင်တဲ့ Mouse လေးက တရုတ်နိုင်ငံက ထုတ်လုပ်တာဖြစ်ပြီး ရောင်းဈေး ကျပ် ၈,၈၀၀ ပါ။

တခြား Mouse တွေလိုပဲ သူလည်း ရစ်ဘီးလေးနဲ့မို့ ကိုယ်နဲ့မကွာယူသွားမယ်ဆိုလည်း အဆင်ပြေမယ်လို့ဆိုထားတဲ့ Micro Mouse လေးကို အမှတ် (၁၄၃)၊ ၄၆ လမ်း အပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နဲ့ တခြားကွန်ပျူတာအရောင်းဆိုင်ကြီးတွေမှာ ဝယ်လို့ရပါတယ်။

## အမှန်တကယ် ကြွက်ပြေးတယ်လို့ဆိုတဲ့စက်

အိမ်တွေမှာ စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ ကြွက်ဆိုတဲ့သတ္တဝါကို မရှိစေချင်တဲ့သူတွေကို စက်လေးတစ်ခုအကြောင်း ပြောပြချင်တယ်။ ကြွက်ပြေးတဲ့စက်ဆိုပြီး ရောင်းတဲ့သူတွေက အခိုင်အမာအာမခံထားလို့ပါ။ ကိုယ့်အိမ်မှာရှိတဲ့ကြွက်တွေကို သုံးပတ်ကနေ ခြောက်ပတ်အတွင်းမှာ လုံးဝရှင်းလင်းနှင်ထုတ်ပေးနိုင်မှာဖြစ်တဲ့အပြင် ပိုးဟပ်တွေကိုလည်း တစ်ပတ်အတွင်း ပပျောက်အောင် လုပ်ပေးနိုင်တယ်လို့ သိရတယ်။ စက်ရဲ့အရွယ်အစားက သေးငယ်ပေ့ါပါးပြီး ရေရှည်အသုံးပြုလို့ရအောင် စီစဉ်ပေးထားတယ်လို့ ဆိုပါတယ်။ မီတာ ၂၀ ကနေ ၃၀ ပတ်လည်လောက်အတွင်း သုံးနိုင်မှာဖြစ်ပြီး အသံလည်း လိုသလို အတိုးအလျှော့လုပ်နိုင်ပါတယ်။ Automatic မီးအဖွင့်၊ အပိတ် လုပ်လို့ရတယ်လို့ပြောထားတဲ့ ဒီစက်လေးရဲ့ရောင်းဈေးက ၁၃၀၀၀ ကျပ်ပါ။ ကြွက်တကယ်ပြေးမပြေး သိလိုရင်တော့ ကိုယ့်အနီးဝန်းကျင်မှာ ဒီစက်သုံးစွဲဖူးသူရှိသလားလို့ အရင်မေးကြည့်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကြွက်ပြေးတာနဲ့ပတ်သက်လို့ နည်းမျိုးစုံနဲ့ စမ်းသပ်လိုသူတွေ စိတ်ဝင်စားလို့ ဝယ်ယူသုံးစွဲချင်သူတွေအတွက် အမှတ် (၁၅၂)၊ အနော်ရထာလမ်း၊ ၃၅ လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)ကြား၊ ရန်ကုန်မြို့က Ever Fine (Electronic)၊ ဖုန်း–၃၈၃၄၆၆၊ ၃၈၇၆၄၀ မှာ ဆက်သွယ်ဝယ်ယူလို့ရမှာပါ။

www.foreverspace.com.mm






# ဝီကီပြောတဲ့ ဘဏ်

အခုတလော ဘဏ်တွေအကြောင်း စိတ်ဝင်တစား ပြောကြဆိုကြသူတွေများလာလို့ ဘဏ်တွေနဲ့ သိသင့်တာတွေ အင်တာနက်ကနေ လေ့လာနိုင်မယ့်နေရာကို ပြောပြချင်ပါတယ်။ ဘဏ်နဲ့ပတ်သက်တာတွေကို အစုံလင်ဆုံးရှင်းပြနိုင်တဲ့ နေရာဆိုလည်း မှားမယ်မထင်ပါဘူး။

အဲဒီမှာ ဘဏ်ဆိုတာ ဘာလဲဆိုတာကနေစပြီး ဘဏ်နဲ့ ပတ်သက်သမျှအကြောင်းအရာ တော်တော်များများကို ရှင်းပြထားပါတယ်။ ဘဏ်ဆိုတာရဲ့ အဓိပ္ပာယ်ရှင်းလင်းချက်၊ ဘဏ်အမျိုးအစားတွေ၊ ဘဏ်နဲ့ပတ်သက်တဲ့အသုံးအနှုန်းတွေ၊ နိုင်ငံတကာမှာရှိတဲ့ ဘဏ်တွေရဲ့နာမည်တွေ၊ ငွေကြေးစီမံခန့်ခွဲပုံတွေ စတာတွေ ပါဝင်ပါတယ်။

အဲဒါတွေအပြင် ဘဏ်သမိုင်းကြောင်း၊ ဘဏ်လုပ်ငန်းလုပ်ဆောင်ပုံ၊ ဘဏ်တစ်ခုရဲ့အခြေခံဝန်ဆောင်မှု၊ စီးပွားရေးလောကမှာ ဘဏ်တွေပါဝင်လာပုံ၊ ဘဏ်တွေပြိုလဲတဲ့အကြောင်း၊ ကမ္ဘာမှာရှိတဲ့ ဘဏ်တွေရဲ့အရွယ်အစား စတာတွေကိုလည်း ပြည့်ပြည့်စုံစုံရှင်းပြထားတွေ ပါဝင်ပါတယ်။

အခုဖော်ပြခဲ့တဲ့အကြောင်းအရာတွေနဲ့ ပတ်သက်တာတွေကို အသေးစိတ်ထပ်ဝင်လေ့လာနိုင်တဲ့ စာမျက်နှာတွေဆီကိုပါ ချိတ်ဆက်ပေးထားပါသေးတယ်။

ဘဏ်တစ်ခု ဘယ်လိုလည်ပတ်တယ်၊ ဘာတွေလုပ်ရတယ်၊ ဘာကြောင့်အဲဒီလိုလုပ်ရတယ်။ ဘဏ်မှာရှိတဲ့ငွေစာရင်းအမျိုးအစား၊ ချေးငွေအမျိုးအစား၊ ဝန်ဆောင်မှု စတာတွေကို ကိုယ်က ဘဏ်ရဲ့ဝန်ဆောင်မှုကို ရလိုလို့ပဲဖြစ်စေ၊ ဘဏ်လုပ်ငန်းလုပ်ဆောင်ပုံ စိတ်ဝင်စားလို့ပဲဖြစ်စေ ထဲထဲဝင်ဝင်သိရှိပြီး နိုင်ငံတကာအဆင့်မီတဲ့ ဘဏ်စနစ်အကြောင်း သိထားချင်ရင် လေ့လာရမယ့်နေရာ ဖြစ်ပါတယ်။

ရှာဖို့လိပ်စာက ခက်ခက်ခဲခဲ မှတ်ထားစရာမလိုပါဘူး။ www.wikipedia.org ထဲမှာ Bank ရိုက်ပြီး ရှာလိုက်ရုံပါပဲ။

## ကိုကို Beauty Saloon

ကိုကို ညီညီဆိုတာ Hair and Beauty လောကမှာ မသိသူမရှိသလောက်ပါ။ ဆံကေသာပြုပြင်မှုပိုင်းဆိုင်ရာမှာ လူအများနှစ်သက်လောက်တဲ့အတွက် နာမည်ရဆံသပညာရှင်လို့ဆိုနိုင်ပါတယ်။ အဲဒီဆံသပုဂ္ဂိုလ်က များပြားလှတဲ့ဆံသဈေးကွက်ထဲကို သူ့ရဲ့ဆိုင်တစ်ဆိုင် ထပ်မံတိုးချဲ့လိုက်ပါတယ်။

အဲဒါကတော့ အမှတ် ၁၈၊ မြေညီထပ်၊ မြောင်းကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်မှာပါ။ ဆိုင်နေရာကျဉ်းပေမယ့် ပတ်ဝန်းကျင်လေးက တိတ်ဆိတ်ပြီး စိတ်အေး၊ လက်အေးနဲ့ တိတ်ဆိတ်စွာ အလှအပပြုလိုသူတွေအတွက် ကိုကိုကိုယ်တိုင်ဦးစီးပြီး ညွှန်ကြားမှုပေး ဝန်ဆောင်ပေးနေပါတယ်လို့ ဆိုပါတယ်။

## Big Computer

ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းအရောင်းဆိုင် ဈေးကွက်ဟာ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာပြီး ကိုယ့်ပတ်ဝန်းကျင်မှာ အလိုရှိရာကွန်ပျူတာအမျိုးအစားကို အလိုရှိသလို ရွေးချယ်ဝယ်ယူနိုင်လာပါတယ်။

အခုညွှန်ပေးမယ့် Big Computer ဆိုတဲ့ဆိုင်လေးက မကြာသေးခင်ကမှ ဖွင့်လိုက်တာဖြစ်ပြီး ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေကို ဝယ်ယူနိုင်မှာပါ။ ကွန်ပျူတာ၊ Laptop, Desktop, Notebook စတဲ့ IT ဆိုင်ရာ ဆက်စပ်ပစ္စည်းလေးတွေကို အမှတ်–၁၄၂၊ မြေညီထပ်၊ ၄၇ လမ်း (အပေါ်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့မှာ သွားရောက်ဝယ်ယူလို့ရမှာပါ။

www.foreverspace.com.mm



## အင်ကြင်းကျောက်နဲ့ ပတ်သက်ရင်

သစ်ပင်တွေကနေမှ ပြောင်းလဲဖြစ်ပေါ်လာတဲ့ အင်ကြင်းကျောက်ဆိုတဲ့ ကျောက်တစ်မျိုးရဲ့သက်တမ်းဟာ နှစ်သန်းချီရှိတာကို တွေ့ရပါတယ်။

ဒီအင်ကြင်းကျောက်ကို ကံကောင်းစေတဲ့ကျောက်လို့ ယုံကြည်ယူဆကြသူတွေလည်းရှိတာမို့ ကျောက်ဈေးကွက်ထဲ အရောင်းသွက်တဲ့နေရာမှာ အင်ကြင်းကျောက်ကလည်း ပါဝင်နေရတာပါ။ အခုညွှန်ပေးမယ့် ရွှေအင်ကြင်းဆိုတဲ့ဆိုင်လေးမှာ အရောင်တင်ပြီး အင်ကြင်းကျောက်တုံးတွေ၊ အရောင်မတင်ရသေးတဲ့ အင်ကြင်းကျောက်တုံးတွေကို ခြောက်လက်မအရွယ်လောက်ကနေ ၁၀ ပေအရွယ်လောက်အထိ ဝယ်ယူလို့ရနိုင်ပါတယ်။

ဒါ့အပြင် အင်ကြင်းကျောက်နဲ့ပြုလုပ်ထားတဲ့ စိပ်ပုတီး၊ နားကပ်၊ လက်ကောက်အပျော့၊ အမာ၊ ဆွဲကြိုး စတဲ့ ပုံစံအသစ်အဆန်းလေးတွေကိုရောင်းပေးနေတာလည်း တွေ့ရပါတယ်။

နိုင်ငံခြားသားတွေ အထူးကြိုက်နှစ်သက်တတ်တဲ့ကျောက်တစ်မျိုးကို လက်ဆောင်ပေးဖို့ရည်ရွယ်ရင်ပဲဖြစ်ဖြစ်၊ ဧည့်သည်တွေကိုယ်တိုင် လေ့လာလိုရင်ပဲဖြစ်ဖြစ် အဆင်ပြေနိုင်ပါလိမ့်မယ်။ ပြခန်းပြုလုပ်ထားတာမို့ နိုင်ငံခြားသားခရီးသွားကုမ္ပဏီများ လာရောက်ကြည့်ရှုလေ့လာနိုင်မှာဖြစ်တယ်လို့ ဒီဆိုင်က ဆိုထားပါတယ်။

လိပ်စာ –

**Shwe Injin Souvenir Shop**

၁၃၃(စီ)၊ မဥ္ဇူလမ်းသွယ် (၃)၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၆၅၀၇၂၅၊ ၇၃၀၁၉၉၁၀

## နေရာပြောင်း ၊ လိပ်စာသစ်

- **ချိန်ဟော့စိန်ရွှေရတနာဆိုင်**
  အမှတ်–၅၅၉ (ဘီ)၊ မဟာဗန္ဓုလလမ်း၊ ၂၆ လမ်းထိပ်၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၇၀၆၉၊ ၀၉–၉၉၂၄၇၆၆၊ ၇၃၀၃၉၈၀၈
- **MERCURY FORCE ELECTRICAL TRADING CO., LTD.**
  အမှတ်–၂၄၈ (ဘီ)၊ မြေညီထပ်၊ ပြည်မြန်မာအဆောက်အအုံ၊
  အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊
  တာမွေမြို့နယ်။ ရန်ကုန်။
  ဖုန်း–၄၀၁၀၀၈၊ ၄၀၁၁၀၈၊ ၇၃၀၅၅၈၂၄၊ ၀၉–၈၆၂၁၈၁၁၊
  ၀၉–၈၀၂၀၉၄၂
- **သိင်္ဂီရွှေဝါ (ပိုးထည်တိုက်)**
  အမှတ်–၁၁၁ (အေ)၊ ရေတာရှည်လမ်းဟောင်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၉၄၃၀၊ ၅၅၂၉၈၂၊ ၀၉–၈၆၁၃၄၉၃၊
  ၀၉–၅၀၁၉၁၆၄၊ ၀၉–၅၀၃ ၃၅၇၆
- **Academy Blooming Blossom Nursery (ABBN) Happy Learning Caring Centre**
  အမှတ်–၈၈၊ တက္ကသိုလ်ရိပ်သာလမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၂၆၇၁၊ ၅၃၆၅၃၆၊ ၅၁၂၇၇၀



www.foreverspace.com.mm

- **ရွှေပြည်သာ ကိုရီးယားဘာသာစကားသင်တန်းကျောင်း**
  တိုက်-၃၊ အခန်း-၆၊ အင်းစိန်လမ်းမ (လှည်းတန်း)၊
  ဆင်ရေတွင်းမှတ်တိုင်အနီး၊
  အင်းစိန်လမ်းနှင့် ရွာမကျောင်းလမ်းထောင့်၊
  လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၉၃၃၁၄၊ ၀၉-၅၀၁၀၉၀၃၊ ၀၉-၅၀၃၇၃၃၂၊
  ၀၉-၅၁၀၁၁၂၅

- **ယူနီဗာဆယ်မျက်မှန် လက်လီ/လက်ကားဖြန့်ချိရေး**
  အမှတ်-(၃၄၉/၃၅၁)၊ ရွှေဘုံသာ (အထက်လမ်း)၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၆၂၉၂၊ ၂၄၂၀၉၅၊ ၀၉-၅၁၃၁၅၀၃

- **Earth Trading Co., Ltd.**
  Earth Computer System Co., Ltd.
  အမှတ်-၅၃/၅၄၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၅၁၆၉၆၊ ၆၅၂၇၃၀
  ဖက်စ်/ဖုန်း-၆၆၁၂၂၂

- **နေလင်း နာရီဆိုင်**
  (ဈ) ဈေး၊ မင်းရန်အောင်ရုပ်ရှင်ရုံအနီး၊
  မြောက်ဥက္ကလာပမြို့နယ်။ ရန်ကုန်။
  ဖုန်း-၀၉-၅၀၂၇၀၁၉

- **ဆရာမ ငယ်ငယ် (ခ) မဟိဒ္ဓီ-ခေ- ဆရာမထက်ထက်ခိုင် (စစ်တွေ)**
  အမှတ်-၃၂၊ ထုပါရုံလမ်း၊ ၂၀ အရှေ့၊ ၂/မြောက်ရပ်ကွက်၊
  သာကေတမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၄၀၄၇၉

- **မြန်န္တာသဘာဝဆေးဖက်ဝင်သောက်ရေသန့်စက်ရုံ**
  အမှတ်-၄၀၊ အမှတ် (၃) လမ်းမကြီး၊ ပျဉ်းမပင်စက်မှုဇုန်၊
  မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။

- **CROWN ELECTRONICS (First Asia Co., Ltd.)**
  အမှတ်-၄၇၀၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
  ရန်ကုန်။
  ဖုန်း-၂၉၀၃၈၅၊ ၂၉၉၇၃၂၊ ၃၈၆၅၀၈
  Hotline-၇၃၀၂၄၄၅၆

- **RAIN Fashion Mall (China Town)**
  အမှတ်-၉၉၊ လသာလမ်း (အထက်)၊
  လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၅၀၉၇၄

- **141 Thai Food & Coffee**
  အမှတ်-၃၃၊ လမ်းသစ်လမ်း၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။

- **HYPER Food Fusion**
  အမှတ်-၁၉ (အေ)၊ ဦးထွန်းမြတ်လမ်း၊
  နတ်မောက်ရပ်ကွက်၊
  တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၄၁၃၈၉၊ ၇၃၀၃၆၁၃၈



www.foreverspace.com.mm

# သားသားမီးမီးတို့အတွက်

သီတင်းကျွတ်ကာလကို ရောက်ရှိလာပြီမို့ ဘိုးဘိုး၊ ဘွားဘွားနဲ့ လူကြီးမိဘတွေကို မြန်မာ့ရိုးရာဓလေ့ထုံးစံအရ လက်ဆောင်ပစ္စည်းတွေနဲ့ ရှိခိုးကန်တော့ဖို့ ပြင်ကြဆင်ကြရတော့မှာပါ။ အဲဒီလို လူကြီးတွေဆီ သွားကန်တော့ကြတဲ့အခါ အိမ်မှာရှိတဲ့ သားသားမီးမီးတွေကိုလည်း မဖြစ်မနေခေါ်သွားကြရတော့မှာ ဖြစ်ပါတယ်။ ဒီတော့ သူတို့လေးတွေအတွက် အင်္ကျီအသစ်၊ ဘောင်းဘီအသစ်လေးတွေ ဝယ်ပေးဖို့လိုလာပါပြီ။ ကိုယ်သာမဝယ်ရှိရမယ်၊ သားသမီးအတွက်ဆို လက်မနှေးတတ်သူ မိဘတွေအတွက် ညွှန်ပေးလိုက်တာပါ။

အင်္ကျီဒီဇိုင်းလေးတွေ ရိုးရှင်းဆန်းသစ်တဲ့ ကလေးအဝတ်အထည်ဆိုင်တချို့ကို စုစည်းညွှန်ပေးလိုက်ပါတယ်။ တချို့ကလေးအင်္ကျီလေးတွေက မြင်တာနဲ့ ဝယ်ယူချင်စိတ်ကို နှိုးဆွနိုင်တာတွေ့ရလို့ မြင်လိုက်ရုံနဲ့ မဝယ်ဘဲ ဆိုင်အတော်များများပတ်ကြည့်ပြီးမှ ဝယ်မယ်ဆိုသူတွေအတွက် နီးစပ်ရာဆိုင်မှာ ဝယ်လို့ရအောင်ပါ။

- **All Z (S.P Fashion)**
  အခန်း-၇၊ ၈၊
  ဗိုလ်ချုပ်အောင်ဆန်းဈေး (အနောက်ဘက်တန်း)၊
  ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၀၉၆၆ (လိုင်းခွဲ-၇၉၀)
- **Amazing Baby World**
  - အမှတ်-၃၅(ဘီ)၊ ပါရမီလမ်း၊ ချော်တွင်းကုန်းလမ်းဆုံ၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်။
  ဖုန်း-၀၉-၅၁၁၁၉၃၃
  - အမှတ် ၃၇၊ အခန်း ၂၀၁(ဘီ)၊ ဒုတိယထပ်၊
  အလံပြဘုရားလမ်း၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၀၈၃၆~၉ (လိုင်းခွဲ-၂၀၁)
- **B4 U (Kids)**
  အခန်း-၁၂၄၊ ၁၂၆၊ ၁၃၀၊ ပထမထပ်၊
  Junction 8 ShoppingCentre
  ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း-၆၅၀၇၇၁~၃ (လိုင်းခွဲ-၁၆၃)၊ ၆၆၀၇၀၄၊ ၆၅၁၀၉၂
- **Baby Bird**
  - အခန်း(အေ-၉)၊ ပထမထပ်၊
  ဗိုလ်အောင်ကျော်လမ်းထောင့်၊
  BAK Shopping Centre ၊ မဟာဗန္ဓုလလမ်း၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၉၂၈၆၇~၈၊ ၃၉၂၈၇၉၊ ၂၅၆၇၂၀ (လိုင်းခွဲ-၁၀၉)
  - အခန်း (အက်ဖ်-၆)၊ ပထမထပ်၊
  Waizayantar ShoppingCentre ၊
  ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၇၃၆၀၀၊ ၅၇၃၆၀၁၊ ၅၇၃၆၀၂ (လိုင်းခွဲ-၁၀၆)
- **Baby Choice (Majesty Family Int'l Co., Ltd.)**
  အမှတ်-၃၊ ရှင်စောပုလမ်း၊ အောင်ချမ်းသာရပ်ကွက်၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၁၂၀၉၂၊ ၅၁၀၀၃၄၊ ၅၁၉၄၂၄
- **D//2**
  ပထမထပ်၊ Ga Mone Pwint Centre
  ကမ္ဘာအေးမှတ်တိုင်အနီး၊
  ကမ္ဘာအေးဘုရားလမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၀၄၀၄၄
- **Disney**
  F-20၊ ပထမထပ်၊ Yankin Centre ၊ ဆရာစံလမ်း၊
  ရန်ကင်းမြို့နယ်။ ရန်ကုန်။
- **Fashion Girl**
  အမှတ် (အို-၂၁)၊ ၂၂၊ မြေညီထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၁၂၁၀၊ ၅၁၁၄၉၇
- **Fido Dido**
  ဂမုန်းပွင့်စင်တာ၊ ကမ္ဘာအေးမှတ်တိုင်အနီး၊
  ကမ္ဘာအေးဘုရားလမ်း၊
  (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၅၃၆၄၄~၆၀ (လိုင်းခွဲ-၉)
- **For Baby**
  အမှတ်-၁၇၊ ပထမထပ်၊ Waizayantar Shopping Centre၊
  ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၇၃၆၀၀~၂ (လိုင်းခွဲ-၁၁၇)
- **Veaopel**
  အမှတ်-၁၅၉၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း-၂၅၁၀၁၁၊ ၀၉-၅၁၈၂၅၃၈၊ ၀၉-၅၁၇၃၁၈၈
- **Pigeon**
  အမှတ်-၂၃၊ ဗိုလ်ချုပ်အောင်ဆန်းဈေး (အရှေ့ဘက်)၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၇၉၇၅
- **Vi Vid**
  အခန်း-၁၀၃၊ လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၇၀၈၃၈ (လိုင်းခွဲ-၈၁၂)၊ ၃၇၀၈၃၉ (လိုင်းခွဲ-၈၁၂)

www.foreverspace.com.mm



# လုပ်ငန်းသစ်၊ ဆိုင်သစ်

- **မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း**
  **ICT Laboratory**
  **MCPA Laboratory**
  အဆောင် ၄၊ အခန်း ၄၊
  မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း၊
  မြန်မာအင်ဖိုတက်ခ်၊ တက္ကသိုလ်များလှိုင်နယ်မြေ၊
  လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၅၂၂၇၂

- **မိတ်ကပ်တိုးတိုး (တိုးချဲ့ဖွင့်လှစ်ခြင်း)**
  အမှတ်-၁၈၅၊ ၁၈၇၊ မဟာဗန္ဓုလလမ်း၊
  ဗိုလ်တထောင်စာတိုက်ဘေး၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၉၇၄၈၃၊ ၀၉-၅၀၂၀၄၁၅

- **Mandalay Gems Center**
  (မန္တလေးတိုင်း ကျောက်မျက်လုပ်ငန်းရှင်များကော်မတီ)
  ၂၆-ဘီလမ်းနှင့် ၈၄ လမ်းထောင့်၊ ခန်းမ-၂၊ မြေညီထပ်၊
  မန္တလေး။

- **မန္တလေးဈေးချိုဆိုင်တန်း ကျောက်မျက်ရတနာဆိုင်**
  (ရွှေဟင်္သာအထွေထွေစီးပွားရေးလုပ်ငန်း
  သမဝါယမအသင်းလီမိတက်)
  ၂၆-ဘီ၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၊ မန္တလေးတိုင်း
  သမဝါယမအသင်းအရောင်းစင်တာ
  အခန်းအမှတ်-၂၊ မန္တလေး။

- **မိခင်မေတ္တာ (Mother's Love) လက်ဖက်ခြောက်**
  **အချိုခြောက်လက်လီလက်ကားရောင်းဝယ်ရေး**
  အမှတ်-၃၉၊ ယူနိုက်တက်ကွန်ဒို (၁) မြေညီထပ်၊
  အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၈၉၆၅၂

- **G & A Pro Audio**
  အခန်းအမှတ်-၀၂-၂၆၊ ပထမထပ်၊ အာရှပလာဇာ၊
  ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

- **Modern 5 Digital Video & Photo Studio**
  **(ဓာတ်ပုံဟန်ထူးဇော်)**
  အမှတ်-၂၁၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
  ရန်ကုန်။

- **119 Fashion Complex (၇ ဆိုင်မြောက်ဆိုင်ခွဲသစ်)**
  အမှတ်-၄၁၊ အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊
  ရန်ကုန်။

# Fancy ကြိုက်သူများ

Fancy ပစ္စည်းစုံစုံလင်လင်ရရှိနိုင်မယ့် Fancy Mart တစ်ခုကို ညွှန်ပေးချင်ပါတယ်။ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်းမကြီး ပေါ်ရှိတဲ့ ဒီ Fancy Mart ရဲ့နာမည်ကတော့ MDY Fancy Mart ဖြစ်ပါတယ်။

မိန်းကလေးတွေအကြိုက် ခေါင်းစည်းကြိုး၊ ကလစ်၊ နာရီ၊ လက်ကောက်၊ ဆွဲကြိုး၊ လက်သည်းနီ စသဖြင့် မျိုးစုံရရှိနိုင်ပြီး ယောကျာ်းလေးများအတွက်ကတော့ ဦးထုပ်၊ ခါးပတ်တွေလည်း ရနိုင်ပါသေးတယ်။ ဈေးလည်းချိုပြီး ရွေးချယ်စရာစုံလင်လှတဲ့ ဒီ Fancy Mart လေးကို လူငယ်တွေကြိုက်မှာသေချာတယ်လို့ ဆို လိုက်ပါရစေ။

# Mobile Collection ဆိုင်သစ်

ဆက်သွယ်ရေးနည်းပညာတွေပြောင်းလဲတိုးတက်လာတာနဲ့ အမျှ Mobile ဖုန်းအရောင်းဆိုင်တွေလည်း ဒီပြောင်းလဲမှုကို အကျိုးရှိရှိအသုံးချနိုင်ဖို့ အများအပြားဖွင့်လှစ်လာတာ တွေ့မြင်ရ ပါတယ်။ အခုလည်း Mobile Collection ဆိုတဲ့ ဖုန်းနဲ့ဆက်စပ် ပစ္စည်းတွေရောင်းပေးမယ့်ဆိုင်အသစ်လေးက တိုးလာပြန်ပါပြီ။ ဒီဆိုင်လေးမှာ Handset အမျိုးအစားအစုံအလင်ကိုရောင်းချပြီး လာရောက်သူကျေနပ်စေမယ့်ဝန်ဆောင်မှုကိုပေးဖို့ အဓိကထား ဆောင်ရွက်ပေးပါတယ်လို့ ဆိုတယ်။

Handset တွေသာမက ဖုန်းချိတ်တဲ့ Key Chain လှလှလေး တွေ၊ ဖုန်းကာဗာလေးတွေကိုလည်း ဒီဇိုင်းစုံတွေ့ပါလိမ့်မယ်။ ဒီဇိုင်း သစ်၊ ဆိုင်သစ်ဆီ သွားလိုက်ရမှ၊ လေ့လာလိုက်ရမှ ကျေနပ်သူ တွေအတွက် အမှတ် ၁၅၁၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်က ဒီဆိုင်လေးကို ညွှန်ပေးလိုက်တာပါ။

- **Shwe Sae Entertainment**
  အမှတ်-၃၇၊ အခန်း-၂၀၂၊ အောင်သပြေလမ်း၊
  ယုဇနပလာဇာ၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၀၇၄၇၊ လိုင်းခွဲ-၇၃၇၂၊ ၇၃၀၀၂၉၆၆၊
  ၀၉-၅၁၁၂၉၃၆

- **ပန်းကြာဖြူမြန်မာထမင်းဆိုင်**
  အမှတ်-၈/ဘီ၊
  သစ္စာလမ်းနှင့် ကျောက်ကုန်းလမ်းထောင့်၊
  (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

## အမျိုးသမီးသီးသန့်ကိုယ်ကာယ

ဒီနေ့ခေတ်ရဲ့ လုပ်ငန်းဆောင်တာနေ့စဉ်လှုပ်ရှားသူအမျိုးသမီးတွေနဲ့ အိမ်ရှင်တွေဟာ စိတ်ဖိစီးမှုအပေါင်းကို နေ့စဉ်ကြုံတွေ့နေရစမြဲပါ။ ဒါကြောင့်မို့လည်း တစ်နေကုန် အလုပ်တွေလုပ်၊ ညဘက်ခြေကုန်လက်ပန်းကျပြီး အိပ်တော့ ခန္ဓာကိုယ်ရဲ့ အချိုးအဆပြေပြစ်မှုတွေကို ထိခိုက်တဲ့အပြင် ကျန်းမာရေးလည်း ထိခိုက်လာနိုင်ပါတယ်။ ဒါ့ကြောင့် ကိုယ်ကာယအလှအတွက်သာမက ကျန်းမာရေးလည်းကောင်းစေဖို့ ကိုယ်ကာယလေ့ကျင့်ရေးခန်းမတွေကို အားကိုးလာကြရတာပါ။ အဲဒီထဲကမှ အမျိုးသားတွေနဲ့ ရောထွေးလေ့ကျင့်တာကို မကြိုက်တဲ့အမျိုးသမီးတွေအတွက် အမျိုးသမီးသီးသန့်ခန်းမတွေကို စုစည်းပေးလိုက်ပါတယ်။

- **တူးအိုတူး (ကိုယ်ကာယအလှနှင့် ကြံ့ခိုင်မှုလေ့ကျင့်ရေး သင်တန်းခန်းမ)**
  တိုက်–C၊ အခန်းနံပါတ် (၂၀၂) (ဒုတိယထပ်)၊
  နှင်းဆီလမ်း (ယုဇနပလာဇာဘေးလမ်း)၊
  မင်္ဂလာမြို့တော်အိမ်ရာ၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၃၂၇၈၊ ၀၉–၅၀၁၃၄၃၂
- **APEX (Body Fitness Personal Trainer)**
  တိုက်–၂၂၁၊ အခန်း (၃)၊ မြေညီထပ်၊
  ၁၂ လုံးတန်း (သစ်သီးတန်း)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၁–၅၄၅၀၈၆၊ ၇၂၂၅၂၃၊ ၀၉–၅၁၄၆၄၇၂
- **New Star**
  **(ကိုယ်ကာယလေ့ကျင့်ရေးခန်းမနှင့် အဆီချလုပ်ငန်း)**
  အမှတ်–၁၆၈၊ ဗဟိုလမ်း၊
  (ဖျာပုံလမ်းနှင့် မအူပင်လမ်းကြား)၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၁၈၄၁၆
- **PRINCESS**
  အမှတ်–၇၂၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၇၂၆၂၃
- **Smart Girls (I)**
  အမှတ်–၂၀၀/ ၂၀၈၊ အခန်းနံပတ်–၂၀၃၊ စတုတ္ထထပ်၊
  ၃၅ လမ်း (အပေါ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်။
  ဖုန်း–၀၉၅၁၈၁၈၉
- **Smart Girls (II)**
  အမှတ်–၆၆/၆၈၊ အင်းစိန်လမ်း၊
  စံရိပ်ငြိမ် (၆) လမ်းထောင့်၊
  ခြံအမှတ် (၂)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်
  ဖုန်း–၀၉–၅၁၈၁၈၉၊ ၀၉–၈၀၃၄၉၇၇ ■

## ခွေးလေးတွေ၊ ကြောင်လေးတွေ နေမကောင်းဖြစ်ရင်

မိုးတွင်းကာလ စိုစွတ်ထိုင်းမှိုင်းတဲ့ရာသီဥတုက ကျန်းမာရေးအတွက် အအေးမိတာတွေ၊ ဖျားနာတာတွေ အများဆုံးဖြစ်တတ်တာမို့ နေထိုင်မကောင်းဖြစ်လာခဲ့ရင် ဆေးရုံ၊ ဆေးကုခန်းတွေကို သွားကြရသလို ကိုယ့်ရဲ့အိမ်မှာမွေးထားတဲ့ အချစ်တော်ခွေးလေး၊ ကြောင်လေးတွေ နေမကောင်းဖြစ်လာရင်လည်း အလွယ်တကူ တိရစ္ဆာန်ဆေးကုခန်းတွေ သွားရောက်ပြသနိုင်ဖို့ ဆေးခန်းလိပ်စာတချို့ကို ဖော်ပြလိုက်ပါတယ်။

- **မင်းဆေးခန်း**
  အမှတ်–၇၊ မြင့်မိုရ်လမ်း၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၈၄၇၂
- **ရွှေနိုင်ငံ**
  အမှတ်–၁၂၉၉၊ ပင်လုံလမ်း၊ (၃၇) ရပ်ကွက်၊
  ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၀၉–၅၁၈၂၂၆၄
- **ဝေဇယန္တာ**
  အမှတ် ၂(က)၊ ဝေဇယန္တာ (၄) ရပ်ကွက်၊
  တောင်ဥက္ကလာမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၃၁၄၃
- **လှိုင်ဘွား**
  အမှတ်–၁၂၊ ရော်ဘာစက်ရုံရှေ့၊
  သမိုင်းလမ်းဆုံအနီး၊
  လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၂၁၈၄
- **ချောကလျာ**
  အမှတ်–၁၁(ဘီ)၊ သာယာကုန်းလမ်း၊
  နံ့သာကုန်းရပ်ကွက်၊ ဘီအိုစီကွေ့၊
  အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၄၂၅၂၀၊ ၇၂၃၆၀၄
- **Kwa Saw**
  အမှတ်–၁၄/G၊ အင်းစိန်ဘူတာရုံလမ်း၊
  အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၄၁၅၉၀
- **ကရဏာ**
  တိုက်–၁၄၊ ပုညဝတ္တနာလမ်း၊
  တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၈၆၂၀၈ ■

www.foreverspace.com.mm



## ငါးမြေအိုးမြီးရှည်ကောင်းကောင်း စားချင်သူတွေအတွက်

ရှမ်းစာကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် အရသာတစ်မျိုး ထူးတဲ့ ငါးမြေအိုးမြီးရှည်ရတဲ့ ဆိုင်လေးကို ညွှန်ပေးချင်ပါတယ်။ ဒီဆိုင်လေးမှာ ရှမ်းခေါက်ဆွဲ၊ မြီးရှည်၊ ဆန်စီး စတဲ့ ရှမ်းစာတွေ အပြင် ငါးမြေအိုးမြီးရှည်၊ ဖက်ထုပ်ပြုတ်တွေပါ ရနိုင်ပါတယ်။

ငါးတစ်ကောင်လုံးထည့်ချက်ပေးထားတဲ့ မြေအိုးမြီးရှည်ကို ကျပ် ၁၈၀၀ နဲ့ရတဲ့ ဒီဆိုင်လေးက လမ်းဘေးဆိုင်လေးဖြစ်ပေမယ့် အရသာထူးခြားလို့ စားသုံးသူတွေကြိုက်နှစ်သက်မှာ သေချာပါတယ်။ မာလာဟင်းငါးချက်လည်းရသလို ဈေးနှုန်းချိုသာတဲ့ ငါးပေါင်းလည်းရတဲ့ ဒီဆိုင်လေးက ပန်းဆိုးတန်းလမ်းမကြီး ရွှေလိပ်မြွေ စတိုးရှေ့မျက်နှာစာက ရှမ်းတရုတ်အမည်ရှိတဲ့ ဆိုင်လေးပါ။

## သင်္ချာမရဘူးဆိုတဲ့ ကလေးတွေအတွက်

International School ကျောင်းတွေမှာတက်ရောက်နေတဲ့ ကျောင်းသားတွေအတွက် အထူးသင့်တော်မှာပါ။ သင်္ချာဘာသာရပ်မှာမှအားနည်းနေတဲ့ကလေးတွေကို အိမ်အရောက်စနစ်တကျ သင်ကြားပေးမှာဖြစ်တယ်လို့ ဆိုပါတယ်။ သင်ကြားပေးသူတွေက လည်း အတွေ့အကြုံရှိတဲ့ B.Ed, B.E ဘွဲ့ရဆရာ၊ ဆရာမများတွေသာဖြစ်တာမို့ ကလေးအတွက် ယုံကြည်စိတ်ချစွာ အပ်နှံနိုင်တယ်လို့ ဆိုထားပါတယ်။ သင်္ချာဘာသာရပ်ကို အခြေခံမှစပြီး စဉ်းစားတတ်အောင် စေတနာထားသင်ပေးမယ်လို့ဆိုထားတာကြောင့် အခြေခံကောင်းကောင်းနဲ့သင်ယူနိုင်မယ့်အပြင် အိုးမကွာအိမ်မကွာ သင်ယူနိုင်မှာမို့ ညွှန်ပေးလိုက်တာပါ။ အချိန်တွေ၊ သင်တန်းကြေးတွေ စတာတွေနဲ့ပတ်သက်၍ အသေးစိတ်မေးမြန်းချင်ရင်တော့ ဖုန်း-၀၉-၅၄၁၄၀၇၄ ကို ဆက်သွယ်လိုက်လို့ရပါတယ်။

## တိုင်းရင်းသားရိုးရာဝတ်စုံလေးတွေ ဝယ်မယ်ဆိုရင်

စိတ်ကြိုက်ခေတ်ပေါ် ဒီဇိုင်းမျိုးစုံကို ဝတ်ဆင်ရတာ ရိုးလာလို့ တိုင်းရင်းသားအမျိုးမျိုးရဲ့ ရိုးရာဝတ်စုံကို ဒီဇိုင်းထွင်ဝတ်ဆင်ချင်တဲ့သူတွေအတွက် ဒီတစ်လတော့ ဗမာ၊ ကချင်၊ ရှမ်း၊ ချင်း စတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာဝတ်စုံရောင်းတဲ့ဆိုင်လေးတွေ ညွှန်ပေးချင်ပါတယ်။ ဒီဆိုင်လေးတွေမှာ အင်္ကျီ၊ ဘောင်းဘီ၊ ထဘီတွေသာမက ရိုးရာအဆင် ဒီဇိုင်းနဲ့ဖုန်းအိတ်၊ ပိုက်ဆံအိတ်တွေ၊ လွယ်တဲ့အိတ်ကလေးတွေပါရနိုင်တာမို့ ရိုးရာဝတ်စုံဝတ်ဆင်ချင်သူတွေသာမကဘဲ ဒီဇိုင်းတစ်မျိုးယဉ်တဲ့ အိတ်ကလေးတွေ ကြိုက်နှစ်သက်တတ်သူတွေအတွက်ပါ အဆင်ပြေမှာပါ။

- **ရိုးရာမေ**
  အမှတ် ၂၀၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့မျက်နှာစာတန်း၊ (အပေါ်ထပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၄၈၂၉၇၊ ၂၅၂၁၅၅၊ ၂၅၆၄၁၁ (လိုင်းခွဲ-၇၉၂)

- **ရွှေသမင်**
  အမှတ် ၈၂၊ လှည်းတန်းလမ်း (အလယ်)၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။

- **စိန်စကြာ**
  အမှတ် ၁၂၄၊ ပထပ်၊ ၃၃ လမ်း (အလယ်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၁၀၉၅၊ ၂၅၄၁၆၂၊ ၀၉-၅၁၁၂၁၃၀


- **တော်ဝင်သဇင်**
  အခန်း ၁၆၊ အရှေ့ဆောင် (A)၊
  ဗိုလ်ချုပ်အောင်ဆန်းဈေး၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၀၉၆၆ လိုင်းခွဲ (၄၀၅)

- **ရိုးရိုးလေး (ကချင်ရိုးရာဆိုင်)**
  အခန်း ၁၊ အဆောင် (A)၊
  ဗိုလ်ချုပ်အောင်ဆန်းဈေး၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၁၄၄၀၈၅

- **National Costume (သီရိမေ)**
  အမှတ်-၁၄၊ (ပထပ်) မြောက်ဘက်တန်း၊
  ဗိုလ်ချုပ်အောင်ဆန်းဈေး၊
  ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း-၃၈၄၇၅၆၊ ၀၉-၅၁၄၁၉၈၃။

- **ကျေးရူးကမ္ဘာ**
  အမှတ် ၂၈၊ ကျွန်းတောလမ်း၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၀၄၆၇၅

www.foreverspace.com.mm




# Twitter နဲ့ Facebook မှာ အခမဲ့ကြော်ငြာနည်း

စီးပွားရေးလုပ်ငန်းတွေ့အဖို့ ကိုယ့်ရဲ့ ထုတ်ကုန်ပစ္စည်းအကြောင်း လူတွေအမှတ်ရနေခြင်းဟာ ကုန်ပစ္စည်းကပြန်ရလာမယ့် ငွေကြေးအကျိုးအမြတ်ထက်ပိုပြီး တန်ဖိုးရှိနေတတ်ပါတယ်။ ဒီနေ့ခေတ်မှာ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ Twitter နဲ့ Facebook လို ကမ္ဘာကျော်လူမှုရေးကွန်ရက်ဆိုက်တွေမှာ ကိုယ့်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအကြောင်း Tweet တွေလုပ်၊ Wall Post တွေရေးသားပြီး ကြော်ငြာတာဟာ ထိရောက်တဲ့ Online ကြော်ငြာနည်းတစ်ခု ဖြစ်လာပါတယ်။ ဒါကြောင့် Twitter နဲ့ Facebook မှာကြော်ငြာပြီး အရောင်းမြှင့်တင်ပေးနိုင်တဲ့စနစ်တစ်ခုနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

Pay with a Tweet လို့အမည်ရတဲ့ ဝန်ဆောင်မှုဟာ ကုန်ပစ္စည်းတစ်ခုရဲ့တန်ဖိုးကို Twitter ဒါမှမဟုတ် Facebook ပေါ်မှာ ကုန်ပစ္စည်းအကြောင်း ကြော်ငြာပေးတာနဲ့ တန်ဖိုးပေးချေနိုင်တဲ့ အွန်လိုင်းပေါ်က ပထမဦးဆုံး Social Payment စနစ် ဖြစ်ပါတယ်။ Pay with a Tweet စနစ်ရဲ့လည်ပတ်ပုံဟာ ရိုးစင်းလှပြီး ငွေကြေးတစ်စုံတစ်ရာ ပါဝင်ပတ်သက်မှုမရှိပါဘူး။ ထုတ်ကုန်တစ်ခုကို Tweet တစ်ခု ဒါမဟုတ် Wall post တစ်ခုနှုန်းနဲ့ရောင်းချရတာဖြစ်ပြီး ရယူသုံးစွဲသူဟာ ပစ္စည်းတန်ဖိုးကို ငွေကြေးအစား သူတို့သုံးတဲ့ Twitter နဲ့ Facebook တွေမှာ ရေးသားကြော်ငြာပေးခြင်းနဲ့ ပေးချေနိုင်တာ ဖြစ်ပါတယ်။ ဒီစနစ်ကို တေးသံရှင်တွေ၊ အနုပညာရှင်တွေ၊ စာရေးဆရာ၊ ထုတ်ဝေသူများ၊ စီးပွားရေးပညာရှင်၊ ဝန်ဆောင်မှုပေးသူတွေ စတဲ့ ကိုယ်တို့ရဲ့ထုတ်ကုန်၊ ဝန်ဆောင်မှုနဲ့ အမှတ်တံဆိပ်တွေကို Online ပေါ်မှာ အရောင်းမြှင့်တင်ချင်၊ ကြော်ငြာချင်တဲ့သူတွေ သုံးနိုင်ပါတယ်။

Pay with a Tweet စနစ်ဟာ အခမဲ့အသုံးပြုနိုင်ပြီး လုပ်ဆောင်ဖို့လည်း လွယ်ကူလှတာမို့ စိတ်ပါဝင်စားသူတွေအနေနဲ့ http://www.paywithatweet.com မှာ အသေးစိတ်ဝင်ရောက်ဖတ်ရှုပြီး သုံးစွဲနိုင်ပါတယ်။

---

# ရုံးလုပ်ငန်းတွေ ခွဲဝေပေးချင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက်

ကုမ္ပဏီအသင်းအဖွဲ့တွေနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ငန်းအတွေ့အကြုံ ၁၅ နှစ်ရှိတဲ့ အတိုင်ပင်ခံကုမ္ပဏီတစ်ခုပါ။ ကုမ္ပဏီတည်ထောင်ခြင်း၊ သက်တမ်းတိုးခြင်းနဲ့ တခြားကိစ္စရပ်တွေ၊ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကတ်စီစဉ်ပေးခြင်း၊ သွင်းကုန်ထုတ်ကုန်ပါမစ်၊ လိုင်စင်များစီစဉ်ပေးခြင်း၊ ဘဏ်ကိစ္စရပ်တွေဆောင်ရွက်ပေးခြင်း၊ ထုတ်ကုန်တွေကို အမြန်ဆုံးသင်္ဘော၊ လေယာဉ်ပေါ်ရောက်အောင်တင်ပို့ပေးခြင်း၊ သွင်းကုန်တွေကို အမြန်ဆုံး ဆိပ်ကမ်း၊ လေဆိပ်မှထုတ်ပေးခြင်း၊ ကုမ္ပဏီစာရင်းများရေးဆွဲခြင်း၊ စာရင်းစစ်ခြင်း၊ အခွန်ကိစ္စရပ်များဖြေရှင်းပေးခြင်း စတဲ့ ကုမ္ပဏီစီးပွားရေးနဲ့ပတ်သက်တဲ့ ရုံးလုပ်ငန်းဆောင်တာတွေကို ဆောင်ရွက်ပေးမှာဖြစ်တယ်လို့ ဆိုပါတယ်။

လုပ်ငန်းအသင်းအဖွဲ့တွေ၊ ထုတ်ကုန်သွင်းကုန်လုပ်ငန်းတွေနဲ့ပတ်သက်တဲ့ တခြားကိစ္စရပ်အမျိုးမျိုးကို အကြံပေး၊ အတိုင်ပင်ခံအဖြစ် ဝန်ဆောင်မှုလုပ်ငန်းတွေကို (Door to Door) (လုပ်ငန်းခွင်အရောက်) အမြန်ဆုံးနဲ့ အပ်နှံသူစိတ်တိုင်းကျဆောင်ရွက်ပေးတာဖြစ်ပါတယ်လို့ ဒီကုမ္ပဏီရဲ့တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ Door to Door စနစ်နဲ့ ဆောင်ရွက်ဆွေးနွေးပေးတာမို့ လူကိုယ်တိုင်လာရောက်ဖို့ မအားလပ်သူတွေ၊ အချိန်မပေးနိုင်သူတွေအတွက်လည်း ဖုန်းဆက်လိုက်ရုံနဲ့ လာရောက်အကြံဉာဏ်ပေးမှာဖြစ်တယ်လို့ ဆိုပါတယ်။

**Comrade Business & Company Consultancy Group**

တိုက် (၉၁)၊ အခန်း(၇)၊ တတိယထပ်၊ ၄၉ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၀၁၄၆၉၊ ၂၉၃၅၈၃၊ ၀၉၅၁၀၁၀၇၉၊
ဖက်စ်–၉၅၁–၂၉၃၅၈၃
E-mail:comrade@mptmail.net.mm
comradebusiness@gmail.com,
Website:www.comrade business.com

www.foreverspace.com.mm



## ၂၀၁၀ ပြည့်နှစ် ဩဂုတ်နှင့် စက်တင်ဘာလအတွင်း ထွက်ရှိသည့်စာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | မြတ်ဗုဒ္ဓ၏ စည်းမျဉ်းသတ်မှတ်<br>စာမူခွင့်ပြုချက်အမှတ်–၆၀၀၁၆၉၀၄၁၀ | ဦးကောဏ္ဍည | ၁၀၀၀ | ၃၅၀၀ | သုခချမ်းသာ | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | ဘာသာရေး |
| ၂။ | ကန်ဦးမူသဗ္ဗ မင်္ဂလာအခါပေးကျမ်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၁၄၀၆၁၀ | ဘဒ္ဒန္တကော<br>သလ္လထေရ် | ၁၀၀၀ | – | ဇဋ္ဌိလ | ၂၀၁၀၊ ဩဂုတ်<br>(စတုတ္ထ–ကြိမ်) | အခါပေးကျမ်း |
| ၃။ | ကမ္ဘာ ဗုဒ္ဓ<br>စာမူခွင့်ပြုချက်အမှတ်–(၆၀၀/၃၀၇၀)(၆၁၀) | ကောင်းစျာန်သိမ်း | ၅၀၀ | ၂၀၀၀ | ရွှေလက်ဆောင် | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | ဘာသာရေး |
| ၄။ | မြတ်ဗုဒ္ဓပေါ်ကမ္ဘာကျော်ပုဂ္ဂိုလ်များအမြင်<br>စာမူခွင့်ပြုချက်အမှတ်–၆၀၀၂၉၁၀၆၁၀ | ကိုရင်ဩ | ၅၀၀ | ၂၅၀၀ | ပဥ္စင်္ဂ | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | ဘာသာရေး |
| ၅။ | မြတ်ဗုဒ္ဓနှင့် . . .<br>စာမူခွင့်ပြုချက်အမှတ်–၀၃၈၄၃/၀၂၄၀၅ | ဓမ္မစရိယ<br>ဦးမောင်မောင်လေး | ၁၀၀ | ၂၅၀၀ | အလင်းသစ် | ၂၀၁၀၊ ဩဂုတ်<br>(တ–ကြိမ်) | ဘာသာရေး |
| ၆။ | ရုရှားတွင် ပညာသင်ယူခဲ့စဉ်က<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၆၈၀၇၀၀ | ဒေါက်တာ<br>မတင်ဝင်း | ၅၀၀ | ၃၅၀၀ | နန့်ချစ်ကြည် | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | အတွေ့အကြုံ |
| ၇။ | လိပ်ပြာစိမ်း၍ . . .<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၇၆၅၀၇၁၀ | မြနှောင်းညို | ၁၀၀၀ | ၁၈၀၀ | ပြုံးစာပေ | ၂၀၁၀၊စက်တင်ဘာ<br>(ပ–ကြိမ်) | ဝတ္ထု |
| ၈။ | အမျိုးစုံလင်စာသဘင်(၄)<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၅၂၅၁၀၀၉ | သုမောင် | ၁၀၀၀ | ၁၂၀၀ | ပုဂံ | ၂၀၁၀၊စက်တင်ဘာ<br>(ပ–ကြိမ်) | စာပဒေသာ |
| ၉။ | နှစ်ဆယ့်တစ်ရာစုသားရွှေဥ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၈၄၁၂၀၈ | ကျော်ဝင်း | ၅၀၀ | ၂၀၀၀ | တကောင်း | ၂၀၁၀ ၊ ဩဂုတ်<br>(ဒု–ကြိမ်) | တက်ကျမ်း |
| ၁၀။ | လူငယ်နှင့်အချစ်<br>စာမူခွင့်ပြုချက်အမှတ်–၆၀၀၂၀၉၀၅၁၀ | လူထုစိန်ဝင်း | ၁၀၀၀ | ၁၅၀၀ | အိပ်မက်ရိပ် | ၂၀၁၀၊ ဩဂုတ်<br>(ဒု–ကြိမ်) | လူငယ်စာပေ |
| ၁၁။ | မြန်မာဇာတ်သဘင်ပညာရှင်များ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၀၂၀၁၁၀ | ဆင်ဖြူကျွန်း<br>အောင်သိန်း | ၁၀၀၀ | ၂၅၀၀ | မျိုးမြန်မာ | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | စာပဒေသာ |
| ၁၂။ | ချားလ်စ်ဒါဝင်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၀၅၀၆၁၀ | ကိုတာ | ၅၀၀ | ၁၂၀၀ | မုံရွေး | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၁၃။ | အမေ့အားကျေးဇူးတင်ပါသည်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၃၂၀၆၁၀ | အောင်လင်း | – | ၃၀၀၀ | ရှင်မတောင် | ၂၀၁၀၊ ဩဂုတ်<br>(ဒု–ကြိမ်) | ဝတ္ထုတို |
| ၁၄။ | အချစ်နှင့် စိတ်ပညာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၀၉၀၂၁၀ | တက်တိုး | ၅၀၀ | ၂၅၀၀ | The Key | ၂၀၁၀၊ စက်တင်ဘာ<br>(စတုတ္ထ–ကြိမ်) | ဆောင်းပါး<br>ပေါင်းချုပ် |
| ၁၅။ | ကျွန်တော်ဖော်စတယ်ကျောင်းသားနှင့်...<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၄၀၀၅၁၀ | ရွှေနောင်ရိုး<br>(မန္တလေး) | ၅၀၀ | ၁၈၀၀ | သက်ထူးအောင် | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | ဆောင်းပါး<br>စုစည်းမှု |

www.foreverspace.com.mm



| | | | | | | |
|---|---|---|---|---|---|---|
| ၁၆။ စွယ်နီဆင်ရိုင်း<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၈၁၇၀၈၁၀ | သတိုးတေဇ | ၁၀၀၀ | ၂၀၀၀ | Eainmakathit | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | ဝတ္ထု |
| ၁၇။ ရန်နဲ့သစ်စီးပွားရေးရာဆောင်းပါးများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၉၄၀၆၁၀ | စာရေးဆရာစုံ | ၁၀၀၀ | ၂၀၀၀ | ခေတ်ပြတိုက် | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | စီးပွားရေးရာ |
| ၁၈။ မြန်နှုန်းမြင့်စီးပွားရေးပုံစံသစ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၇၁၀၇၁၀ | စံဝင်းထွန်း | ၂၀၀၀ | ၂၂၀၀ | ရွှေအိပ်မက် | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | စီးပွားရေး |
| ၁၉။ မန္တလေးအရမ်းမနေးပါနဲ့<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၈၆၀၀၈၁၀ | ရဲမောင်လတ်<br>(အင်း၀) | ၁၀၀၀ | ၁၂၀၀ | – | ၂၀၁၀၊ အောက်တိုဘာ<br>(ပ–ကြိမ်) | ဆောင်းပါး<br>စုစည်းမှု |
| ၂၀။ မှူးမတ်များနှင့်တွေ့ဆုံခြင်း<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၈၉၀၈၀၉ | ချစ်ဦးညို | ၅၀၀ | ၁၅၀၀ | ရန်အောင်(၂) | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | ဆောင်းပါး |
| ၂၁။ အထက်တန်းစားဗုဒ္ဓဘာသာဝင်<br>(ဒုတိယတွဲ)<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၇၀၅၁၀၀၉ | ပင်နန်မော်ကျွန်း | ၁၀၀၀ | ၂၅၀၀ | အလင်းသစ် | ၂၀၁၀၊ ဩဂုတ်<br>(တ–ကြိမ်) | ဘာသာရေး |
| ၂၂။ သွေးစွန်းသောနေ့ရက်များ<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၂၃၈၃၁၀ | လင်းယုန်<br>မောင်မောင် | ၅၀၀ | ၄၀၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဩဂုတ်<br>(သတ္တမ–ကြိမ်) | သမိုင်း |
| ၂၃။ ခရောင်းလမ်းကို ဖြတ်သန်းခဲ့သူ<br>များ၏<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၃၈၀၅၀၉ | ကိုလင်းမန်အောင် | ၇၀၀ | ၁၅၀၀ | ဖူးပွင့်ဝေဝေ | ၂၀၁၀၊ ဇူလိုင်<br>(ပ–ကြိမ်) | ဆောင်းပါး |
| ၂၄။ ဓမ္မတာအယူအဆနှင့်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၁၀၀၆၁၀ | ရူပါသိမ်း | ၅၀၀ | ၂၅၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ စက်တင်ဘာ<br>(ပ–ကြိမ်) | ကျန်းမာရေး |
| ၂၅။ နှလုံးသားကို ကြက်ခြေခတ်မခံရသော<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၇၀၆၁၂၀၉ | သံစဉ်သစ် | ၅၀၀ | ၁၀၀၀ | လမင်း | ၂၀၁၀၊ စက်တင်ဘာ<br>(ပ–ကြိမ်) | ဝတ္ထု |
| ၂၆။ မသိမဖြစ်သိထားသင့်သော<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၁၄၀၅၁၀ | ဆရာကြီး<br>ဦးသန်းဖေ | ၅၀၀ | ၁၅၀၀ | – | ၂၀၁၀၊ ဩဂုတ်<br>(ပ–ကြိမ်) | – |

# မိုးရာသီအတွက် သတင်းကောင်း

စျေးကွက်ကို အပြိုင်အဆိုင်ချဲ့ထွင်လာတဲ့ အလှပြုပြင်ဆိုင်လောကမှာ အသစ်ထပ်တိုးလာတဲ့ ထိုင်းလင်း Beauty Saloon ရဲ့ မိုးရာသီကာလ အထူးအစီအစဉ်တစ်ရပ်ကို သတင်းပေးလိုပါတယ်။ အစီအစဉ်လေးက မိုးရာသီကာလ လေးလလုံး နံနက် ၉ နာရီကနေ နေ့လယ် ၁၂ နာရီအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေတိုင်းကို အခမဲ့ဆံပင်ညှပ်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် တခြားလက်သည်း၊ ခြေသည်းအလှဆင်တာတို့၊ ပေါင်းတင်၊ ဆေးဆိုးတာတို့ စတဲ့တခြားအလှပြုပြင်တာတွေကိုပါ ရာခိုင်နှုန်းတွေနဲ့ စျေးလျှော့ချပေးထားတယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် သုံးခါနဲ့အထက် ခေါင်းလျှော်တဲ့သူတွေကို အခမဲ့မျက်နှာချေးချွတ်ပေးမှာလို့ ဆိုပါသေးတယ်။ စိတ်ဝင်စားတဲ့သူတွေက အမှတ်–၁၄၂၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၇၃၀၃၁၈၃၀ ကို သွားလို့ရပါတယ်။

■

www.foreverspace.com.mm



# New Books

**‘စာအုပ်စာပေလူ့မိတ်ဆွေ’ ဆိုတဲ့ ဆိုရိုးစကားအတိုင်း စာများများဖတ်လေ ကိုယ့်အတွက် အတွေ့အကြုံဗဟုသုတရလေမို့ စာဖတ်တဲ့အလေ့အထဟာ ကောင်းတဲ့အလေ့အထတစ်ခုလို့ဆိုရမှာပါ။ အဲဒါကြောင့် စာအုပ်ဖတ်ရတာကြိုက်နှစ်သက်တဲ့ စာချစ်သူတွေအတွက် နှစ်ခြိုက်ရာအကြောင်းအရာလေးတွေပါဝင်မယ့် စာအုပ်တွေကို ရွေးချယ်ဝယ်ယူလို့ရအောင် အသစ်ထွက်ရှိသမျှထဲက လက်လှမ်းမီရာစာအုပ်တချို့ကို ကောက်နုတ်ဖော်ပြပေးထားတာပါ။**

## လောကနီတိ ပါဠိမြန်မာနှစ်ဘာသာ


**စီစဉ်တည်းဖြတ်သူ ဦးအောင်ခန့်**

**စာမူခွင့်ပြုချက်အမှတ်– ၆၀၀၃၃၂၀၇၁၀**

**ထုတ်ဝေတိုက် – စာပေလောက**

**တန်ဖိုး – ၁၀၀၀**

ဘာသာရေးစာအုပ်ဈေးကွက်ထဲ စာပေလောကက အသစ်ထုတ်ဝေဖြန့်ချိလိုက်တဲ့ လောကနီတိလေးတွေကို စုစည်းထားတဲ့ စာအုပ်ပါ။ လူ့ဘောင်လောကထဲ ကျင်လည်နေသူတိုင်း လေ့လာကျင့်ကြံသင့်တဲ့ နီတိလမ်းညွှန်ချက်လေးတွေ ဖြစ်ပါတယ်။ သာသနဓဇသိရီပဝရ ဓမ္မာစရိယဝိနယပါဠိပါရဂူ ဦးအောင်ခန့်က ဒီစာအုပ်ကို စီစဉ်တည်းဖြတ်ထားတာ ဖြစ်ပါတယ်။ လောကနီတိဆိုတာဟာ ပါဠိစကားဖြစ်တာမို့ မြန်မာဘာသာနဲ့ဆိုရင် လူ့ဘောင်လောကရဲ့ ရှေ့ဆောင်လမ်းပြလို့ ဆိုနိုင်ပါတယ်။ ဒီလောကနီတိကျမ်းဟာ ပင်းယခေတ်ကစလို့ ခေတ်အဆက်ဆက် မြန်မာတွေနဲ့ ရင်းနှီးကျွမ်းဝင်လာခဲ့တဲ့ ကျမ်းတစ်စောင်ဖြစ်တဲ့အပြင် အထူးသဖြင့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးမှာ အစဉ်တစိုက်လက်စွဲပြုလုပ်လာခဲ့ရတဲ့ကျမ်းလည်း ဖြစ်ပါတယ်လို့ ဒီစာအုပ်ရဲ့ နောက်ကျောဖုံးမှာ ဖော်ပြထားပါတယ်။ ဒီလောကနီတိတွေကို ပါဠိဂါထာနဲ့ မြန်မာအဓိပ္ပာယ်နှစ်မျိုး ဖော်ပြပေးထားတယ်။ အက္ခရာစဉ်အညွှန်းနဲ့ အလွယ်ရှာဖွေလို့ရအောင် စီစဉ်ပြုစုထားတာမို့ ခပ်လွယ်လွယ် လေ့လာဖတ်ရှုလေ့လာကျင့်သုံးနိုင်ပါလိမ့်မယ်။ မူလကျမ်းမှာပါဝင်တဲ့ ကျမ်းရင်းက ဂါထာတစ်ပုဒ်ချင်းကို မြန်မာပြန်ရာမှာ သဒ္ဒါအရကို အရှိအတိုင်းမဟုတ်ဘဲ သဘောအဓိပ္ပာယ်ပေါ်လွင်




ထင်ရှားရေးကိုသာ အဓိကထား ပြန်ဆိုထားပါတယ်လို့ ဒီစာအုပ်အမှာမှာ ဆိုထားပါတယ်။ ပဏ္ဍိတကဏ္ဍ (ပညာရှိဆိုင်ရာအခန်း)၊ သုဇနကဏ္ဍ (သူတော်ကောင်းဆိုင်ရာအခန်း)၊ ဗလဒုဇ္ဇနကဏ္ဍ (လူမိုက်လူယုတ်မာဆိုင်ရာအခန်း)၊ မိတ္တကဏ္ဍ (မိတ်ဆွေဆိုင်ရာအခန်း)၊ ဣတ္ထိကဏ္ဍ (အမျိုးသမီးဆိုင်ရာအခန်း)၊ ရာဇကဏ္ဍ (မင်းအစိုးရဆိုင်ရာအခန်း)၊ ပကိဏ္ဏကကဏ္ဍ (အထွေထွေဆိုင်ရာအခန်း) ဆိုပြီး အခန်းကြီးခုနစ်ခန်းရဲ့အောက်မှာ ဂါထာပေါင်း ၁၆၇ ပုဒ်ပါဝင်ပါတယ်။ ‘မိန်းမတို့သည် ယောကျ်ားတို့ထက် နှစ်ဆအစာစားနိုင်၏။ ဉာဏ်စေစား၍ လုပ်ကိုင်ရာ၌ လေးဆသာ၏။ အလုပ်လုပ်ရာ၌ ခြောက်ဆသာ၏။ ကာမဂုဏ်ကိုခံမင်တပ်မက်ရာ၌ ရှစ်ဆသာ၏။’ စသလိုစသားတွေကို ‘နှစ်ဆ၊ လေးဆ၊ ခြောက်ဆ၊ ရှစ်ဆ’ ဆိုတဲ့ ခေါင်းစဉ်အောက်မှာ တွေ့ရလိမ့်မယ်။ ဖိုးသုညခုနစ်ယောက်၊ ဘဝပျက်ကြောင်းနှစ်မျိုး၊ ပိန္နဲသီးနှလုံးသား၊ နိတိကျမ်းများ၏ ကျေးဇူး၊ မင်းအစိုးရတို့ကျင့်ဝတ်၊ မယားဆိုးလက္ခဏာများ၊ မယားမြတ်လက္ခဏာများ၊ သိမ်းသွင်းနည်းလေးမျိုး စတဲ့ စိတ်ဝင်စားဖွယ်ခေါင်းစဉ်တွေ ပါဝင်ပါတယ်။ ဒီထဲမှာပါတဲ့ လောကနီတိတချို့ဟာ ဒီကနေ့ခေတ်နဲ့ အံမဝင်နိုင်တော့ပေမယ့် ဘယ်လိုအကြောင်းတွေကြောင့် ဖော်ပြပေးထားတယ်ဆိုတာကို ဒီစာအုပ်ရဲ့အမှာမှာ ပြည့်ပြည့်စုံစုံ ဖော်ပြပေးထားပါတယ်။

---

## မဖတ်ရသေးတဲ့သတင်း ခေတ်ပေါ်ဝတ္ထုတိုများ

**ပေါ်ဦးသစ်**


**စာမူခွင့်ပြုချက်အမှတ်–၅၀၁၀၄၉၀၇၀၉**

**ထုတ်ဝေတိုက် – ဟစ်တိုင်စာပေ**

**တန်ဖိုး – ၂၀၀၀**

ပိတောက်မြေ၊ ရုပ်ရှင်အောင်လံ၊ စတိုင်သစ်၊ ရန်နံ့သစ်၊ Emperor Heart စတဲ့ မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့ဖူးတဲ့ ပေါ်ဦးသစ်ရဲ့ဝတ္ထုတိုတွေကို စုစည်းထားတဲ့စာအုပ်ပါ။ မောင်နိုးရဲ့ မျက်နှာဖုံးပန်းချီကို အသုံးပြုထားပါတယ်။ ‘စာပေပုံသဏ္ဍာန်နဲ့ပတ်သက်လို့ပြောချင်တာကတော့ တချို့က အသက် ၂၀ မှာဝတ်တဲ့အကျႌနဲ့ အသက် ၃၀ မှာဝတ်တဲ့အကျႌကို အရောင်အသွေးချုပ်ပုံကအစ မပြောင်းဘဲ ဝတ်ကြတယ်။ ကျွန်တော်ကတော့ အစစအရာရာ သစ်လွင်ဆန်းပြားမယ်လို့ထင်တဲ့ ဒီဇိုင်းလေးတွေကို စဉ်းစားခဲ့ပါတယ်။ အထူးသဖြင့် ဝတ္ထုတိုရေးတဲ့သူဆိုတော့ ကျွန်တော့်ဝတ္ထုတိုဒီဇိုင်းကို ကျွန်တော် တီထွင်ကြည့်ချင်ပါတယ်။ အခုစာအုပ်မှာ အပုဒ်တိုင်း ဒီဇိုင်းအသစ်

www.foreverspace.com.mm




ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ ကျွန်တော် ကြိုးစားထားတာကို ဖတ်ကြည့်ရင် တွေ့ပါလိမ့်မယ်' လို့ ပေါ်ဦးသစ်က စာရေးသူရဲ့နိဒါန်းစကားမှာ ဆိုထားပါတယ်။ စာရေးသူရဲ့ နိဒါန်းစကားကိုဖတ်ကြည့်ရုံနဲ့တင် ရသဝတ္ထုတစ်ပုဒ်ဖတ်နေရသလို ဖြစ်နေနိုင်ပါလိမ့်မယ်။ စာရေးသူက သူကြုံတွေ့ရတာတွေမှာ အကောင်းတွေထက် လောကလက်ဆောင် အဆိုးအဝါးတွေ များနေတာမို့ အဲဒီအဆိုးအဝါးတွေ၊ အဆိုးအဝါးလို့ထင်ရတဲ့ အရာတွေအားလုံးကိုပဲ ရသမြောက်အောင် ဖန်တီးထားတာပါလို့ ဆိုထားတဲ့ ဒီစာအုပ်ကို ဖတ်ကြည့်လိုက်ရင် ရသစာပေ ဒါမှမဟုတ် ဝတ္ထုတိုဖတ်ချင်နေသူတွေ ရေးဟန်အသစ်ကိုလေ့လာလိုသူတွေအတွက် စိတ်ကျေနပ်မှုတစ်စုံတစ်ရာ ရရှိနိုင်စေပါလိမ့်မယ်။ 'ရပ်ကွက်ကလေးဟာ သူ့ကိုယ်သူ အလုပျက်မှာစိုးလို့ဆိုပြီး အိမ်ထောင်သက် ငါးနှစ်ရတာတောင် ကလေးမယူဘူးတဲ့။ ရပ်ကွက်ကလေးက ကလေးယူမယ့်ယူတော့လည်း အလုပျက်မှာစိုးလို့ ငွေကုန်ကြေးကျခံပြီး ဗိုက်ခွဲမွေးတယ်။ ရပ်ကွက်ကလေးဟာ မွေးထားတဲ့ကလေးကို ရသေ့တို့ကျောင်းသခ်ာမ်းမပို့ဘဲ ခိုးသူတို့လက်ထဲထည့်တယ်။ ကလေးငယ်က ဖရုသဝါစာ သီချင်းကို ကမ္ဘာဦးတေးအဖြစ် စဆိုတဲ့အချိန်မှာ ကလေးအမေက . . .' စသလို အရေးအသားမျိုးကို 'အိမ်တန်းလျား' ဆိုတဲ့ ဝတ္ထုတိုလေးမှာ တွေ့ရလိမ့်မယ်။ ဒီဝတ္ထုတိုအပါအဝင် မဖတ်ရသေးတဲ့သတင်း၊ သူငယ်ချင်းဖားကြီး၊ အပျော်သမား၊ အဝိဇ္ဇာသီချင်း၊ စာရေးဆရာနှင့် ကျောက်တုံးသမား စတဲ့ ဝတ္ထုတိုပေါင်း ၁၆ ပုဒ် ပါဝင်ပါတယ်။

ပေါ်ဦးသက်စာအုပ်ရဲ့ထူးခြားချက်က ပုံနှိပ်မှတ်တမ်းနဲ့ တို့တာဝန်အရေးသုံးပါးကို စာမျက်နှာတစ်ခုထဲ တွဲလျက်ဖော်ပြထားတာပဲ ဖြစ်ပါတယ်။ စာအုပ်နောက်ပိုင်းမှာ သူရေးခဲ့သမျှဝတ္ထုတိုတွေအားလုံး ထည့်သွင်းဖော်ပြထားတာကတော့ သူဟာ ခေသူမဟုတ်လို့ ဆိုချင်ပုံရပါတယ်။ အဲဒီစာမျက်နှာတွေကြောင့်လည်း ပုံနှိပ်မှတ်တမ်းကို တို့တာဝန်အရေးသုံးပါးနဲ့ တွဲပေးလိုက်ရတဲ့ပုံပါပဲ။

---


## ယောက်ျား မဖတ်ရ

**မင်းညွန့်**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၄၇၆၀၅၁၀**

**ထုတ်ဝေတိုက် – Yangon Publishing House**

အကြောင်းအမျိုးမျိုးကြောင့် အချိန် ၂ နှစ်လောက်ကြာပြီးမှ ဒီစာအုပ်ကို ပဌမအကြိမ်မြောက် ထုတ်ဝေခွင့်ရခဲ့တာပါလို့ ထုတ်ဝေသူက အမှာစာမှာ ဆိုထားပါတယ်။ ဒီကနေ့ လူနေမှုပုံစံအရ အနီးဝန်းကျင်က အိမ်ထောင်ရေးပြဿနာ၊ လူမှုရေးပြဿနာမျိုးစုံကို ကြားသိနေရတာမို့ ဒီစာအုပ်ဟာ အခုလိုအချိန်အတွက် အသင့်တော်ဆုံးဖြစ်နိုင်မှာပါလို့လည်း ရှေ့ဆုံးစာမျက်နှာ ဖော်ပြထားပါတယ်။ 'ယောက်ျားမဖတ်ရ' ဆိုတဲ့ စာအုပ်ခေါင်းစဉ်ကိုက စာဖတ်သူတွေကို ဆွဲဆောင်နိုင်ပါလိမ့်မယ်။ 'မိန်းမဟူသည် ယောက်ျားတို့ ထင်မြင်ပြောဆိုနေကြသကဲ့သို့ တကယ်အောက်ကျနောက်ကျ




သေးသိမ် မှေးမှိန်သူတွေမဟုတ်ကြဘဲ မိမိကိုယ်မိမိ ထင်တစ်လုံးဖြင့် မော်ကြွားနေကြသောယောက်ျားတို့ကို မွေချင်တိုင်းမွေ၊ နှောက်ချင်တိုင်းနှောက် ကသောက်ကရောက်ဖြစ်အောင် စွမ်းဆောင်နိုင်ကြသည့် သတ္တိအင်အားများရှိကြောင်းကို ဖော်ထုတ်ပြသခြင်း ဖြစ်ပါသည်။' လို့ စာရေးသူ မင်းညွန့်က ဆိုထားပါတယ်။ ဒီစာအုပ်မှာ အကြောင်းအရာအလိုက် ခေါင်းစဉ်ခွဲတွေကို မာတိကာသီးသန့်နဲ့ ဖော်ပြပေးထားတဲ့ ပုံစံမဟုတ်ဘဲ ရေးရင်းနဲ့မှ ခေါင်းစဉ်ခွဲလေးတွေတပ်ပြီး ရေးသွားတဲ့ပုံစံပါ။ တချို့ခေါင်းစဉ်လေးတွေရဲ့အောက်မှာတော့ စာရေးသူကြုံဖူးကြားဖူးတဲ့ အဖြစ်အပျက်လေးတွေကို ထည့်ရေးထားပါတယ်။ အမှားလုပ်တဲ့အမျိုးသမီးကို အကြိမ်ကြိမ်ပြန်ပေါင်းတဲ့ အမျိုးသား၊ ယောက်ျားတွေက လွှမ်းမိုးပြုပြင်ပေးနိုင်တယ်ဆိုပေမယ့် မတရားမှုတွေကိုပြုလုပ်ကြစည်ဖို့ မတိုက်တွန်းအပ်တဲ့ အကြောင်း စတာလေးတွေကို ဖြစ်လေ့ရှိတဲ့ ဖြစ်တတ်တဲ့အကြောင်းအရာ စာရေးသူရဲ့ တကယ့်ရည်ရွယ်ချက် စတာတွေနဲ့ ပေါင်းစပ်ပြီး ရေးသားထားပါတယ်။ အိမ်ထောင်သည်အမျိုးသမီးတွေအတွက် မိမိရဲ့အမျိုးသားစွန့်ခွာမသွားစေမယ့် 'ဆေးကောင်းတစ်

www.foreverspace.com.mm

လက်' ဆိုတဲ့ခေါင်းစဉ်အောက်မှာ အိမ်ထောင်ရှင်အမျိုးသမီးတွေ အမြဲတစေ ပြုမူတွေးတောသင့်တဲ့ အတွေးအမြင်၊ အကျင့်အကြံ ၁၂ ချက်ကို ဖော်ပြပေးထားတယ်။ အဖိုနဲ့အမ၊ လက်နက်ရှင်၊ ကြီးမားသောခွန်အား၊ အမျိုးသမီးများသို့၊ သဘာဝ၏စေ့ဆော်မှု၊ နာမည်ဆိုး၊ ရည်စားပျက်မို့၊ အချက်ကြီး ၁၀ ပါး စတဲ့ ခေါင်းစဉ်ခွဲပေါင်း တော်တော်များများ ပါဝင်ပါတယ်။ စာအုပ်ပါအချက်အလက်တွေ၊ အကြောင်းအရာတွေကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ကျင့်သုံးသည်ဖြစ်စေ၊ မကျင့်သုံးသည်ဖြစ်စေ ဖတ်ရှုထားသင့်တဲ့ စာအုပ်တစ်အုပ်ပါ။

## 100 ESSAYS and LETTERS

**ဦးဇော်ခက်၊ ဦးပေါ်ဦး**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၆၁၈၀၆၁၀**

**ထုတ်ဝေတိုက် – သရဖူစာပေ**

**တန်ဖိုး – ၂၅၀၀**

အင်္ဂလိပ်စာနဲ့ရေးထားတဲ့ စာစီစာကုံး (ESSAY) နဲ့ ပေးစာ (LETTER) ပေါင်း ပုဒ်ရေ ၁၀၀ ပါဝင်တဲ့ '100 ESSAYS and LETTERS 'ဆိုတဲ့ စာအုပ်ပါ။




အင်္ဂလိပ်စာဆရာတွေဖြစ်တဲ့ ဦးဇော်ခက်နဲ့ ဦးပေါ်ဦးတို့က ရေးသားပြုစုထားတာပါ။ တက္ကသိုလ်ဝင်တန်းနဲ့ အထက်တန်း ကျောင်းသား၊ ကျောင်းသူတွေကို ကိုယ်တိုင် ရေးတတ်စေလိုတာကြောင့် ဒီစာအုပ်ကို ပြုစုရခြင်းဖြစ်တယ်လို့ ဒီစာအုပ်ပြုစုသူတွေက အမှာမှာ ဆိုထားပါတယ်။ ကိုယ်တိုင်မရေးနိုင်တဲ့သူတွေအတွက် ကျက်စရာ၊ ကိုယ်တိုင်ရေးနိုင်သူတွေအတွက် ဖတ်စရာမှတ်စရာ၊ ပညာရှင်တွေအတွက် အကြံပြုစရာပါလို့ စာအုပ်ရဲ့ရှေ့ဆုံးမှာ ဖော်ပြထားပါတယ်။ ESSAYS ပေါင်းအပုဒ် ၅၀ ပါဝင်ပြီး ESSAY တိုင်းရဲ့အောက်ခြေမှာ Glossary တွေကိုလည်း ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။

THE HISTORY OF THE CALENDAR၊ HOW I COOK A POT OF RICE၊ AN UNUSUAL DREAM၊ MY GREATEST WISH၊ A PERSON I DISLIKE MOST စတဲ့ ထူးခြားတဲ့ ခေါင်းစဉ်တွေ ပါဝင်ပါတယ်။ LETTER ကဏ္ဍမှာဆိုလည်း LETTER FORMAT တွေဖြစ်တဲ့ Heading၊ Greeting၊ Message၊ Ending၊ Wishing၊ Conclusion စတာတွေကို ဘယ်လိုရေးရမယ်၊ ဘယ်လိုရေးသင့်တယ် စသလို အသေးစိတ်ဖော်ပြပေးထားတယ်။ ဒါ့အပြင် Ending ပိုင်းဆို ဘယ်အခြေအနေမှာ ဘယ်လိုစာကြောင်းရေးရမယ်၊ Conclusion မှာဆို အဘိုး၊ အဘွား၊ မိဘ၊ သူငယ်ချင်း၊ ဆရာ စတဲ့ ကိုယ်ရေးလိုတဲ့သူအလိုက် အသုံးအနှုန်းအမျိုးမျိုးကို ထည့်သွင်းရေးပြထားပါတယ်။

Write a letter your friend, asking her plans about the coming holidays, Write to your grandfather, asking him to buy you a computer, explaining Why you want one စတဲ့ Letter ပေါင်း ၅၀ ပါဝင်ပြီး ဒီ Letter တိုင်းရဲ့ အောက်ခြေမှာလည်း Glossary တွေ ဖော်ပြပေးထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းသား၊ ကျောင်းသူတွေအတွက် အသုံးတည့်နိုင်မယ့် အထောက်အကူပြု ပညာရေးဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်တယ်လို့ ဆိုရမှာပါ။

## လေတိုက်လို့ ကြွေလိုက်တာလားနှင့် အခြားမဂ္ဂဇင်းဝတ္ထုတိုများ

**တင်မောင်ထက် (ကွမ်းခြံကုန်း)**

**စာမူခွင့်ပြုချက်အမှတ်– ၅၀၀၅၅၈၀၅၁၀**

**ထုတ်ဝေတိုက် – စာသူကြီး**

**တန်ဖိုး – ၁၅၀၀**

အမျိုးသားစာပေတစ်သက်တာဆုရှင်နှင့် အမျိုးသားစာပေဆုရ ဆင်ဖြူကျွန်းအောင်သိန်းက စာရေးသူ တင်မောင်ထက် (ကွမ်းခြံကုန်း) ကို သက်တမ်းရင့် ကဗျာဆရာလို့ခေါင်းတပ်ပြီး အမှာရေးပေးထားပါတယ်။ ဆရာက အခုလို ခပ်ရှင်းရှင်းဆိုထားပါတယ်။ 'ယခုဖော်ပြထားသော စာမူ ၁၄ ပုဒ်အနက်အချို့သည် အယ်ဒီတာ့စားပွဲကို ဖြတ်သန်းခဲ့ရ၏။ အချို့သည် အယ်ဒီတာ့စားပွဲသို့ မရောက်ခဲ့ပေ။ ထိုစာမူများကို ဖတ်ရှုရသောအခါ စိတ်အခန့်မသင့်သည်များရှိသည့်နည်းတူ ဥပက္ခာစိတ်ဖြင့် စိတ်



www.foreverspace.com.mm

အခန့်သင့်သည်များရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။' ကဗျာအရေးများပြီး စာရေးသက် နှစ်ပေါင်း ၄၀ ကျော်တာမို့ ကဗျာဆရာတွေ စကားပြေရေးတဲ့အခါ သူတို့ရဲ့စကားပြေဟာ နုနယ်သိမ်မွေ့နေတတ်သလို အကြောင်းအရာကလည်း ကဗျာနယ်နက်နဲ့နေတတ်ပါတယ်လို့လည်း ဆင်ဖြူကျွန်း အောင်သိန်းက ဆိုထားပါတယ်။

၁၉၆၇ လောက်ကတည်းက စာပေနယ်ဝင်ရောက်ခဲ့တဲ့ စာရေးသူအနေနဲ့ သူကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ ခေတ်စနစ်နဲ့ လူမှုရေး၊ စီးပွားရေး စသလို ထိတွေ့ခံစားရတဲ့ အဖြစ်အပျက်တွေအပေါ်မှာ ရေးဖွဲ့ခဲ့တာဖြစ်တယ်လို့ စကားဦးမှာဆိုထားတယ်။ ကွမ်းခြံကုန်းမှာနေထိုင်သူဖြစ်တာကြောင့် နာဂစ်မုန်တိုင်းအလိုအရ စာအုပ်စာစောင်တွေပါသွားလို့ ဝတ္ထုတိုတွေရဲ့အောက်ခြေမှာ ရက်၊ လ၊ နှစ်တွေ မဖော်ပြပေးတာကိုလည်း မေတ္တာရပ်ခံထားတာ တွေ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရသကြိုက်သူတွေ၊ ဝတ္ထုတိုကြိုက်သူတွေအတွက် အသုံးတည့်မယ့် စာအုပ်ပါ။

ရုပ်ရှင်မျက်မှန်၊ ချယ်ရီ၊ စန္ဒာ၊ ပြစ်မှု စတဲ့မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့ဖူးတဲ့ဝတ္ထုတိုတွေပါဝင်ပါတယ်။ လေတိုက်လို့ ကြွေလိုက်တာလား၊ ချစ်လွန်းတော့ နစ်မွန်းတယ်၊ သူရဲကောင်းခလေ့၊ ဂျင်ပေါက်ထုံး၊ ထိုအရာ၊ ရွှေအိုး၊ ကျွန် စတဲ့ဝတ္ထုတိုပေါင်း ၁၄ ပုဒ် ပါဝင်တယ်။ ကျွန်ဆိုတဲ့ဝတ္ထုတိုမှာ အခုလို အရေးအသားမျိုး တွေ့ရလိမ့်မယ်။

'. . . ကျွန်တစ်ဖက်ကို ပြန်မအုပ်မီ ညစ်ထေးထေးဘော်လီဝါကျုန်ကျုန် ငတိုးက အတင်းဆွဲလှန်လျက် . . . မစန်းဝင်း ဒါကိုမကြည့်အား၊ ပါးစပ်ဟစိဟစိဖြစ်လျက် ယိမ်းထိုးအောင်မောနေသည့်ဝင်းနိုင်နားသို့ ကပ်လိုက်သည်။ . . .'

■




## ထင်ရှားကျော်ကြားသော ရှေးခေတ်နိမိတ်တဘောင်ဖြစ်ရပ်များ

**စကြာလုလင်**

**စာမူခွင့်ပြုချက်အမှတ် –၄၀၀၃၃၃၀၃၁၀**
**ထုတ်ဝေတိုက် – Yangon Publishing House**

စာရေးသူကိုယ်တိုင် ငှားသင့်တဲ့စာအုပ်တွေငှား၊ တက္ကသိုလ်စာကြည့်တိုက်တွေကိုလည်း သွားရောက်ရှာဖွေကြိုးစားအားထုတ်ပြီး ဒီဗဟုသုတရဖွယ် ရှေးနှစ်ပေါင်းများစွာကအကြောင်းအရာတွေကို စုဆောင်းရေးသားထားတာမို့ အမှားအယွင်းနဲ့ လိုအပ်တာမှန်သမျှဟာ စာရေးသူအပေါ်မှာပဲ တာဝန်ရှိပါတယ်လို့ စာရေးသူ စကြာလုလင်က သူ့ရဲ့အမှာမှာ ဖော်ပြထားပါတယ်။ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ စတာတွေရဲ့အနက်အဓိပ္ပာယ်တွေကို ဖော်ပြထားတာမို့ ဒီလိုစကားတွေကို ကြားရုံသိရုံလောက်သာရှိသူတွေအတွက်လည်း အသေအချာ သိရှိသွားနိုင်ပါလိမ့်မယ်။ 'လောင်ဘက်၊ ပျက်ဘက်၊ စကြဝဠာ ကုဋေတစ်သိန်းတွင် ဘုရားတကာတို့ မာန်ငါးပါးကို အောင်မြင်ရာ အပရာဇိတပလ္လင်ရာ၊ မဟာဗောဓိမဏ္ဍိုင်မြေ၌ ဘုရားပွင့်မည့်ကမ္ဘာဖြစ်လျှင် ပရိက္ခရာမပါသောကြာပွင့်နှင့် ကြာပင်ရောက်သည်။ ထိုကြာပင်၊ ကြာပွင့်တို့ကို ကြည့်ရှု၍ ဘုရားပွင့်မည်၊ မပွင့်မည်ကို ဗြဟ္မာကြီးလေးဦးတို့ နိမိတ်ယူကြသည်' ဆိုပြီး ကျမ်းဂန်တွေကို ကိုးကားလို့ မောင်းထောင်သာသနပိုင်ဆရာကြီးက နေမိတ္တ က ဝိဇ္ဇာကျမ်းရေးသားရာမှာ ဖော်ပြခဲ့ဖူးတယ်လို့လည်း စကြာလုလင်က ဆိုပါတယ်။ ဒီစာအုပ်မှာ ထင်ရှားကျော်ကြားသူတွေရဲ့ နိမိတ်တဘောင်တွေ၊ ထင်ရှားကျော်ကြားခဲ့တဲ့ နိမိတ်တဘောင်တွေကို စုစည်းထားတာပါ။ ခေတ်နဲ့အမီလိုက်နေပေမယ့် အတိတ်၊ နိမိတ်ကို မပစ်ပယ်လိုသူတွေ၊ ရိုးရာတွေ၊ ယုံကြည်မှုတွေကို လေ့လာလိုသူတွေအတွက် ဒီစာအုပ်က ထောက်ကူပါလိမ့်မယ်။ 'နိမိတ်နဲ့ ခရီးထွက်မယ်ဆိုရင်' ဆိုတဲ့အခန်းမှာ လုပ်ငန်းအတွက် ခရီး၊ ငွေရဖို့တောင်းဖို့ခရီး၊ မိသားစုဝင်တစ်ဦး သေကောင်ပေါင်းလဲဖြစ်လို့ သွားမယ့်ခရီး၊ အလုပ်၊ ပညာရေးစာမေးပွဲခရီး၊ အကြံအစည်တစ်ခုခုပြောစရာရှိလို့ သွားမယ့်ခရီးတွေအတွက် မကောင်းတဲ့နိမိတ် ၆၃ ခု၊ ကောင်းတဲ့နိမိတ် ၄၅ ခုကို ဖော်ပြထားပါတယ်။ ဘယ်ကနေရယူဖော်ပြထားတယ်ဆိုတဲ့ အထောက်အထားကိုလည်း အောက်မှာ ထည့်သွင်းထားတယ်။ ရည်ရွယ်ချက်မရှိဘဲ သွားလာနေတာမျိုးအတွက် ဘယ်လိုအတိတ်နိမိတ်ပဲတွေ့တွေ့ အကြောင်းမဟုတ် အရေးမပါဘူးလို့ဆိုတဲ့အပြင် ယုံကြည်ကိုးစားသူတွေအတွက် ရည်ညွှန်းပေးတာလို့လည်း ဆိုထားပါတယ်။ ဘဘအေဝမ်းဦးတင်မောင်ယုံကြည်ခဲ့သော အတိတ်နိမိတ်၊ အိပ်မက်နိမိတ်ကို ယုံကြည်သူ သမ္မတလင်ကွန်း၊ အင်းဝခေတ် သတိုးမင်းဖျားအမြင်နိမိတ်၊ တဘောင်တွေဖြစ်တဲ့ သေသူကို ရှင်သူတို့ တရလိမ့်၊ ငတ်ကိန်းမကြုံနိုင်ပါ စတဲ့ အတိတ်နိမိတ်တဘောင်နဲ့ပတ်သက်တဲ့အကြောင်းအရာပေါင်း ၅၀ ဝန်းကျင်ပါဝင်တယ်။

www.foreverspace.com.mm



# စာအုပ်လမ်းညွှန်
Editor's Choice

## ကုလသမဂ္ဂပေါ်မှ အမြင်

**ဦးသန့်ရေး၍**

**ရဲတင့်ဘာသာပြန်သည်**

မြန်မာနိုင်ငံသားတစ်ဦးအနေနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ အရေးအရာကိစ္စများစွာကို ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် လူသားလူ့အခွင့်အရေးတို့အတွက် သမာသမတ်ရှိရှိ ဖြေရှင်းဆုံးဖြတ်ပေးရသော ကုလသမဂ္ဂကဲ့သို့အဖွဲ့ကြီး၏ ဦးသျှောင် အထွေထွေအတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သူ ဦးသန့်ကိုယ်တိုင် ရေးသားမှတ်တမ်းပြုထားခဲ့သည့် View From the UN ဟူသောစာအုပ်ကို ရဲတင့်က တိုက်ရိုက်ဘာသာပြန်ဆိုထားသောစာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် အပိုင်းခုနစ်ပိုင်းကို အခန်း ၂၀ ခွဲခြား၍ နောက်ဆက်တွဲ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ကြေညာချက်များ အပါအဝင် စုစုပေါင်းစာမျက်နှာ ၅၇၃ မျက်နှာ ပါဝင်သည်။

ကုန်ခဲ့သည့် ငါးနှစ်ကျော်ခန့်ကဆိုလျှင် မြန်မာစာဖတ်ပရိသတ်များ မြင်တွေ့ဖတ်ရှုဖို့မလွယ်သည့် ဤစာအုပ်မျိုး ထွက်ရှိလာရန်ကြိုးစားအားထုတ်ထားသည့် စီစဉ်သူနှင့် ဦးသန့်၏အာဘော်အတိုင်း မတိမ်းမစောင်းစေရန် တတ်နိုင်သမျှ အထူးအလေးထားပြန်ဆိုပေးသူတို့၏ စေတနာကို ဖွေဆော်ဦး ဂုဏ်ပြုချီးကျူးရမည်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် ဦးသန့် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၀ နှစ်တာကာလတွင်သာမဟုတ် သူအတွင်းရေးမှူးချုပ်မလုပ်ခင်ကာလများမှသည် ယနေ့ကာလထိတိုင် မရေမတွက်နိုင်သောပြဿနာများ ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည်။ ကုလသမဂ္ဂအဖွဲ့ကြီးတည်ထောင်ထားသည့် ရည်ရွယ်ချက်မှာလည်း ကမ္ဘာသူကမ္ဘာသားအားလုံး ငြိမ်းချမ်းသာယာရေး၊ တန်းတူညီမျှမှုရှိရေး၊ လူသားတန်ဖိုးနှင့် လူသားဝါဒအပေါ် တန်ဖိုးထား လေးစားရေးတို့အပေါ် အခြေခံထားသည်ဖြစ်ရာ ဦးသန့်သည် ထိုအဖွဲ့ကြီးတွင် တာဝန်အကြီးဆုံးပုဂ္ဂိုလ်တစ်ယောက်အနေနှင့် ပြဿနာများကို ငြိမ်းချမ်းစွာပြေလည်သွားစေရေးအတွက် မည်သို့လက်တွေ့ကျကျ ကိုင်တွယ်စေ့စပ်ဖြေရှင်းခဲ့



www.foreverspace.com.mm

သည်များကို မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်သည်။

ထိုအတွက် နေ့ထိတိုင် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်စွဲစာအုပ်သဖွယ် အားကိုးအားထားပြုနေရဆဲဖြစ်သည့်အပြင် နိုင်ငံများစွာတို့ရှိ ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးရာပြဿနာအခက်အခဲများ ရင်ဆိုင်ဖြေရှင်းရာတွင်လည်း ကြီးစွာအထောက်အကူပြုနိုင်သည့်စာအုပ်လည်းဖြစ်သည်။ ဦးသန့်၏စာအုပ်သည် သူတာဝန်ထမ်းဆောင်စဉ်ကြုံတွေ့ခဲ့ရသည့် နာမည်ကျော် ကွန်ဂိုပြည်တွင်းစစ်၊ ကျူးဘားဒုံးပျံ အကျပ်အတည်း၊ အစ္စရေး–အာရပ် ခြောက်ရက်စစ်ပွဲ၊ ဗီယက်နမ်ငြိမ်းချမ်းရေး၊ ဒိုမီနီကန်အရေးအခင်း၊ ချက်ကိုဆလိုဗက်ကီးယားအရေး၊ အိန္ဒိယ–ပါကစ္စတန်စစ်ပွဲမှသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသစ်ပေါ်ထွန်းလာခြင်း စသောအရေးကိစ္စများအပေါ် သူမှတ်တမ်းပြုရာတွင် မြန်မာနိုင်ငံသားတစ်ဦးအမြင်၊ အာရှတိုက်သားတစ်ဦးအမြင်၊ လူသားတစ်ဦးအမြင်တို့ဖြင့် ရှုမြင်သုံးသပ်ရုံသာမက သူ၏နက်ရှိုင်းသော ဘာသာရေးအမြင်နှင့် သူတာဝန်ထမ်းဆောင်စဉ်ကရရှိခဲ့သော တစ်မူထူးခြားသည့်အတွေ့အကြုံများကိုလည်း အခြေခံရေးသားထားသည်ဟု ဆိုထားသည်။ ထို့အပြင် အောက်ပါဝန်ခံချက်မှာလည်း ယနေ့မျက်မှောက်ကာလအခက်အခဲ အကျပ်အတည်းပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရသူများ သင်ခန်းစာယူသင့်လှသည်။

*. . . သို့ဖြစ်ရာ ယေဘုယျလက်ခံထားကြသော မူဝါဒများမှာ ယနေ့ခေတ်ကာလအခြေအနေနှင့် လုံးဝမဆီလျော်တော့ပါ။ ထိုဝါဒများသည် နိုင်ငံများအားဘေးဒုက္ခအကြီးအကျယ် မရောက်စေသော်လည်း သမိုင်းကြောင်းအလျင်ကို မီအောင်လိုက်နိုင်စွမ်းမရှိခဲ့ပါ။ သို့အတွက် ဆက်လက်ဖော်ပြမည့်အခန်းများ (ကျူးဘားအကျပ်အတည်း၊ ဒိုမီနီကန်သမ္မတနိုင်ငံ အကျပ်အတည်း၊ ချက်ကိုဆလိုဗက်ကီးယားအား ဝင်ရောက်သိမ်းပိုက်ခြင်း၊ အရှေ့အလယ်ပိုင်းဒေသအငြင်းပွားမှု) ကို နိုင်ငံတကာနိုင်ငံရေးသမားတစ်ဦး၏ရှုထောင့်မှ လေ့လာသုံးသပ်တင်ပြထားပါသည်။ အမျိုးသားနိုင်ငံရေးသမားအမြင်ဖြင့် ဖော်ပြထားခြင်းမဟုတ်ပါ။ ဤသို့တင်ပြခြင်းအားဖြင့် မိမိသာမှန်သည်ဟူသော တစ်ဖက်သတ်အမြင်ထက် အဖြစ်မှန်နှင့် ပိုမိုနီးစပ်ဖွယ်ရာရှိပါသည်။* (စာ–၅)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်များအနက် ဦးသန့်၏ ထူးခြားချက်မှာ သူ့အရင် အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဒက်ဟမားရှိုး တာဝန်ထမ်းဆောင်စဉ် ရုတ်တရက် ကွယ်လွန်သွားခဲ့ခြင်းကြောင့် သူ့နေရာတွင် ယာယီအထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အများဆန္ဒဖြင့် ဝင်ရောက်ထမ်းဆောင်ရင်း အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် နိုင်ငံများစွာတို့၏ ကုလသမဂ္ဂကိုယ်စားလှယ်သံတမန်များက တစ်ခဲနက် တရားဝင်ထောက်ခံ ရွေးချယ်ခန့်အပ်ခံရခြင်းဖြစ်သည်။ နောက်ထပ်ထူးခြားချက်မှာ ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အကြား ကျူးဘားဒုံးပျံကိစ္စတင်းမာမှုကြောင့် အဏုမြူစစ်ပွဲကြီးဖြစ်ပွားမည့်အရေးမှ ကယ်တင်နိုင်လိုက်ခြင်းဖြစ်သည်။ ထပ်မံ၍ ထူးခြားချက်နောက်တစ်ခုကို ဖော်ပြရမည်ဆိုလျှင် အာရှတိုက်၏ မထင်မရှားနိုင်ငံငယ်ကလေးတစ်ခုမှ သံတမန်တစ်ဦးအနေနှင့်လည်းကောင်း၊ ဗုဒ္ဓအဆုံးအမကိုယုံကြည်သက်ဝင်သူ၊ ဗုဒ္ဓအလိုကျ ဝိပဿနာဘာဝနာအလုပ်ကို လက်တွေ့ကျကျပွားများအားထုတ်သူ၊ ဗုဒ္ဓအလိုကျအတိုင်း လူသားအားလုံးအပေါ် ငြိမ်းငြိမ်းချမ်းချမ်း မခွဲမခြား ရှုမြင်သုံးသပ် အကျိုးဆောင်ပေးခဲ့သူ မြန်မာလူမျိုးတစ်ဦး ဖြစ်နေခြင်းပင်။ ဤအချက်က ဤမြန်မာဘာသာပြန်စာအုပ်ကို ဖတ်ညွှန်းရေးစေရန် အဓိကတွန်းအားပေးသည့်အကြောင်းအရာလည်း ဖြစ်သည်။ အတိတ်နှင့် မျက်မှောက်နိုင်ငံတကာရေးရာများကို စိတ်ဝင်စားသူများအတွက် အကျိုးရှိစေရုံသာမက မျက်မှောက်မြန်မာ့နိုင်ရေးအခြေအနေကိုလည်း ဤစာအုပ်ပါ ဦးသန့်၏ကမ္ဘာ့အရေးအရာများ ကိုင်တွယ်ဖြေရှင်းခဲ့သည်များမှ နည်းနာယူ၊ သင်ခန်းစာယူ၊ အတုယူနိုင်ကြလျှင် မြန်မာနိုင်ငံသားအားလုံးအတွက်၊ နိုင်ငံတစ်ခုလုံးအတွက် များစွာအကျိုးရှိမည် ဖြစ်သည်။

စင်စစ်အားဖြင့် ဉာဏ်ပညာ အမြော်အမြင် အင်မတန်ကြီးမားလှသော ဦးသန့်သည် ယခုမှတ်တမ်းစာအုပ်ကိုလည်း သူတာဝန်ပြီးဆုံးသွားသောကုလသမဂ္ဂအဖွဲ့ကြီး မယိမ်းမယိုင် တည့်မတ်စွာ တည်တံ့ခိုင်မြဲရေး၊ ကမ္ဘာ့ပြဿနာများစွာကို ဂုဏ်သိက္ခာရှိရှိ၊ ဖြောင့်မတ်မှန်ကန်စွာ ဖြေရှင်းနိုင်စေရေး၊ အထွေထွေအတွင်းရေးမှူးချုပ်မှသည် ကုလသမဂ္ဂဝန်ထမ်းအားလုံးအပေါ် ပြဿနာဖြစ်ပွားရာနိုင်ငံတို့မှ အစိုးရများနှင့် ပြည်သူများသာမက ထိုပြဿနာကို စောင့်ကြည့်နေသော ကမ္ဘာ့ပြည်သူတစ်ရပ်လုံးတို့၏ အမြင်တွင် ယုံကြည်ကိုးစားထိုက်သူများ၊ လေးစားအပ်သူများဖြစ်စေရေး၊ ပြဿနာအခက်အခဲတို့အပေါ် ကမ္ဘာ့စာနယ်ဇင်းများ ဖြောင့်မတ်မှန်ကန်စွာ ရပ်တည်ရေးသားထုတ်လွှင့်စေရေး၊ လူသိရှင်ကြား စေ့စပ်ညှိနှိုင်းမှုတို့အပြင် ပုဂ္ဂိုလ်ရေးအရ လျှို့ဝှက်စွာတွေ့ဆုံညှိနှိုင်းရေးမှာလည်း အချို့ပြဿနာများအတွက် အရေးကြီးကြောင်း နောင်လာနောက်သား ကုလသမဂ္ဂဝန်ထမ်းများ သိရှိနားလည်စေရေးတို့ကို ရည်ရွယ်ရေးရှုလျက် ယခုကဲ့သို့ မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်ဟန်တူသည်။ သူ့အမှာစာမှ စာပိုဒ် အချို့ဖတ်ကြည့်လျှင် ထိုအချက် ပေါ်လွင်နေသည်။

ဤစာအုပ်၏ နောက်ဆုံးအခန်း 'ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများ' သည်ကား စင်စစ်အားဖြင့် လူသားဝါဒ လက်ကိုင်ပြုထားသူ ကမ္ဘာ့ဂြိုဟ်သားတစ်ဦးအဖြစ် ခံယူ

www.foreverspace.com.mm



လျက် ကမ္ဘာ့နိုင်ငံအသီးသီးမှ လူသားအားလုံးအကြား ငြိမ်းချမ်းရေး၊ ဆင်းရဲချမ်းသာကွာဟမှုနည်းပါးစေရေး၊ လူမှုဘဝများတိုးတက်မြင့်မားရေးမှသည် ကမ္ဘာသူကမ္ဘာသားအချင်းချင်း အပြန်အလှန်အမှီသဟဲပြုရေး၊ ငြိမ်းချမ်းသာယာသော အနာဂတ်လူ့အဖွဲ့အစည်းကြီးတည်ဆောက်ရေးတို့အတွက် အကြံပြုလမ်းညွှန်ချက်များပင်ဖြစ်သည်။ ထိုအချက်ကို စာအုပ်ဘာသာပြန်တွင် အနည်းငယ် ဖြုတ်ပယ်ထားခြင်းခံရဟန်ရှိ၍ စာတစ်ကြောင်းနှင့်တစ်ကြောင်းအကြား အတန်ငယ် ထောင့်နေလင့်ကစား ကျန်ရှိသလောက်ပင်လျှင် များစွာတန်ဖိုးရှိလှသည်ကို အောက်ပါစာပိုဒ်အချို့ ဖတ်ကြည့်ရုံမျှဖြင့် သိသာထင်ရှားလှစေသည်။

*ဂြိုဟ်ကမ္ဘာတစ်ခုလုံးနှင့် သက်ဆိုင်သော အဆင့်မြင့် အတွေးအမြင်သစ်ပေါ်ထွန်းရေးသည် လူသားတစ်ရပ်လုံးဆက်လက်ရှင်သန်ရေးအတွက် တန်ဖိုးဖြစ်သည်။ ထိုအတွေးအမြင်သစ်ကို ကျွန်တော်တို့အားလုံး တောင်းဆိုကြပါသည်။ . . .*

*. . . ကျွန်တော်သည် နိုင်ငံတကာလူမျိုးတစ်မျိုးတည်း ပေါင်းစည်းရေးအယူအဆကို တင်ပြနေခြင်းမဟုတ်ပါ။ ကျွန်တော်သည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားလေးစားသူဖြစ်ပါသည်။ မေတ္တာရပ်ခံချက်၊ ပန်ကြားချက်တစ်ရပ်ကို တင်ပြခြင်းဖြစ်ပါသည်။ ဤဆယ်နှစ်တာကာလအတွင်း လူသားတို့၏ အခြေအနေအရပ်ရပ်ကို တစ်မူထူးခြားသည့် ရှုထောင့်မှနေ၍ လေ့လာတွေ့ရှိချက်များအပေါ်တွင် အခြေပြုထားသော မေတ္တာရပ်ခံ၊ ပန်ကြားချက် ဖြစ်ပါသည်။*

*အရေးတော်နှစ်ရပ်ကို တစ်ချိန်တည်း သစ္စာခံ၍ထမ်းဆောင်ရန်ဖြစ်၏။ ကျွန်တော်တို့အားလုံး လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် ထမ်းဆောင်ရင်း မိမိတို့ဒေသလူမှုအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်အတွက်ပါ အကျိုးပြုထမ်းဆောင်ရန် ဖြစ်၏။ နှစ်ဆယ့်တစ်ရာစုခေတ်ကို မျက်မှောက်ပြုရသည့် တကယ့်ပညာအရည်အချင်းရှိပြီး စိတ်ကူးဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်တစ်ဦးသည် သူ့ကိုယ်သူ ဂြိုဟ်ကမ္ဘာနိုင်ငံသားဖြစ်ချင်လိမ့်မည်ဟုပင် ကျွန်တော် ယုံကြည်ပါသည်။*

ရောင်းဈေး ကျပ် ၇၀၀၀ ဆိုသည်မှာ ဦးသန့်၏ ကြီးမားကျယ်ပြောလှသော ဉာဏ်ပညာ၊ နက်နဲသိမ်မွေ့လှသည့် သံတမန်ပညာ၊ စူးရှထက်မြက်လှသော ရှုမြင်သုံးသပ်ချက်၊ လေးစားဂုဏ်ယူဖွယ် ငြိမ်းချမ်းရေးစွမ်းဆောင်ရည်နှင့် ကမ္ဘာ့လူသားအားလုံးအပေါ်ထားရှိသည့် စေတနာမေတ္တာထုထည်တို့နှင့်ယှဉ်လျှင် မပြောပလောက်သော ငွေကြေးသာ ဖြစ်သည်။ အထူးသဖြင့် မပြေလည်မှုပြဿနာများကို နှစ်ဖက်အကျိုး၊ နိုင်ငံသားများအကျိုး၊ နိုင်ငံတစ်ခုလုံးနှင့် လူ့အဖွဲ့အစည်းအကျိုးအလို့ငှာ ကြားမှ စေ့စပ်ဖျန်ဖြေညှိနှိုင်းပေးလိုသူများအနေနှင့် တစ်ဖက်ဘက်မှ ဘက်လိုက်နေသည်ဟု အစွပ်စွဲမခံရလောက်အောင်၊ ဘက်တစ်ဖက်အပေါ် အထင်အမြင်သေးစိတ်နှင့် အပေါ်စီးမှ မကြည့်မိလေအောင်၊ မိမိသာလျှင် အခြေအနေအရပ်ရပ်အပေါ် အားလုံးထက် ပိုနားလည်သူတစ်ဦးအသွင်ဆောင်မသွားလေအောင်၊ မိမိကဲ့သို့မမြင် မကြည့်တတ်သူများကို အထင်အမြင်သေးစိတ်အခြေခံဖြင့် မဆက်ဆံမိလေအောင် ဦးသန့်ကဲ့သို့ မည်သည့်ဘက်ကိုမှမလိုက်ဘဲ နှစ်ဖက်စလုံးကိုရင်ထဲနှလုံးသားထဲမှနေ၍ စာနာနားလည်ပေးပြီး နှစ်ဖက်စလုံးက လက်ခံနိုင်သော စေ့စပ်ဖျန်ဖြေညှိနှိုင်းမှု ဆောင်ကြဉ်းနိုင်ကြစေရန် ဤစာအုပ်မဖြစ်မနေ ဖတ်သင့်သည်ဟု ဆိုချင်သည်။




ထုတ်ဝေတိုက် – GENIUS
မျက်နှာဖုံးဒီဇိုင်း – ဇေယျာလင်း
ထုတ်ဝေသည့်နှစ် – ၂၀၁၀၊ ဩဂုတ်
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး – ၇၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၅၂၀၅၁၀

## မြန်မာဝတ္ထုတို (၂၀၀၉)

### စိတ်ကူးချိုချို စာအုပ်တိုက်၏စီစဉ်မှု

စာအုပ်ထုတ်ဝေရေးလုပ်ငန်းလုပ်ကိုင်တာ ဆယ့်တစ်နှစ်ပြည့်တဲ့ အထိမ်းအမှတ်အနေနဲ့ လစဉ်ထုတ်မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့ပြီး ဝတ္ထုတိုတွေကိုစုစည်းထုတ်ဝေထားတဲ့စာအုပ်ဖြစ်ပါတယ်။ အခုစာအုပ်နဲ့ပါဆိုရင် စိတ်ကူးချိုချိုစာအုပ်တိုက်က မဂ္ဂဇင်းဝတ္ထုတိုတွေ စုစည်းထုတ်တာ ဆယ့်တစ်အုပ်ရှိသွားပါပြီ။ ပန်းအလင်္ကာ၊ ရွှေအမြုတေ၊ ဖြူတီ၊ မဟေသီ၊ စတိုင်သစ်၊ ရန့်သစ်၊ ပေဖူးလွှာ၊ အလင်းသစ်၊ ကလျာ၊ စရဏ စတဲ့ မဂ္ဂဇင်းဆယ်စောင်မှာ ၂၀၀၉ ခုနှစ်အတွင်း ဖော်ပြခဲ့တဲ့ ဝတ္ထုတို စုစုပေါင်း ၄၅ ပုဒ် ပါဝင်ပါတယ်။

မြန်မာစာပေအဆင့်အတန်းမြင့်ဖို့ဆိုရင် အဆင့်အတန်းမြင့်တဲ့ မြန်မာဝတ္ထုတိုတွေအပေါ်မှာလည်း တစ်စိတ်တစ်ပိုင်းတာဝန်ရှိနေပါတယ်။ တကယ်တော့ ကုန်ခဲ့တဲ့နှစ်တွေထက်စာရင် ရသစာပေ တဖြည်းဖြည်းအားနည်းနည်းလာတယ်လို့ မြန်မာစာပေ

www.foreverspace.com.mm

ကို တစိုက်မတ်မတ် လေ့လာနေတဲ့ ရှေ့မီနောက်မီ မြန်မာစာမြတ်နိုးသူတွေက မှတ်ချက်ပြုကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မဖြစ်ဖြစ်တဲ့ကြားထဲက ရသစာပေ ရှင်သန်ဖွံ့ဖြိုးအောင် တစ်တပ်တစ်အား ကြိုးပမ်းနေတဲ့အထဲမှာ ရသအားပြုမဂ္ဂဇင်းတွေက ထိပ်ဆုံးက ပါနေပါတယ်။ ဒါပေမဲ့ မဂ္ဂဇင်းတွေဆိုတာ ဂျာနယ်ခေတ်မှာ ရေရှည်ရပ်တည်လို့ရအောင် အများကြိုက်ကဏ္ဍတွေ များများစားစားထည့်ပြီး ရသစာပေမြတ်နိုးသူတွေအတွက်လည်း ဖြည့်ဆည်းပေးနေရတော့ ဝတ္ထုတိုဖတ်တဲ့ပရိသတ်တောင် နည်းသထက်နည်းလာပါတယ်။ ဒီလိုအခြေအနေမှာ စိတ်ကူးချိုချိုစာအုပ်တိုက်က မဂ္ဂဇင်းဝတ္ထုတွေကို တစ်နှစ်တစ်ခါ စုစည်းပြီး ထုတ်ဝေပေးနေတဲ့အတွက် မြန်မာဝတ္ထုတိုတွေကို ရသစာပေမြတ်နိုးသူ၊ ဝတ္ထုတိုမြတ်နိုးသူ စာဖတ်ပရိသတ်တွေအဖို့ အင်မတန် တန်ဖိုးရှိလှပါတယ်။ ဒီအတွက်လည်း စိတ်ကူးချိုချိုစာအုပ်တိုက်ကို အထူးတလည် အသိအမှတ်ပြုထိုက်လှပါတယ်။ ဝတ္ထုတိုရေးတဲ့ စာရေးဆရာတွေအတွက်လည်း ကိုယ်ရေးထားတဲ့ဝတ္ထုလေးကို အခုလို တခုတ်တရရွေးပြီး တခြားဝတ္ထုတိုတွေနဲ့ စုစည်းထုတ်ဝေခွင့်ရတဲ့အတွက် မှတ်တိုင်တစ်ခုစိုက်ရသလို ပီတိပွားစေပါတယ်။

ဟိုအရင်ကတော့ မြဝတီမဂ္ဂဇင်းကနေ သူ့မဂ္ဂဇင်းမှာဖော်ပြခဲ့တဲ့ ဝတ္ထုတိုတွေကို တစ်နှစ်တစ်ခါစုစည်းပြီး ထုတ်ဝေခဲ့တာမျိုး ရှိပေမယ့် အခုနောက်ပိုင်း အဲလိုမျိုး မလုပ်နိုင်တော့ပါဘူး။ ဒီကြားထဲ စာချစ်သူတွေ စုစည်းပြီး သူတို့စိတ်ကြိုက် ဝတ္ထုတိုတချို့စုထုတ်တာလောက်ပဲ ရှိပါတယ်။ စိတ်ကူးချိုချိုကတော့ အခုနောက်ပိုင်း ဝတ္ထုတိုတွေတင်မကဘဲ ကောင်းနိုးသင့်ရာအက်ဆေးတွေစုထုတ်တာမျိုး၊ ဟိုအရင်က နာမည်ကျော်စာရေးဆရာကြီးတွေရဲ့ တကယ့်လက်ရာမွန်စာအုပ်ကောင်းတွေကို တစ်ဖန်ပြန်ထုတ်တာမျိုးတွေ အများကြီးလုပ်နေတာ ဖြစ်ပါတယ်။ စာပေလောကအတွက် အခုလို စာအုပ်ထုတ်ဝေရေးလုပ်ငန်းမျိုးရှိနေတာ အင်မတန်ဝမ်းမြောက်စရာ ဖြစ်ပါတယ်။

အခုစာအုပ်မှာလည်း မြန်မာဝတ္ထုတိုများဆိုတဲ့ နာမည်အတိုင်း မြန်မာလူမှုပတ်ဝန်းကျင်ကအဖြစ်အပျက်၊ ဇာတ်လမ်း၊ အကြောင်းအရာတွေကို သရုပ်ဖော်ရေးသားထားတဲ့ ဝတ္ထုတိုတွေဖြစ်ပါတယ်။ မြန်မာလူမှုဘဝရဲ့ ပကတိအခြေအနေမှန်ကို သိလိုသူတွေ၊ တကယ့်အခြေခံလူတန်းစားတွေ၊ ရာနှုန်းအများစုသော ရိုးသားတဲ့ တောသူတောင်သားတွေရဲ့ သနားစရာ၊ ရင်နင့်ကြေကွဲစရာ၊ စာနာနားလည်ပေးစရာ၊ သင်ခန်းစာယူ ဆင်ခြင်စရာတွေကို တစ်ထိုင်တည်းပေးနိုင်တဲ့ဝတ္ထုတိုလေးတွေဖြစ်တာမို့ ကိုယ်နေထိုင်တဲ့နိုင်ငံက ကိုယ့်နိုင်ငံသားတွေအကြောင်း သေသေချာချာ နားလည်ချင်သူတွေ ဖတ်သင့်လှပါတယ်။ ကတ်ထူဖုံး၊ မဂ္ဂဇင်းဆိုဒ်၊ နော်ဝေစက္ကူသုံးထားပြီး ရောင်းဈေး ကျပ်သုံးထောင်လို့ ပုံနှိပ်ဖော်ပြထားပါတယ်။ စာရေးဆရာတွေ အထူးအားထုတ်ရေးသားထားတဲ့ ဝတ္ထုတို ၄၅ ပုဒ်နဲ့ယှဉ်ရင် လက်မနှေးဘဲ ဝယ်သင့်တဲ့ပမာဏမျိုးပါ။

ထုတ်ဝေတိုက် – စိတ်ကူးချိုချို

မျက်နှာဖုံးဒီဇိုင်း – Aung Kyaw

ထုတ်ဝေသည့်နှစ် – ၂၀၁၀၊ ဩဂုတ်

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်

အုပ်ရေ – ၅၀၀


တန်ဖိုး – ၃၀၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၇၅၀၆၁၀

---

## ၂၁ ရာစု သားရွှေ

**ကျော်ဝင်း**




တစ်ကမ္ဘာလုံးရှိ ဆယ်ကျော်သက်လူငယ်များအတွက် အထူးတလည်ရည်ရွယ်၍ ရောင်းကိုဖေး Sean Covey ရေးသားထားသည့် The 7 Habits of Highly Effective Teens စာအုပ်ကို ကျော်ဝင်းက ဘာသာပြန်ဆိုထားပြီး ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသောစာအုပ် ဖြစ်သည်။ ဘာသာပြန်ထားသည်ဆိုသော်ငြား တိုက်ရိုက်ပြန်ဆိုခြင်းမဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သော အချို့အကြောင်းအရာများကို ချန်လှပ်ထားခဲ့ပြီး သင့်တင့်အပ်စပ်သော အကြောင်းအရာအချို့ကို ဖြည့်စွက်ထားခြင်းကြောင့် မူရင်းစာအုပ်၏ ၇၅ ရာခိုင်နှုန်းကိုမှီ၍ ဘာသာပြန်ထားသည်ဟု စာရေးသူကျော်ဝင်းက ပထမအကြိမ်ထုတ်ဝေသော အမှာစာနှင့် ဒုတိယအကြိမ်ထုတ်ဝေသော အမှာစာတို့တွင် ရေးထားသည်။

ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်ကပင် ပထမအကြိမ် ထုတ်ဝေထားသည့်အချိန်မှ ယနေ့ငါးနှစ်ကျော် ခြောက်နှစ်ခန့်ကြာသည့်အထိ တစ်ခဲနက်ဝယ်ယူအားပေးကြသော ဆယ်ကျော်သက်များနှင့် ဆယ်ကျော်သက်အရွယ်သားသမီးရှိသူမိဘများကြောင့် စာအုပ်ဆိုင်များတွင် မပြတ်တွေ့နေရသည့် စာအုပ်တစ်အုပ်လည်း ဖြစ်သည်။ ဤအချက်ကြောင့်ပင် ယခု ဒုတိယအကြိမ်ထုတ်ဝေ

www.foreverspace.com.mm



သောစာအုပ်အမှာစာတွင် ဒုတိယအကြိမ် ထုတ်ဝေရခြင်းအကြောင်းကို စာရေးသူက ယခုလို ရှင်းပြထားသည်။

*. . . တစ်ချိန်တည်းမှာပင် မအီမလည်ဖြစ်ရသည်များ၊ နာလိုခံခက်ဖြစ်ရသည်များနှင့် ကြုံခဲ့ရသည်များကိုလည်း ဝန်ခံလိုသည်။ စာအုပ်ဆိုင်ပိုင်ရှင်မိတ်ဆွေများ၏ပြောပြချက်အရ ဤစာအုပ်လေးမှာ ကျွန်တော်ရေးသားထုတ်ဝေပြီးသမျှထဲတွင် အရောင်းအသွက်ဆုံးစာအုပ်ဟု သိရသည်။ ကျွန်တော်ကိုယ်တိုင် စာအုပ်ဆိုင်များသို့ ရောက်သည့်အခါတိုင်းလည်း စာအုပ်လေးကို အစဉ်မပြတ်တွေ့နေရသည်။ ပထမအကြိမ်ထုတ်ဝေသော အုပ်ရေတစ်ထောင်မှာ ဘယ်တော့မှမကုန်တော့သော တစ်ထောင်ဖြစ်နေတော့သည်။ ထားတော့၊ ဤအကြောင်းများကိုပြောရလျှင် မီးခိုးမဆုံးမိုးမဆုံး ရှိခြိမ့်မည်။*

အပိုင်းငါးပိုင်းခွဲထားသည့်အနက် အပိုင်း (၁) အတွင်းတွင် အခန်း (၂) 'ဝိဘဇ္ဇအကျင့်' နှင့် နောက်ဆုံး နိဂုံးပိုင်းတို့ကို ဖြည့်စွက်ထားသည်ကို တွေ့ရသည်။ ဤစာအုပ်သည် သမားရိုးကျသီအိုရီများသုံး၍ ရေးသားထားသော တက်ကျမ်းမျိုးမဟုတ်ဘဲ စာရေးသူ ရှောင်ကိုဖေးကိုယ်တိုင်ငယ်စဉ်က သူကြုံတွေ့ခဲ့ရသည်များကို အခြေခံ၍ ထိရောက်ပြီး စွမ်းဆောင်ရည်မြင့်သူတစ်ဦးအဖြစ်ရောက်အောင် မိမိကိုယ်ကိုယ်လက်တွေ့မြှင့်တင်နိုင်ခဲ့သည်ကို မျှဝေပေးသည့်သဘောပါသည့်စာအုပ်လည်း ဖြစ်သည်။ စာအုပ်ပါလမ်းညွှန်ချက်များအတိုင်းသာ အမှန်တကယ် လိုက်နာကျင့်သုံးနိုင်ပါက အမှန်တကယ်တိုးတက်မြင့်မားသွားမည်မှာ သေချာလှသည်။ များစွာခက်ခဲပင်ပန်းကြီးစွာ လိုက်နာဆောင်ရွက်စရာများ မပါသည့်အတွက် ဤစာအုပ်ကို ဆယ်ကျော်သက်လူငယ်တိုင်း လက်မလွှတ်တမ်းဖတ်ရှုလိုက်နာသင့်လှသည်။ လူငယ်ဆယ်ကျော်သက်များသာမက နှစ်ဆယ်ကျော်သုံးဆယ်နားနီးနေသော်လည်း စိတ်ပိုင်းအရ အရွယ်မရောက်သေးသူ လူငယ်များရော၊ ထိုအရွယ်သားသမီးရှိသူ မိဘတိုင်းပါ ဖတ်ရှုသင့်ပေသည်။

အခန်း (၂) ထဲက 'ဝိဘဇ္ဇခေါင်းစဉ်ကြီးအောက်က 'ကန့်'ရဲ့မျက်မှန်နဲ့ 'ဝိဘဇ္ဇနည်း' ခေါင်းစဉ်ခွဲနှစ်ခုအောက်က အတွေးအယူများကို ယနေ့အရွယ်သုံးပါးစလုံး သေသေချာချာဖတ်ကြည့်ကြဖို့ လိုပေမည်။ အထူးသဖြင့် လူကြီးနှင့် လူငယ်အကြားဖြစ်ပေါ်နေသော နားလည်မှုအလွဲ၏ သော့ချက်ကို သိနိုင်သကဲ့သို့ သေချာသည်ထက်သေချာရန် ပိုင်နိုင်သည်ထက်ပိုင်နိုင်ရန် အားထုတ်ကြိုးပမ်းနေကြသူ၊ သေချာပိုင်နိုင်ပြီဟု မှတ်ထင်နေကြသူများအတွက် နှစ်ဆယ်ရာစု၏ အကျော်ကြားဆုံး ဒဿနဆရာကြီး ဘာ့ထရမ်ရပ်ဆဲလ် ဆိုဗီယက်ယူနီယမ်သို့ သွားရောက်ခဲ့အပြီး ဖော်ထုတ်တွေ့ရှိခဲ့သော 'သေချာခြင်းအန္တရာယ်' အတွေးကို နှလုံးမူကြည့်နိုင်ကြမည် ဖြစ်သည်။

*. . . အိုင်ဆက်နယူတန်က အခုလိုပြောခဲ့ဖူးပါတယ်။ 'မျိုးဆက်တစ်ခုဟာ သူ့အရင်မျိုးဆက်ရဲ့ ပခုံးပေါ် ကျကျနနတက်ကြည့်နိုင်တော့ ပိုဝေးဝေးမြင်ရတာပေါ့' တဲ့။*

*ဒီတော့ ကျွန်တော်တို့ကို ပခုံးနဲ့ ထမ်းတင်ထားကြတဲ့ သွားလေသူ မျိုးဆက်တွေကို 'ငတုံးကြီးတွေပါ' ဆိုပြီး အထင်မသေးသင့်သလို 'ဘယ်တော့မှ မမှားနိုင်တဲ့ ပုရောဟိတ်ကြီးတွေ'လို့ အကြွင်းမဲ့ နာခံဆည်းကပ်နေတာမျိုးလည်း မဖြစ်သင့်ဘူး ထင်ပါတယ်။ ကျွန်တော်တို့ဟာ ရှေးဆရာကြီးတွေရဲ့ အရိပ်အာဝါသမှာ ခိုလှုံပြီး သူတို့ရဲ့ ဘုန်းတော်ဘွဲ့တွေကို ရွတ်ဖတ်နေရုံနဲ့ တာဝန်မကျေပါဘူး။ သူတို့ပခုံးတွေပေါ်တက်ပြီး သူတို့ထက် ပိုဝေးဝေးကြည့်နိုင်မှသာ လူ့ဘဝတိုးတက်ရာတိုးတက်ကြောင်းအတွက် ဝတ္တရားကျေတဲ့ လူငယ်မျိုးဆက်တွေ ဖြစ်နိုင်ပါလိမ့်မယ်* (စာ-၂၈)

ဆိုသော အတွေးအယူသည် ဆယ်ကျော်သက်များသာမက ခေတ်မမီတော့သည့် အိုင်ဒီအိုလော်ဂျီတစ်ခုအောက်တွင် မိမိဘာသာပိတ်မိနေသော လူငယ်မျိုးဆက်များကိုလည်း အထူးသတိပေးထားသကဲ့သို့ရှိ၏။ ဗုဒ္ဓဟောကြားခဲ့သော ကာလာမသုတ်တော်အတွင်းမှ ဝိဘဇ္ဇစဉ်းစားနည်းသည်ကား ယနေ့မျက်မှောက်ကာလရှိ အရွယ်သုံးပါးစလုံး ဆင်ခြင်သတိပြုစရာ အချက်ဆယ်ချက် ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရသော် 'နှစ်ဆယ့်တစ်ရာစုသားရွှေဥ' အမည်ရ ဤစာအုပ်သည် ယနေ့ကာလကဲ့သို့ ရုပ်ပိုင်းရောစိတ်ပိုင်းပါ အဘက်ဘက်က တည်ဆောက်ပြုပြင်စရာများစွာရှိနေသော မြန်မာနိုင်ငံအတွက် ထူးချွန်ထက်မြက်၍ စွမ်းဆောင်ရည်မြင့်သော လူငယ်ထု၏အင်အား အထူးလိုအပ်နေချိန်ဖြစ်ရာ ထိုလူငယ်တို့အတွက် ကောင်းရာမွန်ကြောင်း လက်တွေ့ကျကျ လမ်းပြပေးနိုင်သောစာအုပ်တစ်အုပ်ဟု ဆိုချင်သည်။ ထို့အတွက် စာရေးသူကျော်ဝင်းနှင့် ဒုတိယအကြိမ်ထုတ်ဝေသော တကောင်းစာအုပ်တိုက်တို့၏စေတနာကို အထူးအသိအမှတ်ပြုရမည် ဖြစ်သည်။

ထုတ်ဝေတိုက် - တကောင်း

မျက်နှာဖုံးဒီဇိုင်း - ကိုဇင်

ထုတ်ဝေသည့်နှစ် - ၂၀၁၀၊ ဩဂုတ်

ထုတ်ဝေသည့်အကြိမ် - ဒုတိယအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၈၄၁၁၀၈

LIVING COLOR MEDIA
၂၄၂၄၂၄ ၊ ၃၉၃၇၉၂

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .
၇၈ စီးပွားရေးဦးဆောင်သူများ ပြောင်းလဲမှုကိုတုံ့ပြန်နိုင်ရန် ပြင်ဆင်သင့်
၈၂ မျက်ကန်းစပေါ့ ခြောက်ချက်
၈၄ မြန်မာ့သစ်သယံဇာတအသုံးချမှု အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်
၉၂ အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်းဗျူဟာ
၉၆ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း

# စီးပွားရေးဦးဆောင်သူများ ပြောင်းလဲမှုကိုတုံ့ပြန်နိုင်ရန် ပြင်ဆင်သင့်

ပါမောက္ခဒေါက်တာအောင်ထွန်းသက်



**၂၀၁၀၊ ၂၀၁၅။ ဒီသမိုင်းမှတ်တိုင်နှစ်ရပ်တို့ဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့ကာလတွေ ဖြစ်ပါတယ်။ မကြာမီ ကျင်းပတော့မယ့် ရွေးကောက်ပွဲကြီးဟာ မြန်မာနိုင်ငံရဲ့နိုင်ငံရေးအတွက် ထူးခြားမယ့်ခြေလှမ်းတစ်ရပ်ဖြစ်သလို ပြောင်းလဲလာမယ့်နိုင်ငံရေးအခြေအနေတွေကြောင့် လိုက်လျောညီထွေမှုရှိအောင် ပြုပြင်ပြောင်းလဲရမယ့် စီးပွားရေးအခြေခံတွေဟာလည်း အလွန်အရေးကြီးလှပါတယ်။**

၂၀၁၅ ခုနှစ်ကတော့ အများသိတဲ့အတိုင်း ASEAN Free Trade Agreement (AFTA) ဟာ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံလေးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (CLMV) တို့တစ်တွေဟာ အကျုံးဝင်တော့မှာ ဖြစ်ပါတယ်။ အမှန်တော့ AFTA ဟာ ၂၀၁၀ ပြည့်နှစ်က ဇန်နဝါရီလ စတင်ခဲ့ပေမယ့် အာဆီယံမူလဖွဲ့စည်းစဉ် ပါဝင်ခဲ့တဲ့ နိုင်ငံခြောက်နိုင်ငံအတွက်က အကျုံးဝင်ခဲ့ပါတယ်။

အခုလို အလွန်အရေးပါလှတဲ့ အပြောင်းအလဲတွေ ရင်ဆိုင်ရတော့မယ်ဆိုတာကို ကြိုတင်သိနေကြတဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ ဦးဆောင်မှုပေးနေသူများ ဘယ်ပုံဘယ်နည်းပြောင်းလဲမှုကို တုံ့ပြန်ရင်ဆိုင်နိုင်ရန် ပြင်ဆင်သင့်ပါသလဲ။ ဒီမေးခွန်းကို ဖြေဆိုတဲ့နေရာမှာ ပြုပြင်ဖို့လိုအပ်တဲ့ ဘဏ္ဍာရေးစနစ်ပြောင်းလဲမှုများ၊ ဘဏ်စနစ်တိုးချဲ့ဖွံ့စည်းမှု၊ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထား အစရှိတာတွေကို ဆွေးနွေးမှာမဟုတ်ပါဘူး။ ဒါတွေကတော့ မလုပ်မဖြစ်၊ မရှိမဖြစ်တဲ့အရာတွေသာ ဖြစ်ပါတယ်။ ဒီဆောင်းပါးမှာတော့ စီးပွားရေး

www.foreverspace.com.mm




ဦးဆောင်သူများအနေနဲ့ ဘယ်ပုံဘယ်နည်း ပြင်ဆင်သင့်သလဲဆိုတာကို ဖောင်းပေးပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

အခြေခံအချက်ကတော့ ပြုပြင်ပြောင်းလဲမှုကို စီမံခန့်ခွဲခြင်း ဖြစ်ပါတယ်။ Change Management လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် စီးပွားရေးဦးဆောင်သူများအနေနဲ့ ပြောင်းလဲမှုကို ဘယ်လိုနားလည်သင့်ပါသလဲ။

အမှန်တော့ အနာဂတ်ပြောင်းလဲမှုဟာ အရှိန်အဟုန်မြန်လွန်းလှတဲ့အတွက် ဘယ်ပုံဘယ်နည်းပြောင်းလဲမယ်ဆိုတာကို အတိအကျပြောနိုင်မှာ မဟုတ်ပါဘူး။ သိဖို့လည်း မလွယ်လှပါဘူး။ ဒါကြောင့် သိအောင်ကြိုတင်ခန့်မှန်းနေမယ့်အစား ဖြစ်လာတဲ့ ပြောင်းလဲမှုကိုသာ ကျွမ်းကျွမ်းကျင်ကျင်တုံ့ပြန်နိုင်အောင် ကြိုးစားသွားရမှာဖြစ်ပါတယ်။ အရာရာဟာ ပြောင်းလဲနေမှာဖြစ်တာမို့ ကျွန်တော်တို့အနေနဲ့လည်း လိုက်ပြီးပြောင်းလဲရမှာသာ ဖြစ်ပါတယ်။ အခုလို မပြောင်းလဲရင် ခုလိုလမ်းကြောင်းအတွက် လျှောက်လှမ်းရမှာ သေချာလှပါတယ်။ ပြောင်းလဲမှုတွေဟာ ပုံစံအမျိုးမျိုးနဲ့ ဖြစ်နေမှာသေချာပါတယ်။ ဒါကြောင့် ပြောင်းလဲတာဖြစ်မှ တုံ့ပြန်တာထက် ကြိုတင်ပြီး ပြောင်းလဲနိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

အခုဆို ပြောင်းလဲမှုကို စနစ်တကျ စီမံနိုင်ဖို့ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ပြောင်းလဲမှုအစီအစဉ်သုံးဆင့်ကို သိဖို့ လိုအပ်ပါတယ်။



ပထမအဆင့်မှာ ပြောင်းလဲဖို့လိုအပ်တာကို လက်ခံဖို့၊ သိဖို့ လိုအပ်ပါတယ်။ ဒုတိယအဆင့်မှာတော့ ကိုယ်လိုချင်တဲ့ပြောင်းလဲမှုပုံစံကိုရအောင် ဖန်တီးရမှာဖြစ်ပြီး နောက်ဆုံးအဆင့်ကတော့ အပြောင်းအလဲတွေကို လက်တွေ့အခြေအနေမှာ အကောင်အထည်ဖော်သွားဖို့ ဖြစ်ပါတယ်။ ပြောင်းလဲမှုကို ဆောင်ရွက်တဲ့နေရာမှာ၊ လက်ရှိအခြေအနေမှာ အဆင်ပြေနေတဲ့အောင်မြင်မှုရှိနေတဲ့စီးပွားရေးလုပ်ငန်းတွေအတွက် ခက်ခဲမှာဖြစ်ပါတယ်။ အောင်မြင်နေတာမို့ ပြုပြင်စရာမလိုအပ်ဘူးလို့ ယူဆမှာဖြစ်ပါတယ်။ ဒါဟာ မဟာအမှားဖြစ်တယ်။ အောင်မြင်နေချိန်မှာ ပြောင်းလဲနိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ပြောင်းလဲတဲ့နေရာမှာလည်း ကြိုတင်ရည်ရွယ်ပြီး အစီအစဉ်ချမှတ်ပြီး ပြောင်းလဲနိုင်သလို အစီအစဉ်မရှိဘဲ ပြောင်းလဲတာမျိုးလည်း ရှိပါတယ်။ တစ်ဖက်က တရွေ့ရွေ့ တဖြည်းဖြည်းပြောင်းလဲနိုင်သလို တစ်ဖက်က ထူးခြားပြောင်းမြောက်တဲ့ပြောင်းလဲမှုမျိုးကိုလည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

အမှန်တော့ စီးပွားရေးဦးဆောင်သူတွေကို ပြောင်းလဲမှုကိုယ်စားလှယ်များအဖြစ် သတ်မှတ်ချင်ပါတယ်။ ပြောင်းလဲမှုကိုယ်စားလှယ်တွေဖြစ်တာကြောင့် ပြောင်းလဲမှုကို လမ်းညွှန်နိုင်တဲ့၊ ဖန်တီးနိုင်တဲ့ ကျွမ်းကျင်မှုအသိပညာတွေရှိရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်တဲ့ စီးပွားရေးဦးဆောင်သူတွေကို အခြေခံကျကျ ပြုပြင်ပြောင်းလဲပေးသူတွေအဖြစ် သတ်မှတ်နိုင်ပါတယ်။ အခုလို ဆောင်ရွက်ရာမှာ အနာဂတ်

www.foreverspace.com.mm

ရုပ်သွင်ကို ဖော်ကျူးနိုင်ပြီး ဒီရုပ်ပုံကို အများနားလည်အောင် ပြောတတ် ရှင်းတတ်ပြီး ရှိတဲ့အမြင်ကိုရအောင် အကောင်အထည်ဖော်နိုင်စွမ်းရှိသူတွေ ဖြစ်ကြပါတယ်။

စီးပွားရေးဦးဆောင်သူတွေအနေနဲ့ တာဝန်ယူဆောင်ရွက်ရမယ့်အချက် ကိုးခုရှိတာတွေ့ရမှာဖြစ်ပါတယ်။ ဒီအချက်ကိုးခုကို အပိုင်းသုံးပိုင်းခွဲခြားနိုင်ပါတယ်။ ပထမအပိုင်းကတော့ ကြိုတင်ပြင်ဆင်မှုပဲဖြစ်ပါတယ်။ ဒီအပိုင်းမှာ အချက်သုံးချက်ရှိပါတယ်။

ပထမအချက်ကတော့ သူများနဲ့မတူအောင် စဉ်းစားတွေးခေါ်နိုင်ဖို့ လိုပါတယ်။ ဒုတိယအချက်ကတော့ အနာဂတ်မှာဖြစ်ပေါ်လာမယ့် ရလဒ်တွေကို ကြိုတင်ပြင်ဆင်ထားဖို့ ဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ နည်းလမ်းအသစ်တွေရှာဖို့ ဖြစ်ပါတယ်။ ဒုတိယအပိုင်းမှာလည်း ပထမပိုင်းလို သုံးချက်ရှိတာ တွေ့ရပါတယ်။ ပထမအချက်ကတော့ ရှုပ်ထွေးမှုတွေကို နားလည်အောင်ကြိုးစားခြင်း ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အနာဂတ်အောင်မြင်မှုကို အဓိပ္ပာယ်ဖော်ထုတ်ဖို့ဖြစ်တယ်။ နောက်ဆုံးအနေနဲ့ ကိုယ်တစ်ဦးတည်းဆောင်ရွက်မနေဘဲ စိတ်တူသဘောတူရှိသူတွေနဲ့ဆက်သွယ်ဖို့ ဖြစ်ပါတယ်။ တတိယအပိုင်းကတော့ ပေါင်းစပ်မှု ဖြစ်ပါတယ်။

**ပထမဦးဆုံးဦးဆောင်သူတွေမှာ ကြိုတင်လှမ်းမြင်နိုင်စွမ်း ရှိရမှာဖြစ်တယ်။ ပတ်ဝန်းကျင်မှာဖြစ်ပေါ်နေတဲ့ ပြောင်းလဲမှုတွေကို မပြတ်လေ့လာပြီး ကိုယ့်လုပ်ငန်းအတွက် ဘယ်ပုံဘယ်နည်းထိပါးလွှမ်းမိုးနိုင်တာကို ကြိုတင်သိရမှာဖြစ်ပါတယ်။ ဒုတိယအရည်အသွေးကတော့ ခုလို ခေါက်ရိုးကျိုးနေတဲ့ပုံစံတွေနဲ့ မစဉ်းစားတဲ့ လုပ်ထုံးလုပ်နည်းအသစ်တွေကို ဖော်ထုတ်ဖန်တီးရမှာ ဖြစ်ပါတယ်။**




ပထမပိုင်းနဲ့ ဒုတိယအပိုင်းမှာ ဖော်ထုတ်ခဲ့တာတွေကို ပထမဆုံး နားလည်သဘောပေါက်အောင် ဖော်ထုတ်ခြင်း ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ မဟာဗျူဟာနည်းဗျူဟာကို ရွေးချယ်ထုတ်ဖော်ပြီး နောက်ဆုံးအချက်အနေနဲ့ ပြောင်းလဲမှုကိုဖြစ်စေခြင်း ဖြစ်ပါတယ်။

အခုလို ထူးခြားလှတဲ့ပြောင်းလဲမှုတွေကိုရင်ဆိုင်နိုင်ဖို့ ၂၁ ရာစုဦးဆောင်မှုအရည်အသွေးရှစ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ပိုင်ဆိုင်ရမှာဖြစ်ပါတယ်။ ပထမဦးဆုံးဦးဆောင်သူတွေမှာ ကြိုတင်လှမ်းမြင်နိုင်စွမ်းရှိရမှာ ဖြစ်တယ်။ ပတ်ဝန်းကျင်မှာဖြစ်ပေါ်နေတဲ့ ပြောင်းလဲမှုတွေကို မပြတ်လေ့လာပြီး ကိုယ့်လုပ်ငန်းအတွက် ဘယ်ပုံဘယ်နည်း ထိပါးလွှမ်းမိုးနိုင်တာကို ကြိုတင်သိရမှာ ဖြစ်ပါတယ်။ ဒုတိယအရည်အသွေးကတော့ ခုလို ခေါက်ရိုးကျိုးနေတဲ့ပုံစံတွေနဲ့မစဉ်းစားတဲ့ လုပ်ထုံးလုပ်နည်းအသစ်တွေကို ဖော်ထုတ်ဖန်တီးရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ တတိယအရည်အသွေးကတော့ မိမိကိုယ်တွင်းမှာ သေချာစိတ်ချမှုရှိနေလို့ ဖြစ်ပါတယ်။ စတုတ္ထအရည်အသွေးကတော့ အတွေးအခေါ်ပိုင်းမှာ တရားသေအယူအဆကို မဆုပ်ကိုင်ဘဲ ပျော့ပျောင်းမှုရှိရမှာ ဖြစ်ပါတယ်။

နံပါတ် (၅) အရည်အသွေးကတော့ ကျယ်ပြန့်တဲ့အမြင်ရှိဖို့ ဖြစ်ပါတယ်။ အရာရာကို ကျဉ်းမြောင်းတဲ့အမြင်နဲ့ မကြည့်သင့်ပါဘူး။ နံပါတ် (၆) အရည်အသွေးကတော့ ရှုပ်ထွေးမှုတွေအတွင်း ကျင်လည်စွာလျှောက်လှမ်းနိုင်စွမ်းရှိဖို့ ဖြစ်ပါတယ်။ နံပါတ် (၇) ကတော့ အဆုံးအဖြတ်တွေချမှတ်ရာမှာ လုံလောက်တဲ့ ခိုင်မာတဲ့ သက်သေအထောက်အထားအပေါ်အခြေပြုပြီး ဆုံးဖြတ်ဖို့ လိုပါတယ်။ နောက်ဆုံးအရည်အသွေးကတော့ ဖြစ်ပေါ်လာမယ့်အခြေအနေကို လက်ခံတာထက် ပေါ်ပေါက်လာတဲ့ အခြေအနေကို ကိုယ်လိုအပ်သလို ဖန်တီးနိုင်စွမ်းရှိရမှာ ဖြစ်ပါတယ်။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

■

www.foreverspace.com.mm


## ပဋိပက္ခရဲ့ သဘောသဘာဝ

ပဋိပက္ခဖြေရှင်းရေးအကြောင်းကို နိုင်ငံရေးတွင်လည်းကောင်း၊ စီးပွားရေးတွင်လည်းကောင်း အဖြေရှာကြသည်။ နယ်ပယ်နှစ်ခုစလုံးတွင် ပဋိပက္ခဖြေရှင်းရေးကို Creative တီထွင်ဖန်တီးမှုအစွမ်းရှိသောဟူ၍ သုံးနှုန်းသည်။ သဘောမှာ ပဋိပက္ခကို တီထွင်ဖန်တီးနိုင်သောအမြင်ဖြင့် ဖြေရှင်းရန်တိုက်တွန်းခြင်း ဖြစ်သည်။ သာမန်အားဖြင့်ဆိုလျှင် ပဋိပက္ခသည် အပျက်သဘောဆောင်သည်။ ဤသို့အပျက်သဘောရှိသော ပဋိပက္ခကို ဤအပြုသဘောဆောင်အောင် အသွင်ပြောင်းလဲစေရန် ကြိုးပမ်းလာကြသည်။

သို့ဖြင့် ပထမပိုင်း၌ တီထွင်ဖန်တီးနိုင်သော ဖျက်ဆီးမှုဟူ၍ အယူအဆပေါ်ပြီး ယခုနောက်ပိုင်း၌ တီထွင်ဖန်တီးမှုရှိသော ပဋိပက္ခဆိုပြီး အယူအဆသစ်ပေါ်လာသည်။ နိုင်ငံရေးတွင် သဘာဝအတိုင်း အမြင်မတူမှု၊ သဘောမတူမှု၊ အယူအဆကွဲပြားမှု စသည်ဖြင့် ပဋိပက္ခတို့ရှိကြသည်။ ဤပဋိပက္ခတို့ကို အပေါင်းလက္ခဏာဖြင့် အသိအမှတ်ပြု၍ တီထွင်ဖန်တီးနိုင်သောစွမ်းပကားဖြစ်ဖို့ ပြောင်းလဲရန် ကြိုးပမ်းကြသည်။

# မျက်ကန်းစပေါ့ ခြောက်ချက်

**မောင်စူးစမ်း**



## မျက်ကန်းစပေါ့ရဲ့သဘော

ပဋိပက္ခကို အဖျက်သဘောမှ ဖန်တီးမှုသဘောသို့ အသွင်ကူးပြောင်းနိုင်သော လုပ်ငန်းကို ခေါင်းဆောင်မှုအရည်အချင်းအဖြစ် သတ်မှတ်၍ ခေါင်းဆောင်မှုသည် ပဋိပက္ခကို အဖျက်သဘောမှ အပြုသဘောသို့ စီမံခန့်ခွဲကွပ်ကဲသွားနိုင်ရမည်။ ခေါင်းဆောင်မှုသည် ဤသို့ဆောင်ရွက်ရာ၌ ဆူးငြောင့်ခလုတ်တို့နှင့်တွေ့ရသည်မှာ ဓမ္မသာဖြစ်သည်။ ဤဆူးငြောင့်ခလုတ်တို့ထဲတွင် မြင်သာသောဆူးငြောင့်ခလုတ်တို့ရှိသကဲ့သို့ မမြင်နိုင်သောဆူးငြောင့်ခလုတ်တို့သည်လည်း ရှိသည်။ မမြင်သာသော ဆူးငြောင့်ခလုတ်တို့ကို မျက်ကန်းစပေါ့ (Blind Spot) ဟုခေါ်သည်။

စီမံခန့်ခွဲမှုပညာ၌ မျက်ကန်းစပေါ့တို့အကြောင်းကို အထူးပြုလေ့လာသည်။ မျက်ကန်းစပေါ့ဆိုသည်မှာ အနုတ်လက္ခဏာဆောင်သော အပြစ်အနာအဆာ ချွတ်ယွင်းချက်တို့ကို မမြင်ခြင်းဖြစ်သည်။ အထူးသဖြင့် အဆင့်မြင့်စီမံခန့်ခွဲသူတို့က မျက်

www.foreverspace.com.mm



ကန်းစပေါ့ကို မမြင်တတ်ပေ။ ဤသို့ မမြင်သည့်အထဲတွင် အလယ်အလတ်မန်နေဂျာတို့က ဘာတွေမှားနေသနည်းဟု မမြင်ခြင်းသည် အလွန်ဆိုးဝါးသည်။

## ပဋိပက္ခပြဿနာ၏ ဖြေရှင်းမှု ခြောက်ချက်

အလယ်အလတ်မန်နေဂျာတို့သည် မိမိလက်အောက်ငယ်သားတို့နှင့် ဆက်ဆံရာတွင် အချက်ခြောက်ချက်၌ ချွတ်ယွင်းချက်တွေရှိသည်။ ဤချွတ်ယွင်းချက်တို့ကို ထိပ်တန်းစီမံခန့်ခွဲသူတို့က မမြင်ကြပေ။ အလယ်အလတ်စီမံခန့်ခွဲသူတို့က ကျူးလွန်သောချွတ်ယွင်းချက်မှာ ခြောက်ပါးရှိသည်။

၎င်းတို့မှာအောက်ပါအတိုင်းဖြစ်သည်။

(၁) အလယ်အလတ်မန်နေဂျာတို့သည် မိမိအထက်လူကြီးတို့နှင့်ဆက်ဆံမှုတွင် မိမိမည်သည့်နေရာတွင်ရှိသည်ကိုမသိခြင်းဖြစ်သည်။ အလယ်အလတ်မန်နေဂျာနှင့် အထက်လူကြီးဆက်ဆံရေးမှာ ပီပီပြင်ပြင်မရှိ ယောင်ယောင်ဝါးဝါးဖြစ်နေခြင်းကို ညွှန်းသည်။

(၂) အလယ်အလတ်မန်နေဂျာတို့သည် မိမိအောင်မြင်ရေးအတွက် မည်သည့်အရည်အချင်းတို့ လိုအပ်သည်ကို မသိခြင်းဖြစ်သည်။

(၃) အဖွဲ့အတွင်း၌ ပဋိပက္ခတို့ကို တစ်ခါတစ်ရံမှသာ ဖြေရှင်းသည်။ ဤသို့ဖြေရှင်းရာ၌လည်း ဖြေရှင်းနည်းလမ်း မလုံလောက်ပေ။ သို့ဖြင့် မဖြေရှင်းရသေးသောပြဿနာတို့နှင့်အဖွဲ့တွင် ပြည့်နှက်နေသည်။

(၄) အရေးအကြီးဆုံး မဖြေရှင်းသောပြဿနာမှာ အဖွဲ့အတွင်း အုပ်စုချင်းပြိုင်ဆိုင်မှုကိုလည်းကောင်း၊ အုပ်စုချင်းပူးပေါင်းဆောင်ရွက်မှု ချို့တဲ့မှုကိုလည်းကောင်း၊ အုပ်စုချင်းဆက်သွယ်မှုညံ့ဖျင်းချင်းကိုလည်ကောင်း ထိပ်တန်းစီမံခန့်ခွဲမှုက မဖြေရှင်းခြင်းဖြစ်သည်။ သဘောမှာ ထိပ်ပိုင်းက အောက်ခြေပြဿနာကို လျစ်လျူပြုထားခြင်းဖြစ်သည်။



ဤသို့လျစ်လျူပြုထားသဖြင့် ခွေးခွေးချင်းကိုက်သည့် ဆက်သွယ်ပုံစံမျိုးတွေ ပေါ်လာသည်။

(၅) အသင်းအဖွဲ့လိုက် ပေါင်းစည်း၍ စီမံခန့်ခွဲမှုသဘောသည် ထိရောက်မှုမရှိဘဲ ညံ့ဖျင်းသည်။

(၆) အလယ်အလတ်မန်နေဂျာတို့သည် သူတို့အလုပ်၏အဆင့်အတန်းကိုလည်းကောင်း၊ လုပ်ငန်းဆောင်တာကိုလည်းကောင်း မြှင့်တင်စေချင်သော်လည်း ဤအကြောင်းကို အထက်လူကြီးတို့အား မတင်ပြရဲကြပေ။

## ပဋိပက္ခပြဿနာ၏ နိဂုံး

အထက်ပါအကြောင်းတို့ကို မန်နေဂျာတို့က သိရှိကြသော်လည်း အစည်းအဝေးတို့၌ မတင်ပြကြပေ။ ထို့ကြောင့် ဤပြဿနာတို့ကိုမဖြေရှင်းရသေးသော ပြဿနာများဖြင့် အဖွဲ့အစည်းထဲတွင် အကြွေးတင်ကျန်ရှိနေတော့သည်။ တစ်ခါတစ်ရံ၌ ပြဿနာတို့ကို အထက်လူကြီးထံတင်ပြသော်လည်း အထက်လူကြီးတို့က တင်ပြသူတို့ကိုစာနာပါကြောင်း ပြော၍ ဒါဟာ ဘဝပဲဟု အချိုသပ်ကြသည်။ ခြုံ၍ပြောရလျှင် တင်ပြမှုအရပ်ရပ်သည် အကျိုးသက်ရောက်မှုနှစ်မျိုးသာရှိသည်။ ယင်းမှာ စရိတ်တိုးပွားလာခြင်းနှင့် ကြီးကြပ်ချုပ်ကိုင်မှုလျော့ပါးသွားခြင်းသာဖြစ်သည်။

**မောင်ရှုးစမ်း**

Ref: Harvard Business Review

www.foreverspace.com.mm





# မြန်မာ့သစ်သယံဇာတအသုံးချမှု အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်

သစ်ရိုင်း

**'လာမည့် ဘဏ္ဍာနှစ်မှစ၍ သစ်ထုတ်လုပ်မှုလျှော့ချရန်စီစဉ်' ဟူသောခေါင်းစဉ်ဖြင့် လွန်ခဲ့သည့်မတ်လထုတ် ပြည်တွင်း သတင်းဂျာနယ်တစ်စောင်တွင် သတင်းတစ်ပုဒ်ပါရှိလာသည်။ လွန်ခဲ့သည့် မတ်လ ၅ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံးတွင် ကျင်းပသော မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး၌ အဆိုပါအသင်းဥက္ကဋ္ဌက ပြောကြားခြင်းဖြစ်သည်ဟု ဆိုသည်။**

မြန်မာနိုင်ငံ၏ သစ်ထုတ်လုပ်မှု လျှော့ချရေးစီမံကိန်းတွင် နှစ်စဉ်သစ်ထုတ်လုပ်မှုများအနက်မှ ရာခိုင်နှုန်းမည်မျှအထိ လျှော့ချထုတ်လုပ်မည်ကိုမူ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းအနေဖြင့် အတိအကျသိရခြင်းမရှိသေးကြောင်း၊ သို့ရာတွင် သစ်ထုတ်လုပ်မှုပမာဏကို လျှော့ချပြီး ပြည်ပဈေးကွက်သို့ သစ်အလုံးလိုက်တင်ပို့နေမှုအပိုင်းကိုပါ လျှော့ချလုပ်ဆောင်ရန် စီစဉ်လျက်ရှိသည်ကိုသိရကြောင်း ၎င်းက ဆိုသည်ဟုလည်း ဖော်ပြထားပါသည်။

## ဘုရင်လက်ထက်ကတည်းက

မြန်မာနိုင်ငံတွင် သစ်သယံဇာတများကို စီးပွားဖြစ်ထုတ်ယူအသုံးပြုခဲ့သည်မှာ မြန်မာဘုရင်များလက်ထက် ကုန်းဘောင်ခေတ်ကတည်းကဖြစ်သည်။ သို့သော် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲအပြီး ၁၈၂၆ ခုနှစ်နောက်ပိုင်းတွင်မှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရ၏။ ကိန်းဂဏန်းအချက်အလက်များကိုမူ

www.foreverspace.com.mm



၁၈၅၆ ခုနှစ်နောက်ပိုင်းတွင်မှ တွေ့ရှိရသည်။

၁၈၅၆–၅၇ ဘဏ္ဍာနှစ်မှ ၁၉၃၉–၄၀ ဘဏ္ဍာနှစ်အထိ သစ်ထုတ်လုပ်အသုံးချမှုများနှင့် ပတ်သက်သော စာရင်းအင်းများကို ၁၉၄၇ ခုနှစ်တွင် အစိုးရဗဟိုပုံနှိပ်တိုက်က ထုတ်ဝေသော Certain Statistics Relation To The Forest Department in Burma စာအုပ်၌ ဖော်ပြထားပါသည်။

ထိုစာအုပ်ပါ စာရင်းအင်းများနှင့် နောက်ပိုင်းထုတ်ပြန်သော စာရင်းအင်းများကို ဆက်စပ်ကြည့်သောအခါ ၁၈၅၆ ခုနှစ်မှ ၂၀၀၆ ဘဏ္ဍာနှစ်အထိ နှစ်ပေါင်း ၁၅၀ ခန့်ကာလအတွင်း မြန်မာ့သစ်တောကြီးများထဲမှ ကျွန်းသစ်လုံးပေါင်း ကုဗတန် ၃၇ သန်းခန့်ကိုလည်းကောင်း၊ ၁၉၀၀ ပြည့်နှစ်မှ ၂၀၀၆ အထိ နှစ်ပေါင်း ၁၀၆ နှစ်ခန့်ကာလအတွင်း သစ်မာသစ်လုံးပေါင်း ကုဗတန် ၃၉ သန်းခန့်ကိုလည်းကောင်း ထုတ်ယူခဲ့ကြောင်း တွေ့ရှိရပါသည်။

## သစ်လုံးမှ သစ်ခွဲသား

ထိုသို့ထုတ်ယူခဲ့သော သစ်လုံးများအား အသုံးချမှုအခြေအနေကို လေ့လာကြည့်သောအခါ ၁၈၅၆–၅၇ ဘဏ္ဍာနှစ်မှ ၁၉၃၉–၄၀ ဘဏ္ဍာနှစ်အထိ ပြည်ပသို့ မြန်မာ့ကျွန်းသစ်တင်ပို့မှု၌ ကျွန်းသစ်ခွဲသားများသာ အဓိကဖြစ်ကြောင်း ဆိုခဲ့ပါ စာအုပ်တွင် မှတ်ချက်ပြုဖော်ပြထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၃၆ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း ပြည်ပသို့ ကျွန်းသစ် တစ်နှစ်ပျမ်းမျှ ၂၂၀,၀၉၂ တန် တင်ပို့ခဲ့ကြောင်း၊ ယင်းအနက် ကျွန်းသစ်လုံးပါဝင်မှုသည် တစ်ရာခိုင်နှုန်း (ကုဗတန် ၂၃၉၇) မျှသာဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ကိုလိုနီခေတ်တစ်လျှောက်တွင် ကျွန်းသစ်လုံးများကို ပြည်တွင်း၌ ခွဲသား ခွဲစိတ်ထုတ်လုပ်ရာ၌သာ အဓိကအသုံးချခဲ့သည်ဟု ဆိုနိုင်ပါသည်။

ထိုကာလအတွင်း သစ်မာတစ်နှစ်ပျမ်းမျှ ၃၃,၁၁၃ တန် ပြည်ပသို့ တင်ပို့ခဲ့သော်လည်း သစ်လုံး၊ ခွဲသား၊ ဇလီဖားမည်မျှစီတင်ပို့ခဲ့ကြောင်း ကိန်းဂဏန်းအချက်အလက်များ မတွေ့ရချေ။ သို့သော် ထိုကာလနောက်ပိုင်း တွေ့ရှိရသောကိန်းဂဏန်းအထောက်အထားများနှင့် ဆက်စပ်သုံးသပ်လျှင် ဇလီဖားတင်ပို့မှုသည်သာ အဓိကဖြစ်နိုင်ကြောင်း လေ့လာသူတို့က ဆိုကြပါသည်။

## ပြည်ပသို့ ကျွန်းသစ်တင်ပို့မှု

လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း ကျွန်းသစ်ပြည်ပသို့ တင်ပို့မှုတွင် သစ်လုံးပါဝင်မှု ပမာဏမှာ ရာဂဏန်း၊ ထောင်ဂဏန်းမျှသာ ဖြစ်သည်။ အများစုမှာ ကျွန်းခွဲသားများသာဖြစ်ကြောင်း တွေ့ရှိရ၏။ ၁၉၅၅–၅၆ ဘဏ္ဍာနှစ်နောက်ပိုင်းတွင်မူ ပြည်ပသို့ ကျွန်းသစ်လုံး နှစ်စဉ်တင်ပို့မှုမှာ သောင်းဂဏန်းအထိ မြင့်မားလာကြောင်း တွေ့ရှိရသည်။ ထိုသို့ မြင့်မားလာခြင်း၏အကြောင်းရင်းမှာ ပြည်ပဈေးကွက်၌ မြန်မာ့ကျွန်းသစ်လုံး အသုံးချမှုပုံသဏ္ဍာန် (Utilization Pattern) အရွေ့အပြောင်းဖြစ်ပေါ်ခြင်းကြောင့်ဖြစ်သည်ဟု လေ့လာသူတို့က ဆိုကြပါသည်။

ရှေးယခင်က မြန်မာကျွန်းသစ်လုံး အတန်းအစားများအနက် ထိပ်ဆုံးတန်းဖြစ်သော အေဝိုင်အတန်းအစားသစ်လုံးများကို ဗြိတိသျှရေတပ်စစ်သင်္ဘောများ တည်ဆောက်ရန်အတွက် ခွဲစိတ်အသုံးပြုခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၎င်းအတန်းအစားသစ်လုံးများကို အေဝိုင် (Admiralty Quality-AY) ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၅၅– ၅၆ ဘဏ္ဍာနှစ်မတိုင်မီက မြန်မာ့ကျွန်းသစ်လုံးများကို ပြည်ပမှ ဝယ်ယူခြင်းသည် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းအတွက် ခွဲစိတ်အသုံးချရန် ရည်ရွယ်ချက်(Sawing Purpose)ဖြင့် ဝယ်ယူခြင်းသာဖြစ်ကြောင်း သိရသည်။

သို့သော် ၁၉၅၅ ခုနှစ်ဝန်းကျင်၌ ကမ္ဘာ့ဈေးကွက် အထူးသဖြင့် ဗြိတိန်နိုင်ငံအပါအဝင် အနောက်ဥရောပနိုင်ငံများ၌ မြန်မာ့ကျွန်းသစ်လုံး အသုံးချမှုပုံသဏ္ဍာန် အရွေ့အပြောင်းဖြစ်ခဲ့သည်ဟု ဆိုသည်။ ခွဲလုံး (Saw Log) အဖြစ် အသုံးချခဲ့ရာမှ လွှာလုံး (Veneer Log) အဖြစ် အသုံးချလာခြင်းဖြစ်သည်။ မြန်မာ့ကျွန်းသစ်လုံးများမှ အလှဆင် သစ်ပါးလွှာ (Decorative Veneer) များထုတ်လုပ်ခြင်းဖြစ်သည်။ အထူးသဖြင့် စကင်ဒီနေဗီးယားနိုင်ငံများ



www.foreverspace.com.mm

ဖြစ်ကြသော ဒိန်းမတ်၊ ဆွီဒင်၊ ဟော်လန်တို့နှင့် ဂျာမနီ၊ ဗြိတိန်နိုင်ငံတို့မှ မြန်မာ့သစ်ပါးလွှာ တန်းဝင်ကျွန်းသစ်လုံး (Veneer Quality Teak Log) များကိုသာ အဓိက ဝယ်ယူခဲ့ကြသည်။ နောက်ပိုင်းတွင် ဂျပန်နိုင်ငံကပါ အလားတူ ဝယ်ယူလာခဲ့သည်။

## ကျွန်းသစ်အသုံးချမှု အရွေ့အပြောင်း

ထိုသို့ မြန်မာ့ကျွန်းသစ်အသုံးချမှု အရွေ့အပြောင်းဖြစ်ပေါ်မှုကြောင့် ၁၉၅၄–၅၅ ဘဏ္ဍာနှစ်မှ ၁၉၆၃–၆၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ကျွန်းသစ်လုံးတင်ပို့မှုပမာဏမြင့်မားခဲ့ကြောင်း တွေ့ရသည်။ ထိုကာလအတွင်း ကျွန်းသစ်တစ်နှစ်ပျမ်းမျှ ၈၉,၆၀၂ တန် တင်ပို့ခဲ့သည့်အနက် သစ်လုံးလိုက် (Log Form) တင်ပို့မှုသည် ၂၂ ရာခိုင်နှုန်း (၁၉,၄၆၉ တန်) ဖြစ်ပြီး ကျွန်းခွဲသားတင်ပို့မှုမှာ ၇၈ ရာခိုင်နှုန်း (၇၀,၁၃၃ တန်) ဖြစ်ကြောင်းတွေ့ရသည်။ ကျွန်းသစ်ခွဲသားတင်ပို့မှုသာ အဓိကဖြစ်ပြီး ကျွန်းသစ်လုံးများကို ပြည်တွင်းခွဲစိတ်မှု၌သာ အဓိက အသုံးချခဲ့သည်။

စင်စစ် ထိုစဉ်က ပြည်ပဈေးကွက်အနေဖြင့် ခွဲသားခွဲစိတ်ထုတ်လုပ်ရန်အတွက် ကျွန်းသစ်လုံးများကို ဝယ်ယူတင်သွင်းရန် မလိုအပ်ခဲ့။ ဈေးကွက်ကအလိုရှိသော ကျွန်းခွဲသားအရွယ်စုံ၊ ဆိုဒ်စုံ၊ အရည်အသွေး၊ အတန်းအစားမျိုးစုံကို ထိုစဉ်က နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်သော နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ (State Timber Board-STB) ကထုတ်လုပ်ဖြည့်ဆည်းရောင်းချပေးခဲ့သည်ချည်း ဖြစ်သည်။ ကျွန်းခွဲသားအရွယ်အစား (Teak Scantlings) အသေးဆုံး တစ်လက်မ ငါးမူး (၁" × ၁/၂") မှ တစ်ပေပတ်လည်နှင့်အထက် ကျွန်းဒုသစ် (Teak Square) အရွယ်ထိ ထုတ်လုပ်ရောင်းချပေးခဲ့သည်ဟုဆိုသည်။

သစ်မာပြည်ပတင်ပို့မှု၌လည်း သစ်လုံးအဓိက မဟုတ်ခဲ့။ ၁၉၅၈–၈၉ ဘဏ္ဍာနှစ်မှ ၁၉၆၇–၆၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ သစ်မာစုစုပေါင်း ၁၀၁,၅၃၅ တန် တင်ပို့ခဲ့သည့်အနက် မီးရထားဇလီဖားတုံး (Railway Sleeper) က ၇၀ ရာခိုင်နှုန်း (၇၁,၃၆၂ တန်)၊ ခွဲသားက ၁၉ ရာခိုင်နှုန်း (၁၉,၂၆၃) တန်ဖြစ်၍ သစ်အလုံးလိုက် တင်ပို့နှုန်းမှာ ၁၁ ရာခိုင်နှုန်း (၁၀,၉၁၀) တန်သာဖြစ်ခဲ့ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် လွတ်လပ်ရေးခေတ်ဦးကာလတွင် ကျွန်းနှင့် သစ်မာသစ်လုံးများကို ပြည်တွင်းခွဲစိတ်မှု၌သာ အဓိကအသုံးချခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဗဟိုကချုပ်ကိုင်သော စီးပွားရေးစနစ်ကျင့်သုံးသည့်ကာလအတွင်း ၁၉၇၄–၇၅ ဘဏ္ဍာနှစ်မှ ၁၉၈၇–၈၈ ဘဏ္ဍာနှစ်အတွင်း ကျွန်းသစ်လုံး တစ်နှစ်ပျမ်းမျှထုတ်လုပ်မှုပမာဏမှာ ၃၅၄,၉၈၂ တန် ဖြစ်သည်။ ယင်းပမာဏ၏ ၇၁ ရာခိုင်နှုန်း (၂၅၀,၄၂၂ တန်) ကို ပြည်တွင်းခွဲစိတ်မှုလုပ်ငန်း၌အသုံးချပြီး ၂၁ ရာခိုင်နှုန်း (၇၃,၁၂၀) တန်ကို သစ်လုံးလိုက် ပြည်ပသို့ရောင်းချတင်ပို့ခဲ့ကြောင်း တွေ့ရသည်။

ထိုသို့ ကျွန်းသစ်လုံးများကို ပြည်ပသို့ အဓိကထားတင်ပို့ခြင်းမရှိခဲ့သော်လည်း



www.foreverspace.com.mm





တင်ပို့မှုပမာဏမှာ ယခင်ကာလများထက် ပိုမိုမြင့်မားလာကြောင်း တွေ့ရပါသည်။ ယင်းသို့ မြင့်မားလာခြင်းသည် ထိုကာလအတွင်း၌ သစ်လုံးအသုံးချမှုပုံစံ အရွေ့အပြောင်း ဒုတိယအကြိမ် ဖြစ်ပေါ်လာခြင်းကြောင့်ဟု လေ့လာသူတို့က ကောက်ချက်ချကြသည်။

ယခင်က ကျွန်းသစ်လုံးများကို ပြည်ပသို့ ရောင်းချရာ၌ လွှာလုံး (Veneer Log) များကိုသာ အဓိက ရောင်းချတင်ပို့ခဲ့ခြင်းဖြစ်သည်။ ဤကာလအတွင်း၌မူ လွှာလုံးများသာမက ခွဲလုံး (Saw Log) များကိုပါ ရောင်းချတင်ပို့ခဲ့ကြောင်း တွေ့ရှိရ၏။

ခွဲလုံး (Saw Log) ဆိုသည်မှာ ကျွန်းပင်များကို တောထဲ၌ ခုတ်လှဲပိုင်းဖြတ်ထွက်ရှိလာသော ကျွန်းသစ်လုံးများဖြစ်သည်။ ထိုသို့ ပိုင်းဖြတ်ရာ၌ Jungle Rejection ဟု လူသိများသော Logging Rules and Standards for Jungle Rejection of Teak Log ဖြတ်ပိုင်းပေးခြင်း အကြောင်းအရာနှင့် ကျွန်းသစ်များကို တောတွင်ပယ်ချနိုင်သောစည်းမျဉ်းများကို အသုံးပြုသည်။ ယင်းစည်းမျဉ်းများအရ ပိုင်းဖြတ်ပြီးသောကျွန်းသစ်လုံးများကို Gallant Rules ဟု လူသိများသော Classification of Teak Logs ကျွန်းသစ်လုံး အတန်းအစားခွဲခြားခြင်းစည်းမျဉ်းအရ အတန်းအစားခွဲခြားခြင်း ဖြစ်သည်။

ထိုသို့ အတန်းအစားခွဲပြီးသော သစ်လုံးများကို ခွဲလုံး (Saw Logs) အဖြစ် သတ်မှတ်ကာ သစ်စက်များ၌ ခွဲစိတ်ခြင်း ဖြစ်သည်။ လွှာလုံး (Veneer Log) ဆိုသည်မှာ အထက်ပါခွဲလုံးများထဲမှ သီးသန့် ရွေးချယ်ထားသော သစ်လုံးများကို သစ်ပါးလွှာတန်းဝင်သစ်လုံး (Veneer Quality Log) ရရှိအောင် လိုအပ်သလို ထပ်မံပိုင်းဖြတ်ကာ Grading Rules for Teak Veneer Logs ဖြင့် အတန်းအစားခွဲခြားသော သစ်လုံးများ ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် တောတွင်းမှ ပိုင်းဖြတ်ထုတ်ယူလာသော သစ်လုံးများကို (Saw Log) ဟုခေါ်ပြီး ယင်းတို့ကို ကုန်ကြမ်း (Raw Log) အဖြစ် အသုံးပြုကာ ထိုသစ်လုံးများမှ ဖြတ်တောက်အတန်းအစားခွဲခြားရရှိသော သစ်လုံးများကို လွှာလုံး (Veneer Log) ဟုခေါ်ခြင်း ဖြစ်သည်။

၁၉၇၈ ခုနှစ်ဝန်းကျင်တွင် တောတွင်းမှထုတ်လုပ်ရရှိသော ကုန်ကြမ်းသစ်လုံး (Raw Log) များ၏အရည်အသွေးမှာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာခဲ့သည်။ ထိုသို့ ကုန်ကြမ်းသစ်လုံးများ၏ အရည်အသွေးကျဆင်းလာမှုကြောင့် ပြည်ပသို့ ရောင်းချရန်ဖြစ်သော လွှာလုံး (Veneer Log) များ ထုတ်လုပ်ရရှိရန် ကန့်သတ်ချက်များ ဖြစ်ပေါ်လာသည်။ တစ်ဖက်၌လည်း နိုင်ငံခြားဝင်ငွေလျာထားချက် (F.E. Earning Target) ပြည့်မီရန် လိုအပ်သည်။ ထို့ကြောင့် ပြည်ပသို့လွှာလုံးများသာမက ခွဲလုံးများကိုပါ ရောင်းချတင်ပို့ရတော့၏။ ပြည်ပသို့ ကျွန်းသစ်လုံး ရောင်းချတင်ပို့မှုတွင် အရည်အသွေးရှေးရှုတင်ပို့မှု (Quality Oriented Export) တစ်ခုတည်းဖြင့် မလုံလောက်သောကြောင့် အရေအတွက်ရှေးရှုတင်ပို့မှု (Quantity Oriented Export) ကိုပါ ပူးတွဲကျင့်သုံးလာခဲ့ရသည်။

ထိုသို့ ကျွန်းသစ်လုံးပြည်ပတင်ပို့ရောင်းချမှုပုံသဏ္ဌာန် (Supply Pattern) သည်လည်း အရွေ့အပြောင်းဖြစ်လာခြင်းဖြစ်သည်။

ထိုကဲ့သို့ (Supply Pattern) အရွေ့အပြောင်းဖြစ်ချိန်သည် တစ်ချိန်က ကမ္ဘာ့ဈေးကွက်၌ မြန်မာ့ကျွန်းသစ်၏ အဓိကဖောက်သည်ကြီးဖြစ်ခဲ့သော အိန္ဒိယနိုင်ငံက ၎င်း၏ပိတ်ထားသော မြန်မာ့သစ်တင်သွင်းမှုတံခါးကို ပြန်ဖွင့်ပေးလိုက်ချိန်နှင့် အံကိုက်ဖြစ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တည်းက ပိတ်ခဲ့သောတံခါးကို ၁၉၈၃ ခုနှစ်ဝန်းကျင်တွင် ပြန်ဖွင့်ပေးခြင်းဖြစ်၏။

မြန်မာ့သစ်တင်သွင်းမှုတံခါးဖွင့်လိုက်သော အိန္ဒိယသည် ၎င်းကျင့်သုံးခဲ့သော အစဉ်အလာဝယ်လိုမှုပုံသဏ္ဌာန် (Traditional Demand Pattern) ကို ပြောင်းလဲခဲ့သည်။ မြန်မာ့ကျွန်းသစ်ခွဲသားနှင့် သစ်မာဇလီဖားများကိုသာ ရှေးယခင်က အဓိကဝယ်ယူခဲ့ရာမှ ကျွန်းနှင့်သစ်မာသစ်လုံးများကို ပြောင်းလဲဝယ်ယူလာခြင်းဖြစ်သည်။

ထိုသို့ (Demand Pattern) နှင့် (Supply Pattern) အံဝင်ခွင်ကျဖြစ်မှုကြောင့် မြန်မာ့ကျွန်းသစ်လုံးများ၏ အရည်အသွေးကျဆင်းမှုဖြစ်လာသည့်တိုင်

www.foreverspace.com.mm



ပြည်ပသို့ ကျွန်းသစ်လုံးတင်ပို့မှုသည် ပိုမိုမြင့်မားလာခဲ့သည်။ အိန္ဒိယသည် အရည်အသွေးနိမ့် မြန်မာ့ကျွန်းသစ်လုံး (Inferior Quality Teak Logs) များကိုသာ အဓိက ဝယ်ယူခြင်းဖြစ်၏။ ၎င်းနိုင်ငံရှိ သစ်စက်အပါအဝင် သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံများ၏ ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။

ယခုအခါ အိန္ဒိယသာမက တရုတ်၊ ထိုင်း၊ ဗီယက်နမ် စသည့်နိုင်ငံတို့သည်လည်း အရည်အသွေးနိမ့်မြန်မာ့ကျွန်းသစ်လုံးများနှင့် ပျဉ်းကတိုး၊ အင်၊ ကညင်၊ တောင်သရက် အစရှိသော သစ်မာသစ်လုံးများကို ဝယ်ယူတင်သွင်းလျက်ရှိသည်။ သို့ဖြစ်ခြင်းကြောင့်လည်း နှစ်ပေါင်းများစွာကျင့်သုံးခဲ့သော မြန်မာ့သစ်လုံး အသုံးချမှုပုံသဏ္ဍာန်သည် ယခုနှစ်များအတွင်း သိသာထင်ရှားစွာ အရွေ့အပြောင်းဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၁၉၉၆–၉၇ ဘဏ္ဍာနှစ်မှ ၂၀၀၅–၀၆ ဘဏ္ဍာနှစ်အထိ ဆယ်စုနှစ်ကာလအတွင်း၌ မြန်မာ့ကျွန်းနှင့်သစ်မာများကို ပြည်ပသို့ သစ်လုံးလိုက် (Log Form) ရောင်းချတင်ပို့မှုသည်သာ အဓိကဖြစ်ခဲ့ကြောင်း (ဇယား ၁) တွေ့မြင်ရမည်ဖြစ်သည်။

၂၀၀၅–၀၆ ဘဏ္ဍာနှစ် ကျွန်းနှင့်သစ်မာသစ်လုံးထုတ်လုပ်မှုသည် ၁၉၉၆–၉၇ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ၅၁ ရာခိုင်နှုန်းနှင့် ၆၀ ရာခိုင်နှုန်းစီ မြင့်မားတိုးတက်လာခဲ့ကြောင်း တွေ့ရသည်။ ထိုသို့မြင့်မားလာသည်နှင့်အမျှ ကျွန်းသစ်လုံး ပြည်ပတင်ပို့မှုသည် ၁၉၉၆–၉၇ ဘဏ္ဍာနှစ်ထက် ၁၂၇ ရာခိုင်နှုန်းမြင့်ခဲ့ပြီး ပြည်တွင်းခွဲစိတ်အသုံးပြုမှု၌မူ ၈၅ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့သည်။ သစ်မာသစ်လုံး ပြည်ပတင်ပို့မှုတွင် ၁၉၉၆–၉၇ ဘဏ္ဍာနှစ်တင်ပို့မှုထက် ၄၇၁ ရာခိုင်နှုန်း မြင့်မားခဲ့သည်။ ပြည်တွင်းခွဲစိတ်အသုံးပြုမှု၌မူ ၈ ရာခိုင်နှုန်းသာ တိုးမြင့်လာခဲ့၏။

အချုပ်အားဖြင့်ဆိုသော် ၁၉၉၆–၉၇ ဘဏ္ဍာနှစ်နောက်ပိုင်းတွင် ကျွန်းနှင့် သစ်မာများကို ပြည်ပသို့ သစ်လုံးလိုက် ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရသည်။

သို့ဖြင့် မြန်မာ့သစ်သယံဇာတကျွန်းနှင့် သစ်မာများအား အတိတ်နှင့် ပစ္စုပ္ပန်ကာလတို့၌ အသုံးချမှုအခြေအနေကို ပုံဖော်ကြည့်သောအခါ (ဇယား–၂) ပါအတိုင်း တွေ့မြင်ရသည်။

ဇယား (၂) တွင် ဖော်ပြထားသော ကိန်းဂဏန်းများအပေါ် လေ့လာကြည့်လျှင် လွတ်လပ်ရေးခေတ်ဦး ပါလီမန်ခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသည့်ခေတ် ၁၉၉၅ ခုနှစ်မတိုင်မီကာလအထိ မြန်မာ့သစ်သယံဇာတများဖြစ်သော ကျွန်းနှင့် သစ်မာသစ်လုံးများကို ပြည်တွင်းခွဲစိတ်မှု၌သာ အဓိကအသုံးချခဲ့ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ၁၉၉၆–၉၇ ဘဏ္ဍာနှစ်ဝန်းကျင်နှင့်ယင်းနှစ်နောက်ပိုင်းတွင်မှ ပြည်ပသို့ သစ်လုံးလိုက်ရောင်းချတင်ပို့မှုက အဓိကဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့ သစ်လုံးအသုံးချမှု အရွေ့အပြောင်းဖြစ်ပေါ်ခြင်းသည် မြန်မာ့သစ်တောစီးပွားရေးကဏ္ဍဖော်ဆောင်မှုအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု လေ့လာသူတို့က ဆိုကြသည်။

## ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပြု

၁၉၉၅ ခုနှစ်နောက်ပိုင်း၌ သစ်ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းတွင် တောတွင်းသစ်ထုတ်သည်မှ ပြည်ပသို့ သစ်လုံး

www.foreverspace.com.mm



ဇယား (၁)

**ကျွန်းနှင့် သစ်မာသစ်လုံး ထုတ်လုပ်အသုံးပြုမှု**

(ကုဗတန် – ထောင်ပေါင်း)

| ဘဏ္ဍာနှစ် | ကျွန်းသစ်လုံး | | | သစ်မာသစ်လုံး | | |
|---|---|---|---|---|---|---|
| | ထုတ်လုပ် | ပြည်တွင်းခွဲ | ပြည်ပပို့ | ထုတ်လုပ် | ပြည်တွင်းခွဲ | ပြည်ပပို့ |
| ၁၉၉၆–၉၇ | ၂၀၃ | ၇၃ | ၁၁၉ | ၇၃၃ | ၃၄၈ | ၁၀၉ |
| ၉၇–၉၈ | ၂၃၉ | ၇၃ | ၁၂၂ | ၈၂၇ | ၃၆၃ | ၁၆၉ |
| ၉၈–၉၉ | ၂၅၂ | ၅၇ | ၁၅၁ | ၈၆၄ | ၃၄၅ | ၂၄၆ |
| ၉၉–၀၀ | ၂၆၁ | ၅၉ | ၂၁၀ | ၈၅၁ | ၂၉၆ | ၃၃၄ |
| ၀၀–၀၁ | ၂၅၁ | ၅၉ | ၂၁၃ | ၉၅၁ | ၃၁၉ | ၃၀၁ |
| ၀၁–၀၂ | ၂၇၆ | ၇၁ | ၁၆၂ | ၁၁၃၆ | ၃၆၇ | ၃၁၄ |
| ၀၂–၀၃ | ၂၉၈ | ၆၄ | ၁၇၁ | ၁၁၇၃ | ၃၄၁ | ၃၀၃ |
| ၀၃–၀၄ | ၃၆၂ | ၆၃ | ၂၇၆ | ၁၁၂၇ | ၂၈၇ | ၄၀၇ |
| ၀၄–၀၅ | ၃၀၀ | ၁၃ | ၂၅၀ | ၁၁၄၉ | ၃၃၀ | ၄၇၆ |
| ၀၅–၀၆ | ၃၀၇ | ၁၁ | ၂၇၀ | ၁၁၇၇ | ၃၇၇ | ၆၂၂ |

ဇာစ်မြစ် – Myanmar Forestry Statistics 1996-97 tp 2005-06 C-50

ဇယား (၂)

**အတိတ်နှင့် ပစ္စုပ္ပန်ကာလ သစ်သယံဇာတအသုံးချမှု**

(ကုဗတန် – ထောင်ပေါင်း)

| ဘဏ္ဍာနှစ် | ကျွန်းသစ်လုံး | | | သစ်မာသစ်လုံး | | |
|---|---|---|---|---|---|---|
| | ထုတ်လုပ် | ပြည်တွင်းခွဲ | ပြည်ပပို့ | ထုတ်လုပ် | ပြည်တွင်းခွဲ | ပြည်ပပို့ |
| ၁၉၅၅–၅၆ | ၁၁၀ | ၁၀၆ | ၇ | – | – | – |
| ၆၅–၆၆ | ၂၈၂ | ၂၈၆ | ၅၆ | ၆၀၃ | ၅၇၄ | – |
| ၇၅–၇၆ | ၂၄၅ | ၁၈၃ | ၃၂ | ၃၈၇ | ၃၄၇ | ၅၄ |
| ၈၅–၈၆ | ၄၁၆ | ၂၄၃ | ၁၀၄ | ၅၄၇ | ၄၄၁ | ၄၄ |
| ၉၅–၉၆ | ၂၅၂ | ၈၇ | ၁၁၄ | ၆၅၆ | ၃၇၀ | ၉၅ |
| ၀၅–၀၆ | ၃၀၇ | ၁၁ | ၂၇၅ | ၁၁၇၇ | ၃၇၆ | ၆၂၂ |

**ဇာစ်မြစ်** – Statistical Year Book 1969, STB

– ဘဏ္ဍာရေး၊ စီးပွားရေးနှင့် လူမှုရေးတင်ပြချက်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

– Statistical year books, C.S.O

လိုက်ရောင်းချတင်ပို့ခွင့်အထိ ပုဂ္ဂလိကများအား လုပ်ပိုင်ခွင့်ပြုလိုက်သည်။ ထိုအချိန်မှစ၍ ဆူလွယ်နပ်လွယ် ငွေပေါ်လွယ်သော ပြည်ပသို့သစ်လုံးလိုက်ရောင်းချတင်ပို့မှုကို သာ ပုဂ္ဂလိကများက ဇောက်ချလုပ်ကိုင်ကြတော့၏။ သစ်ခွဲစိတ်မှုလုပ်ငန်းအပါအဝင် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်မူ ထဲထဲဝင်ဝင်ဆောင်ရွက်ခြင်း မရှိကြ၊ မည်ကာမတ္တပြုရုပ်မျှသာ ဆောင်ရွက်ကြသည်ဟု လေ့လာသူတို့က ဆိုကြသည်။

ထိုသို့ ပြည်ပသို့ သစ်လုံးလိုက်

www.foreverspace.com.mm

ရောင်းချတင်ပို့လျက်ရှိသည်ကို မြင်တွေ့နေသော စီးပွားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ မြန်မာပညာရှင်တစ်ဦးကပင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI နှင့် ပတ်သက်၍ မီဒီယာတစ်ခုသို့ ၎င်း၏သဘောထားမှတ်ချက်များကို အောက်ပါအတိုင်း ပြောကြားခဲ့ကြောင်း ဖတ်ရှုလိုက်ရသည်။

"ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ စီးပွားရေးကဏ္ဍမြင့်မားတိုးတက်စေဖို့ တည်ဆောက်ရာမှာ Primary Production က စရတာပါ။ အဲဒီအခြေအနေက တစ်ဆင့်ပြီးတစ်ဆင့်မြင့်လာအောင် ဆောင်ရွက်သွားရမှာပါ။ တစ်ချိန်တုန်းကဆိုရင် မြန်မာနိုင်ငံကသတ္တုပစ္စည်းတွေရောင်းရင် မြေကြီးကိုပဲရောင်းရတာ။ ဝယ်တဲ့နိုင်ငံက အဲဒီပစ္စည်းမှာ သတ္တုဘယ်လောက်ပါတယ်၊ ဘယ်နှမျိုးပါတယ်ဆိုတာ ခွဲခြားပြီး သူတို့ပေးသလောက်ယူခဲ့ရတာမျိုးပါ။ သစ်ဆိုရင်လည်း အလုံးလိုက် ရောင်းခဲ့ရတာပါ။ ဒီလိုအခြေအနေကနေ အခုဆိုရင် တန်ဖိုးမြင့်ထုတ်ကုန်တွေထုတ်နိုင်ဖို့အတွက် သက်ဆိုင်ရာနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ တတ်နိုင်တဲ့ဘက်ကနေဆောင်ရွက်နေတာကိုလည်း တွေ့နေရတယ်"

မည်သို့ပင်ဆိုစေ ပုဂ္ဂလိကများကို သစ်ထုတ်လုပ်ရောင်းဝယ်ခွင့်ပြုခြင်းသည် ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ သစ်ထုတ်လုပ်ငန်း၌ ပုဂ္ဂလိကများ ပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းကြောင့်လည်း ယခုနှစ်များအတွင်း သစ်ထုတ်လုပ်မှုပမာဏ အထူးမြင့်မားတိုးတက်လာခြင်းဖြစ်ကြောင်း၊ သို့သော် ထိုသို့ သစ်ထုတ်လုပ်မှု မြင့်မားတိုးတက်လာခြင်းသည် သစ်တောသယံဇာတရင်းမြစ်အပေါ် သက်ရောက်မှု မည်သို့ရှိမည်ဆိုသည်ကို ဆန်းစစ်ကြည့်သင့်ကြောင်း လေ့လာသူတို့ကဆိုကြသည်။

မြန်မာနိုင်ငံ သစ်တောဦးစီးဌာနသည် မြန်မာ့သစ်တောများမှ သစ်သယံဇာတများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရန်အတွက် Sustainable Yield ရရှိစေရန် မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ် (Mynamar Selection System-MSS) ကို ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ဤစနစ်ကို ကိုလိုနီခေတ်မှစ၍ ယနေ့ထက်တိုင်ကျင့်သုံးလျက်ရှိခြင်းဖြစ်၏။ သစ်နှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကလည်း ယင်းစနစ်ကို တလေးတစား လက်ခံထားကြသည်။

MSS စနစ်တွင် ကျွန်းနှင့်သစ်မာများကို လုံးပတ်ကန့်သတ်ချက်ဖြင့်သာ ခုတ်လှဲစေခဲ့သည်။ ထိုလုံးပတ်ကန့်သတ်



www.foreverspace.com.mm



ချက်ဖြင့် နှစ်စဉ်တောထွက် (Annual Allowable Cut-AAC) သတ်မှတ်ပေးပြီး ခုတ်လှဲစေခဲ့ခြင်း ဖြစ်၏။

"မျက်မှောက်ကာလတွင် အမြဲတမ်းသစ်တောမြေများ၏ အလားအလာမှာ တဖြည်းဖြည်း အရည်အသွေးကျဆင်းလျက်ရှိကြောင်း၊ တိုးချဲ့ဖွဲ့စည်းနိုင်မည့် ပမာဏလျော့နည်းလာပြီး ဖွဲ့စည်းဆောင်ရွက်ရမည့် အချိန်ကာလ ပိုကြာလာမည်ဖြစ်ကြောင်း၊ ယင်းကာလအတွင်း တောအရည်အသွေးကျဆင်းလာပြီး အခြားမြေအသုံးပြုနေသည့် ပမာဏ ပိုမိုများပြားလာနိုင်ကြောင်း၊ အကျိုးဆက်အနေဖြင့် စီးပွားရေးအရ သစ်ထုတ်နိုင်သည့်တောပမာဏနှင့် တန်ဖိုးရှိသစ်မျိုးများ လျော့နည်းလာခြင်း၊ နှစ်စဉ် တောထွက်လျော့နည်းလာခြင်းများ ကြုံတွေ့နေရပြီး မကြာမီကန့်သတ်လုံးပတ်လျှော့ချထုတ်လုပ်ခွင့်ပြုရမည့်အခြေအနေသို့ရောက်နိုင်ကြောင်း" သစ်တောပညာရှင်တစ်ဦးက ဆိုပါသည်။

## သစ်တောဖုံးလွှမ်းမှုဧရိယာ

ထို့ပြင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် နိုင်ငံအကျယ်အဝန်းဧရိယာ၏ ၄၁ ရာခိုင်နှုန်းသာကျန်ရှိတော့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၁၀ ပြည့်နှစ်အတွက် ထုတ်ပြန်သော စာရင်းများအရ သိရသည်။ ၁၉၇၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၃၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာမှာ ၁၄ ရာခိုင်နှုန်းအထိ လျော့ကျသွားခြင်းဖြစ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၁၉၅၈ ခုနှစ်တွင် ၅၇ ဒသမ ၂ ရာခိုင်နှုန်း၊ ၁၉၇၅ ခုနှစ်တွင် ၅၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၀၀ ပြည့်နှစ်တွင် ၅၂ ဒသမ ၃ ရာခိုင်နှုန်းစီ အသီးသီးကျန်ရှိခဲ့ကြောင်း သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

အဆိုပါ မြန်မာ့သစ်တောများ၏ အခြေအနေအရ ဤစာစုအစ၌ ဖော်ပြခဲ့သော လာမည့်ဘဏ္ဍာနှစ်မှစ၍ သစ်ထုတ်လုပ်မှုလျှော့ချရန် စီစဉ်ဟူသည့် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းအတိုင်း သက်ဆိုင်ရာတို့က အမှန်တကယ် စီစဉ်သည်ဟုဆိုလျှင် အခြေအနေအချိန်အခါနှင့် ကိုက်ညီသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ စီစဉ်သည့်အတိုင်းလည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း လေ့လာသူတို့က ဆိုကြသည်။

စင်စစ် ပြည်ပသို့ သစ်တင်ပို့မှုနှင့် ပတ်သက်ပြီး အဓိကတာဝန်ရှိအဖွဲ့အစည်း၌ သစ်လုံးလိုက်ရောင်းချမှုကို တစ်စထက်တစ်စလျှော့ချပြီး သစ်အခြေခံတန်ဖိုးမြင့်ပစ္စည်းများ တိုးတက်ထုတ်လုပ်သွားရန် လွန်ခဲ့သည့် ဆယ်စုနှစ်မတိုင်မီကတည်းက ရည်ရွယ်ချက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

တစ်ဖန် ယင်းအဖွဲ့အစည်းအနေဖြင့် လုပ်ငန်းလမ်းညွှန်ချက်ရှစ်ချက် ချမှတ်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။ ထိုလုပ်ငန်းလမ်းညွှန်ချက်ရှစ်ချက်၏ အနှစ်ချုပ်ကို 'သစ်တောထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ ထုတ်ယူသုံးစွဲရေးတို့ကို ဟန်ချက်ညီဆောင်ရွက်ရင်း သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တန်ဖိုးမြင့်သစ်အခြေခံကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချကာ ပြည်ပဝင်ငွေ တိုးမြင့်ရှာဖွေရန်' ဟု အဓိပ္ပာယ်ဖော်ယူရရှိပါသည်။

## သစ်တောသယံဇာတရက်ရှည်တည်တံ့ရေး

ထို့ပြင် ၁၉၉၅ ခုနှစ်က ထုတ်ပြန်ခဲ့သော မြန်မာ့သစ်တောမူဝါဒ သဘောထားကြေညာချက်ပါ ပဓာနကျသောအချက်များအနက် 'သစ်တောများမှရရှိသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့စေရေးအတွက် ထိန်းသိမ်းရမယ်' ဟူသောအချက်လည်း ပါရှိပြီးဖြစ်သည်။

အဆိုပါရည်ရွယ်ချက်များ၊ လမ်းညွှန်ချက်များနှင့် မူဝါဒများကို လက်တွေ့ကျင့်သုံးရာ၌ အားနည်းမှုများမရှိခဲ့ပါလျှင် သစ်တောပညာရှင်ပြောသကဲ့သို့ စီးပွားရေးအရ ထုတ်လုပ်နိုင်သည့် သစ်တောပမာဏနှင့် တန်ဖိုးရှိသစ်မျိုးများ လျော့နည်းခြင်း၊ နှစ်စဉ်တောထွက်လျော့နည်းလာခြင်းများကို ယခုကဲ့သို့ ကြုံတွေ့ရဖွယ်ရှိမည်မဟုတ်ကြောင်း လေ့လာသူတို့က ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ သစ်တောသယံဇာတပြုန်းတီးမှုကို လျော့နည်းစေရန် အတွက်လည်းကောင်း၊ ပြည်တွင်းသစ်သုံးစွဲမှုကို ဖုလုံစေရုံမျှမက ပြည်သူတို့အတွက် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်စေရန်အတွက်လည်းကောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် အတွက်လည်းကောင်း၊ လက်ရှိသစ်သယံဇာတအသုံးချမှုကို ပြန်လည်ဆန်းစစ်ရန် လိုအပ်နေပြီဖြစ်သည်။ ထိုသို့ ဆန်းစစ်သုံးသပ်ပြီး အနာဂတ်ကာလတွင် သစ်သယံဇာတများကို မျှခြေညီအသုံးချမှု (Balanced Utilization) ဗျူဟာတစ်ရပ် ရေးဆွဲကျင့်သုံးဆောင်ရွက်ချိန်တန်ပြီဖြစ်ပါကြောင်း။

**သစ်ရိုင်း**
**(၁၈-၈-၂၀၁၀)**
**(ဓာတ်ပုံ-မိုးကျော်လွင်)**

**ကိုးကား** – March 15-21,2010 ထုတ် The Voice Weekly
– July 21, 2009 ထုတ် Bi-weekly Eleven
– ၂၀၀၉ ခု ဇန်နဝါရီလထုတ် သစ်တောရေးရာဂျာနယ်

www.foreverspace.com.mm

**ခေတ်သစ်မားကတ်တင်းနည်းနာများတွင် သတင်းပေးဆွဲဆောင်သော ဆက်သွယ်ရေးနည်းလမ်းများဖြစ်သည့် အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်းဗျူဟာများကို ထိရောက်စွာကျင့်သုံးလေ့ရှိကြသည်။ အဆိုပါကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်းဟူသောစကားရပ်တို့သည် အမြဲပူးတွဲတွေ့ရလေ့ရှိသော ဆက်သွယ်ရေးနည်းလမ်းများလည်း ဖြစ်ပါသည်။**

အရောင်းမြှင့်တင်ခြင်းဟူသော စကားရပ်သည် ကျယ်ပြန့်ပြီး ရောင်းဝယ်ဖောက်ကားမှုများကို မြန်မြန်နှင့်များများ ဖြစ်ပေါ်လာစေရန် သတင်းပေးဆွဲဆောင်မှုပြုသောဆက်သွယ်ရေးနည်းလမ်းများ၊ လုပ်ငန်းစဉ်များအားလုံး ပါဝင်သည်။ ကြော်ငြာခြင်းသည် 'ဘာကြောင့် ဝယ်ယူသင့်သည်' ဟူသော သတင်းအချက်အလက်ကိုပေးပြီး အရောင်းမြှင့်တင်ရေးသည် 'ဝယ်ယူမှုဖြစ်မြောက်စေရန် မက်လုံးပေးခြင်း' ဖြစ်သည်။ အရောင်းမြှင့်တင်ခြင်းတွင် လူထုကို သတင်းပေးခြင်း၊ သိစေခြင်း (Publicity)၊ ကိုယ်တိုင်ကိုယ်ကျရောင်းချခြင်း (Personal Selling) နှင့် ကြော်ငြာခြင်း (Advertising) တို့ပါဝင်သည်။ ကုမ္ပဏီတို့သည် မိမိတို့၏ကုန်အမှတ်တံဆိပ်ကို သိရှိစေရန်နှင့် ပုံရိပ်ကောင်းရရှိစေရန် ဆက်သွယ်ရေးနည်းလမ်းများကို ကျင့်သုံးကြခြင်းဖြစ်ပြီး Marketing Communication Mix ခေါ် ဈေးကွက်ရေးရာ ဆက်သွယ်ရေးအရောအစပ်တွင် နည်းလမ်းခြောက်သွယ်ပါရှိရာ (၁) ကြော်ငြာခြင်း၊ (၂) အရောင်းမြှင့်တင်ရေး၊ (၃) ဖြစ်ရပ်များ၊ အတွေ့အကြုံများ (၄) လူထုဆက်သွယ်ရေး၊ (၅) တိုက်ရိုက်ဈေးကွက်ရှာခြင်းနှင့် (၆) ကိုယ်တိုင်ရောင်းချခြင်းဟူသော ဆက်သွယ်ရေးနည်းလမ်းများဖြစ်ပါသည်။

# အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်းဗျူဟာ

**မျိုးခန့်စံ**



ဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြု၍ ဈေးကွက်ရှာဖွေထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ကြရာတွင် ထိရောက်သောဆက်သွယ်ရေးများဖြစ်ထွန်းရန်လိုအပ်ပြီး ယင်းလုပ်ငန်းစဉ်များတွင် အဆင့်ရှစ်ဆင့်ပါရှိသည်။ ယင်းအဆင့်များမှာ (၁) ပစ်မှတ်ပရိသတ်ကို သတ်မှတ်ခြင်း၊ (၂) ဆက်သွယ်ရေး ရည်ရွယ်ချက်ကို ဆုံးဖြတ်ခြင်း၊ (၃) ဆက်သွယ်ရေးနည်းလမ်းကို ပုံဖော်ခြင်း၊ (၄) ဆက်သွယ်ရေးလမ်းကြောင်းများကိုရွေးချယ်ခြင်း၊ (၅) စုစုပေါင်းအသုံးစရိတ် လျာထားသတ်မှတ်ခြင်း၊ (၆) ဆက်သွယ်ရေးအရောအနှောများကို ဆုံးဖြတ်သတ်မှတ်ခြင်း၊ (၇) ရလဒ်များ

www.foreverspace.com.mm



ကိုတိုင်းတာခြင်းနှင့် (၈) ဈေးကွက်ရေးရာ ဆက်သွယ်ရေးလုပ်ငန်းစဉ်များကို ညှိနှိုင်း ပေါင်းစပ်စီမံခန့်ခွဲခြင်းဟူသော အဆင့်တို့ ဖြစ်သည်။

ပစ်မှတ်ပရိသတ်ကို သတ်မှတ်ရာ တွင် လက်ရှိလက်ခံနေသော လူထုနှင့် မျှော်မှန်းထားသောပုံရိပ်တို့ကြား ကွာဟချက် နည်းနိုင်သမျှနည်းသင့်သည်။ ဆက်သွယ်မှု ရည်ရွယ်ချက်သတ်မှတ်ရာတွင် အမှတ်တံဆိပ်သတိပြုမိမှု၊ သဘောထား၊ ဝယ်ယူလိုမှု စသည်တို့ကို ထည့်သွင်းစဉ်းစားလေ့ရှိသည်။ ပုံဖော်ဆောင်ရွက်ရာတွင် ဘာတွေပြောမည်၊ ရေးမည်ဟူသော သတင်းပေးဗျူဟာ၊ ဘယ်လိုဖော်ပြမည်ဟူသော ဖန်တီးမှုဗျူဟာ၊ မည်သူကပြောမည်ဆိုသော သတင်းရင်းမြစ် စသည်များကို စဉ်းစားသုံးသပ်ဆောင်ရွက်ရလေ့ရှိသည်။ မည်သို့သောလမ်းကြောင်း (Channel) ကို ရွေးချယ်မည်။ ရည်ရွယ်ချက်နှင့်အလုပ်တာဝန်၊ အသုံးစရိတ်လျာထားမှုနှင့် စစ်ဆေးကြပ်မတ်မှု စသည်များကို စနစ်တကျသတ်မှတ်လုပ်ဆောင်သင့်ပေသည်။

မီဒီယာများမှတစ်ဆင့် မိမိပေးလိုသည့် သတင်းအချက်အလက်များကို စားသုံးသူများ၊ အလားအလာရှိ ဖောက်သည်များ၊ လူမှုအဖွဲ့အစည်း ဦးဆောင်ပုဂ္ဂိုလ်များသို့ သတင်းဖြန့်ဝေခြင်းသည် (Publicity)ပင်ဖြစ်သည်။ ကြော်ငြာနှင့် ကွာခြားချက်မှာ အခကြေးငွေကုန်ကျမှု မရှိခြင်းဖြစ်သည်။ အဆိုပါလူထုဆက်သွယ်ရေးလုပ်ငန်းစဉ်များကို ဖြည်းဖြည်းမှန်မှန်နှင့် အာရုံထား၍ လုပ်ဆောင်ရန် လိုအပ်ပေသည်။ လုပ်ငန်းရှင်တို့သည် မိမိလုပ်ငန်းနှင့်ဆက်စပ်၍ ဖောက်သည်များ စိတ်ဝင်စားနိုင်မည့်အကြောင်းအရာများကို ရှာဖွေရွေးချယ်ကာ ဆောင်းပါးများရေးသားခြင်း၊ ပြိုင်ပွဲများကျင်းပခြင်း၊ အသံလွှင့်ဌာန၊ ရုပ်မြင်သံကြားဌာနများနှင့် ဆက်သွယ်၍ တွေ့ဆုံမေးမြန်းခြင်းကဏ္ဍ၊ အခြားစိတ်ဝင်စားဖွယ်ရာအစီအစဉ်များ တင်ဆက်ခြင်း


**ပစ်မှတ်ပရိသတ်ကို သတ်မှတ်ရာတွင် လက်ရှိလက်ခံနေသော လူထုနှင့် မျှော်မှန်းထားသောပုံရိပ်တို့ကြား ကွာဟချက် နည်းနိုင်သမျှနည်းသင့်သည်။ ဆက်သွယ်မှု ရည်ရွယ်ချက်သတ်မှတ်ရာတွင် အမှတ်တံဆိပ်သတိပြုမိမှု၊ သဘောထား၊ ဝယ်ယူလိုမှု စသည်တို့ကို ထည့်သွင်းစဉ်းစားလေ့ရှိသည်။ ပုံဖော်ဆောင်ရွက်ရာတွင် ဘာတွေပြောမည်၊ ရေးမည်ဟူသော သတင်းပေးဗျူဟာ၊ ဘယ်လိုဖော်ပြမည်ဟူသော ဖန်တီးမှုဗျူဟာ၊ မည်သူကပြောမည်ဆိုသော သတင်းရင်းမြစ် စသည်များကို စဉ်းစားသုံးသပ်ဆောင်ရွက်ရလေ့ရှိသည်။**

နည်းများကို ကျင့်သုံးလေ့ရှိသည်။ News Letters ဖြန့်ဝေခြင်း၊ Seminar များကျင်းပပေးခြင်း၊ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို လုပ်ဆောင်လေ့ရှိသည်။ MPR (Marketing Public Relation) ဟုလည်း သုံးနှုန်းလေ့ရှိသည်။

စားသုံးသူများ၊ ဖောက်သည်များ၊ အလားအလာရှိ ဖောက်သည်များကို တိုက်ရိုက်ထိတွေ့ရောင်းချခြင်း၊ တင်ပြဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းဖြေကြားခြင်းသည် Personal Selling ဖြစ်ပြီး ထိုသို့ ဖောက်သည်များနှင့် တိုက်ရိုက်ထိတွေ့ခြင်းသည် ရင်းနှီးကျွမ်းဝင်မှုရှိစေပြီး ယုံကြည်မှုအားသာချက်ရရှိစေပါသည်။ အရောင်းဝန်ထမ်းများ၏ ကျွမ်းကျင်မှုအရည်အသွေးဖြင့် ကုမ္ပဏီ၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများသည် ဖောက်သည်တို့၏လိုအင်နှင့် ကိုက်ညီယှဉ်တွဲစေရန် ကြိုးစားအားထုတ်ခြင်းတစ်ရပ်လည်းဖြစ်သည်။ ဖောက်သည်တို့၏ လိုအပ်ချက်နှင့် လိုအင်ကိုသိရှိဖြည့်ဆည်း၍ ဖောက်သည်တို့ စိတ်ကျေနပ်ချမ်းမြေ့စေရန်ဖြစ်သည်။ ထို့ပြင် ကုမ္ပဏီမှ Main Sponsor အဓိကပံ့ပိုးသူ၊ Co-Sponsor အဖွဲ့ဝင်ပံ့ပိုးသူအဖြစ် ဆောင်ရွက်၍ မီးပုံးပျံပွဲတော်၊ သင်္ကြန်ပွဲတော်၊ ရိုးရာပွဲတော်၊ ဂီတပွဲတော် စသည့် Events and Experience များ စီစဉ်ဆောင်ရွက်ခြင်း၊ ဖုန်း၊ စာတိုက်၊ အီးမေးလ်၊ အင်တာနက် စသည်များမှ တိုက်ရိုက်ဆက်သွယ်ဈေးကွက်ရာခြင်း (Direct Marketing) နည်းလမ်းများကိုလည်း ကျင့်သုံးကြသည်။

အရောင်းမြှင့်တင်ခြင်း (Sales Promotion) သည် များများနှင့်မြန်မြန်ဝယ်ယူမှုဖြစ်ပေါ်စေရန် မက်လုံးပေးမှုဖြစ်ပြီး စားသုံးသူများဆိုင်ရာ အရောင်းမြှင့်တင်ခြင်း (Consumer Promotion)၊ ကုန်သွယ်မှုအရောင်းမြှင့်တင်ခြင်း (Trade Promotion) နှင့် ဘိဇနက်နှင့် အရောင်းဌာနများ၏ အရောင်းမြှင့်ရေးအစီအမံများ ဆောင်ရွက်ခြင်း (Business and Slaes-Force Promotion) ဟူ၍ သုံးမျိုးခွဲခြားလေ့ရှိသည်။ စားသုံးသူများဆိုင်ရာ အရောင်းမြှင့်တင်ခြင်းတွင် နမူနာပေးခြင်း၊ ကူပွန်ပေးခြင်း၊ ကံစမ်းမဲပေးခြင်း၊ အာမခံပေးခြင်း၊ ငွေသားပြန်အမ်းခြင်း၊ ဈေးလျှော့ခြင်း၊ သရုပ်ပြခြင်း၊ ခင်းကျင်းပြသခြင်းတို့ပါဝင်ပြီး Trade Promotion တွင် ဈေးနှုန်းလျှော့ပေါ့ခြင်း၊ အပိုလက်ဆောင်ပေးခြင်း၊ ကြော်ငြာနှင့် ခင်းကျင်းပြသမှုများ ပါဝင်သည်။ Business and Sales-Force Promotion တွင် ကုန်စည်ပြပွဲများ၊ ညီလာခံနှင့် အရောင်းဌာန၏ အရောင်းမြှင့်တင်ရေးအစီအမံများ၊ မက်လုံးများ၊ ပြိုင်ပွဲများ၊ ဆုပေးခြင်းများ ပါဝင်သည်။ ရောင်းချသူများသည် ဖောက်သည်သစ်များ၊ စမ်းသပ်သုံးစွဲသူများကို

www.foreverspace.com.mm



ဆွဲဆောင်ရန်၊ သစ္စာရှိဖောက်သည်များ ဖြစ်လာစေရန်နှင့် ကြိမ်ဖန်များစွာ ဝယ်ယူမှုဖြစ်လာစေရန် ရည်ရွယ်၍ မက်လုံးပေး အရောင်းမြှင့်ပုံစံကို ကျင့်သုံးကြခြင်းဖြစ်သည်။

ကြော်ငြာကိစ္စရပ်များကို ဆောင်ရွက်ကြရာတွင် ကုမ္ပဏီငယ်တို့၌ အရောင်းနှင့် ဈေးကွက်ဌာနမှ မန်နေဂျာ သို့မဟုတ် တာဝန်ပေးထားသူတစ်ဦးဦးသည် ကြော်ငြာအေဂျင်စီနှင့် ချိတ်ဆက်၍ ကြော်ငြာကိစ္စရပ်များကို ဆောင်ရွက်လေ့ရှိပြီး ကုမ္ပဏီကြီးတို့တွင်မူ ကြော်ငြာဌာန သီးသန့်ထား၍ တာဝန်ခံမန်နေဂျာသည် ဈေးကွက်ရေးရာဒါရိုက်တာထံသို့ သတင်းပေးပို့ တာဝန်ခံဆောင်ရွက်ရလေ့ရှိသည်။ ကြော်ငြာဌာန၏ တာဝန်များမှာ ကြော်ငြာခန့်မှန်းအသုံးစရိတ်များ ရေးဆွဲတောင်းခံခြင်း၊ ကြော်ငြာမဟာဗျူဟာများချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း စသည်တို့ဆောင်ရွက်ရန် ဖြစ်သည်။ ကြော်ငြာအစီအစဉ်များဆောင်ရွက်ရန် ကြော်ငြာမန်နေဂျာ သို့မဟုတ် ဈေးကွက်ရေးရာမန်နေဂျာသည် ပစ်မှတ်ဈေးကွက်သတ်မှတ်ခြင်း၊ ဝယ်ယူသည့်အကြောင်းအရင်းရှာဖွေခြင်း၊ ဝယ်ယူမှု အလေ့အထသုံးသပ်ခြင်း စသော လုပ်ငန်းစဉ်များမှ စတင်၍ Five Msဟုခေါ်သည့် ရည်မှန်းချက် (Mission)၊ ငွေကြေး (Money)၊ သတင်း (Message)၊ မီဒီယာ (Media) နှင့် တိုင်းတာခြင်း(Measurement) ဆိုသည့်အချက်များကို စဉ်းစားဆုံးဖြတ်ရလေ့ရှိသည်။ သတ်မှတ်ထားသောကာလအတွင်း ရည်ရွယ်ထားသောပစ်မှတ်မှ လိုချင်သောအရောင်းပမာဏမြှင့်တက်ရန် ဆောင်ရွက်ခြင်းဖြစ်ရာ ကြော်ငြာ၏ ရည်ရွယ်ချက်သတ်မှတ်ရာတွင် တိုင်းတာနိုင်သော ကိန်းဂဏန်းများဖြင့် ဖော်ပြပေးရန် လိုအပ်ပေသည်။ (အခက်အခဲရှိနိုင်ပါသည်။ သို့သော် ကြိုးစားဆောင်ရွက်သင့်သည်။)

လက်ရှိဈေးကွက်တွင် ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို စိတ်ဖြာသုံးသပ်၍ ထွက်ပေါ်လာသော ရည်ရွယ်ချက်မျိုး ဖြစ်သင့်သည်။ သတင်းပေးသောကြော်ငြာ (Informative Advertising)၊ ဆွဲဆောင်သောကြော်ငြာ (Persuasive Advertising)၊ သတိပေးနှိုးဆော်ကြော်ငြာ (Reminder Advertising) ဟူ၍လည်း ခွဲခြားသတ်မှတ်နိုင်သည်။ ကုန်စည်စတင်ထိုးဖောက်ချိန်တွင် (Informative Advertising) ကိုအသုံးပြုပြီး ယှဉ်ပြိုင်ရသော

www.foreverspace.com.mm

အခြေအနေတွင် Persuasive Advertising ကို ကျင့်သုံးကာ ကုန်စည်ရင့်ကျက်ချိန်တွင် Reminder Advertising ကို ကျင့်သုံးလေ့ရှိသည်။ လက်ရှိဝယ်ယူသူများ မှန်ကန်သောရွေးချယ်မှုဖြစ်စေရန် စစ်ကူကြော်ငြာသို့မဟုတ် ခိုင်မာတောင့်တင်းစေသောကြော်ငြာ Reinforcement Advertising ကို ကျင့်သုံးလေ့ရှိသည်။

ကြော်ငြာခြင်းသည် လက်ရှိကာလကိုလွန်သည့် အကျိုးဆက်များရှိသည်။ ကြော်ငြာကုန်ကျမှုများကို လက်ငင်းစရိတ်အဖြစ် သတ်မှတ်လေ့ရှိသော်လည်း တကယ်တမ်းတွင်မူ ယင်းစရိတ်သည် မမြင်နိုင်သောရပိုင်ခွင့်များဖြစ်သည့် Brand Equity သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု၏ အစိတ်အပိုင်းများဖြစ်သည်။ ကြော်ငြာစရိတ်များလျာထားသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားလေ့ရှိသည့် အကြောင်းရင်းခံငါးချက်ရှိရာ (၁) ကုန်စည်သံသရာရှိကုန်စည်၏အဆင့်၊ (၂) ဈေးကွက်ဝေစုနှင့် ဖောက်သည်တို့၏အခြေအနေ၊ (၃) ယှဉ်ပြိုင်မှုများ၊ (၄) အကြိမ်အရေအတွက်နှင့် (၅) အစားထိုးကုန်စည်ဖြစ်မှု၊ မဖြစ်မှု စသည်တို့အပေါ်မူတည်၍ စဉ်းစားသည်။ အဓိကအချက်မှာ ကြော်ငြာသည် ကုန်စည်၏ ထူးခြားသောသွင်ပြင်လက္ခဏာများနှင့် အကျိုးကျေးဇူးများကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရန်ဖြစ်သည်။ ကြော်ငြာကို ငွေမည်မျှပုံအော၍ သုံးစွဲနိုင်သည်ဆိုခြင်းထက် တီထွင်ဆန်းသစ်နိုင်ခြင်းသည် ပို၍အရေးပါသောအချက် ဖြစ်သည်။

ထိရောက်သော ကုန်ကျစရိတ်သက်သာသောကြော်ငြာဖြစ်ရန် မီဒီယာရွေးချယ်မှုမှန်ကန်ရန်လိုသည်။ မီဒီယာတို့တွင် အားနည်းချက်၊ အားသာချက် ကိုယ်စီရှိရာ 'မိမိဖောက်သည်တို့၏ မီဒီယာအလေ့အထ' 'မိမိ၏ ကုန်စည်အမျိုးအစား' 'ပေးလိုသောသတင်းအချက်အလက်' 'ကုန်ကျစရိတ်' ဤကိန်းရှင်လေးလုံးကိုလည်း ထည့်သွင်း

**လွန်ခဲ့သောဆယ်စုနှစ်များကမူ ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေး၏ အချိုးမှာ ၆၀း၄၀ ဖြစ်သော်လည်း ယခုအခါတွင် စားသုံးမှုထုပ်ပိုးကုန်စည်တို့တွင် အရောင်းမြှင့်တင်ရေးစရိတ်သည် စုစုပေါင်း ဘတ်ဂျက်၏ ၇၅ ရာခိုင်နှုန်းခန့်ရှိသည်။ ကုန်သွယ်မှုအရောင်းမြှင့်တင်ရေးတွင် ၅၀ ရာခိုင်နှုန်းခန့် သုံးစွဲရပြီး စားသုံးသူဆိုင်ရာ အရောင်းမြှင့်တင်ရေးတွင် ၂၅ ရာခိုင်နှုန်းခန့် သုံးစွဲနေရသည်။**

စဉ်းစားရသည်။ ကြော်ငြာ၏ဦးတည်ချက်သည် ရေရှည်ဦးတည်ချက်မျိုးမဖြစ်စေဘဲ ရေတိုစီမံချက်သာဖြစ်သင့်ပေသည်။

ကြော်ငြာ၏ထိရောက်မှုကိုတိုင်းတာသတ်မှတ်ရာတွင် ဆက်သွယ်ရေးထိရောက်မှုနှင့် အရောင်းထိရောက်မှုဟူ၍ နှစ်မျိုးခွဲခြားတိုင်းတာလေ့ရှိသည်။ ကြော်ငြာမထုတ်လွှင့်မီ တိုင်းတာသည့် Pre-Testing Method သုံးမျိုးရှိရာ တိုက်ရိုက်အမှတ်ပေးနည်း၊ ပို့ဖိုလီယိုနည်းနှင့် ဓာတ်ခွဲစမ်းသပ်နည်း (Laboratory Test) ဟူ၍ဖြစ်သည်။ ကြော်ငြာထုတ်လွှင့်ပြီးနောက် တိုင်းတာသည့်နည်းများကိုလည်း အသုံးပြုလေ့ရှိပါသည်။ အရောင်းထိရောက်မှုကို တိုင်းတာခြင်းသည် ပိုမိုခက်ခဲလေ့ရှိသည်။ အရောင်းသည် ကုန်စည်၏အသွင်အပြင်၊ အရည်အသွေး၊ ဈေးနှုန်း၊ လွယ်လင့်တကူရရှိမှု၊ ထင်ရှားမှု၊ လူသိများမှု၊ အသုံးဝင်မှု၊ အဆင့်အတန်းရှိမှု၊ အရောင်းစွမ်းရည် စသော အချက်အလက်များစွာတို့အပေါ်မူတည်ရာ ကြော်ငြာ၏ အရောင်းထိရောက်မှုကို တိုင်းတာရန် ခက်ခဲသည်။ ရောင်းအားနှင့် ကြော်ငြာစရိတ်များကို အပြန်အလှန်သုံးသပ်၍ အရောင်းထိရောက်မှုကို တိုင်းတာလေ့ရှိပါသည်။

လွန်ခဲ့သောဆယ်စုနှစ်များကမူ ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေး၏ အချိုးမှာ ၆၀း၄၀ ဖြစ်သော်လည်း ယခုအခါတွင် စားသုံးမှုထုပ်ပိုးကုန်စည်တို့တွင် အရောင်းမြှင့်တင်ရေးစရိတ်သည် စုစုပေါင်းဘတ်ဂျက်၏ ၇၅ ရာခိုင်နှုန်းခန့်ရှိသည်။ ကုန်သွယ်မှုအရောင်းမြှင့်တင်ရေးတွင် ၅၀ ရာခိုင်နှုန်းခန့်သုံးစွဲရပြီး စားသုံးသူဆိုင်ရာ အရောင်းမြှင့်တင်ရေးတွင် ၂၅ ရာခိုင်နှုန်းခန့် သုံးစွဲနေရသည်။ ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုများမြင့်မားလာရာ အရောင်းမန်နေဂျာတို့သည် အရောင်းတိုးမြှင့်ရေး၊ ရောင်းအားမြင့်မားရေးအတွက် ဖိအားများကျရောက်လျက်ရှိသည်။ ထိပ်တန်းအမှုဆောင်အရာရှိများအနေဖြင့် အရောင်းမြှင့်တင်ရေးအစီအစဉ်များကို လက်ခံကျင့်သုံး၍ မိမိတို့ကုန်စည်၏ ပုံရိပ်ကောင်းများကို မထိခိုက်စေရန်၊ ရောင်းအားတိုးမြှင့်စေရန်၊ ဖောက်သည်တို့ စိတ်ကျေနပ်ချမ်းမြေ့ရန် အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်းဗျူဟာများကို စနစ်တကျ ချမှတ်လုပ်ဆောင်နေကြပြီဖြစ်ပါသည်။

**မှူးခန့်စံ**

Ref: Managing Mass Communications;
Designing and managing intergrated Marketing Communications; By Philip Kotler & Kevin Lane Keller.
(Marketing Management 12 e)

www.foreverspace.com.mm

**ယနေ့ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၈၀၀၀ ခန့်၏ ၁၀ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း လူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်း၊ ၁ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများဖြစ်ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းများအရ သိရှိရပါသည်။**

## မသန်စွမ်းမှုဆိုတာဘာလဲ

လူတစ်ဦးတွင် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုချို့ယွင်းနေခြင်း သို့မဟုတ် အားနည်းနေခြင်း သို့မဟုတ် ပြည့်စုံမှုမရှိခြင်းတို့ကြောင့် သာမန်လူသားများနှင့် ကွာခြားနေမှုကို မသန်စွမ်းမှုဟုအဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ မသန်စွမ်းမှုအား လူသားတိုင်း အသက်အရွယ်မရွေး၊ အချိန်အခါမရွေး၊ နေရာဒေသမရွေး ကြုံတွေ့ခံစားရနိုင်ပါသည်။ မသန်စွမ်းသူများ နေ့စဉ်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ရှိ အဟန့်အတားများ၊ လူမှုအသိုင်းအဝိုင်းအတွင်း ရင်ဆိုင်ရလျက်ရှိသော အဆင်မပြေမှုများအား လျော့နည်းပပျောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူများအား သာမန်လူများကဲ့သို့လှုပ်ရှားသွားလာခွင့်၊ ရရှိခံစားခွင့်၊ လူ့အသိုင်းအဝိုင်းတွင် တန်းတူပါဝင်ခွင့်တို့ကို ဖန်တီးပေးပြီးဖြစ်ပါမည်။ နိုင်ငံ၏စီးပွားရေး၊ လူမှုရေးအကျိုးစီးပွားများအား ဖော်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်နိုင်သော နိုင်ငံသားများဖြစ်လာစေရန် ဆောင်ရွက်ပေးခြင်းဟုလည်း ဆိုနိုင်ပါသည်။

## လူမှုဆက်ဆံရေးစနစ်

လူသားတိုင်းတွင် ပြီးပြည့်စုံမှုမရှိခြင်းသည် ကမ္ဘာဦးကပင် ဖြစ်ပါသည်။ ထို့

# ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်း

ဆတ်လက်ဝဲ (M.Dev.s)



www.foreverspace.com.mm

ကြောင့် 'No man is perfect' ဟူသော သဘောကို လူသားတိုင်းလက်ခံကြခြင်း ဖြစ်ပါသည်။ မသန်စွမ်းမှုနှင့်ရှိနေသော လူသားတစ်ဦးအား မသန်စွမ်းသူဖြစ်စေသော အကြောင်းတရားများတွင် အဓိကအကျဆုံး အကြောင်းရင်းသည် လူမှုဆက်ဆံရေး စနစ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် သာမန် လူသားများသည် မသန်စွမ်းသူများနှင့် ဆက်ဆံရာတွင် တရားမျှတသော ဆက်ဆံ မှုဖြစ်ရန်၊ သိက္ခာပိုင်းအရ မစော်ကားမိစေ ရန်၊ အထင်သေးနှိမ့်ချသောစိတ်နှင့် မမှန် ကန်သောစိတ်တို့ဖြင့် ဆက်ဆံမှုမပြုရန် ကျွန်ုပ်တို့အားလုံး ဂရုပြုဆောင်ရွက်ရပါ မည်။

## မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူညီမှု

၂၀ ရာစုတွင် မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်ခြင်းအပြင် လူ့အခွင့်အ ရေးများနှင့် ဘဝအောင်မြင်ရေးအတွက် တန်းတူအခွင့်အရေးများရရှိစေရန် ကြိုး ပမ်းမှုများ စတင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူညီမှုကို အတည်ပြုခဲ့ပါသည်။ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ် အကိုင်ရရှိရေးအခွင့်အလမ်းများ၊ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ တရားမျှတမှုရရှိခွင့်၊ အမှီ အခိုကင်းစွာနေနိုင်ရေး၊ အားကစားနှင့် လူမှုရေးဘဝတွင်ပါဝင်ခွင့် စသည်တို့အား နိုင်ငံတကာတွင် ဥပဒေများပြဋ္ဌာန်းပေးရန်၊ မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံ လေ့ရှိသော ဥပဒေနှင့် ဓလေ့ထုံးစံများအား အဆုံးသတ်ရန် စသည့် ရည်ရွယ်ချက်များ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ယင်း ရည်ရွယ်ချက်များကို အောင်မြင်စွာ ဆောင် ရွက်နိုင်ရန်အတွက် နိုင်ငံတကာတွင် ရပ်ရွာ အခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း များ (Community Based Rehabilitation - CBR) ကို အကောင်အထည်ဖော်လာကြ ပါသည်။




## မသန်စွမ်းမှုဖြစ်စေသော အတားအဆီးများ

လူတစ်ဦးကို မသန်စွမ်းဖြစ်စေသော အဓိကအကြောင်းရင်းများအနက် အောက် ဖော်ပြပါအချက်များသည် ထင်ရှားသော ဥပမာများဖြစ်ပါသည် –

၁။ လူသားများ ဖန်တီးတည်ဆောက် ထားသည့်အဆောက်အဦများ (ဥပမာ– မသန်စွမ်းသူများအသုံးပြုရန် အဆင်မပြေ သည့် သာမန်လှေကားများ၊ လမ်းများ၊ ကား များ၊ ဆက်သွယ်ရေးစနစ်၊ လူမှုဆက်ဆံ ရေးစနစ်)

၂။ သာမန်လူသားများ၏ မသန် စွမ်းသူများအပေါ်ထားရှိသည့် မသင့်လျော် သည့် ခံယူချက်၊ စိတ်ထား၊ ယူဆချက်များ



www.foreverspace.com.mm

(ဥပမာ– မသန်စွမ်းသူများအား အမင်္ဂလာအဖြစ်ယူဆ၍ ယင်းတို့ရှိနေခြင်းအား ရှက်ဖွယ်ကောင်းသောကိစ္စဟု သဘောထားခြင်း)

၃။ သာမန်လူနှင့် မသန်စွမ်းသူတို့ကိုခွဲခြားထားသော ပညာရေးစနစ်။

၄။ မသန်စွမ်းသူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်း၊ အလုပ်ရရန်ခက်ခဲခြင်း။

၅။ မသန်စွမ်းသူတို့ကို အကာအကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းချက်နှင့် လူမှုဖူလုံရေးစနစ်များမရှိခြင်း။

၆။ မသန်စွမ်းသူများကိုယ်တိုင်သိမ်ငယ်စိတ်၊ အားငယ်စိတ်ဝင်ပြီး ကြိုးစားလိုစိတ်ပျောက်ဆုံးကာ သူတစ်ပါးအပေါ်မှီခိုလိုစိတ်များ မွေးမြူလာခြင်း။



## ပြန်လည်ထူထောင်ရေး

၂၀၀၀ ပြည့်နှစ် ထောင်စုနှစ်ရည်မှန်းချက်များအနက် ဆင်းရဲမွဲတေမှုနှင့် ဆာလောင်မွတ်သိပ်မှုပပျောက်စေရေး၊ လူတိုင်းအခြေခံပညာ တတ်မြောက်စေရေး၊ ကျား၊ မ သာတူညီမျှမှုနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍအားမြှင့်တင်ရေး စသည့် ရည်မှန်းချက်သုံးရပ်သည် မသန်စွမ်းသူများနှင့် ယင်းတို့၏မိသားစုများအတွက် ပိုမိုအရေးပါပါသည်။ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရပ်ရွာမှပူးပေါင်းပါဝင်မှု၊ မသန်စွမ်းသူအသင်းအဖွဲ့များနှင့် အစိုးရ၏ မူဝါဒတို့သည် များစွာ အရေးပါလှပါသည်။ ထို့အပြင် ကဏ္ဍပေါင်းစုံမှလည်း ပံ့ပိုးပေးရန်လိုအပ်ပါသည်။

## ကျန်းမာရေးကဏ္ဍ

အခြေခံကျန်းမာရေးစောင့်ရှောက်မှုသည် လူသားအားလုံးအတွက် လိုအပ်ပါသည်။ မသန်စွမ်းသူများအတွက် ဆေးကုသခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း (အားပြုကိရိယာများပေးခြင်း အပါအဝင်) တို့ ဆောင်ရွက်ပေးနိုင်ရန် အခြေခံကျန်းမာရေးကဏ္ဍအပြင် အထူးကျွမ်းကျင်သူများဖြင့် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါသည်။ ကိုယ်ကာယပိုင်းဆိုင်ရာ လှုပ်ရှားသွားလာနိုင်ရန် ကုသလေ့ကျင့်ပေးခြင်း၊ ပြန်လည်သန်စွမ်းရေးကုသမှုနှင့် ခွဲစိတ်ခြင်းမပြုဘဲကုသမှု၊ ခြေတုလက်တုတပ်ဆင်ပေးခြင်း၊ အရိုးနှင့် အကြောပိုင်းဆိုင်ရာကုသပေးခြင်း စသည်တို့လိုအပ်ပါသည်။ ရပ်ရွာအဆင့်တွင် မသန်စွမ်းသူများ ထိခိုက်အန္တရာယ်မရှိစေရေးအတွက် ကျန်းမာရေးလုပ်သားများနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာဝန်ထမ်းများက ဆောင်ရွက်ပေးရပါမည်။ မသန်စွမ်းသူများကို သင်တန်းများပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် အခြားကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် နိုင်ငံသားအခွင့်အရေးများ ရရှိစေပါသည်။



## လူမှုရေးနှင့် ပညာရေးကဏ္ဍ

မသန်စွမ်းမှု အငြိမ်းစားလစာပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ အိမ်ရာစီမံကိန်းများဖန်တီးပေး

www.foreverspace.com.mm

ခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း၊ အလုပ်အကိုင်ရရှိစေခြင်း၊ မသန်စွမ်းသူများ၏ လိုအပ်ချက်များအား အခြားကဏ္ဍများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးခြင်း စသည်တို့အား လူမှုရေးကဏ္ဍမှဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

မသန်စွမ်းကလေးငယ် ၉၀ ရာခိုင်နှုန်းကျော်သည် ပညာသင်ကြားခွင့်မရကြပါ။ သို့ဖြစ်၍ အားလုံးအတွက် ပညာရေးအစီအစဉ်အရ စာသင်ကျောင်းများအား မသန်စွမ်းကလေးငယ်များ စာသင်ကြားနိုင်မည့် ကျောင်းများအဖြစ် ဖန်တီးတည်ဆောက်ပေးရန် လိုအပ်ပါသည်။ သာမန်ကျောင်းများတွင် မသန်စွမ်းသူများ တက်ရောက်နိုင်ရန် အတားအဆီးများအား ပြုပြင်ဖယ်ရှားပေးခြင်း၊ သင့်တော်သော သင်ရိုးစနစ်များပြဋ္ဌာန်းပေးခြင်းနည်းလမ်းများဖြင့် အခြားကျောင်းနေအရွယ်ကလေးများနည်းတူ စာသင်ကြားခွင့်ရရှိမည် ဖြစ်ပါသည်။ ထို့အပြင် သင်ကြားမည့်ဆရာများအား သင်တန်းပေးခြင်း၊ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ လိုအပ်ပါသည်။ အချို့နိုင်ငံများတွင် ကျောင်း၌ ဆေးပေးခန်းများပါ ထည့်သွင်းဖွဲ့စည်းထားလေ့ရှိပါသည်။ အထူးသတိပြုရန်မှာ မသန်စွမ်းသူကလေးငယ်များအား ကျန်းမာရေး မကောင်းသည့်ကလေးများအားပြုစုသကဲ့သို့ ဆောင်ရွက်ခြင်းမပြုရန် ဖြစ်ပါသည်။ သာမန်ကလေးများကဲ့သို့ဆက်ဆံရန် ဖြစ်ပါသည်။

## အလုပ်သမားရေးရာနှင့် လူထုဆက်သွယ်ရေးကဏ္ဍ

မသန်စွမ်းသူများ အလုပ်အကိုင်ရရှိ



စေရန်အတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရပါမည်။ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ကောင်းမွန်သောအလုပ်အကိုင်နှင့် လုပ်ငန်းခွင်များ ဖန်တီးပေးခြင်း စသည်တို့ကို မဖြစ်မနေဆောင်ရွက်ပေးသင့်ပါသည်။ သို့မှသာ မသန်စွမ်းသူများအနေဖြင့် ဝင်ငွေရရှိခြင်း၊ မိမိကိုယ်မိမိ ပိုမိုတန်ဖိုးထားခြင်း၊ ရပ်ရွာအားအကျိုးပြုနိုင်ခြင်း စသည့် ရလဒ်ကောင်းများ ရရှိနိုင်ပါသည်။

သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်တို့မှ မသန်စွမ်းသူများဆိုင်ရာကိစ္စများ၊ သတင်းများအား ထုတ်ပြန်ပေးခြင်းဖြင့် စာသင်ကျောင်း၊ လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း ယင်းတို့အပေါ် အပြုသဘောဆောင်သည့်အမြင်များဖြစ်ပေါ်စေကြောင်း သတိပြုရန်လိုပါသည်။



www.foreverspace.com.mm

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ

ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သည့်အဖွဲ့အစည်းများ၊ ဘာသာရေးအခြေခံအဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာနှင့် လူငယ်ရေးရာအသင်းအဖွဲ့များ စသည့်နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အစိုးရ၏မူဝါဒပေါ်မူတည်၍ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လေ့ရှိပါသည်။

## အခြားလိုအပ်ချက်များ

ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ရပ်ရွာနှင့်မသန်စွမ်းသူအဖွဲ့အစည်းများလည်း ပူးပေါင်းပါဝင်ရန် လိုပါသည်။ ရေရှည်တည်တံ့ရေးအတွက် အောက်ပါအချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးကြရပါမည်။

၁။ မူဝါဒများ၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်များခွဲဝေသုံးစွဲမှုတို့တွင် အမျိုးသားအဆင့် ပံ့ပိုးကူညီမှုသည် မပြတ်မနေ လိုအပ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ရာတွင် လူ့အခွင့်အရေးဆိုင်ရာစံများအား အခြေခံ၍ ဆောင်ရွက်ရပါမည်။

၃။ ရပ်ရွာ၊ အသိုင်းအဝိုင်းမှ မသန်စွမ်းသူများအပေါ် စိတ်စေတနာကောင်းမွန်စွာဖြင့် ပူးပေါင်းကူညီရန်လိုအပ်ပါသည်။

၄။ လုပ်ငန်းလုပ်ဆောင်သူများအနေဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။

ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး လုပ်ငန်းအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့တို့မှ မသန်စွမ်းသူများအတွက် အထူးဂရုပြုအကောင်အထည်ဖော်ဆောင်ပေးလျက်ရှိပါသည်။ သို့ပါ၍ နိုင်ငံတကာနှင့် ကဏ္ဍပေါင်းစုံမှ အောက်ဖော်ပြပါနည်းလမ်းများဖြင့် ပူးပေါင်းပါဝင်ခြင်းဖြင့် မသန်စွမ်းသူများဘဝ သာယာလှပရေးအတွက် ဝိုင်းဝန်းဖန်တီးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

၁။ မသန်စွမ်းသူများအတွက် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လက်ရှိကျင့်သုံးနေသည့် မူဝါဒနှင့် မဟာဗျူဟာများဖြင့် အကူအညီပေးခြင်း။

၂။ နိုင်ငံအလိုက် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ပံ့ပိုးကူညီပေးခြင်း။

၃။ ရပ်ရွာအသိုင်းအဝိုင်းအတွင်း ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်နိုင်သော အခြေအနေများ ဖန်တီး၍ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းကို တိုးတက်စေခြင်း။





**ဆတ်လက်ဝဲ (M.Dev.S)**

**ကျမ်းကိုး**


(၁) Community-Based Rehabilitation (CBR), Joint Position Paper 2004 by ILO, UNESCO, & WHO

(၂) အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းစီမံချက် ၂၀၁၀–၂၀၁၂

www.foreverspace.com.mm



# အင်းလေးဒေသ သစ်တောစတင်ပြုန်းတီးပုံနှင့် အင်းလေးရေထုရွေ့လျှားပုံ သမိုင်းစာတမ်း

ဦးသိန်းသန်းထွန်း

**ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းတို့ကြောင့် သိသိသာသာ တိမ်ကောလာသော ရှမ်းပြည်နယ်တောင်ပိုင်းရှိ နာမည်ကျော် အင်းလေးကန်တည်တံ့ရေးနှင့်စပ်လျဉ်း၍ သမိုင်းသုတေသီ စာရေးဆရာ ဦးသိန်းသန်းထွန်း လေ့လာပြုစုထားသည့်စာတမ်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။**

**(အယ်ဒီတာ)**

## ကန်ရေမျက်နှာပြင်ဆန်းစစ်ချက်

၁။ အင်းလေးကန်ဖြစ်တည်ခဲ့မှု အချိန်ကာလအဆက်ဆက်တွင် ရေမျက်နှာပြင်၏ ကမ်းစပ်များသည် ကန်သမိုင်း၏မှတ်သားဖွယ်များဖြစ်ကြ၏။ သမိုင်းမစတင်မီခေတ် အင်းလေးကန်အကြောင်းမှတ်တမ်းတစ်ခုရှိခဲ့၏။ ၁၉၃၇–၃၈ ခုနှစ်တွင် အမေရိကန် ဘူမိဗေဒပညာရှင် ဒေါက်တာဒီတားယာနှင့် ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာမိုးဗီးယပ်တို့ အင်းလေးကန်သို့လာရောက်လေ့လာခဲ့ကြ၏။ သူတို့၏လေ့လာချက်ကို အမေရိကန်ဒဿနိကဗေဒအသင်းမှတ်တမ်း [အတွဲ (၃၂)၊ အပိုင်း (၃)၊ ၁၉၄၃ ခုနှစ်] စာစောင်တွင်ဖော်ပြထားခဲ့၏။ လွန်ခဲ့သောနှစ်တစ်သန်းကာလတွင် အင်းလေးကန်၏ရေမျက်နှာပြင်သည် ၁၉၃၈ ခုနှစ်က အင်းလေးရေမျက်နှာပြင်၏အထက် ပေ ၃၀၀ခန့်တွင်ရှိခဲ့သည်ဟု ရေးသားခဲ့၏။

၂။ သူတို့သည် ညောင်ရွှေမြို့အရှေ့ဘက် သုံးမိုင်ခန့်အကွာရှိ လဲပင်ရွာမြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ထပ်အင်ဂူကိုတူးဖော်



www.foreverspace.com.mm

ပေါ်လာခဲ့၏။ ထိုဂူကို ညောင်ရွှေသားများက ထန်းအိုင်ဂူဟုခေါ်ကြ၏။ ကျောက်ခေတ်သစ်သို့ရောက်စ ကျောက်ခေတ်လူသားတို့ နေထိုင်သွားသည်ကိုတွေ့ကြ၏။ လွန်ခဲ့သော နှစ်ပေါင်း ၁၅,၀၀၀ ခန့်က ဖြစ်ပါ၏။ အင်းလေးကန်ရေပြင်၏ ကမ်းစပ်သည် ထပ်အင်ဂူနေရာထက် နိမ့်သော မနီးမဝေးတွင်ရှိမည်ဖြစ်၏။ ခရစ်နှစ် ၁၄ ရာစု အလယ်တွင်တည်သည်ဟုဆိုသော ညောင်ရွှေမြို့ တည်နေရာမြေသည် ရေအောက်တွင်မြုပ်လျက်ရှိသေး၏။ လွန်ခဲ့သော နှစ်ပေါင်း ၁၅,၀၀၀တွင် အင်းလေးဒေသ၌ လူတို့နေထိုင်ကြပြီဖြစ်၏။ သစ်တောမပြုန်းတီးသောအချိန်ဟုဆိုနိုင်ပါ၏။

၃။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ခန့်တွင် ညောင်ရွှေမြို့တည်မည့်မြေ၏ အရှေ့ဘက်ရှိ ကန်တော်အနီး၌ ပျူဒင်္ဂါးများတူးဖော်တွေ့ရ၏။ (ပျူများနေထိုင်သွားကြောင်း အထောက်အထားဖြစ်သည်ဟု ယူဆရ၏။) အင်းလေးရေပြင်၏ကမ်းစပ်သည် ညောင်ရွှေမြို့ အရှေ့ဘက်တွင်ရှိ၏။ ညောင်ရွှေမြို့ကား မရှိသေးပေ။ ပျူလူမျိုးများသည် လုပ်ဆောင်စီးပွားအဆင့်မြင့်လူမျိုးများဖြစ်ကြ၏။ သစ်တောပြုန်းတီးမှုအစသည် အင်းလေးဒေသတွင် လွန်ခဲ့သော နှစ် ၁၀၀၀ ကပင် စတင်ပြီဟုဆိုနိုင်၏။ ပျူလူမျိုးများနေထိုင်သဖြင့် ပျူဒင်္ဂါးများကို အရှေ့ဘက်ကမ်း ပေပင်ရွာ၌များစွာ၊ အနောက်ဘက်ကမ်း ခေါင်တိုင်ရွာ စသည်၌ အနည်းငယ်တွေ့ရသေး၏။

ထို့ကြောင့် ရေးအင်းလေးရေပြင်ကမ်းစပ်ရှိရာကို အစွဲပြု၍ သစ်ပင်ခုတ်ယူအသုံးပြုမှု၊ သစ်တောအနည်းငယ်ပြုန်းတီးမှုတို့မှာ အင်းလေးတွင် လွန်ခဲ့သောနှစ် ၁၀၀၀ အကြာကပင် စတင်ပြီဟု သမိုင်းမှတ်တမ်းတင်နိုင်ပါ၏။ လွန်ခဲ့သောနှစ် ၁၀၀၀ က အင်းလေးရေ အင်အားပမာဏကိုလည်း အကဲမှတ်စရာဖြစ်ပါ၏။

## နုန်းကျမှုကြီးမား၍ အင်းလေးရေထုရွှေ့လျားခဲ့ပုံ

ခရစ်နှစ် ၁၇၈၅ သမိုင်းအထောက်အထားကိုအခြေခံ၍ နုန်းကျမှု ကြီးမားသောကြောင့် အင်းလေးရေထုရွှေ့လျားမှုဖြစ်ပုံကို သိရပါ၏။ အင်းလေးအနောက်ဘက်ခြမ်းရှိ သန်းတောင်ချောင်းနှင့် အင်းတိမ် (ဘီလူး) ချောင်းတို့သည် နုန်းကျမှုအလွန်ကြီးကြ၏။ တောင်ကြီးတက္ကသိုလ် ပထဝီဝင်ဌာန၊ ကထိက ဒေါက်တာတင့်မိုးသူဇာ၏ သုတေသနအရ ယခုအခါ စိုစွတ်သောကာလတွင် တစ်လအတွင်း သန်းတောင်ချောင်းမှ နုန်း ၁၂,၆၄၈ ဒသမ ၃၃၉ မက်ထရစ်တန်ကျ၏။ အင်းတိမ် (ဘီလူး) ချောင်းမှ ၁၇,၀၀၈ ဒသမ ၈၈ မက်ထရစ်တန်ကျကြောင်း သိရ၏။ ရှေးက တန်မည်မျှကျကြောင်းတော့မသိ။

အင်းလေးရေထုရွှေ့လျားပုံကို လွန်ခဲ့သော နှစ်ပေါင်း ၂၃၅နှစ်အကြာက သမိုင်းမှတ်တမ်းအပေါ်တွင်မူတည်၍ ဤသို့ဆန်းစစ်တွေ့ရှိရပါ၏။ ထိုချောင်းကြီးနှစ်ချောင်းသည် ရှေးကလည်း အခြားချောင်း ၂၇ ချောင်းထက် နုန်းကျမှုကြီးမည်သာဖြစ်၏။

ဟဲယာရွာမအရှေ့မြောက်ယွန်းယွန်းတွင် ယခုအင်းခြံဟုခေါ်နေသောရွာရှိ၏။ ၁၇၈၅ ခုနှစ်မတိုင်မီက ထိုရွာ၏အမည်မှာ



www.foreverspace.com.mm

ကွဲခြံဖြစ်၏။ ကွဲများစုပေါင်းထားရှိရာမှ ခေါ်ဝေါ်သောရွာဖြစ်၏။ ၁၇၈၅ ခုနှစ်တွင် ညောင်ရွှေစော်ဘွားက အင်းလေးငွေခွန်မှူးပိုင်သော ရွာများပါထည့်သွင်း၍ မြေပုံဆွဲကာ သူ့ပိုင်နက်ဟု ဗဒုံမင်း၏ လွှတ်တော်သို့တင်၏။ အင်းလေးငွေခွန်မှူးက မခံနိုင်၍တိုင်၏။ ဝန်ကြီးနှစ်ဦး လွှတ်ပြီးစစ်ဆေးခိုင်း၏။ ကမ္ဘာလေးရပ် တရားစီရင်နည်းကိုသုံးပြီး နှစ်ဖက်ကိုယ်စားလှယ်များ အင်းတိမ်ချောင်းတွင် ရေငုပ်ပြိုင်ခိုင်းရာ အင်းလေးငွေခွန်မှူးဘက်ကနိုင်၏။ ထို့ကြောင့် ငွေခွန်မှူးပိုင်နက်ကို နယ်နိမိတ်ကျောက်တိုင်များစိုက်ပြီး သတ်မှတ်ပေး၏။ ကွဲခြံရွာတွင်လည်း တစ်တိုင်စိုက်၏။ ကွဲခြံရွာသည် ထိုစဉ်က ကုန်းပေါ်ရွာဖြစ်၏။ လှေဆိပ်ရွာလည်းဖြစ်၏။ ညောင်ရွှေမြို့မှ အရာရှိများလာလျှင် ကွဲခြံရွာတွင် လှေဆိုက်ပြီး အင်းတိမ်ရှိ မြေလတ်ဝန်ရုံးအထိ ကုန်းခေါင်ခေါင်ပေါ် မြင်းစီး၍သွားကြ၏။ နယ်နိမိတ်ကျောက်တိုင် စိုက်ပြီးသောအခါတွင် ကျောက်ခြံရွာဟု အခေါ်ဖြစ်လာလေ၏။ သို့သော် J.G. Scott ၏ Gazetteer of Upper Burma and the Shan States, Part II, Vol.III/ p.391 တွင် ၁၈၉၃ ခုနှစ်က မှတ်တမ်းတင်သောအခါ ကုန်းပေါ်ရွာ ကွဲခြံ (ကျောက်ခြံ) သည် အင်းခြံရွာဟု ခေါ်လာတော့၏။ မြေသားအမြဲရေမြုပ်ရွာဖြစ်နေ၏။ အနီးရှိ ကုန်းပေါ်ရွာများဖြစ်ကြသော ငါဖယ်ချောင်းရွာ၊ ဇရပ်ကြီးရွာ၊ မြွေပွေးရွာတို့လည်း မြေသားအမြဲရေမြုပ်နေသောရွာများ ဖြစ်ကုန်ကြ၏။ သူတို့သည် အနောက်ခြမ်းရွာများဖြစ်ကြ၏။

အရှေ့ဘက်ကမ်းရှိ မျက်နှာချင်းဆိုင်လုလုကုန်းပေါ်တွင် ရမ္မာဝတီမြို့ဟောင်းရှိခဲ့ဖူး၏။ မင်းအိမ်အပျက်အဟောင်းသာရှိ၏။ ထိုအရှေ့ဘက်ကမ်းရွာအချို့ ကုန်းပေါ်ရွာအဖြစ်မှ ရေတိမ်အိမ်ဆောက်ရွာမျိုးဖြစ်ကုန်ကြ၏။ မင်းအိမ်အဟောင်းအပျက်ကား ရေအောက်သို့ရောက်သွား၏။ ယခုအခါ သလဲဦးအင်းရွာအနီး၌ ရေကြည်လေငြိမ်တွင် ရေအောက်သို့ငုံ့ကြည့်ပါက အဆောက်အအုံဟောင်းအိမ်ပျက်၏ တိုင်ထောင်ထောင်များကိုမြင်နေရသေး၏။ အိမ်တော်ရာဟုခေါ်ကြ၏။

တစ်ဖန် ကွဲခြံ၊ ကျောက်ခြံ၊ အင်းခြံဟု သုံးမည်ရရွာမှနေပြီး ဟဲယာရွာမသို့ ယခုခေတ်၌ လှေလှော်သွားလျှင် ရေအောက်ရှိလယ်ကွက်များကိုမြင်နိုင်သေး၏။ ကုန်းပေါ်အိမ်ဆောက်ရွာအချို့ ရေတိမ်အိမ်ဆောက်ရွာဖြစ်ကုန်ခဲ့ကြ၏။ ရေတိမ်အိမ်ဆောက်ရွာအချို့လည်း ကုန်းပေါ်အိမ်ဆောက်ရွာဖြစ်နေ၏။ အင်းတိမ်ချောင်းဘေးရှိ ရေတိမ်အိမ်ဆောက်ရွာများဖြစ်ကြသော အင်းတိမ်ဘက်ရွာ၊ ကွန်းစင်ကြီးရွာ၊ ဟဲယာရွာမရွာအဟောင်းတို့လည်း ရေတိမ်အိမ်ဆောက်ရွာဘဝမှ ၁၇၈၅ ခုနှစ်မတိုင်မီကပင် စောစောစီးစီး ကုန်းပေါ်ရွာဖြစ်သွားခဲ့ကြ၏။ ငွေခွန်မှူးနေသော ရွာတော်ဖြစ်သော ဟဲယာရွာမအဟောင်း၌ နေသူများက ကုန်းပေါ်လာသောရွာ၌ မနေချင်သူများဖြစ်ကြပြီး ရေတိမ်အိမ်ဆောက်ရွာကို ကြိုက်ကြ၏။ ယခုဟဲယာရွာမခေါ်သော ရွာတော်အသစ်ကို ၁၅၁၁ ခုနှစ်တွင် ပြောင်းဆောက်နေထိုင်ကြ၏။ ဟဲယာရွာမရွာသစ်တည်သော သမိုင်းကိုပင်ရေးခဲ့ကြ၏။ ပေစာဖြင့်ရေး၏။ ဟဲယာမော်ကွန်းဟုခေါ်၏။



အင်းတိမ်ချောင်း၊ သန်းတောင်ချောင်း–မဟာနန်းကြီးကျချောင်းများကြောင့် ကုန်းပေါ်ရွာရေအောက်ရောက်၊ ရေတိမ်ရွာကုန်းပေါ်ရောက်ဖြစ်ခြင်းသည် အရှေ့ကမ်း၊အနောက်ကမ်းတို့တွင် တွေ့လာရ၏။ ဥပမာပြရလျှင် – ရေထည့်ထားသော လင်ပန်းအစောက်တစ်ချပ်တွင် တစ်ဖက်၌ အာလူးအလုံးကြီး လေး၊ ငါးလုံးရေထဲချထည့်ထားလျှင် ကျန်တစ်ဖက်သို့ရေရွေ့လျားပြီး အာလူးမထားသောဘက်တွင် ရေမျက်နှာမြင့်တက်ပြီး အာလူးအနီးတွင် မူလရှိသော ရေမျက်နှာနိမ့်သွားသောသဘောဖြစ်ပါ၏။

အင်းလေးကန်အလယ်ပိုင်းတစ်နေရာတွင် အနောက်ဘက်မှ အရှေ့ဘက်သို့ ရေထုရွေ့သွားခြင်းဖြစ်၏။ ရှေးအင်းသားလူကြီးလူအိုများက ဟဲဟိုးကန်ကြီးပျက်ပြီး ရေတွေရွေ့လျားပြီး ဖောင်တော်ပေါက်တောင်ကြားမှ အင်းထဲသို့ဆင်းလာသဖြင့် ပေါ်ရွာမြုပ် မြုပ်ရွာပေါ်ဖြစ်သည်ဟု အစဉ်အလာယုံကြည်ပြောဆိုမှုပင်ရှိခဲ့ပါ၏။ သန်းတောင်ချောင်း အင်းတိမ်ချောင်းများမှ မဟာနန်းကြီးကျသဖြင့် ကုန်းပေါ်ကွဲခြံ (ကျောက်ခြံ) ရွာလည်း အင်းခြံရွာဖြစ်ရ၏။ ကုန်းပေါ်၍လာသော ရွာတော်ကိုမနေချင်၍ ရေတိမ်အိမ်ဆောက်ဟဲယာရွာမ ရွာတော်အသစ်ကို ဆောက်ကြရရာ၏။ ဤသမိုင်းကြောင်းသည် အင်းလေးကန် တဖြည်းဖြည်းကျဉ်းလာပုံဖြစ်သော သမိုင်းကြောင်းဖြစ်ပါ၏။ ဘယ်အရာ ဘယ်အဖြစ်မှ သမိုင်းနှင့်ကင်းလွတ်သည်မရှိ။

**(မှတ်ချက်။ ။ ရှေးနှစ်ပေါင်း ၁၅,၀၀၀၊ ရှေးနှစ်ပေါင်း ၁,၀၀၀နှင့် ရှေးနှစ်ပေါင်း ၂၃၅ (1785A.D)အကြာက အင်းလေးဒေသတွင် သစ်တောစတင်ပြုန်းတီးခြင်း၊ ရေထုရွေ့လျားခြင်းများရှိကြောင်းကို သမိုင်းဆလိုက်ထိုး၍ ပြခြင်းဖြစ်ပါ၏။ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့်ပတ်သက်ပြီး ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်မှ ၁၄ ရက်နေ့အထိ တောင်ကြီးမြို့ မြို့တော်ခန်းမ၌ဖတ်ကြားခဲ့သော စာတမ်းများမှာ အလွန်တရာမက ကောင်းလှပါပေ၏။ အချို့စာတမ်းများတွင် ပညာတပည့်ခံပါ၏။ စာတမ်းကောင်း ၂၉ ပါးတွင် ကပ်မြှောင်၍ အင်းလေးသမိုင်းအရောင်အသွေးလေးတစ်ခု ဆင်သလိုက်ရခြင်းဖြစ်၏။)**

**ဦးသိန်းသန်းထွန်း**
**၁၄ ဇူလိုင်၊ ၂၀၁၀**

www.foreverspace.com.mm

# Super Five ABCD ဘီစကွတ်

**A to Z အက္ခရာများကို စားသောက်ကုန်အဖြစ် ထုတ်လုပ်ထားသည့် Super Five ဘီစကွတ်များဖြစ်သည်။**

- ☆ Super Five Manufacturing Co., Ltd. က ၂၀၀၀ ပြည့်နှစ်မှ စတင်၍ MB ဘီစကွတ်များ စတင်ထုတ်လုပ်ခဲ့ဟုဆို။
- ☆ လုပ်ငန်းအကြီးအကဲမှာ ဦးကြည်မြင့်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်ငါးဦးနှင့် ဝန်ထမ်းအင်အား ၁၀၀ ကျော်ခန့်ရှိ။
- ☆ အင်ဒိုနီးရှားမှ စက်ကိရိယာများ ဝယ်ယူ၍ ထုတ်လုပ်ရာတွင် အသုံးပြု။
- ☆ မလေးရှားနှင့် စင်ကာပူနိုင်ငံမှ နည်းပညာများရယူ၍ ကိုယ်ပိုင်နည်းပညာနှင့် ပေါင်းစပ်အသုံးပြုထုတ်လုပ်ဟုဆို။
- ☆ ဂျုံလေးတန်ပမာဏအသုံးပြု၍ ကုန်ပစ္စည်းများ နေ့စဉ်ထုတ်လုပ်နေကြောင်းသိရ။
- ☆ နယူးဇီလန်၊ အင်ဒိုနီးရှား၊ တရုတ်၊ မလေးရှား၊ စင်ကာပူမှ ကုန်ကြမ်းများအပြင် ပြည်တွင်းကုန်ကြမ်းများကိုလည်း အသုံးပြု။
- ☆ Super Five ABCD အပြင် MB၊ Royal၊ Morning Baby၊ ဆီးချိုသမားများ စားသုံးနိုင်သည့် 'ကြိုက်တာစံ' စသည့် စားသောက်ကုန်အမျိုးအစား ၃၀ ကျော် ထုတ်လုပ်လျက်ရှိ။
- ☆ Door to Door စနစ်ဖြင့် ဈေးကွက်အတွင်းဖြန့်ချိလျက်ရှိ။
- ☆ Super Five ABCD ကို 100 ml လျှင် ၂၀၀ ကျပ်ဖြင့် ဈေးကွက်တွင်ရောင်းချ။
- ☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

  ဦးကြည်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ)
  Super Five Manufacturing
  ကုမ္ပဏီလီမိတက်
  အမှတ် (၆၄)၊ ရွှေပြည်သာစက်မှုဇုန် (၃)၊
  မင်းကြီးမဟာမင်းခေါင်လမ်း၊
  ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း–၆၁၈၁၇၉၊ ၆၁၈၃၇၃၊
  ၀၉–၅၀၃၇၀၀၁~၅



www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Parachute<br>အုန်းဆီမွှေး<br>(အိန္ဒိယ) | MEGA LIFESCIENCES LTD.<br>ယူနီဗာဆယ်အဆောက်အအုံ<br>အမှတ်–၁ A/၇၊ ရွှေပင်လုံအိမ်ရာ၊<br>ဘုရင့်နောင်လမ်း၊ (၂၇) ရပ်ကွက်၊ ဒဂုံမြို့သစ်<br>(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၇၂၈၅၇၇၊ ၅၈၀၆၅၁၊ ၅၈၀၆၆၈၊<br>၀၉–၅၁၁၆၅၃၄<br>E-mail : sikimlai@megawecare.com | Dr. Sise Kimlai<br>(Marketing Manager) | MEGA LIFESCIENCES LTD.<br>အမှတ်–၁၅/၅၊ ၅၅ လမ်း၊<br>သိပ္ပံလမ်းနှင့် ၄၃ လမ်းထောင့်၊<br>ရဲမွန်တောင်၊ မဟာအောင်မြေ<br>မြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၆၂၆၃၈၊ ၆၂၆၈၃ |
| ၂။ | EVE 500<br>Evening Primrose Oil Women of Health & Inner Beauty<br>(အိန္ဒိယ) | ZIZAWA HEALTH CARE CO., LTD.<br>အမှတ်–၂၁၈၊ ၄ လွှာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း – ၃၉၂၆၀၀၊ ၂၄၆၆၄၅ လိုင်းခွဲ–၁၀၇ | ဦးထွန်းသိန်း<br>(Country Representative | ZIZAWA HEALTH CARE CO., LTD.<br>အမှတ်–T-2၊ ၃၂ လမ်း၊ ၇၇× ၇၈<br>လမ်းကြား၊ သဇင်အောင်၊<br>ကဥ္စမဟီရပ်ကွက်၊ မန္တလေး။<br>ဖုန်း–၀၉–၂၀၀ ၇၀၃၆၊<br>၀၂–၂၄၃၉၇ |
| ၃။ | Zojirushi (ဇိုဂျစ်)<br>အပူထိန်းထမင်းဘူး<br>(ထိုင်း) | PERMIUM MARKETING LTD.<br>အမှတ်–၃(စီ)၊ အေးသာယာလမ်း၊<br>မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၁၂၅၆၊ ၅၄၁၉၁၆ | ဦးခင်မောင်ကြည်<br>(Executive Director) | PREMIUM MARKETING LTD.<br>အမှတ်–၉၊ ၂၆ လမ်း၊ ၇၈ ×<br>၇၉ လမ်းကြား၊ ချမ်းအေး<br>သာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၉–၆၅၀၂၀၇ |
| ၄။ | ECS<br>Motherboard<br>(စင်ကာပူ) | MYANMAR TECHNOLOGY ZONE CO., LTD.<br>အမှတ်–၁၂၅(ဘီ)၊ ယုဇနစင်တာမျက်စောင်းထိုး၊<br>ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၂၅၆၉၊ ၇၂၃၀၀၉ | ဒေါ်ကြည်ကြည်စိုး<br>(Marketing Manager) | မရှိ |
| ၅။ | 2080<br>သွားတိုက်ဆေး<br>(ကိုရီးယား) | AQUA LAND CO., LTD.<br>အမှတ်–ဒ/၈၀၊ကမ္ဘောဇလမ်းသွယ်၊ ကမ္ဘာအေး<br>ဘုရားလမ်း၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၁၄၄၀၈၊ ၅၁၂၄၇၄ | ဦးဇော်ဝင်းထွန်း<br>(Sales & Marketing Manager) | AQUA LAND CO., LTD.<br>အမှတ်–ဏ/၇/၄၉၊ ၆၄<br>လမ်း၊ စိန်ခြယ်လမ်းထောင့်၊<br>ချမ်းအေးသာစံမြို့နယ်၊<br>မန္တလေး။ ဖုန်း–၀၉–၂၀၅၆၆၁၉ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

### ၁၁-၈-၂၀၁၀

* ကိုရီးယားသမ္မတနိုင်ငံ Posco Company မှ Chairman, Mr. Chung , Joon Yang နှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

### ၁၂-၈-၂၀၁၀

* ကိုရီးယားသမ္မတနိုင်ငံ Hyosung Corporation မှ General Manager Mr. Geoffrey Kim နှင့်အဖွဲ့သည် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်နှင့်တွေ့ဆုံဆွေးနွေး။

### ၁၆-၈-၂၀၁၀

* ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Alongkorn Ponlaboot နှင့်အဖွဲ့သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။

### ၁၇-၈-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ အထွေထွေမန်နေဂျာ Mr.Dai Chuming ခေါင်းဆောင်သောအဖွဲ့သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်းနှင့် တွေ့ဆုံဆွေးနွေး။

### ၁၈-၈-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ Mr.Mayank Joshi, Second Secretary (Commercial) သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

### ၁၉-၈-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundara rajian Seshadri သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E Mr. Andrew Richard Heyn ဦးဆောင်သောအဖွဲ့သည်လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr.Villar Sundara rajian Seshadri သည် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့်တွေ့ဆုံဆွေးနွေး။

### ၂၃-၈-၂၀၁၀

* ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Ignatius Leong နှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့သည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တွေ့ဆုံဆွေးနွေး။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ် Yunnan Academy of Social Sciences & Yunnan University မှ Professor, Mr. He Shengda ဦးဆောင်သော အဖွဲ့ဝင်သုံးဦးပါကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

### ၂၆-၈-၂၀၁၀

* ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်လောင်း H.E.Mr.

www.foreverspace.com.mm



Hideo WATANABE နှင့် အဖွဲ့ဝင်ငါးဦးပါ Japan - Myanmar Friendship Parliamentarian League အဖွဲ့သည် လယ်ယာစိုက်ပျိုးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၈-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Power Energy and Mineral Resources မှ Joint Secretary (Development) Mr. Md. Mofazzel Hossain နှင့်အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၃၀-၈-၂၀၁၀

* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့ရေးရာလုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Lt.Gen.Buivan Nam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီနှင့် တွေ့ဆုံဆွေးနွေး။

## ၃၁-၈-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျဓနသဟာယနိုင်ငံသံအမတ်ကြီး H.E. Ms. Michelle Su- Wen Chan သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၁-၉-၂၀၁၀

* မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki NOGAWA သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဦးစိုးနိုင်နှင့် တွေ့ဆုံဆွေးနွေး။
* ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Hana Group မှ President Mr. Chris Park နှင့်အဖွဲ့သည်ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးဦးခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**
**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**
**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**
**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၂၁-၇-၂၀၁၀**✳ ဖေယျကျော်ထင်ဗိုလ်မှူးကြီးစိန်ထွန်း (ငြိမ်း)၊ ဝန်ကြီး (ငြိမ်း) ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ အသက် ၈၄ နှစ် ကွယ်လွန်။

**၁၁-၈-၂၀၁၀**✳ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၅/ ၂၀၁၀) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၈၆/ ၂၀၁၀) ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၈၇/ ၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၈၈/ ၂၀၁၀) ဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာ။

**၁၂-၈-၂၀၁၀**✳ ဇူလိုင်လအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၃၄ ကြိမ်ဖြစ်ပွားခဲ့ရာ အခြေခံအဆောက်အအုံ အလုံး ၈၀ မီးလောင်ခံရကာ လူ ၁၈၀ အိုးမဲ့၊ အိမ်မဲ့ဖြစ်ပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

✳ ချင်းအမျိုးသားပါတီ (Chin National Party) က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

**၁၃-၈-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၉/ ၂၀၁၀) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ။

✳ ကယန်းအမျိုးသားပါတီက ပြည်ထောင်စုလွှတ်တော်ရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် ၉၀/ ၂၀၁၀ ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့်နေ့ရက်များသတ်မှတ်ကြေညာ။

**၁၆-၈-၂၀၁၀**✳ တအောင်း (ပလောင်) အမျိုးသားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းလာရောက်တင်ပြ။

✳ ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ဩဂုတ်လ ၁၀ ရက်နေ့က သောင်းကျန်းသူများထောင်ထားသော မိုင်းနင်းမိ၍ လူတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလမှ ဩဂုတ်လ ၁၀ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံး ယင်းအမှုကြောင့်သေဆုံးသူ အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းရှစ်ဦးနှင့် ဒဏ်ရာရရှိသူအမျိုးသား ၄၁ ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၄၆ ဦးရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

**၁၇-၈-၂၀၁၀**✳ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ မြေစာရင်းဦးစီးဌာနရုံးရှေ့နှင့် ဆက်သွယ်ရေးရုံးဝင်းရှေ့တွင် မပေါက်ကွဲသေးသည့် လက်ပစ်ဗုံးနှစ်လုံး ဩဂုတ်လ ၁၄ ရက်နေ့တွင် တွေ့ရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

✳ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

**၁၈-၈-၂၀၁၀**✳ ပဲခူးတိုင်း ဖြူးမြို့နယ်တွင် ဩဂုတ်လ ၁၀ ရက်နေ့က မိုင်းနှစ်လုံးပေါက်ကွဲပြီး လူထိခိုက်မှုမရှိဘဲ နွားတစ်ကောင်သေဆုံးကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၁/ ၂၀၁၀) ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့် ထုတ်ပြန်ကြေညာ။

✳ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

✳ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသ၌ ကျင်းပ။

✳ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

**၁၉-၈-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၂/ ၂၀၁၀) ဖြင့် ကရင်ပြည်နယ် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံ

www.foreverspace.com.mm



တင်ခွင့်ပြုကြောင်း ကြေညာ။
* ကရင်ပြည်နယ် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အား စာရင်းတင်ပြ။

**၂၀-၈-၂၀၁၀** * ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၉ မှု ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ (ကျား) ၂၇၉ ဦးနှင့် တရားခံ (မ) ၅၃ ဦး စုစုပေါင်း ၃၃၂ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြေညာစာအမှတ် ၃၂/၂၀၁၀ ဖြင့် တိုင်းဒေသကြီးများ ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်ခြင်းကိုလည်းကောင်း၊ အမိန့်ကြေညာစာအမှတ် ၃၃/၂၀၁၀ ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရုံးစိုက်ရာမြို့များသတ်မှတ်ခြင်းကိုလည်းကောင်း၊ အမိန့်ကြေညာစာအမှတ် ၃၄/၂၀၁၀ ဖြင့် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်တွင် ခရိုင်နှင့် မြို့နယ်များသတ်မှတ်ခြင်းကိုလည်းကောင်း ထုတ်ပြန်။

* ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ The Union of Myanmar Federation of National Politics နှင့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ The 88 Generation Student Youths (Union of Myanmar)တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

* အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များတပ်ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာတွင် ကျင်းပ။

* တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) အဖွဲ့၏ နယ်ခြားစောင့်တပ်များဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့နယ် မဲပလဲ့ဒေသတွင် ကျင်းပ။

* ပြည်ထောင်စုဒီမိုကရေစီပါတီ (UDP) နာယက ဦးရွှေအုံး အသက် ၈၉ နှစ် ကွယ်လွန်။

**၂၁-၈-၂၀၁၀*** ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂျပန်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာတခရှိ ဆိုက်တိုးကိုခန့်အပ်ရန် မြန်မာအစိုးရက သဘောတူညီပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ဩဂုတ်လ ၂၅ ရက်မှ ၂၉ ရက်နေ့အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀ ပေခန့်မှ ၂၀ ဒသမ ၂ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့် အထိတက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) ၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာတွင် ကျင်းပ။

* ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီကလည်းကောင်း၊ ချင်းတိုးတက်ရေးပါတီကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

* ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းတွင် ကလေးဒေသ၌ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) ၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနား ကျင်းပ။

**၂၄-၈-၂၀၁၀*** ဩဂုတ်လ ၂၀ ရက်နေ့တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ သောင်းကျန်းသူများထောင်သည့်မိုင်းတစ်လုံးနင်းမိ၍ လူတစ်ဦး ဒဏ်ရာရကြောင်း၊ ယခုနှစ်တွင် ဩဂုတ်လ ၂၀ ရက်နေ့အထိ နိုင်ငံတစ်ဝန်း ယင်းမှုကြောင့် အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ရှစ်ဦး သေဆုံးပြီး အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၄၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် ၉၅/၂၀၁၀ ဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု။

* ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

**၂၅-၈-၂၀၁၀*** ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် မိုင်းတစ်လုံးနင်းမိ၍ လူတစ်ဦးသေဆုံးကြောင်း နိုင်ငံပိုင် သတင်းမီဒီယာများတွင် ဖော်ပြ။

* ပြည်ထောင်စု ဒီမိုကရေစီပါတီ Union Democratic Party က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းတင်ပြ။

**၂၆-၈-၂၀၁၀*** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေ

www.foreverspace.com.mm



ညာချက်အမှတ် ၉၆/၂၀၁၀ ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များ အပါအဝင်ဆောင်ရွက်နိုင်ကြောင်း ကြေညာ။

* 'ဝ' ဒီမိုကရက်တစ်ပါတီ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေး ပါတီနှင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ Rakhine Nationalities Development Party (RNDP) တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

**၂၇-၈-၂၀၁၀*** မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်း၊ မလှိုင်နှင့် နွားထိုးကြီးမြို့နယ်တို့၌ ဩဂုတ်လ ၂၄ ရက်နှင့် ၂၅ ရက်နေ့တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ နွားထိုးကြီးမြို့နယ်၌ ငါးနှစ်အရွယ်ကလေးငယ်တစ်ဦး ရေနစ်သေဆုံးကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

**၃၀-၈-၂၀၁၀*** ညနေ ၄ နာရီ ၁၀ မိနစ် ၄၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်–အနောက်မြောက်ဘက် မိုင် ၂၂၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း မြစ်ကြီးနားမြို့နယ် အနောက်ဘက်မိုင် ၁၃၀ ခန့်အကွာနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့် အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား။

* တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ Ethnic National Development Party (ENDP)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

* ဦးမင်းဆွေ (ကာတွန်း မင်းဆွေ) အသက် ၅၁ နှစ် ကွယ်လွန်။

**၁-၉-၂၀၁၀*** ဩဂုတ်လ ၂၆ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်နှင့် ၂၇ ရက်နေ့တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တို့တွင် တစ်ဦးစီနှင့် ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် နှစ်ဦးတို့မိုင်းနင်းမိပြီး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၂၉ ရက်နေ့အထိ သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းများနင်းမိသဖြင့် နိုင်ငံတစ်ဝန်း အမျိုးသားခုနစ်ဦး အမျိုးသမီးနှစ်ဦး စုစုပေါင်း ကိုးဦးသေဆုံးပြီး အမျိုးသား ၄၆ ဦး အမျိုးသမီးခြောက်ဦး စုစုပေါင်း ၅၂ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ပဲခူးတိုင်းဒေသကြီး ပဲခူး၊ ဒိုက်ဦးနှင့် မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်တို့၌ ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်နေ့တို့ တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်မိုင်းယန်းမြို့နယ်တွင် ဩဂုတ်လ ၂၅ ရက်နေ့တွင်လည်းကောင်း၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဩဂုတ်လ ၂၈ ရက်တွင်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ဖလုံ–ခဝေါ် ဒီမိုကရက်တစ်ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း တင်ပြ။

**၂-၉-၂၀၁၀*** ကျန်းမာရေးဝန်ကြီးဌာနကကြေညာသည့် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး ၁၂ မျိုးကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ဦးအောင်ကြည်ထွန်း (ခ) မိတ်ကပ်အောင်အောင် (တောင်ကြီး)၊ အသက် ၄၇ နှစ် ကွယ်လွန်။

* ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသို့ ဂျပန်နိုင်ငံအစိုးရက လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် အကူအညီပေးရေးဆိုင်ရာကို စာချွန်လွှာ နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနရုံးတွင် လက်မှတ်ရေးထိုး။

**၃-၉-၂၀၁၀*** ဗိုလ်မှူးလှစိုး (ငြိမ်း)၊ အမျိုးသားမဟာမိတ်များအဖွဲ့ချုပ်၊ ပါတီဗဟိုအလုပ်အမှုဆောင်၊ အသက် ၈၀ နှစ် ကွယ်လွန်။

* အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်၊ မြေထည်လုပ်ငန်း အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်) ဖွင့်လှစ်။

**၄-၉-၂၀၁၀*** နိုင်ငံတော်ဩဝါဒစရိယ စင်ကာပူကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၅ ဝါ ပျံလွန်တော်မူ။

■

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၃-၉-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈ဂ) | ၄၀ |
| Dagon Jeep | | (၈င) | ၇၀ |
| Toyota Publica | 84 | (၁က) | ၈၀ |
| Sunny Pickup | 81 | (ခ) | ၆၀ |
| Nissan Sunny Supersaloon | 86 | (၃က) | ၁၅၇ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၁၈၀ |
| Suzuki Wagon R+(အနက် + ကြံရည်) | | ၁ဂ | ၂၂၀ |
| Suzuki Wagon R- | | ၁ဂ | ၁၂၀ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (၈ဆ) | ၁၈၀ |
| Toyota Corolla | CE 96 | (၈က)88 | ၂၂၀ |
| Corolla 1C Van ဒီဇယ် | CE96 | (၉က)90 | ၂၅၀ |
| Toyota MarkII | 94 | (၄ဂ) ခတ်ဆီ | ၅၃၀ |
| Mitsubishi Pajero V46(လေလံ) | 96 | (၃ဂ) လေလံ | ၈၅၀ |
| Toyota Hilux Surf S/W(လေလံ) | 97 | (၄ဂ) | ၁,၂၀၀ |
| Land Crusier | 2000 | (၉ခ)ဒီဇယ် | ၁,၇၀၀ |
| Parado | 97 | (၄ဂ)လေလံ | ၁,၂၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm

# ကွန်ပျူတာ ဈေးနှုန်းများ



( ၂၂-၉-၂၀၁၀)

**❑ Lucky Bird P4 Home & Office PC 775**

- Intel Pentium 4-775 Dual Core 2.6 GHz
- Memory 1 GB DDR2 800
- MSI Motherboard
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing
- Speaker

Price 229 US$

**❑ Acer Aspire 4738-G 372G 32 Mnkk Notebook**

- Intel Core i3 Processor 370 M (2.4 GHz/ 3MB L3 Cache)
- 2 G DDR 3 RAM
- 14" HD LED Back Light Display
- 320 GB HDD SATA
- Acer Notify 802.11 b/g/n
- DVD RW (Double Layer)
- HDMI Bluetooth
- 2 in1 CardReader
- Webcam
- Free DOS
- Free Mouse & Bag

Price 599 US$

**❑ KMD Classic Model**

- Intel Pentium Dual Core 2.7 GHz, E 5400 (2MB L2 Cache, 800 MHz)
- Intel G31 Chipset Motherboard with PCIE + Sound + LAN
- 250 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 18.5" LCD Color Digital Monitor (Acer, Wide View)
- Prolink Combo Super Slim Keyboard, Optical Mouse and Pad
- P4 Casing (Medium Light)

Price 353,000 Ks

**❑ TOSHIBA Satellite L510 (PSLF8ML-002004) Notebook**

- Intel Dual Core 2 Duo T6570, 2.1 GHz Processor
- 14.0" WXGA HD 200 CSV Super Shine View screen
- Blacklight TFT Display, (Resolution 1, 366x768)
- 2 GB DDR3 SDRAM
- 250GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- Intel Graphics Media Accelerator 4500 M
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Web Cam, Card Reader, Mouse, Headphone

Price 605 US$

**❑ Lucky Bird P4 Accelerator PC 775**

- Intel Pentium 4-775 Core i3 530 2.93 GHz 4MB/ 1366MHz (775 CPU)
- ASUS 512MB PCI Express Graphic
- 2GB DDR 2 RAM
- 500 GB HDD SATA
- ASUS/MSI GIGABYTE Core i3 Motherboard
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 444 US$

**❑ KMD Innovator Model**

- Intel Pentium Core i3 2.93 GHz E 7400 (4 MB L2 Cache)
- Intel H55 Express Chipset Motherboard (1156/ DDR2/ 1333)

www.foreverspace.com.mm



(with PICE, Sound + LAN)
- 2GB DDR3 RAM (PC 1333 MHz) Kingston
- 500 GB HDD SATA
- 18.5" LCD Color Monitor LG/Acer (Wide View)
- Prolink Combo Super Slim Keyboard & Mouse (Myanmarsar)
- Optical Mouse Pad
- P4 Casing (Light High)

Price 481,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၂၂ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (Samsung) SATA | 24,000 Ks |
| 22 x DVD Writer (LG) SATA | 27,000 Ks |
| 24 x DVD Writer (Sony) SATA | 26,000 Ks |
| 24 x DVD Writer (ASUS) SATA | 30,000 Ks |
| 24 x DVD Writer (Samsung) SATA External | 55,000 Ks |
| Microlab M 223 Speakers with sub woofer | 25,000 Ks |
| Microlab M 900 Speakers with sub woofer | 36,000 Ks |
| Microlab M 666 Speakers with sub woofer | 30,000 Ks |
| Microlab M-200 Speakers with sub woofer | 28,000 Ks |

### ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 23,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 40,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 43,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) Notebook RAM | 47,000 Ks |

### ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 39,000 Ks |
| 500 GB (Seagate) SATA | 43,000 Ks |
| 750 GB (Seagate) SATA | 57,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 38,000 Ks |
| 500 GB (Hitachi/Seagate) Notebook SATA | 57,000 Ks |
| 320 GB (Seagate) Notebook SATA | 44,000 Ks |

### ❑ Monitor

| | |
|---|---|
| 18.5" LCD Color Monitor (Philips) | 130,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 150US$ |
| 19" LCD Color Monitor (Acer) Wide View | 130,000 Ks |
| 18.5" LCD Color Monitor (LG) Wide View | 125,000 Ks |
| 18.5" LCD Color Monitor (Acer)Wide View | 125,000 Ks |
| 18.5" LCD Color Monitor (Samsung) | 130,000 Ks |
| 32" LCD Monitor (Prolink) 3201TW with TV and Speakers | 385,000 Ks |

### ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 45 US$ |
| Canon Laserjet 2900 Printer (USB) | 140,000 Ks |
| Canon Laserjet 3050 Printer (USB) | 118,000 Ks |
| HP Laserjet 1215 Printer (USB) | 360,000 Ks |
| HP Desk Jet 2410 Printer | 57,000 Ks |
| HP Laserjet 1522N AIO Printer With Cable (3 in 1) | 375,000 Ks |
| EPSON Stylus T11 Printer With Cable | 50,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 194,000 Ks |
| Star Receipt Printer | 235,000 Ks |
| HP Laserjet M1212NF AIO Printer with cable (4in1) | 340,000 Ks |
| Fuji Xerox Colour Laser DPC 1110B | 420US$ |
| Fuji Xerox Multifunction WC PE 220 | 350US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ Toner | 58,500 Ks |
| HP 1010/ 1320/ 1300 Toner | 66,500 Ks |
| HP 2015/ 1522 Toner | 71,500 Ks |
| Canon 2900 Toner/Canon 3050 Toner | 53,000 Ks |
| Canon 1120 Toner | 53,000 Ks |
| HP 2055 Toner | 73,500 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| Canon Scanner Lide 100 | 58,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree/ Prolink) Basic | 41,000 Ks |
| 1250 VA (Power Tree/ Prolink) | 72,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 68,000 Ks |

### ❑ External Hard Disk

| | |
|---|---|
| External USB HDD 320 GB Toshiba | 72US$ |
| External USB HDD 500 GB Toshiba | 98 US$ |
| External USB HDD 1000 GB Toshiba | 189 US$ |

မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။

အယ်ဒီတာ

www.foreverspace.com.mm



# WHICE & WHY
# ဘယ်ပစ္စည်းဘာ့ကြောင့်

## E-Health နှာချေကိရိယာ



E-Health အမှတ်တံဆိပ် EH - 601 မော်ဒယ်လ်အမျိုးအစား နှာချေကိရိယာဖြစ်။ နှာခေါင်းအတွင်းသို့ ထည့်၍အသုံးပြုရသောကိရိယာဖြစ်။ AA ဓာတ်ခဲနှစ်လုံးထည့်သွင်းအသုံးပြုရန်လိုအပ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။



## Mimo ဇက်ကြောဖြေကိရိယာ

Mimo အမှတ်တံဆိပ် TS - ogin မော်ဒယ်လ်အမျိုးအစား ဇက်ကြောဖြေကိရိယာဖြစ်။ တုန်ခါမှုနှင့် ဇက်ကြောဖြေပေးသည့်ကိရိယာဖြစ်။ USB ကြိုးပါရှိသောကြောင့် USB နှင့်သာမက AAA ဓာတ်ခဲသုံးလုံးထည့်သွင်းအသုံးပြုနိုင်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅,၀၀၀ ကျပ်ဖြစ်။



## ခရီးဆောင်ပေါင်ချိန်စက်

YHB - 1004 - RO1 မော်ဒယ်လ်အမျိုးအစား ခရီးဆောင်ပေါင်ချိန်စက်ဖြစ်။ Digital စနစ်ပါရှိ ။ CR 2032 ဓာတ်ခဲပြား တစ်ပြားထည့်သွင်းအသုံးပြုရန်လိုအပ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄,၉၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## Bear ကြက်ဥပေါင်းစက်

Bear အမှတ်တံဆိပ် ZDR - 206 မော်ဒယ်လ်အမျိုးအစား ကြက်ဥပေါင်းစက်ဖြစ်။ ကြက်ဥခြောက်လုံးခန့်ထည့်သွင်းအသုံးပြုနိုင်။ ရေနွေးဖြင့်ပေါင်းခံရသောကြောင့် ရေထည့်သွင်းအသုံးပြုရန်လိုအပ်။ ကြက်ဥကျက်လျှင် စက်ကို အလိုအလျောက်ပိတ်သောစနစ်ပါရှိ။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၃,၇၀၀ ကျပ်ဖြစ်။






## Total Repel ကြွက်ပြေးကိရိယာ

Total Repel အမှတ်တံဆိပ် M-PQ 100 မော်ဒယ်လ်အမျိုးအစားကြွက်ပြေးကိရိယာဖြစ်။ အသံကိုထုတ်လွှင့်ခြင်းဖြင့် ကြွက်ကိုပြေးစေခြင်းဖြစ်။ AC ဖြင့်တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၃,၅၀၀ ကျပ်ဖြစ်။



## Panasonic အဝတ်လျှော်စက်

Panasonic အမှတ်တံဆိပ် NA - F 70B2 မော်ဒယ်လ်အမျိုးအစား အဝတ်လျှော်စက်ဖြစ်။ အဝတ်လျှော်ခြင်း၊ ရေညှစ်ခြင်း၊ အခြောက်ခံခြင်းများကို စက်အတွင်း၌ပြုပေးနိုင်သောစက်ဖြစ်။ ရေကိုချွေတာသုံးစွဲနိုင်သောစက်ဖြစ်။ တစ်နှစ်အာမခံဖြစ်။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၇၅,၀၀၀ ကျပ်ဖြစ်။




## Elba အခန်းအပူပေးစက်

Elba အမှတ်တံဆိပ် EHH -1200 မော်ဒယ်လ်အမျိုးအစား အခန်းအပူပေးစက်ဖြစ်။ ၁၀ ပေမှ ပေ ၃၀ အကျယ်အဝန်းရှိအခန်းများအထိအသုံးပြုနိုင်သောစက်ဖြစ်။ ဟေလိုဂျင် မီးချောင်းနှစ်ချောင်းဖြင့်အပူပေးသောစက်ဖြစ်။ ဟေလိုဂျင်မီးချောင်းများဖြစ်သောကြောင့် အရေပြားမထိခိုက်နိုင်ဟုဆို။ တစ်နှစ်အာမခံဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂၁,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## Mistral Deep Fryer

Mistral အမှတ်တံဆိပ် MDF-2688 အမျိုးအစားအကြော်အိုးဖြစ်။ ဆီ ၂ ဒသမ ၅ လီတာ ထည့်သွင်းအသုံးပြုရခြင်းဖြစ်။ Deep Fryer ဖြစ်သော ကြောင့် ဆီပူလောင်ခြင်းမရှိနိုင်ဟုဆို။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ အကြော်အိုးတစ်ခုလုံး စတီးဖြင့်ပြုလုပ်ထားခြင်းဖြစ်။ တစ်နှစ်အာမခံဖြစ်။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၅,၀၀၀ ကျပ်ဖြစ်။





## Hello Kitty ဂဏန်းပေါင်းစက်

Hello Kitty အမှတ်တံဆိပ် KT-707A မော်ဒယ်လ်အမျိုးအစား ဂဏန်းပေါင်းစက်ဖြစ်။ 12 Digit ပါရှိ။ AA ဓာတ်ခဲတစ်လုံး ထည့်သွင်း အသုံးပြုရခြင်းဖြစ်။ Solar နဲ့လည်းအသုံးပြုနိုင်။ ဂျပန်နိုင်ငံလုပ်ပစ္စည်း ဖြစ်ပြီး ရောင်းဈေး ၃,၃၀၀ ကျပ်ဖြစ်။

## Pasen Speaker

Pasen အမှတ်တံဆိပ် MDT - 5500 မော်ဒယ်လ်အမျိုးအစား Speaker ဖြစ်။ SD Card ၊ Stick ၊ MP4၊ Computer တို့ဖြင့် အသုံးပြုနိုင်။ Speaker သုံးလုံးပါရှိ။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ်လုပ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၃,၀၀၀ ကျပ်ဖြစ်။





## Sony MP4 Player

Sony အမှတ်တံဆိပ် MP4 Player ဖြစ်။ Memory 2G ပါရှိ၊ Camera ၊ MP3 ၊ MP4 အသုံးပြုနိုင်၊ ဗီဒီယိုကင်မရာပုံစံရှိသော MP4 Player ဖြစ်။ ကင်မရာ Zoom 2.0 Maga Pixels ပါရှိ။ SD Card Memory Card ထပ်စိုက်၍အသုံးပြုနိုင်။ တရုတ်လုပ်ပစ္စည်း ဖြစ်ပြီး ရောင်းဈေး ၃၆,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## Cool Pad CDMA 800MHz ဟန်းဆက်

Cool Pad အမှတ်တံဆိပ် S-100 မော်ဒယ်လ်အမျိုးအစား CDMA 800MHz ဟန်းဆက်ဖြစ်။ Touch Screen ပါရှိ။ Camera ၊MP3 ၊ MP4 ပါရှိ။ Memory Card ထပ်စိုက်၍ အသုံးပြုနိုင်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂၆,၅၀၀ ကျပ်ဖြစ်။




## Panasonic Digital သွေးပေါင်ချိန်ကိရိယာ

Panasonic အမှတ်တံဆိပ် EW-3106 မော်ဒယ်လ်အမျိုးအစား Digital သွေးပေါင်ချိန်ကိရိယာဖြစ်။ လက်မောင်းတွင်အသုံးပြုရခြင်းဖြစ်။ သွေးပေါင်တက်နေလျှင် အချက်ပြသည့်စနစ်ပါရှိ။ WHO ထောက်ခံချက်ရှိသည်ဟုဆို။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၀,၀၀၀ ကျပ်ဖြစ်။

## ကားစတီယာရင်သုံး Bluetooth

SK-01 မော်ဒယ်လ်အမျိုးအစား ကားစတီယာရင်သုံး Bluetooth ဖြစ်။ MP3 ပါရှိ။ မိုဘိုင်းလ်ဖုန်းဖြင့် ကွန်ရက်ချိတ်ဆက်၍ဖုန်းပြောနိုင်။ ဖုန်းနှင့်တွဲသုံး၍လည်းရနိုင်။ Stick ၊ SD Card ၊ MNC Card ထပ်စိုက်၍ အသုံးပြုနိုင်။ ကားအတွင်းမှာရှိသည့် Speaker များနှင့်တွဲသုံး၍လည်းရနိုင်။ ဟောင်ကောင်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၀,၀၀၀ ကျပ်ဖြစ်။



**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fime ၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၁၁၈ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မြေကျွံခြင်းများနှင့် သဘာဝဘေးအန္တရာယ်
၁၂၄ ပညာရေးနှင့် ပုဂ္ဂလိကကျောင်းများ
၁၃၀ အင်ဒီရာ
၁၃၄ အငယ်လေးတို့ရွာ
၁၄၀ အဖေရွာဘောလုံးပွဲ
၁၄၄ သိတတ်မှု
၁၄၈ ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ
၁၅၄ သူဌေးဖြစ်နည်း လျှို့ဝှက်ချက် (၃၇)

# ရေကြီးခြင်း၊ မြေပြိုခြင်း၊ မြေကျွံခြင်းများနှင့် သဘာဝဘေးအန္တရာယ်

လေးလေးသောင်း

မိုးရာသီရောက်လာပြန်တော့ ရွာလိုက်တဲ့မိုးကရက်ဆက်၊ နွေရာသီကျပြန်တော့လည်း ဘယ်နေရာနေနေ ငရဲအိုးထဲ ဒိုင်ဗင်ထိုးဆင်းနေရသလို ဘယ်လိုနေလို့ ဘယ်လိုထိုင်ရပါ့မလဲ။ အိုဘယ့်ဘုရားသခင်လို့ အော်ငိုရမလိုဖြစ်နေပြီ။ တစ်ကမ္ဘာလုံးမှာလည်း ကျလိုက်တဲ့ သဘာဝဘေးအန္တရာယ်တွေ၊ လေမုန်တိုင်းတိုက်လိုက်၊ ရေကြီးလိုက်၊ ငလျင်လှုပ်လိုက်နဲ့ ၂၃½ဒီဂရီတိမ်းစောင်းနေတဲ့ ကမ္ဘာ့ဝင်ရိုးတောင် ၉၀ ဒီဂရီဖြစ်မလား အောက်မေ့ရတယ်။ "မှားပါတယ် လေးလေး သောင်းရယ်၊ လူဖြစ်ရတာမြတ်တယ်ဆို။ ဘယ်မှာလည်း ကောင်းတာဆို တစ်ကွက်မရှိပါလား"လို့ ပြောတဲ့သူက ပြောလာတော့ လေးလေးသောင်း စဉ်းစားကြည့်ပြန်တော့ ဟုတ်သလိုလိုတောင်ဖြစ်နေပြန်ရော့လား။ စစ်ဖြစ်နေတဲ့နိုင်ငံတွေက ကလေးတွေများ မျက်စိသူငယ် နားသူငယ်နဲ့ ငါတို့ရဲ့လောကကြီးက ဒီလိုပဲကြမ်းနေ၊ ရမ်းနေ၊ ပစ်နေ၊ ခတ်နေပါလားဆိုပြီး အသည်းထဲ စွဲသွားကြရင်တော့ အဲဒီနိုင်ငံက ကလေးတွေ ကလောင်ကိုင်တဲ့လက်က ကမ္ဘာကို စိုးမိုးနိုင်တာ မဖြစ်နိုင်ဘူး။ ဘရင်းဂန်းလေး ကိုင်ပြီး မွေ့နေမှ နေသာထိုင်သာရှိမယ်လို့ စိတ်ပေါက်သွားရင် သူနေတဲ့နိုင်ငံကနေ ဒီကလေးတွေ တစ်ကမ္ဘာလုံးပတ်ပြီး ကြမ်းရမ်းသွားမယ့်စိတ်ဝင်လာလို့ကတော့ ကမ္ဘာကြီးဟာ မတွေးဝံ့စရာပါပဲလား။



မှန်ပါတယ်။ မိုးရာသီရောက်ပြန်တော့ ကြီးလိုက်တဲ့ရေတွေ။ ကျွန်တော်တို့နိုင်ငံမှာ ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်တောမှာ ရေကြီးလို့မသေရဘဲ မြေပြိုလို့သေရတဲ့လူတွေက မနည်းမနောပဲ။ မြေပြိုလို့ ၁၉၁၈ ခုနှစ်က ဖောက်ထားတဲ့ မောင်တော–ဘူးသီးတောင်လမ်းက ဥမင်လိုဏ်ခေါင်းတစ်ခုလုံး မြေပြိုမြေကြီးတွေပါ ပိတ်သွားလိုက်တာ ကားတွေသွားလို့မရဘဲ လမ်းပါပိတ်လိုက်ရတယ်။ ဇွန်လ ၂၁ ရက်က ဥရုချောင်းရေကြီးပြီး ဖားကန့်က လုံးခင်းကျေးရွာ ရေလွှမ်းမိုးမှုဖြစ်လို့ လူတွေ အိမ်ထဲက အိမ်ပြင်မထွက်ရဲကြဘူး။ ဘာလို့လဲဆိုတော့ မနှစ်က အဲဒီလို ရေကြီးပြီး မြေ

www.foreverspace.com.mm





ပြိုလို့ လူတွေအများကြီးသေကြတာကိုး။ ဇွန်လထဲမှာပဲ ဘရာဇီးနိုင်ငံမှာ မုန်တိုင်းကြောင့် ရေတွေကြီးပြီး ပါနန်ဘူကိုပြည်နယ်ရဲ့ ဆွန်ကောင်ဆယ်ဟို ရေကာတာကျိုးပြီး မန်ဘူးမြစ်ရေလျှံတက်လာလို့ ကမ်းပါးတွေ တိုက်စားမြေပြိုလို့ လူ ၁၉ ဦးသေပြီး လူ ၆၀၀ ကျော်ဒုက္ခရာရသတဲ့။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်းမှာ ဇွန်လတတိယပတ်ထဲမှာပဲ မိုးသည်းထန်စွာရွာသွန်းလို့ ရေကြီးရေလျှံလိုက်တာ လူ ၁၀၀ ကျော်သေပြီး လူပေါင်းတစ်သန်းကျော် ရွှေ့ပြောင်းကယ်ထုတ်ရသတဲ့။ အိုဘယ့်ဘုရားသခင်ကယ်တော်မူပါလို့ အော်ဂိုရမလိုဖြစ်နေပြီ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေကတော့ ရှေးဘဝပြုခဲ့ဖူးတဲ့ ကုသိုလ်နည်းလို့ပဲ ဆိုရမလို၊ အစ္စလာမ်နဲ့ ခရစ်ယာန်ဘာသာဝင်တွေအနေနဲ့ အိုဘုရားသခင် ကယ်တင်စောင်မတော်မူပါလို့ပဲ ဆုတောင်းရမလိုဖြစ်နေပါပြီ။

မြေပြိုတယ်၊ မြေကျွံတယ် ဘာ့ကြောင့်ဖြစ်သလဲ။ ဘူမိဗေဒသဘောအရ ပြောရရင်တော့ တောင်ကုန်းဆင်ခြေလျှောတွေ၊ မခိုင်တဲ့မြေတွေထဲ မိုးဆက်တိုက်ရွာရင် မြေအောက်ရေမြင့်တက်လာပြီး ရေဝိတ်နဲ့မြေဝိတ်ပေါင်းပြီး သူ့ရဲ့တောင်အလျှောအတိုင်း ပြိုဆင်းလာတယ်လို့ လူအများနားလည်အောင် ပြောရမယ်။

ကြီးကြီးကျယ်ကျယ်ပညာရှိစကားနဲ့ ပြောရရင်တော့ အင်မတန်ကျယ်ဝန်းပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဖြစ်ပေါ်တည်ရှိနေတဲ့ ကျောက်စဉ်စုတွေအရဆိုရင် အနည်ကျကျောက်၊ အသွင်ပြောင်းကျောက်၊ တိုးဝင်မီးသင့်ကျောက်ဆိုပြီး ကျောက်သားတွေ



www.foreverspace.com.mm

တည်ရှိကြရမှာ အနည်ကျကျောက်နဲ့ အသွင်ပြောင်းကျောက်တွေ ဖြစ်ပေါ်တည်ရှိတဲ့ အရပ်တွေဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနေရာတချို့နဲ့ ကချင်ပြည်နယ်တို့မှာ အဖြစ်များပါတယ်။ မြန်မာပြည်မှာ ပြည်၊ တောင်ကုတ်၊ ငပလီ လမ်းတစ်လျှောက်ဆို နှစ်စဉ်မိုးရာသီမှာ တောင်ပြိုလို့၊ မြေပြိုလို့ လမ်းတွေပေါ် ကျောက်တွေ၊ မြေတွေပိတ်ပြီး နှစ်စဉ်ကားလမ်းတွေ ရှင်းရလင်းရ၊ ယာယီပိတ်ထားရနဲ့ အများဆုံးမြေပြို၊ တောင်ပြိုတဲ့ ပြဿနာကို ခဏခဏကြုံကြရပါတယ်။ ဒါတွေဟာ အနည်ကျကျောက်ပျော့တွေထဲ မိုးရာသီ မိုးရေတွေစိမ့်ဝင်ပြီး သူ့ကျောက်တွေရဲ့ Dip/Strike တွေအတိုင်း မြေပြိုတာတွေ့ရပါတယ်။ အသွင်ပြောင်းကျောက်အမာတွေထဲကျတော့ ရေစိမ့်ဝင်မှုနည်းပြီး ပျော့တဲ့မြေနဲ့ မာတဲ့ကျောက်အထပ်တွေထဲ ရေစိမ့်ဝင်မှုများလာရာမှ မြေသားတွေဟာ အိလာပြီး မိုးများများရွာတဲ့နေ့တွေမှာ မိုးရေတိုက်စားလို့ အသွင်ပြောင်းကျောက်တွေဟာ အလုံးလိုက်အရင်းလိုက် ပြိုဆင်းလာတဲ့သဘောပဲဖြစ်ပါတယ်။ အဲဒီသဘောတရားကတော့ မူလသဘာဝအခြေအနေအတိုင်း ပြိုကျတိုက်စားခြင်းလို့ ခေါ်ပါတယ်။

လူတို့ ပြုပြင်ပြောင်းလဲလို့ မူလမြေသားမဟုတ်ဘဲ အငှားမြေများပြိုကျတာကတော့ ဖားကန့်၊ မိုင်းရှူး၊ မိုးကုတ် အစရှိတဲ့ ရတနာကျောက်တွေထွက်ရှိတဲ့နေရာနဲ့ ဟုမ္မလင်းတစ်ဝိုက် ရွှေရှာကြတဲ့လုပ်ကွက်တွေ၊ သတ္တုမိုင်းတွေမှာ အဖြစ်များကြပါတယ်။ သတ္တု၊ ရတနာနဲ့ ရွှေလုပ်ကွက်တွေမှာ မြေသားတွေကို တူးဖော်ပြီး အစုလိုက်ပုံထားတဲ့ မြေကွက်တွေဟာ မိုးရွာသွန်းမှုများတဲ့အခါ မြေသားထဲကို ရေတွေဝင်ပြီး ပုံထားတဲ့နေရာရဲ့ မြေပြင်အခြေအနေ၊ သဘာဝဆင်ခြေလျှောများရှိရင် မြေကြီးဟာ အလျှောအတိုင်းပြိုဆင်းလာတာ လှိုင်းလုံးကြီးဆင်းလာသလိုပါပဲ။ အဲဒီအောက်မှာ လူနေအိမ်တွေရှိခဲ့ရင် မြေဖို့သတ်သလိုပဲ ဘယ်လိုမှ လွတ်လမ်းမရှိပါဘူး။

ဒါကြောင့် မြေပြိုခြင်းမှာ သဘာဝမြေသားများ ပြိုကျခြင်းနှင့် အငှားမြေပြိုကျခြင်းဆိုပြီး အဓိကနှစ်မျိုးအနေနဲ့ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် သဘာဝမြေပြိုခြင်းကို အထက်မှာရေးသားခဲ့တဲ့ အသွင်ပြောင်းကျောက်၊ အနည်ကျကျောက်များတည်ရှိရာဒေသတွေမှာ အဖြစ်များပြီး လူတို့ပြုပြင်ပြောင်းလဲမှုကြောင့် အငှားမြေပြိုခြင်းကတော့ နေရာတိုင်းမှာ ဖြစ်နိုင်ပါတယ်။


ရုံဖန်ရုံခါပြတ်ရွေ့တောင်များနဲ့ နီးတဲ့ဒေသတွေမှာလည်း တောင်ပြိုခြင်း၊ မြေပြိုခြင်းများ ရှိတတ်ပါတယ်။ မြေပြိုခြင်း၊



www.foreverspace.com.mm

တောင်ပြိုခြင်းတွေဟာ သဘာဝအတိုင်း လူတွေမနေတဲ့အရပ်တွေမှာ ဖြစ်ပျက်နေတာ လူသားတွေမသိကြပေမယ့် လူတွေနေတဲ့နေရာတွေ၊ ကားလမ်းတွေမှာဖြစ်လာပြီဆိုရင်တော့ အင်မတန်မှပဲ အန္တရာယ်ကြီးပါတယ်။ တိုးတက်တဲ့နိုင်ငံတွေမှာတော့ ပြည်နယ်၊ တိုင်းတွေမှာ အင်ဂျင်နီယာဘူမိဗေဒပညာရှင်တွေထားပြီး မိမိပြည်နယ်၊ တိုင်းအတွင်းက ဆောက်လုပ်ရေးလုပ်ငန်းတိုင်းရဲ့ စီမံကိန်းအင်ဂျင်နီယာတွေကို ဝင်ရောက်စွက်ဖက်အကြံပေးနိုင်ပါတယ်။ ဆောက်လုပ်ရေးအင်ဂျင်နီယာတိုင်းဟာ Slope Stability လို့ခေါ်တဲ့ ကျောက်များလျှောကျခြင်း၊ မြေများလျှောကျမှုကို တည်ငြိမ်အောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ တတ်ကျွမ်းနားလည်ဖို့လိုပါတယ်။ ဒီလို Soil Slip, Rock Slip လို့ခေါ်တဲ့ မြေပြိုခြင်း၊ ကျောက်ပြိုခြင်းပညာရပ်ဟာ သီးသန့်ပညာရပ်ဆိုင်ရာတစ်ခုအနေနဲ့ ရှိနေပါတယ်။ ဂျပန်နိုင်ငံက အင်ဂျင်နီယာဘူမိဗေဒဆိုင်ရာ ပါမောက္ခများ၊ စာရေးသူနဲ့ ပြည်၊ တောင်ကုတ်၊ ငပလီကားလမ်းကို သွားရောက်ပြီး သုတေသနပြုရာမှာ ပြန်လာပြီး သူတို့ရဲ့အတွေ့အကြုံများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှာ အင်ဂျင်နီယာများဖိတ်ခေါ်ပြီး ဆောင်ရန်၊ ရှောင်ရန်တွေ တင်ပြဆွေးနွေးခဲ့တာဟာ အင်မတန်မှ တိုင်းပြည်အတွက် အကျိုးရှိပါတယ်။ ဒါကြောင့် ဒီပညာရှင်တွေလိုပဲ ဒီနိုင်ငံက အင်ဂျင်နီယာဘူမိဗေဒပညာရှင်များဟာ အသေးစိတ်ဒေသအလိုက် စာတမ်းများရေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲလုပ်ခြင်းများ လုပ်နိုင်မယ်ဆိုရင် ဒီပြဿနာများနဲ့ လူတွေရဲ့ အသက်အိုးအိမ်ပျက်စီးခြင်းတို့ လျော့နည်းသွားမှာ ဖြစ်ပါတယ်။

မြေကျွံကျခြင်းနဲ့ပတ်သက်ပြီး တလောလေးကပဲ အာဂါတာအပူပိုင်းမုန်တိုင်းတိုက်ခတ်ပြီး ဂွါတီမာလာမြို့လယ်လမ်းဆုံမှာ ပေ ၃၃၀ နက်ရှိုင်းတဲ့ ဧရာမမြေကျွံတွင်းကြီးဖြစ်သွားပါတယ်။ ဒီအဖြစ်မျိုးတွေဟာ ကမ္ဘာပေါ်မှာ တချို့နေရာတိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်အတော်များများ ဒီမြေကျွံတွင်းကြီးများဖြစ်တာကိုတော့ တိုးတက်တဲ့နိုင်ငံတွေမှာ သက်ဆိုင်ရာ ဘူမိဗေဒပညာရှင်တွေဟာ မှတ်တမ်းမှတ်ရာနဲ့ထားပြီး ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာပါ တိုင်းတာရေးကိရိယာတွေနဲ့ စမ်းသပ်ခဲ့ကြပါတယ်။ များသောအားဖြင့်တော့ မိုးခေါင်ခြင်း၊ သတ္တုတူးဖော်ရှာဖွေခြင်း၊ မြေအောက်ရေထုတ်ယူသုံးစွဲခြင်းနဲ့ ဆည်နဲ့တာတမံကြီးများတည်ဆောက်ခြင်းတို့ကြောင့်ပဲ ဖြစ်



ပါတယ်။ အဓိကကတော့ မြေအောက်ရေအခြေအနေပြောင်းလဲခြင်းများကြောင့် မြေအောက်လိုဏ်ဂူများ (Sink Hole Caving) အတွင်းရှိရေများ ခန်းခြောက်ခြင်း၊ လမ်းကြောင်းပြောင်းလဲ ရွေ့လျားသွားတဲ့အခါ ရေ၏တွန်းကန်ပင့်အား လျော့ဆင်းခြင်း (Uplift Pressure) ဖြစ်တာနဲ့တစ်ပြိုင်နက် မြေပေါ်ရှိအဆောက်အအုံများ၊ မြေသားထု၏အလေးချိန်မှုလဖိအားဒဏ်ကို မခံနိုင်ရာကစလို့ မြေကျွံတွင်းကြီးများဖြစ်ပေါ်ခြင်းပဲဖြစ်ပါတယ်။ ဒီလိုရုတ်တရက်ဖြစ်ပေါ်လာတဲ့မြေကျွံတွင်းကြီးများကြောင့် အိမ်များ၊ မော်တော်ကား၊ တံတားနဲ့လမ်းများ စုံးစုံးမြုပ်သွားတတ်ပါတယ်။

ဖလော်ရီဒါပြည်နယ်မှာ ၁၉၉၉ ခုနှစ် စက်တင်ဘာလက ဂျက်ဆင်ရေကန်ကြီးဟာ မြေကျွံမှုကြောင့် ကန်တစ်ခုလုံး လုံးဝနီးပါးကွယ်ပျောက်တဲ့အထိ ဖြစ်ရပ်များဟာ အမှန်တကယ်ဖြစ်ရပ်တွေပါပဲ။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလိုကြီးမားတဲ့ မြေကျွံတွင်းကြီးများဖြစ်တာနည်းပေမယ့် ၂၀၁၀ ပြည့်နှစ် ဇွန်လဆန်းလောက် အရမ်းပူပြင်းတဲ့ကာလမှာ မုံရွာမြို့နယ် ခတက္ကန်-နွယ်ခွေ ဧရိယာရှိ ပြတ်ရွေ့ကြောင်းများ၏ အနောက်ဘက်တွင် ပေ ၄၀ ခန့်ရှိ မြေကျင်း



www.foreverspace.com.mm

ပေါက်ငယ်များဖြစ်သွားခြင်းဆိုတဲ့သတင်း တစ်ခု မီဒီယာဂျာနယ်တချို့မှတစ်ဆင့် ဖတ်လိုက်ရပါတယ်။ ဖြစ်သွားတဲ့နေရာက သနပ်ခါးစိုက်ခင်း လူမနေတဲ့နေရာမှာမို့ပါ။ အဲဒီနေရာမှာ လူနေတိုက်တာအဆောက်အအုံနဲ့ တံတား၊ ဆည်တွေများရှိရင် အများကြီးအန္တရာယ်ရှိပါတယ်။

ဒီအက်ကြောင်းဟာ နေပူရှိန်ပြင်းလွန်းပြီး မိုးအကြီးအကျယ်ဆက်ရွာလိုက်တဲ့အခါ တစ်ခါတစ်ရံဖြစ်တတ်တဲ့ အက်ကြောင်းပဲလို့ ဘူမိဗေဒပညာရှင်တစ်ဦးက သုံးသပ်ပါတယ်။ ဒီအဖြစ်မျိုး မေ့ထားလို့ မရပါဘူး။ အညာဒေသနဲ့ တချို့အပူရှိန်ပြင်းစွာခံစားရတဲ့နေရာတွေမှာ၊ ပြတ်ရွေ့ကြောတွေ (Fault Line) နဲ့နီးတဲ့ အရပ်ဒေသတွေမှာ ဒီလိုအဖြစ်မျိုးတွေက ဖြစ်နိုင်ခြေများတဲ့သဘောတွေပဲ။ ၂၀၀၈ ခုနှစ်လောက်က မင်္ဂလာတောင်ညွန့်မှာ ညသန်းခေါင်ယံအချိန်လောက် တိုက်တစ်လုံး အထပ်မြင့်တော့မဟုတ်ဘူး။ လေးထပ် RC တိုက်တစ်လုံး ဝုန်းဆိုအသံကြားလို့ ဘေးပတ်ဝန်းကျင်ကလူတွေသွားကြည့်ကြတာ မြေညီထပ်တစ်ခုလုံး မြေအောက်ထဲဝင်သွားလို့တဲ့။ အဲဒါ ဘာလဲ၊ ဘာဖြစ်တာလဲ၊ ဘာ့ကြောင့်ဖြစ်တာလဲ။ တစ်ချိန်က ကန်စွန်းခင်းမြေနိမ့်ပိုင်း ရေဝပ်ဧရိယာတွေမှာ ကြုံရာမြေကြီးဖို့ပြီး မြေပြန့်မြေညီလေးဖြစ်လာတဲ့ နေရာတွေ၊ ပျဉ်ထောင်၊ သွပ်မိုးလေး ဆောက်နေကြတုန်း ဘာမှမသိသာဘူးပေါ့။ ကန်ထရိုက်ခေတ်ကျတော့ Soil Test မလုပ်၊ မြေမစမ်းဘဲ ကန်ထရိုက်တိုက် ဆောက်ပြီး ၁၅ နှစ်လောက်အကြာမှာ မြေတွင်းလှုပ်ရှားမှုတစ်ခုခုဖြစ်လာတဲ့အခါက မမျှော်လင့်ဘဲဖြစ်ရတဲ့ကိစ္စတွေပဲ။ ကျွံမဝင်ရင် ဒီလိုမြေမျိုးမှာ တိုက်တွေစောင်းမယ်၊ ငိုက်မယ်၊ အခင်းတွေကွဲမယ်၊ များများမဟုတ်ဘူး။ လျှောင်အဆင့် 5 mm နဲ့ 6mm ကြားသာလှုပ်၊ ဘိလပ်မြေလျှော့သုံး၊ သံချောင်း Size တွေ လျှော့သုံးတဲ့တိုက်တွေ အန္တရာယ်ရှိနိုင်ပါတယ်။

မြေကျွံတာလည်း မြေပြိုသလို နှစ်မျိုးပဲရှိပါတယ်။ သဘာဝအရ မြေသားဆိုင်ရာအားနည်းတဲ့မြေပေါ်မှာ ကြီးမားတဲ့၊ အလေးချိန်များတဲ့ အဆောက်အအုံများကို မြေသားခံနိုင်ရည်အားကောင်းအောင် မပြုပြင်ဘဲ တည်ဆောက်ခြင်းနဲ့ Weak Zone, Fault Zone, Caving, Sink Hole အစရှိတဲ့ မြေသား၊ ကျောက်သားဆိုင်ရာ အားနည်းသောနေရာများမှာ မြေသားလှုပ်ရှားမှု၊ လျှောင်လှုပ်ခြင်းနဲ့ တခြားရွေ့လျားခြင်းများကြောင့် ကျွံကျခြင်းတို့ ဖြစ်ပါတယ်။

စာရေးသူကို ကုမ္ပဏီတစ်ခုက ပင်းတယမြို့ရှိ ရွှေဥမင်ဘုရားမှာ ဓာတ်လှေကားတပ်မယ်ဆိုပြီး စစ်ဆေးခိုင်းလို့ နည်းပညာပစ္စည်းကိရိယာတွေ၊ ပညာရှင်တွေနဲ့ ဓာတ်လှေကားတပ်ဆင်မယ့်နေရာကို သွားရောက်စစ်ဆေးခဲ့ဖူးပါတယ်။ ထုံးကျောက်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ Foundation အနေအထားပါ။ ဒီထုံးကျောက်ဟာ လမ်း၊ တံတား၊ ဆည်၊ လေယာဉ်ပြေးလမ်း



www.foreverspace.com.mm





နဲ့အခြား Infrastructure တွေတည်ဆောက်ရင် အရမ်းသတိထားရပါတယ်။ ဒီထုံးကျောက်တွေကြည့်ရင် Foundation ချမယ့်နေရာ မာသလိုလိုနဲ့ သူ့အောက်မှာ Sink Hole, Caving တွေများရှိရင် အဆောက်အအုံ အလုံးလိုက်ပြိုကျတတ်ပါတယ်။ ခတ်လေ့ကားတပ်ရင် မြေအောက်ရောက်သွားမှာပါ။ ဒါကြောင့် ဒီလိုနေရာမျိုးတွေမှာ Drilling လုပ်၊ ကျောက်ကိုဖောက်ပြီး အောက်က ကျောက်သား ဘယ်လောက်ထိထူလဲဆိုတာ စမ်းသပ်ပြီးမှ Infrasturcture တွေ ဆောက်သင့်ပါတယ်။ လေယာဉ်ပြေးလမ်းအောက်မှာ အဲဒီကျောက်ရှိရင် Boring 747 လိုလေယာဉ်မျိုးဆင်းလို့ကတော့ လေယာဉ် ဘီးကျွံကျသွားတဲ့အထိဖြစ်သွားနိုင်ပါတယ်။ ဖြစ်ရခြင်းအကြောင်းအရင်းကတော့ မြေအောက်လှိုဏ်များဟာ ထုံးကျောက်၊ ကာဗွန်နိတ်နဲ့ မြေအောက်ဆားလှိုဏ်များရှိတဲ့ ဒေသတွေ၊ ကျွန်တော်တို့တိုင်းပြည်မှာဆို ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တွေမှာ အဖြစ်များပါတယ်။ အဲဒီကျောက်သားတွေဟာ မြေအောက်ရေ ဖြတ်သန်းစီးဆင်းမှုကနေ တိုက်စားချေဖျက်မှုဒဏ်ခံရပြီး ကျောက်သားများဟာ ရေတွင်ပျော်ဝင်ပြီး မြေအောက်မှ လိုဏ်ဂူများ၊ မြေအောက်တွင်းကြီးများ ဖြစ်သွားပါတယ်။

ရှမ်းပြည်နယ်မှာဆို ပင်းတယ ရွှေဥမင်၊ ဟိုပုန်းမြို့နယ်တွင်းက ထန်မ်ဆန်း၊ ကလောမြို့နယ်က ရွှေဥမင်နဲ့ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်က ပိတ်ချင်းမြောင်လိုဏ်ဂူတို့ဟာ ထုံးကျောက်များ ရေတွင်ပျော်ဝင်ပြီးဖြစ်သွားတဲ့ ထင်ရှားတဲ့ ဥမင်လိုဏ်ဂူများပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့မြေပြိုခြင်း၊ မြေကျွံခြင်းဆိုင်ရာ ကိစ္စရပ်တွေဟာ အထူးဂရုပြုရမယ့်ကိစ္စရပ်တွေပါ။ အထူးသဖြင့် အင်ဂျင်နီယာပညာရပ်ကို အခြေခံပြီး လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ကုမ္ပဏီတွေဟာ အထူးဂရုပြုဖို့ လိုအပ်ပါတယ်။

ယနေ့အစိုးရက ရေအားလျှပ်စစ်ဆိုင်ရာလုပ်ငန်းတွေကို ပုဂ္ဂလိကကုမ္ပဏီတွေပေးလိုက်တဲ့အခါမှာ ဆည်တွေဆောက်၊ ရေလှောင်ပြီး ရေအားလျှပ်စစ်ထုတ်မယ့်လုပ်ငန်းတွေအတွက် မြေပြိုခြင်း၊ မြေကျွံခြင်းတွေဟာ အဲဒီဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အင်ဂျင်နီယာတွေကို အများကြီးစိန်ခေါ်မယ့်ကိစ္စတွေပါ။ ဥမင်လိုဏ်ခေါင်းတူးပြီး ရေထုတ်မယ့်လမ်းကြောင်းတွေမှာ အဲဒီအတွက် စဉ်းစားတွက်ချက်ရမယ့် နည်းပညာတွေ ထည့်သွင်းမစဉ်းစားမိရင် လိုဏ်ခေါင်းပါပြိုကျမယ့် အကြောင်းအရင်းတွေ ဖြစ်ပါတယ်။

သို့ပါ၍ စာရေးသူအနေနဲ့ အကြံပြုလိုတာက ဒီမြေပြိုခြင်း၊ မြေကျွံခြင်းတွေအတွက် နည်းပညာတွေ ရှိပါတယ်။ ကြိုတင်စူးစမ်းခြင်း (Investigation and Survey)၊ မြေပြိုခြင်းဆိုင်ရာ Slope Stability ဆိုင်ရာတွက်ချက်ခြင်းများ၊ ဆိုင်ရာပညာရပ်ကျွမ်းကျင်သူများနဲ့ အဆောက်အအုံများ၊ ဆည်များ၊ လေယာဉ်ပြေးလမ်းနဲ့ လမ်းများ၊ စက်ရုံများဆောက်လုပ်မည်ဆိုပါက စိုးရိမ်ရန်မရှိပါကြောင်းနဲ့ အန္တရာယ်ကင်း၍ သဘာဝဘေးအန္တရာယ်များကို ကာကွယ်သောအဆောက်အအုံကြီးများ တည်ဆောက်နိုင်ကြပါစေလို့ အကြံပြုရင်း . . .။

**လေးလေးသောင်း**

www.foreverspace.com.mm



# ပညာရေးနှင့် ပုဂ္ဂလိကကျောင်းများ

ဒေါက်တာမောင်သင်း

**အခုတလော ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ပညာရေးနဲ့ဆိုင်တဲ့ သတင်းတစ်ခု မကြာခဏတွေ့နေရပါတယ်။ အဲဒါကတော့ ပုဂ္ဂလိကကျောင်းတွေ ဖွင့်ခွင့်ပေးမယ်ဆိုတဲ့သတင်းပါ။ ကိုယ်ပိုင်ကျောင်းဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းပြီးရင်တော့ အတည်ပြုမယ့်သဘောပါ။**

ကိုယ်ပိုင်ကျောင်းတွေမရှိခဲ့တာ နှစ် ၅၀ နီးပါးရှိပါပြီ။ ကိုယ်ပိုင်ကျောင်းဆိုတာ မြန်မာနိုင်ငံအနေနဲ့ အထူးအဆန်းတော့ မဟုတ်ပါ။ လွတ်လပ်ရေးရပြီးကာစ ၁၉၅၁–၅၂ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းပြီး အများအပြား ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ အစ်ကိုတွေတောင် ရွာမှာ ဒေါ်အေးရင် ကိုယ်ပိုင်ကျောင်းတက်ရပါတယ်။ ကျောင်းလခက တစ်နေ့ငါးပြားတဲ့။ ကျွန်တော်တို့ခေတ်ရောက်တော့ 'ပြည်တော်သာကျောင်း' ခေါ်တဲ့ အစိုးရကျောင်းပေါ်လာပါပြီ။ 'ပြည်တော်သာစီမံကိန်း' အရ ပေါ်ပေါက်လာတဲ့ကျောင်းမို့ အရပ်စကားအရ 'ပြည်တော်သာကျောင်း' တဲ့။ တကယ်တော့ အစိုးရမူလတန်းကျောင်းပါပဲ။



ရွာကနေ မြို့ပြောင်းလာတဲ့ ၁၉၆၅ ခုနှစ်မှာ နိုင်ငံခြားသာသနာပြုမစ်ရှင်ကျောင်းအမျိုးမျိုး၊ အမျိုးသားကျောင်း (နေရှင်နယ်ကျောင်း)၊ မြူနီစပယ်ကျောင်း စတဲ့ ကိုယ်ပိုင်ကျောင်းတွေဆိုတာ နာမည်ပဲ သိလိုက်ရတော့တယ်။ အားလုံးကို ပြည်သူပိုင်သိမ်းလိုက်တော့ အစိုးရအထက်တန်းကျောင်းတွေဖြစ်ကုန်တယ်။ အစိုးရကျောင်းမှာပညာသင်ကြားခဲ့ရတဲ့ ကျွန်တော်တို့ပါ။ ပညာရေးမှာ တာဝန်ထမ်းဆောင်တော့လည်း အစိုးရကျောင်းမှာပါ။ မိတ်ဆွေတွေနဲ့ ပြန်လည်ပေါ်ထွန်းလာမယ့် ကိုယ်ပိုင်ကျောင်းအခြေအနေ ဘယ်လိုလဲဆိုတာ ပြောမိ၊ ဆွေးနွေးမိပါတယ်။ ကျွန်တော်တို့တစ်တွေ ပြည်တွင်းမှာအားလုံး အစိုးရကျောင်းတက်ခဲ့သူတွေပါ။ ဒါပေမဲ့ အများစုက ပြည်ပအတွေ့အကြုံရှိကြသူတွေပါ။ ပုဂ္ဂလိကကျောင်း၊ အစိုးရကျောင်းအကြောင်းတွေမပြောခင် ပညာရေးအကြောင်း အရင်ပြောဖြစ်၊ ဆွေးနွေးဖြစ်ခဲ့တယ်။ ဘာလို့လဲဆိုတော့ ကျောင်းဆိုတာ ပညာရေးကို စုစုဝေးဝေးနဲ့ အကောင်အထည်ဖော်တဲ့နေရာ ဖြစ်နေလို့ပါ။ ပညာရေး (Education) ရဲ့ မူရင်းအဓိပ္ပာယ်က E =

www.foreverspace.com.mm



Out, Ducare = to Lead, Draw, Bring တို့ပါ။ လက်တင်ဘာသာနဲ့ စကားလုံးနှစ်လုံး (E+ ducare) ပေါင်းထားတာ။ ‘လူသားတစ်ဦးချင်းစီမှာ ရှိပြီးသားမွေးရာပါအရည်အသွေး၊ လူ့စွမ်းအားတွေကို ထက်မြက်လာအောင်၊ ပေါ်လွင်လာအောင် ဆွဲထုတ်ခြင်း’ ပါလို့ အကြမ်းဖျင်း အဓိပ္ပာယ်ဖွင့်ပါတယ်။ ပညာရပ်တစ်ခုခုကို တတ်အောင်သင်ပေးရုံ သက်သက်သည် ပညာရေး၏အနှစ်သာရ မဟုတ်ဘူးဆိုတာ ကျွန်တော်တို့သိထားဖို့ပါ။ သင်ယူခဲ့တဲ့ အတတ်ပညာကို မိမိ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ချဲ့ထွင်တတ်အောင်၊ ပြီးတော့ အဲဒီချဲ့ထွင်ထားတဲ့ပညာရပ်ကို လူသားဝန်းကျင်ဖွံ့အောင်၊ ဖြိုးအောင် ကောင်းမွန်တဲ့ဦးတည်ချက်နဲ့ အသုံးချတတ်တဲ့ ကိုယ်ကျင့်တရားရှိလာအောင် ကလေးတွေကိုယ်တိုင် လေ့ကျင့်စေတာဟာ ပညာရေးရဲ့ မူလအနှစ်သာရပါ။

ခေတ်တွေပြောင်းလာတော့ ‘ပညာရေး’ ရဲ့ အယူအဆတွေဟာလည်း ပိုမိုတိုးတက်လာပါတယ်။ မူလအနှစ်သာရကို ပိုမိုကောင်းလာအောင် ထပ်ဖြည့်မှုတွေ၊ ထပ်ဆောင်းမှုတွေပါ။ အဲဒီအထဲက အထင်ရှားဆုံးပညာရေးအယူအဆကတော့ ပြင်သစ်က ဘော်လ်တဲယားရဲ့ အယူအဆပါ။ သူ့အယူအဆက ‘ပညာရေးရဲ့ရလဒ်ဟာ တရားသူကြီးဖြစ်ရမယ်။ ပုပ်ရဟန်းမင်းကြီးဖြစ်ရမယ်။ ဧကရာဇ်ကြီးဖြစ်ရမယ် မဟုတ်ပါ။ နိုင်ငံသားကောင်းတွေမွေးထုတ်ခြင်းပါတဲ့’။ သူ့အယူအဆထက် ပိုကောင်းတဲ့ ဘာထရန်ရပ်ဆယ်ရဲ့အဆိုက ‘ပညာရေးလုပ်ငန်းဟာ လူဆန်တဲ့လူသားမွေးထုတ်ခြင်းပါ’ တဲ့။ ‘လူဆန်တဲ့လူသား’ ဆိုတာ လူဟာ ရည်မွန်သူ၊ ယဉ်ကျေးသူတွေဖြစ်ပြီး လောကရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေကို ခွဲခြားသိနိုင်စွမ်းရှိရပါမယ်။ ပြီးတော့ အမှန်တရားကို သစ္စာခံနိုင်စွမ်းရှိပြီး လူမှုအသိုင်းအဝိုင်း၏ကောင်းကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်စွမ်းရှိတဲ့ လူသားပါတဲ့။ ဒါကိုမှ ဘာထရန်ရပ်ဆယ်က ‘တန်ဖိုးမြင့်လူသား’ တဲ့။ အဲဒီလို ‘လူ့တန်ဖိုးအစစ်အမှန်တွေ ပြည့်ဝတဲ့ တန်ဖိုးမြင့်လူသားတွေကို မွေးထုတ်တဲ့လုပ်ငန်းဟာပညာရေး’ ပါပဲတဲ့။

‘ကျောင်း’ ဆိုတဲ့နေရာဟာ ပညာရေးရဲ့ရည်မှန်းချက်၊ မျှော်မှန်းချက်ကို အကောင်အထည်ဖော်တဲ့ နေရာပါ။ ကျွန်တော်တို့ ငယ်ငယ်က အလွယ်တကူ အမှတ်မှားခဲ့ပါတယ်။ ‘ကျောင်း’ ဆိုတာကို ‘စာသင်ကျောင်း’ လို့။ တကယ်တော့ စာသင်တာသက်သက်မှမဟုတ်တာ။ လူကို ပိုတော်အောင်၊ ပိုကောင်းအောင်၊ ပိုလိမ်မာယဉ်ကျေးမွန်ရည်သူတွေဖြစ်လာအောင် သင်ပေး၊ ပြင်ပေးတာပါ။ ပညာရေးကို အကောင်အထည်ဖော်တဲ့နေရာပါ။ ဆောင်းပါးတစ်ပုဒ်မှာ ‘ထိန်းကျောင်း’ က လာတာလို့ ဖတ်မိ၊ မှတ်သားမိပါတယ်။ ကလေးတွေရဲ့ ကာယ၊ ဉာဏစွမ်းရည်၊ စာရိတ္တနဲ့ အသိဉာဏ်တွေ အစွမ်းကုန်ဖွံ့ဖြိုးအောင် သူကိုယ်တိုင်လေ့ကျင့်ပေးတဲ့နေရာပါ။ ဆရာကကူညီတာ၊ ထိန်းကျောင်းတာ၊ တည့်မတ်ပေးတဲ့နေရာပါ။ စာသင်တဲ့နေရာသက်သက်လို့ အမှတ်မမှားသင့်ပါ။ လူကိုသင်တဲ့၊ လူကိုပြင်တဲ့နေရာပါလို့ ကျွန်တော်တို့ဆရာကြီးတွေကဆိုတာကို ကိုယ်တိုင်ဆရာလုပ်သက်အတော်ရင့်မှ လက်တွေ့ယုံမိပါတယ်။ ဘာတွေနဲ့ပြင်သလဲဆိုတော့ လူသားတိုင်းမှာ မွေးရာပါအရည်အသွေးတွေနဲ့ စရိုက်ကိုကြည့်ပြီး လူသားစွမ်းရည်မြင့်တက်လာအောင် ပြင်ယူတာပါ။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီဝင်၊ သင်္ချာ၊ သိပ္ပံ ဆိုတဲ့ စာတွေသင်ပေးတာသက်သက် မဟုတ်ပါ။ အဲဒီဘာသာရပ်တွေကိုသင်ရင်း တန်ဖိုးမြင့်လူသားတွေ မွေးထုတ်တာပါ။ လူ့အရည်အသွေးကို သူ့အရွယ်နဲ့သူလိုက်အောင်၊ ပြင်တတ်အောင် သင်ပေး၊ လေ့ကျင့်ပေးတာပါ။ လူမှုဘဝတွေမှာ အရေးပါတဲ့အလေ့အကျင့်ကောင်းတွေကို ပျိုးထောင်ပေးတဲ့နေရာပါ။ အညွန့်တလူလူတက်နေတဲ့ အနာဂတ်ခေါင်းဆောင်လောင်းတွေကို တန်ဖိုးတက်လာ၊ မြင့်လာအောင် အလေးထားပြုစုတဲ့နေရာပါ။ လူ့တန်ဖိုးအနှစ်သာရတွေ ဖြည့်ပေးတဲ့နေရာပါ။ လူမှုအဖွဲ့အစည်းအတွင်းသို့ဝင်မယ်ဆိုရင် တော်သလောက်ကောင်းပြီး အနာဂတ်မှာ သူနဲ့သူ့အသိုင်းအဝိုင်းရဲ့ လှုပခဲ့ညားတဲ့ သမိုင်းအဆောက်အဦ တည်ဆောက်နိုင်စွမ်းရှိအောင် လေ့ကျင့်ပေးတဲ့ နေရာပါ။

လူငယ်၊ လူရွယ်တွေကို အဲဒီအရည်အသွေးတွေပေါ်ထွက်လာအောင် လေ့ကျင့်ဖြည့်ဆည်းပေးနိုင်ပါမှ ‘ကျောင်း’ ပါ။ ဒါဆိုရင် အဲဒီလိုအရည်အသွေးမျိုးကို ရှာဖွေဖော်ထုတ်ပြီးရသည်အထိ ပြုစုပျိုးထောင်တတ်တဲ့ ဥယျာဉ်မှူးတွေ (ဆရာတွေ) ဟာ ကျောင်းဆိုတဲ့အရပ်မှာ ရှိနေရပါမယ်။ သူတို့နဲ့အတူ ကာယ၊ ဉာဏဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမယ့် သင်ရိုးညွှန်းတမ်းတွေရှိနေရပါမယ်။ သင်ရိုးညွှန်းတမ်းဟာ ကာယ၊ ဉာဏစွမ်းရည်နဲ့ စာရိတ္တ၊ မိတ္တဗလ၊ လူမှုကျင့်ဝတ္တရားတွေကိုပါ မြင့်တက်စေတဲ့ လူကိုသင်၊ လူကိုပြင်မယ့် သင်ရိုးညွှန်းတမ်းနဲ့ စာပေကိုပါသင်တဲ့ သင်ရိုးညွှန်းတမ်းပါနေရပါမယ်။ အားကစားအချိန်၊ ဂီတအနုပညာ၊ ပတ်ဝန်းကျင်လေ့လာရေး၊ ကြက်ခြေနီအသင်းအဖွဲ့တွေမှာ ပါဝင်လှုပ်ရှားတာ၊ ကိုယ့်ထက်ငယ်တဲ့အတန်းကကလေးတွေသွားထိန်းတာ၊ ချော့တာ၊ သီချင်းဆိုပြတာ၊ သူတို့တစ်တွေနဲ့အတူ ကျောင်းသန့်ရှင်းရေးတွေလုပ်တာ စတာတွေပါ။ ဒါတွေက လူမှုဆက်ဆံရေးတွေ၊ ဦးဆောင်မှုတွေ၊ အငယ်တန်းတွေကို ငဲ့ညှာတတ်၊ စာနာတတ်ဖို့၊ ချစ်တတ်ဖို့ပါ။

စာပေသင်ကြားရေးသက်သက်ကနေ အသက်မွေးဝမ်းကျောင်းကို ကူးပြောင်းတာဟာ ပညာရေးရဲ့ ရလဒ်မဟုတ်သေးပါ။ ထို့အတူ မနက်ကျောင်းတက်၊ စာအုပ်ဖွင့်၊ စာအုပ်ထဲကစာကို ကျောင်းသားခေါင်းထဲရိုက်သွင်း၊ အလွတ်ကျက်ခိုင်း၊ စာမေးပွဲမှာ ပြန်ချရေး၊ စာမေးပွဲလည်းပြီးရော အဲဒီစာတွေ ကျောင်းမှာချန်ထားခဲ့။ သင်ခဲ့တဲ့စာဟာ ဘဝအတွက် သုံးဖို့မဟုတ်၊ သင်တဲ့စာဟာ စာမေးပွဲအတွက်သာဆိုတာ ကျောင်းမဟုတ်ပါ။ ‘စာသင်ကျောင်း’ ပါ။ စာသင်

www.foreverspace.com.mm

တာ 'ပညာရေး' ရဲ့ရလဒ်၊ ပန်းတိုင်မဟုတ်ပါ။ မိမိရဲ့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာကို စာသင်ခန်းထဲကမြင်တတ်၊ ကြည့်တတ်ရအောင်လေ့ကျင့်ပေးတာပါ။ ကျောင်းမှာ လေ့လာခဲ့၊ သင်ခဲ့တာတွေအားလုံးဟာ ဘဝထဲပါရမယ်။ ဘဝနဲ့ ဆက်စပ်နိုင်အောင်၊ ဘဝပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ အခြေခံကောင်းတွေထည့်ပေးနိုင်မှ ကျောင်းပါ။

ပညာရေးဟာ ရေရှည်ရင်းနှီးမြှုပ်နှံမှုပါ။ အဲဒီရေရှည်ရင်းနှီးမြှုပ်နှံမှုတွေကို တကယ်လုပ်နေသူက မိဘတွေပါ။ မိဘတွေမှာ သိတဲ့အတိုင်း ကိုယ့်သား၊ ကိုယ့်သမီး အလုပ်ရပြီဆိုတာနဲ့ ပညာရေးရဲ့ရလဒ်က ပေါ်သေးတာမဟုတ်ပါ။ ရရှိတဲ့အလုပ်ပေါ်မှာ ရိုးသားမှု၊ ကြိုးစားမှု၊ လုပ်ငန်းခွင်နဲ့ မိမိပတ်ဝန်းကျင်မှာ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်မှု၊ ခေါင်းဆောင်နိုင်မှု၊ အသိုင်းအဝိုင်းကလေးစားချစ်ခင်မှု၊ မိမိရဲ့လုပ်ငန်းခွင်နဲ့အသိုင်းအဝိုင်းကို မြှင့်တင်နိုင်မှုတွေ ရှိနေရပါမယ်။ အဲဒါတွေရဲ့အခြေခံတွေကို 'ကျောင်း' မှာ တစ်ခါတည်း လေ့ကျင့်ပြီးသားမို့ ဘဝထဲကို ပါလာရပါမယ်။ ဒါကြောင့် ပညာရေးရဲ့ရလဒ်ကောင်းက အနှစ် ၃၀ နဲ့ နှစ် ၄၀ လောက်မှ အသီးအပွင့်ခံစားရတာပါ။ အဲဒီလို 'နိုင်ငံသားကောင်းများကိုလေ့ကျင့်ပေးတဲ့၊ မွေးတဲ့ကျောင်းမှ ကျောင်းကောင်းပါ။ နှစ် ၃၀ ကနေ နှစ် ၄၀ အထိ စောင့်ရပါမယ်။

အဲဒီတော့ ပုဂ္ဂလိကကျောင်းတွေဆိုတာ အနည်းဆုံး အနှစ် ၄၀ ကို ကြိုမြင်ပြီး ရဲရဲတင်းတင်း မြှုပ်နှံရပါမယ်။ နှစ်စဉ် ထင်သာမြင်သာတာကတော့ ကျောင်းစာအမှတ်ပါ။ မိဘတွေကလည်း ပထမ၊ ဒုတိယ၊ တတိယ ဆိုတာတွေ၊ ပြီးတော့ ဂုဏ်ထူးဘယ်နှခု စတာတွေပါ။ ဒါတွေပဲ သတိထားတာပါ။ အောင်ချက်ကောင်းတဲ့ ကျောင်း၊ စည်းကမ်းကောင်းတဲ့ကျောင်းကို ကောင်းတယ်လို့ထင်ကြတယ်။ အဲဒါတွေက ပညာရေးရဲ့တံလျှပ်တွေလို့ ဆိုရမလား၊ အဲဒါတွေက လူ့တန်ဖိုးအစစ်မဟုတ်သေးပါ။ အတန်းအောင်တယ်၊ အမှတ်များတယ်။ အသက်မွေးမှုအတတ်ကောင်းတတ်တယ်ဆိုရုံနဲ့ လူ့တန်ဖိုးအစစ်တွေ မပါသေးပါ။ ဒါ့ကြောင့် ငါ့သား၊ ငါ့သမီး ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်ဆိုပြီး လူကိုပုံသွင်းမရပါ။ ကျောင်းဆိုတာ ပုံသွင်းစက်ရုံမဟုတ်ပါ။ ကလေးတွေဟာ ဖယောင်းတုံးတွေ၊ ကွန်ကရစ်ဖျော်ရည်၊ သံရည်၊ ရွှံ့ပျော့တုံးတွေမဟုတ်လို့ ပုံသွင်း၍မရပါ။ ကလေးတွေရဲ့ ပင်ကိုသဘာဝနဲ့ အစွမ်းအစတွေကို အကောင်းဆုံးဖွံ့ဖြိုးအောင် ဆရာက ကူညီရမှာ၊ ဖြည့်ရမှာပါ။ အဲဒီလိုဖြည့်နိုင်၊ လမ်းညွှန်၊ ထိန်းကျောင်းနိုင်တဲ့နေရာကိုမှ ကျောင်းဟု ခေါ်ဆိုနိုင်မှာ။



ကျွန်တော် စိတ်ကူးယဉ်နေတာ၊ ဖတ်ထားတာတွေ ပြန်ပြောနေတာမဟုတ်ပါ။ ကိုယ်တွေ့လေးပြောပါရစေ။ ၁၉၈၇ ခုနှစ် နွေဦးကာလ၊ နေသာတဲ့မနက်ခင်း ၉ နာရီလောက်ပါ။ ဂျာမနီနိုင်ငံ မားဘားမြို့ရဲ့ တက္ကသိုလ်က ရုက္ခဗေဒဥယျာဉ်ထဲမှာ ကျွန်တော့်ဓိုက်ခင်းက ပဲပင်ကို နုတ်နေပါတယ်။ ပြီးတော့ အမြစ်တွေကို ရေဆေးနေတုန်း လူရွယ်တစ်ဦးနဲ့ ကလေး ၂၀ လောက်ကျွန်တော့်ကို "မင်္ဂလာနံနက်ခင်းပါ" လို့ နှုတ်ဆက်တော့ ကျွန်တော်လည်း "မင်္ဂလာနံနက်ခင်းပါ" လို့ ပျာပျာသလဲ ပြန်နှုတ်ဆက်မိပါတယ်။ လူရွယ်က ကျွန်တော့်ကို "အချိန်ရရင် နည်းနည်းလောက် မေးခွင့်ပြုပါ"လို့ ဆိုပါတယ်။ ကျွန်တော်က

www.foreverspace.com.mm

"ရပါတယ်" ဆိုတော့မှ သူ့ကိုယ်သူ မိတ်ဆက်ပေးပါတယ်။ သူဟာ ရွာကလေးတစ်ရွာရဲ့ မူလတန်းကျောင်းတစ်ကျောင်းက ကျောင်းဆရာပါတဲ့။ (အဲဒီတုန်းက သူ့နာမည်ရော ရွာနာမည်ပါ ပြောခဲ့ပေမယ့် မေ့နေပါပြီ) အခုကလေးတွေက Grade IV အတန်းကပါ။ "အပင်တွေအကြောင်း လေ့လာရေးဆင်းလာတာပါ။ သိချင်တာလေးတွေ မေးခွင့်ပြုပါ" တဲ့။ "မေးပါ" လို့ ပြောတော့ "လူကြီးမင်းက အပင်တွေနုတ်ပြီး အမြစ်တွေ ကြည့်နေတာမြင်ရလို့ စိတ်ဝင်စားလို့ မေးမလို့ပါ။ ကလေးတွေ နားလည်အောင်လို့ ဖြေပေးပါ"၊ "ဟုတ်ကဲ့" လို့ ဆိုတော့ "ဒီအပင်က ဘာပင်ပါလဲခင်ဗျာ" မေးတော့ ကျွန်တော်က "တရုတ်စားတော်ပဲပါ" ဆိုတော့ "ဘာသုံးလို့ရသလဲ"၊ "နွားစာ၊ ကြက်စာကျွေးဖို့ပါ" ဆိုတော့ "ဘာလို့ကျွေးရတာလဲ" ဆက်မေးပါတယ်။ "ပဲစေ့မှာ ပရိုတင်းကြွယ်ဝလို့ပါ" လို့ဖြေတော့ "ဘာဖြစ်လို့ ပရိုတင်းကြွယ်ဝပါသလဲ" တဲ့။ "ဒီပဲမြစ်ဖုတွေကြောင့်ပါ" ဆိုပြီး ပဲပင်ရဲ့အမြစ်ကလေးမှာ ဖောင်းနေ၊ ဖုနေတာကို ပြပါတယ်။ ပြီးတော့ "အဲဒီပဲမြစ်ဖုထဲမှာ ဘက်တီးရီးယားတွေရှိတယ်"။ ဘက်တီးရီးယားတွေရှိတယ်လည်းဆိုရော ကလေးတစ်သိုက်က "ရောဂါပိုးတွေပေါ့" လို့ ပြိုင်တူအော်ကြတယ်။ ကျွန်တော်က ဒီဘက်တီးရီးယားက ရောဂါဖြစ်စေတဲ့ ရန်သူဘက်တီးရီးယားမဟုတ်ပါ။ အပင်တွေရဲ့မိတ်ဆွေ ဘက်တီးရီးယားဖြစ်ကြောင်း၊ သူ့ကြောင့် လေထဲက နိုက်ထရိုဂျင်ဓာတ်စုပ်ယူနိုင်တာ။ ဒါ့ကြောင့် တခြားအပင်တွေထက် နိုက်ထရိုဂျင်ဓာတ်ပိုရတာမို့ ပရိုတင်းဓာတ် ပိုလုပ်နိုင်ပါတယ်။ ပဲပင်မှာ မိတ်ဆွေကောင်းဘက်တီးရီးယားတွေရှိလို့ အပင်အားလုံးထဲမှာ ပဲစေ့တွေဟာ ပရိုတင်းဓာတ်အကြွယ်ဝဆုံးလို့ပြောတော့ ကလေးတစ်ယောက်က "ရောဂါမဖြစ်တဲ့ ဘက်တီးရီးယားလည်း ရှိတာပေါ့နော်" ဆိုတော့မှ သူတို့ဆရာက "အကျိုးပြုတဲ့ မိတ်ဆွေဘက်တီးရီးယား" လို့ ထပ်ဖြည့်တော့မှ "ကောင်းကျိုးပြုတဲ့ ဘက်တီးရီးယားဆိုတာလည်းရှိတာပေါ့နော်" တဲ့။ ဘက်တီးရီးယားဆိုတိုင်း ရောဂါပိုးမဟုတ်ကြောင်းနဲ့ မိတ်ကောင်း၊ ဆွေကောင်းရှိဖို့လိုတယ်ဆိုတဲ့အသိကိုရအောင် လုပ်ပေးလိုက်တာပါ။

ပြီးတော့ ခပ်သွက်သွက်ချာတိတ်က "လူကြီးမင်းက ဂျပန်လူမျိုးလား" တဲ့ (ကျွန်တော် အဲဒီရောက်တာ ၂နှစ်ကြာလို့ အသားတွေဖြူနေလို့ထင်တယ်) "မဟုတ်ပါ၊ ဗမာပြည် (Burma, ဂျာမန်လို ဘူရမာ) က" လို့ပြောတော့ "ဘယ်နားရှိသလဲ" တဲ့။ "အိန္ဒိယတို့၊ ထိုင်းတို့၊ တရုတ်တို့သိလား" လို့မေးတော့ "သိတယ်" တဲ့၊ "မြန်မာပြည်က အဲဒီနိုင်ငံတွေနဲ့ အိမ်နီးနားချင်းနိုင်ငံပေါ့" ဆိုတော့ "ကျောင်းပြန်ရင် မြန်မာပြည်မြေပုံဆရာပြမယ်" (ကျွန်တော်တို့ခေတ်တုန်းက ဆိုရှယ်လစ်ခေတ်ဆိုတော့ အနောက်ဂျာမနီက သိပ်မသိကြပါ) လို့ဆိုပြီး "မင်းတို့ကံကောင်းတယ်။ ငါဆိုရင် အခု အသက် ၄၀ နီးပါးမှ ဗမာလူမျိုးနဲ့ စကားပြောဖူးတာ။ အဲဒီနိုင်ငံကို ရွှေနိုင်ငံလို့ ဆိုကြတယ်။ ဘာလို့လဲသိလား" မေးတော့ "ရွှေထွက်လို့နေမှာပေါ့" လို့ တချို့က ပြောကြတယ်။ ဆရာက မဟုတ်ဘူး "ရွှေအစစ်နဲ့ ဆေးသုတ်ထားတဲ့ (ရွှေချတာကို သူတို့စကားအတိုင်း) ဘုရားစေတီတွေပေါလို့" လို့ပြောတော့ ကျွန်တော့်ကို "တကယ်လား" တဲ့။ ကျွန်တော်က ခေါင်းညိတ်ပြတော့မှ ဒါဆို "စေတီတွေလှမှာပေါ့နော်လို့" ပြောတော့ "ဟုတ်တယ် အင်မတန်လှတာ၊ ကြီးရင်လာလည်ကြနော်" လို့တောင် ဖိတ်လိုက်ပါသေးတယ်။ ကလေးတွေက "လာလည်မှာပေါ့" လို့ ပြိုင်တူပြောပါတယ်။ ကျောင်းတုန်းကမသိတဲ့ 'ရွှေနိုင်ငံ' ဆိုတာ သိသွားတယ်။ ကျွန်တော် ရက္ခဗေဒဥယျာဉ်ထဲ ၂ နှစ်ခွဲလောက်ဆင်းရတာ အဲဒီလိုကလေးမျိုးတွေ ၁၀ သုတ်လောက် တွေ့ပါတယ်။ ထို့အတူ ကလေးတွေကို ပြတိုက်တွေ၊ သမိုင်းအရ ထင်ရှားတဲ့နေရာတွေမှာ လေ့လာရေးလာကြတာ မကြာခဏ တွေ့ကြပါတယ်။ ကလေးတွေ လေ့လာရေးဆင်းတာကိုကြည့်ပြီး ငါတို့ဆီက ကလေးတွေလည်း အဲဒီလိုဆိုရင် ကောင်းမှာပဲလို့အားကျမိတယ်။ ပညာသင်တာကို နံရံလေးဖက်ကာရံထားတဲ့ အခန်းထဲမှာတင်မဟုတ် အပြင်မှာလည်း သင်ယူလို့ရတယ်ဆိုတာရယ်၊ စာအုပ်ထဲက သင်ခန်းစာကို အပြင်ကလက်တွေ့နဲ့ ဆက်စပ်နိုင်မှ တကယ့်ပညာပါလားလို့ သိခဲ့ရပါတယ်။ ကလေးတွေရဲ့အရည်အသွေးတွေကို ပြင်ပလောကနဲ့ ဆက်စပ်ပေးတာပါ။

သူများတိုင်းပြည်က အတွေ့အကြုံတွင်မကပါ။ ကျွန်တော်တို့ဆီလည်း အဲဒီလိုကျောင်းမျိုး ရှိပါတယ်။ အရင်က ကျွန်တော် တကယ်မသိခဲ့ပါ။ လေ့ကျင့်ရေးကျောင်းဆိုတာ ကျွန်တော်တို့အရပ်မှာမှ မရှိတာ။ ၂၀၀၀ ပြည့်နှစ်မှာ တောင်ငူတက္ကသိုလ်စဖွင့်လို့ တောင်ငူကို ကျွန်တော် ပြောင်းခဲ့ပါတယ်။ ကျွန်တော့်သမီး လေးတန်းကျောင်းသူကို ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်းမှာထားပါတယ်။ အရင်သူနေခဲ့တဲ့ကျောင်းတုန်းက စာမေးပွဲဖြေပြီး ပြန်လာလို့ "ဖြေနိုင်သလား" မေးရင် "၁၀၀ ပဲ ဖေဖေ" တဲ့။ တကယ်လည်း အဲဒီပတ်ဝန်းကျင်က အမှတ်တွေရပါတယ်။ ဒါနဲ့ ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းရောက်ပြီး ဖြေရတဲ့လပတ်စာမေးပွဲမှာ အမှတ်အများကြီးနည်းသွားပါတယ်။ "ဘာဖြစ်လို့လဲ" ဆိုပြီး ကျွန်တော့်သမီးအတွက် စိစစ်တော့ ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းရဲ့ သင်နည်းစနစ်ကြောင့်ပါ။ သင်ကြားရေးစနစ်ကောင်းလို့ပါ။ အရင်နေခဲ့တဲ့ကျောင်းတုန်းက စာမေးပွဲပါမယ့်မေးခွန်းနဲ့ အဖြေကို ဆရာ/ ဆရာမက ပေးလိုက်တယ်။ သမီးက အရကျက်တယ်။ အမှားအယွင်းမရှိဖြေတယ်။ Reproduce လုပ်တယ်ပေါ့။ အဲဒီတော့ ၁၀၀ မှတ်ပတ်ဝန်းကျင်ရပါတယ်။ စာခွံ့ကျွေး (Spoon Feeding) သင်ကြားနည်းစနစ်ပါ။ တွေးခေါ်မှု၊ မြော်မြင်မှု၊ မိမိကိုယ့်စွမ်းကိုယ်စထုတ်သုံးမှုမပါတဲ့ သင်ကြားရေးရဲ့ရလဒ်ပါ။ အဲဒီပညာရေးတံလုပ်အမှတ် (ကလေးရဲ့စွမ်းရည်ကြောင့်ရတဲ့အမှတ်မဟုတ်လို့၊ ပြီးတော့ ပညာရေးရဲ့

www.foreverspace.com.mm

တကယ့်အနှစ်သာရကြောင့်ရတဲ့ အကဲဖြတ်အမှတ်မဟုတ်လို့ တံလုပ်လို့သုံးတာပါ)။ အရာရာမှာ ဆရာကိုမှီ၊ ဆရာကမှတ်စုထုတ် (Teacher centred approach) ကရတဲ့ ရလဒ်ပါ။ ကလေးရဲ့ ကိုယ်စွမ်းကိုယ်စ ထွက်လာခြင်းမရှိပါ။ ကိုယ်စွမ်းကိုယ်စရှိအောင် ကလေးဗဟိုပြုသင်ကြားတဲ့ (Student centred Approach) မဟုတ်လို့ပါ။

တောင်ငူပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်းကျတော့ အဲဒီလိုမဟုတ်ပါ။ Text ထဲပါတဲ့ အကြောင်းအရာကို ဆရာ၊ ဆရာမက ဖတ်ပြ၊ ရှင်းပြတယ်။ ပြီးတော့ မေးခွန်းထုတ်တယ်။ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း နှုတ်နဲ့ဖြေရတယ်။ အဖြေမျိုးစုံပါပဲ။ မမှန်ရင် နောက်တစ်ယောက် မေး၊ ဆရာမက ပြန်ပြင်ပေးလိုက်၊ ဒီလိုနဲ့ အဖြေမှန်ရကြတယ်။ ဒါပေမဲ့ အဖြေမှန်ကို ချမရေးပေးပါ။ ပြီးတော့ သင်ခန်းစာနဲ့ဆိုင်တဲ့ မေးခွန်းတွေကို အိမ်စာပေးလိုက်တယ်။ ပြန်ရောက်ရင် သမီးသူ့ဘာသာသူ ဖတ်စာအုပ်နဲ့ဖတ်ပြီး ဖြေတော့တာပဲ။ ကျူရှင်ထပ်မတက်တဲ့ သမီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရပါတယ်။ ခက်တာ၊ နားမလည်တာ သူ့အစ်မမေး၊ အမေမေး၊ ကျွန်တော့်မေး။ ဒီလိုနဲ့ သူ့စာပြဿနာသူရှင်းတော့ အမှတ်တွေ အရင်နီးပါး ပြန်ရပါတယ်။ ကျောင်းသားဗဟိုပြုသင်ကြားခြင်းရဲ့ ရလဒ်ပါ။ ကျွန်တော်တို့ငယ်ငယ်တုန်းက ကိုယ့်စာကိုယ်လုပ်တော့ ကိုယ်စွမ်းကိုယ်စတွေ တက်လာပါတယ်။ ပြီးတော့ ကိုယ့်အားကိုယ်ကိုး တတ်လာတယ်။ အဲဒီကိုယ့်အားကိုယ်ကိုးစိတ်က ယနေ့လုပ်ငန်းခွင်မှာ မိမိကိုယ်ကိုယ်ယုံကြည်ပြီး အောင်မြင်တဲ့ဆီ တွန်းပို့တော့တာပါပဲ။

အဲဒီကျောင်းမှာ စာသင်တာတင်ပဲလားဆိုတော့ မဟုတ်ပါ။ သမီးကို အစောကြီးလိုက်ပို့ရတဲ့နေ့တွေရှိပါတယ်။ အသင်းတာဝန်ကျတဲ့ရက်တွေပါ။ အစောကြီးသွား၊ အခန်းနဲ့ ကျောင်းဝင်း သန့်ရှင်းရေးလုပ်၊ ခုံတွေစီ၊ အမှိုက်ရှင်း၊ စနစ်တကျစွန့်ပစ်၊ သောက်ရေဖြည့်၊ ကျောင်းနံရံတွေက အမှိုက်တွေနဲ့ ကျောက်သင်ပုန်း သန့်ရှင်းရေးလုပ်ရပါတယ်။ ဒါတင်လားဆိုတော့ မဟုတ်ပါ။ အပတ်စဉ်အိမ်အလုပ် ဘယ်နှခု မိဘကိုဝိုင်းကူလုပ်ခဲ့ကြောင်း အုပ်ထိန်းသူတွေက မှတ်တမ်းတောင်းပါတယ်။ လုပ်ခဲ့တဲ့ အိမ်မှုကိစ္စအရေအတွက်၊ အမျိုးအမည်တွေရေးပေးရပါသေးတယ်။ များသောအားဖြင့် သူ့အဝတ်တချို့လျှော်တာနဲ့ ပန်းကန်ဝိုင်းဆေးတာများပါတယ်။ ပြီးတော့ နေ့စဉ်ပြုကောင်းမှုတစ်ခုခုပါ ထည့်ရေးပေးရပါသေးတယ်။ အများဆုံးက မနက်ဆွမ်းလောင်းတာ၊ ဘုရားရှိခိုးတာ၊ မိဘကန်တော့တာပါ။ အိမ်မှာမိဘနဲ့အလုပ်ကို တာဝန်ခွဲဝေယူတတ်တဲ့အကျင့်ကို သင်ပေးတာပါ။ အိမ်မှုကိစ္စ ဝိုင်းကူလုပ်တဲ့ကလေးတွေဟာ ကျောင်းမှာ မိမိကိုယ်ကိုယ် ယုံကြည်မှုပြည့်ဝကြောင်းနဲ့ ထိုးထွင်းဉာဏ်ရင့်သန်ကြောင်းနှင့် စာတော်ကြကြောင်း ပညာရေးလေ့လာသူတွေက ဆိုပါတယ်။ အတန်းမှာ ပြီးတော့ လူမှုအသိုင်းအဝိုင်းမှာ ခေါင်းဆောင်နိုင်သူတွေဟာ ငယ်ငယ်က အဲဒီလိုအလေ့အထကောင်းတွေရှိခဲ့တယ်လို့ လေ့လာတွေ့ရှိရပါတယ်။

အဲဒီကျောင်းက နမူနာယူစရာ ကလေးတစ်ချက်ကတော့ ကျောင်းတက်တိုင်း၊ ကျောင်းဆင်းတိုင်း နိုင်ငံတော်သီချင်းကို အသံချဲ့စက်နဲ့ဖွင့်ပေးတာပါပဲ။ နိုင်ငံတော်သီချင်းသံကိုကြားတာနဲ့ ကလေးတွေဟာ ရောက်တဲ့အရပ်မှာ သတိဆွဲပြီး ရပ်ပါတယ်။ နိုင်ငံတော်သီချင်းလိုက်ဆို၊ အလေးပြုတာပဲ။ တံမြက်စည်းလှည်းတဲ့သူက တံမြက်စည်းကိုင်လျက်ပါ။ ထို့အတူ အမှိုက်တောင်းနဲ့သူက အမှိုက်တောင်းကိုင်လျက် တစ်ခါတစ်ရံ ရေအိုးမ လာတာမျိုးနဲ့ သတိဆွဲရပ်နေကြတာပါ။ ကိုယ်တွေ့ တွေ့ခဲ့ရပါတယ်။ တိုင်းပြည်ချစ်စိတ်နဲ့ နိုင်ငံတော်ကို လေးစားမြတ်နိုးစိတ်ကို ရင်ထဲစွဲသွားအောင် သွင်းပေးလိုက်တာပါ။



တစ်ခါတစ်ရံမှာ သမီးက သူ့အမေကို မုန့်တွေပိုထည့်ပေးဖို့ ပြောသံကြားနေတာကြောင့်၊ "ဘာဖြစ်လို့ ပိုထည့်ရတာလဲ" မေးတော့ "ဒီနေ့ သူ ဖွံ့ဖြိုးရေးအချိန်မှာ 'မူကြိုကလေးတွေ' သွားထိန်းရမှာမို့ ကလေးတွေကျွေးဖို့ပါ" တဲ့။ ပြီးတော့ သမီး သီချင်းဆိုပြရင် "ဘာဆိုပြရမလဲ" ဆိုတော့ ဒဂုန်ဦးထွန်းမြင့်ရဲ့ 'လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမိုဝဲနဲ့ကင်းအောင်နေ' အစချီတဲ့ ၃၈ ဖြာမင်္ဂလာကဗျာဆိုပြလို့တောင် ပြောခဲ့ပါသေးတယ်။ တစ်ခါတစ်ရံလည်း အိမ်က စာအုပ်တွေ သမီးက အလှူခံပါတယ်။ ကျောင်းကစာကြည့်တိုက်ကိုလှူဖို့တဲ့၊ သူဖတ်နေကျ 'ရွှေသွေး'၊ 'မင်္ဂလာမောင်မယ်' တွေ လှူပါတယ်။ ပြီးတော့ "ဒီနေ့ ဖွံ့ဖြိုးရေးအချိန်နဲ့ နေ့လယ်ထမင်းစားချိန်၊ စာကြည့်တိုက်မှာ တာဝန်ကျတယ်" ဆိုတာတွေလည်း ပြောပါတယ်။ အငယ်ကိုစာနာဖို့၊ ချစ်တတ်ဖို့နဲ့ လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်တတ်ဖို့ လေ့ကျင့်ပေးတာပါ။

တစ်နေ့မှာတော့ အုတ်တွင်းမြို့နယ်က 'သကြားစက်' လေ့လာရေးသွားရမှာမို့ သူ့အမေကို ရေဘူး၊ ထမင်းချိုင့်၊ မနက်စာ မုန့်စီစဉ်ဖို့မှာပါတယ်။ ဒီအတိုင်းမဟုတ်ပါ။ သူက အတန်းငယ်က ကလေးနှစ်ဦးထိန်းရမှာမို့ မုန့်၊ ထမင်း၊ သောက်ရေ ပိုထည့်ပေးပါတဲ့။ ပြီးတော့ ချွေးသုတ်ပဝါ၊ အိမ်သာသုံးစက္ကူတွေထည့်တာ တွေ့ရပါတယ်။ ကလေးတွေမူးရင် ဘာလုပ်ရလဲ

www.foreverspace.com.mm



စတာတွေလည်း မေးပါတယ်။ ဦးဆောင်တတ်ဖို့ အရည်အသွေးတွေ၊ အငယ်တွေကို ချစ်တတ်တာတွေ၊ မတူတဲ့အဆင့်တွေနဲ့ လက်တွဲလုပ်တတ်ဖို့ လေ့ကျင့်ပေးတာပါ။ ပြန်လာတော့ သကြားစက်မှာ ဘာတွေ တွေ့ခဲ့သလဲဆိုတော့ သူ့မှတ်စုလေးထုတ်ပြီး ကြံတွေအများကြီးကို အရည်ကြိတ်တယ်။ ပြီးတော့ အဲဒီအရည်တွေကို စက်နဲ့ အပူပေးပြီး သကြားအခဲတုံးကြီးတွေ၊ အဲဒီကမှ အမှုန့်သကြားတွေရတာပါတဲ့။ "သမီးတို့ သကြားလုပ်နည်း ကျောင်းမှာ သင်ခဲ့ရသလား" ဆိုတော့ မသင်ခဲ့ရပါ။ ဒါပေမဲ့ သကြားကို ကြံကနေလုပ်တာဆိုတာ သင်ခဲ့ရပါတယ်။ လေ့လာရေးအတွေ့အကြုံပြန်ရေးတင်ရမှာမို့ သူ့အစ်မနဲ့တိုင်ပင်ရေးနေတာ ကြားရပါတယ်။ စာအုပ်ထဲကစာကို အပြင်က လက်တွေ့ပညာနဲ့ ပေါင်းစပ်နိုင်မှ 'တကယ့်ပညာ' ဆိုတဲ့အသိ ရစေချင်လို့ပါ။ ပြီးတော့ ကပွဲတွေမှာ ပါဝင်တာ၊ အားကစားပွဲ (ထုပ်ဆီးတိုးလို့ ထင်ပါတယ်) ပါဝင်တာတွေလည်း အမှတ်ရပါသေးတယ်။ ကလေးကို လူ့တန်ဖိုးအစစ်အမှန်တွေဖြစ်တဲ့ ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ မိတ္တဗလတွေဖြည့်ပေးတာပါ။ ဆရာလောင်းတွေလေ့ကျင့်တဲ့ ကျောင်းက 'ကျောင်းနဲ့တူတဲ့ကျောင်း' ပါ။ တစ်ပြည်လုံးမှာရှိတဲ့ လေ့ကျင့်ရေးကျောင်းတွေ ဒီလိုပဲလားလို့ မိတ်ဆွေပညာရေးကောလိပ်ကျောင်းအုပ်ကိုမေးတော့ အတူတူပါပဲတဲ့။ ဂျာမနီမှာနေတုန်းကဆန္ဒတွေ၊ တို့ပြည်မှာလည်း မင်းတို့လိုပဲရှိတာဆိုပြီး ဝမ်းသာမိပါတယ်။

ယနေ့ဖွင့်မယ့်ပုဂ္ဂလိကကျောင်းတွေဟာ ကျွန်တော်တို့သားသမီးတွေ လူ့လောကထဲဝင်တဲ့အခါ ကြုံတွေ့ရမယ့် ပြဿနာတွေကို ပညာအခြေခံပြီး မှန်မှန်ကန်ကန် ဖြေရှင်းတတ်အောင် လေ့ကျင့်ပေးတဲ့ကျောင်း ဖြစ်ဖို့ လိုပါတယ်။ ကျောင်းဆိုတာ လူတစ်ယောက်ရဲ့ဘဝတစ်လျှောက်လုံးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးတဲ့နေရာပါ။ မြန်မာစာ၊ သင်္ချာ၊ ပထဝီဝင် စတဲ့ စာသက်သက်သင်တဲ့ 'စာသင်ကျောင်း' လို့

**အောင်ချက်ကောင်းတဲ့ကျောင်း၊ စည်းကမ်းကောင်းတဲ့ကျောင်းကို ကောင်းတယ်လို့ထင်ကြတယ်။ အဲဒါတွေက ပညာရေးရဲ့တံလျှပ်တွေလို့ ဆိုရမလား၊ အဲဒါတွေက လူ့တန်ဖိုးအစစ် မဟုတ်သေးပါ။**

ကျွန်တော်တို့တစ်တွေ အမှတ်မမှားမှ၊ ဆရာ၊ ဆရာမကကျက်ခိုင်းတာကို '၍၊ ၏၊ သည်' မလွဲပြန်ရေးနိုင် (Reproduce) လို့ ရတဲ့အမှတ်တွေ၊ အဆင့်တွေ၊ ဂုဏ်ထူးတွေနဲ့ အောင်ချက်ကောင်းတာတွေ (ပညာရေးရဲ့တံလျှပ်တွေ) နဲ့တိုင်းတဲ့ကျောင်းမျိုးကို ကျောင်းကောင်းလို့ ကျွန်တော်တို့မိဘတွေလည်းမခံယူဖို့၊ သားသမီးတွေကိုလည်း မမှတ်စေသင့်ပါ။ သားသမီးရဲ့ ရေရှည်ဖွံ့ဖြိုးမှုကို ရပ်တန့်စေလို့ပါ။ လူကိုထုံစေ၊ ထိုင်းစေတဲ့ကျောင်း (Passive Learning School) ပါ။ အရင်တုန်းကတော့ ကြက်တူရွေးစာအံကျောင်း (Parrot Learing) လို့ ခေါ်ခဲ့ကြပါတယ်။

တောင်ငူပညာရေးကောလိပ်ရဲ့ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှာလို ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ ကလေးငယ်၏ ပင်ကိုဗီဇနှင့် စိတ်ပါဝင်စားမှုတို့ကို အခြေခံပြီး ကလေးငယ်များကိုယ်တိုင် ပါဝင်ပြုလုပ်ဖန်တီးစေသောနည်းစနစ်ဖြင့် သင်ကြားတဲ့စနစ်ပါ။ ဆရာ၊ ဆရာမသင်တာကို ထိုင်နားထောင်တဲ့စနစ်မဟုတ်ပါ။ ကလေးတွေရဲ့အတွေ့အကြုံကို အခြေခံသင်ကြားတဲ့ ပညာသင်ကြားရေးပါ။ ပြီးတော့ ကိုယ့်သားကိုယ့်သမီး ကျောင်းသင်ခန်းစာအတွက် ကိုယ့်အားကိုယ်ကိုးပြီး သူများအားကိုးတဲ့ ကျူရှင်နေဖို့မလိုတဲ့ ကျောင်းမှ ကျောင်းကောင်းပါ။ အဲဒီကျောင်းမှာမှ သင့်သား၊ သင့်သမီး စာကိုခင်ပြီး စာကိုဆက်သင်ချင်မှာ၊ ကျောင်းဆိုတာ ပျော်ရွှင်စရာနေရာလို့ ခံယူလာပါတယ်။ ပညာကို ဆက်လက်လေ့လာလိုစိတ်တွေ ပွားများလာပါလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ပြီး ကိုယ့်အားကိုယ်ကိုးလိုစိတ် မြင့်တက်လာပါတယ်။ ဒါ့အပြင် ဘဝနောက်ခံမတူတဲ့သူတွေနဲ့ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ပူးပေါင်းဆောင်ရွက်ရင်း သူငယ်ချင်းတွေဆီက ကောင်းတဲ့ဓလေ့၊ စရိုက်တွေ ရယူနိုင်၊ သင်ယူနိုင်တယ်ဆိုတဲ့ ပညာတွေရပါတယ်။ အဲဒီလိုကျောင်းမျိုးကို သင်ယူလိုစိတ်မြှင့်တင်ပေးတဲ့ကျောင်း (Active Learning School) လို့ခေါ်ပါတယ်။ အနာဂတ်ကိုပိုင်စိုးမယ့် လူတော်လူကောင်းခေါင်းဆောင်လောင်းတွေကို တန်ဖိုးမြင့်အရည်အသွေးတွေ တပ်ဆင်ပေးတဲ့နေရာမှ ကျောင်းပါ။

အဲဒီတော့ ယနေ့ပြန်လည်ပေါ်ထွန်းလာမယ့် ပုဂ္ဂလိကကျောင်းတွေဟာ အစိုးရကျောင်းတွေထဲက တောင်ငူပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းလို ပညာရေးရဲ့အနှစ်သာရဖြစ်တဲ့ လူငယ်တွေရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလ ဖွံ့ဖြိုးရှင်သန်မှုကို အကောင်အထည်ဖော်မယ့်ကျောင်း၊ လူ့တန်ဖိုးအစစ်အမှန်တွေ ဖြည့်တဲ့ကျောင်း၊ Passive Learning ကင်းတဲ့ ကျောင်း၊ Active Learning ကို ဦးထိပ်ထားမယ့်ကျောင်း၊ အလွတ်ကျက်ရမှတ်လို့ခေါ်တဲ့ ပညာရေးတံလျှပ်ကို ဦးစားမပေးတဲ့ ကျောင်းဖြစ်ဖို့တော့ လိုပါတယ်။ ဒါမှသာ မိဘများရဲ့ တန်ဖိုးမြင့်သားသမီးရတနာ ဖြစ်ထွန်းမှု မျှော်လင့်ချက်အတွက် ခက်ခက်ခဲခဲရှာဖွေထားတဲ့ ငွေကြေးနဲ့ ရင်းနှီးမြှုပ်နှံရကျိုးနပ်မှာပါ။ မိဘတွေလည်း အဲဒီကျောင်းမျိုးရွေးတတ်ဖို့တော့ လိုပါတယ်။ ရွေးရင် ငါ့သား၊ ငါ့သမီး စာတတ်စာတော် အလုပ်အကိုင်ကောင်းနဲ့ရမယ်ဆိုတဲ့ စီးပွားရေးအမြင်နဲ့ မကြည့်ပါနဲ့၊ ငါ့သား၊ ငါ့သမီး အောင်မြင်သူတွေရဲ့ထိပ်က 'တန်ဖိုးမြင့်လူသား' ဖြစ်ရမယ်ဆိုတဲ့ 'ပညာရေးအမြင်' နဲ့ကြည့်တတ်ဖို့တော့ လိုမယ်ထင်ပါတယ်။

**ဒေါက်တာမောင်သင်း**

www.foreverspace.com.mm

# အင်ဒီရာ

မြသန်းသန်းနု

**ကျွန်မနဲ့ ဆွေမျိုးတော်စပ်သူ 'အဒေါ်' မဟုတ်ပေမယ့် 'အန်တီ' ကို မကြာခဏဆိုသလို သတိရမိပါတယ်။ အခုလို အောက်တိုဘာလထဲရောက်လာရင် အထူးသတိရမိပါတယ်။ လွန်ခဲ့တဲ့ ၂၆ နှစ်က ကျွန်မမွေးနေ့ အောက်တိုဘာလ ၃၁ ရက်နေ့မှာ အန်တီကွယ်လွန်အနိစ္စရောက်ရှိခဲ့လို့ ဖြစ်ပါတယ်။**

၁၉၈၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ မနက်စောစော ၄နာရီခွဲလောက်မှာ ဘုရားရှိခိုးပရိတ်ရွတ်ချိန်မှာ ရွတ်နေကျ ပရိတ်တရားတော်တွေအပြင် မွေးနေ့အတွက် အထူးပရိသတ်တော်တွေလည်း ရွတ်ဖတ်ပူဇော်ခဲ့ပါတယ်။ အရုဏ်တက်ဆွမ်းတော်ကပ်ချိန်မှာလည်း ဆွမ်း၊ သစ်သီးစုံ၊ မုန့်မျိုးစုံနဲ့ ဖွယ်ဖွယ်ရာရာ ဆွမ်းတော်ကပ်လှူခဲ့ပါတယ်။ နေ့စဉ် နေ့လယ်တစ်နာရီခွဲမှ ရုံးသွားလေ့ရှိပေမယ့် အဲဒီနေ့က မနက် ၉ နာရီအပြင်သွားဖို့ ပြင်ဆင်ရပါတယ်။

အိန္ဒိယအစိုးရနိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆိုင်ရာ ဌာနခွဲအတွင်းဝန်က ကျွန်မကို မနက် ၉ နာရီခွဲလာတွေ့ဖို့ ဖုန်းဆက်အကြောင်းကြားထားပါတယ်။ ကျွန်မတို့ချိန်းဆိုထားတဲ့အချိန် ရောက်သွားကြတဲ့အခါ ဝန်ကြီးချုပ်ရုံးက ကျွန်မနဲ့ပတ်သက်ပြီး အကြောင်းပြန်ကြားစာရောက်လာကြောင်း ဝမ်းသာအားရပြောပြရင်း စာကိုလည်း ပြပါတယ်။ ကျွန်မ 'အန်တီ' ဆီကိုစာရေးပြီး ကျွန်မတို့ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လအတွင်း ဘိုပါလ် (BHOPAL) မြို့ကနေ ဒေလီမြို့အရောက်၊ နေထိုင်ခွင့်ပေးထားတဲ့ အစိုးရဝန်ထမ်းများအဆောင် (Pragati Vihar Hostel) ကနေ အဆင့်မြင့်ဝန်ထမ်းအိမ်ရာတိုက်ခန်းတစ်ခုကို ပြောင်းရွှေ့လိုကြောင်း မေတ္တာရပ်ခံခဲ့ပါတယ်။ ပြန်စာလက်ခံရရှိပြီး ကျွန်မနဲ့ ကျွန်မခင်ပွန်း ဝမ်းသာအားရ အိမ်ပြန်လာကြပါတယ်။



အိမ်ရောက်ပြီး မကြာခင်မှာပဲ တယ်လီဖုန်းမြည်သံကြားလို့ ကောက်ကိုင်လိုက်တဲ့အခါ ကျွန်မတို့နဲ့ မိသားစုတမျှ ရင်းနှီးလှတဲ့ မီနာရဲ့အသံကို ကြားရပါတယ်။ မီနာက ကလောသူပါ။ မီနာရဲ့ခင်ပွန်းဟာ အဲဒီအချိန်က အိန္ဒိယအထက်လွှတ်တော်မှာ လူငယ်အမတ်တစ်ဦးဖြစ်ပါတယ်။ မီနာ အိမ်ထောင်ကျပြီး အိန္ဒိယနိုင်ငံမှာ အခြေစိုက်နေထိုင်နေပါတယ်။ မီနာက စိုးရိမ်ပူပန်တဲ့လေသံနဲ့ "မမ၊ အင်ဒီရာကြီးလုပ်ကြံခံရတယ်လို့ ကြားတယ်။ မမသိပြီးပြီလား" လို့

www.foreverspace.com.mm

မေးလိုက်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ရှိသေလေးစားမှုပြသတဲ့အနေနဲ့ နာမည်နောက်မှာ 'ကြီး' ထည့်ခေါ်လေ့ရှိပါတယ်။ ဒါကြောင့် 'အင်ဒီရာကြီး'(INDIRAJI) ဆိုတာကလည်း ဝန်ကြီးချုပ်အင်ဒီရာဂန္ဒီကို လေးစားမှုနဲ့ခေါ်ဝေါ်တာ ဖြစ်ပါတယ်။

မီနာရဲ့သတင်းစကားကြောင့် ကျွန်မ အထိတ်တလန့်ဖြစ်ခဲ့ရပါတယ်။ တစ်ဆက်တည်း စဉ်းစားလိုက်ပြန်ပါတယ်။ အခုပဲ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြန်ရောက်ပြီး အဲဒီဌာနမှာလည်း အားလုံး ပုံမှန်အတိုင်း လည်ပတ်နေတာ မြင်တွေ့ခဲ့ရတော့ စောစောက မီနာပြောတဲ့သတင်းဟာ ကောလာဟလ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မီနာကို အဲဒီအတိုင်း ပြောပြလိုက်ပါတယ်။ ကျွန်မ စကားအဆုံးမှာ မီနာက မဟုတ်ဘူးမမ၊ ကျွန်မတို့အိမ်ကတောင် သေနတ်သံတွေ ကြားရတယ်။ မနက် ၁၀ နာရီကျော်လောက်ကဖြစ်တာလို့ ပြောနေကြတယ်" လို့ ရှင်းပြပါတယ်။ မီနာရော ကျွန်မပါ ကြေကွဲဝမ်းနည်းစွာနဲ့ စကားပြောတာ အဆုံးသတ်လိုက်ကြပါတယ်။

ကျွန်မတို့ AIR မြန်မာပိုင်းအသံလွှင့်ဌာနမှာ ကြီးကြပ်ရေးမှူးနဲ့ ကျွန်မတို့ ဝန်ထမ်းငါးဦးရှိပါတယ်။ ကျွန်မတို့အားလုံး မိသားစုတစ်စုလို ခင်မင်ရင်းနှီးမှုရှိကြပါတယ်။ မကြာခဏဆိုသလို ရုံးမှာ စုဝေးစားသောက်ကြဖို့ သူ့အိမ်ကိုယ့်အိမ်က ချက်ပြုတ်ယူသွားလေ့ရှိပါတယ်။ ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ကလည်း ကျွန်မမွေးနေ့မှာ အိမ်ကနေ ခေါက်ဆွဲကြော်သွားဖို့ စဉ်းစားထားပါတယ်။ မီနာဆီက ဖုန်းဆက်ပြီးတဲ့နောက် ရုံးမှာ စုဝေးစားသောက်ချင်စိတ်လည်းမရှိတော့ပါ။ အခြေအနေတွေ ဘယ်လိုထူးခြားလာမလဲဆိုတာ သိလိုဇောနဲ့ ကျွန်မတို့ဇနီးမောင်နှံ အဖြစ်လောက်ထမင်းစားပြီး ရုံးဘက်ထွက်ခဲ့ကြပါတယ်။ ဘတ်စ်ကားမှတ်တိုင်သွားတဲ့ လမ်းတစ်လျှောက်မှာရော၊ ဘတ်စ်ကားမှတ်တိုင်မှာရော၊ ဘတ်စ်ကားပေါ်မှာရော၊ ပတ်

**နေ့လယ်ပိုင်းမှာ အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ ကွယ်လွန်အနိစ္စရောက်ရှိသွားပြီဆိုတဲ့သတင်းကို တရားဝင် အတည်ပြု ကြေညာခဲ့ပါတယ်။ ရုံးမှာ အလုပ်လုပ်နေရပေမယ့် ကြေကွဲဝမ်းနည်းမှုကသာ ကျွန်မစိတ်ကို လွှမ်းမိုးနေပါတယ်။ ညနေ ရုံးဆင်းချိန်မှာ ဘတ်စ်ကားရဖို့ အတော်ခက်ခဲနေတာ တွေ့ရပါတယ်။ ဟိုနားဒီနား လူတွေ စုရုံးစုရုံးနဲ့ တစ်ခုခုထဖြစ်တော့မယောင် ဖြစ်နေတာကြောင့် အိမ်ပြန်ရောက်မှပဲ သက်ပြင်းချနိုင်ပါတော့တယ်။**

ဝန်းကျင်မှာပါ တစ်ခုခုဖြစ်တော့မယ်ဆိုတဲ့ သဘောမျိုးနဲ့ ခြိမ်းခြောက်နေသလို ခံစားမိပါတယ်။ ရုံးရှေ့ရောက်တော့လည်း လူတွေနဲ့ ပြည့်နှက်နေပါတယ်။ ဝမ်းနည်းကြေကွဲဖွယ်ရာသတင်းမဟုတ်ပါစေနဲ့လို့ ရင်ထဲ တထိတ်ထိတ်နဲ့ ဆုတောင်းရင်း သတင်းဦးရအောင် အသံလွှင့်ရုံနဲ့ ရုပ်သံလွှင့်ဌာနရှေ့မှာလာပြီး စောင့်နေသူတွေ ဖြစ်ကြပါတယ်။

နေ့လယ်ပိုင်းမှာ အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ ကွယ်လွန်အနိစ္စရောက်ရှိသွားပြီဆိုတဲ့သတင်းကို တရားဝင်အတည်ပြု ကြေညာခဲ့ပါတယ်။ ရုံးမှာအလုပ်လုပ်နေရပေမယ့် ကြေကွဲဝမ်းနည်းမှုကသာ ကျွန်မစိတ်ကို လွှမ်းမိုးနေပါတယ်။ ညနေရုံးဆင်းချိန်မှာ ဘတ်စ်ကားရဖို့ အတော်ခက်ခဲနေတာ တွေ့ရပါတယ်။ ဟိုနားဒီနား လူတွေ စုရုံးစုရုံးနဲ့ တစ်ခုခုထဖြစ်တော့မယောင် ဖြစ်နေတာကြောင့် အိမ်ပြန်ရောက်မှပဲ သက်ပြင်းချနိုင်ပါတော့တယ်။

အဲဒီတစ်ညလုံး ကျွန်မ 'အန်တီ' အကြောင်းကိုပဲ တွေးနေမိပါတယ်။ 'အန်တီ' ကို ကျွန်မ မှတ်မှတ်ရရ ငါးနှစ်၊ ခြောက်နှစ်သမီးကတည်းက အနီးကပ် ရင်းနှီးခဲ့တယ်လို့ ထင်မိပါတယ်။ 'အန်တီ' က သူ့ဖခင်ကြီး ဝန်ကြီးချုပ် ဂျဝါဟာလာလ်နေရူး (Pandit Jawaharlal Nehru) ရဲ့ ကိုယ်ရေးအတွင်းဝန်အဖြစ် တာဝန်ယူခဲ့ဖူးလို့လည်း တိုင်းရေးပြည်မှုမှာ စောစောစီးစီး အတွေ့အကြုံရင့်ကျက်ခဲ့သူဖြစ်ပါတယ်။ ဖခင်ကြီး မြန်မာနိုင်ငံကို ဧည့်သည်တော်အဖြစ် အလည်အပတ်ရောက်ရှိလာစဉ်ကလည်း 'အန်တီ' ပါလာတာကို မှတ်မိနေပါတယ်။

အဲဒီအချိန်က မေမေက မြန်မာအမျိုးသမီးတွေရဲ့အလှမှာ အရေးကြီးတဲ့အခန်းကဏ္ဍကပါဝင်တဲ့ သနပ်ခါးအကြောင်း 'အန်တီ' ကို ပြောပြပါတယ်။ 'အန်တီက' သနပ်ခါးသွေးလိမ်းရတဲ့အကြောင်း စိတ်ပါဝင်စားစွာနဲ့ နားထောင်ရင်း ညဘက်မှာ သူလည်း စမ်းလိမ်းကြည့်ချင်လို့ သွေးပြီးသားရှိရင် နည်းနည်းပေးဖို့ပြောပါတယ်။ မေမေက အိမ်တော်ဝန်ကတော် အန်တီဒေါ်နီနီကို သွေးပြီးသားသနပ်ခါးနည်းနည်း အိပ်ခန်းထဲက ငွေဘူးလေးထဲထည့်ပြီး ယူလာပါလို့ ပြောလိုက်ပါတယ်။ အဲဒီအချိန်က ကျွန်မ အင်မတန်ငယ်သေးပေမယ့် ဒီနေ့ထိ အဲဒီဖြစ်ရပ်ကို အသေးစိတ်မြင်ယောင်နေပါသေးတယ်။ 'အန်တီ' အတွက် သနပ်ခါးထည့်ပေးလိုက်တဲ့ငွေဘူးလေးဟာ 'သန်းသန်းနု' လို့ အမည်ရေးထိုးထားတဲ့ ကျွန်မရဲ့ငွေဘူးလေး ဖြစ်နေပါတယ်။ "အဲဒါ သမီးရဲ့ဘူးလေး" လို့ ကျွန်မက ထပ်တလဲလဲပြောနေပါတယ်။ "ကလေးက ဘာလို ချင်လို့လဲ" ဆိုပြီး 'အန်တီ' က မေးပါတယ်။ "သမီးကလည်း သနပ်ခါးလိမ်းချင်လို့ပါ" လို့ မေမေက 'အန်တီ' ကို အဆင်ပြေအောင် ပြောပြပြီး "သမီးအတွက် အသစ်ထပ်ဝယ်ပေးမယ်၊ အခု ခဏငြိမ်ငြိမ်နေနော်၊ လိမ္မာတယ်" လို့ ကျွန်မဘက်ကိုလှည့်ပြီး ပြောလိုက်ပါတယ်။

www.foreverspace.com.mm

၁၉၇၅ ခုနှစ် ဇွန်လအတွင်းက အလာဟာဘတ် (Allahabad) အထက်တရားရုံးတော်က ဝန်ကြီးချုပ်အင်ဒီရာဂန္ဒီဟာ ပြီးခဲ့သည့်အောက်လွှတ်တော်ရွေးကောက်ပွဲမှာ မသမာတဲ့နည်းလမ်းတွေ အသုံးပြုခဲ့တာကြောင့် အောက်လွှတ်တော်အမတ် မဖြစ်ထိုက်တော့ကြောင်း ကြေညာခဲ့ပါသည်။ အခုလိုကြေညာရခြင်းဟာ မစ္စတာရာဂျ်နရိန်း (Mr.Rajnarain)ဆိုသူက အထက်ရုံးတော်ကို ဦးတိုက်လျှောက်ခဲ့လို့ ဖြစ်ပါတယ်။ ၁၉၇၇ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ရာဂျ်နရိန်းက ဝန်ကြီးချုပ်အင်ဒီရာဂန္ဒီနဲ့ ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့ပါတယ်။

ဖေဖေ၊ မေမေနဲ့ ကျွန်မမိသားစု ၁၉၇၄ ခုနှစ်က 'အန်တီ' ရဲ့ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံအလယ်ပိုင်း မဒရာပရာဒက်ရှ်ပြည်နယ် (Madhra Pradesh State) ဘိုပါးလ် (Bhopal) မြို့မှာ အခြေချနေထိုင်ခဲ့ကြပါတယ်။ ၁၉၇၇ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ဝန်ကြီးချုပ်အင်ဒီရာဂန္ဒီနဲ့အတူ အာဏာရကွန်ဂရက်ပါတီ အရေးရှုံးနိမ့်ခဲ့ပါတယ်။ မစ္စတာမိုရာဂျီဒေဆိုင်း (Mr. Moraji Desai) ခေါင်းဆောင်တဲ့ အတိုက်အခံဂျန်တာပါတီ (Janata Party) အာဏာရရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ အိန္ဒိယပညာရေး၊ အနုပညာနဲ့ ယဉ်ကျေးမှုမြှင့်တင်ရေး သက်သက် ကြိုးပမ်းဆောင်ရွက်ပေးနေတဲ့ ဘာရာတိယဗိဒိယဘဝန်း (Bharatiya Vidya Bhavan) အိန္ဒိယပညာရေးဗိမာန် ကြီးက ဖေဖေရေးသားတဲ့ ကိုယ်ရေး အတ္ထုပ္ပတ္တိ 'တာတေစနေသား' စာအုပ်အင်္ဂလိပ်ဘာသာပြန်ကို ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ ၁၉၇၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှာ အိန္ဒိယပညာရေးဗိမာန်ကြီးက ထုတ်ဝေခဲ့တဲ့စာအုပ်များရဲ့ စာရေးဆရာတွေကို ဂုဏ်ပြုချီးမြှင့်ပွဲတစ်ရပ် ဒေလီမြို့တော်မှာ ကျင်းပခဲ့ပါတယ်။

ဝန်ကြီးချုပ် မစ္စတာမိုရာဂျီဒေဆိုင်း ချီးမြှင့်မယ့်ဂုဏ်ထူးဆောင်ဆုကို ဖေဖေ့ကိုယ်စားလက်ခံဖို့ ကျွန်မ ဘိုပါးလ်မြို့က နေ ဒေလီမြို့တော်ကို သွားရောက်ခဲ့ရပါတယ်။ ဒေလီမြို့မှာ အသွားအပြန်သုံးရက်သာနေဖို့ အစီအစဉ်ရှိပါတယ်။ ဒေလီရောက်ရင် 'အန်တီ' နဲ့ တွေ့ဖြစ်အောင်တွေ့ဖို့ ဖေဖေက မှာပါတယ်။ အာဏာလက်မဲ့



www.foreverspace.com.mm



ဖြစ်နေချိန်မှာ 'အန်တီ' ရဲ့ကျေးဇူးကို အသိအမှတ်ပြုကြောင်း အထူးပြသရမယ်လို့ ဖေဖေက လေးလေးနက်နက် မှာလိုက်ပါတယ်။

ကျွန်မ ဩဂုတ်လ ၂၄ ရက်နေ့ နေ့လယ်ပိုင်းလေယာဉ်နဲ့ ဒေလီမြို့ကို ရောက်ရှိပါတယ်။ တည်းခိုဖို့စီစဉ်ထားတဲ့ ဧည့်ဂေဟာကို ကြိုဆိုရေးအဖွဲ့က ပို့ပေးပါတယ်။ ကျွန်မ ဧည့်ဂေဟာရောက်ကတည်းက သံတမန်ထုံးတမ်းစဉ်လာစည်းကမ်းတွေကို ဂရုမစိုက်ဘဲ 'အန်တီ' နဲ့ တွေ့ချင်ပါတယ်။ ချိန်းပေးကြပါလို့ တာဝန်ရှိသူတွေကို မေတ္တာရပ်ခံခဲ့ပါတယ်။ အဲဒီအချိန်က ဒေလီမြို့အကြောင်း မသိရှိသေးတာကြောင့် ကျွန်မအတွက် သွားရေးလာရေးခက်ခဲလှပါတယ်။ ဩဂုတ်လ ၂၅ ရက်နေ့ မွန်းလွဲ ၃ နာရီမှာ အခမ်းအနားရှိပါတယ်။ 'အန်တီ' နဲ့ ချိန်းပေးဖို့ ထပ်တလဲလဲ တောင်းဆိုနေတာကို အခမ်းအနားတာဝန်ခံတွေ နားငြီးလာပုံရပါတယ်။ အဲဒီနေ့ ညနေ ၅ နာရီ တွေ့ဆုံနိုင်ဖို့ အချိန်ယူပေးကြပါတယ်။ "ခင်ဗျားက ဝန်ကြီးချုပ်ရဲ့အခမ်းအနားတက်ဖို့လာပြီး အတိုက်အခံတစ်ယောက်ကို တွေ့ချင်နေတာ ကျွန်တော်တို့ အံ့ဩမိတယ်။ အခမ်းအနားမပြီးရင်တော့ ခင်ဗျား မသွားသင့်ဘူး" လို့ ပြောပါတယ်။ ကံအားလျော်စွာပဲ ဆုချီးမြှင့်တဲ့အစီအစဉ်ပြီးမှ ခေါင်းဆောင်ကြီးတွေနဲ့ ပညာရှင်တွေ တစ်ယောက်တစ်လှည့် မိန့်ခွန်းခြွေကြပါတယ်။ နာရီကြည့်လိုက်တဲ့အခါ ညနေ ၄ နာရီခွဲနေပါပြီ။ မိန့်ခွန်းပြောမယ့်သူတွေက နောက်ထပ် တစ်နာရီစာမက ကျန်ပါသေးတယ်။ ကျွန်မ အသာလေးထပြီး စင်မြင့်အနောက်ဘက်ကနေ အပြင်ထွက်ခဲ့ပါတယ်။ 'အန်တီ' အဲဒီအချိန်က အမှတ် ၁၂ ဆာဖ်ဒါဂျုန်လမ်းသွယ် (No.12, Safda Jung Lane) မှာ ခြံလေးဝင်းလေးနဲ့ အစိုးရကပေးထားတဲ့ တစ်ထပ်တိုက်ကလေးမှာ နေပါတယ်။ အိမ်ထဲဝင်သွားတဲ့အခါ အန်တီတစ်ယောက်တည်း ဧည့်ခန်းထဲမှာ

**လုံခြုံရေးတင်းကျပ်မှုတွေ များလွန်းတာကြောင့် ကိုယ့်ဘာသာ အနီးကပ်ဝင်ကြည့်ဖို့ မလွယ်ပါ။ ရုပ်အလောင်းပြင်ထားတဲ့ ပြတိုက်အဝင်ဝ ရောက်တဲ့အခါ လုံခြုံရေးအထပ်ထပ် ချထားပြီး ဖိတ်စာတွေကိုစစ်ဆေးပြီးမှ ဝင်ခွင့်ပြုပါတယ်။ ကျွန်မကိုခေါ်သွားတဲ့ပြည်နယ်ဝန်ကြီးချုပ်ဇနီးမောင်နှံနဲ့ အတူ သူတို့သားငယ် အဂျေးလည်း ပါလာပါတယ်။**

ထိုင်နေပါတယ်။ ကျွန်မကိုတွေ့တော့ ထလာပြီး သူထိုင်နေတဲ့ ကုလားထိုင်ဘေးမှာ ထိုင်ခိုင်းဖို့ လက်ဆွဲခေါ်သွားပါတယ်။ အဲဒီလို အချိန်မျိုးမှာ တကူးတကသွားတွေ့လို့ 'အန်တီ' ဝမ်းသာသွားပုံရပါတယ်။

အဲဒီကနေ ခုနစ်နှစ်ကျော်အကြာမှာတော့ 'အန်တီ' လူ့လောကအလယ်က ပျောက်ကွယ်ခဲ့ရပါတယ်။ 'အန်တီ' ရဲ့ ရုပ်အလောင်းကို ဖခင်ကြီးနေရူးလက်ထက်က 'ဝန်ကြီးချုပ်အိမ်တော်' အဖြစ် သတ်မှတ်ခဲ့ပြီးနောက်ပိုင်း 'နေရူးပြတိုက်' အဖြစ် ပြောင်းလဲသတ်မှတ်လိုက်တဲ့ ဂေဟာရဲ့ အရှေ့မျက်နှာစာမှာ အနယ်နယ်အရပ်ရပ်က အများပြည်သူ ဂါရဝပြုနိုင်အောင် ပြင်ဆင်စီစဉ်ပေးခဲ့ပါတယ်။ အဲဒီလို အများပြည်သူအတွက် စီစဉ်မပေးမီ ပထမနေ့မှာ ပြတိုက်အတွင်း ရုပ်အလောင်းပြင်ဆင်ထားပြီး မိသားစုဝင်တွေ၊ အစိုးရအဖွဲ့ဝန်ကြီးတွေနဲ့ ဇနီးသည်တွေ၊ ပြည်နယ်ဝန်ကြီးချုပ်တွေနဲ့ ဇနီးသည်တွေ၊ နိုင်ငံခြားသံတမန်အကြီးအကဲတွေနဲ့ ကြည်း၊ ရေ၊ လေတပ်ဖွဲ့အကြီးအကဲတွေကို ဖိတ်ကြားပြီး ဂါရဝပြုစေပါတယ်။

အဲဒီအချိန်က မဒရာပရာဒက်ရှ် ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဇနီးတို့လည်း ဒေလီမြို့ရောက်ရှိနေကြပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ဇနီးက ကျွန်မကို ဖုန်းဆက်ပြီး "အင်ဒီရာကြီးကို ဂါရဝပြုဖို့ ဒီနေ့လည်း သွားကြမယ်။ လိုက်ချင်တယ်မဟုတ်လား။ အခု တည်းနေတဲ့ဧည့်ဂေဟာကို လာလိုက်လေ" လို့ ပြောပါတယ်။ ကျွန်မ အလိုဆန္ဒပြည့်ဝသွားလို့ ဝမ်းနည်းနေတဲ့ကြားက ဝမ်းသာမိပါသေးတယ်။ လုံခြုံရေးတင်းကျပ်မှုတွေ များလွန်းတာကြောင့် ကိုယ့်ဘာသာ အနီးကပ်ဝင်ကြည့်ဖို့မလွယ်ပါ။ ရုပ်အလောင်းပြင်ထားတဲ့ပြတိုက်အဝင်ဝရောက်တဲ့အခါ လုံခြုံရေးအထပ်ထပ်ချထားပြီး ဖိတ်စာတွေကိုစစ်ဆေးပြီးမှ ဝင်ခွင့်ပြုပါတယ်။ ကျွန်မကိုခေါ်သွားတဲ့ ပြည်နယ်ဝန်ကြီးချုပ်ဇနီးမောင်နှံနဲ့အတူ သူတို့သားငယ် အဂျေး (AJAY) လည်း ပါလာပါတယ်။

ကျွန်မတို့အစုမှာ ဖိတ်စာတစ်စောင်နဲ့ လူလေးယောက်ဖြစ်နေပါတယ်။ ပထမအဆင့် စစ်ဆေးရေးနေရာမှာကတည်းက 'အဂျေး' ကို တားနေပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်က သူ့ရဲ့သားပါလို့ပြောပေမယ့် ဖိတ်စာပါလူစာရင်းအရ နှစ်ဦးသာခွင့်ပြုနိုင်ပါတယ်လို့ ယဉ်ယဉ်ကျေးကျေးပြောပြီး ငြင်းဆိုခဲ့ပါတယ်။ ကျွန်မကိုတော့ လုံးဝစစ်ဆေးမေးမြန်းမှုမရှိပါ။ ဒီလိုနဲ့ စစ်ဆေးရေးအဆင့်သုံးဆင့်စလုံးကျော်ပြီး ကျွန်မတို့ သုံးဦး အတွင်းခန်းထဲရောက်သွားပါတယ်။ ကျွန်မတို့ အန်တီ့ရဲ့ ကျန်ရစ်သူမိသားစုများကို နှုတ်ဆက်ကြပါတယ်။ 'အန်တီ' ရဲ့ ရုပ်အလောင်းပေါ်ကို နှင်းဆီပွင့်ဖတ်များကြဲရင်း ဂါရဝပြုခဲ့ကြပါတယ်။ ဒီနှစ်ဆိုရင် 'အန်တီ' ကွယ်လွန်အနိစ္စရောက်ရှိခဲ့တာ ၂၆ နှစ်ပြည့်ပြီဖြစ်ပါတယ်။ 'အန်တီ' ကို ကျွန်မ အနီးကပ်ဂါရဝပြုခွင့် ဘယ်လိုဘယ်ပုံရရှိခဲ့တယ်ဆိုတာ ဒီကနေ့ထိ ကျွန်မ စဉ်းစားပြီးစဉ်းစားရင်း အဖြေမပေါ်သေးပါ။

**မြသန်းသန်းနု**

www.foreverspace.com.mm

**ဒီခေါင်းစဉ်လေးကိုဖတ်ကြည့်ပြီး မြန်မာပြည်ကျေးလက်ဒေသ နယ်တစ်နယ်မှ ရွာတစ်ရွာလို့ ထင်မှတ်ပေလိမ့်မည်။ စာဖတ်သူအထင်မှားသည်ဟု အကြွင်းမဲ့ မငြင်းသော်လည်း နည်းနည်းတော့လွဲနေသည်ဟု စာရေးသူ ဆိုချင်ပါသည်။ ဘာလွဲနေသည်ဟုထင်ပါသနည်း။ အခြားတော့မဟုတ်။ ထိုရွာကလေးများသည် တရားဝင်ဖွဲ့စည်းပုံမရှိ။ မြေပုံထဲမှာ ရှာမရ၊ ဘယ်လမ်းညွှန်စာအုပ်မှာမှ ရှာလို့မရနိုင်ဘဲ ဒဏ္ဍာရီဇာတ်လမ်းထဲကလို 'အတွင်းဒီပါနယ်မှ ကွယ်ပျောက်နေသည့် ဝိဇ္ဇာဋ္ဌာနီ အလုံပြည်ထဲကလို ပဋ္ဌာန်းဆက်ရှိသူများသာ တွေ့ခွင့်၊ မြင်ခွင့်၊ သွားရောက်ခွင့်ရနိုင်မည်လို့ ဆိုမလား၊ သောင်းကျန်းခွင့်ရ မလားလို့ပဲဆိုမလားပဲ'။ ဘာကြောင့်များ သည်လိုဆိုနေရသည်ကတော့ စာရေးသူကိုယ်တိုင် ကိုယ့်မြို့ကိုယ့်ရပ်ကွက်၊ ကိုယ့် အနီးအနားဝန်းကျင်မှာရှိနေရဲ့သားနှင့် ကာလအတန်ကြာအောင် မသိရှိခဲ့၍ ဖြစ်သည်။**

ထိုရွာကလေးမျိုးသည် မြို့ကြီးပြကြီးတွေထဲမှာသာ တည်ရှိနိုင်၏။ အသင်စာဖတ်သူ၏ပတ်ဝန်းကျင်မှာလည်း တည်ရှိနိုင်ပေသည်။ သတိထားမိလျှင် သိနိုင်ပေသည်။ သတိမထားမိလျှင် မသိရှိနိုင်။

စာရေးသူကိုယ်တိုင်ပင်လျှင် အကြောင်းတိုက်ဆိုင်၍ သိခဲ့ရခြင်းဖြစ်သည်။ အကြောင်းတိုက်ဆိုင်ပုံက ဒီလို။ စာရေးသူတို့နေထိုင်သောမြို့နယ်မှ နာမည်ကြီး လောကီဆရာတော်တစ်ပါး ပေါ်ထွန်းခဲ့၏။ ယခုတော့

ထိုဆရာတော်မရှိတော့ပါ။ ပျံလွန်တော်မူခဲ့လေပြီ။ ထိုဆရာတော်ကျောင်းဝိုင်းလေး၏ဘေးတွင် အိမ်ရာစီမံကိန်းတစ်ခုအရ ပေါ်ပေါက်လာသော အိမ်ရာလေးတစ်ခု ရှိ၏။ ထိုအချိန်က ရန်ကုန်ဆင်ခြေဖုန်းနေ လူ

# အငယ်လေးတို့ရွာ

ဂျီအောင်ဘန်း



www.foreverspace.com.mm



တန်းစားအများစုကြား တိုက်ခန်းနေထိုင်သောခေလေ့ သိပ်မတွင်ကျယ်၊ လူကြိုက်မများသေး၍ တိုက်ခန်းတန်ဖိုးများ မကြီးသေး။ အတော်လေး ဈေးချိုသေး၏။

ဖြူဖြူနုနု၊ ငယ်ငယ်ချောချောလေးတွေဖြစ်သဖြင့် အသက်ကြီးထိုပုဂ္ဂိုလ်ကြီးများနှင့် တွဲစပ်၍မဖြစ်နိုင်သေး။ ယခုအချိန်ကဲ့သို့လည်း စပွန်ဆာတို့၊ အမှီယူတယ်လို့လည်း သိပ်ခေတ်မစားသေးတော့ တောကတက်လာပြီး ကျောင်းလာတက်တယ်၊ သူ့ဦးလေး၊ ဘကြီးက လာလည်တယ်လို့သာ ရပ်ကွက်က ထင်ထားကြလေတော့ မြန်မာ့ဓလေ့ထုံးစံအတိုင်း ဝိုင်းဝန်းကူညီကာ ကိုယ့်သားကိုယ့်သမီးနှင့် ပေါင်းသင်းဆက်ဆံနေတာကို မဟန့်တားကြ။ အလွယ်တကူ ကိုယ့်အိမ်ကိုယ့်ရာသို့ ဝင်ထွက်ခွင့်ပေးကြလေ၏။

ထိုအငယ်အနှောင်းလေးများမှာလည်း ဖအေအရွယ်၊ ဘိုးအေအရွယ်ကြီးတွေနှင့် စခန်းသွားနေရတာ၊ ယခုရွယ်တူချင်းဆိုတော့ ကြာလေလူမှုရေးကိစ္စတွေ၊ ဖို၊ မကိစ္စတွေ ရှုပ်ထွေးကုန်ကာ ဘယ်တိုက်ခန်းမှာ ဘယ်သူ သူ့ဦးကြီး၊ ဘကြီး လာတုန်းလမ်းထဲက ရေသန့်ပို့တဲ့ကောင်လေး၊ သတင်းစာပို့တဲ့သူ၊ ဘယ်သူ့သား၊ ဘယ်သူ့တူနဲ့မိလို့ တုတ်တပြက် ဓားတပြက်ဆိုသောကိစ္စတွေက ဖြစ်လာလေသည်။ ခံတွင်းထဲထည့်ထားတာတောင် မလုံခြုံသည့်တာနောယက္ခဘီလူးလို ကြံရသည်ကို အထင်ကရပုဂ္ဂိုလ်ကြီး၊ ငယ်တို့မှာလည်း ခိုးစားသည့်သစ်သီးကိုပဲ ကိုက်မြည်းတာခံလိုက်ရ၍ ရည်းစားလူလု အူနုကျွဲခတ်သလို မယားထိ ဓားကြည့်ဖြစ်လာကာ အသက်ကြီးမှ ရမ္မက်မီးတွေဖြာ၍ ယခင်က တစ်ပတ်တစ်ခေါက်လောက်မှ။ ယခု ရက်မှန်ဂျူတီကျလာရပေပြီ။ ဒီတော့ အိမ်ကမယားကြီးတွေက ငါ့ယောကျ်ား ဘုရားတရားမြဲလှချည်လား၊ ဆရာတော်ဆီ နေ့တိုင်းသွားနေရအောင် ဘာများလိုပါလိမ့်အတွေးနှင့် စူးစမ်းကြလေတော့ သူတို့အိမ်ဦးနတ်တွေ

**ထိုအငယ်အနှောင်းလေးများမှာလည်း ဖအေအရွယ်၊ ဘိုးအေအရွယ်ကြီးတွေနှင့် စခန်းသွားနေရတာ၊ ယခုရွယ်တူချင်းဆိုတော့ ကြာလေလူမှုရေးကိစ္စတွေ၊ ဖို၊ မကိစ္စတွေ ရှုပ်ထွေးကုန်ကာ ဘယ်တိုက်ခန်းမှာ ဘယ်သူ သူ့ဦးကြီး၊ ဘကြီးလာတုန်း လမ်းထဲက ရေသန့်ပို့တဲ့ကောင်လေး၊ သတင်းစာပို့တဲ့သူ၊ ဘယ်သူ့သား၊ ဘယ်သူ့တူနဲ့မိလို့ တုတ်တပြက်ဓားတပြက်ဆိုသောကိစ္စတွေက ဖြစ်လာလေသည်။**

၏ ဇာတ်ကြောင်းက ပေါ်လာတော့သည်။

ထိုဇာတ်ကြောင်းပေါ်မှ ဇာတ်ကပိုရှုပ်တော့၏။ ကိုယ့်ယောကျ်ားကိုလည်းမနိုင်၊ တားရအောင်လည်း မစွမ်းသာတော့ ညတိုင်းညတိုင်း ထိုဂုဏ်ကျက်သရေရှိ ထိတ်ထိတ်ကြဲပုဂ္ဂိုလ်ကြီး၏ ဇနီးမယားများက ထိုအိမ်ရာပတ်လည်တိုက်ခန်းများရှေ့ ကားပေါ်မှနေ၍ ပတ်ဆဲလေ၏။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်။ ပြီးတော့ တစ်ဦးတစ်ယောက်လည်းမဟုတ်၊ ပထမတစ်ယောက်ကဆဲလို့မပြီးခင် နောက်တစ်ယောက်က ရောက်လာ၏။ ပြိုင်တူဆဲလျှင်ဆဲ၊ မဆဲလျှင် တစ်ယောက်ပြီးတစ်ယောက်။ ဒီတော့မှ ထိုအိမ်ရာမှာနေသည့်လူတွေက အဖြစ်မှန်ကို သိလာကြ၏။ သို့သော် လွန်လေပြီ။ ထိုအိမ်ရာသည် စာရေးသူ ပထမဆုံးသိခဲ့ရသော အငယ်လေးတို့ရွာဖြစ်သည်။ နောက်တော့ ရပ်ကွက်က ထိုသို့ နေ့စဉ်ရက်ဆက် လာလာဆဲရေးသောင်းကျန်းသော ဂုဏ်ကျက်သရေရှိ ပုဂ္ဂိုလ်ကြီးများ၏ ဇနီးမယားတို့ကို စောင့်ဖမ်းကာ ရ.ယ.က ရုံးက ခံဝန်ထိုးခိုင်းကာ အရေးယူခဲ့ရသည်ဟု ကြားသိခဲ့ရ၏။ အဘယ်မျှ ရယ်စရာကောင်းသနည်း။ အသက်ကြီးမှ ပစ္စည်းဥစ္စာ၊ ရာထူးဂုဏ်ရှိန်တို့နှင့် ပြည့်စုံမှ ဘုရားဒကာ၊ ကျောင်းဒကာ၊ ဘုရားဒကာမ၊ ကျောင်းဒကာမလို့ ခေါ်ခံရမည့်အရွယ်မှ ရ.ယ.က ရုံးမှာ ခံဝန်ထိုးရတဲ့အထိ ဖြစ်ရတယ်လို့။

ထိုစဉ်အခါက စာရေးသူ မှတ်မိသတိထားမိသလောက်ပြောရမည်ဆိုလျှင် ထိုရပ်၊ ထိုဒေသနေလူအများသည် ယခုခေတ်အခါနေလူတို့ထက် အပုံကြီးရိုးသားကာ အကျင့်စာရိတ္တလည်း အပြန်တစ်ရာမက ဖြူစင်ကောင်းမွန်လှပေသည်။ ရပ်ရွာသို့ ဝင်ရောက်လာသူ အိမ်နီးချင်းဖြစ်လာမည့် သူစိမ်းတစ်ရုံစာ ဖြူဖြူမည်းမည်း ဘာသာမရွေး၊ လူတန်းစားမရွေးဘဲ ရိုင်းပင်းကူညီချင်စိတ်က အပြည့်ရှိလေသည်။ ထိုတန်ဖိုးပျက်သော အမျိုးသမီးငယ်များကြောင့် ကိုယ့်ပတ်ဝန်းကျင်ဒေသသည် ထိုအချိန်အခါက အတော်လေးပင် ရပ်ပျက်ဆင်းပျက် အကျည်းတန်ခဲ့သည်။ တစ်ရက်ကွက်ထဲနေသူချင်းပင် ထိုအိမ်ရာမှာနေသူဆိုလျှင် "ဒီကောင်က ရွာသားပါ။ ဒီကောင်မလေးက ရွာသူပါ" ဆိုလျှင် ခေါင်းမဖော်ဝံ့လောက်အောင်ဖြစ်ခဲ့ရသည်။

ပြီးခဲ့သောတစ်ရက်က စာရေးသူထံသို့ နာရေးဖိတ်စာတစ်စောင် ရောက်ရှိလာခဲ့သည်။ ဖိတ်စာကိုကြည့်ပြီး စာရေးသူ ထိတ်လန့်သွား၏။ တကယ့်ကိုလည်း မထိတ်လန့်ဘဲနေပါ့မလား။ ပြီးခဲ့သောနှစ်ပတ်လောက်ကပင် အိမ်ကတီဗီကို လာပြင်ပေးသွားသည်။ ပြီးတော့ စာရေးသူကိုတောင် ရယ်ရယ်မောမောနှင့် နောက်ပြောင်ကာ မကြာခင် ဩစီကို အပြီးပြောင်းတော့မည်ဟု ပြောသွားသေးသည် မဟုတ်ပါလား။ ဖိတ်စာလာပေးသူကို "ဘာရောဂါနဲ့ဆုံးတာလဲ" မေးလိုက်တော့ သိပ်ပြီး ပြောချင်ပုံမရ။ စာရေးသူ နည်းနည်းတော့

www.foreverspace.com.mm

သဘောပေါက်သွား၏။ ဒီတော့ တစ်မျိုးပြောင်းမေး၏။ "ဆေးရုံမှာ ဆုံးတာလား။ ဘယ်ဆေးရုံလဲ" ဆိုတော့ မသိချင်ယောင်ဆောင်၏။ နောက်ဆုံး "ဘယ်သုသာန်" လဲ ဆိုတော့ "ရေဝေးမှာ" တဲ့။ ဒီတော့ စာရေးသူထင်တာသေချာသွားလေပြီ။ အနောက်ပိုင်းခရိုင်မှာနေပြီး ရေဝေးမှာ သင်္ဂြိုဟ်မည်ဆိုတော့ ကမ္ဘာကျော်လေးလုံးရောဂါပေတည်း။ လူချင်းလည်းရင်းနှီး၊ မိသားစုချင်းလည်းရင်းနှီးနေတော့ ထိုနာရေးသို့ ကိုယ်တိုင်သွားခဲ့ရသည်။ ရက်လည်သည့်နေ့အထိ ကူပေးခဲ့သည်။ ထိုအထိ ကျန်ရစ်သူမိသားစု စိတ်ထိခိုက်နေကြ၍ သေသေချာချာ ရေရေရာရာ မမေးခဲ့။

နောက်ရက်အနည်းငယ်ကြာမှ သေသွားသည့်လူငယ်နှင့် တေဖော်တေဖက် ပွေဖော်ပွေဖက်ကိုတွေ့၍ အကျိုးအကြောင်းမေးကြည့်ရာ "ဒီကောင်ကို ကျွန်တော်တားပါသေးတယ်အစ်ကိုရာ၊ ဒီကောင့်အကြောင်းလည်း အစ်ကိုသိတဲ့အတိုင်းပဲ။ ဟိုကိစ္စ သိပ်သန်တာ။ အခုလည်း ဈေးတန်လို့ဆိုပြီး ငရုပ်တစ်ကောင်ဆီက ရှာသူကို ဆွဲထားလိုက်တာ။ ဘာကြာလဲ သွားခါနီး လာခါနီး သုံးလပဲကြာတယ်။ တစ်ခါထဲဂိန်သွားတာပေါ့။ တစ်ယောက်ထဲဂိန်ရင် တော်သေးတယ်။ အခု သူ့မိန်းမပါ ထိသွားတယ်ဆိုတော့ သွားပြီ။ တမလွန်မှာပါ ဒီရောဂါက ပါသွားမလားမသိဘူး" ဟု စိတ်ပျက်လက်ပျက်နှင့် ညည်းညူလေ၏။ ဒီနေရာမှာ 'ရှာသူ' ဆိုသည့်အဓိပ္ပာယ်ကို စာဖတ်သူသဘောပေါက်လိမ့်မည်ထင်ပါသည်။ ပြီးတော့ ဘာတွေလဲ။ လူသားကို ဇိမ်ခံပစ္စည်းတစ်ခုလို လက်ပြောင်းလက်လွှဲလုပ်နေသလိုမျိုး။ တကယ်ဆို သေဆုံးသွားသည့်လူငယ်သည် လောကမှာ နေမည်ဆိုလျှင်နောက်နှစ်ငါးဆယ်လောက် အသာလေးနေနိုင်သည့်အရွယ်။ ပြီးတော့ ငွေကြေးခနက လည်း အတန်အသင့်ပြည့်စုံပြီးသား၊ အီလက်ထရွန်နစ်နှင့် ကျောင်းပြီးပြီးသား။ စင်ကာပူဘွဲ့ရတစ်ယောက်၊ မိန်းမရတာတောင် သုံးနှစ်ပြည့်သေးရဲ့လား မသိ။ အနာဂတ်တလူလူနှင့် စာရေးသူမျက်စိထဲ "ဩစီကို အပြီးပြောင်းတော့မယ်အစ်ကို" လို့ ပျော်ရွှင်နေသောမျက်နှာလေးနှင့် ရွှင်နေသောလေသံကို ယခုထိမြင်ယောင်နေဆဲ။ ဩော် . . ယခုတော့ သူ့မိသားစုအရင်တမလွန်သို့ အပြီးပြောင်းရလေပြီ။ နောက်သူချစ်သောဇနီးမယား၊ တကယ်ကိုပဲ ရေခြား၊ မြေခြား၊ ဘဝခြားကို မိသားစုလိုက်ပြောင်းရတော့လေပြီလို့ မသက်မသာတွေးမိ၏။

ဒီတော့ စာရေးသူအတွေးထဲ ဒီလိုကိစ္စမျိုးတွေရှိရာ အငယ်လေးတွေရဲ့ဘဝကို အတော်လေး စိတ်ဝင်စားခဲ့မိသည်။ တက္ကသိုလ်တုန်းက သူငယ်ချင်း၏အဖြစ်ကိုလည်း ပြန်သတိရမိလေ၏။ ထိုတုန်းက စာရေးသူတို့က ရန်ကုန်တက္ကသိုလ်၏ နောက်ဆုံးဖြစ်သော နောက်ဆုံးနှစ်ကျောင်းသားတွေ၊ နောက်တော့ အဝေးသင်ပြောင်းတက်ရ၏။ ထိုအဝေးသင် စနေ၊ တနင်္ဂနွေလက်တွေ့ချိန်တွေမှာတွေ့ရသော အမျိုးသမီးငယ်လေးတစ်ယောက်ကို သူငယ်ချင်းက တော်တော်လေးစိတ်ဝင်စား၏။ ထိုအမျိုးသမီးက တကယ့်ကို နုနုဖပ်ဖပ် ချောမောလှသူလေး။ သူ့ဖအေက အတော်ချစ်ရှာသည်။ ကျောင်းတက်၊ ကျောင်းဆင်း ရုံးကားနှင့်ကြိုပို့လုပ်၏။ သူငယ်ချင်းခမျာ တော်တော်လေး ကြိုးစားရရှာ၏။ ဒီလိုနှင့် အဆင်ပြေသည်ဆိုပါစို့။ သူ့အဖေကြီးမတွေ့အောင်၊ မရိပ်မိအောင် နေထိုင်ကြရလေသည်။ အဓိပတိလမ်းက ထူးမခြားနားသော ဇာတ်လမ်းတစ်ပုဒ်မှာ စာရေးသူတို့က ဇာတ်ရုံသာသာ။ နောက်တော့ ကျောင်းတွေပိတ်၊ ခေတ္တကွဲကွာ၊ ကျောင်းတွေပြန်ဖွင့်၊ သူငယ်ချင်းက သင်္ဘောလိုက်သွား။ ကျောင်းဖွင့်၍ ထိုအမျိုးသမီးလေးကို ပြန်တွေ့ရတော့ ဗိုက်ကြီးတကားကားနှင့်။ သူ့ဖအေက



www.foreverspace.com.mm

လည်း တယုတယနှင့် လိုက်ပို့ဆဲ။

စာရေးသူတို့သူငယ်ချင်းတစ်သိုက်ကတော့ ငါတို့သူငယ်ချင်းနှင့်လွဲပြီး နောက်တစ်ယောက်နှင့်အိမ်ထောင်ကျသွားလေပြီဟုသာ ထင်မှတ်ကြလေ၏။ သို့သော် သူငယ်ချင်းသင်္ဘောပေါ်ကဆင်းလာမှ အကြောင်းစုံသိရ၏။ အဖြစ်က သည်လိုမဟုတ်။ ထိုအမျိုးသမီးငယ်ကို လိုက်ပို့ကြိုနေသော စာရေးသူတို့က အဖေလို့ထင်နေသော ဘူတားကြီးမှာ တကယ်တော့ ထိုအမျိုးသမီး၏ ခင်ပွန်း (ဝါ) ထိုအမျိုးသမီးမှာ ထိုအဘိုးကြီး၏ အငယ်လေးဖြစ်နေသည်တဲ့။ ဘုရားရေ . . . မျောက်အိုကို လင်လုပ်ရသည့် ကောသလမင်းအိပ်မက်ဆယ့်ခြောက်ချက်က မှန်နေပါရော့လားလေလို့။ သူငယ်ချင်းအတွက်လည်း ရင်နာလို့မဆုံး။

စာရေးသူကိုယ်တိုင်လည်း သူတော်စင်တော့မဟုတ်ပါ။ သို့သော် သူယုတ်မာမဖြစ်အောင်တော့ အတော်လေးဂရုစိုက်၏။ 'ပန်းမြိုင်လယ်က ဉယျာဉ်မှူး' ဇာတ်လမ်းထဲက မင်းသားနေအောင် ကျော်ဟိန်းကိုပြောသည့် စကားလေးတစ်ခွန်းကို အတော်ကိုသဘောကျ၏။ "ဆိုးချင်သလိုဆိုး၊ မိုက်ချင်သလိုမိုက် ဘယ်တော့မှ မယုတ်မာနဲ့" ဟူသောစကားလေးကိုပင်။ သေသေချာချာ စဉ်းစားကြည့်လျှင်သိနိုင်ပေသည်။ ဘာလဲဆိုတော့ ဇာတ်ထဲကလို "ဗိုလ်ကြီးတို့လာမှ ရွာလည်း ပြာကျရတော့တယ်" ဆိုသောစကားလိုပင် လူထုကို ဆင်းရဲသား၊ အတန်းအစားကိုကယ်မသည်ဟူသည့် အပေါ်ယံရွှေမှုန်ကြဲပြီး အတွင်းက နောက်ချေးခံသည့် ယုတ်မာသောစိတ်ထားရှိသည့်လူတွေက ဘဝပေးအခြေအနေအရ ဘယ်လိုမှ ရွေးချယ်စရာထွက်ပေါက်မရှိသည့် ငယ်ရွယ်နုနယ်သည့် မိန်းမငယ် (အချို့ဆို) ကလေးငယ်သာသာတွေကို ဒီလမ်းထဲပေါ်သို့ စကားလှလှ၊ မက်လုံးလှလှနှင့် တအုံတမကြီးတွန်းပို့နေသည်မဟုတ်ပါလား။ လုပ်ကောလုပ်သင့်ပါရဲ့လား။

**စာရေးသူကိုယ်တိုင်လည်း သူတော်စင်တော့မဟုတ်ပါ။ သို့သော် သူယုတ်မာမဖြစ်အောင်တော့ အတော်လေး ဂရုစိုက်၏။ 'ပန်းမြိုင်လယ်က ဉယျာဉ်မှူး' ဇာတ်လမ်းထဲက မင်းသားနေအောင် ကျော်ဟိန်းကို ပြောသည့် စကားလေးတစ်ခွန်းကို အတော်ကို သဘောကျ၏။ 'ဆိုးချင်သလိုဆိုး၊ မိုက်ချင်သလိုမိုက် ဘယ်တော့မှမယုတ်မာနဲ့' ဟူသော စကားလေးကိုပင်။ သေသေချာချာ စဉ်းစားကြည့်လျှင် သိနိုင်ပေသည်။**

တကယ်ဆို ဒီပြဿနာသည် သေးငယ်သောပြဿနာမဟုတ်။ ဆင်းရဲမွဲတေမှု၊ ပညာရေးမမြင့်မားမှု၊ အသိရေချိန် မမြင့်မားမှုကြောင့်ချည်းပဲမဟုတ်ချေ။ လက်ရှိတွင်ကျယ်နေသောအသိဉာဏ်မဲ့ ပညာတတ်လူတန်းစားတွေ၊ တဏှာဘီလူးတွေ၊ အတ္တတစ်ခုတည်းကိုသာ ကိုးကွယ်သောပုဂ္ဂိုလ်ကြီးတွေ၏ တာဝန်မဲ့မှု၊ ရာဂကျူးမှု၊ လျစ်လျူရှုမှုတွေကြောင့် လျော့ပါးလာရမည်ဖြစ်သောဖြစ်ရပ်တွေ တိုးပွားလာရသည်မဟုတ်ပါလား။ စီမံချက်တစ်ခုမှာပါဝင်နေသော သူငယ်ချင်းက "ငါတို့အနေနဲ့ ဘယ်အရာမဆို မဖြစ်ခင် ကြိုတင်သတိပေးတာကိုလုပ်နိုင်၊ တားနိုင်မှ လူမျိုးပြုတ်မယ့်အန္တရာယ်ကို တားဆီးနိုင်မှာ။ ဖြစ်ပြီးမှဆိုတာ မီးလောင်နေတဲ့အိမ်ကို ရေနဲ့ပက်ရသလိုပဲ၊ ဘာတစ်ခုမှရမှာမဟုတ်ဘူး။ ပြာပုံပဲရမှာ။ အာဖရိကတိုက်ဆိုရင် ခုသတိထားမိနေပြီ။ သူတို့လူမျိုးတွေဟာ စစ်တိုက်လို့၊ လူမျိုးစုပဋိပက္ခဖြစ်လို့ မျိုးပြုတ်ကုန်မှာထက် ဒီ AIDS ရောဂါကြောင့် တစ်တိုက်လုံးပြုတ်မှာက သေချာတယ်ဆိုတာကို" ဟု။

အမှန်တကယ်လည်း လူတွေ၏ တဏှာရာဂသောင်းကျန်းမှုမှပေါ်လာသော ဒီရောဂါကြောင့် ဆုံးရှုံးရသော လူမှုရေး၊ စီးပွားရေး၊ ပညာရေးအကျိုးဆက်တွေ ရေတွက်လို့မရအောင် နစ်နာနေရစဉ် ထိုအကျိုးဆက်မှ ကြွင်းကျန်ရစ်သော သနားစရာဝေဒနာခံ ကလေးသူငယ်များ၊ ဇနီးမယားများ စသည်တို့အတွက် ထမ်းပိုးထားရသော ဝန်ထုပ်ဝန်ပိုးကလည်း ခန့်မှန်း၍မရနိုင်လောက်အောင်ပင် နိုင်ငံတိုင်း နိုင်ငံတိုင်းအတွက် ဝန်ကြီးလှပေသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ၁၃၀၄ ခုနှစ် သီတင်းကျွတ်လဆုတ် ၈ ရက်နေ့ မြို့တော်ခန်းမ၌ကျင်းပသော ခေတ်သစ်ဆရာဖြစ်သင်တန်းတွင်ပြောကြားသည့် သေနင်္ဂဗျူဟာစစ်ပညာဟောကြားပွဲမှာ နိုင်ငံကာကွယ်ရေးအမြင်နှင့်ပတ်သက်ပြီး–

"လူဦးရေတိုးဖို့ (၁) မြန်မာပြည်ရှိ ယောကျ်ားတိုင်း၊ မိန်းမတိုင်း ကျန်းကျန်းမာမာ သန်သန်စွမ်းရှိကြရမယ်၊ (၂) မြန်မာပြည်ရှိ မိန်းမ၊ ယောကျ်ားတိုင်း လူစေ့တတ်စေ့ အချိန်အရွယ်ကျသည့်နဲ့ တစ်ပြိုင်နက် အိမ်ထောင်ပြုစေရမယ်။ ဒီအချက်နှစ်ချက်ကို ဆောင်ရွက်ဖို့အတွက် (က) မြန်မာပြည်ရှိ လူငယ်လူရွယ်များကို မကောင်းတဲ့မိန်းမရောဂါမျိုးမှ ကာကွယ်နိုင်ရန် နည်းလမ်းရှာပေးရမယ်၊ (ခ) ရှိသူများကိုလည်း ပျောက်ကင်းရန် စီမံပေးရမယ်၊ (ဂ) နောက်မရှိသေးသူများနဲ့ ပျောက်ပြီးသောသူများကို ယခုထက်ပိုမိုသန်စွမ်းအောင် လေ့ကျင့်စေရမယ်။ ဒီဟာလည်း မကောင်းတဲ့မိန်းမရောဂါ (ဝါ) ပြည်ပျက်ရောဂါများ ပျောက်ကင်းဖို့အတွက် အာဏာနှင့်လည်းကွပ်၊ စီးပွားရေးနဲ့လည်းလိုက် ပညာရေးဘက်ကလည်းလုပ်၊ ကျန်းမာရေးဘက်ကလည်း ပြုပြင်ပေးရမယ်။ အာဏာနဲ့ကွပ်ဆိုရမှာက မြန်မာပြည်မှာ ဆင်းရဲသူများ၊ ပြည့်တန်ဆာလုပ်လိုသူများ၊ အနုကြမ်းနည်းနဲ့ ဖျက်ဆီး

www.foreverspace.com.mm

သူများ၊ မတရားတဲ့ မိန်းမထိန်းများကို ပိုက်စိတ်တိုက်ပြီး ရက်ရက်စက်စက်ကွပ်မျက်ခြင်း၊ ပြည့်တန်ဆာမများနှင့် ပျော်ပါးသူများကို ဥပဒေအရ ဆုံးမခြင်း၊ ရောဂါရသူများအား ဥပဒေအရဒဏ်ထားခြင်း၊ ပြည့်တန်ဆာပြဿနာ လုံးဝမပျောက်ပျက်နိုင်သေးလျှင် ဂျပန်ပြည်မှာကဲ့သို့ အတန်းထားပြီး ဆရာဝန်များအပတ်စဉ်စစ်ဆေး၍ထားခြင်း၊ ဒီလိုခွင့်မရသူများကို လိုက်လံဖမ်းဆီး၊ အပြစ်ပေးခြင်း၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးတွင် တာဝန်ကိုမဆောင်ရွက်ဘဲ စီးပွားဖြစ်လိုသူ ပုလိပ်များအား ကြီးမားစွာအပြစ်ပေးခြင်း စသည်တို့ လုပ်ရမယ်။

တစ်ဖက်ကလည်း စီးပွားရေးအခြေအနေမကောင်းလို့ ပြည့်တန်ဆာဖြစ်ကြရခြင်း၊ ယင်းအချက်ကြောင့် မိန်းမမယူနိုင်၍ ခမ္မတာကို မလွန်ဆန်နိုင်သဖြင့် ပြည့်တန်ဆာများနဲ့သွားလာခြင်း စသည်တို့ကိုတားဆီးရန် အစိုးရက စီးပွားရေးစနစ်များ စီမံပေးရမယ်။ ပညာရေးဘက်ကလည်း ဒီရောဂါဆိုးဝါးပုံ အရင်းမြစ်ရာဇဝင်အကြောင်း အကျိုးအစုံအလင်ကို ယောကျ်ားတိုင်း၊ မိန်းမတိုင်း နားလည်စေရမယ်။ ကျန်းမာရေးဘက်ကလည်း တကယ်လို့ ပြည့်တန်ဆာလုပ်ငန်း လုံးဝမပျောက်သေးရင် ပြည့်တန်ဆာမအတန်းများအား သေချာစွာစစ်ဆေး၊ လူများ ကျန်းမာရေးနည်းနာများ ညွှန်ကြားခြင်း စသည်တို့ကို ပြုလုပ်ရမယ်" လို့ ပြည့်တန်ဆာကိစ္စနှင့်ပတ်သက်ပြီး ပြတ်ပြတ်သားသား ပြောကြားခဲ့ပါသည်။

မှတ်မှတ်ရရ သတိထားမိတာဆိုလျှင် အစောပိုင်းက စာရေးသူဖော်ပြခဲ့တဲ့ အိမ်ရာဖြစ်ရပ်လေးမှာ ထိုအငယ်အနှောင်းလေးတွေရောက်ရှိလာပြီးကတည်းက ထိုနေရာရှိလူငယ်လူရွယ်တွေမှာ တဖြည်းဖြည်းနဲ့ ယဉ်ကျေးမှုစံနှုန်းတွေ၊ စာရိတ္တစံနှုန်းတွေ၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့် ဟီရိသြတ္တပ္ပတရားတွေ ပွတ်တိုက်လျော့ပါးခံလာရတာကိုပါပဲ။ သိပ်ကိုမြင့်မား အထင်ကရဖြစ်ပါတယ်ဆိုတဲ့လူတွေ မဟုတ်မဟတ်ခွေးဓာတ်ခင်းတဲ့နေရာမျိုးဖြစ်သွားခဲ့လေတော့ ယဉ်ကျေးမှုစံနှုန်းအရ အဲဒီဒေသကလူတွေကို တဖြည်းဖြည်း ဆွဲယူချပစ်လိုက်သလို လျော့နည်းကျဆင်းသွားခဲ့ပါသည်။ နောက် ဒီထက်ဆိုးတာ ညဘက်ဆိုလမ်းမပေါ်တစ်လျှောက် လူငယ်အခေါ် 'ကက' ခေါ် စေတနာရှင် အလှူရှင်သူငယ်မတွေရှာရတာ သိပ်လွယ်ခဲတယ်ဆိုတာကို အဲဒီဒေသမှာရှိခဲ့တဲ့လူတွေနဲ့၊ ဖြတ်သန်းခဲ့တဲ့လူတွေထဲက ယခုထိမသေဘဲ ကျန်ခဲ့တဲ့သူတွေ ကောင်းကောင်းကြီးမှတ်မိဦးမှာပါ။

ဒီလိုအငယ်လေးတွေရှာကိုအခြေလာတည်ခဲ့တဲ့အတွက် အနာဂတ်မျှော်လင့်ချက်နဲ့ အနာဂတ်ပန်းပွင့်တွေ ဒီရောဂါဆိုးကြောင့် ဘယ်လောက်ကြွေလွင့်ကြွေမွခဲ့ရတယ်ဆိုတာ ဘယ်သူက အတိအကျ သိနိုင်ခဲ့မှာလဲ။ ကာယကံရှင်တွေနဲ့ ဖြတ်သန်းခဲ့ရတဲ့လူတွေပဲ သိနိုင်မှာပါ။

ရုပ်လေးသနားကမားရှိ၊ အရွယ်ကလေးလည်းငယ်၊ ကံဆိုးပြီး ဆယ်တန်းလေးလည်းအောင် ငွေရေးကြေးရေး မတတ်နိုင်ရန် ရပ်ကွက်ထဲ၊ လမ်းထဲ အဲဒီသူငယ်မနဲ့နီးစပ်တဲ့အသိုင်းအဝိုင်းက လက်မရှိ့တွေကဆွယ်၊ ပြီးတော့ တိုက်ခန်းတစ်ခန်းငှားပေးမယ်၊ တစ်လ သုံးသိန်းပေးသုံးမယ်၊ ဖုန်းတစ်လုံးပေးထားမယ်။ ဘယ်သူမှမသိစေရဘူးဆိုတဲ့ သားသမီးချင်းမစာနာတဲ့ ယုတ်မာတဲ့ဆွယ်လုံးတွေနှင့် လုပ်ပိုင်ခွင့်ရှိသူ၊ ပိုက်ဆံဝါးလားတွေ အာသာဖြေဖို့ ဈေးစစ်ကြ၊ နောက် သူတို့အာသာပြေတော့ နောက်တစ်ယောက်ကို လက်ဆင့်ကမ်း၊ ကလေးမတွေလည်း တစ်တက်စားလည်းကြက်သွန်၊ နှစ်တက်စားလည်းကြက်သွန် မထူးဓာတ်ကခင်း၊ လူကစုံတော့ ရောဂါလည်းစုံ၊ ဒီအနေအထား အသုံးအစွဲကလည်း လူယုတ်မာတွေကျင့်ပေးလိုက်လို့ မလျှော့နိုင်တော့။ KTV ၊ အလှပြင်ဆိုင် အမည်ခံ အနှိပ်ခန်း၊ တည်းခိုရိပ်သာ (ဝါ) ဇိမ်ခန်း၊ နောက် ဘီယာဆိုင်၊ စားသောက်ဆိုင်ဝိုင်းမှာ ထိုင်ပေးရတဲ့သူ၊ နောက်ဆုံးတော့ ရောဂါတွေပရပွ စတီးချိုင့်လေးကိုင်ပြီး လူနေအိမ်ခြေနည်းပါးတဲ့ အထင်ကရလမ်းမကျယ်ကြီးတွေရဲ့ မိုင်တိုင်ငုတ်ဘေးမှာ မတ်တတ်ရပ်နေရတဲ့ လမ်းဘေးဘဝကို သက်ဆင်းရပါတော့သည်။



ဟိုတုန်းကတော့ အစိုးရက ပြည်သူတွေကို 'တဲပေါ်ကနေ တိုက်ပေါ်သို့' စီမံချက်နဲ့ ဘဝတွေမြှင့်ခဲ့ပေးပါသည်။ ခုတော့ ဒီလူသရမ်းခွေးသာသာလူတွေက ကလေးသာသာမိန်းမငယ်တွေကို 'အိမ်ပေါ်မှသည် အတန်းဆီသို့' ဆိုပြီး ပို့ပေးနေသလိုပါပဲ။

www.foreverspace.com.mm



ကဲ ဘယ်လိုများ ကျွန်တော်တို့ တားဆီးကြပါမလဲ။ ဗိုလ်ချုပ်ပြောသလိုလုပ်ကြရင် မကောင်းပေဘူးလား။

တကယ်ဆို ဒီသံသရာကို ရပ်ဖို့ဆိုတာ မလွယ်ကူမှန်း သိပါသည်။ ဒါပေမဲ့ မလွယ်လို့၊ အင်အားကြီးလို့ဆိုပြီး နိုင်ငံသားတိုင်း၊ အသိရှိတဲ့ လုပ်နိုင်ကိုင်နိုင်စွမ်းရှိတဲ့ လူတွေက ခေါင်းရှောင်နေကြမယ်ဆိုရင် ဒီကနေ ပေါက်ဖွားအမြစ်တွယ်နေတဲ့ ရောဂါဆိုးကြီးကို လက်သိပ်ထိုး ကြီးထွားဝါးမျိုခွင့်ပေးလိုက်သလို ဖြစ်နေမှာပါ။ မြေမျိုလို့ လူမျိုးမပျောက်၊ လူမျိုလို့ လူမျိုးပျောက်တာထက် ရောဂါမျိုလို့ နိုင်ငံပါပျောက်သွားနိုင်နေပါပြီ။

တကယ်တော့ နိုင်ငံကိုချစ်တယ်၊ လူမျိုးကိုချစ်တယ်ဆိုပြီး ပါးစပ်ကနေ ချစ်ပြနေတာမျိုးက လူတိုင်းလုပ်လို့၊ ချစ်လို့ရပါသည်။ တကယ့်တကယ်မရတာက နိုင်ငံအပေါ်၊ လူမျိုးအပေါ်ထားတဲ့ စေတနာပါ။ ရှိသမျှလူ ကန်တော့ပြီး၊ ဖအေခေါ်ပြီး မဟုတ်တာကို ဟုတ်တယ်လို့ လိမ်ညာပေးပြီး ရလာတဲ့ငွေကြေးဥစ္စာနှင့် ငါတို့က ဘယ်လိုအကျိုးပြုတာ၊ ဘယ်လိုလုပ်ပေးလိုက်တာဆိုပြီး နှမ်းဖြူးယုတ်မာနေတဲ့လူတွေ တကယ်ကိုပြုပြင်ပြောင်းလဲလာမှ၊ တိုင်းပြည်ပေါ်စေတနာထားလာမှ ဒီအန္တရာယ်စက်ကွင်းက လွတ်နိုင်မှာပါ။ ဘဝဆိုတာ သံသရာနဲ့ယှဉ်ရင် တကယ့်ကို သမုဒ္ဒရာထဲကရေတစ်ပွက်ပမာလေးပါ။ ဘာ့ကြောင့်များ မျက်စိမှိတ်၊ နားပိတ်ပြီး အသည်းမာနေကြပါသလဲ။ တကယ့်ကို လက်တွေ့ကျကျ မျှမျှတတ ကိုယ်ချင်းစာစိတ်နှင့် အနာဂတ်ကို လျှောက်သင့်နေပါပြီ။ လျှောက်မှလည်း ရပေတော့မည်။

**ဟိုတုန်းကတော့ အစိုးရက ပြည်သူတွေကို 'တဲပေါ်ကနေ တိုက်ပေါ်သို့' စီမံချက်နဲ့ ဘဝတွေမြှင့်ခဲ့ပေးပါသည်။ ခုတော့ ဒီ လူသရမ်း ခွေးသာသာလူတွေက ကလေးသာသာမိန်းမငယ်တွေကို 'အိမ်ပေါ်မှသည် အတန်းဆီသို့' ဆိုပြီး ပို့ပေးနေသလိုပါပဲ။ ကဲ ဘယ်လိုများ ကျွန်တော်တို့ တားဆီးကြပါမလဲ။**

တကယ်လို့ပေါ့ အသင်စာဖတ်သူမှာ သမီးတစ်ယောက်ရှိသည်ဆိုပါစို့။ စာဖတ်သူကလည်း မလုပ်နိုင်၊ မကိုင်နိုင်တော့၊ မကာကွယ်နိုင်တော့တဲ့ ဘဝမျိုးရောက်နေ၊ သမီးကလည်း အရွယ်မရောက်သေး၊ ဘေးမှာ ဝိုင်းနေတာပဲ ကိုယ်ထက်အသက်ကြီးတဲ့ တဏှာရူးတွေက အသင်စာဖတ်သူသမီးကို မြေတောင်မြှောက်ပေးမယ်ဆိုရင် . . . လက်ခံမလား၊ ကိုယ့်သားသမီးကို ကိုယ့်ခွန်ကိုယ်အားနဲ့ ရပ်တည်နိုင်အောင် ဒုက္ခခံပြီး ကာကွယ်မလား။

တကယ်လို့ပေါ့ အသင်စာဖတ်သူက ပိုက်ဆံငွေကြေးခ ပေါကြွယ်ဝသူ၊ အသင်စာဖတ်သူရဲ့ အလုပ်သမား ဒါမှမဟုတ် ကိုယ့်ရှေ့မှာ အတိဒုက္ခရောက်နေတဲ့ လူတစ်ယောက်ရဲ့ သမီးငယ်ချောချောလှလှလေး အတွက် စားဝတ်နေရေးအတွက် အကူအညီလာတောင်းနေလို့ ဘယ်လိုကူညီရမလဲ ဆိုတာ စဉ်းစားနေရတဲ့အခါ . . . ။

အသင်စာဖတ်သူ တစ်ခုခုကို စဉ်းစားသင့်ပါသည်။ ဒါပေမဲ့ နောက်ဆုံးစဉ်းစားသင့်တာတစ်ခုပဲရှိပါသည်။ သင်ဟာ လူလား၊ တိရစ္ဆာန်လား ဆိုတာပါပဲ။ စာရေးသူရိုင်းလျှင် ရိုင်းသွားပါလိမ့်မည်။ ဒါဟာလည်း သင့်ရွေးချယ်မှုအပေါ် တုံ့ပြန်မှုတစ်ခုဖြစ်နေလို့ပါ။

တကယ်တော့ မြန်မာပြည်ထဲက ရွာတွေမှန်သမျှ ကျော်ကြားတဲ့ ထွက်ကုန်တွေ ရှိပါသည်။ ဥပမာ–ကျောက္ကာရွာဆိုလျှင် ကျောက္ကာချိုင့်အုပ်တွေ၊ ရွာလွတ်ဆိုရင် ရွာလွတ်ဆေးတံ၊ ဆိပ်ခွဲဆိုရင် ဆိပ်ခွဲပုဆိုး ဒီလိုပါ။ စာရေးသူပြောခဲ့တဲ့ အငယ်လေးတွေရွာမှာလည်း နာမည်ကျော်ထွက်ကုန် နှစ်မျိုးရှိပါတယ်။ တစ်မျိုးက AIDS နဲ့ တစ်မျိုးက ပြည့်တန်ဆာပါ။ ကဲ ခင်ဗျားတို့ (အသင်စာဖတ်သူတို့) နားမှာ အငယ်လေးတို့ရွာရှိနေပြီဆိုရင် ဘယ်လိုလုပ်ကြမလဲ။ ဗိုလ်ချုပ်ပြောသလို ရပ်တည်လို့မရအောင် ပက်ပက်စက်စက် နှိပ်ကွပ်လိုက်ကြမလား။ တကယ်တော့ လူတကာကိုလိုက်၍ လက်ညှိုးထိုးအပြစ်ဖို့နေကြမည့်အစား ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ လက်ညှိုးထိုးအပြစ်ဖို့ကြည့်လိုက်ပါစို့။ ယခုအချိန်ကစပြီး ကောင်းသောရည်ရွယ်ချက်နှင့်ယှဉ်ပြီး ဆုံးဖြတ်ဆောင်ရွက်ကြလျှင် မကောင်းပေဖူးလား။ ကျွန်တော်တို့၏ ကလေးငယ်တွေ အနာဂတ်ဘဝ ရောဂါဘယ ဘေးဘယာကင်းဖို့ ကျွန်တော်တို့ ယခင်ကထက်ပို၍ အားမထုတ်သင့်ပေဖူးလား။ ကျွန်တော်တို့ ကလေးငယ်တွေအတွက် စံပြလူ့အသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်ပေးရင် ပိုမကောင်းပေဖူးလား။ မိုင်ထောင်ချီတဲ့ခရီးရဲ့ အစဟာ ပထမခြေလှမ်းပါပဲ။ ကျွန်တော်တို့ အားလုံးပြည့်တန်ဆာနဲ့ AIDS ထွက်ရှိရာ အငယ်လေးတွေရဲ့ ရွာတွေကို ကိုယ်ချင်းစာစိတ်၊ နှမသားချင်း၊ သားသမီးချင်း ကိုယ်ချင်းစာစိတ်နဲ့ ပပျောက်အောင် ဆောင်ရွက်ပေးကြရင် မကောင်းဖူးလား။

ဒါဟာလည်း မီဒီယာတွေပေါ်မှာ မကျော်ကြားပေမယ့် နတ်လူသာဓုခေါ်မယ့် ကုသိုလ်ကြီးပါ။ ကားပေါ်မှာရေးထားသလို 'သင့်ဆန္ဒကို ဂုဏ်သိက္ခာနဲ့ထိန်းပါ' ဆိုသလိုပေါ့။ သင့်စည်းလေးတစ်ချက်လောက်ပဲ စောင့်ပေးပါ။ သင့်ရဲ့ ဖြူစင်သော ကိုယ်ကျင့်တရားကို အားလုံးက လေးလေးစားစား တန်ဖိုးထားကြမှာ မလွဲပါဘူး။ သင့်စောင့်ရမယ့်စည်းက အခြားမဟုတ်ပါဘူး။ 'အသစ်ကလေးတွေရမလား' လို့မေးတတ်တဲ့ ဝသီကိုပါပဲ။

**ဂျီအောင်ဘန်း**

www.foreverspace.com.mm




**ယခုတလော မကြာခဏ ရွာကိုရောက်နေပါသည်။ ကိုယ်မပါရင်မပြီးသော ကိစ္စလေးများရှိနေပါသည်။ မြို့နှင့် ကိုးမိုင်ဝေးသော ရွာလမ်းခရီးတွင် ရေလွတ်ကတွတ်ပေါက်များကို အုတ်တံတားဆောက်ခြင်း၊ စာကြည့်တိုက်ပြုပြင်ရေးကိစ္စ၊ ရွာရှိအသစ်စက်စက်အလယ်တန်းကျောင်း၏ လိုအပ်ချက်များ စသည်၊ စသည်များကို ဆွေးနွေးတိုင်ပင်ရေးကိစ္စပင်ဖြစ်ပါသည်။**

အလယ်တန်းကျောင်းကိစ္စများတွင် ပြတင်းတံခါးများရှိချိတ်များ ပျက်စီးနေမှု၊ မြက်ခင်းများ မညီမညာဖြစ်နေမှုနှင့် ကျောင်းအတွက်လိုအပ်သည့် တိုလီမိုလီ ဝယ်ယူသုံးစွဲရန် အသေးသုံးငွေရရှိမှုတို့လည်း ပါဝင်ပါသည်။ လက်ရှိကျောင်းအုပ်ဆရာကြီးသည် ညီတစ်ဝမ်းကွဲတော်သူဖြစ်နေ၍ လိုအပ်တာရှိတိုင်း "အစ်ကိုကြီးလုပ်ပါဦး" ဆိုပြီး အပူကပ်နေရာ ငွေကြေးမများလှသောကိစ္စဖြစ်၍ ကျွန်တော်ပင် ပံ့ပိုးကူညီပေးလိုက်ပါသည်။ ယခုတော့ "မင်းကျောင်းအတွက် အသေးသုံးငွေ ကျပ် ၅၀,၀၀၀ လှူပေးခဲ့မယ်။ မကုန်အောင်သုံး" ဟု ပြောခဲ့ပါသည်။ မကုန်အောင်သုံးဆိုသည်မှာ မတည်ငွေ ကျပ် ၅၀,၀၀၀ ရရှိပြီးနောက် ထပ်မံအလှူခံခဲ့၍ လက်ထဲတွင် ငွေကျပ် ၅၀,၀၀၀ အမြဲရှိနေဖို့ ရည်ရွယ်ပြောဆိုခြင်း ဖြစ်ပါသည်။

ညီကျောင်းအုပ်ဆရာကြီးနှင့်တွေ့ပြီး ပြန်လာသောအခါ ကျောင်းရှေ့ရှိဘောလုံးကွင်းတစ်ကွင်းစာ မြေကွက်လပ်ကိုတွေ့ရာတွင် ကျေးရွာလူငယ်များအတွက် ဘောလုံးကွင်းတစ်ကွင်း လုပ်ပေးချင်စိတ်ပေါ်လာပါသည်။ ဤတွင် ညီကျောင်းအုပ်ဆရာကြီးနှင့်တိုင်ပင်ပြီး ကျောင်းအတွက် ဘောလုံးကွင်းတစ်ကွင်းလုပ်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ရွာမှ ဦးဆောင်နိုင်မည့် လူကြီးအချို့ကိုလည်း ဘောလုံးကွင်းတည်ဆောက်ဖို့ အကြံပြုခဲ့ပါသည်။ သို့သော် အကြံပြုသောရက်နှင့် သုံးလကျော်လာ

# အဖေ့ရွာ ဘောလုံးပွဲ

မောင်တင်မြင့်



www.foreverspace.com.mm





သည်အထိ ဘောလုံးကွင်းဖြစ်မလာပါ။

ကျွန်တော့်စိတ်တွင် ဘောလုံးကွင်းကိစ္စနှင့်ပတ်သက်၍ အမျိုးမျိုးစဉ်းစားနေမိပါသည်။ သူတို့ဦးမဆောင်ရင် ငါဦးဆောင်မှဖြစ်မည်။ ဦးဆောင်လုပ်ပေးရင် အကုန်အကျဘယ်လောက်ရှိမှာလဲ၊ ရွာကဘယ်လောက်ပံ့ပိုးပေးမှာလဲ မေးခွန်းတွေမေးနေမိပါသည်။ ထိုအတောအတွင်း ညီငယ်က ကျွန်တော့်ထံရောက်လာရာ ညီငယ်က အကြံပြုကူညီလိုက်သဖြင့် ဘောလုံးကွင်းတည်ဆောက်ရေးအတွက် စိတ်အေးသွားရပါသည်။

ညီငယ်၏ တင်ပြချက်က "အစ်ကိုဘောလုံးကွင်း လုပ်ပေးမယ်ဆိုရင် ရွာကလူတွေအားလုံး လုပ်အားပေးလုပ်ခိုင်းမယ်။ ကွင်းညှိ၊ မြေဖို့၊ ဂိုးတိုင်ဆောက်တဲ့အလုပ်တွေ၊ ဂိုးပိုက်၊ ဘောလုံးတို့တော့ အစ်ကိုဝယ်ပေးလိုက်ပါ" ဟုဆိုပါသည်။ ညီငယ်ပြောသည်မှာ မှန်ပါသည်။ သို့သော် အပြောလွယ်သလောက် အလုပ်ကလွယ်မည်မထင်။ သို့ဖြစ်၍ ရွာသို့တစ်ခေါက်ပြန်သွားရပြန်သည်။ ရွာရောက်သော် ဆွေမျိုး၊ ညီအစ်ကိုများကိုခေါ်၍ ဘောလုံးကွင်းတည်ဆောက်ရန် ဆွေးနွေးကြသည်။ ရွာမှဆွေမျိုး၊ ညီအစ်ကိုများက အားရဝမ်းသာပင် "အစ်ကိုကြီးလုပ်ချင်တာပြော၊ ကျွန်တော်တို့တစ်ရွာလုံး ကူညီမယ်" ဟု ပြောပါသည်။ ကျွန်တော် ဝမ်းသာပီတိဖြစ်ရပါသည်။ ထို့ကြောင့် စီမံချက်တစ်ခု ချက်ချင်းချမှတ်လိုက်ပါသည်။

၂၀၁၀ ပြည့်နှစ် မေလ ၂၅ ရက်နေ့တွင် ကျွန်တော့်ရွာ၌ ဘောလုံးကွင်းဆောက်လုပ်ရန် ရက်သတ်မှတ်လိုက်ပါသည်။ ကျွန်တော်က ရန်ကုန်မှ ကြို့ပင်ကောက်မြို့သို့သွားမည်။ ရွာသို့ နံနက်ပိုင်းကူးမည်။ ရွာမှ လုပ်အားပေးအားလုံးကို နံနက်စာပဲနှင့် ကြက်သား၊ ဗလချောင်ကြော်နှင့်ကျွေးမည်။ ရွာသူ၊ ရွာသားများက ဘောလုံးကွင်းပတ်လည်တွင် ရေမြောင်းတူးခြင်း၊ မြေဖို့ခြင်း၊ သဲဖြန့်ခြင်းများကို နေ့ချင်းပြီး ရွာလုံးကျွတ်လုပ်အားပေးကြမည် စသည်ဖြင့် အစီအစဉ် ရေးဆွဲလိုက်ပါသည်။ ၂၅-၅-၂၀၁၀ နေ့တွင် စီစဉ်သည့်အတိုင်း အင်တိုက်အားတိုက်ဆောင်ရွက်ကြရာ ဘောလုံးကွင်းပုံသဏ္ဍာန်သည် နေ့ချင်းပေါ်ပေါက်လာပါသည်။ နောက်နေ့တွင် ကွင်းအတိုင်းအတာများပြုလုပ်ခြင်း၊ ဂိုးတိုင်များစိုက်ထူခြင်းလုပ်ငန်းကိုလုပ်၍ ကြခတ်တန်းကြီးရွာအလယ်တန်းကျောင်း ဘောလုံးကွင်းဖြစ်ရေးသည် အကောင်အထည်ပေါ်သွားပါသည်။ ကျွန်တော်ကတော့ ဘောလုံးနှစ်လုံး၊ ဂိုးတိုင်အတွက် သစ်နှင့် ကျွေးမွေးဧည့်ခံစရိတ် ကျပ်သုံးသိန်း လှူဒါန်းလိုက်ရပါသည်။

ဘောလုံးကွင်းပြီးသွား၍ ရွာသားများ ဝမ်းသာနေကြသော်လည်း Premier League ဘောလုံးပွဲများ အမြဲကြည့်နေသော ကျွန်တော့်အဖို့ ရွာ၏ဘောလုံးကွင်းသည် ဘောလုံးကွင်းနှင့်မတူ ဖြစ်နေပါသည်။ သို့ဖြစ်၍ ရွာမှညီအစ်ကိုများအား ဘောလုံးကွင်းကို သဲလိုက်ဖို့ဖို့ ပြောရပါသည်။ ညီများက "သဲဖို့ဖို့အတွက် သဲက သုံးမိုင်လောက်ခရီးမှာ သွားယူရမည်၊ ထော်လာဂျီနှင့်သယ်ရမည်၊ ဘောလုံးကွင်းအတွင်း သဲဖြန့်တာကိုတော့ ရွာကလုပ်အားပေးမည်။ ထော်လာဂျီငှားခငွေလိုသည်။ ကျပ်တစ်သိန်းလောက် ကုန်နိုင်သည်" ဟုပြောလာသည်။ ကျွန်တော်က ကျွန်တော့်ညီအငယ်ကို အလှူငွေထည့်ဝင်ဖို့ စည်းရုံးသည်။ "တို့ညီအစ်ကို သဲတိုက်ဖို့ စရိတ်လှူရအောင်" ပြောသောအခါ ညီငယ်က သဘောတူ၍ ဘောလုံးကွင်းသဲဖြည့်ဖို့ ကိစ္စပြီးသွားပါသည်။ ကြို့ပင်ကောက်မြို့ အရှေ့ကျေးရွာများတွင် ဘောလုံးကွင်းတစ်ကွင်း ထီးထီးမားမား ပေါ်ထွက်လာပါသည်။

ဘောလုံးကွင်းပြီးသွားပြီး ဇွန်လလယ် မိုးရွာသောအခါ ကျေးရွာအချင်းချင်း ပြိုင်ပွဲ ကျင်းပလိုကြသည်။ ပြိုင်ပွဲကျင်းပဖို့ စီစဉ်ပေးပါပြောလာ၍ ရွာရှိဘောလုံးဝါသနာရှင် ၁၀ ဦးခန့်ကို ဘောလုံးပွဲများဖြစ်မြောက်ရေးကော်မတီ ဖွဲ့ပေးရသည်။ ထိုကော်မတီက ဘောလုံးပြိုင်ပွဲများကန်နိုင်ရေး စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲစေပါသည်။ အားလုံး အဆင်သင့်ဖြစ်သောအခါ ကျေးရွာများကိုဖိတ်ခေါ်၍ ကွင်းဖွင့်ပွဲအဖြစ် စတင်ခြေစမ်းကြပါသည်။ ထို့နောက် ပြိုင်ပွဲကျင်းပရေးအတွက် စာရင်းကောက်ယူရာ ကျေးရွာပေါင်း ၁၃ ရွာမှ ဘောလုံးအသင်းပေါင်း ၁၆ သင်း ပေါ်ပေါက်လာပါသည်။ ထိုအသင်းများကို အုပ်စုလေးစုခွဲ၍ ပတ်လည်ကန်ပြီး ကျန်ရှစ်သင်းလုံးကို ရှုံးထွက်ကန်စေကာ နိုင်ငံခြားပြိုင်ပွဲများ

www.foreverspace.com.mm

ကဲ့သို့ စီစဉ်ဆောင်ရွက်ရာ ၁၄–၈–၂၀၁၀ ရက်နေ့တွင် နောက်ဆုံးဗိုလ်လုပွဲကို ကျင်းပနိုင်ခဲ့ပါသည်။

"အစ်ကိုရေ ၁၄ ရက်နေ့ ဗိုလ်လုပွဲကို အစ်ကိုလာမှဖြစ်မယ်။ အစ်ကိုချီးမြှင့်တဲ့ဆုကိုတော့ အစ်ကိုကိုယ်တိုင်ပေးပါလို့ ရွာက ပြောနေတယ်လို့" ညီငယ်တယ်လီဖုန်းဆက်၍ ကျွန်တော် ရွာသို့သွားရပါသည်။ ၁၄–၈–၂၀၁၀ ရက်နေ့ နံနက် ၅နာရီ ရန်ကုန်မှ ထွက်၍ ကြို့ပင်ကောက်မြို့သို့ နံနက် ၈ နာရီရောက်ပါသည်။ ညီငယ်အိမ်တွင် နံနက်စာစားပြီး ရွာသို့ခရီး ဆက်ကြပါသည်။ မြို့နှင့် ခုနစ်မိုင်ခရီးသည် သွားချင်ဇောနှင့် မဝေးလှဟုထင်ပါသည်။ ရွာရောက်သောအခါ ညီအစ်ကိုမောင်နှမများ၊ ဘောလုံးအုပ်ချုပ်သူ လူငယ်များက စောင့်ကြိုနေကြပါသည်။

ရွာရောက်လျှင်ရောက်ချင်း ဘောလုံးပွဲအစီအစဉ်အကြောင်းမေးမြန်းရာ ဗိုလ်လုပွဲကန်မည့်အသင်းမှာ ကျွန်တော်တို့ရွာမှ (က) အသင်းနှင့် သပြေရုံရွာမှ လက်ရွေးစင်အသင်းဖြစ်ကြောင်း၊ ဘောလုံးပွဲကို ၃ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း၊ တတိယဗိုလ်လုပွဲကို ၁၃–၈–၂၀၁၀ ရက်နေ့တွင် ကျင်းပခဲ့ပြီး ကျွဲဘိရွာမှ ရရှိသွားကြောင်း၊ ပထမဆုအနေနှင့် အစ်ကိုကြီး စီစဉ်ပေးသည့် ဖလားနှင့် ငွေသားကျပ် ၁၀၀,၀၀၀ ပေးပြီး၊ ဒုတိယဆု ကျပ် ၃၀,၀၀၀ နှင့် တတိယဆုအတွက် ကျပ်ငွေ ၂၀,၀၀၀ ပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း ပြောကြားပါသည်။ ခေတ္တအကြာ နေ့လယ်စာထမင်းစားကြပြီး အလယ်တန်းကျောင်းသို့ သွားကြပါသည်။ အလယ်တန်းကျောင်းတွင် ရွာမှ ဘောလုံးသမားနှင့်ဧည့်ပရိသတ် ၁၀၀ ခန့်စောင့်နေကြပါသည်။ "ဘာလုပ်ကြမှာလဲ" ကျွန်တော်က မေးသော် ကျွန်တော့်ညီဝမ်းကွဲက "အစ်ကိုကြီးကို ကန်တော့ကြမှာပါ။ ဒီလူငယ်တွေက အစ်ကိုကြီးကို ကန်တော့ချင်တယ်ပြောလို့ ဒီလိုစီစဉ်ရတာပါ" ဟုဆိုပြီး ကျွန်တော့်ကို လူငယ်အားလုံးရှေ့တွင် ကုလားထိုင်၊ စားပွဲနှင့် နေရာပေးထားပြီး အားလုံးဆိတ်ငြိမ်နေကြပါသည်။ ကျွန်တော်က "ဘာဖြစ်လို့ ကန်တော့ချင်တာလဲ ပြောစမ်းပါဦး" မေးတော့ လူငယ်တစ်ဦးက "ဒီရွာမှာ ဘောလုံးကွင်းဖြစ်အောင်၊ ဘောလုံးပွဲတွေဖြစ်အောင် လုပ်ပေးပြီး ကျွန်တော်တို့ရွာတိုးတက်အောင် ဆောင်ရွက်ပေးနေလို့ ရိုသေလေးစားပြီး ကန်တော့ချင်တာပါ" ဟု ဆိုသည်။ ကျွန်တော်က "အေးအေး–ကောင်းပါတယ်။ အစ်ကိုကြီးက ကိုယ့်ရွာတိုးတက်အောင်လုပ်ပေးချင်တဲ့စိတ်ဓာတ်ပါ၊ အဖေ့စိတ်ဓာတ်ပေါ့၊ အစ်ကိုကြီးအဖေက ကိုယ့်ရွာကို ပြန်ပြီးကြည့်ရှုစောင့်ရှောက်ပါလို့ ပြောပါတယ်။ ဒါကြောင့် အဖေ့စကားကို နားထောင်ပြီး အဖေလုပ်စေချင်တာတွေကို လုပ်ပေးနေတာပါ။ ခုတော့ မင်းတို့တွေ ဘောလုံးကန်ရင်း အားကစားစိတ်ဓာတ်တွေပြည့်ဝလာပြီး တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ဖြစ်လာကြတယ်။ တစ်ဦးရဲ့အကူအညီလိုမှုကိုလည်း တစ်ဦးကကူညီပေးတယ်။ အဲ့ဒီလိုနေတာဟာ 'စည်းလုံးညီညာအောင်ကြောင်းဖြာ' ဆိုတာပေါ့ကွာ၊ ဒါကြောင့် ရှေ့ဆက်ပြီး ဒီထက်တိုးလာအောင် ဝိုင်းဝန်းကြိုးစားကြပါလို့ ပြောချင်ပါတယ်" ဟု ကျွန်တော့်စကားဆုံးသွားသောအခါ လူငယ်များက ဦးဂျမ်းပုဆိုးတစ်ထည်၊ သူတို့ခြံမှ ထွက်သောပဲသီးများ (အစီး၅၀) ခန့်ကို လက်ဆောင်အဖြစ်ပေးအပ်ပါသည်။ ကျွန်တော်က ဆုံးမစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲစမည့်အချိန်ကို စောင့်နေပါသည်။

**အစ်ကိုကြီးက ကိုယ့်ရွာတိုးတက်အောင်လုပ်ပေးချင်တဲ့စိတ်ဓာတ်ပါ၊ အဖေ့စိတ်ဓာတ်ပေါ့၊ အစ်ကိုကြီးအဖေက ကိုယ့်ရွာကို ပြန်ပြီးကြည့်ရှုစောင့်ရှောက်ပါလို့ ပြောပါတယ်။ ဒါကြောင့် အဖေ့စကားကိုနားထောင်ပြီး အဖေလုပ်စေချင်တာတွေကို လုပ်ပေးနေတာပါ။**

ယူနီဖောင်းဝတ်စုံအပြည့်ဝတ်ဆင်ထားသော ဘောလုံးသမားများ အ.လ.က ခန်းမအတွင်းသို့ ဝင်လာပါသည်။ ကျွန်တော့်ညီက "အစ်ကိုကြီးနဲ့ မိတ်ဆက်ပေးမလို့ ခေါ်လာတာ။ ဒါ ကျွန်တော်နဲ့ပြိုင်မယ့်အသင်းက အားကစားသမားတွေပါ။ သပြေရုံရွာကလေ" ဟုဆိုပြီး ညီတော်မောင်က မိတ်ဆက်ပေး၍ ဘောလုံးသမားများကို လက်ဆွဲနှုတ်ဆက်ပြီး ဩဝါဒစကားပြောကြားရပါသည်။ ကျွန်တော်က "ခု ခင်ဗျားတို့နဲ့ ယှဉ်ပြိုင်မယ့်အသင်းက ဒီရွာကပါ။ ဒါပေမဲ့ ယှဉ်ပြိုင်ခြင်းကအဓိကပါ။ ပြီးတော့ အုပ်စုပွဲတွေ၊ ရှုံး/ထွက်ပွဲတွေမှာလည်း တွေ့ခဲ့ပြီးပြီဆိုတော့ တစ်ယောက်ရဲ့ခြေကိုတစ်ယောက်က သိပြီးသားဖြစ်နေမှာပါ။ ဘာပဲဖြစ်ဖြစ် အားကစားစိတ်ဓာတ်အပြည့်နဲ့ ယှဉ်ပြိုင်ကြပါ။ သန့်သန့်ရှင်းရှင်းနဲ့လည်း ယှဉ်ပြိုင်ကြပါ။ ခုလိုခင်ဗျားတို့နဲ့ တွေ့ခွင့်ရလို့ ဝမ်းသာပါတယ်" ဟုပြောပြီး လူစုခွဲလိုက်ကြပါသည်။

ညနေ ၃ နာရီ ၁၅ မိနစ်ရှိပါပြီ။ ယှဉ်ပြိုင်မည့်ဘောလုံးသမားအားလုံး ကွင်းထဲသို့ ဝင်လာကြပြီ။ အလယ်စက်ဝိုင်းတွင် နေရာယူကြပြီး ဒိုင်လူကြီးများ၏ ဩဝါဒကို ခံယူနေကြပါသည်။ ဒိုင်လူကြီးစကားပြောပြီးသောအခါ ကြခတ်တန်းကြီးအသင်းက အရှေ့ဘက်ဂိုးကိုရပြီး သပြေရုံအသင်းက အနောက်ဘက်ကဂိုးတွင် နေရာယူပါသည်။ ရာသီဥတုသည် သာယာနေပြီး နေရောင်အနည်းငယ်ရှိပါသည်။ ဂိုးသမား (အသင်းခေါင်းဆောင် ကျွန်တော့်ညီ) က နေရောင်ကိုလက်နှင့်ကာပြီး ကြည့်နေရာ ရွာသားတစ်ဦးက "တော်တော်ညံ့တဲ့အကောင်တွေ မျက်နှာနေထိုးတဲ့ဘက်ကိုယူတယ်" ဟု သူ့ရင်တွင်းက ခံစားချက်ကို နှုတ်မှထုတ်ဖော်ပြလိုက်ပါသည်။ အမှန်တော့ ဒိုင်လူကြီးက ခေါင်း၊ ပန်းလှန်၍ နေရာချထားပေး

www.foreverspace.com.mm

လိုက်ခြင်း ဖြစ်ပါသည်။ ၃ နာရီခွဲတွင် ဘောလုံးပွဲ စပါသည်။ ကွင်းပတ်လည်တွင် ကြခတ်တန်းကြီးရွာမှာ ရွာလုံးကျွတ်ပွဲသို့ လာရောက်အားပေးကြပြီး အနီးပတ်ဝန်းကျင်ရွာများမှလည်း လူအင်အားမနည်းလှပါ။ ပရိသတ် ၅၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရပါသည်။ ပထမပိုင်း ၄၅ မိနစ်တွင် ကြခတ်တန်းကြီးအသင်းမှ စတင်ဂိုးရ၍ ကျွက်ကျွက်ဆူအောင် အော်ဟစ်ကခုန်နေကြပြီး မကြာမီ သပြေရုံရွာအသင်းမှ ခြေပဂိုးသွင်း၍ သပြေရုံရွာ၊ မင်းဝရွာနှင့် စိန်ချောင်းရွာအသင်းမှပရိသတ်များက တစ်ကျော့ထ၍ အော်ကြပြန်သည်။ ဤသို့ သူအော်၊ ငါအော်နှင့် ဘောလုံးပွဲသည် စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ရှိလှပါသည်။ မြို့နှင့်ခုနစ်မိုင်ဝေးသော တောရွာဘောလုံးပွဲဖြစ်သော်လည်း ကြို့ပင်ကောက်မြို့ပေါ်မှ အရာရှိများ၊ ကျေးရွာအသီးသီးမှ ဝါသနာရှင်များနှင့် စည်ကားလှပါသည်။

ပထမပိုင်း ၄၅ မိနစ် ပြီးဆုံးသွားသည့်အခါ တစ်ဖက်နှစ်ဂိုးစီဖြင့် ခေတ္တရပ်နားလိုက်ပါသည်။ ဒုတိယပိုင်း စသည်နှင့် သပြေရုံအသင်း ပိုမိုလျင်မြန်လာပြီး အားပေးသူများကိုလည်း ကြီးကြပ်သူများ ထိန်းပေးရသည်အထိ ဆူဆူညံညံအားပေးနေကြပါသည်။ သို့သော် ဒုတိယပိုင်းစ၍ ၁၅ မိနစ်ခန့်အကြာတွင် ကြခတ်တန်းကြီးရွာအသင်းမှ တတိယ ဦးဆောင်ဂိုးသွင်းလိုက်သောအခါ စောစောက ဆူညံနေသော ပရိသတ် ငြိမ်သွားပါသည်။ ပွဲပြီးရန် ၁၅ မိနစ်အလိုတွင် ကြခတ်တန်းကြီးအသင်းက စတုတ္ထဂိုး ထပ်မံသွင်းလိုက်သောအခါ ကြခတ်တန်းကြီးအသင်းကို အားပေးသော ပရိသတ်မှာ အော်ဟစ်ကခုန်နေကြပါသည်။ မောင်းတဒူဒူနှင့် ကတဲ့သူက၊ သီချင်းဆိုသူကဆိုနှင့် တကယ့်ပွဲကြီးပွဲကောင်းတစ်ခုပမာ တောရွာပွဲက စည်ကားလှပါသည်။ အသင်းနှစ်သင်းသည် အချိန်စေ့သည်အထိ အရှုံးမပေးတမ်း ကြိုးစားကစားနေကြပါသည်။ ပွဲချိန်ပြည့်၍ ခရာမှုတ်လိုက်သောအခါ ကြခတ်တန်းကြီးပရိသတ်က



ကွင်းအတွင်းပြေးဝင်လာပြီး ကစားသမားများကို ဖက်သူကဖက်၊ နမ်းသူကနမ်း၊ ထမ်းသူကထမ်းနှင့် အောင်ပွဲခံနေကြပါသည်။ ၁၀ မိနစ်ခန့်ပျော်နေကြစဉ် အစီအစဉ်မှူးက ဆုပေးပွဲအခမ်းအနား စမည်ဖြစ်သောကြောင့် အော်ဟစ်ပျော်မြူးနေခြင်းကို ခေတ္တရပ်ပေးရန် မေတ္တာရပ်ခံလိုက်ပါသည်။

တစ်နေ့လုံး သာယာနေသော ရာသီဥတုသည်လည်း ဂုဏ်ပြုဆုချီးမြှင့်မည့် အချိန်နှင့် ချိန်ကိုက်၍ မဲမှောင်အုံ့ဆိုင်းလာပါသည်။ သိကြားမင်းသည် ကြခတ်တန်းကြီးရွာ၏ ဘောလုံးပြိုင်ပွဲကို ဝမ်းပန်းတသာဂုဏ်ပြုမိုးရွာသွန်းပေးတော့မည့်သဘောဖြစ်ပါသည်။ ကျွန်တော်က ပရိသတ်အားလုံး စုစုစည်းစည်းရှိစဉ်တွင် မိုးမရွာခင် ဂုဏ်ပြုအခမ်းအနားကို မြန်မြန်စရန် ညီတော်မောင်အား ပြောကြားရပါသည်။ ဂုဏ်ပြုပွဲစတင်ပါပြီ။ မည်သူ့ကိုမှ မိန့်ခွန်းစကားပြောခွင့်မပေးတော့ဘဲ နှစ်သိမ့်ဆုရအသင်းကို စတင်ဆုပေးရန် ကြေညာပါသည်။ ဆက်လက်၍ တတိယဆု၊ ဒုတိယဆုနှင့် ပထမဆု အသီးသီးပေးပြီး၍ အားကစားသမားများ၊ ပွဲကြည့်ပရိသတ်များကို ပျော်မြူးခွင့်ပေးလိုက်သည့်အချိန်တွင် ပွဲအပြီး စောင့်ဆိုင်းနေသော သိကြားမင်းသည် ကြီးမားသောအောင်ပွဲဂုဏ်ပြုမိုးကို ရွာချလိုက်ပါသည်။ ကြခတ်တန်းကြီးရွာ အလယ်တန်းကျောင်း ဘောလုံးကွင်းတစ်ခုလုံး မိုးရေများနှင့် ပြည့်လျှံသွားပါတော့သည်။ အားကစားသမားများနှင့် ပွဲကြည့်ပရိသတ်များသည် ရွာနေသော မိုးရေအောက်တွင် ပျော်၍၊ မြူး၍၊ ကခုန်၍၊ သီဆို၍အပြီးမှာ လူစုခွဲလိုက်ကြပါသည်။ အောင်မြင်ပျော်ရွှင်စွာ ပြီးဆုံးသွားသော ကြခတ်တန်းကြီးရွာဘောလုံးပြိုင်ပွဲ ဖြစ်ပါသည်။ ကျွန်တော့်ရင်ထဲမှာ ကျေးဇူးရှင်ဖခင်ကြီးကို သတိရသွားပါသည်။ သူဖြစ်ချင်သောဆန္ဒများကို အကောင်အထည်ဖော်ပေးသောပွဲဖြစ်၍ ဖလားဆုကို 'မိဘမေတ္တာ ဘောလုံးပြိုင်ပွဲ၊ ဂုဏ်ပြုဆု' ဟု အမည်တပ်ပေးလိုက်ရပါသည်။

ဤဆောင်းပါးသည် ကြို့ပင်ကောက်မြို့နယ် ကြခတ်တန်းကြီးရွာမှ ကြီးမှူးကျင်းပသော ကျေးရွာဘောလုံးပြိုင်ပွဲ အကြောင်းဖြစ်ပါသည်။ ကျေးရွာဘောလုံးပြိုင်ပွဲဖြစ်သော်လည်း မြို့တစ်မြို့၏ ဘောလုံးပြိုင်ပွဲတမျှ စည်းကားသိုက်မြိုက်ပြီး စည်းကမ်းတကျ စုစည်းဆောင်ရွက်နိုင်သောပွဲဖြစ်ပါသည်။ ဤသို့ စုစည်းဆောင်ရွက်ပေးကြသော ကျွန်တော့်ညီငယ်များ၊ တူများကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုရပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

**မောင်တင်မြင့်**

www.foreverspace.com.mm

# သိတတ်မှု

ရိုက်မောင်း

**သွားနေကျခရီးတိုလေးတစ်ခုမှာ အခြားခရီးသည်များအဖို့ သတိထားမိသည်လား၊ မထားမိသည်လားမသိ၊ ကျွန်တော့်ရင်ထဲတွင်မူ မှတ်မှတ်ရရနှင့် လေးလေးနက်နက်ခံစားခဲ့ရသော ပီတိထူးတစ်ခု ဖြစ်ခဲ့ပါသည်။**

ထိုနေ့က ကျွန်တော်ခါတိုင်းလိုပင် မထသ (၅၁) လိုင်းဘတ်စ်ကားကို တိုးတိုးဝှေ့ဝှေ့ တက်စီးခဲ့ပါသည်။ ကျွန်တော့်ခရီးစဉ်က စော်ဘွားကြီးကုန်းမှ လှည်းတန်းအထိဖြစ်သည်။ သွားရိုးသွားစဉ်မို့ ထူးခြားစွာခံစားမှုမရှိသလို ရပ်ရိုးရပ်စဉ်မို့လည်း ပင်ပန်းသည်မထင်မိပါ။ အပေါ်လက်ကိုင်တန်း သို့မဟုတ် ပလတ်စတစ်ကွင်းကိုကိုင်၍ စီးရသည်မှာ နေ့စဉ်ပုံမှန်အနေအထားဖြစ်၏။ ကံကောင်းထောက်မလျှင်တော့ ထိုင်ခုံနေရာ ရဦးမည်ပေါ့။

အနည်းငယ်စိတ်ထဲမသက်မသာဖြစ်ရသည်က ကျွန်တော့်ဘေးမှာ အဘွားအိုအတွက်ပင်ဖြစ်သည်။ အသက် ၈၀ နီးပါးရှိလိမ့်မည်။ အဖော်လည်း မတွေ့ရ။ မည်သည့်မှတ်တိုင်မှတက်၍ မည်မျှကြာအောင်ရပ်နေခဲ့သည်မသိ။ လက်ရှိအခြေအနေတွင်တော့ ကျွန်တော် အတော်လေး စိတ်မကောင်းဖြစ်ရသည်။ ရုံးချိန်၊ ကျောင်းချိန်မို့ ကားထဲမှခရီးသည်အများစုမှာ ရုံးသမား၊ အလုပ်သမား၊ ကျောင်းသားများလိုလိုဖြစ်ကြမည်။ လူငယ်လူရွယ်တွေချည်း ဖြစ်၏။ ကျွန်တော့်မှာ သွားရင်းလာရင်း အကုသိုလ်စိတ်ဖြစ်မိလေပြီ။



ပဋ္ဌာန်းတရားတော်မှ 'ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံ၊ ပစ္ဆိမာနံ အကုသလာနံ ဓမ္မနံ' ဆိုတာကို သွားသတိရမိကာ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်တင်မိလိုက်သေးသည်။ ရှေ့စိတ်က အဘွားအိုအတွက် ကုသိုလ်စိတ်ဖြစ်ခဲ့ပေမယ့် နောက်စိတ်က ထိုင်ခုံမှာ ထိုင်နေသူအချို့အပေါ် အကုသိုလ်စိတ်ဖြစ်နေရပြီလေ။

ကျွန်တော်နှင့် အဘွားအိုတို့၏ ဘေးခုံနှင့် နောက်ဘက်နှစ်ခုံရှိအစွန်တွင် ထိုင်နေကြသော အသက် ၃၀ ကျော် အမျိုးသားနှစ်ယောက်နှင့် အသက် ၂၀ ခန့် ကောင်လေးတစ်ယောက်ကို မကျေမနပ်နှင့် တစ်လှည့်စီ ကြည့်နေမိသည်။ သူတို့စိတ်အာရုံတွင် သူတို့လုပ်ဆောင်ရမည့်အလုပ်တာဝန်အတွက် ကြံစည်တွေးခေါ်နေလား၊ သမာဓိအားတွေပဲ သိပ်ကောင်းနေလို့လား၊ သက်ကြီးရွယ်အိုတစ်ယောက်အပေါ် ကရုဏာနှင့် ကူညီရန်ပင် မဖြစ်နိုင်တော့၍ သဗ္ဗေသတ္တာ ကမ္မသကာလို့ပဲ ဥပေက္ခာရှုနေကြသည်လား မသိပါ။ ထိုသို့ဆိုလျှင် သူတို့အပေါ် ပြစ်မှားနေမိသည့်ကျွန်တော့်အတွက် အကုသိုလ်ပိုကြီးပြီး ချက်ချင်းပင် အဝီစိငရဲသို့ သွားရတော့မည်ထင်၏။

ထိုစဉ် ရှေ့ဆုံးခုံတွင် ထိုင်နေသော မိန်းကလေးနှစ်ယောက်အနက် အစွန်တွင် ထိုင်နေသော မိန်းမပျိုလေးသည် နောက်သို့ လှည့်ကြည့်လာသည်။ (ဘယ်အတွက်ကြောင့်မှုမသိ)

ထိုအချိန်တွင် ဘတ်စ်ကားသည် ဆယ်မိုင်မှတ်တိုင်ကိုကျော်၍ လေဆိပ်မီးပွိုင့်ကိုဖြတ်ပြီး ကိုးမိုင်ခွဲဘက်သို့ ကွေ့သည်။

www.foreverspace.com.mm

အဘွားအိုယိုင်သွားသည်ကို ကျွန်တော် ထိန်းထားလိုက်ရသည်။ လက်မှတ်ရောင်းသူ၏ "ကိုးမိုင်အိုးရှင်းမှတ်တိုင်ထိမောင်းဆရာရေ" ဟူသောအသံနှင့်အတူ ကားက ပို၍ပင်မြန်လာသေးသည်။ ကားကထပ်ကွေ့၊ အဘွားအိုက ထပ်ယိုင်၊ ကျွန်တော်က ထပ်ထိန်းပေါ့။

သည်လောက် ယောက်ယက်ခတ်နေသည့် ကြားမှ ကျွန်တော့်နောက်က အမျိုးသမီးတစ်ယောက်၏ခြေထောက်ကို အနည်းငယ်နင်းလိုက်မိသလိုဖြစ်တာကြောင့် တောင်းပန်ကြည့်ကြည့်လိုက်မိသည်။ ကျွန်တော့်အကြည့်က နောက်ကျသွား၍ဖြစ်မည်။ ထိုအမျိုးသမီး၏မျက်စောင်းက ကျွန်တော့်ဆီ ဦးစွာရောက်လာပြီး သူ့ခြေထောက်သူ နှစ်ချက်သုံးချက် ဆောင့်နင်းလေသည်။ ထိုင်ခုံမရဘဲ လက်တစ်ဖက်က ဆွဲခြင်းကိုင်၊ ကျန်လက်တစ်ဖက်က အပေါ်တန်းကိုကိုင်ကာ မတ်တတ်ရပ်နေရ၍ စိတ်တိုနေပုံရသော သူ၏ခြေထောက်ကိုမှ သွားတက်နင်းမိသည်ကိုး။

ထိုခဏမှာပင် "အဘွား . . . အဘွား ဒီမှာလာထိုင်"

ရှေ့ဆုံးခုံမှ မိန်းမပျိုလေးက မတ်တတ်ရပ်ကာ လှမ်းခေါ်ခြင်းဖြစ်သည်။ နှစ်ခါပင်မခေါ်လိုက်ရပါ။ ကျွန်တော့်ကို 'ကြက်တူရွေးကတော်တော် မဲဘော်ကကဲ' သည်ဟုဆိုလျှင်ဆိုတော့ အဘွားအိုကိုတွဲ၍ ရှေ့သို့ လက်ဆင့်ကမ်းပို့ပေးလိုက်သည်။

ကျွန်တော် စိတ်ချမ်းသာသွားသည်။ အဘွားအို နေရာရသွားလေပြီ။ ထိုမိန်းမပျိုလေးကို ကျေးဇူးတင်သောအကြည့်နှင့် ကြည့်မိသည်။ မိန်းမပျိုလေးကတော့ အေးအေးဆေးဆေးပင် ရှေ့တည့်တည့်သို့သာ ကြည့်၍ရပ်နေသည်။

ရှစ်မိုင်မှတ်တိုင်အရောက်တွင် ခရီးသည်တော်တော်များများ ဆင်းသွား၍ ကျွန်တော့်နောက်ဆုံးခုံမှာ နေရာရသည်။ အဘွားအိုကို နေရာပေးခဲ့သော မိန်းမပျိုလေးလည်း ကားရှေ့ပေါက်အဆင်းအတက်နားရှိထိုင်ခုံတွင် နေရာရသည်ကို သတိထားမိသည်။

ကားပေါ်မှဆင်းသွားသည့်ခရီးသည်ဦးရေထက် ပြန်တက်လာသည့်ခရီးသည်ဦးရေက ပိုများနေသဖြင့် ကားကပို၍ပင် ကျပ်လာသည်။

မှတ်တိုင်မှတက်လာသော ခရီးသည်များထဲမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် ပါလာသည်။

မကြာပါ။ ဘာမှမကြာလိုက်ပါ။ ကိုယ်ဝန်ဆောင်အမျိုးသမီးသည် မိန်းမပျိုလေး၏နေရာတွင်ထိုင်လျက် မိန်းမပျိုလေးက မတ်တတ်ရပ်လျက်။

ကျွန်တော်အံ့သြမိသည်။ ရင်ထဲတွင်လည်း ကြည်နူးမိသည်။ မိန်းကလေး၏အသက်က ရှိလှမှ ဆယ့်ခုနစ်/ဆယ့်ရှစ်နှစ်ခန့်သာ။ သူမ၏ အသိတရားကား ကြီးမားမြင့်မြတ်လှပေစွ။

ကျွန်တော် လှည်းတန်းမှတ်တိုင်ရောက်၍ ကားပေါ်မှ ဆင်းလာသည့်အချိန်အထိ ထိုင်ခုံနေရာအလှူရှင် မိန်းမပျိုလေးကား မတ်တတ်ရပ်လျက်ပင်ရှိသေးသည်။ ဘယ်အထိ မတ်တတ်ရပ်လျက်လိုက်ပါသွားမည်မသိ။ ဘတ်စ်ကားပေါ်မှာ မတ်တတ်ရပ်စီးတာမဆန်းသော်လည်း မိမိရရှိသည့်ထိုင်ခုံကိုစွန့်၍ သူတစ်ပါးကို ညှာတာကူညီရင်း မတ်တတ်ရပ်စီးသွားသည်ကတော့ ဆန်းသည်ဟု ဆိုချင်ပါသည်။

ထိုမိန်းကလေးကို ကျွန်တော့်စိတ်ထဲမှ ဝေဖန်ကြည့်မိသည်။ သာမန်လူတစ်ယောက်လို အင်အားမရှိသော သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်တို့ကို ကူညီခြင်းနှင့် ထိုသို့ ကူညီလိုမှုစေတနာဖြစ်ပေါ်စေသည့် ရင်ထဲမှအကြင်နာတရား၊ ဂါရဝတရားတို့ကို တွေ့ရသည်။

တစ်ဖန်ဖြစ်ပေါ်လာသော အကြင်နာ



www.foreverspace.com.mm

စိတ်ကို ဝစီကံမြောက်၊ ကာယကံမြောက် ကူညီဖြစ်အောင် မှန်ကန်ပီပြင်သော ဆုံးဖြတ်မှု၊ တည်ကြည်ရဲရင့်သော လက်တွေ့လုပ်ဆောင်မှုတို့ကို အောင်အောင်မြင်မြင် ပြုမူနိုင်ခဲ့ကြောင်း လေးစားစွာတွေ့ရသည်။

တစ်ဖက်က အတ္တစွန့်သူအပေါ် ကုသိုလ်စေတနာဖြစ်မိသလို အခြားတစ်ဖက်မှလည်း အတ္တကြီးသူအချို့အပေါ် အကုသိုလ်စေတနာဖြစ်မိတာကိုတော့ ဝန်ခံချင်ပါသည်။

ပညာရှာ၊ စီးပွားရှာနေသည့်အရွယ်ကောင်းလေးတွေဖြစ်ပြီး ကျန်းမာသန်စွမ်းနေပါလျက်နှင့် မေတ္တာထားရမှန်း၊ ကရုဏာထားရမှန်း မသိကြ။ အတ္တကြီးစွာ စိမ်းစိမ်းကားကားနေနိုင်ရက်ကြသည်။ ဖင်ထိုင်ခုံတစ်နေရာကို ရာဇပလ္လင်ထင်မှတ်နေကြဟန်ရှိသည်။ မိနစ်ပိုင်းအတွင်းမှာပင် ထိုထိုင်ခုံမှ နေရာဖယ်ပေးရမည်။ ထိုထိုင်ခုံနေရာကို စွန့်ပစ်ခဲ့ရမည်ကို မေ့နေဟန်ရှိသည်။

ထိုသို့ထိုင်ခုံတစ်နေရာကို မက်မောနေကြသူများတွင်လည်း လူနှစ်မျိုးနှစ်စားရှိမည်ဟု တွေးဆမိသည်။ တစ်မျိုးကား မိမိမှတစ်ပါး မည်သို့သောသူကိုမျှ အကြင်နာမထားတတ်သည့် စုံလုံးကန်းလူမိုက်မျိုးနှင့် အကြင်နာထားရကောင်းမှန်းသိသော်လည်း နေရာကို မက်မောလွန်း၍မစွန့်လွှတ်နိုင်သည့် တစ်ဖက်ကန်းလူမျိုးတို့ဖြစ်ပါလိမ့်မည်။

နောက်ဆုံးတော့ အကြင်နာ၊ ကရုဏာနှင့်ပတ်သက်၍တရားတော်လာ 'ပရဒုက္ခေ သတိ သာဓူနံ ဟဒယကမ္ပနံကရောတီတိ ကရုဏာ' ဟူ၍ တစ်ပါးသူဒုက္ခရောက်နေတာတွေ့လျှင် သူတော်ကောင်းတို့၏ နှလုံးသားကို တုန်လှုပ်အောင်ပြုတတ်သဖြင့် ကရုဏာခေါ်ကြောင်း သတိရမိသည်။

သူတစ်ပါးဒုက္ခရောက်နေသည်ကို တွေ့နေပါလျက် မတုန်လှုပ်ဘဲ နေနိုင်ကြသည်ကို ကြည့်ရင်း 'ဪ် သူတို့က သူတော်ကောင်းမှမဟုတ်တာ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုနေမှာပေါ့' ဟုသာ စိတ်ကိုဖြေလိုက်ရပါသည်။

ယနေ့သိပ္ပံပညာအထူးတိုးတက်နေ

**ပညာရှာ၊ စီးပွားရှာနေသည့်အရွယ်ကောင်းလေးတွေဖြစ်ပြီး ကျန်းမာသန်စွမ်းနေပါလျက်နှင့် မေတ္တာထားရမှန်း၊ ကရုဏာထားရမှန်းမသိကြ။ အတ္တကြီးစွာ စိမ်းစိမ်းကားကားနေနိုင်ရက်ကြသည်။ ဖင်ထိုင်ခုံတစ်နေရာကို ရာဇပလ္လင် ထင်မှတ်နေကြဟန်ရှိသည်။ မိနစ်ပိုင်း အတွင်းမှာပင် ထိုထိုင်ခုံမှ နေရာဖယ်ပေးရမည်။ ထိုထိုင်ခုံနေရာကိုစွန့်ပစ်ခဲ့ရမည်ကို မေ့နေဟန်ရှိသည်။**

သော IT ခေတ်မှာ အဘက်ဘက်က မြင့်မြင့်မားမား ဖွံ့ဖြိုးလျက်ရှိသည်။ ရေခြား၊ မြေခြားကွာဝေးသော နေရာများသို့ပင် အသားချင်းထိ၍မရသည်မှလွဲ၍ အင်တာနက်မှတစ်ဆင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြည်ကြည်လင်လင် စကားပြောနေနိုင်နေကြပေပြီ။ တစ်ကမ္ဘာလုံးဖြစ်ရပ်များကိုလည်း တစ်ခဏနှင့် သိနိုင်နေကြပြီ။ တစ်ချိန်က အင်မတန်ကျယ်ဝန်းပါသည်ဆိုသော ကမ္ဘာကြီးသည်ပင် တိုးတက်သော ဆက်သွယ်မှုနည်းပညာများကြောင့် ရွာတစ်ရွာသာသာအဆင့်လောက် ဖြစ်နေပေပြီ။

အစဉ်အလာ သမားရိုးကျဖြစ်စဉ်တစ်ခုကို ပြန်လည်သုံးသပ်မိပါသည်။ ယေဘုယျအားဖြင့် အသက်တစ်နှစ်ကြီးလာလျှင်၊ ပညာရေးတွင် အတန်းတစ်တန်းကြီးလာလျှင်၊ အလုပ်သမားလောကတွင် လုပ်သက်တစ်နှစ်ကြီးလာလျှင် အတွေ့အကြုံပိုလာသည်။ အတတ်ပညာပိုလာသည်။ အသိပညာပိုလာသည်။ တိုက်ရိုက်အချိုးကျပြောင်းလဲသည်ကို တွေ့ရ၏။

သိပ္ပံနည်းပညာ အဆမတန်တိုးတက်နေသည့် ယနေ့အချိန်တွင် တိုက်ရိုက်အချိုးကျ ပြောင်းလဲမည်ဆိုပါက အသိပညာလည်း အထူးတိုးတက်လာရပေမည်။

ယခုကဲ့သို့ သိပ္ပံပညာကတိုးတက်ပြီး အသိဉာဏ်ပညာက ဆုတ်ယုတ်နေပြီဆိုလျှင် အစဉ်အလာဖြစ်စဉ်ကို ဆန့်ကျင်လျက် ပြောင်းပြန်အချိုးကျပြီဟုဆိုရတော့မည်ထင်သည်။

ဤသို့ဆိုလျှင် သိပ္ပံပညာကိုပင် အပြစ်တင်ရမည်လား။ သိပ္ပံပညာတီထွင်သူများကိုပင် အပြစ်တင်ရမည်လား။ မမှန်ကန်သောအမေး၊ မရိုးသားသောအတွေး ဖြစ်သွားပေမည်။

မရိုးမသားမတွေးချင်လျှင် ရိုးသားစွာတွေးရပါတော့မည်။

ကိုယ်တကယ်မပိုင်သည့်နေရာကိုပင် ကိုယ့်နေရာဟုအထင်လွဲကာ တွယ်တာနေသည့် 'မသိမှု'၊ ဒုက္ခရောက်သူကိုတွေ့နေပါလျက်၊ ကူညီနိုင်ပါလျက် လျစ်လျူရှုရက်သည့် 'မသိမှု' တို့က အဓိက ဖြစ်ပေသည်။

ကျွန်တော်တွေးနေသည့်အချိန်၌ ထိုဘတ်စ်ကားပေါ်တွင် ထိုမိန်းမပျိုလေးလည်း ရှိတော့မည်မဟုတ်ပါ။ ကျွန်တော်အပြစ်တင်နေသော ထိုလူငယ်လူရွယ်သုံးယောက်လည်း ရှိတော့မည်မဟုတ်ပါ။ ထိုထိုင်ခုံနေရာများတွင်လည်း အခြားသူများ တစ်ယောက်ပြီးတစ်ယောက် ထိုင်နေကြပေလိမ့်မည်။ ညမိုးချုပ် ဘတ်စ်ကားသိမ်းချိန်တွင်မူ ထိုထိုင်ခုံနေရာများသည် ထိုင်မည့်သူပင်ရှိတော့မည်မဟုတ်ပါ။

ဖြစ်ပျက်နေသည့် သဘာဝက မထူးဆန်းသော်လည်း ထိုအဖြစ်အပျက်အပေါ် တုံ့ပြန်ပြုမူတတ်သည့် လုပ်ဆောင်မှုကမူ ထူးဆန်းပါသည်။

ကျွန်တော့်အတွေးသာ မှန်မည်ဆိုလျှင် ဒုက္ခရောက်သူကို လျစ်လျူရှုမထားရက်သော၊ လက်ရှိနေရာရထားသော်လည်း ထိုနေရာကို ကိုယ့်ထက်အမှန်တကယ်လိုအပ်သည့်သူအတွက် စွန့်လွှတ်အနစ်နာခံရန် ဝန်မလေးသော မိန်းမပျိုလေး၏ 'သိတတ်မှု' ကို လေးစားဂုဏ်ပြုကာ သာဓုခေါ်ရပေလိမ့်မည်။

**ရိုက်မောင်း**

www.foreverspace.com.mm

ယခင်လမှအဆက်

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၁၅)

တင်ညွန့်

### ဒီပိုဂိုရို စစ်တိုင်းမှူးဘဝ

၁၉၅၆ ခုနှစ်အစောပိုင်းတွင် ကျွန်တော့်အား စစ်ဦးစီးအရာရှိ (SUAD) အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံးတွင် တွဲဖက်ခန့်ထားလိုက်သည်။ သို့သော် မတ်လ ၁ ရက်နေ့တွင် ကျွန်တော့်ကို စစ်တိုင်း ၄ TT-IV/ Diponegoro တွင် စစ်ဦးစီးအရာရှိအဖြစ် ပြန်လည်ခန့်အပ်ခြင်း ခံရသည်။

ထိုရာထူးကို ကျွန်တော် သုံးလသာ တာဝန်ထမ်းဆောင်လိုက်ရသည်။ ဇွန်လ ၃ ရက်နေ့တွင် ကျွန်တော့်ကို ဒီပိုဂိုရို TT-IV တွင် တပ်မှူးကြီးအဖြစ် ရာထူးတိုးမြှင့်ခန့်



www.foreverspace.com.mm



အပ်ခြင်းခံလိုက်ရသောကြောင့် ဖြစ်သည်။ ဗိုလ်မှူးကြီး အမ်ဘာချရမ်၏နေရာတွင် ဖြစ်သည်။ ထိုရာထူးလက်ခံရန်အတွက် ကျွန်တော့်ကို ဗိုလ်မှူးကြီးအဖြစ် ယာယီခန့်အပ်ထားရမည် ဖြစ်သည်။ ထိုရာထူးကို တရားဝင်လက်ခံအတည်ဖြစ်မည့်ရက်မှာ ၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှဖြစ်သည်။

ကျွန်တော့်ကို တပ်မှူးကြီးဘဝ ခန့်အပ်ထားခြင်းခံရစဉ်ကာလအတွင်း တိုင်းအတွင်းရှိ ကျေးရွာများမှ လယ်သမားများကို အကူအညီများပေးခဲ့ရသည်များကို အမှတ်ရနေမိသည်။ ဒုတိယအကြိမ် ဒတ်ချ်ကျူးကျော်စစ်ကိုမဆင်နွှဲမီနှင့် ၁၉၄၉ ခုနှစ် မတ်လ ၁ ရက်နေ့ အထွေထွေထိုးစစ်များ ဆင်နွှဲပြီးကာလများကိုလည်း ပြန်ပြီးအမှတ်ရနေမိသည်။ ထိုကာလများတွင် ပြည်သူတို့သည် ကျွန်တော့်ကို ပုဂ္ဂိုလ်ရေးအရ များစွာအကူအညီများပေးခဲ့ကြသည်။ သူတို့အထောက်အပံ့များသာမရလျှင် ယခုအချိန်လောက်တွင် ကျွန်တော်ဘာဖြစ်နေမည်မသိ။ ထိုကာလများကို ကျွန်တော်ကောင်းစွာ အမှတ်ရနေမိပါသည်။ ကျေးရွာများတွင် ကျွန်တော်နှင့် ကြုံဆုံခဲ့သမျှသူများကို ထိုရွာများသို့ ရောက်တိုင်းခေါ်တွေ့ပြီး ကျွန်တော်မည်မျှ အလေးထားကြောင်းကို ပြသရသည်။

ထိုတောင်သူလယ်သမားများကို ကျေးဇူးဆပ်သည့်အနေဖြင့် ကျွန်တော် တစ်ခုခု လုပ်ပေးချင်သည်။ ထို့ကြောင့် အမှတ် ၄ စစ်ဒေသဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (Yayasan Pembangunan Territorium IV) ကို ထူထောင်ပေးခဲ့သည်။ စစ်ဒေသ ၄ အတွင်းရှိ ကျေးရွာများမှ ကျေးရွာသားများနှင့် တောင်သူလယ်သမားများ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာအထောက်အကူဖြစ်စေမည့် လူမှုရေးအသင်းအဖွဲ့တစ်ခုကို ထူထောင်ပေးနိုင်ခဲ့ပါသည်။

ယာယာဆန်အစီအစဉ်တွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ ပါဝင်



သည်။ ကျွန်တော်က ထိုစီမံကိန်းကို အထောက်အကူဖြစ်စေရန် သူငယ်ချင်းများဖြစ်သော ဒုဗိုလ်မှူးကြီးမူနာဒီ၊ ဗိုလ်မှူးဆူဂျိုနိုဟူမာဒါနီနှင့် ဘော့ဟာဆန်တို့ကို တာဝန်ခံများအဖြစ်ခန့်အပ်ခဲ့သည်။ ထိုစီမံချက်ကြောင့် ကျွန်တော်တို့သည် လယ်သမားများကို လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ မျိုးစေ့များနှင့် ဓာတ်မြေသြဇာများကို ကူညီထောက်ပံ့နိုင်ခဲ့သည်။ ထို့ပြင် လယ်ယာလုပ်ကိုင်သည့် သူများ၏မိသားစုကိုပါ အစားအစာနှင့် အဝတ်အထည်များ ထောက်ပံ့နိုင်ခဲ့သည်။

ထိုအချိန်တွင် ဗဟိုအစိုးရသည် ဆူပူအုံကြွမှုတစ်ခုနှင့် ရင်ဆိုင်နေရသည်။ အရာရှိများသည် နိုင်ငံရေးအဖွဲ့များတွင် ပါဝင်ပတ်သက်နေသည်။ ၁၉၅၆ ခုနှစ်ကုန်ပိုင်းလောက်တွင် အနောက်ဆုမတြားတွင် Dewan Banteng နိုင်ငံရေးအဖွဲ့သည် နိုင်ငံနှင့်တစ်ဝန်း လှုပ်ရှားလာကြသည်။ သူတို့က စစ်တပ်ခေါင်းဆောင်ပိုင်းကို အတော်များများ အထောက်အပံ့ပေးထားကြသည်။

ကျွန်တော်ကတော့ ထိုနိုင်ငံရေးလှုပ်ရှားမှုသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို စတင်ပျက်ပြားစေခဲ့ပြီဟုထင်သည်။ ကျွန်တော် စစ်စည်းကမ်းခုနစ်ချက် (Sapta Marga) ကို အမြဲလိုက်နာရန် ကြိုးစားသည်။ စစ်သားသည် နိုင်ငံရေးကင်းရှင်းရမည် မဟုတ်ပါလော။ ထိုသို့ဆိုလိုက်ခြင်းကြောင့် ကျွန်တော့်တွင် နိုင်ငံရေးအမြင်မရှိ၊ နိုင်ငံရေးကိုမသိဟု ဆိုလိုခြင်းမဟုတ်ပါ။

ကျွန်တော်သည် နိုင်ငံ၏အခြေအနေကို ယခုထက်ပိုပြီး ဆိုးရွားသွားစေလိုသည့်ဆန္ဒမရှိ။ တရားဝင်အစိုးရတစ်ရပ်အနေဖြင့် ကျွန်တော်တို့ အခိုင်အမာ၊ သစ္စာရှိရှိ ရပ်တည်ပြနိုင်ရမည်။ ကျွန်တော်တို့သည် ခံယူချက်ဖြင့် ရပ်တည်နိုင်ရန်အရေးကြီးသည်။ သမ္မတနိုင်ငံတော်စည်းလုံးညီညွတ်မှုရရေးအတွက် ထိခိုက်စေမည့် မည်သည့်အပြုအမူများကိုမျှ မလုပ်သင့်ဟု ကျွန်တော်ကတော့ မြင်သည်။ ကျွန်တော်ကတော့ နိုင်ငံရေးနှင့် ကင်းရှင်းစွာနေလိုသည်။ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်စရာအကြောင်းလည်းမရှိ။ ကျွန်တော်လေ့လာချင်၊ သိချင်တာရှိလျှင်လည်း လုပ်ငန်းခွင်ပြင်ပတွင်သာ လေ့လာချင် လေ့လာမည်။

မည်သို့ဆိုစေ ကျွန်တော်တာဝန်ယူနေရသည့် ဗဟိုဂျာဗားဒေသတွင် အမျိုးသား

www.foreverspace.com.mm

စည်းလုံးညီညွတ်ရေးကိုပျက်ပြားစေမည့် လှုပ်ရှားမှုများ မပေါ်ပေါက်ရေးကိုတော့ ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုစဉ် ပြည်သူတို့စိတ်နှလုံး မချမ်းမြေ့စရာကိစ္စတစ်ရပ် ပေါ်ပေါက်ခဲ့ရသည်။ အမျိုးသားခေါင်းဆောင်များအဖြစ် သတ်မှတ်ထားကြသည့် ဆူကာနိုနှင့် ဟတ္တာတို့ လမ်းခွဲကြသည့်ကိစ္စ ဖြစ်သည်။ ဘန်ဟတ္တာသည် သူ့ဆန္ဒနှင့်သူ ဒုတိယသမ္မတဘဝမှ နုတ်ထွက်လိုက်သည်။ နိုင်ငံနှင့်ပတ်သည့် ကိစ္စအတော်များများတွင် သမ္မတ ဆူကာနိုနှင့် သဘောထားကွဲပြားပြီး စေ့စပ်ညှိနှိုင်း၍ မရနိုင်သဖြင့် ထိုသို့ လမ်းခွဲကြခြင်းဖြစ်ကြောင်းသိရသည်။

အင်ဒိုနီးရှား ကွန်မြူနစ်ပါတီ (PKI) သည် လှုပ်ရှားမှုအရှိန်ကို ပိုပြီးမြှင့်တင်ကာ ဩဇာအရှိန်အဝါတည်ထောင်လာကြသည်။ သမ္မတဆူကာနို စီမာရန်သို့ အလည်ရောက်ချိန်တွင် ကွန်မြူနစ်တွေကို သတိထားရန် ကျွန်တော်က သူ့ကို သတိပေးခဲ့သည်။ ကလေးဘဝကတည်းက နောင်တော်များ ကျေးဇူးကြောင့် ကျွန်တော့်တွင် ကွန်မြူနစ်တို့နှင့်ပတ်သက်ပြီး အတွေ့အကြုံတွေရှိခဲ့ပြီးဖြစ်သည်။

ဆူကာနိုနှင့်အတူ လမ်းလျှောက်စဉ်တွင် ကျွန်တော်က ကွန်မြူနစ်တို့၏လှုပ်ရှားမှုနှင့်ပတ်သက်ပြီး အရှိန်မြှင့်လာခြင်းကို သတိပေးခဲ့သည်။ "ဒါ အန္တရာယ်မရှိဘူးလား။ ဒါ ပန်ကာစီလာကို ခြိမ်းခြောက်နေတာ မဟုတ်ဘူးလား" ဟု သူ့ကို မေးခဲ့သည်။

သမ္မတက ကျွန်တော့်အမေးကို ဒေါသထွက်ရမည့်အစား ပန်ကာစီလာတွင် ကွန်မြူနစ်တို့လှုပ်ရှားမှုများကို သူက တွင်တွင်ငြင်းနေတော့သည်။

"အဲဒါ ငါ့အလုပ်ပါကွ။ ဒီမှာ ဆူဟာတို မင်းကစစ်သားပါ။ နိုင်ငံရေးက ငါ့အလုပ်။ ငါ့တာဝန်သာထားလိုက်" ဟု ပြန်ပြောလိုက်ပါသည်။

ကျွန်တော့်အလုပ် ကျွန်တော့်ကိစ္စ မဟုတ်သော်လည်း သူသိအောင်ပြောလိုက်နိုင်သဖြင့် စိတ်ပေါ့သွားသည်။ ကျွန်တော်က ကျွန်တော်ခံစားမိသလို ပြောလိုက်ခြင်းသာဖြစ်သည်။ ကျွန်တော့်တာဝန်ကျေသည်။

ထိုနေ့က ကျွန်တော် ဒီပုံဂိုရိုတိုင်း ၁၀ နှစ်မြောက်အထိမ်းအမှတ်ပွဲအတွက် မိန့်ခွန်းတက်ပြောရသည်။ သမ္မတက ကျွန်တော့်ကို ချီးကျူးခဲ့သည်။ ကျွန်တော်က ခေါင်းဆောင်သို့မဟုတ် အရာရှိဆိုသည်မှာ သူပြုသည့်အမှုအတွက် သူအမြဲသတိထားရမည်ဟု ပြောလိုက်မိသောကြောင့်ဖြစ်သည်။ ခေါင်းဆောင်ဆိုသည်မှာ ရိုးသားရမည်၊ လိမ်ညာလှည့်စားခြင်းမလုပ်သင့်။ ခေါင်းဆောင်တစ်ယောက်ဆိုသည်မှာ ပြီးပြည့်စုံသည်ဟူ၍မရှိ။ ခေါင်းဆောင်တစ်ယောက်၏စွမ်းပကားဆိုသည်မှာ ပြည်သူနှင့် လက်အောက်ငယ်သားတို့ကပေးထားသည့် ယုံကြည်မှုအပေါ်တွင် မူတည်သည်။ သူတို့အထောက်အပံ့သာ မရလျှင် ဘယ်လောက်ပြောပြော မည်သူမျှ လေးစားကြလိမ့်မည်မဟုတ်ပေ။ ခေါင်းဆောင်နှင့် နောက်လိုက်တို့ ဆက်ဆံရေးကို ကျွန်တော်အဓိကထားပြောခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် စစ်တန်းလျားတစ်ခုပြီးတစ်ခုသွားတိုင်း၊ တစ်နေရာမှ



www.foreverspace.com.mm



ထားခဲ့နေရာသို့ သွားတိုင်း ကျွန်တော့်အုပ်ချုပ်မှုလက်အောက်တွင်ရှိနေသည့် အရာရှိ အရာခံ အကြပ်တပ်သားများအရေးကို ဂရုတစိုက်လေ့လာပြီး ဖြည့်ဆည်းပေးလေ့ရှိသည်။ ကျွန်တော်ဖြစ်ချင်သည့်အတိုင်း အတိအကျလုပ်ဆောင်ခိုင်းသည်။ သူတို့ ပြဿနာပေါင်းများစွာ ရင်ဆိုင်နေရမှန်း ကျွန်တော်သိသည်။ အထူးသဖြင့် နေထိုင်ရေး၊ သူတို့သားသမီးများ ပညာရေး၊ ကျန်းမာရေးနှင့် အခြားအရေးပေါင်းများစွာဖြစ်သည်။ စစ်ပွဲအောင်နိုင်ရေးတွင် သေနတ်တစ်ခုတည်းဖြင့်မပြီး၊ သေနတ်နောက်ကလူကိုလည်း လျစ်လျူရှုထား၍မရပေ။ အထူးသဖြင့် သူတို့အရေးနှင့် တန်းတူထားရမည့်အရေးမှာ သူတို့မိသားစုအရေး ဖြစ်သည်။

ကျွန်တော့် ဒီပိုဂိုရီတိုင်းအတွင်း ကျွန်တော့်လက်အောက်ငယ်သားများနှင့် သူတို့မိသားစုအရေးကို ပူးပေါင်းဖြေရှင်းနိုင်ရေးကို လမ်းညွှန်ခဲ့ရသည်။ ဆိုလိုရှိ အမှတ် ၁၅ တပ်ရင်းတွင် မိသားစု၁၀ အေးငြိမ်းအောင် ဖန်တီးပေးခြင်းဖြင့် သူတို့စစ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း အတွေ့အကြုံရှိခဲ့ပြီးသားဖြစ်သည်။ ကျွန်တော်သည် စစ်တိုင်းမှူးတစ်ယောက်အနေဖြင့် စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့် သဘောတရားကို အပြည့်အဝထောက်ခံသူဖြစ်သည်။

ကျွန်တော့်ဇနီးကိုလည်း လူမှုရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားရန် တိုက်တွန်းအားပေးရသည်။ သူမအနေဖြင့်လည်း တပ်မတော်သားများ၏ မိသားစုအရေးကို အထူးအလေးထားသူဖြစ်ပါသည်။ စစ်သည်တော်များ၏ ဇနီးမယားများကို အလေးထားဆက်ဆံရန် သူမကိုရှင်းပြရသည်။ ယခုအခါ ထိုလှုပ်ရှားမှုအတွက် PERSIT (Persatuan Isteri Tentara) ဆိုသည့်အဖွဲ့အစည်း အထင်အရှားရှိလာပြီ ဖြစ်သည်။

ဂျာဗားအလယ်ပိုင်းရှိ ကျွန်တော် အပါအဝင် စစ်တိုင်းမှူးအားလုံးသည် ဒေသတွင်း အစားအစာပြတ်လပ်ခြင်း၊ သီးနှံမထွက်ခြင်းကြောင့် ဒုက္ခများနှင့် ကြုံတွေ့ခဲ့ကြရသည်။ ဂျာဗားအလယ်ပိုင်းဒေသတွင်



သကြားစက်အမြောက်အမြားရှိသည်။ ကျွန်တော် စိတ်ကူးတစ်ခု ရသွားသည်။

ကျွန်တော်သည် စစ်တိုင်းမှူးတစ်ယောက်အနေဖြင့် အစိုးရအဖွဲ့ကို အစည်းအဝေးခေါ်လိုက်သည်။ ထိုအဖွဲ့များတွင် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ၁၉၅၅ တွင် အနိုင်ရခဲ့သည့် နိုင်ငံရေးပါတီများဖြစ်ကြသော အမျိုးသားပါတီ (Nationalist Party)၊ မာ့စ်ယူမိ (Masyumi) နှင့် PKI ပါတီများလည်း ပါဝင်ကြသည်။ ကျွန်တော်က သူတို့ကို အစားရေစာပြတ်လပ်ခြင်းနှင့်ပတ်သက်ပြီး အချက်နှစ်ချက်ဖြင့် တင်ပြဆွေးနွေးသည်။ လူတွေကို ငတ်ပြီးသေခိုင်းမည်လော၊ ဆန်ပြတ်လောက်ဖြစ်ဖြစ် ရအောင်လုပ်ပေးမည်လောဟု ကြိုက်တာရွေးခိုင်းသည်။ ကြံထွက်သည့်ဒေသဖြစ်သဖြင့် သကြားကို ဆန်နှင့် လဲရန်ထုတ်လုပ်ပြီး အနည်းဆုံး ဆန်ပြတ်လောက်တော့သောက်နိုင်ရန် ကြံဆောင်ကြမည်ဟု သဘောတူညီကြသည်။

စစ်တိုင်းမှူးဘဝတွင် ပြည်သူတွေ လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာကို ဖြေရှင်းခဲ့ရသည်။ သကြားနှင့်ဆန်ကို ဘာတာစနစ်ဖြင့် တိုက်ရိုက်လဲလှယ်နိုင်ရန် စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော်က ဘော့ဟာဆန်ကို စင်ကာပူနိုင်ငံနှင့် ဆက်သွယ်ခိုင်းလိုက်သည်။ စီမာရန်တွင် ပထမဦးဆုံး ဆန်တွေကိုဝေရမည်။ သကြားတွေ နိုင်ငံခြားမပို့မီ လုပ်ဆောင်ရမည်ဖြစ်သည်။ သကြားတွေကို အရင်တင်ပို့ပြီးမှ ဆန်ရောက်လာမည်ကိုစောင့်နေလျှင် ကျွန်တော့်ကို အချိန်မီမရောက်လာပါက ဝိုင်းဝန်းအပြစ်တင်ကြမည်ဖြစ်သည်။ နောက်ဆုံး အခန့်မသင့်လျှင် ပြည်သူတွေပေါက်ကွဲပြီး ကျွန်တော့်ကို ကြိုးဆွဲချ သတ်ကောင်းသတ်နိုင်သည်။

ကျွန်တော့်လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး တုံ့ပြန်မှုတွေနှင့် ရင်ဆိုင်ခဲ့ရသေးသည်။ ကျွန်တော် စစ်တပ်အရာရှိနှင့် အကြပ်သင်တန်းကျောင်းတွင် တက်နေစဉ် ထိုသို့ သကြားနှင့်ဆန်ကို ဘာတာစနစ်ဖြင့် လဲလှယ်ရေး၌ ကျွန်တော်လာဘ်စားခဲ့သည် ဆိုသောသတင်းတွေထွက်လာသည်။ ထိုသတင်းကို ကျွန်တော့်ထံပို့သူမှာ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ဂါတော့ဆိုဘရိုတိုဖြစ်သည်။ စစ်ရုံးချုပ်တွင် ထိုသတင်းနှင့်ပတ်သက်ပြီး ကျွန်တော့်ကို စုံစမ်းရေးအဖွဲ့ဖွဲ့ကာ စစ်ဆေးခဲ့သည်။ ကျွန်တော်က သူတို့မေးသမျှ ဖြေခဲ့သည်။ ကျွန်တော့်အဖြေကို မကျေနပ်လျှင်လည်း စစ်ခုံရုံးတက်ရန်အသင့်ဖြစ်သည်။

ပတ်ဂါတော့က ကျွန်တော့်တွင် အပြစ်မရှိကြောင်းဆုံးဖြတ်ပြီး ကျောင်းဆက်တက်စေသည်။

www.foreverspace.com.mm

၁၉၅၇ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကျွန်တော့်ကို မာဂျီလန်းရှိ နိုင်ငံတော်စစ်တက္ကသိုလ်၌ ဘဏ္ဍာရေးဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထိုဂုဏ်သိက္ခာသည် ကျွန်တော့်အတိတ်ကောင်းများကြောင့် ဖြစ်သည်။ ကျွန်တော့်ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တာဝန်ကျေစွာလုပ်ဆောင်ခဲ့ခြင်းများအတွက် ဂုဏ်ပြုခြင်းသာဖြစ်သည်ဟု ကျွန်တော်ခံယူထားသည်။

နိုင်ငံတော်စစ်တက္ကသိုလ်ကို ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ထောင်ခဲ့သည်။ ပထမဦးဆုံး ကျောင်းအုပ်ကြီးမှာ ဗိုလ်ချုပ်ဆူဝါဒီဖြစ်သည်။ ထိုကျောင်းကို ယိုဂျာတွင်ဖွင့်ခဲ့သော်လည်း ဒတ်ချ်တို့နှင့် ကျူးကျော်စစ်ဆင်နွှဲနေချိန်၌ ပိတ်ထားခဲ့ရသည်။ ကျောင်းပြန်ဖွင့်ပွဲတွင် သမ္မတဆူကာနို တက်ရောက်ဖွင့်လှစ်ခဲ့သည်။

ဒီပုံဂိုရီ စစ်တိုင်းမှူးဘဝတွင် ကျွန်တော်တို့၏ စတုတ္ထမြောက်ကလေး သမီးလေးကို ၁၉၅၉ ခုနှစ် ဧပြီလ ၁၄ ရက်နေ့၌ ဖွားမြင်ခဲ့သည်။ သူမကို ဆီတီ ဟေဒီယာတီ ဟာရီဂျာဒီဟု ပေးလိုက်သည်။



နောက်ရက်အနည်းငယ်အကြာတွင် ပညာရေးတွင်ထင်ရှားသည့် ခေါင်းဆောင်တစ်ဦး ကွယ်လွန်သွားသည်။ ကီ ဟာ့ဒ်ဂျာ ဒီဝမ်တရာဟုလူသိများသော်လည်း သူ့အမည်ရင်းမှာ ရာဒင် မာ့စ် ဆိုဝါဒီ ဆိုဂျာနင်းရက် ဖြစ်သည်။ တာမန်း ဆီစဝါကျောင်းကို ထူထောင်ခဲ့သူလည်းဖြစ်သည်။ သူသည် ကျွန်တော်တို့နိုင်ငံ၏ ပထမဦးဆုံး ပညာရေးဝန်ကြီးဖြစ်လာခဲ့သည်။ ဒတ်ချ်ဘာသာစကားဖြင့်ထုတ်ဝေခဲ့သည့် သူ့စာအုပ် ‘ကျွန်တော်သာ ဒတ်ချ်ဖြစ်ခဲ့လျှင်’ (Als ik een Nederlander was) ကြောင့် အတော်လေးပြဿနာတက်ကာ နာမည်ရလာသူလည်းဖြစ်သည်။

သူကွယ်လွန်သွားသည့်အတွက် ကျွန်တော် အတော်လေးစိတ်မကောင်းဖြစ်ခဲ့ရသည်။ သူ့ကို ယိုဂျာရှိ တာမန် ဝိဂျယဘရာတာ သင်္ချိုင်းတွင် မြှုပ်နှံခဲ့သည်။ ထိုအသုဘအခမ်းအနားကို ကျွန်တော်ကိုယ်တိုင် ဦးစီးဦးဆောင်ပြုခဲ့ရသည်။

ဒီဝမ်တရာကို ဂုဏ်ပြုသောအားဖြင့် သူ့မွေးနေ့ကို အမျိုးသားပညာရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ဆရာကြီး၏ ထင်ရှားသောဆောင်ပုဒ်တစ်ခုမှာ ‘ကလေးတွေကို နောက်ကွယ်ကနေ လေ့လာစောင့်ကြည့်ပြီး အားပေးအားမြှောက်လုပ်ပါ’ ဆိုသည့် စကားဖြစ်သည်။ ထိုဆောင်ပုဒ်သည် ယခုအခါ အင်ဒိုနီးရှားသမ္မတနိုင်ငံ ပညာရေးနှင့် ယဉ်ကျေးမှုဌာန၏ အထိမ်းအမှတ်သင်္ကေတ တစ်ခု ဖြစ်သွားခဲ့ရသည်။

ဆရာကြီး ဒီဝမ်တရာ ကွယ်လွန်ပြီး ၁၂ နှစ်အကြာတွင် သူ့ဇနီးကွယ်လွန်သည်။ သူမကိုလည်း ဆရာကြီးအနီးတွင် မြှုပ်နှံသင်္ဂြိုဟ်ပေးခဲ့သည်။

ကျွန်တော့်သမီးလေး ဟေဒီယာတီ မွေးဖွားပြီး လေးလအကြာတွင် ကာကွယ်ရေးဦးစီးချုပ်က TT-IV တပ်ကို (Komando Daerah Militer VII-Diponegoro) တပ်အဖြစ် အမည်ပြောင်းလိုက်သည်။

www.foreverspace.com.mm



အမှတ် ၇ စစ်ဒေသတိုင်း ဆိုသည့်သဘော ဖြစ်သည်။ ၁၉၅၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဘန်ဒေါင်းရှိ စစ်တက္ကသိုလ်(SS- KAD) သို့တက်ရန် တာဝန်ပေးခြင်းခံရသည်။ ဒီပုံဂိုရှိ တိုင်းမှူးတာဝန်များကို ဒုတိယဗိုလ်မှူးကြီး ပရာနိုတိုရက်ဆိုဆာမူဒရို လက်အတွင်းသို့ လွှဲပြောင်းပေးခဲ့ရသည်။

ကျွန်တော်တစ်ယောက်တည်း ဘန်ဒေါင်းသို့ ထွက်ခဲ့သည်။ မိသားစုကိုတော့ ဆီမာရမ်တွင် ထားရစ်ခဲ့သည်။

ဘယ်နေရာရောက်ရောက် ကျွန်တော်ကတော့ အသိပညာ ပိုမိုမြင့်မားသွားရန် အကြောင်းဖန်လာသည်ဟုသာ သတ်မှတ်ပြီး အကောင်းဆုံးလုပ်ဆောင်သွားရန် ဖြစ်သည်။ နေရာသစ်တွင် မိတ်ဆွေသစ်တွေလည်း တိုးလာသည်။

ကျောင်းတွင် စစ်ရေးဆိုင်ရာသဘောတရားများ၊ နည်းဗျူဟာများ၊ မဟာဗျူဟာများကို ပြန်ပြီးလေ့လာခဲ့သည်။ အားလုံးသောအချက်အလက်များသည် အရေးကြီးသဖြင့် ဂရုတစိုက်လေ့လာခဲ့သည်။ ကျွန်တော့်တွင် ယခင်က စစ်ရေးသင်တန်းအတွေ့အကြုံများရှိခဲ့သော်လည်း လက်နက်အသုံးချရေးသင်တန်းများကိုပြန်လည်လေ့လာမှ ပိုပြီးအရေးကြီးသည့်အချက်များကိုသိရှိခဲ့ရသည်။ မည်သည့်ဘာသာရပ်မဆို သေချာကျနစွာ တတ်ကျွမ်းစေရန် လေ့လာဆည်းပူးသင့်ပါသည်။

အစပိုင်းတွင် သင်တန်းသည် ခက်ခဲသည်ဟုထင်ခဲ့သော်လည်း သင်တန်းကို ကောင်းမွန်စွာတက်ရောက်အောင်မြင်ခဲ့သည် သာမက ပထမနှင့် ဒုတိယအကြိမ် အကြီးတန်းအရာရှိသင်တန်းကိုပါ တက်ရောက်အောင်မြင်ခဲ့ပါသည်။ ထိုသင်တန်းများကို တက်ခွင့်ရသဖြင့်လည်း ကျွန်တော် အတော်လေး ဂုဏ်ယူမိခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေပိုပြီး တိုးပွားသွားခဲ့ရသည်။

ကျွန်တော်စစ်တက္ကသိုလ်အရာရှိသင်တန်းကို ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ကျွန်တော့်ရာထူးကလည်း ဗိုလ်မှူးချုပ်ရာထူးသို့တိုးသွားပြီး စစ်ရုံးချုပ် (MBAD) တွင် ခန့်အပ်ခြင်းခံလိုက်ရသည်။ ကျွန်တော် မိသားစုနှင့်အတူ ဂျာကာတာသို့ ပြောင်းရွှေ့ခဲ့သည်။ ဂျာကာတာမရောက်မီ ကာကွယ်ရေးဦးစီးချုပ်ရုံးတွင် ခန့်အပ်ခြင်းခံရပြန်သည်။

အစိုးရသည် ပြန်လည်ဖွဲ့စည်းရေးလုပ်ရှားမှုများကို အဆင့်အမြင့်ဆုံးလုပ်ရှားနေသည့်ကာလတွင် ကျွန်တော့်ကို ကာကွယ်ရေးဌာန ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့၏ ဦးစီးကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည်။

ကျွန်တော့်တာဝန်တွေက များပြားလာသည်။ သို့သော် ပေးအပ်လာသမျှတာဝန်ကို မငြင်းဆန်ဘဲလုပ်ဆောင်သွားရန် ဆုံးဖြတ်ထားသည်။ နောက်ထပ် တာဝန်တစ်ခုကလည်း ကျွန်တော့်ပခုံးထက်သို့ ရောက်လာပြန်သည်။ ထိုတာဝန်မှာ ၁၉၆၁ မတ်လ ၁ ရက်နေ့တွင်ဖွဲ့စည်းလိုက်သည့် အရန်တပ်ရင်း (CADUAD)၏ တပ်မှူးအဖြစ် ခန့်အပ်လိုက်ခြင်းဖြစ်သည်။ ၁၉၆၁ အောက်တိုဘာ ၁ ရက်နေ့တွင် ကျွန်တော့်ကို လေကြောင်းကာကွယ်ရေးတပ် (KOHANUDAD) တပ်မှူးအဖြစ် ခန့်အပ်ခြင်းခံရပြန်သည်။

ကျွန်တော့်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အေအိပ်ချ်နာဆူရှင်းနှင့် တွဲဖက်ပြီး ပြည်ပခရီးစဉ်များဖြစ်သော ယူဂိုစလားဗီးယား၊ ပြင်သစ်၊ အနောက်ဂျာမနီနိုင်ငံများသို့ရောက်ခဲ့သည်။ ဥရောပသို့ ပထမဦးဆုံးသွားရောက်ဖူးခြင်းဖြစ်ပြီး လူကြီးလူကောင်းပေါင်းများစွာနှင့် တွေ့ဆုံခွင့်ရရှိခဲ့သည်။


ဂျာမနီတွင် ကျွန်တော် ဘီ ဂျေ ဟာဘီဘီကိုတွေ့ဆုံခဲ့ရသည်။ ဟာဘီဘီသည် ဒေါက်တာဘွဲ့ယူရန် လာရောက်လေ့လာနေခြင်းဖြစ်သည်။ မာကာဆာရှိ မာတရမ်တပ်ရင်း၌ အမှုထမ်းစဉ်ကာလ ဟာဘီဘီမိသားစုနှင့် အတော်လေးရင်းနှီးကျွမ်းဝင်ခဲ့ဖူးသည်။

ဟာဘီဘီနှင့် တွေ့ဆုံခဲ့ရသည့်အခိုက်အတန့်လေးတွင် သူ့ဘာသာရပ်တွင် ကျွမ်းကျင်စေရန် မည်မျှအားထုတ်နေကြောင်း လေ့လာတွေ့ရသည်။ သူက နည်းပညာနှင့် စက်မှုလုပ်ငန်းများကို ကျွန်တော်တို့နိုင်ငံသို့ ရောက်ရှိလာစေရန် ကြံဆောင်ကြိုးပမ်းနေခြင်းဖြစ်သည်။ အနာဂတ်အတွက် သူ့မျှော်လင့်ချက်များကို ပြောဆိုဆွေးနွေးခဲ့သမျှ ကျွန်တော်ပြန်ပြီး အမှတ်ရနေမိသည်။

**တင်ညွန့်**

www.foreverspace.com.mm

ယခင်လမှအဆက်



မက္ကဆီကိုနိုင်ငံသား ကုဋေကြွယ်သူဌေးကြီး Carlos Slim

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၃၇

ဦးလှဝင်း(လေသူရဲတစ်ဦး)

ကားလော့စလင်းဟာ မက္ကဆီကို နိုင်ငံသား ကုဋေကြွယ်ချမ်းသာတဲ့ သူဌေးကြီးပါ။

ဒါပေမဲ့ သူ့နာမည်ကို ဒီနေ့ကမ္ဘာမှာ သိတဲ့လူအလွန်နည်းပါတယ်။

အမေရိကန်ပြည်ထောင်စုက သူဌေးကြီး Bill Gates နှင့် Warren Buffett ၊ နောက် အိန္ဒိယက သံမဏိသူဌေးကြီး Lakskmi Mittle၊ နောက် ဒီရပ်ဟေးအာဇာနီ၊ နောက် သူဌေးကြီးတာတာ၊ ဒီပုဂ္ဂိုလ်တွေရဲ့နာမည်က ပိုကျော်ကြားပါတယ်။

ကားလော့စလင်းကို သိသူသိပ်နည်းပါတယ်။

တကယ်တော့ ကားလော့စလင်းက ဒီနေ့ကမ္ဘာမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ကြီးတောင် ဖြစ်နေပါတယ်။

မှန်တယ်ခင်ဗျာ။

၂၀၀၇ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့ထုတ် ကမ္ဘာကျော် The Wall Street Journal ကြီးမှာ ကားလော့စလင်းအကြောင်းကို မျက်နှာဖုံးဆောင်းပါးအဖြစ် ဖော်ပြခဲ့ပါတယ်။

အဲဒီဆောင်းပါးမှာ ကားလော့စလင်းဟာ လက်ရှိအခြေအနေမှာ ကမ္ဘာ့နံပါတ် (၁) အချမ်းသာဆုံးဆိုတဲ့ Bill Gates ထက်ကိုပိုပြီးချမ်းသာနိုင်တယ်လို့ ဖော်ပြထားပါတယ်။

၂၀၀၇ ခုနှစ် မတ်လ ၂၉ ရက်နေ့ထုတ် ဂျာနယ်မှာတော့ ကားလော့စလင်းကို ကမ္ဘာ့အချမ်းသာဆုံးနံပါတ် (၂) ဖြစ်တဲ့ သူဌေးကြီးဝါရင်းဗတ်ဖတ်ထက် ပိုချမ်းသာသွားပြီ။ ဝါရင်းဗတ်ဖတ်ရဲ့ ပိုင်ဆိုင်မှုက အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၄ ဘီလီယံရှိပြီး ကားလော့စလင်းရဲ့ ပိုင်ဆိုင်မှုက ဒေါ်လာ ၅၃ ဒသမ ၁ ဘီလီယံရှိတယ်လို့ ဖော်ပြထားပါတယ်။

၂၀၀၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ထုတ် ကမ္ဘာကျော် Fortune မဂ္ဂဇင်းကြီးမှာ

www.foreverspace.com.mm

တော့ ကားလော့စလင်းက ကမ္ဘာ့နံပါတ် (၁) အချမ်းသာဆုံးဖြစ်တဲ့ ဂိတ်ထက် ပိုချမ်းသာသွားပြီလို့ ဖော်ပြထားပါတယ်။ ဂိတ်ရဲ့ပိုင်ဆိုင်မှုက အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံရှိပြီး ကားလော့စလင်းရဲ့ပိုင်ဆိုင်မှုကို အမေရိကန်ဒေါ်လာ ၅၉ ဘီလီယံရှိတယ်လို့ ဖော်ပြထားပါတယ်။

မှန်နိုင်တယ်ခင်ဗျာ။

၂၀၁၀ ပြည့်နှစ် မတ်လ ၁၀ ရက်နေ့ထုတ် ကမ္ဘာကျော် Forbes မဂ္ဂဇင်းကြီးကလည်း ကားလော့စလင်းကို ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်လို့ သတ်မှတ်ပါတယ်။ သူ့ရဲ့ပိုင်ဆိုင်မှုကို အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၅ ဘီလီယံရှိတယ်လို့သတ်မှတ်ပြီး သူဌေးကြီးဂိတ်နှင့် ဝါရင်းဗတ်ဖတ်တို့ရဲ့ပိုင်ဆိုင်မှုကို ဒေါ်လာ ၅၃ ဘီလီယံနှင့် ၄၇ ဘီလီယံလို့ သတ်မှတ်ဖော်ပြခဲ့ပါတယ်။

အဲဒီလိုသတ်မှတ်လိုက်တဲ့အတွက် ကားလော့စလင်းဟာ ၁၆ နှစ်အတွင်းမှာ အမေရိကန်လူမျိုးမဟုတ်တဲ့ ပထမဆုံးကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီး ဖြစ်ခဲ့ပါတယ်။ နောက် ကမ္ဘာကြီးရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ Emerging Economy တွေအထဲက ပထမဆုံးကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့ပါတယ်။

သူ ဘယ်လိုချမ်းသာခဲ့တာလဲ။

အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်ခင်ဗျာ။

ကားလော့စလင်းဟာ ဒီနေ့ မက္ကဆီကိုနိုင်ငံသားသူဌေးကြီးဖြစ်နေပေမယ့် မက္ကဆီကိုနိုင်ငံသားစစ်စစ် မဟုတ်ဘူးခင်ဗျာ။

သူ့ဖခင်က လီဗာနွန်လူမျိုး လီဗာနွန်နိုင်ငံသား။ အသက် ၁၄ နှစ်အရွယ်မှာ လီဗာနွန်ကနေပြီး မက္ကဆီကိုနိုင်ငံကို ထွက်ပြေးလာခဲ့တဲ့လူပါ။ နောက် မက္ကဆီကိုနိုင်ငံကို ထွက်ပြေးလာခဲ့တာလည်းတစ်ယောက်ထဲခင်ဗျာ။ သူ့အိတ်ထဲမှာ ပိုက်ဆံလည်း တစ်ပြားမှမရှိပါဘူး။ ဘာ့ကြောင့် ထွက်ပြေးလာသလဲဆိုတော့ အဲဒီခေတ်က လီဗာနွန်က အော်တိုမင်အင်ပါယာ (Ottomen Empire) ထဲမှာ ပါတယ်။ အော်တိုမင်စစ်တပ်ထဲကို အဓမ္မဝင်ခိုင်းတာကို မဝင်ချင်လို့ မက္ကဆီကိုနိုင်ငံကို ထွက်ပြေးခဲ့တာ။

မက္ကဆီကိုနိုင်ငံကို ရောက်မှ သူ့ဘဝကို သုညက ပြန်စခဲ့တာပါ။

အဲဒီပုဂ္ဂိုလ်မက္ကဆီကိုနိုင်ငံကို ရောက်လာတဲ့ခုနှစ်က ၁၉၀၂ ခုနှစ်။

သူ မက္ကဆီကိုနိုင်ငံကို ရောက်လာစက ဒေသခံစကားလည်း လုံးဝမတတ်ဘူး။ စပိန်စကားလည်း လုံးဝမတတ်ဘူးတဲ့ခင်ဗျာ။

မက္ကဆီကိုနိုင်ငံမှာ သူ့ဘဝကို အခက်အခဲမျိုးစုံနဲ့ ကျော်ဖြတ်ရပြီး ၁၉၁၁ ခုနှစ်မှာ ကိုယ်ပိုင်ကုန်စုံဆိုင်ငယ်လေးတစ်ခုကို စဖွင့်နိုင်ပါတယ်။


၁၉၂၆ ခုနှစ်မှာ လီဗာနွန်အနွယ်ဖွားပင်ဒါဟီလူးဆိုတဲ့အမျိုးသမီးနဲ့ လက်ထပ်ပါတယ်။

ကားလော့စလင်းကို ၁၉၄၀ ပြည့်နှစ်ဇန်နဝါရီလ ၂၈ ရက်နေ့မှာ မွေးပါတယ်။

ကားလော့စလင်းရဲ့ ဖခင်နာမည်က Julian Slim ပါ။ သူ့ရဲ့သားသမီးခြောက်ယောက်အထဲမှာ ကားလော့စလင်းက အငယ်ဆုံးသားခင်ဗျာ။

ကားလော့စလင်းရဲ့ မိခင်အမျိုးအနွယ်တွေကလည်း လီဗာနွန်က ပြေးခဲ့ကြတာတွေပဲခင်ဗျာ။ ဒါပေမဲ့ မက္ကဆီကိုနိုင်ငံကို စောရောက်တယ်။ ၁၉ ရာစုကုန်ခါနီး

Rodin ၏ အနုပညာလက်ရာတစ်ခု



www.foreverspace.com.mm

လောက်မှာ ရောက်လာကြတယ်။ သူတို့နဲ့ အတူ အာရပ်ဘာသာစကားနဲ့ ပုံနှိပ်နိုင်တဲ့ စက်တွေပါလာခဲ့ပြီး အာရပ်ဘာသာနဲ့ မဂ္ဂဇင်းကို မက္ကဆီကိုနိုင်ငံမှာ ပထမဆုံး ထုတ်ဝေနိုင်ခဲ့ပါတယ်။

ကားလော့စလင်း ၁၂ နှစ်သား အရွယ်မှာ သူ့ဖခင် ကွယ်လွန်သွားပါတယ်။

ကားလော့စလင်းက အထက်တန်း ကျောင်းကအောင်ပြီးတော့ စက်မှုတက္ကသိုလ်ကို ဆက်တက်ပါတယ်။

သူ့ရဲ့အောင်မြင်မှုက သိပ်မြန်တယ် ခင်ဗျာ။


ဘာကြောင့်လဲဆိုတော့ တယ်လီကွန်မြူနီကေးရှင်းလို့ခေါ်တဲ့ တယ်လီဖုန်းဆက်သွယ်ရေးခေတ်သစ်ကြီးပေါ်စအချိန်ကို မိခဲ့ပြီး သူ့အတွက်အကျိုးရှိအောင် အသုံးချတတ်၊ စီးပွားရှာတတ်ခဲ့လို့ပါပဲ။

ဒီနေ့ သူဟာ မက္ကဆီကိုနိုင်ငံမှာ အလွန်နာမည်ကြီးတဲ့ ဆက်သွယ်ရေးကုမ္ပဏီကြီးတွေဖြစ်ကြတဲ့ Telmey ကုမ္ပဏီ၊ Telcel ကုမ္ပဏီ၊ America Movil ကုမ္ပဏီကြီးတွေရဲ့ ဥက္ကဋ္ဌလည်းဖြစ်တယ်။ စီအီးအို (CEO) လည်းဖြစ်တယ်။

Telmey ကုမ္ပဏီဆိုတာက ဒီနေ့ မက္ကဆီကိုနိုင်ငံရဲ့ ကြိုးလိုင်းဖုန်း ၉၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားတဲ့ ဆက်သွယ်ရေးကုမ္ပဏီကြီးပါ။ အဲဒီကုမ္ပဏီကြီးရဲ့ အစုရှယ်ယာ ၄၉ ဒသမ ၁ ရာခိုင်နှုန်းကို ကားလော့စလင်း ပိုင်တယ်ခင်ဗျာ။

Telcel ကုမ္ပဏီကတော့ ဆဲလ်ဖုန်း (Cellphone) ကုမ္ပဏီကြီးပါ။ ဒီကုမ္ပဏီက မက္ကဆီကိုနိုင်ငံရဲ့ ဆဲလ်ဖုန်း ၈၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပါတယ်။ အဲဒီကုမ္ပဏီကရတဲ့ အမြတ်ငွေနဲ့ ကားလော့စလင်းက တောင်အမေရိကနိုင်ငံတွေမှာ ဆဲလ်ဖုန်းကုမ္ပဏီတွေ တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။

America Movil ကုမ္ပဏီကြီးက အဲဒီတောင်အမေရိကတိုင်းပြည်တွေမှာ တိုးချဲ့တည်ထောင်ထားတဲ့ ဆဲလ်ဖုန်းကုမ္ပဏီတွေရဲ့ မိခင်ကုမ္ပဏီကြီးပါ။ ဒီနေ့ တောင်အမေရိကတိုင်းပြည်တွေမှာ ဒီကုမ္ပဏီကြီးရဲ့ ဆဲလ်ဖုန်းကိုဝယ်ယူသုံးစွဲနေကြတဲ့ လူဦးရေ




က သန်းပေါင်းတစ်ရာကျော် ရှိပါတယ် ခင်ဗျာ။

ကားလော့စလင်းရဲ့ ချမ်းသာကြွယ်ဝမှုက မက္ကဆီကိုနိုင်ငံရဲ့ နှစ်စဉ်စီးပွားရေးထုတ်လုပ်မှုစုစုပေါင်း .... Annual Economic Output .... ရဲ့ ၅ ရာခိုင်နှုန်းနဲ့ ညီမျှတယ်လို့ ဆိုပါတယ်။

ကားလော့စလင်းရဲ့ ဖခင်က သူ ၁၂ နှစ်သားအရွယ်မှာ ကွယ်လွန်သွားတဲ့ အတွက် ကားလော့စလင်းဟာ စီးပွားရေးလောကကို ငယ်ငယ်ရွယ်ရွယ်နဲ့ ဝင်ရောက်ခဲ့ရပါတယ်။

တယ်လီဖုန်းဆက်သွယ်ရေးလောကရဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ်မှာတော့ ကားလော့စလင်းက အလွန်ကွက်ကျော်မြင်နိုင်တဲ့လူဖြစ်ပါတယ်။

ဒါကြောင့်လည်း သူ ၂၆ နှစ်သားအရွယ်မှာ သူ့ရဲ့ပိုင်ဆိုင်မှုက အမေရိကန်ဒေါ်လာသန်းပေါင်း ၄၀ ရှိနေပြီတဲ့ ခင်ဗျာ။

၁၉၆၇ ခုနှစ်မှာ သူလက်ထပ်ပါတယ်။ လီဗာနွန်အမျိုးအနွယ်ဝင် အမျိုးသမီးတစ်ဦးနဲ့ပါ။ သူ့မှာသားသမီးခြောက်ယောက် ရှိပါတယ်။

သူ့ဇနီးက ၁၉၉၉ ခုနှစ်မှာ ကွယ်လွန်ပါတယ်။ သူဒီနေ့အထိ အိမ်ထောင်ထပ်မပြုဘဲ ကမ္ဘာ့အချမ်းသာဆုံးမှုဆိုဖို

**America Movil ကုမ္ပဏီထုတ် 3G မိုဘိုင်းလ်ဖုန်းများ**



www.foreverspace.com.mm




**ကမ္ဘာကျော် IKEA ကုမ္ပဏီပိုင်ရှင်သူဌေးကြီး Ingvar Kamprad**

သူဌေးကြီးအဖြစ် ရပ်တည်နေပါတယ်။

သူဌေးကြီး ကားလေ့စလင်းဟာ ဒီနေ့ကမ္ဘာမှာအချမ်းသာဆုံးအဆင့်တစ်လို့ သတ်မှတ်ခံနေရတဲ့ သူဌေးကြီးပါ။

ဒါပေမဲ့ အံ့သြဖို့ကောင်းတယ်ခင်ဗျာ။ နေထိုင်ပုံက ကုလားသူဌေးကြီး မြူကစ်အာဗာနီလို လုံးဝကြွားကြွားဝါဝါ မနေဘူး။ နန်းတော်လိုအိမ်ကြီးဆောက်နေဖို့ လုံးဝ မစဉ်းစားဘူး။

သူဒီနေ့ နေထိုင်နေတဲ့အိမ်က ၁၉၇၀ ပြည့်နှစ်ကတည်းက သူဝယ်ယူပြီး နေထိုင်ခဲ့တဲ့အိမ်ခင်ဗျာ။ အဲဒီအိမ်မှာ သူနေထိုင်နေတာ နှစ်ပေါင်း ၄၀ ရှိခဲ့ပါပြီ။

ကမ္ဘာ့နံပါတ်တစ်အဆင့် သူဌေးကြီး ဆိုပေမယ့် ကိုယ်ပိုင်လေယာဉ်ပျံ ဝယ်မစီးဘူး။ ဇိမ်ခံတဲ့ရွက်လှေလည်း မရှိဘူး။

သူ ဒီနေ့အဓိက စိတ်အဝင်စားဆုံး အလုပ်က မက္ကဆီကိုမြို့တော်မှာရှိတဲ့ မြို့အလယ်ရပ်ကွက်ရဲ့ အလှအပတွေကို ထိန်းသိမ်းဖို့အလုပ်တွေပါပဲ။ အဲဒီအလုပ်အတွက် သူရန်ပုံငွေအဖွဲ့တစ်ခုကို တည်ထောင်ထားတယ်။ မြို့အလယ်ရပ်ကွက်မှာ လူတွေပိုပြီး များများ ဆက်နေနိုင်အောင် မက္ကဆီကို အစိုးရနဲ့ ပူးပေါင်းပြီး အစီအစဉ်တွေလုပ်တယ်။ သမိုင်းဝင်အဆောက်အအုံတွေ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းတယ်။

နောက် နာမည်ကြီး အနုပညာ ပစ္စည်းတွေကို ဝယ်တယ်။ စုဆောင်းတယ်။ ကမ္ဘာကျော်အနုပညာရှင်ကြီးတွေဖြစ်တဲ့ ရိုဒင် (Rodin) နဲ့ ဒါလီ (Dali)တို့ရဲ့ အဖိုးတန်လက်ရာတွေအများဆုံးဟာ ဒီနေ့ သူဌေးကြီးကားလေ့စလင်းရဲ့လက်ထဲမှာ ရှိပါတယ်။

အဲ ကုလားသူဌေး မြူကစ်အာဗာနီ နဲ့ဆန့်ကျင်ပြီး သူဌေးကြီးဖြစ်လာပေမယ့် မူလအိမ်ဟောင်းမှာပဲ ဆက်နေတဲ့နံပါတ်သုံး ယောက်မြောက် သူဌေးကြီးအင်ဗာကမ်း ဗရက် (Ingvar Kamprad) အကြောင်းကို ဆက်တင်ပြဦးမယ်။

ဒီပုဂ္ဂိုလ်ကတော့ ကမ္ဘာ့သူဌေးကြီး တွေလောကမှာ နေထိုင်ပုံ လိမ္မာတာနဲ့ ပတ်သက်ပြီး စံပြပုဂ္ဂိုလ်ကြီးပါ။ တစ်ကမ္ဘာလုံးချီးမွမ်းလောက်အောင် နေတတ်ထိုင်တတ်ပါတယ်။

အင်ဗာကမ်းဗရက်ဟာ ဆွီဒင်နိုင်ငံသားသူဌေးကြီးခင်ဗျာ။

ဒီပုဂ္ဂိုလ်က ကမ္ဘာကျော် IKEA ဆိုတဲ့ ကုမ္ပဏီတည်ထောင်ခဲ့တဲ့ပုဂ္ဂိုလ်။ ၂၀၁၀ ပြည့်နှစ်မှာ သူဟာ ကမ္ဘာမှာ ၁၁ ဦးမြောက်အချမ်းသာဆုံးသူဌေးကြီး။ Forbes မဂ္ဂဇင်းမှာဖော်ပြထားချက်များအရ သူ့ရဲ့ ပိုင်ဆိုင်မှုဟာ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံရှိပါတယ်။

၁၉၂၆ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ ဆွီဒင်နိုင်ငံမှာ မွေးဖွားပါတယ်။

သူ့ဖခင်က ဂျာမန်လူမျိုးပါ။ သူ့အဘိုးလက်ထက်ကစပြီး ဂျာမနီကနေ ဆွီဒင်နိုင်ငံကိုပြောင်းရွှေ့လာခဲ့ပြီး အခြေချနေထိုင်ပါတယ်။

သူက အရောင်းအဝယ်အလုပ်ကို ငယ်စဉ်ကတည်းက သိပ်ဝါသနာပါတယ်။

အထက်တန်းကျောင်းသားဘဝက စပြီး စက်ဘီးတစ်စီးနဲ့ သူ့အိမ်နားနီးချင်းတွေကို အိမ်သုံးပစ္စည်းတွေလိုက်ရောင်းတယ်။

ပထမဆုံး မီးခြစ်ဘူးတွေ လိုက်ရောင်းတယ်။ မီးခြစ်တွေကို စက်ရုံက သေတ္တာလိုက်ဝယ်ပြီး တစ်ဘူးချင်းပြန်ရောင်းတယ်။

စက်ရုံသွားပြီး သေတ္တာလိုက်ဝယ်တဲ့ အတွက် သူ့မီးခြစ်ဝယ်ဈေးက သိပ်ပေါတယ်။ နောက်တစ်ဘူးချင်းပြန်ရောင်းတော့လည်း သူတို့ပတ်ဝန်းကျင်မှာရှိတဲ့ ကုန်စုံဆိုင်တွေကရောင်းတဲ့ဈေးထက် လျှော့ရောင်းတယ်။ အဲဒီလိုလျှော့ရောင်းတဲ့ အတွက် သူ့အိမ်နားနီးချင်းတွေက မီးခြစ်ဘူးကုန်ရင် သူ့ဆီကပဲ ဝယ်ကြတယ်။

နောက် ငါးဒိုင်က လက်ကားဈေးနဲ့ ငါးတွေသွားဝယ်ပြီး လက်လီဈေးနဲ့ ပြန်ရောင်းတယ်။

နောက် မျိုးစေ့တွေ၊ ဘောလ်ပင်တွေ၊ ခဲတံတွေ လိုက်ရောင်းတယ်။

ခရစ်စမတ်ပွဲတော်အချိန်မှာ အိမ်တွေမှာအလှဆင်တဲ့ ခရစ်စမတ်သစ်ပင်တွေ လိုက်ရောင်းတယ်။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

■